
Open Myanmar Initiative

လွှတ်တော်စောင့်ကြည့်လေ့လာရေး အစီရင်ခံစာ အမှတ် (၇)

# မြန်မာ့လွှတ်တော်မှ အတည်ပြုခဲ့သော ဥပဒေများအား လေ့လာခြင်း အစီရင်ခံစာ အမှတ် (၂)

(လူမှုရေးကဏ္ဍ၊ တရားစီရင်ရေးကဏ္ဍ၊ စီမံခန့်ခွဲရေးကဏ္ဍနှင့် အခြားကဏ္ဍ)





လွှတ်တော်စောင့်ကြည့်လေ့လာရေးအစီအစဉ်
ပွင့်လင်းမြန်မာ့ရှေ့ဆောင်
ဖေဖော်ဝါရီ ၂၀၁၆

လွှတ်တော် စောင့်ကြည့်လေ့လာရေး
အစီရင်ခံစာ အမှတ် - ၇

# မြန်မာ့လွှတ်တော်မှ အတည်ပြုခဲ့သော ဥပဒေများအား လေ့လာခြင်း အစီရင်ခံစာ အမှတ် (၂)

(လူမှုရေးကဏ္ဍ၊ စီမံခန့်ခွဲရေးကဏ္ဍ၊ တရားစီရင်ရေးကဏ္ဍနှင့် အခြား)

လွှတ်တော်စောင့်ကြည့်လေ့လာရေး အစီအစဉ်
ပွင့်လင်းမြန်မာ့ရှေ့ဆောင်

Open
Myanmar
Initiative

အမှတ်(၈၂)၊ အင်းစိန်လမ်းနှင့် သုခလမ်းထောင့်
(၉)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့
ဖုန်း- ၀၁ ၅၃ ၄၀ ၈၀
E-mail : research@omimyanmar.org

**မျက်နှာဖုံးဒီဇိုင်းဖွင့်ဆိုချက်**
မျက်နှာဖုံးပါ သရုပ်ဖော်ပုံမှာ
၂၀၁၁ ခုနှစ်မှ ၂၀၁၄ ခုနှစ်အတွင်း
ပြည်ထောင်စုလွှတ်တော်မှ အတည်ပြုခဲ့သည့်
ကဏ္ဍ (၄) မျိုးပါ စုစုပေါင်းဥပဒေအရေအတွက်ကို
ဂရပ်ပုံဖြင့် ဖော်ပြထားခြင်းဖြစ်ပါသည်။


**တည်းဖြတ်**
ခေိုင်
**အစီရင်ခံစာပြုစုသူများ**
လှမျိုးကျော်၊ ထင်ကျော်အေး
**အချက်အလက်ကောက်ယူသူများ**
သိန်းသန်းဌေး၊ ဝင်းဝင်းအေး၊ စုမြတ်ဖြိုး
**စာစီ၊ စာပြု**
ဆုမွန်ကို

*၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလတွင် ထုတ်ဝေသည်။*

# မြန်မာ့လွှတ်တော်ကို အရေအတွက်အခြေပြု ချဉ်းကပ်လေ့လာချက် **မာတိကာ**


**အကျဉ်းချုပ်** ၇

အခန်း (၁) **နိဒါန်း** ၉

၁.၁.၀။ သုတေသနရည်ရွယ်ချက် ၁၀

၁.၂.၀။ သုတေသန နည်းနာဗေဒ ၁၀

၁.၃.၀။ ဝေါဟာရရွေးချယ်မှုနှင့် ရည်ညွှန်းဖွင့်ဆိုမှု ၁၀

၁.၃.၁။ ဥပဒေကြမ်း ဖြတ်သန်းမှုဆိုင်ရာ ဝေါဟာရများ ၁၀

၁.၃.၂။ ဥပဒေကြမ်းများ၏ အမျိုးအစား ၁၁

၁.၃.၃။ ဥပမဒကြမ်းများ၏ အကြောင်းအရာ/ ကဏ္ဍ ၁၁

၁.၄.၀။ လေ့လာမှုအတိုင်းအတာ ၁၃

အခန်း (၂) **ဥပဒေပြုမှုဆိုင်ရာ နောက်ခံအကြောင်းအရာများ** ၁၅

၂.၁.၀။ လွှတ်တော်တွင်း လွှတ်တော်ကိုယ်စားလှယ်များ ပါဝင်ဖွဲ့စည်းမှု ၁၅

၂.၂.၀။ ဥပဒေကြမ်း တင်သွင်းခြင်း ၁၆

၂.၃.၀။ ဥပဒေကြမ်း ဆွေးနွေးခြင်း ၁၇

၂.၄.၀။ ဥပဒေကြမ်းကော်မတီ၏ အခန်းကဏ္ဍ ၁၇

အခန်း (၃) **ကဏ္ဍ (၄) မျိုးတွင် အကျုံးဝင်သည့် ဥပဒေကြမ်းများကို လေ့လာခြင်း (လူမှုရေးကဏ္ဍ၊ စီမံခန့်ခွဲရေးကဏ္ဍ၊ တရားစီရင်ရေးကဏ္ဍနှင့် အခြား)** ၁၉

၃.၁.၀။ ဥပဒေကြမ်းတင်သွင်းခြင်း ၁၉

၃.၂.၀။ ဥပဒေကြမ်း ဆွေးနွေးခြင်း ၂၃

အခန်း (၄) **ကဏ္ဍ (၄) မျိုးရှိ ဥပဒေကြမ်းတစ်ခုခြင်းအလိုက် အခြေခံအချက်အလက်များနှင့် သုံးသပ်လေ့လာချက်** ၂၉

**လူမှုရေးကဏ္ဍ** ၃၂

၄.၁.၀။ အလုပ်သမားအဖွဲ့အစည်းများဥပဒေ ၃၂

၄.၂.၀။ ၁၉၆၄ ခုနှစ်၊ ပြည်သူ့အလုပ်သမားများ၏ အခြေခံရပိုင်ခွင့်နှင့် တာဝန်များပြဋ္ဌာန်းသည့် ဥပဒေကိုရုပ်သိမ်းသည့် ဥပဒေ ၃၅

၄.၃.၀။ ကိုယ်ပိုင်ကျောင်း မှတ်ပုံတင်ဥပဒေ ၃၇

၄.၄.၀။ အလုပ်သမားရေးရာအငြင်းပွားမှု ဖြေရှင်းရေး ဥပဒေ ၄၀

၄.၅.၀။ မသန်မစွမ်းဖြစ်သွားသောတပ်မတော်သားများနှင့် သေဆုံးသော သို့မဟုတ် ကျဆုံးသော တပ်မတော်သားများ၏ မိသားစုများအား ထောက်ပံ့စောင့်ရှောက်ရေး ဥပဒေ ၄၄

၄.၆.၀။ လူမှုဖူလုံရေး ဥပဒေ (၂၀၁၂) ၄၇

၄.၇.၀။ တိုင်ရင်းဆေးကောင်စီဥပဒေကို ပြင်ဆင်သည့် ဥပဒေ ၅၁

၄.၈.၀။ ၂၀၁၃ ခုနှစ်၊ အနည်းဆုံး အခကြေးငွေ ဥပဒေ ၅၃

၄.၉.၀။ ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေ ၅၇
၄.၁၀.၀။ ၂၀၁၃ ခုနှစ်၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥပဒေကို ပြင်ဆင်သည့် ဥပဒေ ၅၉
၄.၁၁.၀။ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းဥပဒေ ၆၂
၄.၁၂.၀။ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ဥပဒေ ၆၅
၄.၁၃.၀။ အမျိုးသားအစားအသောက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ ၆၉
၄.၁၄.၀။ မျက်စိလှူဒါန်းခြင်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေ ၇၁
၄.၁၅.၀။ အလုပ်အကိုင်နှင့် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ ၇၃
၄.၁၆.၀။ မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ ၇၈
၄.၁၇.၀။ ရှေးဦးအရွယ် ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ဥပဒေ ၈၀
၄.၁၈.၀။ အဆိပ်များ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ ၈၅
၄.၁၉.၀။ တိုင်းရင်းဆေးဝါး ဥပဒေကို ပြင်ဆင်သည့် ဥပဒေ ၈၇
၄.၂၀.၀။ စားသုံးသူ အကာအကွယ်ပေးရေး ဥပဒေ ၈၉
၄.၂၁.၀။ အမျိုးသားဆေးဝါးဥပဒေကို ပြင်ဆင်သည့် ဥပဒေ ၉၂
၄.၂၂.၀။ ၁၉၅၁ ခုနှစ်၊ ခွင့်ရက်နှင့် အလုပ်ပိတ်ရက် အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ ၉၅
၄.၂၃.၀။ အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေး ဥပဒေကို ပြင်ဆင်သည့်ဥပဒေ ၉၇
၄.၂၄.၀။ အမျိုးသားပညာရေး ဥပဒေ ၉၉
၄.၂၅.၀။ ထိခိုက်ဒဏ်ရာရရှိသော အရေးပေါ်လူနာကို ကူညီစောင့်ရှောက်ခြင်းနှင့် ကုသခြင်းဆိုင်ရာ ဥပဒေ ၁၀၃

**တရားစီရင်ရေးကဏ္ဍ** ၁၀၆

၄.၂၆.၀။ ၁၉၄၅ ခုနှစ်၊ ရွှေ့ပြောင်းနိုင်သော ပစ္စည်းအုပ်ထိမ်းသူ အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေ ၁၀၆
၄.၂၇.၀။ ပစ္စည်းလွှဲပြောင်းခြင်း အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ ၁၀၈
၄.၂၈.၀။ အထူးကာလစည်းကမ်းသတ်နှင့် အတိုးကန့်သတ်ရေးဥပဒေကို ရုပ်သိမ်းသည့် ဥပဒေ ၁၁၀
၄.၂၉.၀။ တရားရုံးများ မထီမဲ့မြင်ပြုမှု ဥပဒေ ၁၁၂
၄.၃၀.၀။ ပြည်ထောင်စုတရားစီရင်ရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေ (ပထမအကြိမ်) ၁၁၅
၄.၃၁.၀။ ၂၀၁၄ ခုနှစ်၊ စာချွန်တော်အမိန့် လျှောက်ထားမှုဆိုင်ရာ ဥပဒေ ၁၁၇
၄.၃၂.၀။ ကြိမ်ဒဏ်ပေးခြင်း အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေ ၁၂၀
၄.၃၃.၀။ တရားမကျင့်ထုံးဥပဒေကို ပြင်ဆင်သည့် ဥပဒေ ၁၂၁
၄.၃၄.၀။ ပြည်ထောင်စုတရားစီရင်ရေးဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေ (ဒုတိယအကြိမ်) ၁၂၃
၄.၃၅.၀။ ကာလစည်းကမ်းသတ် အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ ၁၂၅
၄.၃၆.၀။ ၁၉၄၇ ခုနှစ်၊ အမိန့်ထုတ်ဆင့်တောင်းဆိုခြင်း (အရေးပေါ်ပြဋ္ဌာန်းချက်များ) အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေ ၁၂၇

**စီမံခန့်ခွဲရေးကဏ္ဍ** ၁၂၉
၄.၃၇.၀။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေး ဥပဒေ ၁၂၉
၄.၃၈.၀။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေ ၁၃၅
၄.၃၉.၀။ ၁၉၅၅ ခုနှစ်၊ အစိုးရအိမ်ဥပစာ (နှင်ထုတ်ခြင်း) အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ ၁၃၇
၄.၄၀.၀။ နိုင်ငံတော် ကောက်ပဲသီးနှံ ရောင်းဝယ်ရေးအဖွဲ့ အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေ ၁၃၉
၄.၄၁.၀။ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ဥပဒေ ၁၄၀
၄.၄၂.၀။ မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီ ဥပဒေ ၁၄၃
၄.၄၃.၀။ အသင်းအဖွဲ့များမှတ်ပုံတင်ခြင်းဆိုင်ရာ ဥပဒေ ၁၄၇
၄.၄၄.၀။ မြန်မာနိုင်ငံ ဗိသုကာကောင်စီ ဥပဒေ ၁၅၃
**အခြား ကဏ္ဍ** ၁၅၇
၄.၄၅.၀။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥပဒေကို ပြင်ဆင်သည့် ဥပဒေ ၁၅၇
၄.၄၆.၀။ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲ ဥပဒေကို ပြင်ဆင်သည့် ဥပဒေ ၁၅၉
၄.၄၇.၀။ အမျိုးသားလွှတ်တော်ရွေးကောက်ပွဲ ဥပဒေကို ပြင်ဆင်သည့် ဥပဒေ ၁၆၁
၄.၄၈.၀။ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲ ဥပဒေကို ပြင်ဆင်သည့် ဥပဒေ ၁၆၃
၄.၄၉.၀။ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေကို ပြင်ဆင်သည့် ဥပဒေ ၁၆၅
၄.၅၀.၀။ ငြိမ်းချမ်းစွာ စုဝေးခွင့်နှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခွင့်ဆိုင်ရာ ဥပဒေ ၁၆၇
၄.၅၁.၀။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေ (ဒုတိယအကြိမ်) ၁၇၁
၄.၅၂.၀။ ၂၀၁၂ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေ ၁၇၃
၄.၅၃.၀။ ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေ ၁၇၈
၄.၅၄.၀။ နိုင်ငံတော်တာဝန်ကို တည်ငြိမ်အေးချမ်းစွာ စနစ်တကျလွှဲပြောင်းပေးရေးနှင့် အမျိုးသားညီလာခံလုပ်ငန်းများ အောင်မြင်စွာဆောင်ရွက်ရေးတို့ကို နှောက်ယှက်ဆန့်ကျင်ခြင်းမှ ကာကွယ်သည့်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေ ၁၈၃
၄.၅၅.၀။ ပြည်ထောင်စု စာရင်းစစ်ချုပ်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ ၁၈၅
၄.၅၆.၀။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ဆိုင်ရာခုံရုံး ဥပဒေကို ပြင်ဆင်သည့် ဥပဒေ ၁၈၇
၄.၅၇.၀။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေ ၁၈၉
၄.၅၈.၀။ ၂၀၁၃ ခုနှစ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ ဥပဒေ ၁၉၁
၄.၅၉.၀။ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေ ၁၉၅
၄.၆၀.၀။ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေ ၂၀၀
၄.၆၁.၀။ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေ ဥပဒေ ၂၀၂
၄.၆၂.၀။ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် ဥပဒေ ၂၀၆

၄.၆၃.၀။ မြေမြီးချမ်းစွာ စုဝေးခွင့်နှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခွင့်ဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေ ၂၁၀
၄.၆၄.၀။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကို ပြင်ဆင်သည့်သည့် ဥပဒေ ၂၁၂
၄.၆၅.၀။ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေကို (၂/၂၀၁၀)ကို ပြင်ဆင်သည့် ဥပဒေ (ဒုတိယအကြိမ်) ၂၁၄
၄.၆၆.၀။ စစ်ဘက်ရာထူးနှင့် အဆင့်အခေါ်အဝေါ်များ သုံးစွဲခြင်းကို ကန့်သတ်သည့် ဥပဒေကို ပြင်ဆင်သည့် ဥပဒေ ၂၁၆
၄.၆၇.၀။ ပြည်ထောင်စုစာရင်းစစ်ချုပ် ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေ (ဒုတိယအကြိမ်) ၂၁၈
၄.၆၈.၀။ ၁၉၆၀ ပြည့်နှစ်၊ ကျေးလက်စီးပွားရေး တိုးတက်ဖွံ့ဖြိုးမှုရန်ပုံငွေ အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေ ၂၂၀
၄.၆၉.၀။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ဆိုင်ရာခုံရုံးဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေ (ဒုတိယအကြိမ်) ၂၂၂
၄.၇၀.၀။ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေ ဥပဒေကို ပြင်ဆင်သည့် ဥပဒေ ၂၂၄
၄.၇၁.၀။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်ကော်မတီဝင်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေ ၂၂၆
၄.၇၂.၀။ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် ကောင်စီဝင်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေ ၂၂၈
၄.၇၃.၀။ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေ ၂၃၀
၄.၇၄.၀။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေ (ဒုတိယအကြိမ်) ၂၃၂
အခန်း (၅) **သုံးသပ်ချက်များနှင့် အကြံပြုချက်များ** ၂၃၅
**ကိုးကားစာရင်း** ၂၃၈

## ဇယားများ မာတိကာ


ဇယား (၃.၁) ဥပဒေကြမ်းတင်သွင်းခဲ့သည့် လွှတ်တော်ကိုယ်စားလှယ်များနှင့် အတည်ပြုနိုင်ခဲ့သည့် ဥပဒေကြမ်း အရေအတွက် ၂၂

ဇယား (၃.၂) ဥပဒေကြမ်းတင်သွင်းခဲ့သည့် လွှတ်တော်ကော်မတီများနှင့် အတည်ပြုနိုင်ခဲ့သည့် ဥပဒေကြမ်း အရေအတွက် ၂၂

ဇယား (၃.၃) ဥပဒေကြမ်းတင်သွင်းခဲ့သည့် ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများနှင့် အတည်ပြုနိုင်ခဲ့သည့် ဥပဒေကြမ်း အရေအတွက် ၂၃

ဇယား (၃.၄) အကြောင်းအရာကဏ္ဍအလိုက် ဥပဒေကြမ်းတင်သွင်းအတည်ပြုနိုင်မှု ၂၃

ဇယား (၃.၅) ဥပဒေကြမ်းတင်သွင်းခဲ့သည့် လွှတ်တော်ကိုယ်စားလှယ်၊ ဝန်ကြီးဌာန/ အဖွဲ့အစည်း၊ ကော်မတီအလိုက် တင်သွင်းခဲ့သည့် ဥပဒေကြမ်းများ၊ ပြည်ထောင်စုလွှတ်တော်တွင် တင်သွင်းဆွေးနွေးရမှု ၂၄

ဇယား (၃.၆) ဥပဒေကြမ်းတင်သွင်းခဲ့သည့် လွှတ်တော်ကိုယ်စားလှယ်၊ ဝန်ကြီးဌာန/ အဖွဲ့အစည်း၊ ကော်မတီအလိုက် တင်သွင်းခဲ့သည့် ဥပဒေကြမ်းများအပေါ် သမ္မတ မှတ်ချက်ပြုမှု ၂၄

ဇယား (၃.၇) ဥပဒေကြမ်းများအလိုက် ဆွေးနွေးသည့်အကြိမ်ရေ ၂၇

ဇယား (၃.၈) ဥပဒေကြမ်းများကို လွှတ်တော်အလိုက် ဆွေးနွေးသည့်အကြိမ်ရေ ၂၈

ဇယား (၃.၉) ဥပဒေကြမ်းများကို ဝင်ရောက်ဆွေးနွေးသည့် လွှတ်တော်ကိုယ်စားလှယ်၊ ကော်မတီ၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ၏ ဆွေးနွေးသည့်အကြိမ်ရေ ၂၉

ဇယား (၃.၁၀) ဥပဒေကြမ်းများကို ဝင်ရောက်ဆွေးနွေးသည့် ပါတီအလိုက် ဆွေးနွေးသည့်အကြိမ်ရေ ၃၀


## ပုံများ မာတိကာ


ပုံ (၃-၁) ဥပဒေကြမ်းတင်သွင်းမှုများ၏ အကြောင်းအရာကဏ္ဍနှင့် တင်သွင်းခဲ့သည့် လူပုဂ္ဂိုလ် အဖွဲ့အစည်းများ ၂၃

ပုံ (၃-၂) ဥပဒေကြမ်းတင်သွင်းခဲ့သည့် လူပုဂ္ဂိုလ် အဖွဲ့အစည်းများနှင့် ပြည်ထောင်စုလွှတ်တော်တွင် တင်သွင်းဆွေးနွေးရမှု ၂၄

ပုံ (၃-၃) ဥပဒေကြမ်းတင်သွင်းခဲ့သည့် လူပုဂ္ဂိုလ် အဖွဲ့အစည်းများနှင့် သမ္မတ၏ သဘောထားမှတ်ချက်ပေးမှု ၂၅

ပုံ (၃-၄) လွှတ်တော်အလိုက် ဥပဒေကြမ်းဆွေးနွေးသည့် အကြိမ်ရေ ၂၈

ပုံ (၃-၅) ဥပဒေကြမ်းဆွေးနွေးသည့် လူပုဂ္ဂိုလ် အဖွဲ့အစည်းများ ၂၉

# ပါတီအမည်များနှင့် အတိုကောက်စကားလုံးများ

| | |
|---|---|
| AMRDP | မွန်ဒေသလုံးဆိုင်ရာဒီမိုကရေစီပါတီ<br>All Mon Regions Democracy Party |
| CNDP/ CNP | ချင်းအမျိုးသားဒီမိုကရက်တစ်ပါတီ (ယခင် ချင်းအမျိုးသားပါတီ)<br>Chin National Democratic Party (former Chin National Party) |
| CPP | ချင်းတိုးတက်ရေးပါတီ<br>Chin Progressive Party |
| DNDP | ဓနုတိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီပါတီ<br>Danu National Democracy Party |
| INDP | အင်းအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ<br>Inn National Development Party |
| KPP | ကရင်ပြည်သူ့ပါတီ<br>Kayin Peoples Party |
| KSDDP | ကရင်ပြည်နယ်ဒီမိုကရေစီနှင့် ဖွံ့ဖြိုးတိုးတက်ရေးပါတီ<br>Kayin State Democracy and Development  Party |
| NDF | အမျိုးသားဒီမိုကရေစီအင်အားစု<br>National Democratic Force |
| NLD | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်<br>National League for Democracy |
| NNDP | အမျိုးသားဒီမိုကရေစီပါတီသစ်<br>New National Democracy Party |
| NUP | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ<br>National Unity Party |
| PNO | ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်ပါတီ<br>Pao National Organization |
| PSDP | ဖလုံ-စဝေါ်ဒီမိုကရက်တစ်ပါတီ<br>Phalon-Sawaw Democratic Party |
| RNDP | ရခိုင်တိုင်းရင်းသားများတိုးတက်ရေးပါတီ<br>Rakhine Nationalities Development Party |
| SNDP | ရှမ်းတိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ<br>Shan Nationalities Democratic Party |
| TNP | တအာင်း(ပလောင်)အမျိုးသားပါတီ<br>Ta-Arng (Palaung) National Party |
| UDPKS | စည်းလုံးညီညွတ်ရေးနှင့်ဒီမိုကရေစီပါတီ ကချင်ပြည်နယ် (စဒက)<br>Unity and Democracy Party of Kachin State |
| USDP | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ<br>Union Solidarity and Development Party |
| WDP | "ဝ"ဒီမိုကရက်တစ်ပါတီ<br>Wa Democratic Party |

## အကျဉ်းချုပ်

ပွင့်လင်းမြန်မာ့ရှေ့ဆောင်သည် လွှတ်တော်လေ့လာစောင့်ကြည့်ရေး အစီရင်ခံစာများကို ထုတ်ဝေလာရာတွင် မေးခွန်းများ၊ အဆိုများနှင့် ပတ်သက်သည့် အစီရင်ခံစာများကို ထုတ်ဝေခဲ့ပြီးဖြစ်သည်။ ယခု အစီရင်ခံစာသည် ဥပဒေကြမ်းများနှင့် ပတ်သက်သည့် ပွင့်လင်းမြန်မာ့ရှေ့ဆောင်၏ ပထမဆုံး အစီရင်ခံစာဖြစ်သည်။ လွှတ်တော်၏ ဥပဒေပြုရေး လုပ်ငန်းစဉ်များကို ခြုံငုံသုံးသပ်နိုင်ရန်၊ ဥပဒေပြုရေးတွင် နိုင်ငံသားများ ပိုမိုပါဝင်လာစေရန်နှင့် တရားဥပဒေစိုးမိုးရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်စေရန် ရည်ရွယ်၍ ဤအစီရင်ခံစာကို ပြုစုခဲ့ခြင်းဖြစ်ပါသည်။ ဤအစီရင်ခံစာတွင် လူမှုရေး၊ စီမံခန့်ခွဲရေး၊ တရားစီရင်ရေးနှင့် အခြားကိစ္စရပ်များဟူသည့် ကဏ္ဍ ၄ မျိုးတွင် အကျုံးဝင်သည့် ဥပဒေကြမ်း ၇၄ ခုကို လေ့လာဖော်ပြထားခြင်း ဖြစ်ပါသည်။ လွှတ်တော်သက်တမ်းတစ်လျှောက် တင်သွင်းခဲ့သည့်၊ အတည်ပြုခဲ့သည့် အခြား ဥပဒေကြမ်း များကိုလည်း ဆက်လက်လေ့လာ၍ အစီရင်ခံစာများ ပြုလုပ်သွားမည်ဖြစ်ပါသည်။

### လွှတ်တော်ဥက္ကဋ္ဌများ၏ အခန်းကဏ္ဍ ကြီးမားမှုနှင့် လွှတ်တော် နည်းဥပဒေများဆိုင်ရာ အားနည်းချက်များ

- လွှတ်တော်၏ ဥပဒေပြုရေးတွင် လွှတ်တော် နာယကနှင့် ဥက္ကဋ္ဌများ၏ လွှမ်းမိုးနိုင်မှုမှာ ကြီးမားနေကြောင်း တွေ့ရသည်။ ပြည်ထောင်စုလွှတ်တော်နာယကသည် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများက တင်သွင်းလာသည့် ဥပဒေကြမ်းများကို မည်သည့်လွှတ်တော်တွင် စတင်တင်သွင်းရမည်ဟူသည့်အချက်ကို အဆုံးအဖြတ်ပေးနိုင်ပြီး၊ လွှတ်တော်ဥက္ကဋ္ဌသည် မည်သည့်အဆင့်တွင်မဆို ဥပဒေကြမ်းဆွေးနွေးမှုကို ဆိုင်းငံ့ထားရန် အဆိုတင်သွင်းစေနိုင်သည်။ ထို့အပြင် ဆွေးနွေးမည့်ရက်ကို ကြေညာနိုင်သော်လည်း၊ ထိုသတ်မှတ်ရက်တွင် မဖြစ်မနေ ဆွေးနွေးရသည့် အနေအထားမရှိသည်ကိုလည်း တွေ့ရသည်။
- လွှတ်တော်ဥပဒေများနှင့် နည်းဥပဒေများတွင် တိကျမှု အားနည်းချက်များ ရှိပြီး ထိုအားနည်းချက်များက ဥက္ကဋ္ဌများ၏ အခန်းကဏ္ဍကို ပိုမိုကျယ်ပြန့်စေသည်။
- ဥပဒေကြမ်းတစ်ခု ဆွေးနွေးရန်အတွက် ၃ ရက် ကြိုတင်စာရင်းပေးရန် နည်းဥပဒေများတွင်သတ်မှတ်ထားသည့်အချက်မှာ လွှတ်တော်ဥက္ကဋ္ဌအနေဖြင့် ဥပဒေကြမ်းတစ်ခုကို ဆွေးနွေးရက် အနည်းဆုံး ၃ ရက်ခန့် ကြိုပေးရုံဖြင့် ဆောင်ရွက်နိုင်သောကြောင့် လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေးမှုအတွက် ပြင်ဆင်ရန်နှင့် လွှတ်တော်ပြင်ပမှ အဖွဲ့အစည်းများ၊ နိုင်ငံသားများအနေဖြင့် ဝင်ရောက်အကြံပြုဆွေးနွေးရန် အခက်အခဲရှိနိုင်သည်။

### လွှတ်တော်နှစ်ရပ် ဥပဒေကြမ်း ဆွေးနွေးမှုပုံစံ ကွဲပြားမှု

- ဥပဒေကြမ်း ဆွေးနွေးမှုတွင် ပြင်ဆင်ချက်အဆိုတင်သွင်းရမည်ဟု နည်းဥပဒေများတွင် ဖော်ပြထားသော်လည်း မဖြစ်မနေ တင်သွင်းစေခြင်းမဟုတ်သည့် အတွက် လွှတ်တော်နှစ်ရပ်အကြား လုပ်ထုံးလုပ်နည်း မတူညီမှုများ ရှိနေသည်ကို တွေ့ရသည်။
- ဥပဒေကြမ်း ဆွေးနွေးမှုတွင် ပြင်ဆင်ချက်အဆို တင်သွင်းစေသည့်နည်းလမ်းသည် အချိန်ကြာ

သော်လည်း ပွင့်လင်းမြင်သာမှု ပိုမိုအားသာသည်ဟု ဆိုနိုင်သည်။ သို့သော် ပြင်ဆင်ချက်အဆို တင်သွင်းလာပါက တင်သွင်းသည့် နေ့တွင်ပင် ဆွေးနွေးရန် လိုအပ်သဖြင့် ဆွေးနွေးမည့် လွှတ်တော်ကိုယ်စားလှယ်များအတွက် အကန့်အသတ်များ ဖြစ်စေနိုင်သည်။ ထိုဆွေးနွေးမှုများကိုလည်း ဥက္ကဋ္ဌက ခွင့်ပြုပေးရန် လိုအပ်သည်။

- ဥပဒေကြမ်း ဆွေးနွေးမှုတွင် ဥပဒေကြမ်းကို လွှတ်တော်တွင်း ယေဘုယျဆွေးနွေးစေပြီး ကော်မတီကြားနာမှုများတွင် ထပ်မံဆွေးနွေးစေသည့် နည်းလမ်းမှာ အချိန်နည်းနည်းဖြင့် မြန်မြန်ဆန်ဆန် အတည်ပြုစေနိုင်သော်လည်း ကော်မတီ ပြင်ပမှ လွှတ်တော်ကိုယ်စားလှယ်များ ပါဝင်သည့် ကော်မတီကြားနာမှုများသည် ကော်မတီ အစည်းအဝေးများနှင့် ရောထွေးနေပြီး တံခါးပိတ်အစည်းအဝေးများ ဖြစ်နေခြင်းကြောင့် လွှတ်တော်ကိုယ်စားလှယ်များ ထိရောက်စွာ ပါဝင်နိုင်မှုကို အကန့်အသတ်များ ရှိနိုင်သလို၊ ပွင့်လင်းမြင်သာမှု အပိုင်းကိုလည်း ထိခိုက်နိုင်ပါသည်။

## လွှတ်တော်ပြင်ပ အဖွဲ့အစည်းများနှင့် နိုင်ငံသားများ အထိရောက်ဆုံး ပါဝင်နိုင်မည့်အဆင့်များ

- ဥပဒေကြမ်းများကို ဆွေးနွေးကြသည့် အဆင့်ဆင့်တွင် ဒုတိယအကြိမ် ဖတ်ကြားခြင်းဟု ဆိုနိုင်သည့် လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေးသည့်အဆင့်၊ အထူးသဖြင့် မူလတင်သွင်းသည့်လွှတ်တော်တွင် လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေးသည့်အဆင့်တွင် လွှတ်တော်ပြင်ပ အဖွဲ့အစည်းများ၊ နိုင်ငံသားများ ဝင်ရောက် ဆွေးနွေး အကြံပြုကြရန် အကောင်းဆုံးဖြစ်ကြောင်း တွေ့ရှိရပါသည်။

## ကဏ္ဍ ၄ ခုပါ ဥပဒေကြမ်း တင်သွင်း၊ ဆွေးနွေး၊ အတည်ပြုမှုဆိုင်ရာ အချက်အလက်များ

- ကဏ္ဍ ၄ ခုပါ ဥပဒေကြမ်းများကို ဆွေးနွေးကြရာတွင် ဥပဒေကြမ်းတစ်ခုလျှင် ပျမ်းမျှဆွေးနွေးသည့် အကြိမ်ရေ ၅ ကြိမ်ရှိကြောင်း တွေ့ရပြီး၊ ဥပဒေကြမ်းတစ်ခုကို အတည်ပြုရန် ပျမ်းမျှဆွေးနွေးရက် ၃ ရက်ကျော်ခန့်ရှိကြောင်း တွေ့ရှိရပါသည်။

- လွှတ်တော်စတင်ကျင်းပသည့် ၂၀၁၁ ခုနှစ်မှ ၂၀၁၄ ခုနှစ်အထိ လေးနှစ်အတွင်း လူမှုရေးကဏ္ဍတွင် အကျုံးဝင်သည့် ဥပဒေကြမ်း ၂၄ ခု၊ စီမံခန့်ခွဲရေးကဏ္ဍတွင် အကျုံးဝင်သည့် ဥပဒေကြမ်း ၉ ခု၊ တရားစီရင်ရေးကဏ္ဍတွင် အကျုံးဝင်သည့် ဥပဒေကြမ်း ၁၁ ခုနှင့် အခြားကိစ္စရပ်များတွင် အကျုံးဝင်သည့် ဥပဒေကြမ်း ၃၀ ခုတို့ ပါဝင်သည်။

- ထိုကဏ္ဍ ၄ ခုပါ အတည်ပြုခဲ့သည့် ဥပဒေကြမ်း ၇၄ ခုအနက် ဥပဒေကြမ်း ၂၆ ခုမှာ အသစ်ရေးဆွဲသော ဥပဒေကြမ်းများဖြစ်ပြီး၊ ရှိရင်းစွဲ ဥပဒေတစ်ခုကို ပြင်ဆင်သည့် ဥပဒေကြမ်း ၃၉ ခုရှိပြီး၊ ရုပ်သိမ်းသည့် ဥပဒေကြမ်းမှာ ၉ ခုရှိကြောင်းတွေ့ရှိရသည်။

- ဥပဒေကြမ်း ၇၄ ခုအနက် ၂၈ ခုကို ပြည်သူ့လွှတ်တော်တွင် စတင်တင်သွင်းခဲ့ပြီး ၄၅ ခုကို အမျိုးသားလွှတ်တော်တွင် စတင်တင်သွင်းခဲ့ခြင်းဖြစ်သည်။ ဥပဒေကြမ်းများကို တင်သွင်းရာတွင် လွှတ်တော်ကိုယ်စားလှယ် ၆ ဦး၊ လွှတ်တော်ကော်မတီ ၅ ခု၊ ကော်မရှင် ၁ ခုနှင့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်း ၉ ခုတို့က တင်သွင်းခဲ့ခြင်းဖြစ်သည်။

- ဥပဒေကြမ်း ၇၄ ခုကို ဝင်ရောက်ဆွေးနွေးသည့် အကြိမ်ရေ ၃၇၀ ကြိမ်ရှိပြီး၊ အရပ်သားလွှတ်တော်ကိုယ်စားလှယ် ၁၁၁ ဦးနှင့် တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ် ၂၀ ဦး ဝင်ရောက်ဆွေးနွေးခဲ့ကြောင်း တွေ့ရှိရသည်။

# မြန်မာ့လွှတ်တော်မှ အတည်ပြုခဲ့သောဥပဒေများအား လေ့လာခြင်း အစီရင်ခံစာ အမှတ် (၂)

(လူမှုရေးကဏ္ဍ၊ စီမံခန့်ခွဲရေးကဏ္ဍ၊ တရားစီရင်ရေးကဏ္ဍနှင့် အခြား)

လွှတ်တော်စောင့်ကြည့်လေ့လာရေးအစီအစဉ်
ပွင့်လင်းမြန်မာ့ရှေ့ဆောင်

## အခန်း (၁)
## နိဒါန်း

ပွင့်လင်းမြန်မာ့ရှေ့ဆောင်အနေဖြင့် လွှတ်တော်လေ့လာစောင့်ကြည့်ရေးဆိုင်ရာ လုပ်ငန်းများကို ၂၀၁၃ ခုနှစ်မှ စတင်လုပ်ဆောင်လာခဲ့ရာ လွှတ်တော်တွင်း မေးခွန်းမေးမြန်းမှုများ၊ အဆိုတင်သွင်းမှုများ၊ အစည်းအဝေးတစ်ခုချင်းအလိုက် သုံးသပ်ချက် အစီရင်ခံစာများကို ထုတ်ဝေခဲ့ပြီးဖြစ်ပါသည်။ ယခု အစီရင်ခံစာသည် လွှတ်တော်၏ လုပ်ငန်းများထဲမှ အဓိက လုပ်ငန်းတစ်ရပ်ဖြစ်သော ဥပဒေပြုရေးနှင့် ပတ်သက်ပြီး ပွင့်လင်းမြန်မာ့ရှေ့ဆောင်မှ ဒုတိယအကြိမ်ထုတ်ဝေသည့် အစီရင်ခံစာ ဖြစ်ပါသည်။ ပထမအကြိမ် အစီရင်ခံစာတွင် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံ ဥပဒေတွင် ဖော်ပြပါရှိသော ပြည်ထောင်စုအဆင့် ဥပဒေပြုခွင့်ရှိသည့် ကဏ္ဍ ၁၂ ရပ် အနက်မှ စီးပွားရေးကဏ္ဍ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍ၊ စွမ်းအင်၊ လျှပ်စစ်၊ သတ္တုနှင့် သစ်တောကဏ္ဍ၊ စက်မှုလက်မှုကဏ္ဍ၊ ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးကဏ္ဍစသည့် ကဏ္ဍ ၅ မျိုးပါ ဥပဒေကြမ်းများနှင့် ပတ်သက်သည့် အချက်အလက်များကို ဖော်ပြခဲ့ပြီး ၂၀၁၅ ခုနှစ် ဇူလိုင်လတွင် ထုတ်ဝေခဲ့ခြင်းဖြစ်ပါသည်။ ယခုအစီရင်ခံစာတွင် ပြည်ထောင်စု ဥပဒေပြုခွင့်ကဏ္ဍများအနက်မှ လူမှုရေး၊ တရားစီရင်ရေး၊ စီမံခန့်ခွဲရေးနှင့် အခြားကိစ္စရပ်များစသည့် ကဏ္ဍ ၄ ခုအတွင်းမှ ဥပဒေကြမ်းများကို ဖော်ပြထားပါသည်။ လွှတ်တော်စတင်ကျင်းပသည့် ၂၀၁၁ ခုနှစ်မှ ၂၀၁၄ ခုနှစ်အတွင်း ဥပဒေအဖြစ် အတည်ပြု ပြဋ္ဌာန်းပြီးဖြစ်သည့် ကဏ္ဍ ၄ ခုတွင် အကျုံးဝင်သည့် ဥပဒေ ၇၄ ခုကို ယခုအစီရင်ခံစာတွင် လေ့လာဖော်ပြထားပါသည်။ ဥပဒေကြမ်းများကို လေ့လာခြင်း၊ ဥပဒေကြမ်းများ၊ ဥပဒေများနှင့် ပတ်သက်သည့် သတင်းအချက်အလက်များကို အလွယ်တကူ ရရှိနိုင်ခြင်းအားဖြင့် လွှတ်တော်

လေ့လာစောင့်ကြည့်ရေးလုပ်ငန်း၏ ရည်ရွယ်ချက် တစ်ရပ် ဖြစ်သော ဥပဒေပြုရေး ဖြစ်စဉ် တွင် နိုင်ငံသူ၊ နိုင်ငံသားများ ပါဝင်နိုင်ရေးအတွက် အထောက်အကူ ဖြစ်မည်ဟု ယုံကြည် ပါသည်။

### ၁.၁.၀။ သုတေသနရည်ရွယ်ချက်

ယခုအစီရင်ခံစာတွင် ကဏ္ဍ ၄ မျိုးပါ ဥပဒေ ၇၄ ခု၏ ဥပဒေ တစ်ခုချင်းအလိုက် နောက်ခံအချက်အလက်၊ အကျဉ်း ချုပ်၊ လွှတ်တော်တွင်း ဖြတ်သန်းမှုအဆင့်ဆင့်တို့ကို ဖော်ပြ ထားပါသည်။ ထို့အပြင် ဥပဒေကြမ်း ၇၄ ခု၏ လွှတ်တော်တွင်း ဖြတ်သန်းမှုများကို ခြုံငုံသုံးသပ်ဖော်ပြထားပါသည်။ ဤအစီ ရင်ခံစာတွင် ကဏ္ဍအလိုက် ဥပဒေကြမ်းများ၏ လွှတ်တော် တွင်း ဖြတ်သန်းရသည့် အခြေအနေများကို သုံးသပ်လေ့လာ နိုင်ရန်နှင့် ထိုဥပဒေများနှင့် ပတ်သက်သည့် အချက်အလက် များကို အလွယ်တကူ ရရှိနိုင်စေရန်အတွက် စုစည်းဖော်ပြ ခဲ့ပါသည်။ ထိုသုံးသပ်ချက်နှင့် အချက်အလက်များကို အကိုးအကားပြု၍ မြန်မာ့လွှတ်တော်များ၏ ဥပဒေပြုရေး ဖြစ်စဉ်တွင် နိုင်ငံသူ နိုင်ငံသားများ ပါဝင်နိုင်ရေး၊ ဥပဒေပြုရေး ဖြစ်စဉ် ပိုမိုပွင့်လင်းမြင်သာရေး၊ ကောင်းမွန်သော အင်စတီ ကျူးရှင်းဆိုင်ရာ အပြောင်းအလဲများ ဖြစ်ပေါ်စေရေးနှင့် တရားဥပဒေစိုးမိုးရေးကို တစ်ဘက်တစ်လမ်းမှ အထောက် အကူပြုနိုင်ရေးအတွက် ရည်ရွယ်ပါသည်။

### ၁.၂.၀။ သုတေသန နည်းနာဗေဒ

ယခုအစီရင်ခံစာအတွက် ဥပဒေကြမ်းများကို သုတေသန ပြုကြရာတွင် လွှတ်တော်အသီးသီးမှ တရားဝင် ပုံနှိပ်ထုတ်ဝေ သော အစည်းအဝေးမှတ်တမ်းများမှ အချက်အလက်များကို ကောက်ယူ၍ စာရင်းအင်းအချက်အလက်များ ထုတ်ယူသည့် သုတေသနနည်းလမ်းနှင့် အတည်ပြုပြီး ဥပဒေများပါ အကြောင်းအရာများကို လေ့လာအကျဉ်းချုပ် သုံးသပ်သည့် နည်းလမ်းများကို အဓိက အသုံးပြုခဲ့ပါသည်။ ယခုအစီရင်ခံစာ တွင် ဥပဒေကြမ်းများ၏ လွှတ်တော်တွင်း ဖြတ်သန်းမှု အခြေအနေများနှင့် ဥပဒေပါ အကြောင်းအရာများကို ယေဘု ယျ သိရှိနားလည်နိုင်စေရန်အတွက် အကျဉ်းချုပ်ဖော်ပြချက် များ ပါဝင်သည်။ ဥပဒေများ၏ အရည်အသွေးများနှင့် ဥပဒေ တစ်ခု နှင့်တစ်ခု နှိုင်းယှဉ်လေ့လာချက်များပါဝင်မည်မဟုတ်ပါ။ သို့သော် ထိုအသေးစိတ် လေ့လာချက်များကို ဆောင်ရွက် လိုသူများအတွက် လိုအပ်သည့် အခြေခံအချက်များကို အထောက်အပံ့ ဖြစ်နိုင်မည်ဟု ယုံကြည်ပါသည်။ ထို့အပြင် ယခုအစီရင်ခံစာပါ အကျဉ်းချုပ် ဖော်ပြချက်များမှာ သက်ဆိုင် ရာဥပဒေကို လက်တွေ့ကိုင်တွယ် အသုံးပြုနိုင်ရန် ရည်ရွယ် သည် မဟုတ်ပါ။ ထို့ကြောင့် လက်တွေ့ကိုင်တွယ်အသုံးပြု ကျင့်သုံးလိုပါက မူရင်းဥပဒေ၊ နည်းဥပဒေများကိုသာ အဓိက ကိုးကားအသုံးပြုကြရန် တိုက်တွန်းလိုပါသည်။

### ၁.၃.၀။ ဝေါဟာရရွေးချယ်မှုနှင့် ရည်ညွှန်းဖွင့်ဆိုမှု

### ၁.၃.၁။ ဥပဒေကြမ်း ဖြတ်သန်းမှုဆိုင်ရာ ဝေါဟာရများ

#### (က) ဥပဒေကြမ်းတင်သွင်းသူ

ဥပဒေကြမ်းတင်သွင်းသူ ဟူသည်မှာ လွှတ်တော်တစ်ရပ်ရပ်တွင် ဥပဒေကြမ်းကို လာရောက်ဖတ်ကြားတင်သွင်းသူကို ဆိုလိုပါသည်။ ဥပဒေကြမ်းကို ရေးဆွဲပြုစုသူ၊ ရေးဆွဲ သည့် အဖွဲ့အစည်း၊ ရေးဆွဲရာတွင်ပါဝင်သူ အဖွဲ့အစည်းများကို မဆိုလိုပါ။

#### (ခ) ဥပဒေကြမ်းဆွေးနွေးသူ

ဥပဒေကြမ်းဆွေးနွေးသူ များတွင် ဥပဒေကြမ်းပါ အကြောင်းအရာ တစ်ရပ်ရပ်ကို ပြင်ဆင်ချက်ပြုရန်၊ မူလအတိုင်းထားရှိရန် ရည်ရွယ်ချက်ဖြင့် ဝင်ရောက်ဆွေးနွေးသည့် လွှတ် တော်ကိုယ်စားလှယ်များနှင့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များ၊ ဥပဒေကြမ်းနှင့် ပတ် သက်သည့် ပြင်ဆင်ချက်အဆိုတင်သွင်းသည့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဥပဒေကြမ်း ကော်မတီ အစီရင်ခံစာများကို ဝင်ရောက်ဆွေးနွေးသည့် လွှတ်တော်ကိုယ်စားလှယ်များ ပါဝင်ပါသည်။ ဥပဒေကြမ်း တင်သွင်းစဉ်က တင်သွင်းခွင့်ပြုသင့်ကြောင်း ထောက်ခံဆွေးနွေးသူကို ထည့်သွင်းတွက်ချက်ခြင်း မပြုပါ။

### (ဂ) ဥပဒေကြမ်းအတည်ပြုခြင်း

ဥပဒေကြမ်းအတည်ပြုခြင်း ဟူသည်မှာ လွှတ်တော်တစ်ရပ်ချင်းအလိုက် ဥပဒေကြမ်းများကို အတည်ပြုချင်းကို ဆိုလိုသည်။

### (ဃ) ဥပဒေအဖြစ်ပြဋ္ဌာန်းခြင်း

ဥပဒေအဖြစ် ပြဋ္ဌာန်းခြင်း ဟူသည်မှာ သမ္မတမှ လက်မှတ်ရေးထိုး၍ ဥပဒေအဖြစ် ပြဋ္ဌာန်းခြင်းကိုသော်လည်းကောင်း၊ ပြည်ထောင်စုလွှတ်တော်မှ ဥပဒေအဖြစ် ပြဋ္ဌာန်းခြင်းကို သော်လည်းကောင်း ဆိုလိုသည်။

## ၁.၃.၂။ ဥပဒေကြမ်းများ၏ အမျိုးအစား

### (က) အသစ်ရေးဆွဲပြဋ္ဌာန်းသည့် ဥပဒေကြမ်း

လွှတ်တော်ကိုယ်စားလှယ်ကသော်လည်းကောင်း၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းတစ်ရပ်ရပ်ကသော်လည်းကောင်း အသစ်ရေးဆွဲပြုစု၍ လွှတ်တော်သို့ တင်သွင်းသည့် ဥပဒေကြမ်းအဖြစ် သတ်မှတ်ပါသည်။ အသစ်ရေးဆွဲပြဋ္ဌာန်းသည့် ဥပဒေကြမ်းများတွင် အဆိုပါ ဥပဒေနှင့် ကိုက်ညီမှုမရှိသောကြောင့် ရုပ်သိမ်းရသည့် ဥပဒေများကို ထည့်သွင်းဖော်ပြထားသည်များလည်း ရှိပါသည်။ သို့သော် ရှိရင်းစွဲဥပဒေတစ်ရပ်ကို ရုပ်သိမ်းရန် သက်သက်မဟုတ်ပဲ ဥပဒေအသစ်ကို ပြဋ္ဌာန်းရာတွင် မကိုက်ညီသည့် တည်ဆဲဥပဒေဟောင်းတစ်ခုကို ရုပ်သိမ်းရခြင်း ဖြစ်ပါကလည်း အသစ်ရေးဆွဲပြဋ္ဌာန်းသည့် ဥပဒေကြမ်းအဖြစ် သတ်မှတ်ပါသည်။

### (ခ) ပြင်ဆင်သည့် ဥပဒေကြမ်း

တည်ဆဲဥပဒေတစ်ရပ်ရပ်၏ အစိတ်အပိုင်းတစ်ရပ်ကိုသော်လည်းကောင်း၊ အစိတ်အပိုင်းများကိုသော်လည်းကောင်း ပြင်ဆင်ရန် ရည်ရွယ်သည့် ဥပဒေကြမ်းများကို ပြင်ဆင်သည့် ဥပဒေကြမ်းအဖြစ် သတ်မှတ်ပါသည်။

### (ဂ) ရုပ်သိမ်းသည့် ဥပဒေကြမ်း

အခြားမည်သည့် အသစ်ပြဋ္ဌာန်းချက်မှ မပါပဲ တည်ဆဲဥပဒေတစ်ရပ်ရပ်ကို ရုပ်သိမ်းသည့် ဥပဒေကြမ်းကို ရုပ်သိမ်းသည့် ဥပဒေကြမ်းအဖြစ် သတ်မှတ်ပါသည်။

## ၁.၃.၃။ ဥပဒေကြမ်းများ၏ အကြောင်းအရာ/ကဏ္ဍ

ဥပဒေ/ဥပဒေကြမ်းများကို အမျိုးအစား ခွဲခြားရာတွင် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေပါ ပြည်ထောင်စု ဥပဒေပြုစာရင်း (၁) ပါ ကဏ္ဍ ၁၂ မျိုး ခွဲဝေပုံအတိုင်း အောက်ပါအတိုင်း ခွဲခြားထားပါသည်။

**(က) လူမှုရေးကဏ္ဍ**

- ပညာသင်ကြားရေးဆိုင်ရာ သင်ရိုးညွှန်းတမ်း၊ သင်ရိုးမာတိကာ၊ သင်ပြနည်းစနစ်၊ သုတေသန၊ စီမံကိန်း၊ စီမံချက်နှင့်စံများ၊
- တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ သိပ္ပံစသည့်သင်တန်းများနှင့် အဆင့်မြင့်ပညာ အခြားအဖွဲ့အစည်းများ၊
- ပြည်ထောင်စုကသတ်မှတ်သည့် စာမေးပွဲများ၊
- ကိုယ်ပိုင်ကျောင်းများနှင့် သင်တန်းများ၊
- အမျိုးသားအားကစား၊
- အမျိုးသားကျန်းမာရေး၊

- တိုင်းရင်းဆေးပညာနှင့် တိုင်းရင်းဆေးဝါးဖွံ့ဖြိုးတိုးတက်ရေး၊
- ကုသိုလ်ဖြစ်ဆေးရုံများနှင့်ဆေးခန်းများ၊ ပုဂ္ဂလိကဆေးရုံများနှင့်ဆေးခန်းများ၊
- မိခင်နှင့်ကလေးစောင့်ရှောက်ရေး၊
- ကြက်ခြေနီအသင်း၊
- အစားအသောက်၊ ဆေးဝါး၊ ဆေးပစ္စည်းနှင့် အလှကုန်စသည်တို့ တုပရောနှောထုတ်လုပ်ရောင်းချခြင်းမှ ကာကွယ်ရေး၊
- ကလေးသူငယ်များ၊ လူငယ်များ၊ အမျိုးသမီးများ၊ မသန်မစွမ်းသူများ၊ သက်ကြီးရွယ်အိုများ၊ အခြေအနေမဲ့များအား စောင့်ရှောက်ရေး၊
- ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးကိစ္စရပ်များ၊
- မီးသတ်တပ်ဖွဲ့၊
- အလုပ်လုပ်ချိန်၊ နားချိန်၊ အလုပ်ပိတ်ရက်များနှင့် လုပ်ငန်းခွင်ဆိုင်ရာ ဘေးအန္တရာယ်ကင်းရှင်းရေး၊
- ဝါကျိဖ္စပဋ္ဌပက္ခ၊
- လူမှုဖူလုံရေး၊
- အလုပ်သမားအဖွဲ့အစည်းများ၊
- ပြည်ထောင်စုက စီမံခန့်ခွဲသည့် –

  (၁) ရှေးဟောင်းယဉ်ကျေးမှု သို့မဟုတ် သမိုင်းဝင်ဒေသများ၊ အဆောက်အအုံများ၊ အထိမ်းအမှတ်များ၊ မှတ်တမ်းများ၊ ကျောက်စာများ၊ မင်စာများ၊ ပေပုရပိုက်များ၊ လက်ရေးစာများ၊ လက်ရာများ၊ ရုပ်ဝတ္ထုပစ္စည်းများ၊ ရှေးဟောင်းသုတေသနလုပ်ငန်းများ၊
  (၂) ပြတိုက်များ၊ စာကြည့်တိုက်များ။
- စာပေ၊ သဘင်၊ ဂီတ၊ ရိုးရာပန်း၊ ရုပ်ရှင်၊ ဗီဒီယို၊
- မွေးဖွားခြင်းနှင့် သေဆုံးခြင်းဆိုင်ရာ မှတ်ပုံတင်ရေး။

**(ဃ) စီမံခန့်ခွဲရေးကဏ္ဍ**

- အထွေထွေအုပ်ချုပ်ရေး၊
- ရွာမြေ၊ မြို့မြေ စီမံခန့်ခွဲရေး၊
- အိမ်ငှား၊ မြေငှား၊
- မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သောဆေးဝါး၊
- နိုင်ငံတော်လျှို့ဝှက်ချက်ထိန်းသိမ်းရေးဆိုင်ရာကိစ္စများ၊
- အသင်းအဖွဲ့များ၊
- အကျဉ်းထောင်၊
- နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေး၊
- သန်းခေါင်စာရင်း၊
- နိုင်ငံသားဖြစ်ခြင်း၊ နိုင်ငံသားပြုခြင်း၊ နိုင်ငံသားအဖြစ်မှရုပ်စဲခြင်း၊ ရုပ်သိမ်းခြင်း၊နိုင်ငံသားစိစစ်ရေးနှင့် မှတ်ပုံတင်လုပ်ငန်း၊
- ဘွဲ့ထူး၊ ဂုဏ်ထူး။

**(င) တရားစီရင်ရေးကဏ္ဍ**

- တရားစီရင်ရေး၊
- ရှေ့နေများ၊
- ပြစ်မှုဆိုင်ရာ ဥပဒေများ၊ ကျင့်ထုံးများ၊
- တရားမဥပဒေများ၊ ကျင့်ထုံးများအပါအဝင်၊ ပဋိညာဉ်၊ အနညာတစီရင်ဆုံးဖြတ်ရေး၊

တရားစွဲဆိုပိုင်ခွင့်ရှိသော နစ်နာချက်များ၊ လူမွဲအဖြစ်ခံယူခြင်း၊ ယုံမှတ်အပ်နှံခြင်းနှင့် ယုံမှတ်အပ်နှံထားသဖြင့် စီမံပိုင်ခွင့်ရှိသူများ၊ အမွေထိန်းနှင့်ပစ္စည်းထိန်း၊ မိသားစုဆိုင်ရာ ဥပဒေများ၊ အုပ်ထိန်းသူများနှင့် အုပ်ထိန်းခံရသူများ၊ ပစ္စည်းလွှဲပြောင်းခြင်း၊ အမွေဆက်ခံရေး၊

- သက်သေခံဥပဒေ၊
- ကာလစည်းကမ်းသတ်၊
- အမှုတန်ဖိုးသတ်မှတ်ခြင်း၊
- သီးခြားသက်သာခွင့်၊
- နိုင်ငံခြားစီရင်ပိုင်ခွင့်အာဏာ၊
- ပင်လယ်ရေကြောင်းစီရင်ပိုင်ခွင့်၊
- ပင်လယ်ဓားပြမှုများ၊ နိုင်ငံတကာပင်လယ်ပြင် သို့မဟုတ် ကောင်းကင်ယံ၌ကျူးလွန်သော ပြစ်မှုများ၊ အပြည်ပြည်ဆိုင်ရာဥပဒေကို ဖောက်ဖျက်၍ မြေပြင် သို့မဟုတ် နိုင်ငံတကာပင်လယ်ပြင် သို့မဟုတ် ကောင်းကင်ယံ၌ ကျူးလွန်သောပြစ်မှုများ။

**(ဃ) အခြား**

- ပြည်ထောင်စု၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ ဥပဒေပြုစာရင်းများတွင် ဖော်ပြမထားသော အခြား ကိစ္စရပ်များနှင့်စပ်လျဉ်းသည့် ဥပဒေပြုပိုင်ခွင့်အာဏာကို ပြည်ထောင်စုလွှတ်တော်သို့ အပ်နှင်းသည်။

(ပုဒ်မ ၉၈၊ "အခြားကိစ္စများနှင့် စပ်လျဉ်း၍ ဥပဒေပြုခြင်း"၊ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ၂၀၀၈)


## ၁.၄.၀။ လေ့လာမှုအတိုင်းအတာ

ဤအစီရင်ခံစာတွင် လေ့လာဖော်ပြထားသည့် ဥပဒေကြမ်းများမှာ ပြည်ထောင်စုအဆင့်လွှတ်တော်များ ဖြစ်သည့် ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် ပြည်ထောင်စုလွှတ်တော်များတွင် တင်သွင်းဆွေးနွေးသည့် ဥပဒေကြမ်းများ ဖြစ်ပါသည်။ ထိုဥပဒေများအနက်မှ လွှတ်တော် စတင်ကျင်းပသည့် ၂၀၁၁ ခုနှစ်မှ ၂၀၁၄ ခုနှစ်အထိ အတည်ပြုပြီးဖြစ်သော ပြည်ထောင်စုဥပဒေပြုစာရင်းပါ ကဏ္ဍ ၄ မျိုးအတွင်းရှိ ဥပဒေကြမ်း ၇၄ ခုကို လေ့လာဖော်ပြထားခြင်း ဖြစ်ပါသည်။

ကျန်ကဏ္ဍ ၇ ခုအတွင်းရှိဥပဒေကြမ်းများကိုသော်လည်းကောင်း၊ ၂၀၁၅ ခုနှစ်အတွင်းတွင် အတည်ပြုပြဋ္ဌာန်းခဲ့သည့် ဥပဒေကြမ်းများကိုသော်လည်းကောင်း၊ အတည်မပြုရသေးသည့် ဥပဒေကြမ်းများ၊ ပယ်ချခံရသည့် ဥပဒေကြမ်းများကို ဆက်လက် လေ့လာဖော်ပြသွားမည် ဖြစ်ပါသည်။

ဥပဒေကြမ်းများကို လေ့လာရာတွင် ဥပဒေကြမ်းများ၏ ဖြတ်သန်းမှုများကို လေ့လာရန် လိုအပ်သကဲ့သို့ တင်သွင်းဆွေးနွေးနေသည့် ကာလအတွင်းတွင် ဥပဒေကြမ်းပါ အကြောင်းအရာများကိုပါ လေ့လာနိုင်ရန် လိုအပ်ပါသည်။ သို့သော် အချိန်ကာလ ကွာဟချက်ကြောင့် ယခုအစီရင်ခံစာတွင် ဥပဒေကြမ်းပါ အကြောင်းအရာများကို အသေးစိတ် လေ့လာခြင်းမပြုပဲ ဥပဒေကြမ်းများ၏ ဖြတ်သန်းမှုအဆင့်ဆင့်နှင့် အတည်ပြုပြီး ဥပဒေများ၏ အကျဉ်းချုပ်တို့ကိုသာ အလေးထား လေ့လာမှု ပြုခဲ့ပါသည်။

# ပြည်ထောင်စုလွှတ်တော် ဥပဒေပြုမှု အဆင့်များ



## အခန်း (၂)
## ဥပဒေပြုမှုဆိုင်ရာ နောက်ခံအကြောင်းအရာများ

### ၂.၁.၀။ လွှတ်တော်တွင်း လွှတ်တော်ကိုယ်စားလှယ်များ ပါဝင်ဖွဲ့စည်းမှု

မြန်မာ့လွှတ်တော်သည် လွှတ်တော်နှစ်ရပ်စနစ်ဖြစ်ပြီး မြို့နယ်တစ်မြို့နယ်လျှင် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးကျစီ ပါဝင်ဖွဲ့စည်းထားသော ပြည်သူ့လွှတ်တော်နှင့် တိုင်းဒေသကြီး/ပြည်နယ်တစ်ခုလျှင် လွှတ်တော်ကိုယ်စားလှယ် ၁၂ ဦးစီ အချိုးကျ ပါဝင်ဖွဲ့စည်းထားသော အမျိုးသားလွှတ်တော်တို့ ပါဝင်သည်။ ထိုလွှတ်တော်နှစ်ရပ်ပေါင်းကို ပြည်ထောင်စုလွှတ်တော်ဟု ခေါ်တွင်သည်။ လွှတ်တော်တစ်ရပ်တိုင်းတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမည်စာရင်းတင်သွင်း ခန့်အပ်ထားသော တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ် ၂၅ ရာခိုင်နှုန်းစီ ပါဝင်သည်။ ထို့ကြောင့် ပုံမှန်အားဖြင့် ပြည်သူ့လွှတ်တော်ကို ရွေးကောက်ခံ လွှတ်တော်ကိုယ်စားလှယ် ၃၃၀ ဦး၊ တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ် ၁၁၀ ဦးဖြင့် ဖွဲ့စည်းပြီး၊ အမျိုးသားလွှတ်တော်ကို ရွေးကောက်ခံကိုယ်စားလှယ် ၁၆၈ ဦး၊ တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ် ၅၆ ဦးတို့ဖြင့် ဖွဲ့စည်းသည်။ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ် စုစုပေါင်းအရေအတွက်မှာ ၆၆၄ ဦး ဖြစ်သည်။

သို့သော် ၂၀၁၀ ရွေးကောက်ပွဲ မကျင်းပနိုင်သည့် မဲဆန္ဒနယ် ၅ နေရာရှိခြင်းနှင့် လွှတ်တော်စတင် ကျင်းပသည့် ပထမပုံမှန်အစည်းအဝေးအတွင်းမှာပင် လွှတ်တော်ကိုယ်စားလှယ် ၄၆ ဦးမှာ အစိုးရအဖွဲ့နှင့် အခြားပြည်ထောင်စုအဆင့် အဖွဲ့အစည်းများတွင် တာဝန်ထမ်းဆောင်ရန် လွှတ်တော်မှ နုတ်ထွက်သွား ကြရခြင်းတို့ကြောင့် ၂၀၁၂ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲကာလအထိ ထိုနေရာ ၅၁ နေရာမှာ လစ်လပ်နေခဲ့သည်။ ကြားဖြတ်ရွေးကောက်ပွဲအပြီးတွင်လည်း လွှတ်တော်ကိုယ်စားလှယ် ၄၃ ဦးသာ ထပ်မံရွေးကောက် တင်မြှောက်နိုင်ခဲ့သည်။ ထို့အပြင် လွှတ်တော်သက်တမ်းတစ်လျှောက် ကွယ်လွန်ခဲ့သည့် လွှတ်တော်ကိုယ်စားလှယ်များနှင့် အစိုးရအဖွဲ့သို့ ခေါ်ယူခန့်အပ်ခံရသည့် လွှတ်တော်ကိုယ်စားလှယ်များ ရှိနေသောကြောင့် လစ်လပ်နေရာများမှာ ရှိနေဆဲဖြစ်သည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်မှ အမည်စာရင်းတင်သွင်းခန့်အပ်သော တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များကိုမူ လွှတ်တော်သက်တမ်းအတွင်း အပြောင်းအလဲများ ပြုလုပ်လေ့ရှိခဲ့ပြီး အရေအတွက် လျော့ကျခြင်းမရှိအောင် ထားရှိနိုင်ကြောင်း တွေ့ရပါသည်။ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ပြည်သူ့လွှတ်တော်ရှိတပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များ ပြောင်းလဲခန့်အပ်မှု ၂၂ ကြိမ် ပြုလုပ်ခဲ့ပြီး၊ အမျိုးသားလွှတ်တော်ရှိ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များကို ပြောင်းလဲခန့် အပ်မှု ၁၂ ကြိမ် ပြုလုပ်ခဲ့သည်ကို တွေ့ရသည်။

USDPသည်လွှတ်တော်နှစ်ရပ်ပေါင်းလွှတ်တော်ကိုယ်စားလှယ် အများဆုံးရှိနေသည့် ပါတီဖြစ်သည်။ ပြည်သူ့လွှတ်တော်တွင် USDP လွှတ်တော်ကိုယ်စားလှယ် ၄၄.၈ ရာခိုင်နှုန်း ပါဝင်ပြီး၊ အမျိုးသားလွှတ် တော်တွင် ၅၅.၃ ရာခိုင်နှုန်း ပါဝင်သည်။ ၂၀၁၂ ကြားဖြတ်ရွေးကောက်ပွဲ မတိုင်မီကာလအတွင်း ပြည်သူ့လွှတ်တော်တွင် ဒုတိယ လွှတ်တော်ကိုယ်စားလှယ် အများဆုံးပါတီမှာ RNDP ဖြစ်သည်။

ကြားဖြတ်ရွေးကောက်ပွဲအပြီးတွင် ပြည်သူ့လွှတ်တော်သို့ NLD မှ လွှတ်တော်ကိုယ်စားလှယ် ၃၇ ဦး ဝင်ရောက်လာပြီး လွှတ်တော်ကိုယ်စားလှယ် ၈.၅ ရာခိုင်နှုန်းဖြင့် ဒုတိယ လွှတ်တော်ကိုယ်စားလှယ်နေရာ အများဆုံး ပါတီဖြစ်လာသည်။ အမျိုးသားလွှတ်တော်တွင်မူ ဒုတိယ လွှတ်တော်ကိုယ်စားလှယ်နေရာ အများဆုံး ပါတီမှာ RNDP ဖြစ်ပြီး လွှတ်တော်ကိုယ်စားလှယ် ၃ ရာခိုင်နှုန်းရှိနေသည်။ ထိုအခြေအနေသည် ၂၀၁၂ ကြားဖြတ်ရွေးကောက်ပွဲအပြီးတွင်လည်း ပြောင်းလဲခြင်းမရှိပေ။

ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်လောင်းအများစုမှာ ယခင်က အစိုးရဝန်ထမ်း အရာရှိကြီးများအဖြစ်မှ လွှတ်တော်ကိုယ်စားလှယ်ဖြစ်လာခြင်းဖြစ်ပြီး၊ ဒုတိယအများဆုံးမှာ စီးပွားရေးလုပ်ငန်းရှင်များ ဖြစ်သည်။ ပြည်သူ့လွှတ်တော်တွင် ဥပဒေပညာဖြင့် အသက်မွေးဝမ်းကျောင်းပြုခဲ့သူ ၃ ရာခိုင်နှုန်း ပါဝင်သည်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အများစုမှာ ယခင်က စီးပွားရေးလုပ်ငန်းရှင်များဖြစ်ပြီး၊ အစိုးရဝန်ထမ်း အရာရှိကြီးများအဖြစ်မှ လွှတ်တော်ကိုယ်စားလှယ်ဖြစ်လာသူများမှာ ဒုတိယအများဆုံးဖြစ်သည်။ အမျိုးသားလွှတ်တော်တွင် ဥပဒေပညာဖြင့် အသက်မွေးဝမ်းကျောင်းပြုခဲ့သူ ၅.၁ ရာခိုင်နှုန်း ပါဝင်သည်။

လွှတ်တော်စတင်ကျင်းပသည့် ၂၀၁၁ ခုနှစ်တွင် လွှတ်တော်ပုံမှန်အစည်းအဝေး နှစ်ကြိမ်ကျင်းပခြင်း၊ လွှတ်တော်သက်တမ်း နောက်ဆုံးနှစ်ဖြစ်သည့် ၂၀၁၅ ခုနှစ်တွင် တစ်ကြိမ်သာ ကျင်းပလျက်ရှိခြင်းတို့မှလွဲလျှင် တစ်နှစ်လျှင် ပုံမှန်အစည်းအဝေး သုံးကြိမ်ကျင်းပလေ့ရှိကြောင်းတွေ့ရသည်။ နှစ်တစ်နှစ်၏ ပထမဆုံး ပုံမှန်အစည်းအဝေးဖြစ်သည့် ဖြေဖော်ဝါရီလမတိုင်မီကျင်းပသည့် အစည်းအဝေးတွင် နိုင်ငံတော် ရသုံးမှန်းခြေ ငွေစာရင်းဥပဒေ၊ အမျိုးသားစီမံကိန်းဥပဒေတို့ကို ဆွေးနွေးလေ့ရှိပြီး၊ နောက်ဆုံးပုံမှန်အစည်းအဝေးဖြစ်သည့် အောက်တိုဘာ၊ နိုဝင်ဘာလများတွင် ကျင်းပသည့် ပုံမှန်အစည်းအဝေးများတွင် ထပ်တိုး ရသုံးမှန်းခြေငွေစာရင်းများကို ဆွေးနွေးလေ့ရှိသည်။ ဘတ်ဂျက်နှင့် မသက်ဆိုင်သည့် အခြားအကြောင်းအရာများကို နှစ်လယ်ပုံမှန်အစည်းအဝေးများတွင် အများဆုံး ဆွေးနွေးလေ့ရှိသည်ကို တွေ့ရသည်။

## ၂.၂.၀။ ဥပဒေကြမ်း တင်သွင်းခြင်း

လွှတ်တော်တွင် ဥပဒေကြမ်း ပေးပို့တင်သွင်းခွင့်ရှိသူများမှာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများနှင့် လွှတ်တော်ကိုယ်စားလှယ်များ ဖြစ်သည်။ ဥပဒေကြမ်းများကို လွှတ်တော်သို့ ရက် ၃၀ ကြိုတင်ပေးပို့ရမည်ဖြစ်သည်။ သို့သော် ဥက္ကဋ္ဌက ခွင့်ပြုပါက "သတ်မှတ်ရက်အတွင်း ကြို တင်ပေးပို့ခြင်း မရှိသော်လည်း" ခွင့်ပြုနိုင်သည်ဟု ၂၀၁၃ ခုနှစ် ပြည်သူ့လွှတ်တော် နည်းဥပဒေများတွင် ဖော်ပြထားသည်။ ထိုသို့ဥပဒေကြမ်းများပေးပို့ရာတွင် ပြည်ထောင်စုဝန်ကြီးဌာနများ အပါအဝင်ဖြစ်သော ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများသည် ပြည်ထောင်စုလွှတ်တော်သို့ ပေးပို့ရသည်။ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများမှ ပေးပို့သော ဥပဒေကြမ်းများကို မည်သည့်လွှတ်တော်မှ စတင်ဆွေးနွေးရမည်ဟူသည့် အချက်ကို ပြည်ထောင်စုလွှတ်တော် နာယကက ဆုံးဖြတ်သည်။ လွှတ်တော်နှစ်ရပ်အကြား စတင်ဆွေးနွေးရမည့် ဥပဒေကြမ်းဟူ၍ သီးခြားသတ်မှတ်ချက် မရှိသလို ဆုံးဖြတ်ပိုင်ခွင့် အနေအထားမှာ တန်းတူအနေအထားတွင် ရှိသည်။ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့်မူ ဥပဒေကြမ်းများ

ပေးပို့လိုပါက ၎င်းတို့နှင့် သက်ဆိုင်သည့် လွှတ်တော်ထံ ပေးပို့ရသည်။ ဥပဒေကြမ်းများ ပေးပို့သည့်အခါတိုင်းတွင် အကျိုးအကြောင်းဖော်ပြချက် ပါဝင်ရသည်။

အမျိုးသားစီမံကိန်း၊ အရအသုံးခန့်မှန်းခြေ ငွေစာရင်းနှင့် အခွန်အကောက်ဆိုင်ရာ ဥပဒေကြမ်းများကိုမူ ပြည်ထောင်စုအစိုးရအဖွဲ့ကသာ တင်သွင်းခွင့်ရှိပြီး ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရသည်။

အစိုးရအဖွဲ့နှင့် အခြားပြည်ထောင်စုအဆင့် အဖွဲ့အစည်းမှ တင်သွင်းလာသော ဥပဒေကြမ်းများကို လွှတ်တော်ဥက္ကဋ္ဌက ဥပဒေကြမ်းကော်မတီသို့ လွှဲပြောင်းပေးရသည်။ ထို့နောက် လွှတ်တော်ကိုယ်စားလှယ်များကို ဖြန့်ဝေစေသည်။ ဥက္ကဋ္ဌက သတ်မှတ်သည့် တစ်ရက်ရက်တွင် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က လာရောက်တင်သွင်းရပြီး ထိုနေ့တွင်ပင် ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ တင်သွင်းသည်။ ထို့ကြောင့် အစိုးရအဖွဲ့အပါအဝင် အခြား ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ ပေးပို့သော ဥပဒေ ကြမ်းများကို လွှတ်တော်က ငြင်းဆိုခွင့်မရှိဟုသည့် သဘော ဖြစ်သည်။

လွှတ်တော်ကိုယ်စားလှယ်မှ ပေးပို့သော ဥပဒေကြမ်းများကိုမူ လွှတ်တော်ကိုယ်စားလှယ်များထံ ဖြန့်ဝေစေပြီး လွှတ်တော်တွင် လက်ခံဆွေးနွေးရန် သင့်/မသင့် မဲခွဲဆုံးဖြတ်သည်။ လက်ခံဆွေးနွေးရန် လွှတ်တော်က ဆုံးဖြတ်မှသာ ဥပဒေကြမ်းကော်မတီကို လွှဲပြောင်းပေးသည်။ ထို့နောက်တွင်မှ ဥက္ကဋ္ဌသတ်မှတ်သည့်ရက်တွင် တင်သွင်းရသည်။ ထိုနေ့တွင်ပင် ဥပဒေကြမ်းကော်မတီ အစီရင်ခံစာကို တင်သွင်းသည်။

လွှတ်တော်မှ လက်ခံဆွေးနွေးရန် ဆုံးဖြတ်သည့် ဥပဒေကြမ်းများအားလုံးကို နိုင်ငံတော်ပြန်တမ်းတွင် ထည့်သွင်း ဖော်ပြရမည် ဖြစ်သည်။

## ၂.၃.၀။ ဥပဒေကြမ်း ဆွေးနွေးခြင်း

ဥပဒေကြမ်းတင်သွင်းပြီးနောက် ဥက္ကဋ္ဌက သတ်မှတ်သည့် နေ့ရက်တွင် လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေးနိုင်သည်။ ထိုသို့ဆွေးနွေးရာတွင် ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်သည် ဥက္ကဋ္ဌမှ ဆွေးနွေးရန် ကြေညာသည့် ရက်မတိုင်မီ ၃ ရက်ကြိုတင် အမည်စာရင်း ပေးပို့ရသည်။

ဥပဒေကြမ်းများကို ဆွေးနွေးရာတွင် လွှတ်တော်ကိုယ်စားလှယ်များသည် ဥပဒေကြမ်းများအပေါ် ပြင်ဆင်ချက် အဆို တင်သွင်းနိုင်သည်။ ထိုပြင်ဆင်ချက်အဆို တင်သွင်းသည့် အခါတွင်လည်း ပြင်ဆင်ချက်အဆိုနှင့် ပတ်သက်ပြီး ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် ဝင်ရောက်ဆွေးနွေးနိုင်သည်။

ဥပဒေကြမ်းများ ဆွေးနွေးချက်ကို ပြင်ဆင်ချက် အဆို အဖြစ်သာ တင်သွင်းရမည်ဟု ပြဋ္ဌာန်းထားခြင်း မရှိသဖြင့် လွှတ်တော်နှစ်ရပ်အကြား ကွဲပြားခြားနားသည့် လုပ်နည်း လုပ်ဟန်များကို တွေ့ရသည်။

ပြည်သူ့လွှတ်တော်တွင် ဥပဒေကြမ်း ဆွေးနွေးမှုများကို ပြင်ဆင်ချက်အဆိုများဖြင့် ဆောင်ရွက်လေ့ရှိပြီး ဥပဒေကြမ်း ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်သည် ပြင်ဆင်လိုသည့် ပုဒ်မ၊ ပြင်ဆင်ချက်၊ အကျိုးအကြောင်း ဖော်ပြချက် စသည်တို့ကို ကြိုတင်ပေးပို့ထားရသည်။ ပြင်ဆင်ချက် အဆိုတစ်ခုချင်းအလိုက် မဲခွဲဆုံးဖြတ်သည်။

အမျိုးသားလွှတ်တော်တွင်မူ ဥပဒေကြမ်း ဆွေးနွေးမှုများအတွက် များသောအားဖြင့် ပြင်ဆင်ချက်အဆို တင်သွင်းခြင်းမပြုဘဲ အမည်စာရင်း တင်သွင်းပြီး ဥပဒေကြမ်းကော်မတီ အစီရင်ခံစာ အပါအဝင် တင်သွင်းထားသည့် ဥပဒေကြမ်းကို ဝင်ရောက် ဆွေးနွေးနိုင်သည်။ ပြင်ဆင်လိုသည့်အချက်များကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးပြီးနောက်တွင် ပြင်ဆင်လိုသည့် လွှတ်တော်ကိုယ်စားလှယ်များနှင့် ဥပဒေကြမ်းကော်မတီတို့ ညှိနှိုင်းပြင်ဆင်စေသည်။ ထိုတွေ့ဆုံမှုသည် တံခါးပိတ် ကော်မတီအစည်းအဝေးဖြစ်သည်။ ထို့နောက်တွင်မှ ဥပဒေကြမ်းကော်မတီက လွှတ်တော်ကိုယ်စားလှယ်များ အဆိုပြုသည့် ပြင်ဆင်ချက်များနှင့်တကွ အစီရင်ခံစာတစ်စောင် တင်သွင်းရသည်။ ထိုပြင်ဆင်ချက်များနှင့် ဥပဒေကြမ်းကို မဲခွဲဆုံးဖြတ်သည်။

ဥပဒေကြမ်းများကို ဆွေးနွေးပြီးနောက် တစ်ပိုဒ်ချင်း အတည်ပြုသည့် အဆင့်ပါဝင်သော်လည်း လုပ်ထုံးလုပ်နည်း အရ ဆောင်ရွက်သောအဆင့် ဖြစ်သည်။

ထို့နောက် ဥပဒေကြမ်းကို အတည်ပြုရန် အဆိုတင်သွင်းရပြီး လွှတ်တော်ကိုယ်စားလှယ်များက ထိုအဆိုကို ဝင်ရောက် ဆွေးနွေးခွင့်ရှိသည်။ သို့သော် ထိုဆွေးနွေးချက်သည် ဥပဒေကြမ်းကို ထောက်ခံရန် သို့မဟုတ် ပယ်ချရန် ဆွေးနွေးချက် ဖြစ်ရမည်ဟု သတ်မှတ်ထားသည်။

လွှတ်တော်ဥက္ကဋ္ဌသည် ဥပဒေကြမ်း၏ မည်သည့်အဆင့်တွင်မဆို ဆိုင်းငံ့ရန် အဆိုတင်သွင်းစေနိုင်သည်။

ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးရသည့်အခါ လွှတ်တော်နှစ်ရပ်အကြား သဘောထားကွဲလွဲသည့် အချက်များနှင့် သမ္မတ၏ သဘောထားမှတ်ချက်ကို သဘောတူသင့်/မတူသင့် တို့ကိုသာ ဆွေးနွေးရပြီး ပြင်ဆင်ချက်အဆို တင်သွင်းနိုင်ခြင်း မရှိပေ။

## ၂.၄.၀။ ဥပဒေကြမ်းကော်မတီ၏ အခန်းကဏ္ဍ

ဥပဒေကြမ်း ကော်မတီများသည် လွှတ်တော်သက်တမ်း တစ်လျှောက်လုံး ဖွဲ့စည်းထားရသည့် အမြဲတမ်း ကော်မတီများ ဖြစ်ပြီး လွှတ်တော်စတင်ဖွဲ့စည်းပြီးနောက်တွင် စတင်ဖွဲ့စည်းရသည့် ကော်မတီများဖြစ်သည်။ အခြားအမြဲတမ်း ကော်မတီများနည်းတူ ကော်မတီသက်တမ်း တစ်နှစ်ပြည့်

မြောက်တိုင်း ဥက္ကဋ္ဌက ပြန်လည်သုံးသပ်ပြီး ဥပဒေကြမ်း ကော်မတီဝင်များကို သင့်လျော်သလို လဲလှယ်အစားထိုး တာဝန်ပေးနိုင်သည်။ ကော်မတီသည် ဥပဒေကြမ်းများကို စိစစ်ရာတွင် အချက် ၁၂ ချက်ဖြင့် စိစစ်ရသည်။ ထိုအချက်များမှာ -

(၁) ဖွဲ့စည်းပုံအခြေခံဥပဒေ
(၂) နိုင်ငံတော်က ချမှတ်ထားသော မူဝါဒများ၊ ဦးတည်ချက်များ
(၃) နိုင်ငံတော်နှင့် အများပြည်သူအကျိုးစီးပွားကို ဦးတည်ခြင်း
(၄) နိုင်ငံတော်တည်တံ့ခိုင်မြဲရေးနှင့် လုံခြုံရေး
(၅) ပကတိအခြေအနေများနှင့် ကိုက်ညီမှု
(၆) အများပြည်သူ၏ လုံခြုံရေး၊ ပစ္စည်းလုံခြုံရေး
(၇) တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ထိခိုက်စေသော အရေးအသား အသုံးအနှုန်းများ
(၈) ပြည်ထောင်စုဝန်ကြီးဌာနတစ်ခုနှင့် အစိုးရအဖွဲ့အစည်းတစ်ခု၏ လုပ်ပိုင်ခွင့်များ၊ အစိုးရဌာန အဖွဲ့အစည်း တစ်ခုနှင့်တစ်ခု လုပ်ပိုင်ခွင့်များ ရောထွေးနေခြင်း
(၉) မြန်မာနိုင်ငံက သဘောတူထားသော နိုင်ငံတကာ သဘောတူညီချက်များနှင့် လိုက်လျောညီထွေရှိခြင်းနှင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို ထိပါးမှု
(၁၀) ဥပဒေကြမ်းနှင့် သက်ဆိုင်သော မူပိုင်းဆိုင်ရာ အချက်အလက် ပြည့်စုံမှု
(၁၁) လက်တွေ့အကောင်အထည်ဖော်နိုင်မှု
(၁၂) ရည်ရွယ်ချက်များ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ပြဋ္ဌာန်းချက်များ ပြည့်စုံစွာ ပါရှိခြင်း - တို့ဖြစ်သည်။

ဥပဒေကြမ်း ကော်မတီသည် ကျွမ်းကျင်သူများ၊ ပြည်သူများ၏ ဥပဒေရေးရာ အကြံပြုချက်၊ ဝေဖန်သုံးသပ်ချက်များနှင့် ကော်မတီ၏ ပြင်ဆင်ရန် အကြံပြုချက်များကို လွှတ်တော်သို့ တင်ပြနိုင်သည်။

ဥပဒေကြမ်းတစ်ခုကို ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးရန် လိုအပ်ပါက ပြည်သူ့လွှတ်တော် ဥပဒေကြမ်း ကော်မတီနှင့် အမျိုးသားလွှတ်တော် ဥပဒေကြမ်း ကော်မတီ တို့မှ ကော်မတီဝင်ဦးရေ တန်းတူပါဝင်စေလျက် ဥပဒေကြမ်း ပူးပေါင်းကော်မတီကို ဖွဲ့စည်းရသည်။ ပူးပေါင်းကော်မတီကို လွှတ်တော်ဥက္ကဋ္ဌ ၂ ဦး ညှိနှိုင်းဖွဲ့စည်းရပြီး ပူးပေါင်းကော်မတီ၏ သက်တမ်းမှာ အစီရင်ခံစာတင်သွင်းပြီးချိန် အထိဖြစ်သည်။

ဥပဒေကြမ်း ကော်မတီ၏ အစီရင်ခံစာများသည် ဥပဒေကြမ်း ဆွေးနွေးရာတွင် အခြေခံထား ဆွေးနွေးရလေ့ ရှိသည့် အစီရင်ခံစာများ ဖြစ်လေ့ရှိပြီး၊ ထိုအစီရင်ခံစာကို ကော်မတီဝင်တိုင်းက သဘောတူကြောင်း လက်မှတ်ရေးထိုးပြီး တင်သွင်းရသည်။ ကော်မတီတွင်းသဘောထားကွဲလွဲမှုများရှိပါက ထိုသဘောထားကွဲလွဲမှုများကို ပူးတွဲဖော်ပြလျက် လက်မှတ်ရေးထိုး တင်သွင်းနိုင်သည်။

ပြည်သူ့လွှတ်တော်တွင် ဥပဒေကြမ်းကော်မတီများသည် ဥပဒေကြမ်းအား သုံးသပ်စိစစ်ပြီးနောက် အစီရင်ခံစာတစ်စောင် တင်သွင်းလေ့ရှိသည်။ အမျိုးသားလွှတ်တော်တွင်မူ ဥပဒေကြမ်းကော်မတီသည် ဥပဒေကြမ်း ဆွေးနွေး သူများ၏ ပြင်ဆင်ရန် အဆိုပြုချက်များကိုပါ ထည့်သွင်းပြင် ဆင်ထားသည့် အစီရင်ခံစာကို များသောအားဖြင့် ထပ်မံတင်သွင်းရ လေ့ရှိသည်။

## အခန်း (၃)

## ကဏ္ဍ ၄ မျိုးတွင် အကျုံးဝင်သည့် ဥပဒေကြမ်းများကို လေ့လာခြင်း (လူမှုရေးကဏ္ဍ၊ စီမံခန့်ခွဲရေးကဏ္ဍ၊ တရားစီရင်ရေးကဏ္ဍ၊ အခြား)

လွှတ်တော်စတင်ကျင်းပသည့် ၂၀၁၁ ခုနှစ်မှ ၂၀၁၄ ခုနှစ်အထိ လေးနှစ်တာကာလအတွင်း လူမှုရေးကဏ္ဍ၊ စီမံခန့်ခွဲရေးကဏ္ဍ၊ တရားစီရင်ရေးကဏ္ဍနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၉၈ အရ အခြားကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဥပဒေပြုခြင်းဟူသည့် ကဏ္ဍ (၄) မျိုးတွင် အကျုံးဝင်သည့် ဥပဒေကြမ်း ၇၄ ခုကို အတည်ပြုပြဋ္ဌာန်းခဲ့သည်ကို တွေ့ရသည်။ ထိုအထဲတွင် အခြားကိစ္စရပ်များ ကဏ္ဍတွင် အကျုံးဝင်သည့် ဥပဒေကြမ်း ၃၀ ခု၊ လူမှုရေးကဏ္ဍတွင် အကျုံးဝင်သည့် ဥပဒေကြမ်း ၂၄ ခု၊ တရားစီရင်ရေးကဏ္ဍတွင် အကျုံးဝင်သည့် ဥပဒေကြမ်း ၁၁ ခုနှင့် စီမံခန့်ခွဲရေးကဏ္ဍတွင် အကျုံးဝင်သည့် ဥပဒေကြမ်း ၉ ခုတို့ ပါဝင်သည်။

ဥပဒေကြမ်း ၃၉ ခုမှာ ရှိရင်းစွဲ ဥပဒေတစ်ခုကို ပြင်ဆင်သည့် ဥပဒေကြမ်း များဖြစ်ပြီး၊ ဥပဒေကြမ်း ၂၆ ခုမှာ အသစ်ရေးဆွဲသော ဥပဒေကြမ်းများဖြစ်ပြီး၊ ရုပ်သိမ်းသည့် ဥပဒေကြမ်းမှာ ၉ ခုရှိကြောင်းတွေ့ရှိရသည်။

ဤကဏ္ဍ (၄) မျိုးတွင် အကျုံးဝင်သည့် ဥပဒေကြမ်းများအားလုံးအနက် သမ္မတမှတ်ချက်ပေးခဲ့သည့် ဥပဒေကြမ်း ၂၆ ခုရှိခဲ့ပြီး၊ သမ္မတမှတ်ချက်မပေးခဲ့သည့် ဥပဒေကြမ်း ၄၈ ခု ရှိခဲ့သည်။

### ၃.၁။ ဥပဒေကြမ်း တင်သွင်းခြင်း

ဥပဒေကြမ်း ၇၄ ခုအနက် ၂၈ ခုကို ပြည်သူ့လွှတ်တော်တွင် စတင်တင်သွင်းခဲ့ပြီး ၄၅ ခုကို အမျိုးသားလွှတ်တော်တွင် စတင်တင်သွင်းခဲ့ခြင်းဖြစ်သည်။ ပြည်ထောင်စုလွှတ်တော်တွင် တင်သွင်းသည့် ဥပဒေကြမ်းတစ်ခု ရှိခဲ့သည်။ ဥပဒေကြမ်း ၇၄ ခုကို လွှတ်တော်ကိုယ်စားလှယ် ၆ ဦး၊ ပြည်သူ့လွှတ်တော် ကော်မတီ ၄ ခု၊ အမျိုးသားလွှတ်တော် ကော်မတီ ၁ ခုနှင့် ကော်မရှင် ၁ ခု၊ ပြည်ထောင်စုဝန်ကြီးဌာန ၁၂ခု၊ ဝန်ကြီးဌာနမဟုတ်သည့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်း ၄ ခုတို့က တင်သွင်းခဲ့ခြင်းဖြစ် သည်။

အခြားကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဥပဒေပြုခြင်းကဏ္ဍတွင် အကျုံးဝင်သည့် ဥပဒေကြမ်းများမှ အများဆုံး ဖြစ်ကြောင်းတွေ့ရပြီး ၃၀ ခု (၄၀.၅ ရာခိုင်နှုန်း) တင်သွင်းခဲ့သည်။ ဒုတိယအများဆုံး ဥပဒေကြမ်း တင်သွင်းအတည်ပြုသည့် ကဏ္ဍမှာ လူမှုရေးကဏ္ဍဖြစ်ပြီး ဥပဒေကြမ်း ၂၄ ခု (၃၂.၄ ရာခိုင်နှုန်း) တင်သွင်းခဲ့သည်။

လွှတ်တော်ကိုယ်စားလှယ်များ တင်သွင်းသည့် ဥပဒေကြမ်းများသည် တရားစီရင်ရေးနှင့် အခြားကိစ္စရပ်များကဏ္ဍများတွင် အကျုံးဝင်သည့် ဥပဒေကြမ်းများ ဖြစ်ကြောင်းတွေ့ရသည်။ လွှတ်တော် ကော်မတီ၊ ကော်မရှင်များနှင့် အစိုးရဝန်ကြီးဌာနများသည် ကဏ္ဍ ၄ မျိုးစလုံးအတွက် ဥပဒေကြမ်းများ အသီးသီး တင်သွင်းခဲ့ဖူးသည်။ ဝန်ကြီးဌာနမဟုတ်သည့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများသည် တရားစီရင်ရေး၊ လူမှုရေးနှင့် အခြားကိစ္စရပ်များနှင့် ပတ်သက်သည့် ဥပဒေကြမ်းများ တင်သွင်းခဲ့ကြသည်။ ဥပဒေကြမ်းများအနက် ၄၀ ခု (၅၄.၁ ရာခိုင်နှုန်း)ကို ဝန်ကြီးဌာနများက တင်သွင်းခဲ့ခြင်းဖြစ်သည်။

ဥပဒေကြမ်း ၇၄ ခုအနက် ၁၇ ခုအပေါ် လွှတ်တော်နှစ်ရပ် သဘောထားကွဲလွဲသဖြင့် ပြည်ထောင်စုလွှတ်တော်တွင် တင်သွင်း ဆွေးနွေးခဲ့ရကြောင်း တွေ့ရသည်။

ဥပဒေကြမ်း ၇၄ ခုအနက် ၂၆ ခုကို သမ္မတက သဘောထား မှတ်ချက်ပြုခဲ့ကြောင်းတွေ့ရသည်။ ထို ၂၆ ခုတွင် ဝန်ကြီးဌာနများမှ တင်သွင်းသည့် ဥပဒေကြမ်း ၁၂ ခု ပါဝင်ပြီး ဝန်ကြီးဌာနမဟုတ်သည့် အခြားပြည်ထောင်စုအဆင့် အဖွဲ့အစည်းများမှ တင်သွင်းသည့် ဥပဒေကြမ်း ၁၅ ခုတွင် ဥပဒေကြမ်း ၂ ခုကိုသာ သဘောထားမှတ်ချက်ပေးခဲ့သည်။ လွှတ်တော်ကိုယ်စားလှယ်များနှင့် လွှတ်တော်ကော်မတီများ မှတင်သွင်းသည့် ဥပဒေကြမ်း ၁၈ ခုတွင် ၁၂ ခုကို သဘောထားမှတ်ချက်ပေးခဲ့သည်။

| စဉ် | အမည် | မဲဆန္ဒနယ်/ လွှတ်တော် | ဥပဒေကြမ်းအရေအတွက် |
|---|---|---|---|
| ၁ | ဦးမောင်တိုး | မင်းလှ/ ပြည်သူ့ | ၁ |
| ၂ | ဦးသိန်းညွန့် | သဃ်ာန်းကျွန်း/ ပြည်သူ့ | ၁ |
| ၃ | ဦးစောလှထွန်း | ချောင်းဦး/ ပြည်သူ့ | ၁ |
| ၄ | ဦးခင်မောင်ရွှေ | တမူး/ ပြည်သူ့ | ၁ |
| ၅ | ဦးမောင်တိုး | မင်းလှ/ ပြည်သူ့ | ၁ |
| ၆ | ဦးမြသိမ်း | ရန်ကုန် (၇)/အမျိုးသား | ၁ |

ဇယား ၃.၁။ ဥပဒေကြမ်းတင်သွင်းခဲ့သည့် လွှတ်တော်ကိုယ်စားလှယ်များနှင့် အတည်ပြုနိုင်ခဲ့သည့် ဥပဒေကြမ်းအရေအတွက်။

| စဉ် | ကော်မတီ | ဥပဒေကြမ်း အရေအတွက် |
|---|---|---|
| ၁ | ပြည်သူ့လွှတ်တော် တရားစီရင်ရေး၊ ဥပဒေရေးရာနှင့် တိုင်ကြားစာများ၊ အသနားခံစာများ စိစစ်ဆောင်ရွက်ရေးကော်မတီ | ၃ |
| ၂ | အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ | ၃ |
| ၃ | ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေး ကော်မတီ | ၂ |
| ၄ | ပြည်သူ့လွှတ်တော် စီမံကိန်းများနှင့် ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီ | ၁ |
| ၅ | ပြည်သူ့လွှတ်တော် ပြည်သူရေးရာ စီမံခန့်ခွဲမှုကော်မတီ | ၁ |
| ၆ | အမျိုးသားလွှတ်တော် ဘဏ္ဍာရေးနှင့် ဥပဒေရေးရာကော်မရှင် | ၁ |

ဇယား ၃.၂ ။ ဥပဒေကြမ်းတင်သွင်းခဲ့သည့် လွှတ်တော်ကော်မတီများနှင့် အတည်ပြုနိုင်ခဲ့သည့် ဥပဒေကြမ်း အရေအတွက်။


| စဉ် | ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်း | ဥပဒေကြမ်း အရေအတွက် |
|---|---|---|
| ၁ | အလုပ်သမားရေးရာ၊ အလုပ်အကိုင်နှင့် လူမှုဝန်ထမ်းဝန်ကြီးဌာန | ၉ |
| ၂ | ပြည်ထောင်စုတရားလွှတ်တော်ချုပ် | ၈ |
| ၃ | ကျန်းမာရေးဝန်ကြီးဌာန | ၇ |

| စဉ် | ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်း | ဥပဒေကြမ်း အရေအတွက် |
|---|---|---|
| ၄ | ပြည်ထဲရေးဝန်ကြီးဌာန | ၆ |
| ၅ | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် | ၆ |
| ၆ | ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန | ၃ |
| ၇ | စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | ၂ |
| ၈ | ဆောက်လုပ်ရေးဝန်ကြီးဌာန | ၂ |
| ၉ | ပညာရေးဝန်ကြီးဌာန | ၂ |
| ၁၀ | သမ္မတရုံးဝန်ကြီးဌာန | ၂ |
| ၁၁ | လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | ၂ |
| ၁၂ | ကာကွယ်ရေးဝန်ကြီးဌာန | ၂ |
| ၁၃ | လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန | ၁ |
| ၁၄ | ပို့ဆောင်ရေးဝန်ကြီးဌာန | ၁ |

ဇယား ၃.၃ ။ ဥပဒေကြမ်းတင်သွင်းခဲ့သည့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများနှင့် အတည်ပြုနိုင်ခဲ့သည့် ဥပဒေကြမ်းအရေအတွက်။

| စဉ် | အကြောင်းအရာ/ကဏ္ဍ | အရေအတွက် | ရာခိုင်နှုန်း |
|---|---|---|---|
| ၁ | အခြားကိစ္စရပ်များ | ၃၀ | ၄၀.၅ |
| ၂ | လူမှုရေး | ၂၄ | ၃၂.၄ |
| ၃ | တရားစီရင်ရေး | ၁၁ | ၁၄.၉ |
| ၄ | စီမံခန့်ခွဲရေး | ၉ | ၁၂.၂ |


ဇယား ၃.၄။ အကြောင်းအရာကဏ္ဍအလိုက် ဥပဒေကြမ်းတင်သွင်းအတည်ပြုနိုင်မှု။




ပုံ (၃.၁) ဥပဒေကြမ်းတင်သွင်းမှုများ၏ အကြောင်းအရာကဏ္ဍနှင့် တင်သွင်းခဲ့သည့် လုပ်ပိုင်ခွင့် အဖွဲ့အစည်းများ။

| တင်သွင်းသူ | အခြားကိစ္စရပ်များ | လူမှုရေး | တရားစီရင်ရေး | စီမံခန့်ခွဲရေး | စုစုပေါင်း |
|---|---|---|---|---|---|
| လွှတ်တော်ကိုယ်စားလှယ် | ၅ | ၀ | ၁ | ၀ | ၆ |
| ဝန်ကြီးဌာန/ အဖွဲ့အစည်း | ၁၇ | ၂၃ | ၉ | ၇ | ၅၆ |
| ကော်မတီ | ၈ | ၁ | ၁ | ၂ | ၁၂ |


ဇယား ၃.၅။ ဥပဒေကြမ်းတင်သွင်းခဲ့သည့် လွှတ်တော်ကိုယ်စားလှယ်၊ ဝန်ကြီးဌာန/အဖွဲ့အစည်း၊ ကော်မတီ အလိုက်တင်သွင်းခဲ့သည့် ဥပဒေကြမ်းများ ပြည်ထောင်စုလွှတ်တော်တွင် တင်သွင်းဆွေးနွေးရမှု။




ပုံ (၃.၂) ဥပဒေကြမ်းတင်သွင်းခဲ့သည့် လူပုဂ္ဂိုလ် အဖွဲ့အစည်းများနှင့် ပြည်ထောင်စုလွှတ်တော်တွင် တင်သွင်းဆွေးနွေးရမှု။

| တင်သွင်းသူ | သမ္မတမှတ်ချက်မပြု | သမ္မတမှတ်ချက်ပြု | စုစုပေါင်း |
|---|---|---|---|
| လွှတ်တော်ကိုယ်စားလှယ် | ၃ | ၃ | ၆ |
| ဝန်ကြီးဌာန/ အဖွဲ့အစည်း | ၄၂ | ၁၄ | ၅၆ |
| ကော်မတီ | ၃ | ၉ | ၁၂ |
| | ၄၈ | ၂၆ | ၇၄ |

ဇယား ၃.၆။ ဥပဒေကြမ်းတင်သွင်းခဲ့သည့် လွှတ်တော်ကိုယ်စားလှယ်၊ ဝန်ကြီးဌာန/အဖွဲ့အစည်း၊ ကော်မတီ အလိုက်တင်သွင်းခဲ့သည့် ဥပဒေကြမ်းများအပေါ် သမ္မတ မှတ်ချက်ပြုမှု။




ပုံ (၃.၃) ဥပဒေကြမ်းတင်သွင်းခဲ့သည့် လူပုဂ္ဂိုလ် အဖွဲ့အစည်းများနှင့် သမ္မတ၏ သဘောထားမှတ်ချက်ပေးမှု။

## ၃.၂။ ဥပဒေကြမ်း ဆွေးနွေးခြင်း

ဤကဏ္ဍ ၄ မျိုးအတွင်း အတည်ပြုပြဋ္ဌာန်းခဲ့သည့် ဥပဒေ ၇၄ ခုရှိခဲ့သည့်အနက် ဥပဒေကြမ်းအဆင့်တွင် လွှတ်တော်ကိုယ်စားလှယ်များ၊ ကော်မတီများနှင့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများက ဝင်ရောက်ဆွေးနွေးမှုရှိခဲ့သည့် ဥပဒေကြမ်း ၄၂ ခုရှိခဲ့သည်ကို တွေ့ရပါသည်။ ဥပဒေကြမ်း ၃၂ ခုကိုမူ ဆွေးနွေးမှုမရှိပဲ အတည်ပြုခဲ့ခြင်းဖြစ်ကြောင်း တွေ့ရပါသည်။

ဥပဒေကြမ်းများကို လွှတ်တော်များတွင် စုစုပေါင်း ၂၃၇ ရက်ဆွေးနွေးခဲ့ရပြီး ဥပဒေကြမ်းတစ်ခုကို အတည်ပြုရန် ပျမ်းမျှအားဖြင့် ၃ ရက်ကျော် အချိန်ယူရကြောင်း တွေ့ရသည်။ ဥပဒေကြမ်းတစ်ခုကို အတည်ပြုရန် ဆွေးနွေးရက် အများဆုံး ၁၂ ရက်အထိ ယူရဖူးကြောင်း တွေ့ရသည်။

ကဏ္ဍ ၄ မျိုးအတွင်းမှ ဥပဒေကြမ်းများအပေါ် စုစုပေါင်း ဝင်ရောက်ဆွေးနွေးသည့် အကြိမ် ၃၇၀ ကြိမ် ရှိရာ ဥပဒေကြမ်း တစ်ခုလျှင် ပျမ်းမျှဆွေးနွေးမှု ၅ ကြိမ်ရှိကြောင်း တွေ့ရပါသည်။ ဆွေးနွေးမှုအရ ပျမ်းမျှအထက်တွင် ရှိခဲ့သည့် ဥပဒေကြမ်း ၂၆ ခုရှိပြီး ကျန်ဥပဒေကြမ်းများအပေါ် ဆွေးနွေးမှုမှာ ပျမ်းမျှအောက်တွင်ရှိနေကြောင်း တွေ့ရပါသည်။ ဆွေးနွေးခဲ့သည့် ဥပဒေကြမ်းများအနက် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်ချုပ်ရေး ဥပဒေကြမ်းကို ဆွေးနွေးမှု အများဆုံး ဖြစ်ခဲ့ကြောင်း တွေ့ရပြီး ဆွေးနွေးသည့် အကြိမ်ရေ ၈၅ ကြိမ်အထိ ရှိခဲ့သည်။

| ဥပဒေများ | ဆွေးနွေးသည့်အကြိမ်ရေ | ရာခိုင်နှုန်း |
|---|---|---|
| **ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေ** | ၈၅ | ၂၃ |
| **အမျိုးသားပညာရေးဥပဒေ** | ၃၁ | ၈.၄ |
| ၂၀၁၂ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေ | ၂၆ | ၇.၀ |
| အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ | ၁၄ | ၃.၈ |
| နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥပဒေကိုပြင် ဆင်သည့်ဥပဒေ | ၁၃ | ၃.၅ |
| မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥပဒေ | ၁၃ | ၃.၅ |
| နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေ | ၁၂ | ၃.၂ |
| ထိခိုက်ဒဏ်ရာရရှိသောအရေးပေါ်လူနာကို ကူညီစောင့်ရှောက်ခြင်းနှင့် ကုသခြင်းဆိုင်ရာဥပဒေ | ၁၁ | ၃.၀ |
| ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့်ဖွံ့ဖြိုးရေးဆိုင်ရာဥပဒေ | ၁၀ | ၂.၇ |
| ၂၀၁၃ခုနှစ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာဥပဒေ | ၉ | ၂.၄ |
| အလုပ်အကိုင်နှင့်ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးဥပဒေ | ၉ | ၂.၄ |
| အသင်းအဖွဲ့များမှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေ | ၈ | ၂.၂ |
| ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဥပဒေကိုပြင်ဆင်သည့်ဥပဒေ | ၈ | ၂.၂ |
| ရပ်ကွက်သို့မဟုတ်ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေ | ၇ | ၁.၉ |
| လူမှုဖူလုံရေးဥပဒေ(၂၀၁၂) | ၇ | ၁.၉ |
| ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေစရိတ်နှင့် အဆောင်အယောင်များဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေ | ၇ | ၁.၉ |
| ၂၀၁၄ခုနှစ်၊ စာချုပ်တော်အမိန့်လျှောက်ထားမှုဆိုင်ရာဥပဒေ | ၆ | ၁.၆ |
| နိုင်ငံ့ဝန်ထမ်းဥပဒေ | ၆ | ၁.၆ |
| နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့်ဥပဒေ | ၆ | ၁.၆ |
| မသန်မစွမ်းဖြစ်သွားသော တပ်မတော်သားများနှင့် သေဆုံးသော သို့မဟုတ် ကျဆုံးသောတပ်မတော်သားများ၏ မိသားစုများအား ထောက်ပံ့စောင့်ရှောက်ရေးဥပဒေ | ၅ | ၁.၄ |
| ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေကိုပြင်ဆင်သည့်ဥပဒေ | ၅ | ၁.၄ |
| ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဖွံ့ဖြိုးရေးရန်ပုံငွေဥပဒေ | ၅ | ၁.၄ |
| အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးဥပဒေကိုပြင်ဆင်သည့်ဥပဒေ | ၅ | ၁.၄ |


| ဥပဒေများ | ဆွေးနွေးသည့် အကြိမ်ရေ | ရာခိုင်နှုန်း |
|---|---|---|
| ငြိမ်းချမ်းစွာစုဝေးခွင့်နှင့်ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခွင့်ဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့်ဥပဒေ | ၅ | ၁.၄ |
| လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်းစာရင်းဥပဒေ | ၅ | ၁.၄ |
| အမျိုးသားလွှတ်တော်ဆိုင်ရာဥပဒေ | ၅ | ၁.၄ |
| ၂၀၁၃ခုနှစ်၊ အနည်းဆုံးအခကြေးငွေဥပဒေ | ၄ | ၁.၁ |
| ပြည်ထောင်စုတရားစီရင်ရေးဥပဒေကိုပြင်ဆင်သည့်ဥပဒေ | ၄ | ၁.၁ |
| တိုင်းရင်းဆေးကောင်စီဥပဒေကိုပြင်ဆင်သည့်ဥပဒေ | ၄ | ၁.၁ |
| သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဥပဒေ | ၄ | ၁.၁ |
| ကာလစည်းကမ်းသတ်အက်ဥပဒေကိုပြင်ဆင်သည့်ဥပဒေ | ၄ | ၁.၁ |
| တရားရုံးများမထီမဲ့မြင်ပြုမှုဥပဒေ | ၄ | ၁.၁ |
| တရားမကျင့်ထုံးဥပဒေကိုပြင်ဆင်သည့်ဥပဒေ | ၃ | ၀.၈ |
| အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကိုပြင်ဆင်သည့်ဥပဒေ | ၃ | ၀.၈ |
| တိုင်းရင်းဆေးဝါးဥပဒေကိုပြင်ဆင်သည့်ဥပဒေ | ၃ | ၀.၈ |
| မြန်မာနိုင်ငံဗိသုကာကောင်စီဥပဒေ | ၂ | ၀.၈ |
| ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေကိုဒုတိယအကြိမ်ပြင်ဆင်သည့်ဥပဒေ | ၂ | ၀.၅ |
| အဆိပ်များအက်ဥပဒေကိုပြင်ဆင်သည့်ဥပဒေ | ၂ | ၀.၅ |
| တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေစရိတ်နှင့် အဆောင်အယောင်များဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေ | ၂ | ၀.၅ |
| နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် ကောင်စီဝင်များ၏ချီး မြှင့်ငွေစရိတ်နှင့် အဆောင်အယောင်များဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေ | ၂ | ၀.၅ |
| ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်ကော်မတီဝင်များ၏ ချီးမြှင့်ငွေစရိတ်နှင့် အဆောင်အယောင်များဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေ | ၂ | ၀.၅ |
| မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်ဥပဒေကိုပြင်ဆင် သည့်ဥပဒေ | ၁ | ၀.၃ |
| စုစုပေါင်း | ၃၇၀ | ၁၀၀ |

ဇယား ၃.၇။ ဥပဒေကြမ်းများအလိုက် ဆွေးနွေးသည့် အကြိမ်ရေ။

ပြည်သူ့လွှတ်တော်သည် ဥပဒေကြမ်းများကို ဆွေးနွေးသည့် အကြိမ်အရေအတွက် အများဆုံးဖြစ်ပြီး အကြိမ်ရေ ၂၀၈ ကြိမ် (၅၆.၂ ရာခိုင်နှုန်း) ဆွေးနွေးခဲ့သည်။ အမျိုးသားလွှတ်တော်တွင် ၈၁ ကြိမ် (၂၁.၉ ရာခိုင်နှုန်း) ဆွေးနွေးခဲ့သည်။ ပြည်ထောင်စု လွှတ်တော်တွင် ၈၁ ကြိမ် (၂၁.၉ ရာခိုင်နှုန်း) ဆွေးနွေးခဲ့သည်။

| လွှတ်တော် | ဆွေးနွေးသည့် အကြိမ်ရေ | ရာခိုင်နှုန်း |
|---|---|---|
| ပြည်သူ့လွှတ်တော် | ၂၀၈ | ၅၆.၂ |
| အမျိုးသားလွှတ်တော် | ၈၁ | ၂၁.၉ |
| ပြည်ထောင်စုလွှတ်တော် | ၈၁ | ၂၁.၆ |
| စုစုပေါင်း | ၃၇၀ | ၁၀၀ |

ဇယား ၃.၈။ ဥပဒေကြမ်းများကို လွှတ်တော်အလိုက် ဆွေးနွေးသည့် အကြိမ်ရေ။





ပုံ (၃.၄) လွှတ်တော်အလိုက် ဥပဒေကြမ်းဆွေးနွေးသည့် အကြိမ်ရေ။

ဆွေးနွေးမှု ၃၇၀ ကြိမ်တွင် လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးမှု ၂၈၃ ကြိမ် (၇၆.၅ ရာခိုင်နှုန်း) ပါဝင်ပြီး၊ ကော်မတီများမှ အကြိမ် ၃၈ကြိမ် ဝင်ရောက်ဆွေးနွေးကာ၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများမှ လာရောက်ရှင်းလင်းဆွေးနွေးမှု ၃၉ ကြိမ်ရှိခဲ့သည်။ လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုဥက္ကဋ္ဌများ ဝင်ရောက်ဆွေးနွေးသည့် အကြိမ်ရေ ၈ ကြိမ်ရှိခဲ့ပြီး ပြည် သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌတို့က ၄ ကြိမ်စီ ဆွေးနွေးခဲ့သည်။ ပြည်သူ့လွှတ်တော် ဒုဥက္ကဋ္ဌက နှစ်ကြိမ် ဆွေးနွေးခဲ့သည်။

| | ဆွေးနွေးသည့် အကြိမ်ရေ | ရာခိုင်နှုန်း |
|---|---|---|
| လွှတ်တော်ကိုယ်စားလှယ် | ၂၈၃ | ၇၆.၅ |
| ပြည်ထောင်စုအဆင့် အဖွဲ့အစည်း | ၃၉ | ၁၀.၅ |
| ကော်မတီ | ၃၈ | ၁၀.၃ |
| ဥက္ကဋ္ဌ/ဒုဥက္ကဋ္ဌ | ၁၀ | ၂.၇ |
| စုစုပေါင်း | ၃၇၀ | ၁၀၀ |

ဇယား ၃.၉။ ဥပဒေကြမ်းများကို ဝင်ရောက်ဆွေးနွေးသည့် လွှတ်တော်ကိုယ်စားလှယ်၊ ကော်မတီ၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ၏ ဆွေးနွေးသည့် အကြိမ်ရေ။




ပုံ (၃.၅) ဥပဒေကြမ်းဆွေးနွေးသည့် လူပုဂ္ဂိုလ် အဖွဲ့အစည်းများ။

ပါတီအလိုက် ဥပဒေကြမ်းများကို ဆွေးနွေးမှုတွင် ဤကာလ ၄ မျိုးပါ အတည်ပြုပြီးသည့် ဥပဒေကြမ်းများကို ပါတီ ၁၅ ခုမှ ဝင်ရောက်ဆွေးနွေးခဲ့သည်။ USDP သည် အများဆုံး ဆွေးနွေးခဲ့ကြောင်းတွေ့ရပြီး ၁၁၂ ကြိမ် (၃၀.၃ ရာခိုင်နှုန်း) ဆွေးနွေးခဲ့ကြောင်း တွေ့ရသည်။

| ပါတီ | ဆွေးနွေးသည့် အကြိမ်ရေ | ရာခိုင်နှုန်း |
|---|---|---|
| USDP | ၁၁၂ | ၃၀.၃ |
| RNDP | ၂၆ | ၇.၀ |
| တပ်မတော်သား | ၂၂ | ၅.၉ |
| NDF | ၂၁ | ၅.၇ |
| SNDP | ၂၁ | ၅.၇ |
| NLD | ၁၈ | ၄.၉ |
| NNDP | ၁၄ | ၃.၈ |
| CPP | ၁၃ | ၃.၅ |
| AMRDP | ၁၀ | ၂.၇ |
| တစ်သီးပုဂ္ဂလ | ၈ | ၂.၂ |
| NUP | ၅ | ၁.၄ |
| CNP | ၂ | ၀.၅ |
| UDP | ၂ | ၀.၅ |
| PDP | ၁ | ၀.၃ |
| INDP | ၁ | ၀.၃ |
| MDP | ၁ | ၀.၃ |
| PNOP | ၁ | ၀.၃ |
| ဥက္ကဋ္ဌ၊ ကော်မတီ၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများနှင့် အခြား | ၉၂ | ၂၄.၉ |
| စုစုပေါင်း | ၃၇၀ | ၁၀၀ |

ဇယား ၃.၁၀။ ဥပဒေကြမ်းများကို ဝင်ရောက်ဆွေးနွေးသည့် ပါတီအလိုက် ဆွေးနွေးသည့် အကြိမ်ရေ။

လွှတ်တော်ကိုယ်စားလှယ် တစ်ဦးချင်းအလိုက် ဥပဒေကြမ်း ဆွေးနွေးမှုတွင် ဤကဏ္ဍ ၄ မျိုးပါ ဥပဒေကြမ်းများကို အမျိုးသားလွှတ်တော်နှင့် ပြည်သူ့လွှတ်တော်နှစ်ရပ်ပေါင်း အရပ်သားလွှတ်တော်ကိုယ်စားလှယ် ၁၁၁ ဦး ဝင်ရောက်ဆွေးနွေးခဲ့ပြီး တပ်မတော်သားကိုယ်စားလှယ် ၂၀ ဦး ဝင်ရောက်ဆွေးနွေးခဲ့သည်။ အများဆုံးဆွေးနွေးသည့် လွှတ်တော်ကိုယ်စားလှယ်များမှာ သဃ်န်းကျွန်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းညွန့်ဖြစ်ပြီး ၁၂ ကြိမ် ဆွေးနွေးခဲ့သည်။ ဒုတိယအများဆုံး ဆွေးနွေးခဲ့သည့် လွှတ်တော်ကိုယ်စားလှယ်မှာ မွန်ပြည်နယ် အမျိုးသားလွှတ်တော် မဲဆန္ဒနယ်အမှတ် (၇) မှ ဒေါက်တာ ဗညားအောင်မိုး ဖြစ်ပြီး ၁၀ ကြိမ် ဆွေးနွေးထားသည်။

## အခန်း (၄)
# ကဏ္ဍ(၄)မျိုးရှိ ဥပဒေကြမ်းတစ်ခုခြင်းအလိုက် အခြေခံအချက်အလက်များနှင့် သုံးသပ်လေ့လာချက်

ဥပဒေကြမ်းများကို လေ့လာရာတွင် ဥပဒေကြမ်း တစ်ခုချင်းစီအလိုက် နောက်ခံအချက်အလက်များနှင့် လွှတ်တော်တွင်း ဖြတ်သန်းပုံအဆင့်ဆင့်ကို လေ့လာရန် လိုအပ်ပါသည်။

ဥပဒေကြမ်းတစ်ခု၏ နောက်ခံအချက်အလက်များကို ပြုစုရာတွင် ဥပဒေကြမ်းများကို တင်သွင်းသည့် လူပုဂ္ဂိုလ် အဖွဲ့အစည်းများ၊ တင်သွင်းသည့် နေ့ရက်၊ အတည်ပြုသည့် နေ့ရက်များကို ဖော်ပြထားပါသည်။ ဥပဒေကြမ်း ပြုစုသည့် လူပုဂ္ဂိုလ်များ အဖွဲ့အစည်းများ၊ လွှတ်တော်သို့ စတင်ရောက်ရှိသည့်အချိန်ကာလနှင့် အတည်ပြုသည့် ကာလကို ယေဘုယျသိရှိနိုင်ရန် ဖော်ပြထားခြင်းဖြစ်ပါသည်။ သို့သော် သတိပြုရမည့်အချက်မှာ ဥပဒေကြမ်းတင်သွင်းသည့် နေ့ရက်ဟူသည်မှာ လွှတ်တော်တွင် စတင်ဖတ်ကြားတင်သွင်းသည့် နေ့ဖြစ်ပြီး ထိုနေ့မတိုင်မီ အနည်းဆုံး ရက် ၃၀ ကျော်ခန့် သို့မဟုတ် ထို့ထက်ပိုသော ကာလများကတည်းက လွှတ်တော်တွင် ရောက်ရှိနေပြီး ဖြစ်နိုင်သည်။

ဥပဒေကြမ်းများ၏ လွှတ်တော်တွင်း ဖြတ်သန်းပုံအဆင့်ဆင့်ကို လေ့လာရာတွင်လည်း လွှတ်တော်ပုံမှန်အစည်းအဝေးအတွင်း ဥပဒေကြမ်းတင်သွင်းမှု၊ အစီရင်ခံစာတင်သွင်းမှု၊ ဆွေးနွေးမှုအဆင့်ဆင့်ကို လေ့လာ ဖော်ပြခဲ့ပါသည်။ သို့ရာတွင် ကော်မတီများ၏ အစီရင်ခံစာများကို စုံလင်စွာ မရရှိနိုင်ခဲ့ခြင်းကြောင့် ဥပဒေကြမ်းကော်မတီတွင် ကော်မတီဝင်မဟုတ်သည့် လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေးမှုကို ထည့်သွင်းဖော်ပြနိုင်ခြင်း မရှိပါ။ ကော်မတီ၏ ကြားနာမှုဆိုင်ရာ အချက်အလက်များကို ပိုမိုရရှိနိုင်ပါမှ ဖြတ်သန်းမှုအဆင့်ဆင့်သည် ပိုမိုပြည့်စုံမည်ဖြစ်ပါသည်။

ဥပဒေတစ်ခုချင်းစီ၏ မိတ်ဆက် အကျဉ်းချုပ်ဖော်ပြချက်များသည် ဥပဒေများကို ယေဘုယျနားလည်သဘောပေါက်နိုင်စေရန် မိတ်ဆက်ဖော်ပြထားခြင်းဖြစ်ပါသည်။ သက်ဆိုင်ရာဥပဒေများကို ကိုင်တွယ် အသုံးချမည့်သူများအတွက် မရည်ရွယ်ပါ။ ထို့ကြောင့် ဥပဒေများကို ကိုင်တွယ်အသုံးပြုရန် လိုအပ်ပါက မူရင်းဥပဒေများကိုသာ ကိုးကားကြရမည်ဖြစ်သည်။

# လူမှုရေးကဏ္ဍ

## ၄.၁.၀။ အလုပ်သမားအဖွဲ့အစည်းများဥပဒေ

- ၂၆.၈.၂၀၁၁ — ဥပဒေကြမ်းစတင်တင်သွင်း အမျိုးသားလွှတ်တော်
- ၂၉.၈.၂၀၁၁ — ဥပဒေကြမ်းကော်မတီအစီရင်ခံစာတင်သွင်း အမျိုးသားလွှတ်တော်
- ၂၉.၈.၂၀၁၁ — ကိုယ်စားလှယ်များ၏ဆွေးနွေးမှု အမျိုးသားလွှတ်တော်
- ၂၉.၈.၂၀၁၁ — ပြင်ဆင်ချက်ဖြင့်အတည်ပြု အမျိုးသားလွှတ်တော်
- ၁၆.၉.၂၀၁၁ — ဥပဒေကြမ်းကော်မတီအစီရင်ခံစာတင်သွင်း ပြည်သူ့လွှတ်တော်
- ၁၆.၉.၂၀၁၁ — အတည်ပြု ပြည်သူ့လွှတ်တော်
- ၂၈.၁၀.၂၀၁၁ — ဥပဒေအဖြစ် အတည်ပြု ပြည်ထောင်စုလွှတ်တော်

## ၄.၁.၀။ အလုပ်သမားအဖွဲ့အစည်းများဥပဒေ

| နောက်ခံအကြောင်းအရာ | |
|---|---|
| တင်သွင်းသူ | ဦးအောင်ကြည်၊ပြည်ထောင်စုဝန်ကြီး |
| မဲဆန္ဒနယ်/အဖွဲ့အစည်း | အလုပ်သမားဝန်ကြီးဌာန |
| စတင်တင်သွင်းသည့်လွှတ်တော် | အမျိုးသားလွှတ်တော် |
| တင်သွင်းသည့်ရက်စွဲ | ၂၀၁၁ခုနှစ်၊ဩဂုတ်လ (၂၆)ရက် |
| ဥပဒေအဖြစ် ပြဋ္ဌာန်းသည့်ရက်စွဲ | ၂၀၁၁ခုနှစ်၊အောက်တိုဘာလ (၁၁) ရက် |
| အမျိုးအစား | အသစ်ရေးဆွဲပြဋ္ဌာန်းသည့်ဥပဒေ |
| ကဏ္ဍ | လူမှုရေး |

### မိတ်ဆက်

### (၂၀၁၁ခုနှစ်၊ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၇ )

၂၀၁၁ခုနှစ်၊အောက်တိုဘာလ (၁၁) ရက်နေ့တွင် သမ္မတမှ လက်မှတ်ရေးထိုးပြဋ္ဌာန်းခဲ့သည်။ ဤဥပဒေကြမ်းတွင် အခန်းပေါင်း (၁၄) ခန်းနှင့်ပုဒ်မပေါင်း (၅၈)ခုပါရှိသည်။

### ကိုင်တွယ်သည့်အဖွဲ့အစည်း

အလုပ်သမားနှင့် အလုပ်ရှင်များ၏ အကျိုးကို ဆောင်ရွက်နိုင်ရန် အလုပ်သမားအဖွဲ့အစည်းအဆင့်ဆင့်ကို ဖွဲ့စည်းနိုင်သည်။ အခြေခံအလုပ်သမားအဖွဲ့အစည်းကို လုပ်ငန်းသို့မဟုတ် လုပ်ဆောင်မှုအမျိုးအစားအလိုက်သက်ဆိုင်ရာလုပ်ငန်းတွင်အလုပ်လုပ်ကိုင်နေသည့်အလုပ်သမားအနည်းဆုံး ဦးရေ (၃၀) ဖြင့်ဖွဲ့စည်းနိုင်သည်။ အလုပ်သမားဦးရေ (၃၀) အောက်ရှိသောလုပ်ငန်း သို့မဟုတ် လုပ်ဆောင်မှုဖြစ်ပါက လုပ်ငန်းသဘောသဘာဝ တူညီသော အခြားလုပ်ငန်း သို့မဟုတ် လုပ်ဆောင်မှုတစ်ခုခုနှင့် ပူးပေါင်းဖွဲ့စည်းနိုင်သည်။ သက်ဆိုင်ရာလုပ်ငန်း သို့မဟုတ် လုပ်ဆောင်မှုရှိ စုစုပေါင်းအလုပ်သမားများ၏ အနည်းဆုံး ဆယ်ရာခိုင်နှုန်းမှ ထောက်ခံရမည်။ အခြေခံအလုပ်သမား အဖွဲ့အစည်းများ၏ အလုပ်အမှုဆောင်အဖွဲ့ကို အဖွဲ့ဝင်အနည်း ဆုံး (၅) ဦးနှင့်အထက် "မ" ဂဏန်းအရေအတွက်ဖြင့် ရွေးချယ်ရမည်။ မြို့နယ်အလုပ်သမားအဖွဲ့အစည်း၊ တိုင်း ဒေသကြီး သို့မဟုတ် ပြည်နယ်အလုပ်သမားအဖွဲ့အစည်းနှင့် အလုပ်သမားအဖွဲ့ချုပ်တို့ကို အလုပ်အမှုဆောင်အဖွဲ့ဝင် အနည်းဆုံး (၇) ဦးမှ အများဆုံး (၁၅) ဦးအထိရှိသော "မ" ဂဏန်းအရေအတွက်ဖြင့် ဖွဲ့စည်းရမည်။ မြန်မာနိုင်ငံလုံး ဆိုင်ရာ အလုပ်သမားရေးရာ အဖွဲ့ကို အလုပ်အမှုဆောင်အဖွဲ့ ဝင် (၁၅)ဦးမှအများဆုံး(၃၅) ဦးအထိရှိသော "မ" ဂဏန်း အရေအတွက်ဖြင့် ဖွဲ့စည်းရမည်။

မြန်မာနိုင်ငံလုံးဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့နှင့် အလုပ်သမားအဖွဲ့ချုပ်တို့မှအပ အလုပ်သမားအဖွဲ့အစည်း တစ်ခုခု၏ အလုပ်အမှုဆောင်အဖွဲ့သည် သက်ဆိုင်ရာ မြို့နယ်မှတ်ပုံတင်အရာရှိထံ မိမိအဖွဲ့အစည်း၏ ဖွဲ့စည်းပုံစည်းမျဉ်းများကို ပူးတွဲလျက်သတ်မှတ်ချက်များနှင့်အညီ တင်ပြပြီး လုပ်ငန်း သို့မဟုတ် လုပ်ဆောင်မှုအမျိုးအစား အလိုက်အလုပ်သမားအဖွဲ့အစည်းအဖြစ် မှတ်ပုံတင်ရမည်။ မှတ်ပုံတင်ရာတွင် သက်ဆိုင်ရာအလုပ်သမားအဖွဲ့အစည်း၏ အလုပ်အမှုဆောင်အဖွဲ့ဝင်များက ဖွဲ့စည်းပုံစည်းမျဉ်းကို သဘောတူကြောင်း လက်မှတ်ရေးထိုးထားသည့် ပုံစံပူးတွဲပါရှိရမည်။ အလုပ်သမားအဖွဲ့အစည်းများသည် မိမိတို့ အဖွဲ့အစည်း၏ ဖွဲ့စည်းပုံစည်းမျဉ်းပါအတိုင်းအလုပ်သမားအဖွဲ့အစည်းဝင်ကြေး၊ အဖွဲ့အစည်းဝင်အလုပ်သမားရရှိသည့် လုပ်ခလစာ၏ နှစ်ရာခိုင်နှုန်းထက်မများသော လစဉ်ထည့်ဝင်ကြေး၊ အလုပ်သမားအဖွဲ့အစည်းများက တာဝန်ယူလုပ်ကိုင်သော ယဉ်ကျေးမှုနှင့် အားကစားလုပ်ငန်းများမှဝင်ငွေ၊ သက်ဆိုင်ရာအလုပ်ရှင်က လှူဒါန်းသောငွေတို့ဖြင့် ရန်ပုံငွေထူထောင်ခွင့်ရှိသည်။ ပြည်ထောင်စုအစိုးရအဖွဲ့က ပေးအပ်သော ကူညီထောက်ပံ့မှုများတွင် ငွေကြေးပါဝင်ပါက ရန်ပုံငွေထဲသို့ထည့်သွင်းရမည်။ တရားမဝင်သော နည်းလမ်းဖြင့် ရရှိသောငွေကြေးနှင့် ပစ္စည်းများထိန်းချုပ်ရေးဥပဒေပါ ပြဋ္ဌာန်းချက်များအား လိုက်နာရမည်။ သက်ဆိုင်ရာအလုပ်

အမှုဆောင်အဖွဲ့သည် မိမိအဖွဲ့အစည်း၏ ရန်ပုံငွေကို မြန်မာနိုင်ငံအတွင်းရှိ ဘဏ်တစ်ခုခုတွင် ဘဏ်စာရင်းဖွင့်လှစ်ထားရှိရမည်။ အလုပ်သမားအဖွဲ့အစည်းများ၏ ရန်ပုံငွေကို ဖွဲ့စည်းပုံစည်းမျဉ်းများတွင် ဖော်ပြထားသော လူမှုသက်သာချောင်ချိရေး၊ ပညာရေး၊ ကျန်းမာရေး၊ ယဉ်ကျေးမှု၊ အားကစား၊ ကျွမ်းကျင်မှုဆိုင်ရာ သင်တန်းစသည့် ကိစ္စရပ်များတွင် အဖွဲ့ဝင်အများစုမှ အတည်ပြုချမှတ်ထားသည့် အတိုင်းသုံးစွဲရမည်။ အလုပ်အမှုဆောင်အဖွဲ့သည် ရန်ပုံငွေများ၊ အခြားရန်ပုံငွေများနှင့် အသုံးစာရင်းများအတွက် လချုပ်ငွေစာရင်းနှင့် နှစ်ချုပ်ငွေစာရင်းများ ပြုစုထားရှိရမည့်အပြင် နှစ်စဉ် ဘဏ္ဍာရေးနှစ် ကုန်ဆုံးသည့်အခါတိုင်း နှစ်ချုပ်ငွေစာရင်းကို သက်ဆိုင်ရာမြို့နယ်မှတ်ပုံတင်အရာရှိထံသို့လည်းကောင်း၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့နှင့် အလုပ်သမားအဖွဲ့ချုပ်တို့၏ နှစ်ချုပ်ငွေစာရင်းကို မှတ်ပုံတင်အရာရှိချုပ်ထံသို့ မပျက်မကွက်ပေးပို့ရမည်။

အလုပ်သမားအဖွဲ့အစည်းအဖြစ် မှတ်ပုံတင်ထားခြင်းကို ပယ်ဖျက်ပေးရန် သက်ဆိုင်ရာအလုပ်အမှုဆောင်အဖွဲ့က လျှောက်ထားခြင်းနှင့် သတ်မှတ်ထားသည့် အနည်းဆုံးအလုပ်သမားဦးရေ သို့မဟုတ် အလုပ်သမားအဖွဲ့အစည်းဦးရေပြည့်မီမှု မရှိတော့ကြောင်း စိစစ်တွေ့ရှိရခြင်းစသည့် အကြောင်းတစ်ရပ်ရပ်ပေါ်ပေါက်ခဲ့လျှင် မှတ်ပုံတင်အရာရှိချုပ်သည် အလုပ်သမားအဖွဲ့အစည်းတစ်ခုအား မှတ်ပုံတင်ထားခြင်းမှ ပယ်ဖျက်နိုင်သည်။ အလုပ်သမားအဖွဲ့အစည်းအဖြစ်မှတ်ပုံတင်ပေးရန် ငြင်းပယ်ကြောင်း သို့မဟုတ် ပယ်ဖျက်ကြောင်း မှတ်ပုံတင်အရာရှိချုပ်က ချမှတ်သည့်အမိန့်ကို မကျေနပ်သူသည် တည်ဆဲဥပဒေနှင့်အညီ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ လျှောက်ထားနိုင်သည်။ မှတ်ပုံတင်အရာရှိချုပ်၏ ဆုံးဖြတ်ချက်သည် ဆုံးဖြတ်ချက် ချမှတ်သည့်နေ့မှ ရက်ပေါင်း (၉၀)ပြည့်မြောက်သည့်အချိန်ထိ လည်းကောင်း၊ မကျေနပ်သူအား ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ လျှောက်ထားလျှင် တရားလွှတ်တော်ချုပ်၏ အပြီးသတ်ဆုံးဖြတ်ချက်ချမှတ်သည့်အချိန်ထိ လည်းကောင်း၊ အကျိုးသက်ရောက်ခြင်းမရှိချေ။ ပြည်ထောင်စုအစိုးရသည် အလုပ်သမားအဖွဲ့အစည်းများအား သင့်လျော်သလို အကူအညီပေးနိုင်သည်။ အလုပ်သမားအဖွဲ့အစည်း၏ ဥပဒေနှင့်အညီ လွတ်လပ်စွာဆောင်ရွက်ပိုင်ခွင့်ကို အလေးထားရမည်။ ဥပဒေပါပြဋ္ဌာန်းချက်များကို အကောင်အထည် ဖော်ဆောင်ရွက်ရာတွင် အလုပ်သမားဝန်ကြီးဌာနသည် လိုအပ်သောနည်းဥပဒေ၊ စည်းမျဉ်း သို့မဟုတ် စည်းကမ်း များကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့်လည်းကောင်း၊ လိုအပ်သောအမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။ The Trade Unions Act, 1926 ကိုဥပဒေဖြင့် ရုတ်သိမ်းလိုက်သည်။

## ဖြတ်သန်းမှုအဆင့်ဆင့်

ဤဥပဒေကြမ်းနှင့်ပတ်သက်၍ အမျိုးသားလွှတ်တော်တွင် စတင်တင်သွင်းစဉ်က တစ်ကြိမ်ဆွေးနွေးခဲ့ပြီး ဥပဒေကြမ်းကော်မတီ အစီရင်ခံစာတစ်စောင် တင်သွင်းခဲ့ကြောင်း တွေ့ရသည်။ ပြည်သူ့လွှတ်တော်တွင် တစ်ကြိမ် ဆွေးနွေးခဲ့ပြီး ဥပဒေကြမ်းကော်မတီ အစီရင်ခံစာတစ်စောင် တင်သွင်းခဲ့ကြောင်းတွေ့ရသည်။ လွှတ်တော်နှစ်ရပ် သဘောထားကွဲလွဲမှုမရှိသဖြင့် ပြည်ထောင်စုလွှတ်တော်၌ မှတ်တမ်းတင်အတည်ပြုခဲ့ကြောင်းတွေ့ရသည်။

ဤဥပဒေကြမ်းနှင့်ပတ်သက်၍ အမျိုးသားလွှတ်တော်နှင့်ပြည်သူ့လွှတ်တော်တို့တွင် စုစုပေါင်းဆွေးနွေးရက် (၂) ရက်သာရှိကြောင်းတွေ့ရသည်။


## ဆွေးနွေးမှု

ဤဥပဒေကြမ်းနှင့်ပတ်သက်၍လွှတ်တော်ကိုယ်စားလှယ် (၁)ဦး ဝင်ရောက်ဆွေးနွေးခဲ့ကြောင်း တွေ့ရသည်။ ဝင်ရောက်ဆွေးနွေးသည့် လွှတ်တော်ကိုယ်စားလှယ်မှာ NDF မှ(၁) ဦးတည်းသာ ဆွေးနွေးခဲ့ကြောင်းတွေ့ရသည်။

### ဝင်ရောက်ဆွေးနွေးခဲ့ကြသည့် လွှတ်တော်ကိုယ်စားလှယ်များ

| စဉ် | ကိုယ်စားလှယ်အမည် | မဲဆန္ဒနယ် | ပါတီ | ဆွေးနွေးသည့်လွှတ်တော် |
|---|---|---|---|---|
| ၁ | ဒေါက်တာတင်ရွှေ | ရန်ကုန် (၆) | NDF | အမျိုးသားလွှတ်တော် |

### ၄.၂.၀။ ၁၉၆၄ ခုနှစ်၊ ပြည်သူ့အလုပ်သမားများ၏ အခြေခံရပိုင်ခွင့်နှင့် တာဝန်များပြဌာန်းသည့်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေ



## ၄.၂.၀။ ၁၉၆၄ ခုနှစ်၊ ပြည်သူ့အလုပ်သမားများ၏ အခြေခံရပိုင်ခွင့်နှင့် တာဝန်များပြဋ္ဌာန်းသည့်ဥပဒေကို ရုတ်သိမ်းသည့်ဥပဒေ

| နောက်ခံအကြောင်းအရာ | |
|---|---|
| တင်သွင်းသူ | ဦးအောင်ကြည်၊ ဝန်ကြီး |
| မဲဆန္ဒနယ်/အဖွဲ့အစည်း | အလုပ်သမားဝန်ကြီးဌာန |
| စတင်တင်သွင်းသည့်လွှတ်တော် | ပြည်သူ့လွှတ်တော် |
| တင်သွင်းသည့်ရက်စွဲ | ၂၀၁၁ခုနှစ်၊စက်တင်ဘာလ (၂၂)ရက် |
| ဥပဒေအဖြစ် ပြဋ္ဌာန်းသည့်ရက်စွဲ | ၂၀၁၁ခုနှစ်၊နိုဝင်ဘာလ(၂၁)ရက် |
| အမျိုးအစား | ဖျက်သိမ်းသည့်ဥပဒေ |
| ကဏ္ဍ | လူမှုရေး |

### မိတ်ဆက်

**(၂၀၁၁ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်၁၂)**

၂၀၁၁ ခုနှစ်တွင်၊ နိုဝင်ဘာလ (၂၁) နေ့တွင် သမ္မတမှ လက်မှတ်ရေးထိုး ပြဋ္ဌာန်းခဲ့သည်။

### ဖြတ်သန်းမှုအဆင့်ဆင့်

ဤဥပဒေကြမ်းနှင့်ပတ်သက်၍ ပြည်သူ့လွှတ်တော်တွင် စတင်တင်သွင်းစဉ်က တစ်ကြိမ်ဆွေးနွေးခဲ့ပြီး ဥပဒေကြမ်းကော်မတီအစီရင်ခံစာတစ်စောင် တင်သွင်းခဲ့ကြောင်း တွေ့ရသည်။ အမျိုးသားလွှတ်တော်တွင် တစ်ကြိမ်ဆွေးနွေးပြီး ဥပဒေကြမ်းကော်မတီ အစီရင်ခံစာတစ်စောင် တင်သွင်းခဲ့ကြောင်းတွေ့ရသည်။ လွှတ်တော်နှစ်ရပ် သဘောထားကွဲလွဲမှုမရှိသဖြင့် ပြည်ထောင်စုလွှတ်တော်၌ မှတ်တမ်းတင် အတည်ပြုခဲ့ကြောင်းတွေ့ရသည်။

ဤဥပဒေကြမ်းနှင့်ပတ်သက်၍ လွှတ်တော်တွင် စုစုပေါင်း ဆွေးနွေးရက် (၂) ရက်သာရှိကြောင်းတွေ့ရသည်။ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့တွင် (၁) ရက်စီ ဆွေးနွေးခဲ့ကြောင်း တွေ့ရသည်။

## ၄.၃.၀။ ကိုယ်ပိုင်ကျောင်းမှတ်ပုံတင်ဥပဒေ

- ၂၃.၈.၂၀၁၁ — ဥပဒေကြမ်းစတင်တင်သွင်း အမျိုးသားလွှတ်တော်
- ၂.၉.၂၀၁၁ — ဥပဒေကြမ်းကော်မတီအစီရင်ခံစာတင်သွင်း အမျိုးသားလွှတ်တော်
- ၂.၉.၂၀၁၁ — ကိုယ်စားလှယ်များ၏ဆွေးနွေးမှု အမျိုးသားလွှတ်တော်
- ၇.၉.၂၀၁၁ — ဥပဒေကြမ်းကော်မတီအစီရင်ခံစာပြန်လည်တင်သွင်း အမျိုးသားလွှတ်တော်
- ၇.၉.၂၀၁၁ — ပြင်ဆင်ချက်ဖြင့်အတည်ပြု အမျိုးသားလွှတ်တော်
- ၂၆.၉.၂၀၁၁ — ဥပဒေကြမ်းကော်မတီအစီရင်ခံစာတင်သွင်း ပြည်သူ့လွှတ်တော်
- ၂၆.၉.၂၀၁၁ — ပြင်ဆင်ချက်ဖြင့်အတည်ပြု ပြည်သူ့လွှတ်တော်
- ၅.၁၀.၂၀၁၁ — ကိုယ်စားလှယ်များ၏ဆွေးနွေးမှု အမျိုးသားလွှတ်တော်
- ၂၈.၁၀.၂၀၁၁ — ဥပဒေကြမ်းပူးပေါင်းကော်မတီအစီရင်ခံစာတင်သွင်း ပြည်ထောင်စုလွှတ်တော်
- ၁၈.၁၁.၂၀၁၁ — ဥပဒေအဖြစ်အတည်ပြု ပြည်ထောင်စုလွှတ်တော်

## ၄.၃.၀။ ကိုယ်ပိုင်ကျောင်းမှတ်ပုံတင်ဥပဒေ

| နောက်ခံအကြောင်းအရာ | |
|---|---|
| တင်သွင်းသူ | ဒေါက်တာမြဒေး၊ပြည်ထောင်စုဝန်ကြီး |
| မဲဆန္ဒနယ်/အဖွဲ့အစည်း | ပညာရေးဝန်ကြီးဌာန |
| စတင်တင်သွင်းသည့်လွှတ်တော် | အမျိုးသားလွှတ်တော် |
| တင်သွင်းသည့်ရက်စွဲ | ၂၀၁၁ခုနှစ်၊ဩဂုတ်လ (၂၃)ရက် |
| ဥပဒေအဖြစ် ပြဋ္ဌာန်းသည့်ရက်စွဲ | ၂၀၁၁ခုနှစ်၊ဒီဇင်ဘာလ(၂)ရက် |
| အမျိုးအစား | အသစ်ရေးဆွဲပြဋ္ဌာန်းသည့်ဥပဒေ |
| ကဏ္ဍ | လူမှုရေး |

### မိတ်ဆက်

### (၂၀၁၁ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၁၄)

၂၀၁၁ခုနှစ်၊ဒီဇင်ဘာလ (၂) ရက်နေ့တွင်သမ္မတမှ လက်မှတ်ရေးထိုးပြဋ္ဌာန်းသည်။ ဤဥပဒေကြမ်းတွင် အခန်းပေါင်း (၈) ခန်းနှင့်ပုဒ်မပေါင်း (၄၂) ခုပါဝင်သည်။

### ကိုင်တွယ်သည့်အဖွဲ့အစည်း

ပညာရေးဝန်ကြီးဌာန၏ လုပ်ငန်းတာဝန်များမှာ ကိုယ်ပိုင်ကျောင်းနှင့် ကိုယ်ပိုင်ကျောင်းဆရာများ နှင့်ပတ်သက်၍ မူဝါဒချမှတ်ခြင်း၊ ကိုယ်ပိုင်ကျောင်းနှင့် ကိုယ်ပိုင်ကျောင်းဆရာများအား ကြီးကြပ်ရေးနှင့်စပ်လျဉ်း၍ ညွှန်ကြားရေးမှူးချုပ်များနှင့် ပညာရေးအရာရှိများအား လိုအပ်သလို လမ်းညွှန်ခြင်းနှင့် ကြီးကြပ်ကွပ်ကဲခြင်း၊ ကိုယ်ပိုင်ကျောင်းတွင် သင်ကြားမည့် ထပ်ဆောင်း သင်ခန်းစာများအတွက် စစ်ဆေးရေးအဖွဲ့များ ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း၊ ကိုယ်ပိုင်ကျောင်းတည်ထောင်ဖွင့်လှစ်ခွင့်ပြုခြင်း၊ တည်ထောင် ဖွင့်လှစ်ခွင့်ပြုရန် ငြင်းပယ်ခြင်း သို့မဟုတ် ကိုယ်ပိုင်ကျောင်း မှတ်ပုံတင်လက်မှတ်ကို ပယ်ဖျက်ခြင်း၊ ပြည်ထောင်စုအစိုးရအဖွဲ့က အခါအားလျော်စွာ ပေးအပ်သော လုပ်ငန်းတာဝန်များကို ထမ်းဆောင်ခြင်းတို့ဖြစ်သည်။ ကိုယ်ပိုင်ကျောင်းတည်ထောင်ဖွင့်လှစ်ရာတွင် ပြည်ပနိုင်ငံအကူအညီဖြင့် တည်ထောင်ဖွင့်လှစ်သော ကျောင်းမဖြစ်စေရ။ နိုင်ငံခြားအဖွဲ့အစည်းမှ ဦးစီးတည်ထောင်ဖွင့်လှစ်သော သို့မဟုတ် ထိုအဖွဲ့အစည်း၏ အကူအညီဖြင့် တည်ထောင်ဖွင့်လှစ်သော ကျောင်းမဖြစ်စေရ။ သာသနာပြုကျောင်းမဖြစ်စေရ။ ပညာရေးအရာရှိသည် ကိုယ်ပိုင်ကျောင်းတည်ထောင်ဖွင့်လှစ်လိုကြောင်း လျှောက်ထားချက်ကို သတ်မှတ်ချက်နှင့်အညီ စိစစ်ပြီး သဘောထားမှတ်ချက်ဖြင့် ညွှန်ကြားရေးမှူးချုပ်ထံတင်ပြရမည်။ ညွှန်ကြားရေးမှူးချုပ်သည် ပညာရေးအရာရှိတင်ပြချက်အပေါ် သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီး သဘောထားမှတ်ချက်ဖြင့် ပညာရေးဝန်ကြီးဌာနသို့တင်ပြရမည်။ ပညာရေးဝန်ကြီးဌာနသည် ကိုယ်ပိုင်ကျောင်းတည်ထောင်ဖွင့်လှစ်ခွင့်မပြုမီ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရထံမှ ကျောင်းတည်ထောင်ဖွင့်လှစ်ခွင့်နှင့်စပ်လျဉ်း၍သဘောထားမှတ်ချက်တောင်းခံရမည်။ ကိုယ်ပိုင်ကျောင်းတည်ထောင်ဖွင့်လှစ်ခွင့်ပြုပါက သတ်မှတ်ထားသည့် မှတ်ပုံတင်ကြေးပေးသွင်းရမည်။သက်ဆိုင်ရာလျှောက်ထားသူအား ကိုယ်ပိုင်ကျောင်း မှတ်ပုံတင်လက်မှတ်ကို စည်းကမ်းချက်များနှင့်အတူ ပညာရေးဝန်ကြီးဌာနက ထုတ်ပေးရမည်။ ပညာရေးဝန်ကြီးဌာနသည် ကိုယ်ပိုင်ကျောင်းတစ်ကျောင်းမှ ဥပဒေပါပြဋ္ဌာန်းချက်ကို လိုက်နာရန်ပျက်ကွက်ပါက ကိုယ်ပိုင်ကျောင်းမှတ်ပုံတင်လက်မှတ်ကိုပယ်ဖျက်ခြင်း၊ တည်ထောင်ဖွင့်လှစ်သူကို သတိပေးခြင်းပြုလုပ်နိုင်သည်။ မှတ်ပုံတင်လက်မှတ်ပယ်ဖျက်ခြင်းမပြုမီ မှတ်ပုံတင်လက်မှတ် မပယ်ဖျက်သင့်ကြောင်း ရက်ပေါင်း (၃၀) အတွင်း ချေပလွှာတင်သွင်းနိုင်ရန် တည်ထောင်ဖွင့်လှစ်သူထံ အကြောင်းကြားစာပေးပို့ရမည်။

ကျေနပ်ဖွယ်ရာအကြောင်းပြချက်ဖြင့် ချေပခြင်းမပြုနိုင်သော တည်ထောင်ဖွင့်လှစ်သူ၏ကိုယ်ပိုင်ကျောင်းမှတ်ပုံတင်လက်မှတ်ကိုပယ်ဖျက်ရမည်။ ကိုယ်ပိုင်ကျောင်းမှတ်ပုံတင်လက်မှတ်ပယ်ဖျက်ခြင်းနှင့်ပတ်သက်၍ ပညာရေးဝန်ကြီးဌာနမှ ချမှတ်သည့်အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်သည်အပြီးအပြတ်ဖြစ်သည်။

ပညာရေးအရာရှိသည် ကိုယ်ပိုင်ကျောင်းဆရာနှင့်သက်ဆိုင်သည့် စည်းကမ်းချက်တစ်ရပ်ရပ်ကို လိုက်နာရန်ပျက်ကွက်သော ကိုယ်ပိုင်ကျောင်းဆရာအား သတိပေးခြင်း၊ ကိုယ်ပိုင်ကျောင်းဆရာ မှတ်ပုံတင်ကို ကာလအကန့်အသတ်ဖြင့်ရပ်ဆိုင်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုနိုင်သည်။ ကိုယ်ပိုင်ကျောင်းဆရာနှင့် ပတ်သက်၍ ပညာရေးအရာရှိ၏ အမိန့်သို့မဟုတ် ဆုံးဖြတ်ချက်တစ်ရပ်ရပ်ကိုမကျေနပ်သူသည် ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း (၃၀)အတွင်း သတ်မှတ်ချက်များနှင့်အညီ ညွှန်ကြားရေးမှူးချုပ်ထံ အယူခံဝင်နိုင်သည်။ ညွှန်ကြားရေးမှူးချုပ်သည် အယူခံမှုတွင်ပညာရေးအရာရှိ၏ အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုနိုင်သည်။ ညွှန်ကြားရေးမှူးချုပ်၏ အဆုံးအဖြတ်သည် အပြီးအပြတ်ဖြစ်သည်။

ဥပဒေပါပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပညာရေးဝန်ကြီးဌာနသည် နည်းဥပဒေများ၊ စည်းမျဉ်း သို့မဟုတ် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့်လည်းကောင်း၊ လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကိုလည်းကောင်း၊ ထုတ်ပြန်နိုင်သည်။ ပညာရေးဝန်ကြီးဌာနက တာဝန်ပေးအပ်သည့် ဦးစီးဌာနသည် လိုအပ်သောအမိန့်နှင့် ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်။

## ဖြတ်သန်းမှုအဆင့်ဆင့်

ဤဥပဒေကြမ်းနှင့်ပတ်သက်၍ အမျိုးသားလွှတ်တော်တွင် စတင်တင်သွင်းစဉ်က တစ်ကြိမ်၊ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်များဖြင့်ပြန်လည်ရောက်ရှိစဉ်က တစ်ကြိမ် ဆွေးနွေးခဲ့ရပြီး ဥပဒေကြမ်းကော်မတီ အစီရင်ခံစာ နှစ်စောင် တင်သွင်းခဲ့ကြောင်းတွေ့ရသည်။ ပြည်သူ့လွှတ်တော်တွင် တစ်ကြိမ် ဆွေးနွေးခဲ့ပြီး ဥပဒေကြမ်းကော်မတီအစီရင်ခံစာ တစ်စောင်တင်သွင်းခဲ့ကြောင်းတွေ့ရသည်။ ဤဥပဒေကြမ်းနှင့်ပတ်သက်၍ လွှတ်တော်နှစ်ရပ် သဘောထားကွဲလွဲသဖြင့် ပြည်ထောင်စုလွှတ်တော်တွင် တင်သွင်းဆွေးနွေးရာ ဥပဒေကြမ်းပူးပေါင်းကော်မတီမှ အစီရင်ခံစာတစ်စောင် ပြုစုတင်သွင်းခဲ့ကြောင်း တွေ့ရသည်။

ဤဥပဒေကြမ်းနှင့်ပတ်သက်၍ လွှတ်တော်တွင် စုစုပေါင်းဆွေးနွေးရက် (၆)ရက်ရှိခဲ့ကြောင်းတွေ့ရသည်။ အမျိုးသားလွှတ်တော်တွင် (၃) ရက် ပြည်သူ့လွှတ်တော်တွင် (၁) ရက်နှင့် ပြည်ထောင်စုလွှတ်တော်တွင် (၁) ရက် ဆွေးနွေးခဲ့ကြခြင်းဖြစ်သည်။

## ဆွေးနွေးမှု

ဤဥပဒေကြမ်းနှင့်ပတ်သက်၍လွှတ်တော်ကိုယ်စားလှယ် (၆) ဦး ဝင်ရောက်ဆွေးနွေးခဲ့ကြောင်းတွေ့ရသည်။ အမျိုးသားလွှတ်တော်တွင် (၆) ဦးဆွေးနွေးခဲ့ကြောင်း တွေ့ရသည်။ ဝင်ရောက်ဆွေးနွေးသည့် လွှတ်တော်ကိုယ်စားလှယ်များမှာ USDP (၃) ဦးနှင့် NDF ၊ SNDP နှင့် WDP (၁) ဦးစီတို့ ဆွေးနွေးခဲ့ကြောင်းတွေ့ရသည်။

**ဝင်ရောက်ဆွေးနွေးခဲ့ကြသည့် လွှတ်တော်ကိုယ်စားလှယ်များ**

| စဉ် | ကိုယ်စားလှယ်အမည် | မဲဆန္ဒနယ် | ပါတီ | ဆွေးနွေးသည့်လွှတ်တော် |
|---|---|---|---|---|
| ၁ | ဦးဖုန်းမြင့်အောင် | ရန်ကုန် (၃) | NDF | အမျိုးသားလွှတ်တော် |
| ၂ | ဦးခင်မောင်ရီ | ဧရာဝတီ (၆) | USDP | အမျိုးသားလွှတ်တော် |
| ၃ | ဦးစိုင်းကျော်ဇောသန်း | ရှမ်း (၂) | SNDP | အမျိုးသားလွှတ်တော် |
| ၄ | ဒေါက်တာမြင့်ကြည် | ရှမ်း (၂) | USDP | အမျိုးသားလွှတ်တော် |
| ၅ | ဦးန | ရန်ကုန် (၁၀) | USDP | အမျိုးသားလွှတ်တော် |
| ၆ | ဦးဆိုင်းပေါင်းနပ် | ရှမ်း (၁၂) | WDP | အမျိုးသားလွှတ်တော် |

## ၄.၄.၀။ အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးဥပဒေ

- ၁၅.၂.၂၀၁၂ — ဥပဒေကြမ်းစတင်တင်သွင်း ပြည်သူ့လွှတ်တော်
- ၁၅.၂.၂၀၁၂ — ဥပဒေကြမ်းကော်မတီအစီရင်ခံစာတင်သွင်း ပြည်သူ့လွှတ်တော်
- ၂၀.၂.၂၀၁၂ — ပြင်ဆင်ချက်ဖြင့်အတည်ပြု ပြည်သူ့လွှတ်တော်
- ၂၉.၂.၂၀၁၂ — ဥပဒေကြမ်းကော်မတီအစီရင်ခံစာတင်သွင်း အမျိုးသားလွှတ်တော်
- ၉.၃.၂၀၁၂ — ပြင်ဆင်ချက်ဖြင့်အတည်ပြု အမျိုးသားလွှတ်တော်
- ၁၆.၃.၂၀၁၂ — အတည်ပြု ပြည်သူ့လွှတ်တော်
- ၂၃.၃.၂၀၁၂ — ဥပဒေအဖြစ်အတည်ပြု ပြည်ထောင်စုလွှတ်တော်

## ၄.၄.၀။ အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဥပဒေ

| နောက်ခံအကြောင်းအရာ | |
|---|---|
| တင်သွင်းသူ | ဦးအောင်ကြည်၊ပြည်ထောင်စုဝန်ကြီး |
| မဲဆန္ဒနယ်/အဖွဲ့အစည်း | အလုပ်သမားရေးရာဝန်ကြီးဌာန |
| စတင်တင်သွင်းသည့်လွှတ်တော် | ပြည်သူ့လွှတ်တော် |
| တင်သွင်းသည့်ရက်စွဲ | ၂၀၁၂ခုနှစ်၊ဖေဖော်ဝါရီလ (၁၅)ရက် |
| ဥပဒေအဖြစ် ပြဋ္ဌာန်းသည့်ရက်စွဲ | ၂၀၁၂ခုနှစ်၊မတ်လ (၂၈) ရက် |
| အမျိုးအစား | အသစ်ရေးဆွဲပြဋ္ဌာန်းသည့်ဥပဒေ |
| ကဏ္ဍ | လူမှုရေး |

### မိတ်ဆက်

### ( ၂၀၁၂ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၅ )

၂၀၁၂ခုနှစ်၊မတ်လ (၂၈) ရက်နေ့တွင်သမ္မတမှလက်မှတ်ရေးထိုးပြဋ္ဌာန်းသည်။ဤဥပဒေကြမ်းတွင်အခန်းပေါင်း (၁၀) ခန်းနှင့်ပုဒ်မပေါင်း (၆၀) ခုပါရှိသည်။

### ကိုင်တွယ်သည့်အဖွဲ့အစည်း

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်းရှိ မြို့နယ်များတွင် အငြင်းပွားမှု ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့ကို သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့က တာဝန်ပေးအပ်သူ တစ်ဦးကို ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ အလုပ်ရှင်များ သို့မဟုတ် အလုပ်ရှင်အဖွဲ့အစည်းများက ရွေးချယ်ပေးသော ကိုယ်စားလှယ်သုံးဦးကို အဖွဲ့ဝင်အဖြစ်လည်းကောင်း၊ အလုပ်သမားများ သို့မဟုတ် အလုပ်သမားအဖွဲ့အစည်းများက ရွေးချယ်ပေးသော ကိုယ်စားလှယ်သုံးဦးကို အဖွဲ့ဝင်အဖြစ် လည်းကောင်း၊ သက်ဆိုင်ရာမြို့နယ်အဆင့် အစိုးရဌာနဆိုင်ရာ ကိုယ်စားလှယ်တစ်ဦးကို အဖွဲ့ဝင်အဖြစ်လည်းကောင်း၊ အလုပ်ရှင်နှင့် အလုပ်သမားအဖွဲ့အစည်းများက ယုံကြည်လက်ခံသည့် ဂုဏ်သရေရှိပုဂ္ဂိုလ်နှစ်ဦးကို အဖွဲ့ဝင်အဖြစ် လည်းကောင်း၊ ပြည်ထောင်စုအစိုးရ အလုပ်သမားဝန်ကြီးဌာနက တာဝန်ပေးအပ်သူတစ်ဦးကို အတွင်းရေးမှူးအဖြစ် လည်းကောင်း ဖွဲ့စည်းရမည်။ ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့၏ သက်တမ်းသည် နှစ်နှစ်ဖြစ်သည်။ မြန်မာနိုင်ငံအတွင်း တည်ထောင်ထားရှိသည့် အထူးစီးပွားရေးဇုန်တွင် အငြင်းပွားမှုညှိနှိုင်းဖြေရှင်းရေးအတွက် သီးခြားဥပဒေပြဋ္ဌာန်းချက်မရှိလျှင် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သည် အထူးညှိနှိုင်းဖျန်ဖြေရေးအဖွဲ့များကို ဖွဲ့စည်းရမည်။ အလုပ်ရှင်နှင့် အလုပ်သမားအဖွဲ့အစည်းများကြား ဆွေးနွေးညှိနှိုင်းခြင်းဖြင့် ပြေငြိမ်းမှုမရရှိသည့် အကျိုးစီးပွားဆိုင်ရာ အငြင်းပွားမှုကို ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့က ဖျန်ဖြေခြင်းမပြုမီကာလအတွင်း အလုပ်ရှင်သည် အလုပ်ရှင်ကိုယ်စားလှယ်အားလည်းကောင်း၊ အလုပ်သမားအဖွဲ့အစည်းများသည်အလုပ်သမားကိုယ်စားလှယ်များအားလည်းကောင်း ခန့်အပ်နိုင်သည်။ အလုပ်သမားအဖွဲ့အစည်းမရှိလျှင် အလုပ်သမားများသည်၎င်းတို့၏ကိုယ်စားလှယ်များကို ရွေးချယ်ရမည်။

ပြည်ထောင်စုအစိုးရ အလုပ်သမားဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရ အဖွဲ့ဝင်က တာဝန်ပေးအပ်သည့်တစ်ဦးကို ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ အလုပ်ရှင်အဖွဲ့အစည်းများက ထောက်ခံတင်ပြသည့် အမည်စာရင်းမှ ရွေးချယ်သည့်သုံးဦးကို အဖွဲ့ဝင်အဖြစ်လည်းကောင်း၊ အလုပ်သမားအဖွဲ့အစည်းများက ထောက်ခံတင်ပြသည့် အမည်စာရင်းမှ ရွေးချယ်သည့်သုံးဦးကို အဖွဲ့ဝင်အဖြစ် လည်းကောင်း၊ သက်ဆိုင်ရာတိုင်းဒေသ

ကြီး သို့မဟုတ် ပြည်နယ်အဆင့် အစိုးရဌာနဆိုင်ရာကိုယ်စားလှယ်တစ်ဦးကို အဖွဲ့ဝင်အဖြစ်လည်းကောင်း၊ အလုပ်ရှင်များ သို့မဟုတ် သက်ဆိုင်ရာအလုပ်ရှင်အဖွဲ့အစည်းများနှင့် အလုပ်သမား ၏ အဖွဲ့အစည်းများက ယုံကြည်လက်ခံသည့် ဂုဏ်သရေရှိ ပုဂ္ဂိုလ်နှစ်ဦးကို အဖွဲ့ဝင်အဖြစ်လည်းကောင်း၊ ပြည်ထောင်စု အစိုးရ အလုပ်သမားဝန်ကြီးဌာနက တာဝန်ပေးအပ်သူတစ်ဦးကို အတွင်းရေးမှူးအဖြစ်လည်းကောင်း တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များတွင် အငြင်းပွားမှုဖြေရှင်းရေး ခုံသမာဓိအဖွဲ့ကို ဖွဲ့စည်းရမည်။ ဝန်ကြီးဌာနသည် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသများတွင် အငြင်းပွားမှုဖြေရှင်းရေးခုံသမာဓိအဖွဲ့ကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဖွဲ့စည်းနိုင်သည်။ ခုံသမာဓိအဖွဲ့၏ သက်တမ်းသည် (၂)နှစ်ဖြစ်သည်။ ခုံသမာဓိအဖွဲ့သည် ခုံ သမာဓိကောင်စီမှ သတ်မှတ်သော လုပ်ငန်းနည်းလမ်းများ လုပ်ထုံးလုပ်နည်းများ လုပ်ငန်းအစီအစဉ်များနှင့်အညီ ဆောင်ရွက်ရမည်။ ဝန်ကြီးဌာနသည် ဥပဒေရေးရာကျွမ်းကျင်သူများနှင့် အလုပ်သမားရေးရာကျွမ်းကျင်သူများထဲမှ ပုဂ္ဂိုလ်(၁၅)ဦး ပါဝင်သော အငြင်းပွားမှုဖြေရှင်းရေး ခုံသမာဓိကောင်စီကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဝန်ကြီးဌာနမှ ရွေးချယ်သော ပုဂ္ဂိုလ် (၅) ဦး၊ အလုပ်ရှင်အဖွဲ့အစည်းများမှ ရွေးချယ်သောပုဂ္ဂိုလ် (၅)ဦး၊ အလုပ်သမားအဖွဲ့အစည်းများမှ ရွေးချယ်သောပုဂ္ဂိုလ် (၅)ဦးတို့ဖြင့် ဖွဲ့စည်းရမည်။ ခုံသမာဓိကောင်စီ၏ သက်တမ်းသည် (၂)နှစ်ဖြစ်သည်။ ဝန်ကြီးဌာနသည် ခုံသမာဓိကောင်စီမှ ဆောင်ရွက်ရမည့် လုပ်ထုံးလုပ်နည်းများကို သတ်မှတ်ရမည်။ ခုံသမာဓိကောင်စီသည် ဝန်ကြီးဌာနက သတ်မှတ်သော လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

အလုပ်ရှင် သို့မဟုတ် အလုပ်သမားတစ်ဖက်ဖက်သည် မိမိ၏နစ်နာချက်နှင့်စပ်လျဉ်း၍ တစ်ဦးချင်း အငြင်းပွားမှုကို ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့သို့ တင်ပြနိုင်ပြီး အဆိုပါအဖွဲ့က သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ ဖျန်ဖြေပေးမှုကို မကျေနပ်ပါက မကျေနပ်သူကိုယ်တိုင်ဖြစ်စေ၊ တရားဝင်လွှဲအပ်ထားသော ကိုယ်စားလှယ်ဖြင့်ဖြစ်စေစီရင်ပိုင်ခွင့်ရှိသောတရားရုံးသို့ လျှောက်ထားနိုင်သည်။ အငြင်းပွားမှုနှင့်စပ်လျဉ်း၍ အလုပ်ရှင် သို့မဟုတ် အလုပ်သမားတစ်ဖက်ဖက်၏ တိုင်ကြားချက်အရဖြစ်စေ၊ ပြည်ထောင်စုအစိုးရ အလုပ်သမားဝန်ကြီး၏ အကြောင်းကြားချက်အရဖြစ်စေ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၏ အကြောင်းကြားချက်အရဖြစ်စေ၊ အခြားနည်းလမ်းတစ်ခုခုအရဖြစ်စေ သိရှိသည့် သို့မဟုတ် လက်ခံရရှိသည့် စုပေါင်းအငြင်းပွားမှုကို သက်ဆိုင်ရာညှိနှိုင်းဖျန်ဖြေရေးအဖွဲ့သည် အငြင်းပွားမှုနှင့်စပ်လျဉ်းသည့် သိရှိသည့် သို့မဟုတ် လက်ခံရရှိသည့်နေ့ရက်မှ တရားဝင်ရုံးပိတ်ရက်များမပါ သုံးရက်အတွင်း ပြေငြိမ်းစေရန် ဖျန်ဖြေပေးခြင်းနှင့် ဖျန်ဖြေရာတွင် ပြေငြိမ်းမှုရရှိပါက ညှိနှိုင်းဖျန်းဖြေရေးအဖွဲ့ရှေ့မှောက်တွင် နှစ်ဖက်သဘောတူစာချုပ် ချုပ်ဆိုစေခြင်းတို့ကို ဆောင်ရွက်ရမည်။ ညှိနှိုင်းရေးအဖွဲ့သည် ဖျန်ဖြေရေးဆောင်ရွက်ရာတွင် ပြေငြိမ်းမှုမရသည့် အချက်များအပေါ် သုံးသပ်အကြံပြုချက်ပါဝင်သော အသေးစိတ်အစီရင်ခံစာနှင့်အတူ အမှုတွဲအား တရားဝင် ရုံးပိတ်ရက်များမပါ နှစ်ရက်အတွင်း သက်ဆိုင်ရာ ခုံသမာဓိအဖွဲ့သို့ လွှဲပြောင်းပေးအပ်ရမည့်အပြင် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သို့လည်း အငြင်းပွားမှုနှင့် စပ်လျဉ်းသည့် အစီရင်ခံစာ အကျဉ်းချုပ်ကို တင်ပြရမည်။ ခုံသမာဓိကောင်စီ၊ ခုံအဖွဲ့နှင့်၊ ခုံသမာဓိအဖွဲ့တို့၏ လုပ်ငန်းများဆောင်ရွက်ရာတွင် ဝန်ကြီးဌာနမှ ရုံးလုပ်ငန်းဆိုင်ရာ အထောက်အကူပြု ဆောင်ရွက်ရမည်။ ပြည်ထောင်စုအစိုးရ အလုပ်သမားရေးရာဝန်ကြီးဌာနသည် အလုပ်သမားရေးရာ အငြင်းပွားမှုများကို စစ်ဆေးစီရင်ရန် အလုပ်သမားတရားရုံးများ ဖွဲ့စည်းတည်ထောင်နိုင်ရေးအတွက် ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် ညှိနှိုင်းဆောင်ရွက်နိုင်သည်။ ဥပဒေပါပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပြည်ထောင်စုအစိုးရ အလုပ်သမားဝန်ကြီးဌာနသည် လိုအပ်သော နည်းဥပဒေ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။ လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။ The Trad Disputes Act, 1929 ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

## ဖြတ်သန်းမှုအဆင့်ဆင့်

ဤဥပဒေကြမ်းနှင့်ပတ်သက်၍ ပြည်သူ့လွှတ်တော်တွင်စတင် တင်သွင်းစဉ်က တစ်ကြိမ်ဆွေးနွေးပြီး အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်ဖြင့်ပြန်လည်ပေးပို့လာသောအ

ခါ ပြင်ဆင်ချက်အဆို တင်သွင်းဆွေးနွေးမည့် လွှတ်တော်ကိုယ်စားလှယ်မရှိသဖြင့် အမျိုးသားလွှတ်တော် ပြင်ဆင်ချက်အတိုင်း အတည်ပြုခဲ့ကြောင်းတွေ့ရသည်။ ပြည်သူ့လွှတ်တော်တွင် ဥပဒေကြမ်းကော်မတီအစီရင်ခံစာ တစ်စောင် တင်သွင်းခံကြောင်းတွေ့ရသည်။ အမျိုးသားလွှတ်တော်တွင် တစ်ကြိမ်ဆွေးနွေးပြီး ဥပဒေ ကြမ်းကော်မတီ အစီရင်ခံစာတစ်စောင် တင်သွင်းခဲ့ကြောင်း တွေ့ရသည်။ လွှတ်တော်နှစ်ရပ် သဘောထားကွဲလွဲမှု မရှိသဖြင့် ပြည်ထောင်စုလွှတ်တော်တွင် မှတ်တမ်းတင် အတည်ပြုခဲ့ကြောင်း တွေ့ရသည်။

ဤဥပဒေကြမ်းနှင့်ပတ်သက်၍ လွှတ်တော်တွင် စုစုပေါင်း ဆွေးနွေးရက် (၃) ရက်ရှိခဲ့ကြောင်းတွေ့ရသည်။ ပြည်သူ့လွှတ်တော်တွင် (၂) ရက်၊ အမျိုးသားလွှတ်တော်တွင် (၁) ရက် ဆွေးနွေးခဲ့ကြောင်း တွေ့ရသည်။

## ၄.၅.၀။ မသန်မစွမ်းဖြစ်သွားသော တပ်မတော်သားများနှင့် သေဆုံးသော သို့မဟုတ် ကျဆုံးသော တပ်မတော်သားများ၏ မိသားစုများအား ထောက်ပံ့စောင့်ရှောက်ရေး ဥပဒေ

ဥပဒေကြမ်း စတင် တင်သွင်း
ပြည်သူ့လွှတ်တော်
၆.၃.၂၀၁၂

၆.၃.၂၀၁၂
ဥပဒေကြမ်းကော်မတီအစီရင်ခံစာတင်သွင်း
ပြည်သူ့လွှတ်တော်

ကိုယ်စားလှယ်များ၏ဆွေးနွေးမှု
ပြည်သူ့လွှတ်တော်
၉.၃.၂၀၁၂

၉.၃.၂၀၁၂
ပြင်ဆင်ချက်ဖြင့်အတည်ပြု
ပြည်သူ့လွှတ်တော်

ဥပဒေကြမ်းကော်မတီအစီရင်ခံစာတင်သွင်း
အမျိုးသားလွှတ်တော်
၁၉.၃.၂၀၁၂

၁၉.၃.၂၀၁၂
ပြင်ဆင်ချက်ဖြင့်အတည်ပြု
အမျိုးသားလွှတ်တော်

အတည်ပြု
ပြည်သူ့လွှတ်တော်
၂၁.၃.၂၀၁၂

၂၃.၃.၂၀၁၂
ဥပဒေအဖြစ် အတည်ပြု
ပြည်ထောင်စုလွှတ်တော်

### ၄.၅.၀။ မသန်မစွမ်းဖြစ်သွားသောတပ်မတော်သားများနှင့် သေဆုံးသောသို့မဟုတ် ကျဆုံးသောတပ်မတော်သားများ၏မိသားစုများအား ထောက်ပံ့စောင့်ရှောက်ရေးဥပဒေ

| နောက်ခံအကြောင်းအရာ | |
|---|---|
| တင်သွင်းသူ | ဒုတိယဗိုလ်မှူးကြီးလှမြင့်၊ ပြည်ထောင်စုဝန်ကြီး |
| မဲဆန္ဒနယ်/အဖွဲ့အစည်း | ကာကွယ်ရေးဝန်ကြီးဌာန |
| စတင်တင်သွင်းသည့်လွှတ်တော် | ပြည်သူ့လွှတ်တော် |
| တင်သွင်းသည့်ရက်စွဲ | ၂၀၁၂ခုနှစ်၊မတ်လ (၆)ရက် |
| ဥပဒေအဖြစ် ပြဋ္ဌာန်းသည့်ရက်စွဲ | ၂၀၁၂ခုနှစ်၊မတ်လ(၃၀)ရက် |
| အမျိုးအစား | အသစ်ရေးဆွဲပြဋ္ဌာန်းသည့်ဥပဒေ |
| ကဏ္ဍ | လူမှုရေး |

## မိတ်ဆက်

### (၂၀၁၂ခုနှစ်၊ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၈)

၂၀၁၂ခုနှစ်၊ မတ်လ (၃၀) ရက်နေ့တွင်သမ္မတမှ လက်မှတ်ရေးထိုးပြဋ္ဌာန်းသည်။ ဤဥပဒေကြမ်းတွင် အခန်းပေါင်း (၅) ခန်းနှင့် ပုဒ်မပေါင်း (၉) ခုပါရှိသည်။

## ကိုင်တွယ်သည့်အဖွဲ့အစည်း

ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ဆေးဝန်ထမ်းညွှန်ကြားရေးမှူးသည် မသန်မစွမ်းဖြစ်သွားသူအား ဆေးခုံအဖွဲ့ဝင်ဖြင့် ဖွဲ့စည်းစစ်ဆေးပြီး မသန်မစွမ်းမှု ရာခိုင်နှုန်းကို သတ်မှတ်ရမည်။ မသန်မစွမ်းဖြစ်သွားသူ တစ်ဦးသည် မသန်မစွမ်းမှု ရာခိုင်နှုန်း ၆၀နှင့်အထက် သတ်မှတ်ခံရပြီး တပ်မတော်တွင် တာဝန်ထမ်းဆောင်ခဲ့သည်ဟု အခွင့်ရအာဏာပိုင်ကသော်လည်းကောင်း၊ အခွင့်အာဏာပိုင်က အာဏာအပ်နှင်းထားသည့် အဖွဲ့ကသော်လည်းကောင်း သတ်မှတ်ခြင်းခံရပါက ထောက်ပံ့စောင့်ရှောက်မှုကို ခံစားခွင့်ရှိသည်။ သေဆုံးသူ သို့မဟုတ် ကျဆုံးသူတစ်ဦးသည် တပ်မတော်တွင် တာဝန်ထမ်းဆောင်ခဲ့သည်ဟု အခွင့်ရအာဏာပိုင်ကသော်လည်းကောင်း၊ အခွင့်ရအာဏာပိုင်က အာဏာအပ်နှင်းထားသည့် အဖွဲ့ကသော်လည်းကောင်း သတ်မှတ်ခြင်းခံရပါက ယင်း၏တရားဝင်အမွေခံဇနီး သို့မဟုတ် ခင်ပွန်း သို့မဟုတ် သားသမီးသည် ထောက်ပံ့စောင့်ရှောက်မှုကို ခံစားခွင့်ရှိသည်။ ထောက်ပံ့စောင့်ရှောက်မှု ခံစားခွင့်ရှိသူသည် တည်ဆဲဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရပြီး၊ ထောင်ဒဏ်သုံးနှစ်နှင့်အထက်ချမှတ်ခံရပါက ထောက်ပံ့စောင့်ရှောက်မှုကို ခံစားခွင့်မရှိစေရ။ ဥပဒေပါ ထောက်ပံ့စောင့်ရှောက်မှု ခံစားခွင့်ရှိသူသည် မြန်မာနိုင်ငံသားအဖြစ်မှ နိုင်ငံခြားသားအဖြစ်သို့ ကူးပြောင်းခဲ့လျှင် ထောက်ပံ့စောင့်ရှောက်မှု ခံစားခွင့်မရှိ စေရ။ ဥပဒေပါပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ကာကွယ်ရေးဝန်ကြီးဌာနသည် လိုအပ်သော နည်းဥပဒေ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ထုတ်ပြန်နိုင်သည်။ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ သဘောတူညီချက်ဖြင့် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

## ဖြတ်သန်းမှုအဆင့်ဆင့်

ဤဥပဒေကြမ်းနှင့်ပတ်သက်၍ ပြည်သူ့လွှတ်တော်တွင်စတင် တင်သွင်းစဉ်က တစ်ကြိမ်ဆွေးနွေးပြီး အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်ဖြင့်ပြန်လည်ပေးပို့လာသောအခါ ပြင်ဆင်ချက်အဆို တင်သွင်းဆွေးနွေးမည့် လွှတ်တော်ကိုယ်စားလှယ်မရှိသဖြင့် အမျိုးသားလွှတ်တော် ပြင်ဆင်ချက်အတိုင်း အတည်ပြုခဲ့ကြောင်းတွေ့ရသည်။ ပြည်သူ့လွှတ်တော်တွင် ဥပဒေကြမ်းကော်မတီအစီရင်ခံစာ တစ်

စောင်တင်သွင်းခံကြောင်းတွေ့ရသည်။ အမျိုးသားလွှတ်တော်တွင် တစ်ကြိမ်ဆွေးနွေးပြီး ဥပဒေ ကြမ်းကော်မတီ အစီရင်ခံစာတစ်စောင် တင်သွင်းခဲ့ကြောင်း တွေ့ရသည်။ လွှတ်တော်နှစ်ရပ် သဘောထားကွဲလွဲမှု မရှိသဖြင့် ပြည်ထောင်စုလွှတ်တော်တွင် မှတ်တမ်းတင် အတည်ပြုခဲ့ကြောင်း တွေ့ရသည်။

ဤဥပဒေကြမ်းနှင့်ပတ်သက်၍ လွှတ်တော်တွင် စုစုပေါင်းဆွေးနွေးရက် (၃)ရက်ရှိခဲ့ကြောင်း တွေ့ရသည်။ ပြည်သူ့လွှတ်တော်တွင် (၃)ရက်၊ အမျိုးသားလွှတ်တော်တွင် (၁)ရက် ဆွေးနွေးခဲ့ကြောင်း တွေ့ရသည်။

**ဆွေးနွေးမှု**

ဤဥပဒေကြမ်းနှင့်ပတ်သက်၍ လွှတ်တော်ကိုယ်စားလှယ် (၃)ဦး ဝင်ရောက်ဆွေးနွေးခဲ့ကြောင်း တွေ့ရသည်။ ပြည်သူ့လွှတ်တော်တွင် (၃)ဦးဆွေးနွေးခဲ့ကြောင်းတွေ့ရသည်။ ဥပဒေကြမ်းတွင် ပြည်ထောင်စုအစိုးရအဖွဲ့ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး လှမြင့်နှင့် ဥပဒေကြမ်းကော်မတီတို့က လာရောက်ရှင်းလင်းပြောကြားသည်ကိုလည်း တွေ့ရသည်။ ဝင်ရောက်ဆွေးနွေးသည့် လွှတ်တော်ကိုယ်စားလှယ်များမှာ NDF ၊ INDP နှင့် USDP တို့ (၁)ဦးစီတို့ ဝင်ရောင်ဆွေးနွေးခဲ့ကြောင်း တွေ့ရသည်။

**ဝင်ရောက်ဆွေးနွေးခဲ့ကြသည့် လွှတ်တော်ကိုယ်စားလှယ်များ**

| စဉ် | ကိုယ်စားလှယ်အမည် | မဲဆန္ဒနယ် | ပါတီ | ဆွေးနွေးသည့်လွှတ်တော် |
|---|---|---|---|---|
| ၁ | ဦးခိုင်မောင်ရည် | အလုံ | NDF | ပြည်သူ့လွှတ်တော် |
| ၂ | ဦးဝင်းဆွေ | ညောင်ရေ | INDP | ပြည်သူ့လွှတ်တော် |
| ၃ | ဦးဝင်းသန်း | သာပေါင်း | USDP | ပြည်သူ့လွှတ်တော် |

## ၄.၆.၀။ လူမှုဖူလုံရေးဥပဒေ (၂၀၁၂)

၂၇.၁.၂၀၁၂ — ဥပဒေကြမ်းစတင်တင်သွင်း
အမျိုးသားလွှတ်တော်

၁၇.၂.၂၀၁၂ — ဥပဒေကြမ်းကော်မတီအစီရင်ခံစာတင်သွင်း
အမျိုးသားလွှတ်တော်

၁၇.၂.၂၀၁၂ — ကိုယ်စားလှယ်များ၏ဆွေးနွေးမှု
အမျိုးသားလွှတ်တော်

၂၉.၂.၂၀၁၂ — ဥပဒေကြမ်းကော်မတီအစီရင်ခံစာပြန်လည်တင်သွင်း
အမျိုးသားလွှတ်တော်

၂၉.၂.၂၀၁၂ — အတည်ပြု
အမျိုးသားလွှတ်တော်

၁၄.၃.၂၀၁၂ — ဥပဒေကြမ်းကော်မတီအစီရင်ခံစာတင်သွင်း
ပြည်သူ့လွှတ်တော်

၁၄.၃.၂၀၁၂ — ကိုယ်စားလှယ်များ၏ဆွေးနွေးမှု
ပြည်သူ့လွှတ်တော်

၁၄.၃.၂၀၁၂ — ပြင်ဆင်ချက်ဖြင့်အတည်ပြု
ပြည်သူ့လွှတ်တော်

၅.၇.၂၀၁၂ — အတည်ပြု
အမျိုးသားလွှတ်တော်

၁၆.၈.၂၀၁၂ — သမ္မတမှတ်ချက်ဖြင့် ပေးပို့မှုအပေါ်ဥပဒေကြမ်းပူးပေါင်း
ကော်မတီ၏လေ့လာတွေ့ရှိချက်အစီရင်ခံစာတင်သွင်း
ပြည်ထောင်စုလွှတ်တော်

၂၃.၈.၂၀၁၂ — ဥပဒေအဖြစ် အတည်ပြု
ပြည်ထောင်စုလွှတ်တော်

## ၄.၆.၀။ လူမှုဖူလုံရေးဥပဒေ (၂၀၁၂)

| နောက်ခံအကြောင်းအရာ | |
|---|---|
| တင်သွင်းသူ | ဦးအောင်ကြည်၊ ပြည်ထောင်စုဝန်ကြီး |
| မဲဆန္ဒနယ်/အဖွဲ့အစည်း | အလုပ်သမားဝန်ကြီးဌာန |
| စတင်တင်သွင်းသည့်လွှတ်တော် | အမျိုးသားလွှတ်တော် |
| တင်သွင်းသည့်ရက်စွဲ | ၂၀၁၂ခုနှစ်၊ဇန်နဝါရီလ (၂၇)ရက် |
| ဥပဒေအဖြစ် ပြဋ္ဌာန်းသည့်ရက်စွဲ | ၂၀၁၂ခုနှစ်၊ဩဂုတ်လ (၃၁) ရက် |
| အမျိုးအစား | အသစ်ရေးဆွဲပြဋ္ဌာန်းသည့်ဥပဒေ |
| ကဏ္ဍ | လူမှုရေး |

### မိတ်ဆက်

### (၂၀၁၂ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၁၅ )

၂၀၁၂ခုနှစ်၊ ဩဂုတ်လ (၃၁) ရက်နေ့တွင် သမ္မတမှ လက်မှတ်ရေးထိုး ပြဋ္ဌာန်းခဲ့သည်။ ဤဥပဒေကြမ်းတွင် အခန်းပေါင်း (၁၂) ခန်းနှင့် ပုဒ်မပေါင်း (၁၀၄) ခုပါရှိသည်။

### ရည်ရွယ်ချက်

အလုပ်သမားများ၏ကျန်းမာရေးနှင့် လူမှုရေးလိုအပ်ချက်များကို ဖြည့်ဆည်းနိုင်ရေး၊ မကျန်းမာမှု၊ မီးဖွားမှု၊ သေဆုံးမှုနှင့် အလုပ်တွင် ထိခိုက်မှုအတွက် ငွေကြေးအကျိုးခံစားခွင့်တို့အပြင် အငြိမ်းစားယူပြီးနောက် ဆေးဝါးကုသမှု ဆက်လက်ခံယူခွင့်၊ မိသားစုထောက်ပံ့မှု အကျိုးခံစားခွင့်၊ အလုပ်လုပ်ကိုင်နိုင်စွမ်းမရှိမှု အကျိုးခံစားခွင့်၊ အသက်ပြည့်အငြိမ်းစား အကျိုးခံစားခွင့်၊ ကျန်ရစ်သူအကျိုးခံစားခွင့်၊ အလုပ်လက်မဲ့ အကျိုးခံစားခွင့်၊ အိမ်ရာနေထိုင်ခွင့်နှင့် ပိုင်ဆိုင်ခွင့်များကို ရရှိစေရန်ဖြစ်သည်။

### ကိုင်တွယ်သည့်အဖွဲ့အစည်း

ပြည်ထောင်စုအစိုးရအဖွဲ့သည် အလုပ်သမားဝန်ကြီးဌာနနှင့် သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများ၊ အစိုးရဌာန အဖွဲ့အစည်းများမှ သင့်လျော်သောပုဂ္ဂိုလ်များ အလုပ်ရှင်နှင့် အလုပ်သမားတို့၏ ကိုယ်စားလှယ်များနှင့် ကျွမ်းကျင်သူများပါဝင်သည့် အမျိုးသားအဆင့် လူမှုဖူလုံရေးအဖွဲ့ကို ဖွဲ့စည်းရမည်။ လူမှုဖူလုံရေးအဖွဲ့ကို လိုအပ်ပါက ပြင်ဆင်ဖွဲ့စည်းနိုင်သည်။ လူမှုဖူလုံရေးအဖွဲ့သည် ဥပဒေပါပြဋ္ဌာန်းချက်များကိုအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သော စီမံခန့်ခွဲမှုနှင့် ကြီးကြပ်ကွပ်ကဲမှုပြုခြင်း၊ လုပ်ငန်းတာဝန်များ ဆောင်ရွက်နိုင်ရန် အလုပ်အမှုဆောင်ကော်မတီကိုသက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်း၍ သင့်လျော်သော ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းပြီး ကော်မတီ၏ လုပ်ငန်း တာဝန်များကို သတ်မှတ်ခြင်း၊ ကျန်းမာရေးဝန်ကြီးဌာနနှင့် ညှိနှိုင်းပြီး ဆေးဘက်ဆိုင်ရာ အကြံပေးအဖွဲ့ကို ဖွဲ့စည်း၍ လုပ်ငန်းတာဝန်များသတ်မှတ်ခြင်း၊ လူမှုဖူလုံရေးအဖွဲ့၏ လုပ်ငန်းတာဝန်တစ်ရပ်ရပ်ကို ဆောင်ရွက်နိုင်ရန် လိုအပ်ပါက သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ညှိနှိုင်းပြီး သင့်လျော်သောဌာန၊ အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်အား လွှဲအပ်တာဝန်ပေးခြင်း၊ လူမှုဖူလုံရေးရုံးချုပ်နှင့် ဒေသဆိုင်ရာ လူမှုဖူလုံရေးရုံး အဆင့်ဆင့်တို့၏ လုပ်ငန်းတာဝန်များကို လမ်းညွှန်ခြင်းနှင့် ကြီးကြပ်ခြင်း၊ လူမှုဖူလုံရေး အိမ်ရာများတည်ထောင်ခြင်း၊ လူမှုဖူလုံရေးအဖွဲ့၏ လုပ်ငန်းတာဝန်များဆောင်ရွက်မှု အစီရင်ခံစာကို သတ်မှတ်ချက်များနှင့်အညီ ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြခြင်း၊ ပြည်ထောင်စုအစိုးရအဖွဲ့နှင့် အလုပ်သမားဝန်ကြီးဌာနတို့မှ ပေးအပ်သော အခြားလုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း တို့လုပ်ဆောင်ရမည်။ လူမှုဖူလုံရေးရုံးချုပ် ညွှန်ကြားရေးမှူးချုပ်

သည် ဥပဒေပါပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာ၌လိုအပ်သောလုပ်ငန်းတာဝန်များကို လည်းကောင်း၊ လူမှုဖူလုံရေးအဖွဲ့၏ ရုံးလုပ်ငန်းဆိုင်ရာတာဝန်များကိုလည်းကောင်း တာဝန်ခံဆောင်ရွက်ရမည်။ လူမှုဖူလုံရေးအဖွဲ့သည် လူမှုဖူလုံရေးရန်ပုံငွေနှင့် အလုပ်တွင် ထိခိုက်မှုအကျိုးခံစားခွင့် ရန်ပုံငွေတို့ကို နည်းလမ်းတကျ ထိန်းသိမ်းထားရှိနိုင်ရန်နှင့် စစ်ဆေးခြင်းပြုနိုင်ရန် ငွေစာရင်းလုပ်ထုံးလုပ်နည်းများကို ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးနှင့် ညှိနှိုင်း၍ ငွေစာရင်းများကို ပြုစုထိန်းသိမ်းထားရှိရမည်။ ရန်ပုံငွေများကိုတိုးပွားစေရန်အတွက် လတ်တလောအသုံးပြုနိုင်ရန် မလိုအပ်သေးသည့် ရန်ပုံငွေများကို တည်ဆဲဥပဒေနှင့် ညီညွတ်ပြီး အကျိုးအမြတ်ရရှိနိုင်မည့်လုပ်ငန်းများကို ဆောင်ရွက်နိုင်သည်။ လူမှုဖူလုံရေးအဖွဲ့သည် လူမှုဖူလုံရေးရန်ပုံငွေနှင့် အလုပ်တွင်ထိခိုက်မှု အကျိုးခံစားခွင့် ရန်ပုံငွေတို့နှင့်စပ်လျဉ်း၍ လာမည့်ဘဏ္ဍာရေးနှစ်အတွက် ခန့်မှန်းခြေရငွေနှင့် သုံးငွေများကို ဖော်ပြသည့် ရသုံးမှန်းခြေ ငွေစာရင်းကို ပြုစုပြီး အလုပ်သမားဝန်ကြီးဌာနမှတဆင့် ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြရမည်။ လူမှုဖူလုံရေးအဖွဲ့၏ အစိုးရဝန်ထမ်းမဟုတ်သော အဖွဲ့ဝင်နှင့် အလုပ်အမှုဆောင်ကော်မတီဝင်တို့သည် ဤဥပဒေအရ လူမှုဖူလုံရေးအဖွဲ့၏ လုပ်ငန်းတာဝန်များကို ဆောင်ရွက်သည့် နေ့ရက်များအတွက် သတ်မှတ်ထားသော စရိတ်နှင့်အခကြေးငွေများကို လူမှုဖူလုံရေး ရန်ပုံငွေနှင့် အလုပ်တွင် ထိခိုက်မှု အကျိုးခံစားခွင့် ရန်ပုံငွေတို့မှ ကျခံသုံးစွဲရမည်။

အလုပ်သမားဝန်ကြီးဌာနသည် လူမှုဖူလုံရေးအဖွဲ့နှင့် ညှိနှိုင်း၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ဝန်ထမ်းဖွဲ့စည်းပုံနှင့်အညီ လူမှုဖူလုံရေးရုံးများ၊ ဆေးရုံများနှင့် ဆေးခန်းများတွင် ဝန်ထမ်းများကို ခန့်အပ်တာဝန်ပေးပြီး လစာ၊ စရိတ်၊ ပင်စင်လစာနှင့် အခြားခံစားခွင့်များကို အစိုးရဝန်ထမ်းများနှင့်သက်ဆိုင်သည့် ဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များနှင့်အညီ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ ကျခံသုံးစွဲခွင့်ပြုရမည်။ အလုပ်သမားဝန်ကြီးဌာနသည် ပြည်ထောင်စုဘဏ္ဍာရံပုံငွေမှ ကျခံသုံးစွဲသည့်ငွေ၊ ထည့်ဝင်ငွေ၊ ထောက်ပံ့ငွေတို့နှင့် စပ်လျဉ်း၍ နှစ်စဉ်ရသုံးမှန်းခြေငွေစာရင်းကို ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြ၍အတည်ပြုချက်ရယူပြီး လူမှုဖူလုံရေးအဖွဲ့အား စီမံခန့်ခွဲစေရမည်။ အလုပ်သမားဝန်ကြီးဌာနသည် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ ဘဏ္ဍာရံပုံငွေဖူလုံမှုနှင့် လုပ်ငန်းဌာနများ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ ပြောင်းလဲလာသည့် လူမှုရေးလိုအပ်ချက်များ စသည့်အခြေအနေများကို မူတည်၍ လူမှုဖူလုံရေးရန်ပုံငွေနှင့် အလုပ်တွင်ထိခိုက်မှု အကျိုးခံစားခွင့်ရန်ပုံများအတွက် သတ်မှတ်ထားသည့် ထည့်ဝင်ကြေး နှုန်းထားများနှင့် အကျိုးခံစားခွင့်များကို ပြင်ဆင်ခြင်းနှင့် အာမခံစနစ်များ အဆင့်ဆင့်အကောင်အထည်ဖော်ခြင်းကို လူမှုဖူလုံရေးအဖွဲ့ နှင့်ညှိနှိုင်း၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် အမိန့်ကြော်ငြာစာထုတ်ပြန်၍ ဆောင်ရွက်နိုင်သည်။ အစိုးရဝန်ထမ်းမဟုတ်သော လူမှုဖူလုံရေးအဖွဲ့၏ အဖွဲ့ဝင်၊ အလုပ်အမှုဆောင်ကော်မတီဝင်၊ လူမှုဖူလုံရေးအယူခံခုံအဖွဲ့၏ အဖွဲ့ဝင်၊ ဆေးဘက်ဆိုင်ရာ အကြံပေးအဖွဲ့၏ အဖွဲ့ဝင်နှင့် ဤဥပဒေအရ တာဝန်ပေးအပ်သည့် အခြားအဖွဲ့ဝင် တစ်ဦးဦးသို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးသည် ဤဥပဒေအရ ပေးအပ်သော လုပ်ငန်းတာဝန်များကို ထမ်းဆောင်နေချိန်တွင် ပြည်သူ့ဝန်ထမ်းဖြစ်သည်။

ဥပဒေပါပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အလုပ်သမားဝန်ကြီးဌာနသည် လူမှုဖူလုံရေးအဖွဲ့နှင့် ညှိနှိုင်း၍ လိုအပ်သော နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် ထုတ်ပြန်နိုင်သည်။ အလုပ်သမားဝန်ကြီးဌာနနှင့် လူမှုဖူလုံရေးအဖွဲ့တို့သည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

## လူမှုဖူလုံရေးရန်ပုံငွေ

လူမှုဖူလုံရေးရန်ပုံငွေတွင် အောက်ပါ ရန်ပုံငွေများ ပါဝင်သည်

- ကျန်းမာရေးနှင့်လူမှုရေးစောင့်ရှောက်မှုရန်ပုံငွေ
- မိသားစုထောက်ပံ့မှုရန်ပုံငွေ
- အလုပ်လုပ်ကိုင်နိုင်စွမ်း မရှိမှု အကျိုးခံစားခွင့်၊ အသက်ပြည့် အငြိမ်းစားအကျိုးခံစားခွင့်နှင့် ကျန်ရစ်သူ အကျိုးခံစားခွင့်ရန်ပုံငွေ
- အလုပ်လက်မဲ့အကျိုးခံစားခွင့်ရန်ပုံငွေ
- သတ်မှတ်ထားသော မှတ်ပုံမတင်မနေရ မှတ်ပုံတင်ထည့်ဝင်ကြေးငွေ ပေးသွင်းရမည့် လူမှုဖူလုံရေးစနစ်

သို့မဟုတ် မိမိတို့၏ ဆန္ဒအလျောက် ထည့်ဝင်နိုင်သည့် အခြားလူမှုဖူလုံစနစ်များအရ ထားရှိသည့် အခြားရန်ပုံငွေများ

- လူမှုဖူလုံရေး အိမ်ရာစီမံကိန်းရန်ပုံငွေများ

လူမှုဖူလုံရေး ရန်ပုံငွေများကို အလုပ်ရှင်နှင့် အလုပ်သမားတို့က အလုပ်သမား၏ တစ်လအတွက် လုပ်ခအပေါ် မူတည်၍ ပေးသွင်းရမည် ထည့်ဝင်ကြေးနှုန်းထားများကို အလုပ်သမားဝန်ကြီးဌာနမှ လူမှုဖူလုံရေးအဖွဲ့နှင့် ညှိနှိုင်း၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် သတ်မှတ်ရမည်။ ထည့်ဝင်ကြေးဝင်ငွေများကို အငြိမ်းစားယူရမည့် အသက်ပြည့်သည်အထိ သို့မဟုတ် အငြိမ်းစားယူရမည့် အသက်ပြည့်သော်လည်း ဆက်လက်၍ အလုပ်လုပ်ကိုင်နေလျှင် လုပ်ကိုင်နေသည့်ကာလအထိ သက်ဆိုင်ရာ လူမှုဖူလုံရေးရန်ပုံငွေသို့ သတ်မှတ်ချက်များနှင့်အညီ ပေးသွင်းရမည်။ အလုပ်ရှင်သည် မိမိ၏ အလုပ်သမားမှ ထည့်ဝင်ရမည့်ငွေကို လုပ်ခမှနုတ်ယူပြီး သက်ဆိုင်ရာ လူမှုဖူလုံရေးရန်ပုံငွေသို့ ပေးသွင်းရမည်။ ထည့်ဝင်ငွေပေးသွင်းရန် ပျက်ကွက်သော အလုပ်ရှင်သည် သတ်မှတ်ထားသော ပျက်ကွက်ကြေးငွေကိုပါ ထည့်ဆောင်းပေးသွင်းရန် လူမှုဖူလုံရေးအဖွဲ့မှ ဆုံးဖြတ်နိုင်သည်။

## ဖြတ်သန်းမှုအဆင့်ဆင့်

ဤဥပဒေကြမ်းနှင့်ပတ်သက်၍ အမျိုးသားလွှတ်တော်တွင် စတင်တင်သွင်းစဉ်က တစ်ကြိမ် ဆွေးနွေးခဲ့ပြီး ပြင်ဆင်ချက်ဖြင့် ဥပဒေကြမ်းကော်မတီ အစီရင်ခံစာ နှစ်စောင် တင်သွင်းခဲ့ပြီး ပြည်သူ့လွှတ်တော်မှ ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသောအခါ ပြင်ဆင်ချက်အဆိုတင်သွင်းဆွေးနွေးမည့် လွှတ်တော်ကိုယ်စားလှယ်မရှိသဖြင့် ပြည်သူ့လွှတ်တော် ပြင်ဆင်ချက်အတိုင်း အတည်ပြုခဲ့ကြောင်း တွေ့ရသည်။ ပြည်သူ့လွှတ်တော်တွင် တစ်ကြိမ်ဆွေးနွေးခဲ့ပြီး ဥပဒေကြမ်းကော်မတီ အစီရင်ခံစာတစ်စောင် တင်သွင်းခဲ့ကြောင်းတွေ့ရသည်။ လွှတ်တော်နှစ်ရပ် သဘောထားကွဲလွဲမှုမရှိကြောင်း တွေ့ရသည်။ ပြည်ထောင်စုလွှတ်တော်၌ မှတ်တမ်းတင် အတည်ပြုခြင်းမတွေ့ရဘဲ ဥပဒေကြမ်းအား သမ္မတထံ ပေးပို့ရာ သမ္မတ၏ သဘောထားမှတ်ချက်ပေါ်တွင် ဥပဒေကြမ်းပူးပေါင်းကော်မတီမှ အစီရင်ခံစာတစ်စောင် တင်သွင်းခဲ့ကြောင်းတွေ့ရသည်။

ဤဥပဒေကြမ်းနှင့်ပတ်သက်၍ လွှတ်တော်တွင် ဆွေးနွေးရက် (၅)ရက်ဆွေးနွေးခဲ့သည်။ အမျိုးသားလွှတ်တော်တွင် (၃)ရက်၊ ပြည်သူ့လွှတ်တော်တွင် (၁)ရက်နှင့် ပြည်ထောင်စုလွှတ်တော်တွင် (၁)ရက် ဆွေးနွေးခဲ့သည်။

## ဆွေးနွေးမှု


ဤဥပဒေကြမ်းနှင့်ပတ်သက်၍ လွှတ်တော်ကိုယ်စားလှယ် (၂) ဦးဝင်ရောက်ဆွေးနွေးခဲ့သည်။ အမျိုးသားလွှတ်တော်နှင့် ပြည်သူ့လွှတ်တော်တို့တွင် (၁)ဦးစီ ဆွေးနွေးခဲ့ကြောင်း တွေ့ရသည်။ ဝင်ရောက်ဆွေးနွေးသည့် လွှတ်တော်ကိုယ်စားလှယ်များမှာ USDP (၃)ဦးနှင့် RNDP (၁)ဦးတည်းတို့ဆွေးနွေးခဲ့ကြောင်း တွေ့ရသည်။

ဤဥပဒေကြမ်းနှင့်ပတ်သက်၍ ပြည်ထောင်စုအစိုးရအဖွဲ့ အလုပ်သမားဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးဦးမြင့်သိန်းနှင့် ဥက္ကဋ္ဌတို့က လာရောက်ရှင်းလင်းပြောဆိုသည်ကို တွေ့ရသည်။ ပြည်ထောင်စုအစိုးရအဖွဲ့ ရေးရာကော်မတီများ၊ ဥပဒေကြမ်းကော်မတီများနှင့် အလုပ်သမားဝန်ကြီးဌာနတို့က ညှိနှိုင်းခဲ့သည်ကိုလည်း တွေ့ရသည်။

### ဝင်ရောက်ဆွေးနွေးခဲ့ကြသည့် လွှတ်တော်ကိုယ်စားလှယ်များ

| စဉ် | ကိုယ်စားလှယ်အမည် | မဲဆန္ဒနယ် | ပါတီ | ဆွေးနွေးသည့်လွှတ်တော် |
|---|---|---|---|---|
| ၁ | ဒေါက်တာမြဦး | ပဲခူး (၉) | USDP | အမျိုးသားလွှတ်တော် |
| ၂ | ဒေါက်တာဝင်းမြင့်အောင် | စစ်ကိုင်း (၄) | USDP | အမျိုးသားလွှတ်တော် |
| ၃ | ဦးထွန်းအောင်ကျော် | ပုဏ္ဏားကျွန်း | RNDP | ပြည်သူ့လွှတ်တော် |
| ၄ | ဦးသန်းစိန် | ကြည့်မြင်တိုင် | USDP | ပြည်သူ့လွှတ်တော် |

## ၄.၇.၀။ တိုင်းရင်းဆေးကောင်စီဥပဒေကိုပြင်ဆင်သည့်ဥပဒေ



၄.၇.၀။ တိုင်းရင်းဆေးကောင်စီဥပဒေကိုပြင်ဆင်သည့်ဥပဒေ

| နောက်ခံအကြောင်းအရာ | |
|---|---|
| တင်သွင်းသူ | ဒေါက်တာဖေသက်ခင်၊ ပြည်ထောင်စုဝန်ကြီး |
| မဲဆန္ဒနယ်/အဖွဲ့အစည်း | ကျန်းမာရေးဝန်ကြီးဌာန |
| စတင်တင်သွင်းသည့်လွှတ်တော် | အမျိုးသားလွှတ်တော် |
| တင်သွင်းသည့်ရက်စွဲ | ၂၀၁၂ခုနှစ်၊ဇူလိုင်လ (၁၃)ရက် |
| ဥပဒေအဖြစ် ပြဋ္ဌာန်းသည့်ရက်စွဲ | ၂၀၁၃ခုနှစ်၊ဇန်နဝါရီလ (၁၅) ရက် |
| အမျိုးအစား | ပြင်ဆင်သည့်ဥပဒေ |
| ကဏ္ဍ | လူမှုရေး |

## မိတ်ဆက်

### (၂၀၁၃ခုနှစ်၊ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်၂)

၂၀၁၃ခုနှစ်၊ဇန်နဝါရီလ (၁၅) ရက်နေ့တွင်သမ္မတမှလက်မှတ်ရေးထိုးပြဋ္ဌာန်းသည်။

## ဖြတ်သန်းမှုအဆင့်ဆင့်

ဤဥပဒေကြမ်းနှင့်ပတ်သက်၍ အမျိုးသားလွှတ်တော်တွင်စတင် တင်သွင်းစဉ်က တစ်ကြိမ်ဆွေးနွေးပြီး ပြည်သူ့လွှတ်တော်မှ ပြင်ဆင်ချက်ဖြင့်ပြန်လည်ပေးပို့လာသောအခါ ပြင်ဆင်ချက်အဆို တင်သွင်းဆွေးနွေးမည့် လွှတ်တော်ကိုယ်စားလှယ်မရှိသဖြင့် ပြည်သူ့လွှတ်တော် ပြင်ဆင်ချက်အတိုင်း အတည်ပြုခဲ့ကြောင်းတွေ့ရသည်။ အမျိုးသားလွှတ်တော်တွင် ဥပဒေကြမ်းကော်မတီအစီရင်ခံစာ တစ်စောင် တင်သွင်းခံကြောင်းတွေ့ရသည်။ ပြည်သူ့လွှတ်တော်တွင် တစ်ကြိမ်ဆွေးနွေးပြီး ဥပဒေ ကြမ်းကော်မတီ အစီရင်ခံစာတစ်စောင် တင်သွင်းခဲ့ကြောင်း တွေ့ရသည်။ လွှတ်တော်နှစ်ရပ် သဘောထားကွဲလွဲမှု မရှိသဖြင့် ပြည်ထောင်စုလွှတ်တော်တွင် မှတ်တမ်းတင် အတည်ပြုခဲ့ကြောင်း တွေ့ရသည်။

ဤဥပဒေကြမ်းနှင့်ပတ်သက်၍ လွှတ်တော်တွင် စုစုပေါင်းဆွေးနွေးရက် (၄)ရက်ရှိခဲ့ကြောင်း တွေ့ရသည်။ အမျိုးသားလွှတ်တော်တွင် (၂) ရက်နှင့် ပြည်သူ့လွှတ်တော်တွင် (၂)ရက်ဆွေးနွေးခဲ့ကြောင်း တွေ့ရသည်။


## ဆွေးနွေးမှု

ဤဥပဒေကြမ်းနှင့်ပတ်သက်၍လွှတ်တော်ကိုယ်စားလှယ် (၂)ဦး ဝင်ရောက်ဆွေးနွေးခဲ့ကြောင်း တွေ့ရသည်။ ပြည်သူ့လွှတ်တော်တွင် (၂)ဦး ဆွေးနွေးခဲ့ကြောင်း တွေ့ရသည်။ ဥပဒေကြမ်းတွင် ပြည်ထောင်စုအစိုးရအဖွဲ့ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်နှင့် ဥပဒေကြမ်းကော်မတီတို့ လာရောက်ရှင်းလင်း ပြောကြားသွားသည်ကို တွေ့ရသည်။ ဝင်ရောက်ဆွေးနွေးသည့် လွှတ်တော်ကိုယ်စားလှယ်များမှာ NLD နှင့် USDP (၁)ဦးစီတို့ ဝင်ရောက်ဆွေးနွေးခဲ့ကြောင်း တွေ့ရသည်။

## ဝင်ရောက်ဆွေးနွေးခဲ့ကြသည့် လွှတ်တော်ကိုယ်စားလှယ်များ

| စဉ် | ကိုယ်စားလှယ်အမည် | မဲဆန္ဒနယ် | ပါတီ | ဆွေးနွေးသည့်လွှတ်တော် |
|---|---|---|---|---|
| ၁ | ဦးမြင့်ဦး | သနပ်ပင် | NLD | ပြည်သူ့လွှတ်တော် |
| ၂ | ဒေါက်တာကျော်မြင့် | ချမ်းအေးသာစံ | USDP | ပြည်သူ့လွှတ်တော် |

## ၄.၈.၀။ ၂၀၁၃ခုနှစ်၊ အနည်းဆုံးအခကြေးငွေဥပဒေ



### ၄.၈.၀။ ၂၀၁၃ခုနှစ်၊ အနည်းဆုံးအခကြေးငွေဥပဒေ

| နောက်ခံအကြောင်းအရာ | |
|---|---|
| တင်သွင်းသူ | ဦးမြင့်သိန်း၊ ဒုတိယဝန်ကြီး |
| မဲဆန္ဒနယ်/အဖွဲ့အစည်း | အလုပ်သမားဝန်ကြီးဌာန |
| စတင်တင်သွင်းသည့်လွှတ်တော် | ပြည်သူ့လွှတ်တော် |
| တင်သွင်းသည့်ရက်စွဲ | ၂၀၁၂ခုနှစ်၊ဇူလိုင်လ (၁၃)ရက် |
| ဥပဒေအဖြစ် ပြဋ္ဌာန်းသည့်ရက်စွဲ | ၂၀၁၃ခုနှစ်၊မတ်လ (၂၂)ရက် |
| အမျိုးအစား | အသစ်ရေးဆွဲပြဋ္ဌာန်းသည့်ဥပဒေ |
| ကဏ္ဍ | လူမှုရေး |

## မိတ်ဆက်

### (၂၀၁၃ခုနှစ်၊ ပြည်ထောင်စု ဥပဒေအမှတ် ၇)

၂၀၁၃ခုနှစ်၊ မတ်လ (၂၂)ရက်နေ့တွင် သမ္မတမှ လက်မှတ်ရေးထိုးပြဋ္ဌာန်းသည်။ ဤဥပဒေကြမ်းတွင် အခန်းပေါင်း (၁၁)ခန်းနှင့် ပုဒ်မပေါင်း (၃၇)ခုပါဝင်သည်။

## ကိုင်တွယ်သည့်အဖွဲ့အစည်း

နိုင်ငံတော်သမ္မတသည် အလုပ်သမားများအတွက် အနည်းဆုံးအခကြေးငွေ သတ်မှတ်နိုင်ရန် သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အ စည်းများမှ ကိုယ်စားလှယ်များ၊ အလုပ်သမားအဖွဲ့အစည်း သို့မဟုတ် အလုပ်သမားများ၏ ကိုယ်စားလှယ်များ၊ အလုပ်ရှင်အဖွဲ့အစည်း သို့မဟုတ် အလုပ်ရှင်များ၏ကိုယ်စားလှယ်များ၊ အခကြေးငွေ သတ်မှတ်ခြင်းဆိုင်ရာ လုပ်ငန်းကျွမ်းကျင်ပြီး မျှတစွာဆောင်ရွက်မည့် အခြားပုဂ္ဂိုလ်များ ပါဝင်သည့် အနည်းဆုံးအခကြေးငွေဆိုင်ရာ အမျိုးသားကော်မတီကို အမိန့်ကြော်ငြာစာထုတ်ပြန်၍ ဖွဲ့စည်းရမည်။ ဖွဲ့စည်းရာတွင်ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့ကို တစ်ပါတည်းသတ်မှတ်ပေးရမည်။ လိုအပ်ပါက ဒုတိယဥက္ကဋ္ဌနှင့် တွဲဖက်အတွင်းရေးမှူးတို့ကို သတ်မှတ်ပေးနိုင်သည်။ ဖွဲ့စည်းသော အမျိုးသားကော်မတီ သက်တမ်းသည် သုံးနှစ်ဖြစ်ပြီး ယင်းသက်တမ်းအတွင်း လိုအပ်ပါက အဖွဲ့ဝင်များကို အစားထိုးပြင်ဆင်ဖွဲ့စည်းနိုင်သည်။ အမျိုးသားကော်မတီကို ဖွဲ့စည်းရာ၌ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များသည် အလုပ်သမားရေးရာ၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ စီးပွားရေး၊ ကူးသန်းရောင်းဝယ်ရေး၊ ကုန်ထုတ်လုပ်ငန်း၊ လူမှုရေးတို့နှင့်သက်ဆိုင်သည့် အစိုးရဌာန၊ အစိုးရအဖွဲ့ အစည်းများမှ တာဝန်ရှိသူများဖြစ်ရမည်။ အခကြေးငွေ သတ်မှတ်ခြင်းဆိုင်ရာ လုပ်ငန်းကျွမ်းကျင်သည့် အခြားပုဂ္ဂိုလ် တစ်ဦး သို့မဟုတ် တစ်ဦးထက်ပို၍ ပါဝင်ဖွဲ့စည်းနိုင်သည်။ အမျိုးသားကော်မတီသည် ဥပဒေပါ အနည်းဆုံး အခကြေးငွေဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့် သက်ဆိုင်စေရမည့် ကူးသန်းရောင်းဝယ်ရေးလုပ်ငန်း၊ ကုန်ထုတ်လုပ်ငန်းနှင့် ဝန်ဆောင်မှုလုပ်ငန်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းကို နိုင်ငံတစ်ဝန်းလုံးအတွက်ဖြစ်စေ၊ သက်ဆိုင်ရာ ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဒေသအလိုက်ဖြစ်စေ၊ အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ သတ်မှတ်ရမည်။ လုပ်ငန်းများ ပြောင်းလဲလာသော အခြေအနေနှင့်အညီ အခါအားလျော်စွာ ပြင်ဆင်သတ်မှတ်နိုင်သည်။ အမျိုးသားကော်မတီသည် အနည်းဆုံးအခကြေးငွေ သတ်မှတ်ရေးအတွက် အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ အလုပ်သမားနှင့် အလုပ်ရှင်တို့၏ ကိုယ်စားလှယ်များနှင့် ကျွမ်းကျင်သူများ ပါဝင်သည့် ပြည်ထောင်စုနယ်မြေ ကော်မတီ၊ တိုင်းဒေသကြီးကော်မတီ သို့မဟုတ် ပြည်နယ် ကော်မတီများကို ဖွဲ့စည်းပြီး လုပ်ငန်း တာဝန်များ သတ်မှတ်ပေးခြင်း၊ လမ်းညွှန်ခြင်းများ ပြုလုပ်

နိုင်သည်။ အမျိုးသားကော်မတီသည် အနည်းဆုံး အခကြေးငွေ သတ်မှတ်နိုင်ရေးအတွက် အခြေခံသင့်သည့် အချက်များနှင့်စပ်လျဉ်း၍ အမျိုးသားအဆင့် မူဝါဒများချမှတ်ရမည်။ အမျိုးသားကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှုများကို အခါအားလျော်စွာ ပြည်ထောင်စုအစိုးရအဖွဲ့သို့တင်ပြခြင်း၊ အမျိုးသားကော်မတီသည် အနည်းဆုံးအခကြေးငွေ သတ်မှတ်မည့် အဆိုပြုအမိန့်ကြော်ငြာစာကို အများပြည်သူ သိစေရန်နှင့် ကန့်ကွက်လိုက ကန့်ကွက်နိုင်ရန် အနည်းဆုံး ရက်ပေါင်း (၆၀)ကြိုတင်၍ နိုင်ငံတော်ပြန်တမ်းနှင့် သတင်းစာများတွင် ထည့်သွင်းထုတ်ပြန်ကြေညာရေးနှင့် သက်ဆိုင်ရာ အဖွဲ့အစည်းများ အလုပ်ရှင်များနှင့် အလုပ်သမားများအား အသိပေး အကြောင်းကြားရေးတို့အတွက် ဦးစီးဌာနကို တာဝန်ပေးအပ်ရမည်။ အဆိုပြုအနည်းဆုံးအခကြေးငွေနှုန်းထားအပေါ် ကန့်ကွက်ချက်မရှိလျှင် ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ရယူ၍ အနည်းဆုံးအခကြေးငွေနှုန်းထားကိုသတ်မှတ်ရမည်။ ကန့်ကွက်ချက်ရှိသည့် ကိစ္စတွင် ကန့်ကွက်ချက်နှင့်စပ်လျဉ်း၍ ညှိနှိုင်းစေပြီး အဆိုပြုနှုန်းထားကို ပြန်လည်တင်ပြစေရမည်။ အမျိုးသားကော်မတီက သတ်မှတ်သော အနည်းဆုံးအခကြေးငွေနှုန်းထားကို ကျေနပ်မှုမရှိသူသည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ပြည်ထောင်စုတရားစီရင်ရေး ဥပဒေတို့နှင့်အညီ ပြည်ထောင်စုတရားလွှတ်တော်ချုပ် သို့ စာချွန်တော်အမိန့်တစ်ရပ်ရပ် ထုတ်၍ ပြင်ဆင်ပေးရန် လျှောက်ထားနိုင်သည်။

အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနသည် ဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ လိုက်နာဆောင်ရွက်ခြင်း ရှိမရှိ စစ်ဆေးနိုင်ရန် သက်ဆိုင်ရာဦးစီးဌာနမှ အရာရှိများအား စစ်ဆေးရေးအရာရှိများအဖြစ် တာဝန်ပေးအပ်ရမည်။ စစ်ဆေးရေးအရာရှိများသည် ဥပဒေပါပြဋ္ဌာန်းချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်သူအား ဦးစီးဌာန၏ညွှန်ကြားချက်နှင့် တာဝန်ပေးချက်တို့အရ တရားစွဲဆိုနိုင်သည်။ ဥပဒေပါ ပြစ်မှုများကို ဦးစီးဌာနမှ တာဝန်ပေးအပ်သော စစ်ဆေးရေး အရာရှိကသာ သက်ဆိုင်ရာတရားရုံးတွင် တရားစွဲဆိုခွင့် ရှိသည်။

ဥပဒေအရ သတ်မှတ်ထားသော အနည်းဆုံးအခကြေးငွေနှင့် အခြားခံစားခွင့်များကို အလုပ်သမားအားပေးရန် ပျက်ကွက်ခြင်းကြောင့် သော်လည်းကောင်း၊ ထိုအနည်းဆုံး အခကြေးငွေထက် လျှော့နည်း၍ အလုပ်သမားအား ပေးခြင်းကြောင့်သော်လည်းကောင်း၊ အလုပ်ရှင်အပေါ် တရားရုံးက ပြစ်ဒဏ်ချမှတ်ပြီးနောက် ပေးရန်ပျက်ကွက်သော အခကြေးငွေနှင့် အခြားခံစားခွင့်ကို ဒဏ်ငွေအဖြစ် သက်ဆိုင်ရာ အလုပ်သမားအား ပေးရန် အမိန့်ချမှတ်စေကာမူ ထိုအလုပ်သမားသည် ခံစားခွင့်ရှိသော အခကြေးငွေနှင့် အခြားခံစားခွင့် အပြည့်အဝမရရှိပါက ထိုအခကြေးငွေနှင့် ခံစားခွင့်များ အတွက် တရားမကြောင်းအရ တရားစွဲဆို တောင်းခံခွင့်ကို ထိခိုက်ခြင်းမရှိစေရ။ ပြည်ထောင်စုအစိုးရ၊ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနသည် ဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများနှင့်အညီ လိုက်နာဆောင်ရွက်ခြင်း ရှိမရှိနှင့် စပ်လျဉ်း၍ ကူးသန်းရောင်းဝယ်ရေးလုပ်ငန်း၊ ကုန်ထုတ်လုပ်ငန်းနှင့် ဝန်ဆောင်မှုလုပ်ငန်းများကိုလည်းကောင်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကိုလည်းကောင်း စစ်ဆေးရန် သက်ဆိုင်ရာဦးစီးဌာနမှ အရာရှိများအား စစ်ဆေးရေးအရာရှိများအဖြစ် တာဝန်ပေးအပ်ရမည်။

မည်သည့်အလုပ်ရှင်မဆို တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူသည် တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ် ၅သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးနှင့် ခြောက်လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်၃သိန်း ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးကိုဖြစ်စေ ချမှတ်ခြင်းခံရမည်။ မည်သူမဆို ဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများနှင့် အမိန့်တို့ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူသည် သုံးလထက်မပိုသော ထောင်ဒဏ်၊ ငွေဒဏ်နှင့် ဒဏ်နှစ်ရပ်လုံးကို ချမှတ်ခြင်းခံရမည်။

ဥပဒေပါလုပ်ငန်းတာဝန်နှင့်စပ်လျဉ်းသည့် အမျိုးသားကော်မတီ၏ကုန်ကျစရိတ်အဝဝကို နေပြည်တော်ကောင်စီ၏ အရအသုံးခန့်မှန်းခြေငွေစာရင်းမှလည်းကောင်း၊ တိုင်းဒေသကြီးကော်မတီနှင့် ပြည်ထောင်စုကော်မတီ၏ ကုန်ကျစရိတ် အဝဝကို သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့၏ အရအသုံးခန့်မှန်းခြေငွေစာရင်းမှလည်းကောင်း ကျခံ

ရမည်။ ပြည်ထောင်စုအစိုးရ၊ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနသည် အမျိုးသားကော်မတီနှင့် ပြည်ထောင်စုနယ်မြေကော်မတီ၊ တိုင်းဒေသကြီးကော်မတီ သို့မဟုတ် ပြည်နယ်ကော်မတီများ၏ လုပ်ငန်းတာဝန်များနှင့်စပ်လျဉ်းသည့် ရုံးလုပ်ငန်းတာဝန်များကို စီစဉ်ဆောင်ရွက်ပေးရမည်။ နိုင်ငံ့ဝန်ထမ်းမဟုတ်သော အမျိုးသားကော်မတီဝင်များသည် ပြည်ထောင်စုအစိုးရအဖွဲ့က သတ်မှတ်သည့် ချီးမြှင့်ငွေနှင့် စရိတ်များကို ခံစားခွင့်ရှိသည်။ နိုင်ငံ့ဝန်ထမ်းမဟုတ်သော ပြည်ထောင်စုနယ်မြေ ကော်မတီ၊ တိုင်းဒေသကြီးကော်မတီနှင့် ပြည်နယ်ကော်မတီ၏ အဖွဲ့ဝင်များသည် သက်ဆိုင်ရာပြည်ထောင်စုနယ်မြေကော်မတီ၊ တိုင်းဒေသကြီးကော်မတီ သို့မဟုတ် ပြည်နယ်ကော်မတီက ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် သတ်မှတ်သည့် ချီးမြှင့်ငွေကို ခံစားခွင့်ရှိသည်။ ဥပဒေပါ ပြဋ္ဌာန်းချက်များကို ဆောင်ရွက်ရာတွင် ပြည်ထောင်စုအစိုးရ၊ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနသည်လိုအပ်သော နည်းဥပဒေ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် ထုတ်ပြန်နိုင်သည်။ အမျိုးသားကော်မတီနှင့် ပြည်ထောင်စုအစိုးရ၊ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနတို့သည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။ ဥပဒေစတင်အာဏာတည်သည့်နေ့မှစ၍ ၁၉၄၉ခုနှစ်၊ အနည်းဆုံးအခကြေးငွေအက်ဥပဒေ (၁၉၄၉ခုနှစ်၊ အက်ဥပဒေအမှတ် ၆၆) နှင့် လယ်ယာအလုပ်သမား အနည်းဆုံးအခကြေးငွေ (၁၉၄၈ခုနှစ်၊ အက်ဥပဒေအမှတ်၄၄ ) အက်ဥပဒေများကို အာဏာတည်ခြင်းမှ ရုပ်စဲစေရမည်။

## ဖြတ်သန်းမှုအဆင့်ဆင့်

ဤဥပဒေကြမ်းနှင့်ပတ်သက်၍ ပြည်သူ့လွှတ်တော်တွင်စတင် တင်သွင်းစဉ်က တစ်ကြိမ်ဆွေးနွေးပြီး အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်ဖြင့်ပြန်လည်ပေးပို့လာသောအခါ ပြင်ဆင်ချက်အဆို တင်သွင်းဆွေးနွေးမည့် လွှတ်တော်ကိုယ်စားလှယ်မရှိသဖြင့် အမျိုးသားလွှတ်တော် ပြင်ဆင်ချက်အတိုင်း အတည်ပြုခဲ့ကြောင်းတွေ့ရသည်။ ပြည်သူ့လွှတ်တော်တွင် ဥပဒေကြမ်းကော်မတီအစီရင်ခံစာ တစ်စောင်တင်သွင်းခံကြောင်းတွေ့ရသည်။ အမျိုးသားလွှတ်တော်တွင် တစ်ကြိမ်ဆွေးနွေးပြီး ဥပဒေ ကြမ်းကော်မတီ အစီရင်ခံစာတစ်စောင် တင်သွင်းခဲ့ကြောင်း တွေ့ရသည်။ လွှတ်တော်နှစ်ရပ် သဘောထားကွဲလွဲမှု မရှိသဖြင့် ပြည်ထောင်စုလွှတ်တော်တွင် မှတ်တမ်းတင် အတည်ပြုခဲ့ကြောင်း တွေ့ရသည်။

ဤဥပဒေကြမ်းနှင့်ပတ်သက်၍ လွှတ်တော်တွင် စုစုပေါင်းဆွေးနွေးရက် (၅)ရက်ရှိခဲ့ကြောင်းတွေ့ရသည်။ ပြည်သူ့လွှတ်တော်တွင် (၃)ရက်၊ အမျိုးသားလွှတ်တော်တွင် (၁) ရက်နှင့် ပြည်ထောင်စုလွှတ်တော်တွင် (၁)ရက်ဆွေးနွေးခဲ့ကြောင်းတွေ့ရသည်။

## ဆွေးနွေးမှု

ဤဥပဒေကြမ်းကို လွှတ်တော်ကိုယ်စားလှယ် (၂)ဦးဝင်ရောက်ဆွေးနွေးခဲ့ကြောင်း တွေ့ရသည်။ ပြည်သူ့လွှတ်တော်တွင် (၂)ဦးတည်းဝင်ရောက်ဆွေးနွေးခဲ့သည်။ ဥပဒေကြမ်းကို ပြည်ထောင်စုအစိုးရအဖွဲ့ အလုပ်သမားရေးရာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးမြင့်သိန်း ဝင်ရောက်ဆွေးနွေးခဲ့ကြောင်း တွေ့ရသည်။ ဝင်ရောက်ဆွေးနွေးသည့် လွှတ်တော်ကိုယ်စားလှယ်များမှာ USDP နှင့် SNDP တို့မှတစ်ဦးစီဆွေးနွေးခဲ့သည်။

## ဝင်ရောက်ဆွေးနွေးခဲ့ကြသည့် လွှတ်တော်ကိုယ်စားလှယ်များ

| စဉ် | ကိုယ်စားလှယ်အမည် | မဲဆန္ဒနယ် | ပါတီ | ဆွေးနွေးသည့်လွှတ်တော် |
|---|---|---|---|---|
| ၁ | ဦးစောလှထွန်း | ချောင်းဦး | USDP | ပြည်သူ့လွှတ်တော် |
| ၂ | ဒေါက်တာစိုင်းကျော်အုန်း | နမ့်ခမ်း | SNDP | ပြည်သူ့လွှတ်တော် |

## ၄.၉.၀။ ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေ

၆.၂.၂၀၁၃ — ဥပဒေကြမ်းစတင်တင်သွင်း
အမျိုးသားလွှတ်တော်

၂၀.၂.၂၀၁၃ — ဥပဒေကြမ်းကော်မတီအစီရင်ခံစာတင်သွင်း
အမျိုးသားလွှတ်တော်

၂၀.၂.၂၀၁၃ — ပြင်ဆင်ချက်ဖြင့်အတည်ပြု
အမျိုးသားလွှတ်တော်

၇.၃.၂၀၁၃ — ဥပဒေကြမ်းကော်မတီအစီရင်ခံစာတင်သွင်း
ပြည်သူ့လွှတ်တော်

၂၂.၃.၂၀၁၃ — အတည်ပြု
ပြည်သူ့လွှတ်တော်

၈.၇.၂၀၁၃ — ဥပဒေအဖြစ်အတည်ပြု
ပြည်ထောင်စုလွှတ်တော်

## ၄.၉.၀။ ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေ

| နောက်ခံအကြောင်းအရာ | |
|---|---|
| တင်သွင်းသူ | ဒေါက်တာဝင်းမြင့်၊ ဒုတိယဝန်ကြီး |
| မဲဆန္ဒနယ်/အဖွဲ့အစည်း | ကျန်းမာရေးဝန်ကြီးဌာန |
| စတင်တင်သွင်းသည့်လွှတ်တော် | အမျိုးသားလွှတ်တော် |
| တင်သွင်းသည့်ရက်စွဲ | ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ (၆)ရက် |
| ဥပဒေအဖြစ် ပြဋ္ဌာန်းသည့်ရက်စွဲ | ၂၀၁၃ ခုနှစ်၊ ဇွန်လ (၂၈) ရက် |
| အမျိုးအစား | ပြင်ဆင်သည့်ဥပဒေ |
| ကဏ္ဍ | လူမှုရေး |

### မိတ်ဆက်

### (၂၀၁၃ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၄)

၂၀၁၃ခုနှစ်၊ဇွန်လ (၂၈) ရက်နေ့တွင်သမ္မတမှလက်မှတ်ရေးထိုးပြဋ္ဌာန်းသည်။

### ဖြတ်သန်းမှုအဆင့်ဆင့်

ဤဥပဒေကြမ်းနှင့်ပတ်သက်၍အမျိုးသားလွှတ်တော်တွင်စတင်တင်သွင်းစဉ်ကတစ်ကြိမ်ဆွေးနွေးခဲ့ပြီး၊ပြည်သူ့လွှတ်တော်မှပြင်ဆင်ချက်ဖြင့်ပြန်လည်ပေးပို့စဉ်ကတစ်ကြိမ်ဆွေးနွေးခဲ့ကြောင်းတွေ့ရသည်။အမျိုးသားလွှတ်တော်တွင်ဥပဒေကြမ်းကော်မတီအစီရင်ခံစာတစ်စောင်တင်သွင်းခဲ့ကြောင်းတွေ့ရသည်။ပြည်သူ့လွှတ်တော်တွင်တစ်ကြိမ်ဆွေးနွေးခဲ့ပြီးဥပဒေကြမ်းကော်မတီအစီရင်ခံစာတစ်စောင်တင်သွင်းခဲ့ကြောင်းတွေ့ရသည်။လွှတ်တော်နှစ်ရပ်သဘောထားကွဲလွဲမှုမရှိသောကြောင့်ပြည်ထောင်စုလွှတ်တော်၌ဆွေးနွေးမှုမရှိဘဲမှတ်တမ်းတင်အတည်ပြုခဲ့ကြောင်းတွေ့ရသည်။

ဤဥပဒေကြမ်းနှင့်ပတ်သက်၍လွှတ်တော်တွင်စုစုပေါင်းဆွေးနွေးရက် (၂) ရက်ရှိခဲ့ကြောင်းတွေ့ရသည်။အမျိုးသားလွှတ်တော်တွင်(၁)ရက်နှင့်ပြည်သူ့လွှတ်တော်တွင် (၁) ရက်ဆွေးနွေးခဲ့ကြောင်းတွေ့ရသည်။

## ၄.၁၀.၀။ ၂၀၁၃ခုနှစ်၊ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအက်ဥပဒေကိုပြင်ဆင်သည့်ဥပဒေ

- ၂၉.၁.၂၀၁၃ — ဥပဒေကြမ်းစတင်တင်သွင်း အမျိုးသားလွှတ်တော်
- ၂၇.၂.၂၀၁၃ — ဥပဒေကြမ်းကော်မတီအစီရင်ခံစာတင်သွင်း အမျိုးသားလွှတ်တော်
- ၂၇.၂.၂၀၁၃ — ပြင်ဆင်ချက်ဖြင့်အတည်ပြု အမျိုးသားလွှတ်တော်
- ၁၃.၃.၂၀၁၃ — ဥပဒေကြမ်းကော်မတီအစီရင်ခံစာတင်သွင်း ပြည်သူ့လွှတ်တော်
- ၂၂.၃.၂၀၁၃ — အတည်ပြု ပြည်သူ့လွှတ်တော်
- ၈.၇.၂၀၁၃ — ဥပဒေအဖြစ်အတည်ပြု ပြည်ထောင်စုလွှတ်တော်

## ၄.၁၀.၀။ ၂၀၁၃ခုနှစ်၊မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအက်ဥပဒေကိုပြင်ဆင်သည့်ဥပဒေ

| နောက်ခံအကြောင်းအရာ | |
|---|---|
| တင်သွင်းသူ | ဒေါက်တာဝင်းမြင့်၊ ဒုတိယဝန်ကြီး |
| မဲဆန္ဒနယ်/အဖွဲ့အစည်း | ကျန်းမာရေးဝန်ကြီးဌာန |
| စတင်တင်သွင်းသည့်လွှတ်တော် | အမျိုးသားလွှတ်တော် |
| တင်သွင်းသည့်ရက်စွဲ | ၂၀၁၃ခုနှစ်၊ ဇန်နဝါရီလ (၂၉)ရက် |
| ဥပဒေအဖြစ် ပြဋ္ဌာန်းသည့်ရက်စွဲ | ၂၀၁၃ခုနှစ်၊ဇွန်လ (၂၈) ရက် |
| အမျိုးအစား | ပြင်ဆင်သည့်ဥပဒေ |
| ကဏ္ဍ | လူမှုရေး |

### မိတ်ဆက်

### (၂၀၁၃ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၁၅)

၂၀၁၃ခုနှစ်၊ဇွန်လ (၂၈) ရက်နေ့တွင်သမ္မတမှလက်မှတ်ရေးထိုးပြဋ္ဌာန်းသည်။

### ကိုင်တွယ်သည့်အဖွဲ့အစည်း

ကျန်းမာရေးဝန်ကြီးဌာနသည် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဗဟိုကောင်စီကို အောက်ပါအတိုင်း ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဖွဲ့စည်းရမည်။ ဗဟိုကောင်စီတွင် -

- ပြည်ထောင်စုအစိုးရအဖွဲ့မှ ခန့်ထားသောပုဂ္ဂိုလ် တစ်ဦး- ဥက္ကဋ္ဌ
- ပြည်ထောင်စုအစိုးရအဖွဲ့မှ ခန့်ထားသော ပုဂ္ဂိုလ် (၁၄)ဦး- အဖွဲ့ဝင်
- တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်၊ မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ (၁၄)ဦး အဖွဲ့ဝင်
- နေပြည်တော်မိခင်နှင့် ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ-အဖွဲ့ဝင်
- စေတနာ့ဝန်ထမ်းလုပ်ငန်းစိတ်ဝင်စားသူ (၅)ဦး
- အဖွဲ့ဝင် တို့နှင့်ဖွဲ့စည်းရမည်။

ဗဟိုကောင်စီတွင် ဥက္ကဋ္ဌမှအပ ဒုတိယဥက္ကဋ္ဌ (၂)ဦး၊ အတွင်းရေးမှူး (၁)ဦး၊ တွဲဖက်အတွင်းရေးမှူး (၂)ဦး၊ ဘဏ္ဍာရေးမှူး (၁)ဦးနှင့် စာရင်းစစ်တစ်ဦးတို့ကို ဗဟိုကောင်စီဝင်များက မိမိတို့အထဲမှ ရွေးချယ်တင်မြှောက်ရမည်။ ဗဟိုအလုပ်မှုဆောင်အဖွဲ့ကို ဗဟိုကောင်စီဥက္ကဋ္ဌမှ ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ရွေးချယ်တင်မြှောက်ခံရသောပုဂ္ဂိုလ်များသည် ရွေးချယ်တင်မြှောက်ခံရသည့်ရာထူးဖြင့်လည်းကောင်း၊ ဗဟိုကောင်စီဝင်များမှ ရွေးချယ်တင်မြှောက်သော အခြား ဗဟိုကောင်စီဝင် (၇) ဦးသည် ဗဟိုအလုပ်မှုဆောင်အဖွဲ့ဝင်အဖြစ်လည်းကောင်း၊ စုစုပေါင်း (၁၅)ဦးဖြင့် ဖွဲ့စည်းရမည်။ ဗဟိုအလုပ်မှုဆောင်အဖွဲ့၊ ဖွဲ့စည်းပြီးနောက် ဂုဏ်ထူးဆောင်နာယကများ သတ်မှတ်ခြင်း၊ ရွေးချယ်တင်မြှောက်ခြင်းပြုနိုင်သည်။ ဗဟိုကောင်စီ၊ မြို့နယ်အသင်းနှင့် အသင်းခွဲအသီးသီး၏ အမှုဆောင်အဖွဲ့သက်တမ်းသည် (၅)နှစ်ဖြစ်သည်။

ဥပဒေပါပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ကျန်းမာရေးဝန်ကြီးဌာနသည် လိုအပ်သော နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။ ကျန်းမာရေးဝန်ကြီးဌာနနှင့် ဗဟိုကောင်စီတို့သည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

### ဖြတ်သန်းမှုအဆင့်ဆင့်

ဤဥပဒေကြမ်းနှင့်ပတ်သက်၍အမျိုးသားလွှတ်တော်တွင် စတင်တင်သွင်းစဉ်က တစ်ကြိမ်ဆွေးနွေးခဲ့ပြီး ဥပဒေကြမ်းကော်မတီအစီရင်ခံစာတစ်စောင် တင်သွင်းခဲ့ကြောင်းတွေ့ရသည်။ ပြည်သူ့လွှတ်တော်တွင် တစ်ကြိမ်ဆွေးနွေးခဲ့ပြီး

ဥပဒေကြမ်းကော်မတီ အစီရင်ခံစာတစ်စောင် တင်သွင်းခဲ့ကြောင်းတွေ့ရသည်။ လွှတ်တော်နှစ်ရပ်သဘောထား ကွဲလွဲမှုမရှိသောကြောင့် ပြည်ထောင်စုလွှတ်တော်၌ ဆွေးနွေးမှုမရှိဘဲ မှတ်တမ်းတင်အတည်ပြုခဲ့ကြောင်း တွေ့ရသည်။

ဤဥပဒေကြမ်းနှင့်ပတ်သက်၍ လွှတ်တော်တွင် စုစုပေါင်းဆွေးနွေးရက် (၂) ရက်ရှိခဲ့ကြောင်းတွေ့ရသည်။ အမျိုးသားလွှတ်တော်တွင် (၁) ရက်နှင့်ပြည်သူ့လွှတ်တော်တွင် (၁) ရက်ဆွေးနွေးခဲ့ကြောင်းတွေ့ရသည်။

## ၄.၁၁.၀။ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ဥပဒေ

- ၂၂.၁.၂၀၁၃ — ဥပဒေကြမ်းစတင်တင်သွင်း
  အမျိုးသားလွှတ်တော်
- ၂၈.၁.၂၀၁၃ — ဥပဒေကြမ်းကော်မတီအစီရင်ခံစာတင်သွင်း
  အမျိုးသားလွှတ်တော်
- ၂၈.၁.၂၀၁၃ — ကိုယ်စားလှယ်များ၏ဆွေးနွေးမှု
  အမျိုးသားလွှတ်တော်
- ၇.၂.၂၀၁၃ — ဥပဒေကြမ်းကော်မတီအစီရင်ခံစာပြန်လည်တင်သွင်း
  အမျိုးသားလွှတ်တော်
- ၇.၂.၂၀၁၃ — ပြင်ဆင်ချက်ဖြင့်အတည်ပြု
  အမျိုးသားလွှတ်တော်
- ၂၇.၂.၂၀၁၃ — ဥပဒေကြမ်းကော်မတီအစီရင်ခံစာတင်သွင်း
  ပြည်သူ့လွှတ်တော်
- ၁၄.၃.၂၀၁၃ — ဥပဒေကြမ်းကော်မတီအစီရင်ခံစာပြန်လည်တင်သွင်း
  ပြည်သူ့လွှတ်တော်
- ၁၄.၃.၂၀၁၃ — ကိုယ်စားလှယ်များ၏ဆွေးနွေးမှု
  ပြည်သူ့လွှတ်တော်
- ၁၄.၃.၂၀၁၃ — ပြင်ဆင်ချက်ဖြင့်အတည်ပြု
  ပြည်သူ့လွှတ်တော်
- ၂၁.၃.၂၀၁၃ — အတည်ပြု
  အမျိုးသားလွှတ်တော်
- ၈.၇.၂၀၁၃ — သမ္မတမှတ်ချက်ဖြင့် ပေးပို့မှုအပေါ်ဥပဒေကြမ်းပူးပေါင်း
  ကော်မတီ၏လေ့လာတွေ့ရှိချက်အစီရင်ခံစာတင်သွင်း
  ပြည်ထောင်စုလွှတ်တော်
- ၂၅.၇.၂၀၁၃ — ဥပဒေအဖြစ်အတည်ပြု
  ပြည်ထောင်စုလွှတ်တော်

၄.၁၁.၀။ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ဥပဒေ

| နောက်ခံအကြောင်းအရာ | |
|---|---|
| တင်သွင်းသူ | ဦးဝင်းမြင့်၊ ဒုတိယဝန်ကြီး |
| မဲဆန္ဒနယ်/အဖွဲ့အစည်း | လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန |
| စတင်တင်သွင်းသည့်လွှတ်တော် | အမျိုးသားလွှတ်တော် |
| တင်သွင်းသည့်ရက်စွဲ | ၂၀၁၃ခုနှစ်၊ဇန်နဝါရီလ (၂၂)ရက် |
| ဥပဒေအဖြစ် ပြဋ္ဌာန်းသည့်ရက်စွဲ | ၂၀၁၃ခုနှစ်၊ဇူလိုင်လ (၂၉)ရက် |
| အမျိုးအစား | အသစ်ရေးဆွဲပြဋ္ဌာန်းသည့်ဥပဒေ |
| ကဏ္ဍ | လူမှုရေး |

**မိတ်ဆက်**

**(၂၀၁၃ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၉)**

၂၀၁၃ခုနှစ်၊ဇူလိုင်လ (၂၉) ရက်နေ့တွင်သမ္မတမှလက်မှတ်ရေးထိုးပြဋ္ဌာန်းခဲ့သည်။ဤဥပဒေကြမ်းတွင်အခန်းပေါင်း (၇)ခန်းနှင့်ပုဒ်မပေါင်း (၂၇)ခုပါဝင်သည်။

**ကိုင်တွယ်သည့်အဖွဲ့အစည်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အစိုးရအဖွဲ့သည် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးကို ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ သက်ဆိုင်ရာဝန်ကြီးဌာနမှ ပြည်ထောင်စုဝန်ကြီးများအား ဒုတိယဥက္ကဋ္ဌနှစ်ဦးအဖြစ်လည်းကောင်း၊ သန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်းနှင့် ဆက်စပ်ဆောင်ရွက်ရမည့် ဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများကို အဖွဲ့ဝင်များအဖြစ် လည်းကောင်း၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အား ဝန်ကြီးဌာန ဒုတိယဝန်ကြီးကို အတွင်းရေးမှူးအဖြစ် လည်း ကောင်း၊ ဗဟိုသန်းခေါင်စာရင်းကော်မရှင်ကို ဖွဲ့စည်းရမည်။ နိုင်ငံတော်သမ္မတက တာဝန်ပေးအပ်သော ဒုတိယသမ္မတ တစ်ဦးသည် ဗဟိုသန်းခေါင်စာရင်းကော်မရှင်၏ နာယက ဖြစ်သည်။ ဗဟိုသန်းခေါင်စာရင်းကော်မရှင်၏ လုပ်ငန်းတာဝန် များမှာ သန်းခေါင်စာရင်းကောက်ယူရန် ကြိုတင်ပြင်ဆင် ခြင်း၊ စာရင်းကောက်ခြင်း၊ စာရင်းပြုစုခြင်းနှင့် စာရင်းထုတ် ပြန်ခြင်းတို့ ပါဝင်သော သန်းခေါင်စာရင်းလုပ်ငန်း တစ်ရပ် လုံးပြီးမြောက်အောင်မြင်စေရန် အစိုးရအဖွဲ့၏ မူဝါဒနှင့် အညီ ဦးဆောင်မှုပေးခြင်း၊ သန်းခေါင်စာရင်းကောက်ယူခြင်း လုပ်ငန်းနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်းနှင့် ဗဟိုသန်းခေါင်စာရင်းကော်မတီ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ် ခွင့်ရဒေသ၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု၊ သန်းခေါင်စာရင်းကော်မရှင်များကို ဖွဲ့စည်းခြင်းနှင့် ယင်းတို့၏ လုပ်ငန်းတာဝန်များကို သတ်မှတ်ခြင်းတို့ဖြစ်သည်။

ဗဟိုသန်းခေါင်စာရင်းကော်မရှင်၏ လုပ်ပိုင်ခွင့်များမှာ သန်းခေါင်စာရင်းကောက်ယူခြင်း လုပ်ငန်းများဆောင်ရွက်ရန် မည်သည့်ရုံး၊ ဌာန၊ အဖွဲ့အစည်းနှင့် ကိုယ်စားလှယ်လုပ်ငန်း တို့ကိုမဆို တာဝန်ပေးအပ်ခြင်း၊ သန်းခေါင်စာရင်းကောက် ယူခြင်းလုပ်ငန်းနှင့်စပ်လျဉ်း၍ အများပြည်သူ့အား ပညာ ပေးခြင်း၊ စည်းရုံးခြင်းနှင့် လှုပ်ရှားဆောင်ရွက်ခြင်း၊ စာရင်း စစ်များနှင့် စာရင်းကောက်များကို ခန့်အပ်တာဝန်ပေးအပ် ခြင်းနှင့် တာဝန်မှပြန်လည်ရုတ်သိမ်းခြင်း၊ ကုလသမဂ္ဂအဖွဲ့ အစည်းများ၊ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ ပြည်တွင်း ပြည်ပမှ အစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့် ပူးပေါင်း ဆောင်ရွက်ခြင်း၊ ဌာနအဖွဲ့အစည်းများမှ လိုအပ်သောနည်း ပညာနှင့် ကူညီထောက်ပံ့မှုများရယူ၍ စီမံခန့်ခွဲခြင်း၊ အသုံး ပြုခြင်းနှင့် ရန်ပုံငွေတစ်ရပ် ထူထောင်ခြင်းတို့ဖြစ်သည်။ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးသည် သန်းခေါင်စာရင်းကောက်ယူခြင်း လုပ်ငန်းများကို ကြီးကြပ်ဆောင်ရွက်ရန် ပြည်သူ့အင်အား ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ကို သန်းခေါင်စာရင်းတာဝန်ခံ အဖြစ်ခန့်အပ်ရမည်။ သန်းခေါင်စာရင်း တာဝန်ခံအရာရှိသည်

သန်းခေါင်စာရင်းမှ ရရှိထားသော အချက်အလက်များကို ဆောလျင်စွာ ထုတ်ပြန်ကြေညာရမည်။ မေးခွန်းပုံစံများကို လက်ခံခြင်း၊ စာရင်းဇယားများပြုစုခြင်း၊ အချက်အလက်များ သိမ်းဆည်းခြင်းနှင့် အစီရင်ခံစာများ ပုံနှိပ်ဖြန့်ဝေခြင်းတို့ကို ကြီးကြပ်ရမည်။ ပြုစုထားသော အစီရင်ခံစာများကို လူပုဂ္ဂိုလ် တစ်ဦးတစ်ယောက်၏ ကိုယ်ရေးအကြောင်းအရာကို ဖော်ထုတ်ခြင်းမရှိစေရန် ကာကွယ်ရမည်။ ဖဟိုသန်းခေါင်စာရင်း ကော်မရှင်က သန်းခေါင်စာရင်းကောက်ယူရန် စာရင်းစစ်များနှင့် စာရင်းကောက်များကို ခန့်အပ်တာဝန်ပေးရာတွင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများမှ တပ်ရင်းတပ်ဖွဲ့ ဌာနချုပ်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ အကျဉ်းထောင်၊ ဆေးရုံ၊ စက်ရုံ၊ အလုပ်ရုံ များ၏ တာဝန်ရှိသူ၊ လူမှုရေး၊ ဘာသာရေးနှင့် ပညာရေး ဆိုင်ရာဌာန အဖွဲ့အစည်းများ၏ တာဝန်ရှိသူ၊ ဟိုတယ်၊ မိုတယ်၊ ဧည့်ဂေဟာ၊ တည်းခိုခန်း၊ စုပေါင်းအိမ်ရာ၊ စုပေါင်း ပိုင် အဆောက်အအုံ၊ အဆောင်၊ အသင်းအဖွဲ့ပိုင် အဆောက် အအုံ စသည့်တို့၏ တာဝန်ခံ သို့မဟုတ် မန်နေဂျာ၊ စီးပွားရေး လုပ်ငန်းများ၏ တာဝန်ခံ သို့မဟုတ် မန်နေဂျာ၊ ထိုသူတို့နှင့် ညှိနှိုင်း၍ စာရင်းစစ်များနှင့် စာရင်းကောက်များအဖြစ်ခန့် အပ်တာဝန်ပေးအပ်နိုင်သည်။ ဖဟိုသန်းခေါင်စာရင်း ကော် မရှင်အဖွဲ့ဝင်၊ ဖဟိုသန်းခေါင်စာရင်းကော်မတီဝင်၊ သန်းခေါင် စာရင်းကော်မတီအဆင့်ဆင့်၏ ကော်မတီဝင်၊ စာရင်းစစ်၊ စာရင်းကောက်နှင့် သန်းခေါင်စာရင်း ကောက်ယူခြင်း လုပ်ငန်းတွင် တာဝန်ပေးအပ်ခြင်းခံရသော ပုဂ္ဂိုလ်များကို တာဝန်ထမ်းဆောင်ချိန်တွင် ပြည်သူ့ဝန်ထမ်းအဖြစ် သတ် မှတ်သည်။ အစိုးရအဖွဲ့သည် သန်းခေါင်စာရင်းကောက်ယူ ရန်လိုအပ်သော ရုံးဝန်ထမ်းအဖွဲ့များကို ဖွဲ့စည်းနိုင်သည်။

ဥပဒေပါပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ဝန်ကြီးဌာနသည် လိုအပ်ပါက နည်းဥပဒေ များ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရ အဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။ ဝန်ကြီး ဌာနနှင့် သန်းခေါင်စာရင်းကော်မရှင်တို့သည် လိုအပ်ပါက အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ် နည်းများကို ထုတ်ပြန်နိုင်သည်။ ၁၉၇၂ခုနှစ် ပြည်ထောင်စု မြန်မာနိုင်ငံ သန်းခေါင်စာရင်းဥပဒေကို ဤဥပဒေဖြင့် ရုတ်သိမ်းလိုက်သည်။

## ဖြတ်သန်းမှုအဆင့်ဆင့်

ဤဥပဒေကြမ်းနှင့်ပတ်သက်၍ အမျိုးသားလွှတ်တော် တွင် စတင်တင်သွင်းစဉ်ကတစ်ကြိမ် ဆွေးနွေးခဲ့ပြီး၊ ပြည်သူ့ လွှတ်တော်က ပြင်ဆင်ချက်များဖြင့် ပြန်လည်ပေးပို့လာ စဉ်က တစ်ကြိမ်ဆွေးနွေးခဲ့ကြောင်းတွေ့ရသည်။ အမျိုးသား လွှတ်တော်တွင် ဥပဒေကြမ်းကော်မတီ အစီရင်ခံစာနှစ်စောင် တင်သွင်းခဲ့ကြောင်းတွေ့ရသည်။ ပြည်သူ့လွှတ်တော်တွင် တစ်ကြိမ်ဆွေးနွေးခဲ့ပြီး ဥပဒေကြမ်းကော်မတီအစီရင်ခံစာ နှစ်စောင် တင်သွင်းခဲ့ကြောင်းတွေ့ရသည်။ လွှတ်တော်နှစ်ရပ် သဘောထားကွဲလွဲမှု မရှိသောကြောင့် ပြည်ထောင်စုလွှတ် တော်၌ ဆွေးနွေးမှုမရှိဘဲ မှတ်တမ်းတင်အတည်ပြုခဲ့ကြောင်း တွေ့ရသည်။ ပြည်ထောင်စုလွှတ်တော်၌ မှတ်တမ်းတင် အတည်ပြုခဲ့သော ဥပဒေကြမ်းအား သမ္မတထံပေးပို့ရာ သမ္မတမှ သဘောထားမှတ်ချက် ဖြင့်ပြန်လည်ပေးပို့ခဲ့သည်။ သမ္မတ၏ သဘောထားမှတ်ချက်အား ပြည်ထောင်စု လွှတ်တော်တွင် ဥပဒေကြမ်းပူးပေါင်းကော်မတီ အစီရင်ခံစာ တစ်စောင် တင်သွင်းခဲ့ကြောင်း တွေ့ရသည်။

ဤဥပဒေကြမ်းနှင့်ပတ်သက်၍ လွှတ်တော်တွင် စုစု ပေါင်း ဆွေးနွေးရက် (၆)ရက်ရှိခဲ့သည်။ အမျိုးသား လွှတ်တော်တွင် (၃)ရက်၊ ပြည်သူ့လွှတ်တော်တွင် (၂)ရက် နှင့် ပြည်ထောင်စု လွှတ်တော်တွင် (၁)ရက်ဆွေးနွေးခဲ့ ကြခြင်းဖြစ်သည်။

## ဆွေးနွေးမှု

ဤဥပဒေကြမ်းနှင့်ပတ်သက်၍ လွှတ်တော်ကိုယ်စား လှယ် (၃)ဦး ဝင်ရောက်ဆွေးနွေးခဲ့ကြောင်း တွေ့ရသည်။ ပြည်သူ့လွှတ်တော်တွင် (၃)ဦးဆွေးနွေးခဲ့ကြောင်း တွေ့ရ သည်။ ဝင်ရောက်ဆွေးနွေးသည့် လွှတ်တော်ကိုယ်စားလှယ် များမှာ USDP နှစ်ဦးနှင့် SNDP တစ်ဦးတို့ဆွေးနွေးခဲ့ကြောင်း တွေ့ရသည်။

### ဝင်ရောက်ဆွေးနွေးခဲ့ကြသည့် လွှတ်တော်ကိုယ်စားလှယ်များ

| စဉ် | ကိုယ်စားလှယ်အမည် | မဲဆန္ဒနယ် | ပါတီ | ဆွေးနွေးသည့်လွှတ်တော် |
|---|---|---|---|---|
| ၁ | ဦးဉာဏ်ဝင်း | လှိုင်သာယာ | USDP | ပြည်သူ့လွှတ်တော် |
| ၂ | ဦးအောင်စိန် | မာန်အောင် | USDP | ပြည်သူ့လွှတ်တော် |
| ၃ | ဒေါက်တာစိုင်းကျော်အုန်း | နမ့်ခမ်း | SNDP | ပြည်သူ့လွှတ်တော် |

## ၄.၁၂.၀။ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ဥပဒေ

- ၂၄.၇.၂၀၁၂ — ဥပဒေကြမ်းစတင်တင်သွင်း အမျိုးသားလွှတ်တော်
- ၆.၈.၂၀၁၂ — ဥပဒေကြမ်းကော်မတီအစီရင်ခံစာတင်သွင်း အမျိုးသားလွှတ်တော်
- ၆.၈.၂၀၁၂ — ပြင်ဆင်ချက်ဖြင့်အတည်ပြု အမျိုးသားလွှတ်တော်
- ၉.၁.၂၀၁၃ — ဥပဒေကြမ်းကော်မတီအစီရင်ခံစာတင်သွင်း ပြည်သူ့လွှတ်တော်
- ၄.၂.၂၀၁၃ — ကိုယ်စားလှယ်များ၏ဆွေးနွေးမှု ပြည်သူ့လွှတ်တော်
- ၄.၂.၂၀၁၃ — ပြင်ဆင်ချက်ဖြင့်အတည်ပြု ပြည်သူ့လွှတ်တော်
- ၁၂.၃.၂၀၁၃ — အတည်ပြု အမျိုးသားလွှတ်တော်
- ၈.၇.၂၀၁၃ — သမ္မတမှတ်ချက်ဖြင့် ပေးပို့မှုအပေါ်ဥပဒေကြမ်းပူးပေါင်းကော်မတီ၏လေ့လာတွေ့ရှိချက်အစီရင်ခံစာတင်သွင်း ပြည်ထောင်စုလွှတ်တော်
- ၂၆.၇.၂၀၁၃ — သမ္မတမှတ်ချက်ဖြင့် ပေးပို့မှုအပေါ်ဆွေးနွေး ပြည်ထောင်စုလွှတ်တော်
- ၂၆.၇.၂၀၁၃ — ဥပဒေအဖြစ် အတည်ပြု ပြည်ထောင်စုလွှတ်တော်

၄.၁၂.၀။ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ဥပဒေ

| နောက်ခံအကြောင်းအရာ | |
|---|---|
| တင်သွင်းသူ | ဦးဘုန်းဆွေ၊ ဒုတိယဝန်ကြီး |
| မဲဆန္ဒနယ်/အဖွဲ့အစည်း | လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန |
| စတင်တင်သွင်းသည့်လွှတ်တော် | အမျိုးသားလွှတ်တော် |
| တင်သွင်းသည့်ရက်စွဲ | ၂၀၁၂ ခုနှစ်၊ ဇူလိုင်လ (၂၄) ရက် |
| ဥပဒေအဖြစ် ပြဋ္ဌာန်းသည့်ရက်စွဲ | ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ (၃၁) ရက် |
| အမျိုးအစား | အသစ်ရေးဆွဲပြဋ္ဌာန်းသည့်ဥပဒေ |
| ကဏ္ဍ | လူမှုရေး |

**မိတ်ဆက်**

**(၂၀၁၃ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၂၁)**

၂၀၁၃ခုနှစ်၊ ဇူလိုင်လ (၃၁) ရက်နေ့တွင် သမ္မတမှ လက်မှတ်ရေးထိုးပြဋ္ဌာန်းသည်။ ဤဥပဒေကြမ်းတွင် အခန်းပေါင်း (၉) ခန်းနှင့် ပုဒ်မပေါင်း (၄၃) ခုပါရှိသည်။

**ကိုင်တွယ်သည့်အဖွဲ့အစည်း**

ပြည်ထောင်စုအစိုးရအဖွဲ့သည် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီကို ဒုသမ္မတတစ်ဦးအား ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်စေပြီး သင့်လျော်သောပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းရမည်။ ကော်မတီကို လိုအပ်သလို ပြင်ဆင်ဖွဲ့စည်းနိုင်သည်။ ကော်မတီသည် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအတွက် မူဝါဒများချမှတ်ခြင်း၊ လုပ်ငန်းလမ်းညွှန်ချက်များ ချမှတ်ခြင်း၊ လုပ်ငန်းကော်မတီများ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ သတ်မှတ်ခြင်းတို့ ပြုလုပ်ရမည်။ သဘာဝဘေးအန္တရာယ်၏ ပြင်းထန်မှုနှင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုပေါ် မူတည်၍ စီမံခန့်ခွဲမှုကို ကော်မတီက သော်လည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့က သော်လည်းကောင်း၊ တာဝန်ယူရန် ခွဲခြားသတ်မှတ်ရမည်။ အမျိုးသားကော်မတီသည် သဘာဝဘေးအန္တရာယ် ကျရောက်သည့် ဒေသတွင် သဘာဝဘေးအန္တရာယ် ကျရောက်သည့်ဒေသဖြစ်ကြောင်း ကြေညာနိုင်ရန် သမ္မတထံတင်ပြရမည်။ ကော်မတီ၏ လုပ်ငန်းတာဝန်တစ်ရပ်ရပ်ကို လိုအပ်ပါက သက်ဆိုင်ရာဝန်ကြီးဌာန၊ အစိုးရမဟုတ်သော အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်အား လွှဲအပ်ဆောင်ရွက်နိုင်သည်။ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေကို ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးနှင့် ညှိနှိုင်းရေးဆွဲထားသော သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ဘဏ္ဍာရေးစည်းမျဉ်းများနှင့်အညီ သုံးစွဲခြင်းနှင့် စီမံခန့်ခွဲခြင်း ပြုလုပ်ရမည်။ ကော်မတီသည် ပြည်ထောင်စုအစိုးရအဖွဲ့ကပေးအပ်သည့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအတွက် အခြားလုပ်ငန်းတာဝန်များကိုလည်း ထမ်းဆောင်ရမည်။ ကော်မတီ၏ လုပ်ငန်းတာဝန်များနှင့် စပ်လျဉ်းသည့် ရုံးလုပ်ငန်းတာဝန်များကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ဆောင်ရွက်ပေးရမည်။ အမျိုးသားကော်မတီ၏ လုပ်ငန်းတာဝန်နှင့် စပ်လျဉ်းသည့် ကုန်ကျစရိတ်အဝဝကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန၏ ရန်ပုံငွေမှ ကျခံရမည်။

ပြည်ထောင်စုအစိုးရအဖွဲ့သည် တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွက် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကို ဒေသအလိုက်ဆောင်ရွက်နိုင်ရန် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ပြီး သင့်လျော်သောပုဂ္ဂိုလ်များပါဝင်သည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့များကို ဖွဲ့စည်းရမည်။ တိုင်းဒေသကြီး သို့မဟုတ်

ပြည်နယ်အစိုးရအဖွဲ့သည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်းရှိ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စုကို သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကို ဒေသအလိုက် ထိရောက်စွာဆောင်ရွက်နိုင်ရေး အတွက် သင့်လျော်သော ပုဂ္ဂိုလ်များဖြင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့များကို ဖွဲ့စည်းပြီး ယင်းတို့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို သတ်မှတ်ရမည်။ ဖွဲ့စည်းသော ဒေသဆိုင်ရာ အဖွဲ့များကို လိုအပ်သလိုပြင်ဆင်ဖွဲ့စည်းနိုင်သည်။ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးရုံးများသည် သဘာဝဘေး အန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုများကို ဆောင်ရွက်ရာတွင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု အဖွဲ့၏ ကြီးကြပ်မှုဖြင့် ဆောင်ရွက်ရမည်။ နိုင်ငံတော်သမ္မတသည် နိုင်ငံတော်တစ်ဝန်းလုံး သော်လည်းကောင်း နိုင်ငံတော်၏ နယ်မြေဒေသတစ်ခုခုတွင် သော်လည်းကောင်း အသက်အိုးအိမ်စည်းစိမ်နှင့် သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှု အလွန်ကြီးမားသည့် ဘေး အန္တရာယ်ကျရောက်ကြောင်း အမျိုးသားကော်မတီက တင်ပြ၍ဖြစ်စေ၊ အခြားတစ်နည်းနည်းဖြင့်ဖြစ်စေ သိရှိရသည့်အခါအချိန်ကာလနှင့် နယ်မြေဒေသပိုင်းခြား၍ သဘာဝဘေးအန္တရာယ်ကျရောက်သောဒေသအဖြစ် ကြေညာနိုင်သည်။ နိုင်ငံတော်သမ္မတသည် ကြေညာပြီးနောက် သတ်မှတ်ထားသည့် အချိန်ကာလနှင့် နယ်မြေဒေသကို လိုအပ်သလိုတိုးချဲ့ ပြင်ဆင်နိုင်သည်။ ဥပဒေပါ ပြဋ္ဌာန်းချက်များကို ဆောင်ရွက်ရာတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသည် လိုအပ်သောနည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။ အမျိုးသားကော်မတီနှင့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများသည် လိုအပ်သောအမိန့်ကြော်ငြာစာ၊ အမိန့် ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကိုလည်းကောင်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနသည် လိုအပ်သော အမိန့်နှင့် ညွှန်ကြားချက်များကိုလည်းကောင်း ထုတ်ပြန်နိုင်သည်။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်။

**သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုရန်ပုံငွေ**

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီသည် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းများဆောင်ရွက်ရန် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေကို အောက်ပါရငွေများဖြင့် ထူထောင်ရမည်။

- ပြည်ထောင်စု၏ဘဏ္ဍာရန်ပုံငွေမှထည့်ဝင်ငွေ။
- ပြည်ပနိုင်ငံများ၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ နိုင်ငံရပ်ခြားဒေသတွင်းအဖွဲ့အစည်းများမှ ထောက်ပံ့ငွေ၊ လှူဒါန်းငွေ၊ ပြည်တွင်းပြည်ပမှ ချေးငွေများနှင့် အခြားတရားဝင်ရငွေများ။
- ဒေသဆိုင်ရာအဖွဲ့များ၊ ပြည်တွင်းပြည်ပရှိစေတနာရှင်များ၊ လူမှုအဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သော အခြားအဖွဲ့အစည်းများ၏ ထောက်ပံ့ငွေနှင့် လှူဒါန်းငွေများ။
- ရန်ပုံငွေမှရရှိသည့် တရားဝင်တိုးပွားသည့်ငွေ။
- တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့များသည် ရန်ပုံငွေကို အမျိုးသားကော်မတီ၏ ခွင့်ပြုချက်ဖြင့် အောက်ပါရငွေများဖြင့် ထူထောင်ရမည်။
- တိုင်းဒေသကြီးသို့မဟုတ်ပြည်နယ်အစိုးရ၏ဘဏ္ဍာရန်ပုံငွေမှထည့်ဝင်ငွေ
- ပြည်ပနိုင်ငံများ၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ နိုင်ငံရပ်ခြားဒေသအတွင်း အဖွဲ့အစည်းများမှ ထောက်ပံ့ငွေ၊ လှူဒါန်းငွေများနှင့် အခြားတရားဝင်ရငွေများ။
- ပြည်တွင်းပြည်ပရှိစေတနာရှင်များ၊ လူမှုအဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သော အခြားအဖွဲ့အစည်းများ၏ ထောက်ပံ့ငွေနှင့် လှူဒါန်းငွေများ။
- ရန်ပုံငွေမှရရှိသည့် တရားဝင်တိုးပွားသည့်ငွေ။
- အမျိုးသားကော်မတီသည် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ဘဏ္ဍာရေးစည်းမျဉ်းများကို ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးနှင့် ညှိနှိုင်းရေးဆွဲရမည်။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့များသည် အမျိုးသားကော်မတီ၏ လမ်းညွှန်ချက်နှင့် ဘဏ္ဍာရေးစည်းမျဉ်းများကို ရေးဆွဲရမည်။ အမျိုးသားကော်မတီသည် လိုအပ်ပါက ရန်ပုံငွေကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်သို့ ခွဲဝေပေးနိုင်သည်။ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ရန်ပုံငွေတို့ကို သုံးစွဲခြင်း၊ စီမံ

ခန့်ခွဲခြင်းနှင့်စပ်လျဉ်း၍ စာရင်းစစ်အစီရင်ခံစာကို ဘဏ္ဍာရေးစည်းမျဉ်းများနှင့်အညီ တင်ပြရမည်။

### ဖြတ်သန်းမှုအဆင့်ဆင့်

ဤဥပဒေကြမ်းနှင့်ပတ်သက်၍ အမျိုးသားလွှတ်တော်တွင် စတင်တင်သွင်းစဉ်က တစ်ကြိမ်၊ ပြည်သူ့လွှတ်တော်မှ ပြင်ဆင်ချက်များဖြင့် ပြန်လည်ရောက်ရှိလာစဉ်က တစ်ကြိမ် ဆွေးနွေးခဲ့ပြီး ဥပဒေကြမ်းကော်မတီ အစီရင်ခံစာတစ်စောင် တင်သွင်းခဲ့ကြောင်းတွေ့ရသည်။ ပြည်သူ့လွှတ်တော်တွင် တစ်ကြိမ် ဆွေးနွေးခဲ့ပြီး ဥပဒေကြမ်းကော်မတီ အစီရင်ခံစာ တစ်စောင်တင်သွင်းခဲ့ကြောင်း တွေ့ရသည်။ လွှတ်တော်နှစ်ရပ် သဘောထားကွဲလွဲမှု မရှိသဖြင့် ပြည်ထောင်စုလွှတ်တော်၌ မှတ်တမ်းတင် အတည်ပြုပြီးသော ဥပဒေကြမ်းကို သမ္မတထံ ပေးပို့ရာ သမ္မတမှ သဘောထားမှတ်ချက်ဖြင့် ပြန်လည်ပေးပို့ရာ သမ္မတ၏ သဘောထားမှတ်ချက်အပေါ်တွင် ဥပဒေကြမ်းကော်မတီအစီရင်ခံစာ တစ်စောင် တင်သွင်းခဲ့ကြောင်း တွေ့ရသည်။

ဤဥပဒေကြမ်းနှင့်ပတ်သက်၍ လွှတ်တော်တွင် စုစုပေါင်း ဆွေးနွေးရက် (၆) ရက်ရှိခဲ့သည်။ အမျိုးသားလွှတ်တော်တွင် (၂) ရက်၊ ပြည်သူ့လွှတ်တော်တွင် (၂) ရက်နှင့် ပြည်ထောင်စု လွှတ်တော်တွင် (၂) ရက် ဆွေးနွေးခဲ့ကြောင်းတွေ့ရသည်။

### ဆွေးနွေးမှု

ဤဥပဒေကြမ်းနှင့်ပတ်သက်၍လွှတ်တော်ကိုယ်စားလှယ် (၃)ဦးဆွေးနွေးခဲ့သည်။ ပြည်သူ့လွှတ်တော်တွင် (၂) ဦးနှင့် ပြည်ထောင်စုလွှတ်တော်တွင် (၁) ဦးတို့ဝင်ရောက်ဆွေးနွေးခဲ့ကြောင်းတွေ့ရသည်။ ပြည်ထောင်စုအစိုးရအဖွဲ့ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီက လာရောက်ရှင်းလင်းသည်ကိုတွေ့ရသည်။ ဝင်ရောက်ဆွေးနွေးသည့် လွှတ်တော်ကိုယ်စားလှယ်များမှာ USDP (၂) ဦးနှင့် SNDP (၁) ဦးတို့ ဆွေးနွေးခဲ့ကြောင်းတွေ့ရသည်။

### ဝင်ရောက်ဆွေးနွေးခဲ့ကြသည့် လွှတ်တော်ကိုယ်စားလှယ်များ

| စဉ် | ကိုယ်စားလှယ်အမည် | မဲဆန္ဒနယ် | ပါတီ | ဆွေးနွေးသည့်လွှတ်တော် |
|---|---|---|---|---|
| ၁ | ဒေါက်တာဒေါ်အေးမြင့် | ရွှေတောင် | USDP | ပြည်သူ့လွှတ်တော် |
| ၂ | ဦးဉာဏ်ဝင်း | လှိုင်သာယာ | USDP | ပြည်သူ့လွှတ်တော် |
| ၃ | ဒေါက်တာစိုင်းကျော်အုန်း | နမ့်ခမ်း | SNDP | ပြည်ထောင်စုလွှတ်တော် |

## ၄.၁၃.၀။ အမျိုးသားအစားအသောက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ

- ၆.၂.၂၀၁၃ — ဥပဒေကြမ်း စတင်တင်သွင်း — အမျိုးသားလွှတ်တော်
- ၂၇.၂.၂၀၁၃ — ဥပဒေကြမ်းကော်မတီအစီရင်ခံစာတင်သွင်း — အမျိုးသားလွှတ်တော်
- ၂၇.၂.၂၀၁၃ — အတည်ပြု — အမျိုးသားလွှတ်တော်
- ၁၃.၃.၂၀၁၃ — ဥပဒေကြမ်းကော်မတီအစီရင်ခံစာတင်သွင်း — ပြည်သူ့လွှတ်တော်
- ၂၈.၆.၂၀၁၃ — ပြင်ဆင်ချက်ဖြင့်အတည်ပြု — ပြည်သူ့လွှတ်တော်
- ၁.၈.၂၀၁၃ — အတည်ပြု — အမျိုးသားလွှတ်တော်
- ၆.၈.၂၀၁၃ — ဥပဒေအဖြစ် အတည်ပြု — ပြည်ထောင်စုလွှတ်တော်

၄.၁၃.၀။ အမျိုးသားအစားအသောက်ဥပဒေကိုပြင်ဆင်သည့်ဥပဒေ

| နောက်ခံအကြောင်းအရာ | |
|---|---|
| တင်သွင်းသူ | ဒေါက်တာဝင်းမြင့်၊ ဒုတိယဝန်ကြီး |
| မဲဆန္ဒနယ်/အဖွဲ့အစည်း | ကျန်းမာရေးဝန်ကြီးဌာန |
| စတင်တင်သွင်းသည့်လွှတ်တော် | အမျိုးသားလွှတ်တော် |
| တင်သွင်းသည့်ရက်စွဲ | ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ (၆) ရက် |
| ဥပဒေအဖြစ် ပြဋ္ဌာန်းသည့်ရက်စွဲ | ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ(၁၃)ရက် |
| အမျိုးအစား | ပြင်ဆင်သည့်ဥပဒေ |
| ကဏ္ဍ | လူမှုရေး |

**မိတ်ဆက်**

**(၂၀၁၃ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၂၄)**

၂၀၁၃ခုနှစ်၊ ဩဂုတ်လ (၁၃)ရက်နေ့တွင် သမ္မတမှ လက်မှတ်ရေးထိုး ပြဋ္ဌာန်းခဲ့သည်။

**ဖြတ်သန်းမှုအဆင့်ဆင့်**

ဤဥပဒေကြမ်းနှင့်ပတ်သက်၍ အမျိုးသားလွှတ်တော်တွင်စတင်တင်သွင်းစဉ်က တစ်ကြိမ် ဆွေးနွေးပြီး ဥပဒေကြမ်း ကော်မတီအစီရင်ခံစာ တစ်စောင် တင်သွင်းခဲ့ပြီး ပြည်သူ့လွှတ်တော်မှ ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသောအခါ ပြင်ဆင်ချက်အဆိုကို တင်သွင်းဆွေးနွေးမည့် လွှတ်တော်ကိုယ်စားလှယ် မရှိသဖြင့် ပြည်သူ့လွှတ်တော် ပြင်ဆင်ချက်အတိုင်း အတည်ပြုခဲ့ကြောင်း တွေ့ရသည်။ ပြည်သူ့လွှတ်တော်တွင် တစ်ကြိမ်ဆွေးနွေးခဲ့ပြီး ဥပဒေကြမ်း ကော်မတီ အစီရင်ခံစာ တစ်စောင် တင်သွင်းခဲ့ကြောင်း တွေ့ရသည်။ လွှတ်တော်နှစ်ရပ် သဘောထားကွဲလွဲမှု မရှိသဖြင့် ပြည်ထောင်စုလွှတ်တော်တွင် မှတ်တမ်းတင် အတည်ပြုခဲ့ကြောင်း တွေ့ရသည်။

ဤဥပဒေကြမ်းနှင့်ပတ်သက်၍ အမျိုးသားလွှတ်တော်နှင့် ပြည်သူ့လွှတ်တော်တို့တွင် (၁) ရက်စီ ဆွေးနွေးခဲ့ကြောင်းတွေ့ရသည်။

## ၄.၁၄.၀။ မျက်စိလှျုဒါန်းခြင်းဆိုင်ရာဥပဒေကိုပြင်ဆင်သည့်ဥပဒေ

- ၂၆.၆.၂၀၁၃ — ဥပဒေကြမ်း စတင်တင်သွင်း ပြည်သူ့လွှတ်တော်
- ၂၆.၆.၂၀၁၃ — ဥပဒေကြမ်းကော်မတီအစီရင်ခံစာတင်သွင်း ပြည်သူ့လွှတ်တော်
- ၁၈.၇.၂၀၁၃ — အတည်ပြု ပြည်သူ့လွှတ်တော်
- ၂.၈.၂၀၁၃ — ဥပဒေကြမ်းကော်မတီအစီရင်ခံစာတင်သွင်း အမျိုးသားလွှတ်တော်
- ၇.၈.၂၀၁၃ — အတည်ပြု အမျိုးသားလွှတ်တော်
- ၂၇.၈.၂၀၁၃ — ဥပဒေအဖြစ် အတည်ပြု ပြည်ထောင်စုလွှတ်တော်

၄.၁၄.၀။ မျက်စိလျှပြ်နိုင်ခြင်းဆိုင်ရာဥပဒေကိုပြင်ဆင်သည့်ဥပဒေ

| နောက်ခံအကြောင်းအရာ | |
|---|---|
| တင်သွင်းသူ | ဒေါက်တာဝင်းမြင့်၊ ဒုတိယဝန်ကြီး |
| မဲဆန္ဒနယ်/အဖွဲ့အစည်း | ကျန်းမာရေးဝန်ကြီးဌာန |
| စတင်တင်သွင်းသည့်လွှတ်တော် | ပြည်သူ့လွှတ်တော် |
| တင်သွင်းသည့်ရက်စွဲ | ၂၀၁၃ ခုနှစ်၊ ဇွန်လ (၂၆)ရက် |
| ဥပဒေအဖြစ် ပြဋ္ဌာန်းသည့်ရက်စွဲ | ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ (၂၀) ရက် |
| အမျိုးအစား | ပြင်ဆင်သည့်ဥပဒေ |
| ကဏ္ဍ | လူမှုရေး |

## မိတ်ဆက်

### ( ၂၀၁၃ခုနှစ်၊ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၂၅)

၂၀၁၃ ခုနှစ်၊ ဩဂုတ်လ (၂၀) ရက်နေ့တွင် သမ္မတမှ လက်မှတ်ရေးထိုး ပြဋ္ဌာန်းသည်။

## ဖြတ်သန်းမှုအဆင့်ဆင့်

ဤဥပဒေကြမ်းနှင့်ပတ်သက်၍ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့တွင် တစ်ကြိမ်စီ ဆွေးနွေးပြီး ဥပဒေကြမ်းကော်မတီ အစီရင်ခံစာ တစ်စောင်စီ တင်သွင်းကာ ပြင်ဆင်ချက်အဆိုတင်သွင်းမည့် လွှတ်တော်ကိုယ်စားလှယ် မရှိသဖြင့် လွှတ်တော်နှစ်ရပ် သဘောထားကွဲလွဲမှု မရှိသဖြင့် ပြည်ထောင်စုလွှတ်တော်တွင် မှတ်တမ်းတင် အတည်ပြုခဲ့ပါသည်။

ဤဥပဒေကြမ်းနှင့်ပတ်သက်၍ လွှတ်တော်တွင် စုစုပေါင်း ဆွေးနွေးရက် (၂) ရက်ရှိခဲ့ကြောင်းတွေ့ရသည်။ ပြည်သူ့လွှတ်တော်တွင် (၁) ရက်၊ အမျိုးသားလွှတ်တော်တွင် (၁) ရက် ဆွေးနွေးခဲ့ကြောင်း တွေ့ရသည်။

## ၄.၁၅.၀။ အလုပ်အကိုင်နှင့် ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ

- ၂၄.၇.၂၀၁၂ — ဥပဒေကြမ်း စတင်တင်သွင်း အမျိုးသားလွှတ်တော်
- ၃၀.၇.၂၀၁၂ — ဥပဒေကြမ်းကော်မတီအစီရင်ခံစာတင်သွင်း အမျိုးသားလွှတ်တော်
- ၃၀.၇.၂၀၁၂/၁၀.၈.၂၀၁၂ — ကိုယ်စားလှယ်များ၏ဆွေးနွေးမှု အမျိုးသားလွှတ်တော်
- ၁၀.၈.၂၀၁၂ — ပြင်ဆင်ချက်ဖြင့်အတည်ပြု အမျိုးသားလွှတ်တော်
- ၂၃.၁၀.၂၀၁၂ — ဥပဒေကြမ်းကော်မတီအစီရင်ခံစာတင်သွင်း ပြည်သူ့လွှတ်တော်
- ၂၅.၁.၂၀၁၃ — ကိုယ်စားလှယ်များ၏ဆွေးနွေးမှု ပြည်သူ့လွှတ်တော်
- ၂၅.၁.၂၀၁၃ — ပြင်ဆင်ချက်ဖြင့်အတည်ပြု ပြည်သူ့လွှတ်တော်
- ၇.၃.၂၀၁၃ — ကိုယ်စားလှယ်များ၏ဆွေးနွေးမှု အမျိုးသားလွှတ်တော်
- ၉.၇.၂၀၁၃ — ဥပဒေကြမ်းကော်မတီအစီရင်ခံစာပြန်လည်တင်သွင်း အမျိုးသားလွှတ်တော်
- ၂၅.၇.၂၀၁၃ — ဥပဒေကြမ်းပူးပေါင်းကော်မတီအစီရင်ခံစာတင်သွင်း ပြည်ထောင်စုလွှတ်တော်
- ၂၇.၈.၂၀၁၃ — သမ္မတမှတ်ချက်ဖြင့် ပေးပို့မှုအပေါ်ဥပဒေကြမ်းပူးပေါင်းကော်မတီ၏လေ့လာတွေ့ရှိချက်အစီရင်ခံစာတင်သွင်း ပြည်ထောင်စုလွှတ်တော်
- ၂၇.၈.၂၀၁၃ — သမ္မတမှတ်ချက်ဖြင့် ပေးပို့မှုအပေါ်ဆွေးနွေး ပြည်ထောင်စုလွှတ်တော်
- ၂၇.၈.၂၀၁၃ — ဥပဒေအဖြစ် အတည်ပြု ပြည်ထောင်စုလွှတ်တော်

၄.၁၅.၀။ အလုပ်အကိုင်နှင့် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးဥပဒေ

| နောက်ခံအကြောင်းအရာ | |
|---|---|
| တင်သွင်းသူ | ဦးမြင့်သိန်း၊ ဒုတိယဝန်ကြီး |
| မဲဆန္ဒနယ်/အဖွဲ့အစည်း | အလုပ်သမားဝန်ကြီးဌာန |
| စတင်တင်သွင်းသည့်လွှတ်တော် | အမျိုးသားလွှတ်တော် |
| တင်သွင်းသည့်ရက်စွဲ | ၂၀၁၂ ခုနှစ်၊ ဇူလိုင်လ (၂၄)ရက် |
| ဥပဒေအဖြစ် ပြဋ္ဌာန်းသည့်ရက်စွဲ | ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ (၃၀) ရက် |
| အမျိုးအစား | အသစ်ရေးဆွဲပြဋ္ဌာန်းသည့်ဥပဒေ |
| ကဏ္ဍ | လူမှုရေး |

## မိတ်ဆက်

### ( ၂၀၁၃ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၂၉)

၂၀၁၃ ခုနှစ်၊ ဩဂုတ်လ (၃၀) ရက်နေ့တွင် သမ္မတမှ လက်မှတ်ရေးထိုး ပြဋ္ဌာန်းသည်။ ဤဥပဒေကြမ်းတွင် အခန်းပေါင်း (၁၀) ခန်းနှင့် ပုဒ်မပေါင်း (၄၂) ခု ပါရှိသည်။

## ကိုင်တွယ်သည့်အဖွဲ့အစည်း

### အလုပ်အကိုင်နှင့် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေး ဗဟိုအဖွဲ့ ဖွဲ့စည်းခြင်း

| စဉ် | ဌာန | ဌာနဆိုင်ရာ ရာထူးအဆင့် | တာဝန် |
|---|---|---|---|
| ၁ | ပြည်ထောင်စုအလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန | ပြည်ထောင်စုဝန်ကြီး | ဥက္ကဋ္ဌ |
| ၂ | သက်ဆိုင်ရာဝန်ကြီးဌာနများ | ပြည်ထောင်စုဝန်ကြီး | အဖွဲ့ဝင် |
| ၃ | နေပြည်တော်၊ ရန်ကုန်နှင့်မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီများ | မြို့တော်ဝန် | အဖွဲ့ဝင် |
| ၄ | တိုင်းဒေသကြီးသို့မဟုတ်ပြည်နယ်အစိုးရအဖွဲ့ | သက်ဆိုင်ရာဝန်ကြီး | အဖွဲ့ဝင် |
| ၅ | ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် | ဥက္ကဋ္ဌ | အဖွဲ့ဝင် |
| ၆ | မြန်မာနိုင်ငံလုံးဆိုင်ရာ အလုပ်သမားရေးရာ အဖွဲ့များ | ဥက္ကဋ္ဌ | အဖွဲ့ဝင် |
| ၇ | မြန်မာနိုင်ငံလုံးဆိုင်ရာ အလုပ်ရှင်ရေးရာ အဖွဲ့များ | ဥက္ကဋ္ဌ | အဖွဲ့ဝင် |
| ၈ | ပြည်ထောင်စုအလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန | ဒုတိယဝန်ကြီး | အတွင်းရေးမှူး |

ဖွဲ့စည်းရာတွင် ဒုတိယဥက္ကဋ္ဌနှင့် တွဲဖက်အတွင်းရေးမှူးတို့ကို ခန့်အပ်တာဝန်ပေးအပ်နိုင်သည်။ ဗဟိုအဖွဲ့သည် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးခြင်း၊ အလုပ်လက်မဲ့များ နည်းပါးစေရန် ဆောင်ရွက်ခြင်း၊ အလုပ်သမားများ၏ စည်းကမ်းနှင့် စွမ်းဆောင်ရည် မြှင့်တင်ပေးရန်နှင့် ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ခြင်း၊ အလုပ်အကိုင်နှင့် ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့တို့ကို ဖွဲ့စည်းခြင်းနှင့် လမ်းညွှန်ခြင်း စသည့်လုပ်ငန်းတာဝန်များနှင့်စပ်လျဉ်း၍ မူဝါဒများ ချမှတ်ရမည်။

**အလုပ်အကိုင် ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ ဖွဲ့စည်းခြင်း**

| စဉ် | ဌာန | ဌာနဆိုင်ရာ ရာထူးအဆင့် | တာဝန် |
|---|---|---|---|
| ၁ | ပြည်ထောင်စုအလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန | ဒုတိယဝန်ကြီး | ဥက္ကဋ္ဌ |
| ၂ | သက်ဆိုင်ရာဝန်ကြီးဌာနများ | ဒုတိယဝန်ကြီး | အဖွဲ့ဝင် |
| ၃ | သက်ဆိုင်ရာဦးစီးဌာန သို့မဟုတ် လုပ်ငန်း | ညွှန်ကြားရေးမှူးချုပ် သို့မဟုတ် ဦးဆောင်ညွှန်ကြားရေးမှူးချုပ် | အဖွဲ့ဝင် |
| ၄ | ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် | ကိုယ်စားလှယ် | အဖွဲ့ဝင် |
| ၅ | မြန်မာနိုင်ငံလုံးဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့များ | ကိုယ်စားလှယ် | အဖွဲ့ဝင် |
| ၆ | မြန်မာနိုင်ငံလုံးဆိုင်ရာ အလုပ်ရှင်ရေးရာအဖွဲ့များ | ကိုယ်စားလှယ် | အဖွဲ့ဝင် |
| ၇ | အလုပ်သမားညွှန်ကြားရေးဦးစီးဌာန | ညွှန်ကြားရေးမှူးချုပ် | အတွင်းရေးမှူး |

အလုပ်အကိုင်ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ ပြည်တွင်းအလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးခြင်း၊ အလုပ်လုပ်ကိုင်လိုသူများအား အလုပ်အကိုင်ရရှိစေခြင်း၊ အလုပ်လက်မဲ့များနည်းပါးစေရန်ဆောင်ရွက်ခြင်းနှင့် အလုပ်လုပ်ကိုင်နေသူများ၏ စည်းကမ်းနှင့်စွမ်းဆောင်ရည်မြှင့်တင်ပေးခြင်းစသည်တို့ဖြစ်သည်။

**ဗဟိုကျွမ်းကျင်ရေး ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ ဖွဲ့စည်းခြင်း**

| စဉ် | ဌာန | ဌာနဆိုင်ရာ ရာထူးအဆင့် | တာဝန် |
|---|---|---|---|
| ၁ | ပြည်ထောင်စုအစိုးရအဖွဲ့က တာဝန်ပေးအပ်ခြင်း ခံရသည့် ပြည်ထောင်စုဝန်ကြီးဌာန | ဒုတိယဝန်ကြီး | ဥက္ကဋ္ဌ |
| ၂ | သက်ဆိုင်ရာဦးစီးဌာန သို့မဟုတ် လုပ်ငန်း | ညွှန်ကြားရေးမှူးချုပ် သို့မဟုတ် ဦးဆောင်ညွှန်ကြားရေးမှူးချုပ် | အဖွဲ့ဝင် |
| ၃ | ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် | ကိုယ်စားလှယ် | အဖွဲ့ဝင် |
| ၄ | ကျွမ်းကျင်မှုဆိုင်ရာအသင်းအဖွဲ့များ | ဥက္ကဋ္ဌ | အဖွဲ့ဝင် |
| ၅ | မြန်မာနိုင်ငံလုံးဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့များ | ကိုယ်စားလှယ် | အဖွဲ့ဝင် |
| ၆ | မြန်မာနိုင်ငံလုံးဆိုင်ရာ အလုပ်ရှင်ရေးရာအဖွဲ့များ | ကိုယ်စားလှယ် | အဖွဲ့ဝင် |
| ၇ | အလုပ်သမားညွှန်ကြားရေးဦးစီးဌာန | ဒုတိယညွှန်ကြားရေးမှူးချုပ် | အတွင်းရေးမှူး |

ဖွဲ့စည်းရာတွင် အလုပ်သမားများ ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးနှင့် စပ်လျဉ်းသည့် ကျွမ်းကျင်သူများအား အဖွဲ့ဝင်အဖြစ် ခန့်အပ်တာဝန်ပေးနိုင်သည်။

ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့သည် လုပ်ငန်းတာဝန်များကို ဆောင်ရွက်နိုင်ရန် ကျွမ်းကျင်မှုစံသတ်မှတ်ရေးနှင့် လေ့ကျင့်ရေးကော်မတီနှင့် ကျွမ်းကျင်မှုစစ်ဆေးအကဲဖြတ်ရေးနှင့် အသိမှတ်ပြုရေးကော်မတီ စသည့်ကော်မတီများကို ဖွဲ့စည်းထားရှိရမည်။ ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့သည် ဖွဲ့စည်းသော သက်ဆိုင်ရာကော်မတီများကို သတ်မှတ်ချက်များနှင့် ညီညွတ်ခြင်း ရှိမရှိ စိစစ်တင်ပြပြီး မှတ်ပုံတင်လက်မှတ် ထုတ်ပေးရန် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။ သင်တန်းကျောင်း သို့မဟုတ် ကျွမ်းကျင်မှုစစ်ဆေးအကဲဖြတ်ရေးဌာန တည်ထောင်ဖွင့်လှစ်လိုသော အလုပ်ရှင် သို့မဟုတ် ဝန်ဆောင်မှုပေးလိုသည့် သက်ဆိုင်ရာကော်မတီများမှတစ်ဆင့် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့သို့ လျှောက်ထားရမည်။ ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့သည် မှတ်ပုံတင်လက်မှတ်ပါ စည်းကမ်းချက်များနှင့် ညီညွတ်ခြင်းမရှိကြောင်း စစ်ဆေးတွေ့ရှိပါက ယင်းသင်တန်းကျောင်း သို့မဟုတ် ကျွမ်းကျင်မှုစစ်ဆေးအကဲဖြတ်ရေးဌာန၏ မှတ်ပုံတင်လက်မှတ်ကို ပယ်ဖျက်နိုင်သည်။ မှတ်ပုံတင်လက်မှတ် ထုတ်ပေးရန် ငြင်းပယ်ပါက ရက်ပေါင်း (၃၀) အတွင်း ပြန်လည်လျှောက်ထားခွင့်ပြုနိုင်သည်။ မှတ်ပုံတင်ထားသော ကျွမ်းကျင်မှုစစ်ဆေးအကဲဖြတ်ရေးဌာနသည် သက်ဆိုင်ရာ ပြည်ထောင်စုအစိုးရအဖွဲ့ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနက ထုတ်ပေးသော အလုပ်လုပ်ခွင့်လက်မှတ် ရရှိသည့် နိုင်ငံခြားသား ကျွမ်းကျင်သူများ၊ နိုင်ငံခြားသားအကဲဖြတ်သူများအား ခေါ်ယူခန့်ထားခွင့်ရှိသည်။ ယင်းတို့ နေထိုင်ခွင့်ကာလတွင် တည်ဆဲဥပဒေနှင့်အညီ ဖြစ်စေရမည်။ စစ်ဆေးအကဲဖြတ်ရေး အထောက်အကူပြုပစ္စည်းများကို တည်ဆဲဥပဒေများနှင့် အညီ ပြည်ပမှ တင်သွင်းနိုင်သည်။ သက်ဆိုင်ရာ ကျွမ်းကျင်မှုစစ်ဆေးအကဲဖြတ်ရေးဌာနသို့ စစ်ဆေးမှုခံယူရန် လျှောက်ထားနိုင်သည်။ ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့သည် အစိုးရ၊ အလုပ်ရှင်နှင့် အလုပ်သမားကိုယ်စားလှယ်များ ပါဝင်သော ရန်ပုံငွေစီမံခန့်ခွဲရေးကော်မတီကို ဖွဲ့စည်းရမည်။ ရန်ပုံငွေစီမံခန့်ခွဲရေးကော်မတီ၏ လုပ်ငန်းတာဝန်များမှာ ရန်ပုံငွေအတွက် ထည့်ဝင်ကြေးများ ပေးသွင်းရေးကို ကြပ်မတ်ခြင်း၊ ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့၏ သဘောတူညီချက်ဖြင့် ရန်ပုံငွေအား စီမံခန့်ခွဲခြင်း၊ ရန်ပုံငွေမှ ရင်းနှီးမြှုပ်နှံနိုင်သော ငွေများကို ဘဏ္ဍာရေးစည်းမျဉ်းများနှင့်အညီ ဘဏ်တစ်ခုခုတွင် အပ်နှံထားခြင်း သို့မဟုတ် အစိုးရ ငွေစုလက်မှတ်များ ဝယ်ယူစုဆောင်းထားခြင်း၊ ရန်ပုံငွေသို့ အလှူငွေပေးအပ်သူရှိပါက ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ အတည်ပြုချက်ဖြင့် လက်ခံရယူခြင်းနှင့် ရန်ပုံငွေထည့်ဝင်ခြင်း၊ သုံးစွဲခြင်းတို့နှင့်စပ်လျဉ်း၍ စာရင်းစစ်ဆေးမှုခံယူခြင်းတို့ဖြစ်သည်။ ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့သည် ပြင်ပမှလာရောက်ဖွင့်လှစ်သော သင်တန်းများ၏ ငွေကြေးဆိုင်ရာကိစ္စရပ်များကို တည်ဆဲဥပဒေနှင့်အညီကြီးကြပ်ရမည်။ ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့သည် ရန်ပုံငွေစီမံခန့်ခွဲခြင်းနှင့် အသုံးပြုခြင်းဆိုင်ရာကိစ္စများနှင့်စပ်လျဉ်း၍ အကြံဉာဏ်များ ရယူနိုင်ရန် အကြံပေးကော်မတီတစ်ရပ်ရပ်ကို ဖွဲ့စည်းနိုင်သည်။

ဥပဒေပါပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပြည်ထောင်စုအစိုးရအဖွဲ့ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် လိုအပ်သောနည်းဥပဒေ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ထုတ်ပြန်နိုင်သည်။ ပြည်ထောင်စုအစိုးရအဖွဲ့ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနနှင့် အလုပ်သမားညွှန်ကြားရေးဦးစီးဌာနတို့သည် လိုအပ်သောအမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့်လုပ်ထုံးလုပ်နည်းများကိုထုတ်ပြန်နိုင်သည်။ ၁၉၅၀ခုနှစ်၊ အလုပ်အကိုင်နှင့် သင်ကြားလေ့ကျင့်ရေးအက်ဥပဒေကို ဤဥပဒေဖြင့်ရုတ်သိမ်းလိုက်သည်။

## ဖြစ်သန်းမှုအဆင့်ဆင့်

ဤဥပဒေကြမ်းနှင့်ပတ်သက်၍ အမျိုးသားလွှတ်တော်တွင်စတင်တင်သွင်းစဉ်က တစ်ကြိမ် ဆွေးနွေးခဲ့ပြီး ပြည်သူ့လွှတ်တော်မှ ပြင်ဆင်ချက်ဖြင့်ပြန်လည်ပေးပို့လာခြင်း ကိုလည်းတွေ့ရသည်။ အမျိုးသားလွှတ်တော်တွင် ဥပဒေကြမ်းကော်မတီ အစီရင်ခံစာ သုံးစောင် တင်သွင်းခဲ့ကြောင်းတွေ့ရသည်။ ပြည်သူ့လွှတ်တော်တွင် တစ်ကြိမ် ဆွေးနွေးခဲ့ပြီး ဥပဒေကြမ်းကော်မတီ အစီရင်ခံစာ တစ်စောင် တင်သွင်းခဲ့ကြောင်းတွေ့ရသည်။ လွှတ်တော်နှစ်ရပ်သဘောထားကွဲလွဲမှုမရှိသဖြင့် ပြည်ထောင်စုလွှတ်တော်တွင် ဥပဒေကြမ်းကော်မတီအစီရင်ခံစာ တစ်စောင် တင်သွင်းဖတ်ကြားပြီး အတည်ပြုကြောင်းတွေ့ရသည်။ အတည်ပြုပြီးသော ဥပဒေကြမ်းကို သမ္မတထံပေးပို့ရာ သမ္မတမှ သဘောထားမှတ်ချက်ဖြင့်ပြန်လည်ရောက်ရှိလာသောအခါ သမ္မတ၏ မှတ်ချက်အပေါ် ဥပဒေကြမ်းကော်မတီ အစီရင်ခံစာ တစ်စောင်

တင်သွင်းခဲ့ကြောင်းတွေ့ရသည်။

ဤဥပဒေကြမ်းနှင့်ပတ်သက်၍ လွှတ်တော်တွင်စုစုပေါင်း ဆွေးနွေးရက်(၈)ရက်ဆွေးနွေးခဲ့သည်။အမျိုးသားလွှတ်တော် တွင် (၄) ရက်၊ ပြည်သူ့လွှတ်တော်တွင်(၂)ရက်နှင့် ပြည်ထောင်စုလွှတ်တော်တွင်(၂) ရက်ဆွေးနွေးခဲ့သည်။

**ဆွေးနွေးမှု**

ဤဥပဒေကြမ်းနှင့်ပတ်သက်၍လွှတ်တော်ကိုယ်စားလှယ် (၄)ဦး ဝင်ရောက်ဆွေးနွေးခဲ့ကြောင်းတွေ့ရသည်။ အမျိုးသား လွှတ်တော်တွင်(၂)ဦးနှင့် ပြည်သူ့လွှတ်တော်တွင်(၂) ဦး ဆွေးနွေးခဲ့ကြောင်းတွေ့ရသည်။ အမျိုးသားလွှတ်တော်နှင့် ပြည်သူ့လွှတ်တော်တို့တွင် (၂)ဦးစီ ဆွေးနွေးခဲ့ကြောင်း တွေ့ရသည်။ ပြည်ထောင်စုအစိုးရအဖွဲ့ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီက လာရောက်ရှင်းလင်းပြောကြား သည်ကို တွေ့ရသည်။ ဝင်ရောက်ဆွေးနွေးသည့် လွှတ်တော် ကိုယ်စားလှယ်များမှာ USDP (၄) ဦးဆွေးနွေးခဲ့ကြောင်း တွေ့ရသည်။

ဥပဒေကြမ်းနှင့်ပတ်သက်၍ ပြည်ထောင်စုအစိုးရအဖွဲ့ အလုပ်သမားဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးဦးမြင့်သိန်း လာ ရောက်ရှင်းလင်းပြောဆိုသည်ကိုလည်း တွေ့ရသည်။

**ဝင်ရောက်ဆွေးနွေးခဲ့ကြသည့် လွှတ်တော်ကိုယ်စားလှယ်များ**

| စဉ် | ကိုယ်စားလှယ်အမည် | မဲဆန္ဒနယ် | ပါတီ | ဆွေးနွေးသည့်လွှတ်တော် |
|---|---|---|---|---|
| ၁ | ဒေါက်တာခင်ရွှေ | ရန်ကုန် (၉) | USDP | အမျိုးသားလွှတ်တော် |
| ၂ | ဦးသန်းဆွေ | မကွေး (၇) | USDP | အမျိုးသားလွှတ်တော် |
| ၃ | ဦးစိုင်းသန်းနိုင် | ဖာပွန် | USDP | ပြည်သူ့လွှတ်တော် |
| ၄ | ဒေါ်ဝင်းမော်ထွန်း | ရေနံချောင်း | USDP | ပြည်သူ့လွှတ်တော် |

## ၄.၁၆.၀။ မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ် ဥပဒေကို ပြင်ဆင်သည့်ဥပဒေ

- ၂၅.၆.၂၀၁၃ — ဥပဒေကြမ်း စတင်တင်သွင်း, အမျိုးသားလွှတ်တော်
- ၁၇.၇.၂၀၁၃ — ဥပဒေကြမ်းကော်မတီအစီရင်ခံစာတင်သွင်း, အမျိုးသားလွှတ်တော်
- ၁၇.၇.၂၀၁၃ — ပြင်ဆင်ချက်ဖြင့်အတည်ပြု, အမျိုးသားလွှတ်တော်
- ၁၂.၈.၂၀၁၃ — ဥပဒေကြမ်းကော်မတီအစီရင်ခံစာတင်သွင်း, ပြည်သူ့လွှတ်တော်
- ၂၆.၈.၂၀၁၃ — ကိုယ်စားလှယ်များ၏ဆွေးနွေးမှု, ပြည်သူ့လွှတ်တော်
- ၂၆.၈.၂၀၁၃ — ပြင်ဆင်ချက်ဖြင့်အတည်ပြု, ပြည်သူ့လွှတ်တော်
- ၇.၁၀.၂၀၁၃ — အတည်ပြု, အမျိုးသားလွှတ်တော်
- ၁၅.၁၀.၂၀၁၃ — ဥပဒေအဖြစ် အတည်ပြု, ပြည်ထောင်စုလွှတ်တော်

၄.၁၆.၀။ မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်ဥပဒေကိုပြင်ဆင်သည့်ဥပဒေ

| နောက်ခံအကြောင်းအရာ | |
|---|---|
| တင်သွင်းသူ | ဦးဟန်စိန်၊ ဒုတိယဝန်ကြီး |
| မဲဆန္ဒနယ်/အဖွဲ့အစည်း | ပို့ဆောင်ရေးဝန်ကြီးဌာန |
| စတင်တင်သွင်းသည့်လွှတ်တော် | အမျိုးသားလွှတ်တော် |
| တင်သွင်းသည့်ရက်စွဲ | ၂၀၁၃ ခုနှစ်၊ ဇွန်လ (၂၅)ရက် |
| ဥပဒေအဖြစ် ပြဋ္ဌာန်းသည့်ရက်စွဲ | ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ (၁၅) ရက် |
| အမျိုးအစား | ပြင်ဆင်သည့်ဥပဒေ |
| ကဏ္ဍ | လူမှုရေး |

## မိတ်ဆက်

## (၂၀၁၃ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၃၄)

၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ (၁၅) ရက်နေ့တွင် သမ္မတမှ လက်မှတ်ရေးထိုး ပြဋ္ဌာန်းသည်။

## ဖြတ်သန်းမှုအဆင့်ဆင့်

ဤဥပဒေကြမ်းနှင့်ပတ်သက်၍ အမျိုးသားလွှတ်တော်တွင်စတင် တင်သွင်းစဉ်က တစ်ကြိမ်ဆွေးနွေးပြီး ပြည်သူ့လွှတ်တော်မှ ပြင်ဆင်ချက်ဖြင့်ပြန်လည်ပေးပို့လာသောအခါ ပြင်ဆင်ချက်အဆို တင်သွင်းဆွေးနွေးမည့် လွှတ်တော်ကိုယ်စားလှယ်မရှိသဖြင့် ပြည်သူ့လွှတ်တော် ပြင်ဆင်ချက်အတိုင်း အတည်ပြုခဲ့ကြောင်းတွေ့ရသည်။ အမျိုးသားလွှတ်တော်တွင် ဥပဒေကြမ်းကော်မတီအစီရင်ခံစာ တစ်စောင် တင်သွင်းခံကြောင်းတွေ့ရသည်။ ပြည်သူ့လွှတ်တော်တွင် တစ်ကြိမ်ဆွေးနွေးပြီး ဥပဒေ ကြမ်းကော်မတီ အစီရင်ခံစာတစ်စောင် တင်သွင်းခဲ့ကြောင်း တွေ့ရသည်။ လွှတ်တော်နှစ်ရပ် သဘောထားကွဲလွဲမှု မရှိသဖြင့် ပြည်ထောင်စုလွှတ်တော်တွင် မှတ်တမ်းတင် အတည်ပြုခဲ့ကြောင်း တွေ့ရသည်။

ဤဥပဒေကြမ်းနှင့်ပတ်သက်၍ လွှတ်တော်တွင် စုစုပေါင်း ဆွေးနွေးရက် (၃) ရက်ရှိခဲ့ကြောင်း တွေ့ရသည်။ အမျိုးသားလွှတ်တော်တွင် (၁) ရက်နှင့် ပြည်သူ့လွှတ်တော်တွင် (၂) ရက်ဆွေးနွေးခဲ့ကြောင်း တွေ့ရသည်။

## ဆွေးနွေးမှု

ဤ ဥပဒေကြမ်းတွင် ပြည်ထောင်စုအစိုးရအဖွဲ့ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ ဦးခင်မောင်ရွှေ မှ ဝင်ရောက်ဆွေးနွေးခဲ့ကြောင်း တွေ့ရသည်။

## ၄.၁၇.၀။ ရှေးဦးအရွယ် ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာဥပဒေ

- ၂၆.၆.၂၀၁၃ — ဥပဒေကြမ်းစတင်တင်သွင်း, အမျိုးသားလွှတ်တော်
- ၄.၇.၂၀၁၃ — ဥပဒေကြမ်းကော်မတီအစီရင်ခံစာတင်သွင်း, အမျိုးသားလွှတ်တော်
- ၄.၇.၂၀၁၃ — ကိုယ်စားလှယ်များ၏ဆွေးနွေးမှု, အမျိုးသားလွှတ်တော်
- ၅.၈.၂၀၁၃ — ဥပဒေကြမ်းကော်မတီအစီရင်ခံစာပြန်လည်တင်သွင်း, အမျိုးသားလွှတ်တော်
- ၅.၈.၂၀၁၃ — ပြင်ဆင်ချက်ဖြင့်အတည်ပြု, အမျိုးသားလွှတ်တော်
- ၂၀.၈.၂၀၁၃ — ဥပဒေကြမ်းကော်မတီအစီရင်ခံစာတင်သွင်း, ပြည်သူ့လွှတ်တော်
- ၁၁.၁၁.၂၀၁၃/၁၃.၁၁.၂၀၁၃ — ကိုယ်စားလှယ်များ၏ဆွေးနွေးမှု, ပြည်သူ့လွှတ်တော်
- ၁၃.၁၁.၂၀၁၃ — ပြင်ဆင်ချက်ဖြင့်အတည်ပြု, ပြည်သူ့လွှတ်တော်
- ၂၂.၁.၂၀၁၄ — အတည်ပြု, အမျိုးသားလွှတ်တော်
- ၃၀.၁.၂၀၁၄ — ဥပဒေအဖြစ်အတည်ပြု, ပြည်ထောင်စုလွှတ်တော်

၄.၁၇.၀။ ရှေးဦးအရွယ် ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာဥပဒေ

| နောက်ခံအကြောင်းအရာ | |
|---|---|
| တင်သွင်းသူ | ဦးဘုန်းဆွေ၊ ဒုတိယဝန်ကြီး |
| မဲဆန္ဒနယ်/အဖွဲ့အစည်း | လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန |
| စတင်တင်သွင်းသည့်လွှတ်တော် | အမျိုးသားလွှတ်တော် |
| တင်သွင်းသည့်ရက်စွဲ | ၂၀၁၃ ခုနှစ်၊ ဇွန်လ (၂၆)ရက် |
| ဥပဒေအဖြစ် ပြဋ္ဌာန်းသည့်ရက်စွဲ | ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ (၆) ရက် |
| အမျိုးအစား | အသစ်ရေးဆွဲပြဋ္ဌာန်းသည့်ဥပဒေ |
| ကဏ္ဍ | လူမှုရေး |

## မိတ်ဆက်

### (၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၄)

၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ (၆)ရက်နေ့တွင် သမ္မတမှ လက်မှတ်ရေးထိုးပြဋ္ဌာန်းသည်။ ဤဥပဒေကြမ်းတွင် အခန်းပေါင်း (၁၂) ခန်းနှင့် ပုဒ်မပေါင်း (၄၀)ခုပါရှိသည်။

## ရည်ရွယ်ချက်

ရှေးဦးအရွယ် ကလေးသူငယ်များကို ဘက်စုံဖွံ့ဖြိုး တိုးတက်ရေးအတွက် ကလေးသူငယ်များဖွံ့ဖြိုးရေးစံနှုန်းများနှင့်အညီ ပြုစုပျိုးထောင်ရန်၊ နိုင်ငံတစ်ဝန်းလုံး နေ့ကလေးထိန်းဌာနများ၊ မူလတန်းကြိုကျောင်းများ၊ ရပ်ရွာအခြေပြုလုပ်ငန်း၊ အိမ်အခြေပြုလုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့် တည်ထောင်ဖွင့်လှစ်နိုင်ရန်နှင့် ကလေးသူငယ်များအား စနစ်တကျ ပြုစုပျိုးထောင်ရေး၊ ဖွံ့ဖြိုးရေးအတွက် နည်းပညာနှင့် စီမံခန့်ခွဲမှုဆိုင်ရာ အကူအညီများပေးရန်၊ ကာကွယ်စောင့်ရှောက်ရန် လိုအပ်သော ရှေးဦးအရွယ် ကလေးသူငယ်များ အခြေခံကျန်းမာရေးစောင့်ရှောက်ခွင့်၊ ဖွံ့ဖြိုးတိုးတက်ခွင့်၊ ကာကွယ်စောင့်ရှောက်ခွင့်နှင့် ပါဝင်ဆောင်ရွက်ခွင့်ရရှိစေရေးအတွက် ဖြည့်ဆည်းပေးနိုင်ရန်တို့ဖြစ်သည်။

## ကိုင်တွယ်သည့်အဖွဲ့အစည်း

| စဉ် | ဌာန | ဌာနဆိုင်ရာ ရာထူးအဆင့် | တာဝန် |
|---|---|---|---|
| ၁ | လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | ပြည်ထောင်စုဝန်ကြီး | ဥက္ကဋ္ဌ |
| ၂ | လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | ဒုတိယဝန်ကြီး | ဒုတိယဥက္ကဋ္ဌ |
| ၃ | အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ် | အဖွဲ့ဝင် |
| ၄ | ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ် | အဖွဲ့ဝင် |
| ၅ | ကျန်းမာရေးဦးစီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ် | အဖွဲ့ဝင် |
| ၆ | သာသနာဦးစီးဌာန၊သာသနာရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ် | အဖွဲ့ဝင် |
| ၇ | ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ် | အဖွဲ့ဝင် |

| စဉ် | ဌာန | ဌာနဆိုင်ရာ ရာထူးအဆင့် | တာဝန် |
|---|---|---|---|
| ၈ | မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း | ဥက္ကဋ္ဌ | အဖွဲ့ဝင် |
| ၉ | | သင့်လျော်သော စေတနာ့ဝန်ထမ်း လူမှုရေးအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ | အဖွဲ့ဝင် |
| ၁၀ | လူမှုဝန်ထမ်းဦးစီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ် | အတွင်းရေးမှူး |
| ၁၁ | လူမှုဝန်ထမ်းဦးစီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | ဒုတိယ ညွှန်ကြားရေးမှူးချုပ် | တွဲဘက် အတွင်းရေးမှူး |

ဗဟိုကြီးကြပ်ရေးအဖွဲ့သည် ပြည်ပမှ ပုဂ္ဂလိကနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းအား နေ့ကလေးထိန်းဌာနနှင့် မူလတန်းကြိုကျောင်းတို့ကို တည်ထောင်ဖွင့်လှစ်ရန် ခွင့်ပြုသည့်အခါ တည်ထောင်ခွင့်ပြုမိန့်သက်တမ်းနှင့် စည်းကမ်းချက်များသတ်မှတ်၍ တည်ထောင်ခွင့်ပြုမိန့် ထုတ်ပေးရမည်။ တည်ထောင်ခွင့်ပြုမိန့် သက်တမ်းတိုးမြှင့်လိုပါက ယင်းသက်တမ်းမကုန်ဆုံးမီ အနည်းဆုံး ရက်ပေါင်း၆၀ ကြိုတင်၍ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လူမှုဝန်ထမ်းရုံးသို့ လျှောက်ထားရမည်။ ဗဟိုကြီးကြပ်ရေးအဖွဲ့သည် တည်ထောင်ခွင့်ပြုမိန့် သက်တမ်းတိုးမြှင့်ပေးရန် လျှောက်ထားချက်ကို စိစစ်ပြီး သက်တမ်းတိုးပေးရန် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။ ဗဟိုကြီးကြပ်ရေးအဖွဲ့သည် ခွင့်ပြုချက်အတွက် နှစ်စဉ်ကြေးကို ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် သတ်မှတ်ရမည်။ ဗဟိုကြီးကြပ်ရေးအဖွဲ့သည် ရပ်ရွာအခြေပြုလုပ်ငန်းနှင့် အိမ်အခြေပြုလုပ်ငန်းတို့ကို တည်ထောင်ဖွင့်လှစ်ခွင့် ပြုသည့်အခါ ခွင့်ပြုချက်သက်တမ်းကို သတ်မှတ်ပေးရမည်။ ခွင့်ပြုချက်သက်တမ်း ကုန်ဆုံးပြီးနောက် လုပ်ငန်းကို ဆက်လက်ဆောင်ရွက်လိုလျှင် ခွင့်ပြုချက်သက်တမ်း မကုန်ဆုံးမီ အနည်းဆုံး ရက်ပေါင်း (၆၀) ကြိုတင်၍ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လူမှုဝန်ထမ်းရုံးသို့ လျှောက်ထားရမည်။ ဗဟိုကြီးကြပ်ရေးအဖွဲ့သည် တည်ထောင် ခွင့်ပြုမိန့် သို့မဟုတ် ခွင့်ပြုမိန့်ရရှိထားသည့် ပြည်ပမှ ပုဂ္ဂလိကနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းမှ သက်ဆိုင်ရာသတ်မှတ်ချက်တစ်ရပ်ရပ်ကို လိုက်နာရန်ပျက်ကွက်ကြောင်း သို့မဟုတ် သတ်မှတ်ထားသော လုပ်ငန်းဆိုင်ရာစည်းကမ်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကြောင်းတွေ့ရှိလျှင် ဒဏ်ကြေးပေးဆောင်စေခြင်း၊ တည်ထောင်ခွင့်ပြုမိန့် သို့မဟုတ် ခွင့်ပြုချက်ကို ကာလကန့်သတ်၍ ရပ်ဆိုင်းခြင်း၊ ပယ်ဖျက်ခြင်း စသည့် စီမံခန့်ခွဲရေးဆိုင်ရာ အမိန့်ကို ချမှတ်နိုင်သည်။ ဗဟိုကြီးကြပ်ရေးအဖွဲ့မှ ချမှတ်သည့်အမိန့်ကို မကျေနပ်သူသည် အမိန့်ကိုလက်ခံရရှိသည့်နေ့မှ ရက်ပေါင်း (၃၀) အတွင်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီးထံ အယူခံဝင်နိုင်သည်။ ဝန်ကြီးသည် ဗဟိုကြီးကြပ်ရေးအဖွဲ့မှ ချမှတ်သောအမိန့်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုနိုင်သည်။ ဝန်ကြီး၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်သည်။

ဗဟိုကြီးကြပ်ရေးအဖွဲ့သည် နေ့ကလေးထိန်းဌာန၊ မူလတန်းကြိုကျောင်းများ၊ ရပ်ရွာအခြေပြုလုပ်ငန်းများ၊ အိမ်အခြေပြုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရန်ပုံငွေတစ်ရပ်ရပ်ကို ဥပဒေအရပေးသွင်းသည့် မှတ်ပုံတင်ကြေး၊ တည်ထောင်ခွင့်ပြုမိန့် သက်တမ်းတိုးမြှင့်ကြေး၊ စီမံခန့်ခွဲရေးအမိန့်အရချမှတ်သည့် ဒဏ်ကြေးနှင့် အခြားအခကြေးငွေများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့် ပြည်တွင်းပြည်ပမှ စေတနာရှင်များ၏ လှူဒါန်းထောက်ပံ့ငွေများကို ရငွေများဖြင့်တည်ထောင်နိုင်သည်။ ယင်းရန်ပုံငွေများကို ပြည်ထောင်စုအစိုးရ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့်သုံးစွဲနိုင်သည်။ ဗဟိုကြီးကြပ်ရေးအဖွဲ့သည် ရန်ပုံငွေထိန်းသိမ်းခြင်း၊ သုံးစွဲခြင်း၊ စာရင်းပြုစုခြင်း၊ စစ်ဆေးခြင်း

တို့နှင့် စပ်လျဉ်း၍ လိုအပ်သော ဘဏ္ဍာရေးစည်းမျဉ်း၊ စည်းကမ်းနှင့် လုပ်ထုံးလုပ်နည်းများကို ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံးနှင့် ညှိနှိုင်းရေးဆွဲ၍ ယင်းစည်းမျဉ်း၊ စည်းကမ်း၊ လုပ်ထုံးလုပ်နည်းများနှင့် အညီကျင့်သုံးရမည်။

## တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ကြီးကြပ်ရေးအဖွဲ့ ဖွဲ့စည်းခြင်း

| စဉ် | ဌာန | တာဝန် |
|---|---|---|
| ၁ | တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ပေးအပ်သော ဝန်ကြီးတစ်ဦးဦး | ဥက္ကဋ္ဌ |
| ၂ | တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ကိုယ်စားလှယ်တစ်ဦး | အဖွဲ့ဝင် |
| ၃ | တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ပညာရေးမှူးရုံးမှ ကိုယ်စားလှယ်တစ်ဦး | အဖွဲ့ဝင် |
| ၄ | တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှ ကိုယ်စားလှယ်တစ်ဦး | အဖွဲ့ဝင် |
| ၅ | တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်သာသနာရေးဦးစီးဌာနမှ ကိုယ်စားလှယ်တစ်ဦး | အဖွဲ့ဝင် |
| ၆ | တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကိုယ်စားလှယ်တစ်ဦး | အဖွဲ့ဝင် |
| ၇ | တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းမှ ကိုယ်စားလှယ်တစ်ဦး | အဖွဲ့ဝင် |
| ၈ | သင့်လျော်သော စေတနာ့ဝန်ထမ်း လူမှုရေးအဖွဲ့အစည်းမှ ကိုယ်စားလှယ်တစ်ဦး | အဖွဲ့ဝင် |
| ၉ | တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လူမှုဝန်ထမ်း ဦးစီးမှူး | အတွင်းရေးမှူး |

ဗဟိုကြီးကြပ်ရေးအဖွဲ့သည် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့နှင့် ညှိနှိုင်း၍ အထက်ပါ အတိုင်း တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကြီးကြပ်ရေး အဖွဲ့ကို ဖွဲ့စည်းရမည်။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ကြီးကြပ်ရေးအဖွဲ့ကို လိုအပ်ပါက ပြင်ဆင်ဖွဲ့စည်းနိုင်သည်။ နေ့ကလေးထိန်းဌာန၊ မူလတန်းကြိုကျောင်း၊ ရပ်ရွာအခြေပြု လုပ်ငန်း၊ အိမ်အခြေပြုလုပ်ငန်း တည်ထောင်ဖွင့်လှစ်လို သည့် ပြည်တွင်း ပြည်ပမှ ပုဂ္ဂလိကနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းသည် တည်ထောင်ခွင့်ပြုမိန့်ကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လူမှုဝန်ထမ်းရုံးသို့ လျှောက်ထားရမည်။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လူမှုဝန်ထမ်းရုံးသည် လျှောက်ထားချက်ကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ကြီးကြပ်ရေးအဖွဲ့သို့ ဆက်လက်တင်ပြရမည်။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ကြီးကြပ်ရေးအဖွဲ့သည် တင်ပြချက်ကို စိစစ်ပြီး သဘောထားမှတ်ချက်နှင့်အညီ လူမှုဝန်ထမ်းဦးစီး ဌာနမှတဆင့် ဗဟိုကြီးကြပ်ရေးအဖွဲ့သို့ တင်ပြရမည်။ လုပ်ငန်းဆိုင်ရာ မှတ်ပုံတင်ကြေး၊ တည်ထောင်ခွင့်ပြုမိန့် သက်တမ်းတိုးမြှင့်ကြေးနှင့် အခြားအခကြေးငွေများ၊ နှစ်စဉ် ကြေးများကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရ အဖွဲ့၏ အတည်ပြုချက်ဖြင့် သတ်မှတ်ရမည်။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ကြီးကြပ်ရေးအဖွဲ့သည် တည်ထောင် ခွင့်ပြုမိန့် သို့မဟုတ် ခွင့်ပြုချက်ရရှိထားသည့် ပြည်တွင်းမှ ပုဂ္ဂလိကနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းမှ သတ်မှတ်ချက် တစ်ရပ်ရပ်ကို လိုက်နာရန်ပျက်ကွက်ကြောင်း သို့မဟုတ် စည်းကမ်းဖောက်ဖျက်ကြောင်း တွေ့ရှိပါက ဒဏ်ကြေး ပေးဆောင်စေခြင်း၊ တည်ထောင်ခွင့်ပြုမိန့် သို့မဟုတ် ခွင့်ပြု ချက်ကို ကာလကန့်သတ်၍ရပ်ဆိုင်းခြင်း၊ ပယ်ဖျက်ခြင်း၊ စီမံခန့်ခွဲရေးဆိုင်ရာအမိန့်ကို ချမှတ်နိုင်သည်။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကြီးကြပ်ရေးအဖွဲ့၏ အမိန့်ကို မကျေနပ် သူသည် အမိန့်ကိုလက်ခံရရှိသည့်နေ့မှ ရက်ပေါင်း (၃၀) အတွင်း ဗဟိုကြီးကြပ်ရေးအဖွဲ့သို့ အယူခံဝင်နိုင်သည်။ ဗဟိုကြီးကြပ်ရေးအဖွဲ့သည် ချမှတ်သောအမိန့်ကို အတည် ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုနိုင်သည်။

ဥပဒေပါပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်

ဆောင်ရွက်ရာတွင် ဝန်ကြီးဌာနသည် လိုအပ်ပါက နည်းဥပဒေများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။ ဗဟိုကြီးကြပ်ရေးအဖွဲ့နှင့် လူမှုဝန်ထမ်း ဦးစီးဌာနတို့သည် လိုအပ်ပါက အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကိုထုတ်ပြန်နိုင်သည်။

## ဖြတ်သန်းမှုအဆင့်ဆင့်

ဤဥပဒေကြမ်းနှင့်ပတ်သက်၍ အမျိုးသားလွှတ်တော်တွင်စတင် တင်သွင်းစဉ်က တစ်ကြိမ်ဆွေးနွေးပြီး ပြည်သူ့လွှတ်တော်မှ ပြင်ဆင်ချက်ဖြင့်ပြန်လည်ပေးပို့လာသောအခါ ပြင်ဆင်ချက်အဆို တင်သွင်းဆွေးနွေးမည့် လွှတ်တော်ကိုယ်စားလှယ်မရှိသဖြင့် ပြည်သူ့လွှတ်တော် ပြင်ဆင်ချက်အတိုင်း အတည်ပြုခဲ့ကြောင်းတွေ့ရသည်။ အမျိုးသားလွှတ်တော်တွင် ဥပဒေကြမ်းကော်မတီအစီရင်ခံစာ တစ်စောင် တင်သွင်းခံကြောင်းတွေ့ရသည်။ ပြည်သူ့လွှတ်တော်တွင် တစ်ကြိမ်ဆွေးနွေးပြီး ဥပဒေ ကြမ်းကော်မတီ အစီရင်ခံစာတစ်စောင် တင်သွင်းခဲ့ကြောင်း တွေ့ရသည်။ လွှတ်တော်နှစ်ရပ် သဘောထားကွဲလွဲမှု မရှိသဖြင့် ပြည်ထောင်စုလွှတ်တော်တွင် မှတ်တမ်းတင် အတည်ပြုခဲ့ကြောင်း တွေ့ရသည်။

ဤဥပဒေကြမ်းနှင့်ပတ်သက်၍ လွှတ်တော်တွင် စုစုပေါင်း ဆွေးနွေးရက် (၅)ရက်ရှိခဲ့ကြောင်းတွေ့ရသည်။ အမျိုးသားလွှတ်တော်တွင် (၂)ရက်နှင့် ပြည်သူ့လွှတ်တော်တွင် (၃)ရက် ဆွေးနွေးခဲ့ကြောင်းတွေ့ရသည်။

## ဆွေးနွေးမှု

ဤဥပဒေကြမ်းနှင့်ပတ်သက်၍လွှတ်တော်ကိုယ်စားလှယ် (၅)ဦးဆွေးနွေးခဲ့ကြောင်းတွေ့ရသည်။ အမျိုးသားလွှတ်တော်တွင် (၁)ဦးနှင့် ပြည်သူ့လွှတ်တော်တွင် (၄)ဦးဝင်ရောက်ဆွေးနွေးခဲ့ကြောင်းတွေ့ရသည်။ဥပဒေကြမ်းတွင် ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေကြမ်းကော်မတီ ဦးသိန်းထွန်းဦး၊ ပြည်ထောင်စုဝန်ကြီး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒေါ်မြတ်မြတ်အုန်းခင်နှင့် လူမှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဦးမောင်မောင်ဆွေတို့ ဝင်ရောက်ဆွေးနွေးခဲ့ကြောင်းတွေ့ရသည်။ ဝင်ရောက်ဆွေးနွေးသည့် လွှတ်တော်ကိုယ်စားလှယ်များမှာ USDP နှင့် NLD (၂) ဦးစီနှင့် RNDP (၁)ဦး ဝင်ရောက်ဆွေးနွေးခဲ့ကြောင်းတွေ့ရသည်။

### ဝင်ရောက်ဆွေးနွေးခဲ့ကြသည့် လွှတ်တော်ကိုယ်စားလှယ်များ

| စဉ် | ကိုယ်စားလှယ်အမည် | မဲဆန္ဒနယ် | ပါတီ | ဆွေးနွေးသည့်လွှတ်တော် |
|---|---|---|---|---|
| ၁ | ဦးခင်မောင်လတ် | ရခိုင် (၆) | RNDP | အမျိုးသားလွှတ်တော် |
| ၂ | ဦးစိန်ထွန်း | ထန်းတပင် | NLD | ပြည်သူ့လွှတ်တော် |
| ၃ | ဒေါ်စုစုလွင် | သုံးခွ | NLD | ပြည်သူ့လွှတ်တော် |
| ၄ | ဦးဉာဏ်ဝင်း | လှိုင်သာယာ | USDP | ပြည်သူ့လွှတ်တော် |
| ၅ | ဒေါက်တာတင်မောင်ကြိုင် | ကြံခင်း | USDP | ပြည်သူ့လွှတ်တော် |

## ၄.၁၈.၀။ အဆိပ်များ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ

- ၂.၁၀.၂၀၁၃ — ဥပဒေကြမ်းစတင်တင်သွင်း အမျိုးသားလွှတ်တော်
- ၁၄.၁၀.၂၀၁၃ — ဥပဒေကြမ်းကော်မတီအစီရင်ခံစာတင်သွင်း အမျိုးသားလွှတ်တော်
- ၁၄.၁၀.၂၀၁၃ — အတည်ပြု အမျိုးသားလွှတ်တော်
- ၂၃.၁၀.၂၀၁၃ — ဥပဒေကြမ်းကော်မတီအစီရင်ခံစာတင်သွင်း ပြည်သူ့လွှတ်တော်
- ၁၃.၁၁.၂၀၁၃ — ကိုယ်စားလှယ်များ၏ဆွေးနွေးမှု ပြည်သူ့လွှတ်တော်
- ၁၃.၁၁.၂၀၁၃ — ပြင်ဆင်ချက်ဖြင့်အတည်ပြု ပြည်သူ့လွှတ်တော်
- ၂၂.၁.၂၀၁၄ — အတည်ပြု အမျိုးသားလွှတ်တော်
- ၆.၂.၂၀၁၄ — ဥပဒေအဖြစ်အတည်ပြု ပြည်ထောင်စုလွှတ်တော်

၄.၁၈.၀။ အသိပ်များ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ

| နောက်ခံအကြောင်းအရာ | |
|---|---|
| တင်သွင်းသူ | ဒေါက်တာသိန်းသိန်းဌေး၊ ဒုတိယဝန်ကြီး |
| မဲဆန္ဒနယ်/အဖွဲ့အစည်း | ကျန်းမာရေးဝန်ကြီးဌာန |
| စတင်တင်သွင်းသည့်လွှတ်တော် | အမျိုးသားလွှတ်တော် |
| တင်သွင်းသည့်ရက်စွဲ | ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ (၂)ရက် |
| ဥပဒေအဖြစ် ပြဋ္ဌာန်းသည့်ရက်စွဲ | ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ (၆) ရက် |
| အမျိုးအစား | ပြင်ဆင်သည့်ဥပဒေ |
| ကဏ္ဍ | လူမှုရေး |

**မိတ်ဆက်**

**( ၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၅)**

၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ (၆) ရက်နေ့တွင် သမ္မတမှ လက်မှတ်ရေးထိုး ပြဋ္ဌာန်းသည်။

**ဖြတ်သန်းမှုအဆင့်ဆင့်**

ဤဥပဒေကြမ်းနှင့်ပတ်သက်၍ အမျိုးသားလွှတ်တော်တွင်စတင် တင်သွင်းစဉ်က တစ်ကြိမ်ဆွေးနွေးပြီး ပြည်သူ့လွှတ်တော်မှ ပြင်ဆင်ချက်ဖြင့်ပြန်လည်ပေးပို့လာသောအခါ ပြင်ဆင်ချက်အဆို တင်သွင်းဆွေးနွေးမည့် လွှတ်တော်ကိုယ်စားလှယ်မရှိသဖြင့် ပြည်သူ့လွှတ်တော် ပြင်ဆင်ချက်အတိုင်း အတည်ပြုခဲ့ကြောင်းတွေ့ရသည်။ အမျိုးသားလွှတ်တော်တွင် ဥပဒေကြမ်းကော်မတီအစီရင်ခံစာ တစ်စောင် တင်သွင်းခံကြောင်းတွေ့ရသည်။ ပြည်သူ့လွှတ်တော်တွင် တစ်ကြိမ်ဆွေးနွေးပြီး ဥပဒေ ကြမ်းကော်မတီ အစီရင်ခံစာတစ်စောင် တင်သွင်းခဲ့ကြောင်း တွေ့ရသည်။ လွှတ်တော်နှစ်ရပ် သဘောထားကွဲလွဲမှု မရှိသဖြင့် ပြည်ထောင်စုလွှတ်တော်တွင် မှတ်တမ်းတင် အတည်ပြုခဲ့ကြောင်း တွေ့ရသည်။

ဤဥပဒေကြမ်းနှင့်ပတ်သက်၍ လွှတ်တော်တွင်စုစုပေါင်း ဆွေးနွေးရက် (၄) ရက်ရှိခဲ့ကြောင်းတွေ့ရသည်။ အမျိုးသားလွှတ်တော်တွင် (၂)ရက်နှင့် ပြည်သူ့လွှတ်တော်တွင် (၂) ရက် ဆွေးနွေးခဲ့ကြောင်း တွေ့ရသည်။

**ဆွေးနွေးမှု**

ဤဥပဒေကြမ်းနှင့်ပတ်သက်၍လွှတ်တော်ကိုယ်စားလှယ် (၁)ဦးဝင်ရောက်ဆွေးနွေးခဲ့ကြောင်း တွေ့ရသည်။ ပြည်သူ့လွှတ်တော်တွင် (၁)ဦး ဝင်ရောက် ဆွေးနွေးခဲ့ကြောင်း တွေ့ရသည်။ ဥပဒေကြမ်းတွင် ပြည်ထောင်စုအစိုးရအဖွဲ့ဝင် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဖေသက်ခင် ဝင်ရောက် ဆွေးနွေးခဲ့ကြောင်း တွေ့ရသည်။ ဝင်ရောက်ဆွေးနွေးသည့် လွှတ်တော်ကိုယ်စားလှယ်မှာ SNDP (၁)ဦးတည်းသာ ဆွေးနွေးခဲ့ကြောင်း တွေ့ရသည်။

**ဝင်ရောက်ဆွေးနွေးခဲ့ကြသည့် လွှတ်တော်ကိုယ်စားလှယ်**

| စဉ် | ကိုယ်စားလှယ်အမည် | မဲဆန္ဒနယ် | ပါတီ | ဆွေးနွေးသည့်လွှတ်တော် |
|---|---|---|---|---|
| ၁ | ဒေါက်တာကျော်မြင့် | ချမ်းအေးသာစံ | USDP | ပြည်သူ့လွှတ်တော် |

## ၄.၁၉.၀။ တိုင်းရင်းဆေးဝါး ဥပဒေကို ပြင်ဆင်သည့် ဥပဒေ

၂.၁၀.၂၀၁၃ — ဥပဒေကြမ်း စတင်တင်သွင်း
အမျိုးသားလွှတ်တော်

၁၄.၁၀.၂၀၁၃ — ဥပဒေကြမ်းကော်မတီအစီရင်ခံစာတင်သွင်း
အမျိုးသားလွှတ်တော်

၁၄.၁၀.၂၀၁၃ — အတည်ပြု
အမျိုးသားလွှတ်တော်

၂၃.၁၀.၂၀၁၃ — ဥပဒေကြမ်းကော်မတီအစီရင်ခံစာတင်သွင်း
ပြည်သူ့လွှတ်တော်

၁၃.၁၁.၂၀၁၃ — ကိုယ်စားလှယ်များ၏ဆွေးနွေးမှု
ပြည်သူ့လွှတ်တော်

၁၃.၁၁.၂၀၁၃ — ပြင်ဆင်ချက်ဖြင့်အတည်ပြု
ပြည်သူ့လွှတ်တော်

၂၄.၁.၂၀၁၃ — အတည်ပြု
အမျိုးသားလွှတ်တော်

၁၈.၂.၂၀၁၃ — ဥပဒေအဖြစ် အတည်ပြု
ပြည်ထောင်စုလွှတ်တော်

၄.၁၉.၀။ တိုင်းရင်းဆေးဝါး ဥပဒေကို ပြင်ဆင်သည့် ဥပဒေ

| နောက်ခံအကြောင်းအရာ | |
|---|---|
| တင်သွင်းသူ | ဒေါက်တာသိန်းသိန်းဌေး၊ ဒုတိယဝန်ကြီး |
| မဲဆန္ဒနယ်/အဖွဲ့အစည်း | ကျန်းမာရေးဝန်ကြီးဌာန |
| စတင်တင်သွင်းသည့်လွှတ်တော် | အမျိုးသားလွှတ်တော် |
| တင်သွင်းသည့်ရက်စွဲ | ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ (၂)ရက် |
| ဥပဒေအဖြစ် ပြဋ္ဌာန်းသည့်ရက်စွဲ | ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၈) ရက် |
| အမျိုးအစား | ပြင်ဆင်သည့်ဥပဒေ |
| ကဏ္ဍ | လူမှုရေး |

## မိတ်ဆက်

### ( ၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၈)

၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၈) ရက်နေ့တွင် သမ္မတမှ လက်မှတ်ရေးထိုး ပြဋ္ဌာန်းသည်။

## ဖြတ်သန်းမှုအဆင့်ဆင့်

ဤဥပဒေကြမ်းနှင့်ပတ်သက်၍ အမျိုးသားလွှတ်တော်တွင်စတင် တင်သွင်းစဉ်က တစ်ကြိမ်ဆွေးနွေးပြီး ပြည်သူ့လွှတ်တော်မှ ပြင်ဆင်ချက်ဖြင့်ပြန်လည်ပေးပို့လာသောအခါ ပြင်ဆင်ချက်အဆို တင်သွင်းဆွေးနွေးမည့် လွှတ်တော်ကိုယ်စားလှယ်မရှိသဖြင့် ပြည်သူ့လွှတ်တော် ပြင်ဆင်ချက်အတိုင်း အတည်ပြုခဲ့ကြောင်းတွေ့ရသည်။ အမျိုးသားလွှတ်တော်တွင် ဥပဒေကြမ်းကော်မတီအစီရင်ခံစာ တစ်စောင် တင်သွင်းခံကြောင်းတွေ့ရသည်။ ပြည်သူ့လွှတ်တော်တွင် တစ်ကြိမ်ဆွေးနွေးပြီး ဥပဒေ ကြမ်းကော်မတီ အစီရင်ခံစာတစ်စောင် တင်သွင်းခဲ့ကြောင်း တွေ့ရသည်။ လွှတ်တော်နှစ်ရပ် သဘောထားကွဲလွဲမှု မရှိသဖြင့် ပြည်ထောင်စုလွှတ်တော်တွင် မှတ်တမ်းတင် အတည်ပြုခဲ့ကြောင်း တွေ့ရသည်။

ဤဥပဒေကြမ်းနှင့်ပတ်သက်၍ လွှတ်တော်တွင်စုစုပေါင်း ဆွေးနွေးရက် (၃) ရှိခဲ့သည်။ အမျိုးသားလွှတ်တော်တွင် (၁) ရက်နှင့်ပြည်သူ့လွှတ်တော်တွင် (၂) ရက်ရှိခဲ့သည်။

**ဆွေးနွေးမှု**

ဤဥပဒေကြမ်းနှင့်ပတ်သက်၍လွှတ်တော်ကိုယ်စားလှယ် (၂)ဦးဝင်ရောက်ဆွေးနွေးခဲ့ကြောင်း တွေ့ရသည်။ ပြည်သူ့လွှတ်တော်တွင် (၂)ဦး ဆွေးနွေးခဲ့ကြောင်းတွေ့ရသည်။ ဥပဒေကြမ်းတွင် ပြည်ထောင်စုအစိုးရအဖွဲ့ကျန်းမာရေးဝန်ကြီးဌာန ဒေါက်တာဖေသက်ခင်မှ ဝင်ရောက်ဆွေးနွေးခဲ့ကြောင်းတွေ့ရသည်။ ဝင်ရောက်ဆွေးနွေးသည့်လွှတ်တော်ကိုယ်စားလှယ်များမှာ USDP နှင့် SNDP တို့ (၁)ဦးစီတို့ ဝင်ရောက်ဆွေးနွေးခဲ့ကြောင်း တွေ့ရသည်။

## ဝင်ရောက်ဆွေးနွေးခဲ့ကြသည့် လွှတ်တော်ကိုယ်စားလှယ်

| စဉ် | ကိုယ်စားလှယ်အမည် | မဲဆန္ဒနယ် | ပါတီ | ဆွေးနွေးသည့်လွှတ်တော် |
|---|---|---|---|---|
| ၁ | ဒေါက်တာကျော်မြင့် | ချမ်းအေးသာစံ | USDP | ပြည်သူ့လွှတ်တော် |
| ၂ | ဦးစိုင်းသီဟကျော် | မိုင်းရယ် | SNDP | ပြည်သူ့လွှတ်တော် |

## ၄.၂၀.၀။ စားသုံးသူအကာအကွယ်ပေးရေး ဥပဒေ

၂.၇.၂၀၁၃ — ဥပဒေကြမ်းစတင်တင်သွင်း
အမျိုးသားလွှတ်တော်

၁.၁၁.၂၀၁၃ — ဥပဒေကြမ်းကော်မတီအစီရင်ခံစာတင်သွင်း
အမျိုးသားလွှတ်တော်

၁.၁၁.၂၀၁၃ — ပြင်ဆင်ချက်ဖြင့်အတည်ပြု
အမျိုးသားလွှတ်တော်

၂၀.၁.၂၀၁၄ — ဥပဒေကြမ်းကော်မတီအစီရင်ခံစာတင်သွင်း
ပြည်သူ့လွှတ်တော်

၂၀.၁.၂၀၁၄ — ပြင်ဆင်ချက်ဖြင့်အတည်ပြု
ပြည်သူ့လွှတ်တော်

၁၇.၂.၂၀၁၄ — အတည်ပြု
အမျိုးသားလွှတ်တော်

၁၀.၃.၂၀၁၄ — သမ္မတမှတ်ချက်ဖြင့် ပေးပို့မှုအပေါ်ဥပဒေကြမ်းပူးပေါင်း
ကော်မတီ၏လေ့လာတွေ့ရှိချက်အစီရင်ခံစာတင်သွင်း
ပြည်ထောင်စုလွှတ်တော်

၁၃.၃.၂၀၁၄ — ဥပဒေအဖြစ် အတည်ပြု
ပြည်ထောင်စုလွှတ်တော်

၄.၂၀.၀။ စားသုံးသူအကာအကွယ်ပေးရေး ဥပဒေ

| နောက်ခံအကြောင်းအရာ | |
|---|---|
| တင်သွင်းသူ | ဦးဝင်းမြင့်၊ ပြည်ထောင်စုဝန်ကြီး |
| မဲဆန္ဒနယ်/အဖွဲ့အစည်း | စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန |
| စတင်တင်သွင်းသည့်လွှတ်တော် | အမျိုးသားလွှတ်တော် |
| တင်သွင်းသည့်ရက်စွဲ | ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ (၂)ရက် |
| ဥပဒေအဖြစ် ပြဋ္ဌာန်းသည့်ရက်စွဲ | ၂၀၁၄ ခုနှစ်၊ မတ်လ (၁၄)ရက် |
| အမျိုးအစား | အသစ်ရေးဆွဲပြဋ္ဌာန်းသည့်ဥပဒေ |
| ကဏ္ဍ | လူမှုရေး |

## မိတ်ဆက်

### (၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၁၀)

၂၀၁၄ ခုနှစ်၊ မတ်လ (၁၄)ရက်နေ့တွင် သမ္မတမှ လက်မှတ်ရေးထိုးပြဋ္ဌာန်းသည်။ ဤဥပဒေတွင် အခန်းပေါင်း (၁၂) ခန်းနှင့် ပုဒ်မပေါင်း (၃၁) ခုပါဝင်သည်။

## ရည်ရွယ်ချက်

စားသုံးသူတို့သည် မိမိတို့၏ အခွင့်အရေးများကို သိရှိနားလည်၍ တောင်းဆိုရယူနိုင်ရန်နှင့် ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုကို သုံးစွဲရာတွင် လိမ်လည်လှည့်ဖြားမှုတို့ မခံရစေရန်၊ စားသုံးသူအား ဥပဒေအရ အကာအကွယ်ပေးခြင်း မှန်ကန်ရှင်းလင်းသည့် သတင်းအချက်အလက်များ ဖြန့်ဝေအသိပေးခြင်းတို့ ပါဝင်သော စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်း အစီအမံပေါ်ပေါက်လာစေရန်၊ စီးပွားရေးလုပ်ငန်းရှင်တို့က စားသုံးသူအကာအကွယ်ပေးရေး လုပ်ငန်းအပေါ် လုပ်ငန်းများ ဆောင်ရွက်ရာတွင် တာဝန်ယူမှုရှိသောအပြုအမူများ ဖြစ်ပေါ်စေရန်နှင့် စားသုံးသူတို့၏ ဘေးဥပဒ်အန္တရာယ်ကင်းရှင်းရေး၊ ကျန်းမာရေး၊ စိတ်ကျေနပ်မှုရရှိရေးတို့အတွက် အာမခံချက်ပေးနိုင်သည့် အရည်အသွေးမြင့်မားသော ကုန်စည် သို့မဟုတ် ဝန်ဆောင်မှု ဖော်ဆောင်ဖြည့်ဆည်းပေးရန်တို့ ဖြစ်သည်။

## ကိုင်တွယ်သည့်အဖွဲ့အစည်း

ပြည်ထောင်စုအစိုးရအဖွဲ့သည် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ သက်ဆိုင်ရာဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများ၊ သက်ဆိုင်ရာအစိုးရဌာန အဖွဲ့အစည်းများမှ အကြီးအကဲများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် ကျွမ်းကျင်သူများက အဖွဲ့ဝင်များအဖြစ် လည်းကောင်း၊ ဥက္ကဋ္ဌက တာဝန်ပေးအပ်ခြင်းခံရသူများက အတွင်းရေးမှူးနှင့် တွဲဖက်အတွင်းရေးမှူးအဖြစ် လည်းကောင်း ပါဝင်သည့် စားသုံးသူအကာအကွယ်ပေးရေး ဗဟိုကော်မတီကို ဖွဲ့စည်းရမည်။ ဖွဲ့စည်းသော ဗဟိုကော်မတီကို လိုအပ်သလို ပြင်ဆင်ဖွဲ့စည်းနိုင်သည်။ ဗဟိုကော်မတီ၏ လုပ်ငန်းတာဝန်များမှာ စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာမူဝါဒများ ချမှတ်ဆောင်ရွက်ရာတွင် ပြည်ထောင်စုအစိုးရအဖွဲ့သို့ အကြံဉာဏ်များ၊ ထောက်ခံချက်များနှင့် ပံ့ပိုးမှုများဆောင်ရွက်ပေးခြင်း၊ အစိုးရမဟုတ်သော စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာအဖွဲ့များ၊ ဖွဲ့စည်းဆောင်ရွက်နိုင်ရေးနှင့် ယင်းအဖွဲ့များ၏ လုပ်ငန်းဆောင်ရွက်မှုများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားပေးဆောင်ရွက်ခြင်း၊ စားသုံးသူအကာအကွယ်ပေးရေး လုပ်ငန်းနှင့်စပ်လျဉ်းပြီး စစ်တမ်းများကောက်ယူ၍ သုတေသနပြုခြင်းနှင့် သုတေသနများကို ပြန်လည်သုံးသပ်ပြီး စားသုံးသူများ၏ အကျိုးအတွက် လိုအပ်သလိုဆောင်ရွက်ပေးခြင်း၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများနှင့် ဆက်သွယ်ဆောင်ရွက်ခြင်း၊ ကုန်စည် သို့မဟုတ် ဝန်ဆောင်မှု စံချိန်စံညွှန်းကျွမ်းကျင်မှုအဖွဲ့များနှင့် ဓာတ်ခွဲခန်းများကို လိုအပ်ပါက ဖွဲ့စည်းပေးနိုင်ရန် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်ခြင်းနှင့် တည်ဆဲဥပဒေနှင့် အညီ

ဖွဲ့စည်းပြီးဖြစ်သည့် အစိုးရမဟုတ်သော စားသုံးသူအကာအကွယ်ပေးရေးအသင်းအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်ခြင်းတို့ဖြစ်သည်။

ဗဟိုကော်မတီသည် စားသုံးသူအကာအကွယ်ပေးရေး လုပ်ငန်းများ စနစ်တကျဆောင်ရွက်နိုင်ရန်နှင့် စားသုံးသူများ၏ အငြင်းပွားမှုဆိုင်ရာ ကိစ္စများဖြေရှင်းနိုင်ရေးအတွက် စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့များကို သင့်လျော်သော ပုဂ္ဂိုလ်များဖြင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ခရိုင်၊ မြို့နယ်များတွင် ဖွဲ့စည်းရမည်။ စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ စားသုံးသူအငြင်းပွားမှုများကို စေ့စပ်ညှိနှိုင်းပေးခြင်း၊ ဖြေရှင်းပေးခြင်း၊ စားသုံးသူ အကာအကွယ်ပေးရေးနှင့် စပ်လျဉ်းသော အသိပညာဗဟုသုတများကို စားသုံးသူအား ဖြန့်ဖြူးပေးခြင်း၊ ဗဟိုကော်မတီက အခါအားလျော်စွာ ပေးအပ်သော တာဝန်များကို ဆောင်ရွက်ပေးခြင်းတို့ဖြစ်ပါသည်။ စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့သည် စားသုံးသူအငြင်းပွားမှုများကို ဖြေရှင်းရာတွင် ဖောက်ဖျက်ကျူးလွန်သည်ဟု စွပ်စွဲခံရသော စီးပွားရေးလုပ်ငန်းရှင်နှင့် စားသုံးသူအငြင်းပွားမှုကို သိရှိသောပုဂ္ဂိုလ်၊ မျက်မြင်သက်သေများနှင့် ကျွမ်းကျင်သူတို့ကိုခေါ်ယူစစ်ဆေးခြင်း၊ စုံစမ်းစစ်ဆေးရာတွင် လိုအပ်သော စာရွက်စာတမ်းများနှင့် အခြားသက်သေခံပစ္စည်းများကို စစ်ဆေးခြင်းနှင့် အကဲဖြတ်ခြင်း၊ စားသုံးသူအငြင်းပွားမှုတွင် ကျူးလွန်ဖောက်ဖျက်သော စီးပွားရေးလုပ်ငန်းရှင်ကို စားသုံးသူအကာအကွယ်ပေးရေးနှင့် စပ်လျဉ်းသော ဆုံးဖြတ်ချက်ကို အသိပေးအကြောင်းကြားခြင်းနှင့် တားမြစ်ချက်များကို ဖောက်ဖျက်ကျူးလွန်ပါက အရေးယူခြင်း စသည်တို့ကို ဆောင်ရွက်ရမည်။ ဗဟိုကော်မတီသည် စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့မှ ချမှတ်သော ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုနိုင်သည်။ ဗဟိုကော်မတီ၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်သည်။ ဗဟိုကော်မတီသည် ဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုများအတွက် စံချိန်စံညွှန်းများကို သီးခြားကျွမ်းကျင်မှု အဖွဲ့များ ဖွဲ့စည်း၍ ဖြစ်စေ၊ သက်ဆိုင်ရာ တည်ဆဲဥပဒေများအရ ခန့်အပ်တာဝန်ပေးထားသော စစ်ဆေးရေးအဖွဲ့အစည်းများ၊ ဖွဲ့စည်းတည်ထောင်ထားသော ဓာတ်ခွဲခန်းများအား ရွေးချယ်သတ်မှတ်၍ ဖြစ်စေ ဆောင်ရွက်နိုင်သည်။ ဗဟိုကော်မတီသည် ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုနှင့် စပ်လျဉ်း၍ စံချိန်စံညွှန်းနှင့် ကိုက်ညီမှု ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးသည့် ဌာနနှင့် အဖွဲ့အစည်းများကို အသိအမှတ်ပြုနိုင်သည်။ ဗဟိုကော်မတီက အသိအမှတ်ပြုသော ဌာနနှင့်အဖွဲ့အစည်းတစ်ခုခု၏ ဓာတ်ခွဲစမ်းသပ်စစ်ဆေးချက်သည် အပြီးသတ် သက်သေခံချက် ဖြစ်စေရမည်။

ဥပဒေပါ ပြဋ္ဌာန်းချက်များကို ဆောင်ရွက်နိုင်ရန် ပြည်ထောင်စုအစိုးရ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် လိုအပ်သော နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့်ထုတ်ပြန်နိုင်သည်။ ပြည်ထောင်စုအစိုးရ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် ဗဟိုကော်မတီတို့သည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကိုလည်းကောင်း၊ ဦးစီးဌာန၏ အမိန့်နှင့် ညွှန်ကြားချက်များကိုလည်းကောင်း ထုတ်ပြန်နိုင်သည်။

## ဖြတ်သန်းမှုအဆင့်ဆင့်

ဤဥပဒေကြမ်းနှင့်ပတ်သက်၍ အမျိုးသားလွှတ်တော်တွင်စတင် တင်သွင်းစဉ်က တစ်ကြိမ်ဆွေးနွေးပြီး ပြည်သူ့လွှတ်တော်မှ ပြင်ဆင်ချက်ဖြင့်ပြန်လည်ပေးပို့လာသောအခါ ပြင်ဆင်ချက်အဆို တင်သွင်းဆွေးနွေးမည့် လွှတ်တော်ကိုယ်စားလှယ်မရှိသဖြင့် ပြည်သူ့လွှတ်တော် ပြင်ဆင်ချက်အတိုင်း အတည်ပြုခဲ့ကြောင်းတွေ့ရသည်။ အမျိုးသားလွှတ်တော်တွင် ဥပဒေကြမ်းကော်မတီအစီရင်ခံစာ တစ်စောင် တင်သွင်းခံကြောင်းတွေ့ရသည်။ ပြည်သူ့လွှတ်တော်တွင် တစ်ကြိမ်ဆွေးနွေးပြီး ဥပဒေ ကြမ်းကော်မတီ အစီရင်ခံစာတစ်စောင် တင်သွင်းခဲ့ကြောင်း တွေ့ရသည်။ လွှတ်တော်နှစ်ရပ် သဘောထားကွဲလွဲမှု မရှိသဖြင့် ပြည်ထောင်စုလွှတ်တော်တွင် မှတ်တမ်းတင် အတည်ပြုခဲ့ကြောင်း တွေ့ရသည်။

ဤဥပဒေကြမ်းနှင့်ပတ်သက်၍ လွှတ်တော်တွင်စုစုပေါင်း ဆွေးနွေးရက် (၃)ရက်ရှိခဲ့သည်။ အမျိုးသားလွှတ်တော်တွင် (၁) ရက်၊ ပြည်သူ့လွှတ်တော်တွင် (၁) ရက်နှင့် ပြည်ထောင်စုလွှတ်တော်တွင် (၁) ရက်ဆွေးနွေးခဲ့ကြခြင်းဖြစ်သည်။

## ၄.၂၁.၀။ အမျိုးသားဆေးဝါးဥပဒေကို ပြင်ဆင်သည့် ဥပဒေ

- ၂၉.၁.၂၀၁၄ — ဥပဒေကြမ်းစတင်တင်သွင်း — အမျိုးသားလွှတ်တော်
- ၁၄.၂.၂၀၁၄ — ဥပဒေကြမ်းကော်မတီအစီရင်ခံစာတင်သွင်း — အမျိုးသားလွှတ်တော်
- ၁၄.၂.၂၀၁၄ — အတည်ပြု — အမျိုးသားလွှတ်တော်
- ၁၉.၂.၂၀၁၄ — ဥပဒေကြမ်းကော်မတီအစီရင်ခံစာတင်သွင်း — ပြည်သူ့လွှတ်တော်
- ၂၆.၂.၂၀၁၄ — ပြင်ဆင်ချက်ဖြင့်အတည်ပြု — ပြည်သူ့လွှတ်တော်
- ၁၇.၃.၂၀၁၄ — အတည်ပြု — အမျိုးသားလွှတ်တော်
- ၂၁.၃.၂၀၁၄ — ဥပဒေအဖြစ် အတည်ပြု — ပြည်ထောင်စုလွှတ်တော်

၄.၂၁.၀။ အမျိုးသား ဆေးဝါးဥပဒေကို ပြင်ဆင်သည့် ဥပဒေ

| နောက်ခံအကြောင်းအရာ | |
|---|---|
| တင်သွင်းသူ | ဒေါက်တာသန်းအောင် (ဒုတိယဝန်ကြီး) |
| မဲဆန္ဒနယ်/အဖွဲ့အစည်း | ကျန်းမာရေးဝန်ကြီးဌာန |
| စတင်တင်သွင်းသည့်လွှတ်တော် | အမျိုးသားလွှတ်တော် |
| တင်သွင်းသည့်ရက်စွဲ | ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ (၂၉)ရက် |
| ဥပဒေအဖြစ် ပြဋ္ဌာန်းသည့်ရက်စွဲ | ၂၀၁၄ ခုနှစ်၊ ဧပြီလ (၁)ရက် |
| အမျိုးအစား | ပြင်ဆင်သည့်ဥပဒေ |
| ကဏ္ဍ | လူမှုရေး |

## မိတ်ဆက်

**( ၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၂၂ )**

၂၀၁၄ ခုနှစ်၊ ဧပြီလ (၁)ရက်နေ့တွင် သမ္မတမှ လက်မှတ်ရေးထိုး ပြဋ္ဌာန်းသည်။

## မြန်မာနိုင်ငံ အစားအသောက်နှင့် ဆေးဝါးအာဏာပိုင်အဖွဲ့ ဖွဲ့စည်းခြင်း

| စဉ် | ဌာန | ဌာနဆိုင်ရာ ရာထူးအဆင့် | တာဝန် |
|---|---|---|---|
| ၁ | ကျန်းမာရေးဝန်ကြီးဌာန | ပြည်ထောင်စုဝန်ကြီး | ဥက္ကဋ္ဌ |
| ၂ | ကျန်းမာရေးဝန်ကြီးဌာန | ဒုတိယဝန်ကြီး | ဒုတိယဥက္ကဋ္ဌ |
| ၃ | ကာကွယ်ရေးဝန်ကြီးဌာန | ဆေးဝန်ထမ်း ညွှန်ကြားရေးမှူး | အဖွဲ့ဝင် |
| ၄ | အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | ညွှန်ကြားရေးမှူးချုပ် | အဖွဲ့ဝင် |
| ၅ | ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဦးစီးဌာန | ညွှန်ကြားရေးမှူးချုပ် | အဖွဲ့ဝင် |
| ၆ | ကျန်းမာရေးဝန်ကြီးဌာန၊ တိုင်းရင်းဆေးပညာဦးစီးဌာန | ညွှန်ကြားရေးမှူးချုပ် | အဖွဲ့ဝင် |
| ၇ | မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး ဝန်ကြီးဌာန၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန | ညွှန်ကြားရေးမှူးချုပ် | အဖွဲ့ဝင် |
| ၈ | စက်မှုဝန်ကြီးဌာန၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန | ညွှန်ကြားရေးမှူးချုပ် | အဖွဲ့ဝင် |
| ၉ | လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးစီမံကိန်းဦးစီးဌာန | ညွှန်ကြားရေးမှူးချုပ် | အဖွဲ့ဝင် |
| ၁၀ | နေပြည်တော်စည်ပင်သာယာရေးကော်မတီ | ကိုယ်စားလှယ်တစ်ဦး | အဖွဲ့ဝင် |
| ၁၁ | ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ | ကိုယ်စားလှယ်တစ်ဦး | အဖွဲ့ဝင် |
| ၁၂ | မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ | ကိုယ်စားလှယ်တစ်ဦး | အဖွဲ့ဝင် |

| စဉ် | ဌာန | ဌာနဆိုင်ရာ ရာထူးအဆင့် | တာဝန် |
|---|---|---|---|
| ၁၃ | မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး ဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာန | ညွှန်ကြားရေးမှူးချုပ် | အဖွဲ့ဝင် |
| ၁၄ | ကျန်းမာရေးဝန်ကြီးဌာန၊ ဆေးသိပ္ပံပညာဦးစီးဌာန | ညွှန်ကြားရေးမှူးချုပ် | အဖွဲ့ဝင် |
| ၁၅ | ကျန်းမာရေးဝန်ကြီးဌာန၊ ဆေးသုတေသနဦးစီးဌာန (မြန်မာပြည်အလယ်ပိုင်း) | ညွှန်ကြားရေးမှူးချုပ် | အဖွဲ့ဝင် |
| ၁၆ | ကျန်းမာရေးဝန်ကြီးဌာန၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန | ညွှန်ကြားရေးမှူးချုပ် | အတွင်းရေးမှူး |

အမျိုးသား ဆေးဝါးဥပဒေကို ပြင်ဆင်သည့် ဥပဒေတွင် ပြစ်မှု ပြစ်ဒဏ် စကားရပ်များကို အစားထိုးပြင်ဆင်ထားသည်ကိုလည်းတွေ့ရသည်။

## ဖြတ်သန်းမှုအဆင့်ဆင့်

ဤဥပဒေကြမ်းနှင့်ပတ်သက်၍ အမျိုးသားလွှတ်တော်တွင်စတင် တင်သွင်းစဉ်က တစ်ကြိမ်ဆွေးနွေးပြီး ပြည်သူ့လွှတ်တော်မှ ပြင်ဆင်ချက်ဖြင့်ပြန်လည်ပေးပို့လာသောအခါ ပြင်ဆင်ချက်အဆို တင်သွင်းဆွေးနွေးမည့် လွှတ်တော်ကိုယ်စားလှယ်မရှိသဖြင့် ပြည်သူ့လွှတ်တော် ပြင်ဆင်ချက်အတိုင်း အတည်ပြုခဲ့ကြောင်းတွေ့ရသည်။ အမျိုးသားလွှတ်တော်တွင် ဥပဒေကြမ်းကော်မတီအစီရင်ခံစာ တစ်စောင် တင်သွင်းခံကြောင်းတွေ့ရသည်။ ပြည်သူ့လွှတ်တော်တွင် တစ်ကြိမ်ဆွေးနွေးပြီး ဥပဒေ ကြမ်းကော်မတီ အစီရင်ခံစာတစ်စောင် တင်သွင်းခဲ့ကြောင်း တွေ့ရသည်။ လွှတ်တော်နှစ်ရပ် သဘောထားကွဲလွဲမှု မရှိသဖြင့် ပြည်ထောင်စုလွှတ်တော်တွင် မှတ်တမ်းတင် အတည်ပြုခဲ့ကြောင်း တွေ့ရသည်။

ဤဥပဒေကြမ်းနှင့်ပတ်သက်၍ လွှတ်တော်တွင်စုစုပေါင်း ဆွေးနွေးရက် (၃) ရက်ရှိခဲ့သည်။ အမျိုးသားလွှတ်တော်တွင် (၂)ရက်၊ ပြည်သူ့လွှတ်တော်တွင် (၁)ရက် ဆွေးနွေးခဲ့ကြခြင်းဖြစ်သည်။

## ၄.၂၂.၀။ ၁၉၅၁ခုနှစ်၊ ခွင့်ရက်နှင့် အလုပ်ပိတ်ရက် အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ

- ဥပဒေကြမ်း စတင်တင်သွင်း ပြည်သူ့လွှတ်တော် — ၁၄.၃.၂၀၁၄
- ၁၄.၃.၂၀၁၄ — ဥပဒေကြမ်းကော်မတီအစီရင်ခံစာတင်သွင်း ပြည်သူ့လွှတ်တော်
- ပြင်ဆင်ချက်ဖြင့်အတည်ပြု ပြည်သူ့လွှတ်တော် — ၂၄.၃.၂၀၁၄
- ၁၁.၆.၂၀၁၄ — ဥပဒေကြမ်းကော်မတီအစီရင်ခံစာတင်သွင်း အမျိုးသားလွှတ်တော်
- ပြင်ဆင်ချက်ဖြင့်အတည်ပြု အမျိုးသားလွှတ်တော် — ၁၇.၆.၂၀၁၄
- ၄.၇.၂၀၁၄ — အတည်ပြု ပြည်သူ့လွှတ်တော်
- ဥပဒေအဖြစ် အတည်ပြု ပြည်ထောင်စု လွှတ်တော် — ၉.၇.၂၀၁၄

၄.၂၂.၀။ ၁၉၅၁ခုနှစ်၊ ခွင့်ရက်နှင့် အလုပ်ပိတ်ရက် အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ

| နောက်ခံအကြောင်းအရာ | |
|---|---|
| တင်သွင်းသူ | ဦးထင်အောင်၊ ဒုတိယဝန်ကြီး |
| မဲဆန္ဒနယ်/အဖွဲ့အစည်း | အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန |
| စတင်တင်သွင်းသည့်လွှတ်တော် | ပြည်သူ့လွှတ်တော် |
| တင်သွင်းသည့်ရက်စွဲ | ၂၀၁၄ ခုနှစ်၊ မတ်လ (၁၄) ရက် |
| ဥပဒေအဖြစ် ပြဋ္ဌာန်းသည့်ရက်စွဲ | ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ (၁၈) ရက် |
| အမျိုးအစား | ပြင်ဆင်သည့်ဥပဒေ |
| ကဏ္ဍ | လူမှုရေး |

**မိတ်ဆက်**

**(၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၃၀)**

၂၀၁၄ ခုနှစ်၊ ဇူလိုင်လ (၁၈) ရက်နေ့တွင် သမ္မတမှ လက်မှတ်ရေးထိုး ပြဋ္ဌာန်းသည်။

**ဖြတ်သန်းမှုအဆင့်ဆင့်**

ဤဥပဒေကြမ်းနှင့်ပတ်သက်၍ ပြည်သူ့လွှတ်တော်တွင်စတင် တင်သွင်းစဉ်က တစ်ကြိမ်ဆွေးနွေးပြီး အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်ဖြင့်ပြန်လည်ပေးပို့လာသောအခါ ပြင်ဆင်ချက်အဆို တင်သွင်းဆွေးနွေးမည့် လွှတ်တော်ကိုယ်စားလှယ်မရှိသဖြင့် အမျိုးသားလွှတ်တော် ပြင်ဆင်ချက်အတိုင်း အတည်ပြုခဲ့ကြောင်းတွေ့ရသည်။ ပြည်သူ့လွှတ်တော်တွင် ဥပဒေကြမ်းကော်မတီအစီရင်ခံစာ တစ်စောင်တင်သွင်းခံကြောင်းတွေ့ရသည်။ အမျိုးသားလွှတ်တော်တွင် တစ်ကြိမ်ဆွေးနွေးပြီး ဥပဒေ ကြမ်းကော်မတီ အစီရင်ခံစာတစ်စောင် တင်သွင်းခဲ့ကြောင်း တွေ့ရသည်။ လွှတ်တော်နှစ်ရပ် သဘောထားကွဲလွဲမှု မရှိသဖြင့် ပြည်ထောင်စုလွှတ်တော်တွင် မှတ်တမ်းတင် အတည်ပြုခဲ့ကြောင်း တွေ့ရသည်။

ဤဥပဒေကြမ်းနှင့်ပတ်သက်၍ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့တွင် စုစုပေါင်းဆွေးနွေးရက် (၂) ရက်သာရှိခဲ့သည်။

## ၄.၂၃.၀။ အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေ

- ၁၂.၃.၂၀၁၄ — ဥပဒေကြမ်းစတင်တင်သွင်း ပြည်သူ့လွှတ်တော်
- ၁၂.၃.၂၀၁၄ — ဥပဒေကြမ်းကော်မတီအစီရင်ခံစာတင်သွင်း ပြည်သူ့လွှတ်တော်
- ၉.၆.၂၀၁၄ — ကိုယ်စားလှယ်များ၏ဆွေးနွေးမှု ပြည်သူ့လွှတ်တော်
- ၉.၆.၂၀၁၄ — ပြင်ဆင်ချက်ဖြင့်အတည်ပြု ပြည်သူ့လွှတ်တော်
- ၂၇.၆.၂၀၁၄ — ဥပဒေကြမ်းကော်မတီအစီရင်ခံစာတင်သွင်း အမျိုးသားလွှတ်တော်
- ၄.၇.၂၀၁၄ — ပြင်ဆင်ချက်ဖြင့်အတည်ပြု အမျိုးသားလွှတ်တော်
- ၁.၈.၂၀၁၄ — ဥပဒေကြမ်းပူးပေါင်းကော်မတီအစီရင်ခံစာတင်သွင်း ပြည်ထောင်စုလွှတ်တော်
- ၁၁.၉.၂၀၁၄ — သမ္မတမှတ်ချက်ဖြင့် ပေးပို့မှုအပေါ်ဥပဒေကြမ်းပူးပေါင်းကော်မတီ၏လေ့လာတွေ့ရှိချက်အစီရင်ခံစာတင်သွင်း ပြည်ထောင်စုလွှတ်တော်
- ၂၂.၉.၂၀၁၄ — ဥပဒေအဖြစ် အတည်ပြု ပြည်ထောင်စုလွှတ်တော်

၄.၂၃.၀။ အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေ

| နောက်ခံအကြောင်းအရာ | |
|---|---|
| တင်သွင်းသူ | ဦးထင်အောင်၊ ဒုတိယဝန်ကြီး |
| မဲဆန္ဒနယ်/အဖွဲ့အစည်း | အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန |
| စတင်တင်သွင်းသည့်လွှတ်တော် | ပြည်သူ့လွှတ်တော် |
| တင်သွင်းသည့်ရက်စွဲ | ၂၀၁၄ ခုနှစ်၊ မတ်လ (၁၂) ရက် |
| ဥပဒေအဖြစ် ပြဋ္ဌာန်းသည့်ရက်စွဲ | ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ (၃၀) ရက် |
| အမျိုးအစား | ပြင်ဆင်သည့်ဥပဒေ |
| ကဏ္ဍ | လူမှုရေး |

**မိတ်ဆက်**

**(၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၄၀)**

၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ (၃၀) ရက်နေ့တွင် သမ္မတမှ လက်မှတ်ရေးထိုး ပြဋ္ဌာန်းသည်။

**ဖြတ်သန်းမှုအဆင့်ဆင့်**

ဤဥပဒေကြမ်းနှင့်ပတ်သက်၍ ပြည်သူ့လွှတ်တော်တွင် စတင်တင်သွင်းစဉ်က တစ်ကြိမ်ဆွေးနွေးပြီး အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်ဖြင့် ပြန်လည်ရောက်ရှိလာစဉ်က တစ်ကြိမ်ဆွေးနွေးခဲ့သည်။ ပြည်သူ့လွှတ်တော်တွင် ဥပဒေကြမ်းကော်မတီ အစီရင်ခံစာ တစ်စောင် တင်သွင်းခဲ့ကြောင်း တွေ့ရသည်။ အမျိုးသားလွှတ်တော်တွင်တစ်ကြိမ်ဆွေးနွေးခဲ့ပြီး ဥပဒေကြမ်းကော်မတီ အစီရင်ခံစာ တစ်စောင်တင်သွင်းခဲ့ကြောင်းတွေ့ရသည်။ လွှတ်တော်နှစ်ရပ် သဘောထားကွဲလွဲသဖြင့် ပြည်ထောင်စုလွှတ်တော်တွင် တင်သွင်းဆွေးနွေးရာ ဥပဒေကြမ်းပူးပေါင်းကော်မတီ အစီရင်ခံစာတစ်စောင် တင်သွင်းခဲ့ပြီး အတည်ပြုခဲ့ကြောင်း တွေ့ရသည်။ အတည်ပြုပြီးသော ဥပဒေကြမ်းကို သမ္မတထံပေးပို့ရာ သမ္မတမှ သဘောထားမှတ်ချက်ဖြင့် ပြန်လည်ရောက်ရှိလာသောအခါ သမ္မတ၏ မှတ်ချက်ပေါ်တွင် ဥပဒေ ကြမ်းပူးပေါင်းကော်မတီ အစီရင်ခံစာ တစ်စောင်တင်သွင်းခဲ့ကြောင်းတွေ့ရသည်။

ဤဥပဒေကြမ်းနှင့်ပတ်သက်၍ လွှတ်တော်တွင်စုစုပေါင်း ဆွေးနွေးရက် (၅)ရက်ရှိသည်။ ပြည်သူ့လွှတ်တော်တွင်(၂) ရက်၊ အမျိုးသားလွှတ်တော်တွင် (၁)ရက်နှင့် ပြည်ထောင်စု လွှတ်တော်တွင် (၂)ရက်ဆွေးနွေးခဲ့ကြောင်းတွေ့ရသည်။

**ဆွေးနွေးမှု**

ဤဥပဒေကြမ်းနှင့်ပတ်သက်၍လွှတ်တော်ကိုယ်စားလှယ် (၂)ဦး ဝင်ရောက်ဆွေးနွေးခဲ့ကြောင်းတွေ့ရသည်။ ပြည်သူ့လွှတ်တော်တွင် (၂)ဦး ဆွေးနွေးခဲ့ကြောင်းတွေ့ရသည်။ ဝင်ရောက်ဆွေးနွေးသည့် လွှတ်တော်ကိုယ်စားလှယ်များမှာ NDF နှင့် USDP တို့ (၁)ဦးစီဆွေးနွေးခဲ့ကြောင်းတွေ့ရသည်။

ဤဥပဒေကြမ်းနှင့်ပတ်သက်၍ ပြည်ထောင်စုအစိုးရအဖွဲ့အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးထင်အောင်၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီတို့က လာရောက်ရှင်းလင်းပြောကြားသည်ကို တွေ့ရသည်။

**ဝင်ရောက်ဆွေးနွေးခဲ့ကြသည့် လွှတ်တော်ကိုယ်စားလှယ်**

| စဉ် | ကိုယ်စားလှယ်အမည် | မဲဆန္ဒနယ် | ပါတီ | ဆွေးနွေးသည့်လွှတ်တော် |
|---|---|---|---|---|
| ၁ | ဦးခိုင်မောင်ရည် | အလုံ | NDF | ပြည်သူ့လွှတ်တော် |
| ၂ | ဦးတင်မောင်ဦး | ရွှေပြည်သာ | USDP | ပြည်သူ့လွှတ်တော် |

## ၄.၂၄.၀။ အမျိုးသားပညာရေးဥပဒေ

- ၁၄.၃.၂၀၁၄ — ဥပဒေကြမ်းစတင်တင်သွင်း
  ပြည်သူ့လွှတ်တော်
- ၂၀.၃.၂၀၁၄ — ဥပဒေကြမ်းကော်မတီအစီရင်ခံစာတင်သွင်း
  ပြည်သူ့လွှတ်တော်
- ၂၁.၃.၂၀၁၄ — ကိုယ်စားလှယ်များ၏ဆွေးနွေးမှု
  ပြည်သူ့လွှတ်တော်
- ၂၁.၃.၂၀၁၄ — ပြင်ဆင်ချက်ဖြင့်အတည်ပြု
  ပြည်သူ့လွှတ်တော်
- ၁၅.၇.၂၀၁၄ — ဥပဒေကြမ်းကော်မတီအစီရင်ခံစာတင်သွင်း
  အမျိုးသားလွှတ်တော်
- ၁၅.၇.၂၀၁၄ — ကိုယ်စားလှယ်များ၏ဆွေးနွေးမှု
  အမျိုးသားလွှတ်တော်
- ၁၅.၇.၂၀၁၄ — ပြင်ဆင်ချက်ဖြင့်အတည်ပြု
  အမျိုးသားလွှတ်တော်
- ၂၄.၇.၂၀၁၄ — ဥပဒေကြမ်းကော်မတီအစီရင်ခံစာတင်သွင်း
  ပြည်သူ့လွှတ်တော်
- ၂၄.၇.၂၀၁၄ — ကိုယ်စားလှယ်များ၏ဆွေးနွေးမှု
  ပြည်သူ့လွှတ်တော်
- ၃၀.၇.၂၀၁၄ — ဥပဒေကြမ်းပူးပေါင်းကော်မတီအစီရင်ခံစာတင်သွင်း
  ပြည်ထောင်စုလွှတ်တော်
- ၃၀.၇.၂၀၁၄ — ကိုယ်စားလှယ်များ၏ဆွေးနွေးမှု
  ပြည်ထောင်စုလွှတ်တော်
- ၁၁.၉.၂၀၁၄ — သမ္မတမှတ်ချက်ဖြင့် ပေးပို့မှုအပေါ်ဥပဒေကြမ်းပူးပေါင်း
  ကော်မတီ၏လေ့လာတွေ့ရှိချက်အစီရင်ခံစာတင်သွင်း
  ပြည်ထောင်စုလွှတ်တော်
- ၂၆.၉.၂၀၁၄ — သမ္မတမှတ်ချက်ဖြင့် ပေးပို့မှုအပေါ်ဆွေးနွေး
  ပြည်ထောင်စုလွှတ်တော်
- ၂၆.၉.၂၀၁၄ — ဥပဒေအဖြစ်အတည်ပြု
  ပြည်ထောင်စုလွှတ်တော်

၄.၂၄.၀။ အမျိုးသားပညာရေးဥပဒေ

| နောက်ခံအကြောင်းအရာ | |
|---|---|
| တင်သွင်းသူ | ဒေါက်တာခင်စန်းရီ၊ ပြည်ထောင်စုဝန်ကြီး |
| မဲဆန္ဒနယ်/အဖွဲ့အစည်း | ပညာရေးဝန်ကြီးဌာန |
| စတင်တင်သွင်းသည့်လွှတ်တော် | ပြည်သူ့လွှတ်တော် |
| တင်သွင်းသည့်ရက်စွဲ | ၂၀၁၄ ခုနှစ်၊ မတ်လ (၁၄)ရက် |
| ဥပဒေအဖြစ် ပြဋ္ဌာန်းသည့်ရက်စွဲ | ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ (၃၀) ရက် |
| အမျိုးအစား | အသစ်ရေးဆွဲပြဋ္ဌာန်းသည့်ဥပဒေ |
| ကဏ္ဍ | လူမှုရေး |

## မိတ်ဆက်

### (၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၄၁)

၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ (၃၀) ရက်နေ့တွင် သမ္မတမှ လက်မှတ်ရေးထိုးပြဋ္ဌာန်းသည်။ ဤဥပဒေကြမ်းတွင် အခန်းပေါင်း (၁၄)ခန်းနှင့် ပုဒ်မပေါင်း (၆၉)ခုပါရှိသည်။

### ကိုင်တွယ်သည့်အဖွဲ့အစည်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့သည် ဥပဒေပါပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ် တစ်ဦးဦးက ဥက္ကဋ္ဌ အဖြစ်ဆောင်ရွက်ပြီး ပညာရေးဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများမှ ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းရင်းသားပညာရှင်များနှင့် အခြားသင့်လျော်သောပုဂ္ဂိုလ်များက အဖွဲ့ဝင်များအဖြစ် ပါဝင်သည့် အမျိုးသားပညာရေးကော်မရှင်ကို ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက်ဖြင့် ဖွဲ့စည်းရမည်။ ကော်မရှင်ကို ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက်ဖြင့် အခါအားလျော်စွာ ပြင်ဆင်ဖွဲ့စည်းနိုင်သည်။ ကော်မရှင်သည် တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်နှင့် သိပ္ပံများ၏ လွတ်လပ်သော ကိုယ်ပိုင်စီမံခန့်ခွဲမှုကို မထိခိုက်စေဘဲ မူဝါဒပိုင်းဆိုင်ရာကိစ္စရပ်များတွင် ပေါင်းစပ်ဖြည့်ဆည်းပေးခြင်းဖြင့် ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုရမည်။ နိုင်ငံ့ဝန်ထမ်းမဟုတ်သော ကော်မရှင်အဖွဲ့ဝင်များသည် အစိုးရအဖွဲ့က သတ်မှတ်သည့်ချီးမြှင့်ငွေနှင့် စရိတ်ကိုခံစားခွင့်ရှိသည်။ ကော်မရှင်နှင့်စပ်လျဉ်းသည့် ရုံးလုပ်ငန်းတာဝန်များကို ပြည်ထောင်စုအစိုးရ ပညာရေးဝန်ကြီးဌာနက စီစဉ်ဆောင်ရွက်ပြီး ကုန်ကျစရိတ်များကို ပြည်ထောင်စုအစိုးရ ပညာရေးဝန်ကြီးဌာန၏ ဘဏ္ဍာရန်ပုံငွေမှ ကျခံစေရမည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် ကျောင်းပညာရေးကို အခြေခံပညာရေး၊ နည်းပညာ၊ သက်မွေးပညာရေးနှင့် အဆင့်မြင့်ပညာရေးစသည့်တို့ကို ခွဲခြားသတ်မှတ် အကောင်အထည်ဖော် ဆောင်ရွက်ရမည်။ ရပ်ကွက် သို့မဟုတ် ကျေးရွာများတွင် အခြေခံပညာအဆင့် ကျောင်းပညာရေးနှင့် ကျောင်းပြင်ပ ပညာရေးတို့ ပူးတွဲသင်ကြားနိုင်ရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်ခြင်းကို အစိုးရအဖွဲ့နှင့် ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့ အဆင့်ဆင့်တို့က ကူညီပံ့ပိုးရမည်။ အမျိုးသားပညာရေး ကော်မရှင်သည် အဆင့်မြင့်ပညာရေးနှင့် စပ်လျဉ်းသည့် ကိစ္စရပ်များကို လိုအပ်သလို ညှိနှိုင်းဆောင်ရွက်နိုင်ရန် သင့်လျော်သောပုဂ္ဂိုလ်များဖြင့် လွတ်လပ်စွာရပ်တည်သော အဆင့်မြင့်ပညာ ပေါင်းစပ်ညှိနှိုင်းရေး ကော်မတီကို ဖွဲ့စည်းပေးရမည်။ အဆင့်မြင့်ပညာသင်ကြားရေးကို အကောင်အထည်ဖော်သည့် ကျောင်းများသည် သုတေသနနှင့် ပညာရပ်ဖွံ့ဖြိုးမှုကို ဦးစားပေးဆောင်ရွက်ရမည်။ သင်ယူသူတို့၏ ဆန္ဒကိုအခြေခံပြီး သက်ဆိုင်ရာကျောင်းက သတ်မှတ်ထားသော အရည်အချင်းပြည့်မီမှုအရ သင်ယူလိုသော ပညာရပ်နှင့် ကျောင်းတို့ကို လွတ်လပ်စွာရွေးချယ်ခွင့် ရှိစေရန်စီစဉ်ဆောင်ရွက်ရမည်။ ပြည်ထောင်စုအစိုးရ ပညာရေးဝန်ကြီးဌာနနှင့် အစိုးရအဖွဲ့က တာဝန်ပေးအပ်သော ပြည်ထောင်စုဝန်ကြီးဌာနများသည် အခြေခံပညာရေးစနစ်၏

အဆင့်တိုင်းအတွက် အမျိုးသားပညာရေး သင်ရိုးညွှန်းတမ်းများကို ကော်မရှင်၏ အတည်ပြုချက်ဖြင့် ပြဋ္ဌာန်းပေးရမည်။ မသန်စွမ်းသူများ၊ အမြင်အာရုံချို့တဲ့သူများ၊ အကြားအာရုံချို့တဲ့သူများ၊ ဉာဏ်ရည်ချို့တဲ့သူများနှင့် မတူကွဲပြား သင်ယူသူများအတွက် သင်ကြားရမည့် အထူးပညာရေးအစီအစဉ်၏ သင်ရိုးညွှန်းတမ်းကို သက်ဆိုင်ရာ ပညာရေးနယ်ပယ်အသီးသီးမှ ပညာရှင်များနှင့် ညှိနှိုင်းအတည်ပြု ပြဋ္ဌာန်းပေးရမည်။ ဆရာများ၏ အရည်အသွေးမြင့်မားစေရေးနှင့် နိုင်ငံတကာအတွေ့အကြုံများ ရှိစေရေးတို့အတွက် စီမံဆောင်ရွက်ပေးရမည်။ ကော်မရှင်သည် အရည်အသွေးခိုင်မာမှုအတွက် စစ်ဆေးအကဲဖြတ်ရမည့် စံချိန်စံညွှန်းနှင့် နည်းလမ်းများကို သတ်မှတ်ပေးရမည်။ အမျိုးသားပညာရေးအဆင့်အတန်းနှင့် အရည်အသွေးအာမခံမှု အကဲဖြတ်ကော်မတီကို လွတ်လပ်သည့်အဖွဲ့အစည်းတစ်ရပ်အဖြစ် သင့်လျော်သော ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းပေးရမည်။ ပြည်ထောင်စုအစိုးရအဖွဲ့ ပညာရေးဝန်ကြီးဌာန၊ အစိုးရအဖွဲ့က တာဝန်ပေးအပ်သော ပြည်ထောင်စုဝန်ကြီးဌာနနှင့် အဆင့်မြင့်ပညာပေါင်းစပ်ညှိနှိုင်းရေးကော်မတီတို့သည် သက်ဆိုင်ရာ အဆင့်မြင့်ပညာကျောင်းများကို ဥပဒေ၊ တည်ဆဲဥပဒေနှင့်အညီစီမံခန့်ခွဲရမည်။ ကျောင်းများမှအပ နိုင်ငံတစ်ဝန်းရှိ ပညာရေးစနစ်တစ်ခုလုံး၏ ပညာရေးဆိုင်ရာ စီမံခန့်ခွဲမှုနှင့် ကြီးကြပ်မှုတို့ကို ဝန်ကြီးဌာန၊ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့များက တာဝန်ခွဲဝေဆောင်ရွက်ရမည်။ အခြေခံပညာအဆင့်ကျောင်းများ၏ စီမံခန့်ခွဲမှုနှင့် ကြီးကြပ်မှုတို့ကို ဝန်ကြီးဌာနနှင့် သက်ဆိုင်ရာ ဝန်ကြီးဌာနတို့က ဆောင်ရွက်ရမည်။ ပညာရေးစီမံခန့်ခွဲသူများသည် ပညာရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန်အတွက် စီမံခန့်ခွဲမှု အထောက်အကူပြုစာရင်းအင်းအချက်အလက်များကို စနစ်တကျ စုစည်းဆောင်ရွက်သည့် ပညာရေး စီမံခန့်ခွဲမှုနှင့် သတင်းအချက်အလက်စနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်ရမည်။ အစိုးရအဖွဲ့ တိုင်းဒေသကြီးအစိုးရအဖွဲ့ သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များသည် နိုင်ငံတော်က တာဝန်ယူဆောင်ရွက်သော ပညာရေးကဏ္ဍအသီးသီးအတွက် လိုအပ်သော ဘဏ္ဍာငွေကို ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေနှင့်အညီ ထောက်ပံ့ပေးရမည်။ အဆင့်မြင့်ပညာပေါင်းစပ်ညှိနှိုင်းရေးကော်မတီနှင့် သက်ဆိုင်သော အဆင့်မြင့်ပညာကျောင်းများသည် ကိုယ်ပိုင်ရန်ပုံငွေ ရှာဖွေထူထောင်ဆောင်ရွက်ခွင့်ရှိသည်။

ကော်မရှင်သည် မိမိဖွဲ့စည်းထားသော ကော်မတီနှင့် အဖွဲ့များ၏ နှစ်စဉ်ဘဏ္ဍာရန်ပုံငွေ လိုအပ်ချက်ကို ပြည်ထောင်စုအစိုးရ ပညာရေးဝန်ကြီးဌာနနှင့် အစိုးရအဖွဲ့က တာဝန်ပေးအပ်သော ပြည်ထောင်စုဝန်ကြီးဌာနမှတဆင့် အစိုးရအဖွဲ့သို့တင်ပြရမည်။ ကော်မတီ နှင့်အဖွဲ့များတွင် ပါဝင်သည့်ပုဂ္ဂိုလ်များအတွက် ချီးမြှင့်ငွေနှင့် စရိတ်တို့ကို အစိုးရအဖွဲ့၏ခွင့်ပြုချက်ဖြင့် သတ်မှတ်နိုင်သည်။ ဥပဒေကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပြည်ထောင်စုအစိုးရ ပညာရေးဝန်ကြီးဌာနနှင့် အစိုးရအဖွဲ့က တာဝန်ပေးအပ်သော ပညာရေးဝန်ကြီးဌာနများသည် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် လိုအပ်သောနည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ထုတ်ပြန်နိုင်သည်။ ကော်မရှင်နှင့် ကော်မရှင်က ဖွဲ့စည်းပေးသည့် ကော်မတီနှင့် အဖွဲ့များ၊ ဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများ၏ ဦးစီးဌာနများသည် အမိန့်၊ အမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက် နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

*** ၂၀၁၂ ခုနှစ် စာစစ်အဖွဲ့ဥပဒေကြမ်း၊ ၂၀၁၂ ခုနှစ် မြန်မာစာအဖွဲ့ဥပဒေကြမ်း၊ ၂၀၁၂ ခုနှစ် တက္ကသိုလ်ပညာရေးဥပဒေကြမ်း၊ ၂၀၁၂ ခုနှစ် အခြေခံပညာရေးဥပဒေကြမ်း၊ ၂၀၁၂ ခုနှစ် ပညာရေးသုတေသန ဥပဒေကြမ်း စသည့် ဥပဒေကြမ်းများကို အမျိုးသားပညာရေးဥပဒေကြမ်း တင်သွင်းခြင်းကြောင့် ရပ်ဆိုင်းထားခဲ့ကြောင်းကို ပထမကြိမ် ပြည်သူ့လွှတ်တော်၏ နဝမပုံမှန်အစည်းအဝေး (၂၅) ရက်မြောက်နေ့ မှတ်တမ်း ၂၀၁၄ ခုနှစ်၊ မတ်လ (၁၄) ရက်နေ့တွင် တွေ့ရှိရသည်။

## ဖြတ်သန်းမှုအဆင့်ဆင့်

ဤဥပဒေကြမ်းနှင့်ပတ်သက်၍ ပြည်သူ့လွှတ်တော်တွင် စတင်တင်သွင်းစဉ်က တစ်ကြိမ်ဆွေးနွေးခဲ့ပြီး အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်ဖြင့် ပြန်လည်ရောက်ရှိလာစဉ်က တစ်ကြိမ် ဆွေးနွေးခဲ့ကြောင်းတွေ့ရသည်။ ပြည်သူ့လွှတ်တော်တွင် ဥပဒေကြမ်းအစီရင်ခံစာ နှစ်စောင်တင်သွင်းခဲ့ကြောင်းတွေ့ရသည်။ အမျိုးသားလွှတ်တော်တွင် တစ်ကြိမ်ဆွေးနွေးခဲ့ပြီး ဥပဒေကြမ်းကော်မတီ အစီရင်ခံစာတစ်စောင် တင်သွင်းခဲ့ကြောင်းတွေ့ရသည်။ လွှတ်တော်နှစ်ရပ်သဘောထားကွဲလွဲသဖြင့် ပြည်ထောင်စုလွှတ်တော်တွင် ဥပဒေကြမ်းပူးပေါင်းကော်မတီ အစီရင်ခံစာတစ်စောင် တင်သွင်းခဲ့ကြောင်းတွေ့ရသည်။ ဥပဒေကြမ်းအား သမ္မတထံပေးပို့ရာ သမ္မတမှ သဘောထားမှတ်ချက်ဖြင့် ပြန်လည်ပေးပို့လာ

သောအခါ သမ္မတ၏သဘောထားမှတ်ချက်ပေါ်တွင် ဥပဒေကြမ်းပူးပေါင်း ကော်မတီ အစီရင်ခံစာတစ်စောင် တင်သွင်းခဲ့ကြောင်း တွေ့ရသည်။

ဤဥပဒေကြမ်းနှင့်ပတ်သက်၍လွှတ်တော်တွင်စုစုပေါင်း ဆွေးနွေးရက် (၇)ရက်ရှိခဲ့သည်။ ပြည်သူ့လွှတ်တော်တွင် (၃)ရက်၊ အမျိုးသားလွှတ်တော်တွင် (၁)ရက်နှင့် ပြည်ထောင်စု လွှတ်တော်တွင် (၃)ရက်ရှိခဲ့သည်။

**ဆွေးနွေးမှု**

ဤဥပဒေကြမ်းနှင့်ပတ်သက်၍လွှတ်တော်ကိုယ်စားလှယ် (၁၉)ဦး ဝင်ရောက်ဆွေးနွေးခဲ့ကြောင်းတွေ့ရသည်။ ပြည်သူ့ လွှတ်တော်တွင် (၁၁)ဦး၊ အမျိုးသားလွှတ်တော်တွင်(၂)ဦး နှင့် ပြည်ထောင်စုလွှတ်တော်တွင်(၆)ဦးတို့ ဆွေးနွေးခဲ့ ကြောင်းတွေ့ရသည်။ ပြည်ထောင်စုအစိုးရအဖွဲ့ ပြည်သူ့ လွှတ်တော် ဥပဒေကြမ်းကော်မတီက လာရောက်ရှင်းလင်း ပြောကြားသည်ကို တွေ့ရသည်။ ဝင်ရောက်ဆွေးနွေးသည့် လွှတ်တော်ကိုယ်စားလှယ်များမှာ USDP နှင့် NLD တို့က (၅) ဦးစီ၊ NDF (၄) ဦး၊ PDP ၊ CPP ၊ MDP ၊ AMRDP နှင့် SNDP တို့က တစ်ဦးစီနှင့် တပ်မတော်သားကိုယ်စားလှယ် (၁) ဦးဆွေးနွေးခဲ့ကြောင်းတွေ့ရသည်။

ဤဥပဒေကြမ်းတွင် ပြည်သူ့လွှတ်တော်နှင့် ပြည်ထောင်စု လွှတ်တော်တို့တွင် ပြည်ထောင်စုအစိုးရအဖွဲ့ ပညာရေးဝန် ကြီးဌာန၊ ဒုတိယဝန်ကြီးနှင့် ပညာရေးမြှင့်တင်မှုကော်မတီ၊ ဒေါက်တာမြဦးတို့က လာရောက်ရှင်းလင်းပြောကြားသည် ကိုတွေ့ရသည်။ ပြည်ထောင်စုလွှတ်တော်တွင် ဥပဒေကြမ်း ကော်မတီက ရှင်းလင်းပြောကြားသည်ကို တွေ့ရသည်။

**ဝင်ရောက်ဆွေးနွေးခဲ့ကြသည့် လွှတ်တော်ကိုယ်စားလှယ်များ**

| စဉ် | ကိုယ်စားလှယ်အမည် | မဲဆန္ဒနယ် | ပါတီ | ဆွေးနွေးသည့်လွှတ်တော် |
|---|---|---|---|---|
| ၁ | ဦးသိန်းညွန့် | သဃ်ၤန်းကျွန်း | NDF | ပြည်သူ့လွှတ်တော် |
| ၂ | ဒေါ်နန်းစေအွာ | ဘားအံ | PDP | ပြည်သူ့လွှတ်တော် |
| ၃ | ဒေါ်တင်နွယ်ဦး | ဒဂုံမြို့သစ်မြောက်ပိုင်း | NDF | ပြည်သူ့လွှတ်တော် |
| ၄ | ဦးတင်မောင်ဦး | ရွှေပြည်သာ | USDP | ပြည်သူ့လွှတ်တော် |
| ၅ | ဦးမန်းဂျော်နီ | မြောင်းမြ | NLD | ပြည်သူ့လွှတ်တော် |
| ၆ | ဦးခိုင်မောင်ရည် | အလုံ | NDF | ပြည်သူ့လွှတ်တော် |
| ၇ | ဦးကျော်မင်း | လက်ပံတန်း | NLD | ပြည်သူ့လွှတ်တော် |
| ၈ | ဦးစိုင်းသန်းနိုင် | ဖာပွန် | USDP | ပြည်သူ့လွှတ်တော် |
| ၉ | ဦးဖြိုးဇေယျာသော် | ပုဗ္ဗသီရိ | NLD | ပြည်သူ့လွှတ်တော် |
| ၁၀ | ဒေါ်စုစုလွင် | သုံးခွ | NLD | ပြည်သူ့လွှတ်တော် |
| ၁၁ | ဦးသောင်းဟန် | ယင်းမာပင် | USDP | ပြည်သူ့လွှတ်တော် |
| ၁၂ | ဦးဖုန်လှယ်ထန် | ချင်း (၂) | CPP | အမျိုးသားလွှတ်တော် |
| ၁၃ | ဦးဖုန်းမြင့်အောင် | ရန်ကုန် (၃) | NDF | အမျိုးသားလွှတ်တော် |
| ၁၄ | ဒေါ်မိမြင့်သန်း | ရေး | MDP | ပြည်ထောင်စုလွှတ်တော် |
| ၁၅ | ဦးသိန်းဆွေ | ဧရာဝတီ (၁၀) | NLD | ပြည်ထောင်စုလွှတ်တော် |
| ၁၆ | ဒေါက်တာအေးမြင့် | ရွှေတောင် | USDP | ပြည်ထောင်စုလွှတ်တော် |
| ၁၇ | ဒေါက်တာဗညားအောင်မိုး | မွန် (၇) | AMRDP | ပြည်ထောင်စုလွှတ်တော် |
| ၁၈ | ဦးသန်းမြင့် | ဆားလင်းကြီး | USDP | ပြည်ထောင်စုလွှတ်တော် |
| ၁၉ | ဗိုလ်မှူးရဲမင်းထွန်း | တပ်မတော်သား | | ပြည်ထောင်စုလွှတ်တော် |
| ၂၀ | ဦးစိုင်းမောင်တင် | လဲချား | SNDP | ပြည်ထောင်စုလွှတ်တော် |

## ၄.၂၅.၀။ ထိခိုက်ဒဏ်ရာရရှိသော အရေးပေါ်လူနာကို ကူညီစောင့်ရှောက်ခြင်းနှင့် ကုသခြင်းဆိုင်ရာ ဥပဒေ

- ၂.၇.၂၀၁၃ — ဥပဒေကြမ်း စတင်တင်သွင်း ပြည်သူ့လွှတ်တော်
- ၁၀.၆.၂၀၁၄ — ဥပဒေကြမ်းကော်မတီအစီရင်ခံစာတင်သွင်း ပြည်သူ့လွှတ်တော်
- ၁၅.၇.၂၀၁၄ — ကိုယ်စားလှယ်များ၏ဆွေးနွေးမှု ပြည်သူ့လွှတ်တော်
- ၂၄.၇.၂၀၁၄ — ပြင်ဆင်ချက်ဖြင့်အတည်ပြု ပြည်သူ့လွှတ်တော်
- ၂၃.၉.၂၀၁၄ — ဥပဒေကြမ်းကော်မတီအစီရင်ခံစာတင်သွင်း အမျိုးသားလွှတ်တော်
- ၁၅.၁၀.၂၀၁၄ — ပြင်ဆင်ချက်ဖြင့်အတည်ပြု အမျိုးသားလွှတ်တော်
- ၁၁.၁၁.၂၀၁၄ — ဥပဒေကြမ်းပူးပေါင်းကော်မတီအစီရင်ခံစာတင်သွင်း ပြည်ထောင်စုလွှတ်တော်
- ၁၄.၁၁.၂၀၁၄ — ကိုယ်စားလှယ်၏ဆွေးနွေးမှု ပြည်ထောင်စုလွှတ်တော်
- ၂၇.၁၁.၂၀၁၄ — သမ္မတမှတ်ချက်ဖြင့် ပေးပို့မှုအပေါ်ဥပဒေကြမ်းပူးပေါင်းကော်မတီ၏လေ့လာတွေ့ရှိချက်အစီရင်ခံစာတင်သွင်း ပြည်ထောင်စုလွှတ်တော်
- ၂၇.၁၁.၂၀၁၄ — သမ္မတမှတ်ချက်ဖြင့် ပေးပို့မှုအပေါ်ဆွေးနွေး ပြည်ထောင်စုလွှတ်တော်
- ၂၇.၁၁.၂၀၁၄ — ဥပဒေအဖြစ် အတည်ပြု ပြည်ထောင်စုလွှတ်တော်

၄.၂၄.၀။ ထိခိုက်ဒဏ်ရာရရှိသော အရေးပေါ်လူနာကို ကူညီစောင့်ရှောက်ခြင်းနှင့် ကုသခြင်းဆိုင်ရာ ဥပဒေ

| နောက်ခံအကြောင်းအရာ | |
|---|---|
| တင်သွင်းသူ | သူရဦးအောင်ကို၊ ဥက္ကဋ္ဌ |
| မဲဆန္ဒနယ်/အဖွဲ့အစည်း | တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီ |
| စတင်တင်သွင်းသည့်လွှတ်တော် | ပြည်သူ့လွှတ်တော် |
| တင်သွင်းသည့်ရက်စွဲ | ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ (၂) ရက် |
| ဥပဒေအဖြစ် ပြဋ္ဌာန်းသည့်ရက်စွဲ | ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ (၅) ရက် |
| အမျိုးအစား | အသစ်ရေးဆွဲပြဋ္ဌာန်းသည့်ဥပဒေ |
| ကဏ္ဍ | လူမှုရေး |

**မိတ်ဆက်**

**(၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၅၃)**

၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ (၅)ရက်နေ့တွင် သမ္မတမှ လက်မှတ်ရေးထိုး ပြဋ္ဌာန်းခဲ့သည်။ ဤဥပဒေကြမ်းတွင် အခန်းပေါင်း (၄)ခန်းနှင့် ပုဒ်မပေါင်း (၂၀)ခုရှိသည်။

**ကိုင်တွယ်သည့်အဖွဲ့အစည်း**

ထိခိုက်ဒဏ်ရာရှိသော အရေးပေါ်လူနာကို တွေ့ရှိသူသည် မိမိကိုယ်တိုင်ဖြစ်စေ၊ တစ်ခြားသူတစ်ဦး၏ အကူအညီရယူ၍ ဖြစ်စေ၊ အရေးပေါ်ကူညီစောင့်ရှောက်မှု ပေးနိုင်သည်။ အရေးပေါ်ကူညီစောင့်ရှောက်မှု ပေးနိုင်ခြင်းမရှိလျှင် အနီးဆုံး ဆေးရုံ သို့မဟုတ် ဆေးခန်းသို့ သင့်လျော်သော နည်းလမ်းဖြင့် ပို့ဆောင်ခြင်း၊ အနီးဆုံးရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး သို့မဟုတ် ရဲကင်း သို့မဟုတ် မီးသတ်စခန်း သို့ဖြစ်စေ၊ အရေးပေါ်ဆက်သွယ်နိုင်သော ဖုန်းနံပါတ်များ သို့ဖြစ်စေ အကြောင်းကြားခြင်း ပြုလုပ်နိုင်သည်။ ထိခိုက်ဒဏ်ရာရရှိသော အရေးပေါ်လူနာကို ကူညီဆောင်ရွက်သူသည် ဆောင်ရွက်မှုအတွက် အသိအမှတ်ပြုခြင်း၊ ဂုဏ်ပြုမှတ်တမ်းတင်ခြင်းနှင့် အခြားသင့်လျော်သည့် အခွင့်အရေးများကို ခံစားခွင့် ရှိစေရမည်။ ထိခိုက်ဒဏ်ရာရရှိသော အရေးပေါ်လူနာကို အချိန်မီ ဆေးကုသမှု ခံယူနိုင်ရန် အနီးဆုံး ဆေးရုံ သို့မဟုတ် ဆေးခန်းသို့ ပို့ဆောင်ရာ၌ ကူညီပို့ဆောင်ပေးသူသည် ယာဉ်တစ်ခုခုကို ငှားရမ်းအသုံးပြုရပါက ကျသင့်သော အမှန်ကုန်ကျစရိတ်ကို သက်ဆိုင်ရာ ရဲစခန်းမှ ကျခံရမည်။ ထိခိုက်ဒဏ်ရာရရှိသော အရေးပေါ်လူနာကို ဥပဒေပါပြဋ္ဌာန်းချက်နှင့်အညီ ဆောင်ရွက်သူ မည်သူကိုမျှ တရားစွဲဆိုခြင်း၊ အရေးယူခြင်း မပြုရပါ။ ထိခိုက်ဒဏ်ရာရရှိသော အရေးပေါ်လူနာများနှင့် ပက်သက်၍ ပြည်ထဲရေးဝန်ကြီးဌာနသည် ဥပဒေပါ ရဲလုပ်ငန်းများအတွက်လည်းကောင်း၊ ကျန်းမာရေးဝန်ကြီးဌာနနှင့် သက်ဆိုင်ရာ ဝန်ကြီးဌာန၊ အဖွဲ့အစည်းများသည် ဥပဒေပါ ကုသမှု လုပ်ငန်းများအတွက်လည်းကောင်း လိုအပ်ပါက အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

**ဖြတ်သန်းမှုအဆင့်ဆင့်**

ဤဥပဒေကြမ်းနှင့်ပတ်သက်၍ ပြည်သူ့လွှတ်တော်တွင် စတင်တင်သွင်းစဉ်က တစ်ကြိမ်ဆွေးနွေးပြီး အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်ဖြင့် ပြန်လည်ရောက်ရှိလာစဉ်က တစ်ကြိမ်ဆွေးနွေးခဲ့သည်။ ပြည်သူ့လွှတ်တော်တွင် ဥပဒေကြမ်းကော်မတီ အစီရင်ခံစာ တစ်စောင် တင်သွင်းခဲ့ကြောင်း တွေ့ရသည်။ အမျိုးသားလွှတ်တော်တွင်တစ်ကြိမ်ဆွေးနွေးခဲ့ပြီး ဥပဒေကြမ်းကော်မတီ အစီရင်ခံစာ တစ်စောင်တင်သွင်းခဲ့ကြောင်းတွေ့ရသည်။ လွှတ်တော်နှစ်ရပ် သဘောထားကွဲလွဲသဖြင့် ပြည်ထောင်စုလွှတ်တော်တွင် တင်သွင်းဆွေးနွေးရာ ဥပဒေကြမ်းပူးပေါင်းကော်မတီ အစီရင်ခံစာတစ်စောင် တင်သွင်းခဲ့ပြီး အတည်ပြုခဲ့ကြောင်း တွေ့ရသည်။ အတည်ပြုပြီးသော ဥပဒေကြမ်းကို သမ္မတထံပေးပို့ရာ သမ္မတမှ

သဘောထားမှတ်ချက်ဖြင့် ပြန်လည်ရောက်ရှိလာသောအခါ သမ္မတ၏ မှတ်ချက်ပေါ်တွင် ဥပဒေကြမ်းပူးပေါင်းကော်မတီ အစီရင်ခံစာ တစ်စောင်တင်သွင်းခဲ့ကြောင်းတွေ့ရသည်။

ဤဥပဒေကြမ်းနှင့်ပတ်သက်၍ လွှတ်တော်တွင် စုစုပေါင်းဆွေးနွေးရက် (၇)ရက်ရှိခဲ့သည်။ ပြည်သူ့လွှတ်တော်တွင် (၃) ရက်၊ အမျိုးသားလွှတ်တော်တွင် (၁) ရက်နှင့် ပြည်ထောင်စုလွှတ်တော်တွင် (၃) ရက်ရှိခဲ့သည်။

**ဆွေးနွေးမှု**

ဤဥပဒေကြမ်းနှင့်ပတ်သက်၍လွှတ်တော်ကိုယ်စားလှယ် (၄) ဦးဆွေးနွေးခဲ့ကြောင်းတွေ့ရသည်။ ပြည်သူ့လွှတ်တော်တွင်(၂) ဦးနှင့် ပြည်ထောင်စုလွှတ်တော်တွင် (၂) ဦးတို့ဆွေးနွေးခဲ့သည်။ ပြည်ထောင်စုအစိုးရအဖွဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ ကျန်းမာရေးဝန်ကြီးဌာန ဒေါက်တာဖေသက်ခင်၊ ဒုတိယရှေ့နေချုပ် ဦးထွန်းထွန်းဦး၊ ဥပဒေကြမ်းကော်မတီ ဦးစိုးရဲ၊ ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီ၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ သိန်းသိန်းဌေးနှင့် ဥပဒေကြမ်းပူးပေါင်းကော်မတီ ဦးစောလှထွန်းတို့မှ လာရောက်ရှင်းလင်းပြောကြားသည်ကို လည်းတွေ့ရသည်။ ဝင်ရောက်ဆွေးနွေးသည့် လွှတ်တော်ကိုယ်စားလှယ်များမှာ USDP မှ (၄) ဦးတို့ ဆွေးနွေးခဲ့ကြောင်း တွေ့ရသည်။

## ဝင်ရောက်ဆွေးနွေးခဲ့ကြသည့် လွှတ်တော်ကိုယ်စားလှယ်

| စဉ် | ကိုယ်စားလှယ်အမည် | မဲဆန္ဒနယ် | ပါတီ | ဆွေးနွေးသည့်လွှတ်တော် |
|---|---|---|---|---|
| ၁ | ဒေါက်တာအောင်သန်း | ရွှေဘို | USDP | ပြည်သူ့လွှတ်တော် |
| ၂ | ဦးဝင်းမြင့် | ပြည် | USDP | ပြည်သူ့လွှတ်တော် |
| ၃ | ဒေါက်တာနေလင်း | ဆိပ်ကမ်း | USDP | ပြည်ထောင်စုလွှတ်တော် |
| ၄ | ဦးမန်းကံညွန့် | ကရင်(၂) | USDP | ပြည်ထောင်စုလွှတ်တော် |

## တရားစီရင်ရေးကဏ္ဍ

### ၄.၂၆.၀။ ၁၉၄၅ခုနှစ်၊ ရွှေ့ပြောင်းနိုင်သော ပစ္စည်းအုပ်ထိန်းသူ အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေ

- ၉.၁.၂၀၁၃ — ဥပဒေကြမ်းစတင်တင်သွင်း ပြည်သူ့လွှတ်တော်
- ၉.၁.၂၀၁၃ — ဥပဒေကြမ်းကော်မတီအစီရင်ခံစာတင်သွင်း ပြည်သူ့လွှတ်တော်
- ၂၉.၁.၂၀၁၃ — အတည်ပြု ပြည်သူ့လွှတ်တော်
- ၂၂.၂.၂၀၁၃ — ဥပဒေကြမ်းကော်မတီအစီရင်ခံစာတင်သွင်း အမျိုးသားလွှတ်တော်
- ၁၄.၃.၂၀၁၃ — အတည်ပြု အမျိုးသားလွှတ်တော်
- ၂၁.၃.၂၀၁၃ — ဥပဒေအဖြစ်အတည်ပြု ပြည်ထောင်စုလွှတ်တော်

၄.၂၅.၀။ ၁၉၄၅ခုနှစ်၊ ရွှေ့ပြောင်းနိုင်သော ပစ္စည်းအုပ်ထိန်းသူ အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေ

| နောက်ခံအကြောင်းအရာ | |
|---|---|
| တင်သွင်းသူ | ဦးစိုးညွန့်၊ တရားသူကြီး |
| မဲဆန္ဒနယ်/အဖွဲ့အစည်း | ပြည်ထောင်စုတရားလွှတ်တော်ချုပ် |
| စတင်တင်သွင်းသည့်လွှတ်တော် | ပြည်သူ့လွှတ်တော် |
| တင်သွင်းသည့်ရက်စွဲ | ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ (၉)ရက် |
| ဥပဒေအဖြစ် ပြဋ္ဌာန်းသည့်ရက်စွဲ | ၂၀၁၃ ခုနှစ်၊ မတ်လ (၂၂)ရက် |
| အမျိုးအစား | ရုတ်သိမ်းသည့်ဥပဒေ |
| ကဏ္ဍ | တရားစီရင်ရေး |

## မိတ်ဆက်

### ( ၂၀၁၃ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၉ )

၂၀၁၃ခုနှစ်၊ မတ်လ (၂၂) ရက်နေ့တွင် သမ္မတမှ လက်မှတ်ရေးထိုး ပြဋ္ဌာန်းသည်။

## ဖြတ်သန်းမှုအဆင့်ဆင့်

ဤဥပဒေကြမ်းနှင့်ပတ်သက်၍ ပြည်သူ့လွှတ်တော်တွင် စတင်တင်သွင်းစဉ်ကတစ်ကြိမ် ဆွေးနွေးခဲ့ပြီး၊ အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့စဉ်ကတစ်ကြိမ် ဆွေးနွေးခဲ့ကြောင်းတွေ့ရသည်။ ပြည်သူ့လွှတ်တော်တွင် ဥပဒေကြမ်းကော်မတီ အစီရင်ခံစာတစ်စောင် တင်သွင်းခဲ့ကြောင်းတွေ့ရသည်။ အမျိုးသားလွှတ်တော်တွင်တစ်ကြိမ် ဆွေးနွေးခဲ့ပြီး ဥပဒေကြမ်းကော်မတီ အစီရင်ခံစာတစ်စောင် တင်သွင်းခဲ့ကြောင်း တွေ့ရသည်။ လွှတ်တော်နှစ်ရပ်သဘောထားကွဲလွဲမှု မရှိသောကြောင့် ပြည်ထောင်စုလွှတ်တော်၌ ဆွေးနွေးမှုမရှိဘဲ မှတ်တမ်းတင်အတည်ပြုခဲ့ကြောင်း တွေ့ရသည်။

ဤဥပဒေကြမ်းနှင့်ပတ်သက်၍ လွှတ်တော်တွင်စုစုပေါင်း ဆွေးနွေးရက် (၂)ရက်ရှိခဲ့ကြောင်းတွေ့ရသည်။ ပြည်သူ့လွှတ်တော်တွင် (၁)ရက်၊အမျိုးသားလွှတ်တော်တွင် (၁) ရက် ဆွေးနွေးခဲ့ကြောင်း တွေ့ရသည်။

## ၄.၂၇.၀။ ပစ္စည်းလွှဲပြောင်းခြင်း အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ

- ၂၃.၁၁.၂၀၁၂ — ဥပဒေကြမ်းစတင်တင်သွင်း ပြည်သူ့လွှတ်တော်
- ၉.၁.၂၀၁၃ — ဥပဒေကြမ်းကော်မတီအစီရင်ခံစာတင်သွင်း ပြည်သူ့လွှတ်တော်
- ၂၉.၁.၂၀၁၃ — ပြင်ဆင်ချက်ဖြင့်အတည်ပြု ပြည်သူ့လွှတ်တော်
- ၂၂.၂.၂၀၁၃ — ဥပဒေကြမ်းကော်မတီအစီရင်ခံစာတင်သွင်း အမျိုးသားလွှတ်တော်
- ၁၄.၃.၂၀၁၃ — အတည်ပြု အမျိုးသားလွှတ်တော်
- ၂၁.၃.၂၀၁၃ — ဥပဒေအဖြစ် အတည်ပြု ပြည်ထောင်စုလွှတ်တော်

၄.၂၇.၀။ ပစ္စည်းလွှဲပြောင်းခြင်း အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ

| နောက်ခံအကြောင်းအရာ | |
|---|---|
| တင်သွင်းသူ | ဦးစိုးညွန့်၊ တရားသူကြီး |
| မဲဆန္ဒနယ်/အဖွဲ့အစည်း | ပြည်ထောင်စုတရားလွှတ်တော်ချုပ် |
| စတင်တင်သွင်းသည့်လွှတ်တော် | ပြည်သူ့လွှတ်တော် |
| တင်သွင်းသည့်ရက်စွဲ | ၂၀၁၂ ခုနှစ်၊ နိုဝင်ဘာလ (၂၃)ရက် |
| ဥပဒေအဖြစ် ပြဋ္ဌာန်းသည့်ရက်စွဲ | ၂၀၁၃ ခုနှစ်၊ မတ်လ (၂၉)ရက် |
| အမျိုးအစား | ပြင်ဆင်သည့်ဥပဒေ |
| ကဏ္ဍ | တရားစီရင်ရေး |

## မိတ်ဆက်

**( ၂၀၁၃ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၁၀ )**

၂၀၁၃ခုနှစ်၊ မတ်လ (၂၉) ရက်နေ့တွင် သမ္မတမှ လက်မှတ်ရေးထိုး ပြဋ္ဌာန်းသည်။

## ဖြတ်သန်းမှုအဆင့်ဆင့်

ဤဥပဒေကြမ်းနှင့်ပတ်သက်၍ ပြည်သူ့လွှတ်တော်တွင် စတင်တင်သွင်းစဉ်ကတစ်ကြိမ် ဆွေးနွေးခဲ့ပြီး၊ အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်ဖြင့်ပြန်လည်ပေးပို့စဉ်က တစ်ကြိမ် ဆွေးနွေးခဲ့ကြောင်းတွေ့ရသည်။ ပြည်သူ့လွှတ်တော်တွင် ဥပဒေကြမ်းကော်မတီ အစီရင်ခံစာတစ်စောင် တင်သွင်းခဲ့ကြောင်းတွေ့ရသည်။ အမျိုးသားလွှတ်တော်တွင်တစ်ကြိမ် ဆွေးနွေးခဲ့ပြီး ဥပဒေကြမ်းကော်မတီ အစီရင်ခံစာတစ်စောင် တင်သွင်းခဲ့ကြောင်းတွေ့ရသည်။ လွှတ်တော်နှစ်ရပ်သဘောထားကွဲလွဲမှုမရှိသောကြောင့် ပြည်ထောင်စုလွှတ်တော်၌ ဆွေးနွေးမှုမရှိဘဲ မှတ်တမ်းတင်အတည်ပြုခဲ့ကြောင်း တွေ့ရသည်။

ဤဥပဒေကြမ်းနှင့်ပတ်သက်၍ လွှတ်တော်တွင်စုစုပေါင်း ဆွေးနွေးရက် (၂)ရက်ရှိခဲ့ကြောင်းတွေ့ရသည်။ ပြည်သူ့လွှတ်တော်တွင် (၁)ရက်၊ အမျိုးသားလွှတ်တော်တွင် (၁) ရက် ဆွေးနွေးခဲ့ကြောင်းတွေ့ရသည်။

## ၄.၂၈.၀။ အထူးကာလစည်းကမ်းသတ်နှင့် အတိုးကန့်သတ်ရေး ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေ

- ၂၁.၁.၂၀၁၃ — ဥပဒေကြမ်းစတင်တင်သွင်း အမျိုးသားလွှတ်တော်
- ၂၅.၁.၂၀၁၃ — ဥပဒေကြမ်းကော်မတီအစီရင်ခံစာတင်သွင်း အမျိုးသားလွှတ်တော်
- ၂၅.၁.၂၀၁၃ — အတည်ပြု အမျိုးသားလွှတ်တော်
- ၅.၂.၂၀၁၃ — ဥပဒေကြမ်းကော်မတီအစီရင်ခံစာတင်သွင်း ပြည်သူ့လွှတ်တော်
- ၆.၃.၂၀၁၃ — အတည်ပြု ပြည်သူ့လွှတ်တော်
- ၈.၇.၂၀၁၃ — ဥပဒေအဖြစ်အတည်ပြု ပြည်ထောင်စုလွှတ်တော်

၄.၂၈.၀။ အထူးကာလစည်းကမ်းသတ်နှင့် အတိုးကန့်သတ်ရေး ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေ

| နောက်ခံအကြောင်းအရာ | |
|---|---|
| တင်သွင်းသူ | ဦးစိုးညွန့်၊ တရားသူကြီး |
| မဲဆန္ဒနယ်/အဖွဲ့အစည်း | ပြည်ထောင်စုတရားလွှတ်တော်ချုပ် |
| စတင်တင်သွင်းသည့်လွှတ်တော် | အမျိုးသားလွှတ်တော် |
| တင်သွင်းသည့်ရက်စွဲ | ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ (၂၁)ရက် |
| ဥပဒေအဖြစ် ပြဋ္ဌာန်းသည့်ရက်စွဲ | ၂၀၁၃ ခုနှစ်၊ ဖွန်လ (၂၈)ရက် |
| အမျိုးအစား | ရုတ်သိမ်းသည့်ဥပဒေ |
| ကဏ္ဍ | တရားစီရင်ရေး |

## မိတ်ဆက်

### ( ၂၀၁၃ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၁၃ )

၂၀၁၃ခုနှစ်၊ ဖွန်လ (၂၈) ရက်နေ့တွင် သမ္မတမှ လက်မှတ်ရေးထိုး ပြဋ္ဌာန်းသည်။

## ဖြတ်သန်းမှုအဆင့်ဆင့်

ဤဥပဒေကြမ်းနှင့်ပတ်သက်၍ အမျိုးသားလွှတ်တော်တွင် စတင် တင်သွင်းစဉ်က တစ်ကြိမ် ဆွေးနွေးခဲ့ပြီး၊ ပြည်သူ့လွှတ်တော်မှ ပြင်ဆင်ချက်ဖြင့်ပြန်လည်ပေးပို့စဉ်က တစ်ကြိမ် ဆွေးနွေးခဲ့ကြောင်းတွေ့ရသည်။ အမျိုးသားလွှတ်တော်တွင် ဥပဒေကြမ်းကော်မတီ အစီရင်ခံစာတစ်စောင် တင်သွင်းခဲ့ကြောင်းတွေ့ရသည်။ ပြည်သူ့လွှတ်တော်တွင် တစ်ကြိမ်ဆွေးနွေးခဲ့ပြီး ဥပဒေကြမ်းကော်မတီ အစီရင်ခံစာ တစ်စောင် တင်သွင်းခဲ့ကြောင်းတွေ့ရသည်။ လွှတ်တော်နှစ်ရပ် သဘောထားကွဲလွဲမှုမရှိသောကြောင့် ပြည်ထောင်စုလွှတ်တော်၌ ဆွေးနွေးမှုမရှိဘဲ မှတ်တမ်းတင်အတည်ပြုခဲ့ကြောင်းတွေ့ရသည်။

ဤဥပဒေကြမ်းနှင့်ပတ်သက်၍ လွှတ်တော်တွင်စုစုပေါင်း ဆွေးနွေးရက် (၂)ရက်ရှိခဲ့ကြောင်းတွေ့ရသည်။ အမျိုးသားလွှတ်တော်တွင် (၁)ရက်နှင့် ပြည်သူ့လွှတ်တော်တွင် (၁) ရက် ဆွေးနွေးခဲ့ကြောင်းတွေ့ရသည်။

## ၄.၂၉.၀။ တရားရုံးများမထီမဲ့မြင်ပြုမှု ဥပဒေ

| | | |
|---|---|---|
| ၃၁.၇.၂၀၁၂ | ဥပဒေကြမ်းစတင်တင်သွင်း | အမျိုးသားလွှတ်တော် |
| ၁၄.၈.၂၀၁၂ | ဥပဒေကြမ်းကော်မတီအစီရင်ခံစာတင်သွင်း | အမျိုးသားလွှတ်တော် |
| ၁၄.၈.၂၀၁၂ | ကိုယ်စားလှယ်များ၏ဆွေးနွေးမှု | အမျိုးသားလွှတ်တော် |
| ၁၄.၈.၂၀၁၂ | ပြင်ဆင်ချက်ဖြင့်အတည်ပြု | အမျိုးသားလွှတ်တော် |
| ၂၂.၁၀.၂၀၁၂ | ဥပဒေကြမ်းကော်မတီအစီရင်ခံစာတင်သွင်း | ပြည်သူ့လွှတ်တော် |
| ၂၈.၁.၂၀၁၃ | ကိုယ်စားလှယ်များ၏ဆွေးနွေးမှု | ပြည်သူ့လွှတ်တော် |
| ၂၈.၁.၂၀၁၃ | ပြင်ဆင်ချက်ဖြင့်အတည်ပြု | ပြည်သူ့လွှတ်တော် |
| ၂၁.၃.၂၀၁၃ | အတည်ပြု | အမျိုးသားလွှတ်တော် |
| ၈.၇.၂၀၁၃ | သမ္မတမှတ်ချက်ဖြင့် ပေးပို့မှုအပေါ်ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်အစီရင်ခံစာတင်သွင်း | ပြည်ထောင်စုလွှတ်တော် |
| ၂၅.၇.၂၀၁၃ | ဥပဒေအဖြစ် အတည်ပြု | ပြည်ထောင်စုလွှတ်တော် |

၄.၂၉.၀။ တရားရုံးများမထီမဲ့မြင်ပြုမှု ဥပဒေ

| နောက်ခံအကြောင်းအရာ | |
|---|---|
| တင်သွင်းသူ | ဦးစိုးညွန့်၊ တရားသူကြီး |
| မဲဆန္ဒနယ်/အဖွဲ့အစည်း | ပြည်ထောင်စုတရားလွှတ်တော်ချုပ် |
| စတင်တင်သွင်းသည့်လွှတ်တော် | အမျိုးသားလွှတ်တော် |
| တင်သွင်းသည့်ရက်စွဲ | ၂၀၁၂ ခုနှစ်၊ ဇူလိုင်လ (၃၁)ရက် |
| ဥပဒေအဖြစ် ပြဋ္ဌာန်းသည့်ရက်စွဲ | ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ (၂၉) ရက် |
| အမျိုးအစား | အသစ်ရေးဆွဲပြဋ္ဌာန်းသည့်ဥပဒေ |
| ကဏ္ဍ | တရားစီရင်ရေး |

## မိတ်ဆက်

### ( ၂၀၁၃ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၁၇ )

၂၀၁၃ ခုနှစ်၊ ဇူလိုင်လ (၂၉)ရက်နေ့တွင် သမ္မတမှ လက်မှတ်ရေးထိုးပြဋ္ဌာန်းသည်။ ဤဥပဒေကြမ်းတွင် အခန်းပေါင်း (၆)ခန်းနှင့် ပုဒ်မပေါင်း (၁၆)ခုပါရှိသည်။

## စီရင်ပိုင်ခွင့်နှင့် အရေးယူပိုင်ခွင့်

တိုင်းဒေသကြီးတရားလွှတ်တော် (သို့မဟုတ်)ပြည်နယ်တရားလွှတ်တော်သည် တရားရုံးများကိုအထီမဲ့မြင်ပြုမှုအား စစ်ဆေးစီရင်ပိုင်ခွင့်ရှိသည်။ တိုင်းဒေသကြီးတရားလွှတ်တော် (သို့မဟုတ်) ပြည်နယ်တရားလွှတ်တော်သည် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ စစ်ဘက်ဆိုင်ရာတရားရုံး(သို့မဟုတ်)နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးကို မထီမဲ့မြင်ပြုမှုအတွက် သက်ဆိုင်ရာတရားရုံးမှ တာဝန်ရှိသူတစ်ဦး၏ လျှောက်ထားချက်အရ အရေးယူပိုင်ခွင့်ရှိသည်။ တရားမဆိုင်ရာ မထီမဲ့မြင်ပြုမှုကို တရားမအထွေထွေမှုဖွင့်လှစ်ဆောင်ရွက်ရမည်။ ပြစ်မှုဆိုင်ရာမထီမဲ့မြင်ပြုမှုကို ပြစ်မှုဆိုင်ရာ အထွေထွေမှု ဖွင့်လှစ်ဆောင်ရွက်ရမည်။

တိုင်းဒေသကြီးတရားလွှတ်တော်၊သို့မဟုတ်၊ပြည်နယ်တရားလွှတ်တော်သည် မိမိသဘောအလျောက်ဖြစ်စေ၊ နစ်နာသူအမှုသည်တစ်ဦး၏ လျှောက်ထားချက်အရဖြစ်စေ၊ အခြားနည်းအရဖြစ်စေ၊ တရားရုံးတစ်ရုံးရုံးကို မထီမဲ့မြင်ပြုမှုအား အရေးယူပိုင်ခွင့် ရှိသော်လည်း ကျူးလွန်ကြောင်း စွပ်စွဲထားသည့် မထီမဲ့မြင်ပြုမှုမှာ ပြစ်မှုဆိုင်ရာဥပဒေအရ ပြစ်ဒဏ်ချမှတ်နိုင်သော မထီမဲ့မြင်ပြုမှုဖြစ်ပါက အရေးယူပိုင်ခွင့်မရှိပေ။

## ကင်းလွတ်ချက်များ

ဆောင်ရွက်ဆဲ တရားစီရင်သော မှုခင်းတစ်ရပ်နှင့် စပ်လျဉ်း၍ တရားမျှတပြီး မှန်ကန်တိကျခိုင်လုံသော အကြောင်းအရာတစ်ရပ်ရပ်ကို နှုတ်ဖြင့်ဖြစ်စေ၊ စာဖြင့်ဖြစ်စေ၊ အမှတ်သင်္ကေတဖြင့်ဖြစ်စေ၊ ထင်ရှားသော ပုံသဏ္ဌာန်ဖြင့်ဖြစ်စေ၊ အခြားတစ်နည်းနည်းဖြင့်ဖြစ်စေ ထုတ်ဖော်ကြေငြာခြင်း၊ သတင်းအဖြစ်ရေးသားဖော်ပြခြင်း (သို့မဟုတ်) ပုံနှိပ်ထုတ်ဝေခြင်း (သို့မဟုတ်)ဖြန့်ချိခြင်းသည် တရားရုံးကို မထီမဲ့မြင်ပြုမှုမမြောက်ပေ။ အများပြည်သူ ဝင်ရောက်ခြင်းကို ကန့်သတ်ထားသော သီးသန့်ရုံးခန်း၌ ဆောင်ရွက်သည့် တရားစီရင်သော မှုခင်းတစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ တရားမျှတပြီး မှန်ကန်တိကျခိုင်လုံသော အစီရင်ခံစာကို ပုံနှိပ်ထုတ်ဝေခြင်း (သို့မဟုတ်) ဖြန့်ချိခြင်းသည် တရားရုံးကို မထီမဲ့မြင်ပြုမှုမမြောက်ပေ။

## အယူခံဝင်ခွင့်

တိုင်းဒေသကြီးတရားလွှတ်တော် (သို့မဟုတ်)ပြည်နယ်တရားလွှတ်တော်သည် တရားရုံးကိုပြစ်မှုဆိုင်ရာ မထီမဲ့မြင်ပြုမှု ကျူးလွန်သူကသော်လည်းကောင်း၊ တရားမဆိုင်ရာ မထီမဲ့မြင်ပြုမှု ကျူးလွန်သူကသော်လည်းကောင်း၊ ကျေနပ်

လောက်အောင် ဝန်ချတောင်းပန်လျှင် သတိပေးပြီး အပြစ်မှ လွတ်နိုင်သည်(သို့မဟုတ်)ပြစ်ဒဏ်မှ လွတ်ငြိမ်းချမ်းသာခွင့် ပြုနိုင်သည်။ တရားရုံးကို မထီမဲ့မြင် ပြုမှုနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီးတရားလွှတ်တော် (သို့မဟုတ်) ပြည်နယ် တရားလွှတ်တော်မှ ချမှတ်သည့်အမိန့် (သို့မဟုတ်) ဆုံးဖြတ် ချက်ကို မကျေနပ်ပါက ပြည်ထောင်စုတရားလွှတ်တော်ချုပ် သို့ အယူခံဝင်ခွင့်ရှိသည်။

**အထွေထွေ**

တရားရုံးကို မထီမဲ့မြင်ပြုမှု ကျူးလွန်ခဲ့သည်ဟူသော နေ့မှစ၍ တစ်နှစ်အတွင်း အမှုကိုစွဲဆိုရမည်။ သတ်မှတ် ထားသော ကာလထက်ကျော်လွန်ပါက မည်သည့်တရား လွှတ်တော်ကမျှ ဤအမှုကို အရေးယူဆောင်ရွက်ခြင်း မပြုရ။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် လိုအပ်သော နည်းဥပဒေများ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ် နည်းများကို ထုတ်ပြန်နိုင်သည်။ The Contempt of Courts Act ကို ဤဥပဒေဖြင့်ရုပ်သိမ်းလိုက်သည်။

**ဖြတ်သန်းမှုအဆင့်ဆင့်**

ဤဥပဒေကြမ်းနှင့်ပတ်သက်၍ အမျိုးသားလွှတ်တော် တွင်စတင်တင်သွင်းစဉ်ကတစ်ကြိမ် ဆွေးနွေးခဲ့ပြီး ပြည်သူ့ လွှတ်တော်မှ ပြင်ဆင်ချက်ဖြင့် ပြန်လည်ရောက်ရှိစဉ်က တစ်ကြိမ် ဆွေးနွေးခဲ့ပြီး ဥပဒေကြမ်းကော်မတီ အစီရင်ခံ စာတစ်စောင် တင်သွင်းခဲ့သည်ကို တွေ့ရသည်။ ပြည်သူ့ လွှတ်တော်တွင် တစ်ကြိမ်ဆွေးနွေးခဲ့ပြီး ဥပဒေကြမ်းကော် မတီ အစီရင်ခံစာ တစ်စောင် တင်သွင်းခဲ့ကြောင်းတွေ့ရသည်။ လွှတ်တော်နှစ်ရပ် သဘောထားကွဲလွဲမှုမရှိသဖြင့် ပြည်ထောင် စုလွှတ်တော်၌ မှတ်တမ်းတင်အတည်ပြုခဲ့ကြောင်း တွေ့ရ သည်။ အတည်ပြုပြီးသော ဥပဒေကြမ်းအား သမ္မတထံပေးပို့ ရာ သမ္မတမှ သဘောထားမှတ်ချက်ဖြင့် ပြန်လည်ပေးပို့ရာ သမ္မတ၏ သဘောထားမှတ်ချက်အပေါ်တွင် ဥပဒေကြမ်းပူး ပေါင်းကော်မတီ အစီရင်ခံစာ တစ်စောင် တင်သွင်းခဲ့ကြောင်း တွေ့ရသည်။

ဤဥပဒေကြမ်းနှင့်ပတ်သက်၍လွှတ်တော်တွင် ဆွေးနွေး ရက် (၄) ရက်ရှိခဲ့သည်။ အမျိုးသားလွှတ်တော်တွင် (၂) ရက်နှင့် ပြည်သူ့လွှတ်တော်တွင် (၂)ရက်နှင့် ပြည်ထောင်စု လွှတ်တော်တွင် (၁)ရက်ဆွေးနွေးခဲ့သည်။

**ဆွေးနွေးမှု**

ဤဥပဒေကြမ်းနှင့်ပတ်သက်၍လွှတ်တော်ကိုယ်စားလှယ် (၁)ဦးတည်းသာ ဝင်ရောက်ဆွေးနွေးခဲ့ကြောင်း တွေ့ရသည်။ ပြည်ထောင်စုအစိုးရအဖွဲ့ ပြည်သူ့လွှတ်တော် ဥပဒေကြမ်း ကော်မတီက လာရောက် ရှင်းလင်းပြောကြားသည်ကို တွေ့ရသည်။ ဝင်ရောက်ဆွေးနွေးသည့် လွှတ်တော် ကိုယ်စားလှယ်မှာ USDP (၁) ဦးတည်းသာဆွေးနွေးခဲ့သည်။

**ဝင်ရောက်ဆွေးနွေးခဲ့ကြသည့် လွှတ်တော်ကိုယ်စားလှယ်**

| စဉ် | ကိုယ်စားလှယ်အမည် | မဲဆန္ဒနယ် | ပါတီ | ဆွေးနွေးသည့်လွှတ်တော် |
|---|---|---|---|---|
| ၁ | ဦးတင်မြ | စစ်ကိုင်း (၇) | USDP | အမျိုးသားလွှတ်တော် |

## ၄.၃၀.၀။ ပြည်ထောင်စု တရားစီရင်ရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေ (ပထမအကြိမ်)

- ၂၃.၁၁.၂၀၁၂ — ဥပဒေကြမ်းစတင်တင်သွင်း — ပြည်သူ့လွှတ်တော်
- ၂၃.၁.၂၀၁၃ — ဥပဒေကြမ်းကော်မတီအစီရင်ခံစာတင်သွင်း — ပြည်သူ့လွှတ်တော်
- ၂၃.၁၁.၂၀၁၂ — ကိုယ်စားလှယ်များ၏ဆွေးနွေးမှု — ပြည်သူ့လွှတ်တော်
- ၆.၃.၂၀၁၃ — ပြင်ဆင်ချက်ဖြင့်အတည်ပြု — ပြည်သူ့လွှတ်တော်
- ၅.၇.၂၀၁၃ — ဥပဒေကြမ်းကော်မတီအစီရင်ခံစာတင်သွင်း — အမျိုးသားလွှတ်တော်
- ၁၇.၇.၂၀၁၃ — ကိုယ်စားလှယ်များ၏ဆွေးနွေးမှု — အမျိုးသားလွှတ်တော်
- ၂၄.၇.၂၀၁၃ — ဥပဒေကြမ်းကော်မတီအစီရင်ခံစာပြန်လည်တင်သွင်း — အမျိုးသားလွှတ်တော်
- ၂၄.၇.၂၀၁၃ — ပြင်ဆင်ချက်ဖြင့်အတည်ပြု — အမျိုးသားလွှတ်တော်
- ၁၄.၈.၂၀၁၃ — ဥပဒေကြမ်းကော်မတီအစီရင်ခံစာတင်သွင်း — ပြည်သူ့လွှတ်တော်
- ၁၄.၈.၂၀၁၃ — အတည်ပြု — ပြည်သူ့လွှတ်တော်
- ၃.၁၀ ၂၀၁၃ — သဘောတူညီချက်ဖြင့် ပေးပို့မှုအပေါ် ဥပဒေကြမ်းပူးပေါင်းကော်မတီ၏လေ့လာတွေ့ရှိချက်အစီရင်ခံစာတင်သွင်း — ပြည်ထောင်စုလွှတ်တော်
- ၃.၁၀ ၂၀၁၃ — ကိုယ်စားလှယ်၏ဆွေးနွေးမှု — ပြည်ထောင်စုလွှတ်တော်
- ၃.၁၀ ၂၀၁၃ — ဥပဒေအဖြစ် အတည်ပြု — အမျိုးသားလွှတ်တော်

၄.၃၀.၀။ ပြည်ထောင်စု တရားစီရင်ရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေ (ပထမအကြိမ်)

| နောက်ခံအကြောင်းအရာ | |
|---|---|
| တင်သွင်းသူ | ဦးသိန်းညွန့် |
| မဲဆန္ဒနယ်/အဖွဲ့အစည်း | သထုံနယ်ကျွန်း |
| စတင်တင်သွင်းသည့်လွှတ်တော် | ပြည်သူ့လွှတ်တော် |
| တင်သွင်းသည့်ရက်စွဲ | ၂၀၁၂ ခုနှစ်၊ နိုဝင်ဘာလ (၂၃)ရက် |
| ဥပဒေအဖြစ် ပြဋ္ဌာန်းသည့်ရက်စွဲ | ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ (၈)ရက် |
| အမျိုးအစား | ပြင်ဆင်ရေးဆွဲသည့်ဥပဒေ |
| ကဏ္ဍ | တရားစီရင်ရေး |

**မိတ်ဆက်**

**( ၂၀၁၃ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၃၀ )**

၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ (၈)ရက်နေ့တွင် သမ္မတမှ လက်မှတ်ရေးထိုး ပြဋ္ဌာန်းသည်။

**ဖြတ်သန်းမှုအဆင့်ဆင့်**

ဤဥပဒေကြမ်းနှင့်ပတ်သက်၍ ပြည်သူ့လွှတ်တော်တွင် စတင်တင်သွင်းစဉ်က တစ်ကြိမ်ဆွေးနွေးခဲ့ပြီး၊ အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်ဖြင့်ပြန်လည်ပေးပို့စဉ်က တစ်ကြိမ် ဆွေးနွေးခဲ့ကြောင်းတွေ့ရသည်။ ပြည်သူ့လွှတ်တော်တွင် ဥပဒေကြမ်းကော်မတီ အစီရင်ခံစာနှစ်စောင် တင်သွင်းခဲ့ကြောင်းတွေ့ရသည်။ အမျိုးသားလွှတ်တော်တွင်တစ်ကြိမ် ဆွေးနွေးခဲ့ပြီး ဥပဒေကြမ်းကော်မတီ အစီရင်ခံစာနှစ်စောင် တင်သွင်းခဲ့ကြောင်းတွေ့ရသည်။ ဥပဒေကြမ်းစတင် တင်သွင်းသည့် ပြည်သူ့လွှတ်တော်သို့ အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်များဖြင့် ပြန်လည်ရောက်ရှိလာသောအခါ အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များကို ပြည်သူ့လွှတ်တော်မှ သဘောတူသဖြင့် လွှတ်တော်နှစ်ရပ် သဘောထားကွဲလွဲမှု မရှိသောကြောင့် ပြည်ထောင်စုလွှတ်တော်၌ ဆွေးနွေးမှု မရှိဘဲ မှတ်တမ်းတင် အတည်ပြုခဲ့ကြောင်း တွေ့ရသည်။ ပြည်ထောင်စုလွှတ်တော်၌ မှတ်တမ်းတင် အတည်ပြုခဲ့သော ဥပဒေကြမ်းအား သမ္မတထံပေးပို့ရာ သမ္မတမှ သဘောထားမှတ်ချက်ဖြင့် ပြန်လည်ပေးပို့ခဲ့သည်။ သမ္မတ၏ သဘောထားမှတ်ချက်အား ပြည်ထောင်စုလွှတ်တော်တွင် ဥပဒေကြမ်း ပူးပေါင်းကော်မတီ အစီရင်ခံစာတစ်စောင် တင်သွင်းခဲ့ကြောင်း တွေ့ရသည်။

ဤဥပဒေကြမ်းနှင့်ပတ်သက်၍ လွှတ်တော်တွင်စုစုပေါင်း ဆွေးနွေးရက် (၆)ရက်ရှိခဲ့သည်။ ပြည်သူ့လွှတ်တော်တွင် (၂)ရက်၊ အမျိုးသားလွှတ်တော်တွင်(၃)ရက်နှင့် ပြည်ထောင်စု လွှတ်တော်တွင်(၁)ရက် ဆွေးနွေးခဲ့ကြခြင်းဖြစ်သည်။

**ဆွေးနွေးမှု**

ဤဥပဒေကြမ်းနှင့်ပတ်သက်၍လွှတ်တော်ကိုယ်စားလှယ် (၂)ဦး ဝင်ရောက်ဆွေးနွေးခဲ့ကြောင်းတွေ့ရသည်။ အမျိုးသားလွှတ်တော်တွင် တစ်ဦးနှင့် ပြည်ထောင်စုလွှတ်တော်တွင် တစ်ဦးတို့ ဆွေးနွေးခဲ့ကြောင်းတွေ့ရသည်။ ပြည်ထောင်စု အစိုးရအဖွဲ့ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးစိုးညွန့်မှ လာရောက်ရှင်းလင်းပြောကြားသည်ကို တွေ့ရသည်။ ဝင်ရောက်ဆွေးနွေးသည့် လွှတ်တော်ကိုယ်စားလှယ်များမှာ USDP နှင့် RNDP မှ တစ်ဦးစီတို့ ဆွေးနွေးခဲ့ကြောင်း တွေ့ရသည်။

**ဝင်ရောက်ဆွေးနွေးခဲ့ကြသည့် လွှတ်တော်ကိုယ်စားလှယ်**

| စဉ် | ကိုယ်စားလှယ်အမည် | မဲဆန္ဒနယ် | ပါတီ | ဆွေးနွေးသည့်လွှတ်တော် |
|---|---|---|---|---|
| ၁ | ဦးကျော်ထွန်းအောင် | ရခိုင် (၅) | RNDP | အမျိုးသားလွှတ်တော် |
| ၂ | ဦးမင်းဆွေ | ဒိုက်ဦး | USDP | ပြည်ထောင်စုလွှတ်တော် |

## ၄.၃၁.၀။ ၂၀၁၄ခုနှစ်၊ စာချွန်တော်အမိန့် လျှောက်ထားမှုဆိုင်ရာ ဥပဒေ

- ၁၇.၇.၂၀၁၃ — ဥပဒေကြမ်းစတင်တင်သွင်း
  ပြည်သူ့လွှတ်တော်
- ၂၆.၈.၂၀၁၃ — ဥပဒေကြမ်းကော်မတီအစီရင်ခံစာတင်သွင်း
  ပြည်သူ့လွှတ်တော်
- ၁၄.၁၀.၂၀၁၃ — ကိုယ်စားလှယ်များ၏ဆွေးနွေးမှု
  ပြည်သူ့လွှတ်တော်
- ၁၄.၁၀.၂၀၁၃ — ပြင်ဆင်ချက်ဖြင့်အတည်ပြု
  ပြည်သူ့လွှတ်တော်
- ၂၃.၁.၂၀၁၄ — ဥပဒေကြမ်းကော်မတီအစီရင်ခံစာတင်သွင်း
  အမျိုးသားလွှတ်တော်
- ၃.၂.၂၀၁၄ — ပြင်ဆင်ချက်ဖြင့်အတည်ပြု
  အမျိုးသားလွှတ်တော်
- ၁၀.၃.၂၀၁၄ — ဥပဒေကြမ်းပူးပေါင်းကော်မတီအစီရင်ခံစာတင်သွင်း
  ပြည်ထောင်စုလွှတ်တော်
- ၂၈.၅.၂၀၁၄ — သမ္မတမှတ်ချက်ဖြင့် ပေးပို့မှုအပေါ်ဆွေးနွေး
  ပြည်ထောင်စုလွှတ်တော်
- ၂၈.၅.၂၀၁၄ — သမ္မတမှတ်ချက်ဖြင့် ပေးပို့မှုအပေါ်ဥပဒေကြမ်းပူးပေါင်း
  ကော်မတီ၏လေ့လာတွေ့ရှိချက်အစီရင်ခံစာတင်သွင်း
  ပြည်ထောင်စုလွှတ်တော်
- ၂၈.၅.၂၀၁၄ — ဥပဒေအဖြစ် အတည်ပြု
  ပြည်ထောင်စုလွှတ်တော်

၄.၃၁.၀။ ၂၀၁၄ခုနှစ်၊ စာချွန်တော်အမိန့် လျှောက်ထားမှုဆိုင်ရာ ဥပဒေ

| နောက်ခံအကြောင်းအရာ | |
|---|---|
| တင်သွင်းသူ | ဦးလွင်ဦး |
| မဲဆန္ဒနယ်/အဖွဲ့အစည်း | တရားစီရင်ရေးနှင့် ဥပဒေရေးရာ ကော်မတီ |
| စတင်တင်သွင်းသည့်လွှတ်တော် | ပြည်သူ့လွှတ်တော် |
| တင်သွင်းသည့်ရက်စွဲ | ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ (၁၇)ရက် |
| ဥပဒေအဖြစ် ပြဋ္ဌာန်းသည့်ရက်စွဲ | ၂၀၁၄ ခုနှစ်၊ ဇွန်လ (၅) ရက် |
| အမျိုးအစား | အသစ်ရေးဆွဲပြဋ္ဌာန်းသည့်ဥပဒေ |
| ကဏ္ဍ | တရားစီရင်ရေး |

**မိတ်ဆက်**

**( ၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၂၄ )**

၂၀၁၄ ခုနှစ်၊ ဇွန်လ (၅) ရက်နေ့တွင် သမ္မတမှ လက်မှတ်ရေးထိုးပြဋ္ဌာန်းသည်။ ဤဥပဒေကြမ်းတွင် အခန်းပေါင်း (၆) ခန်းနှင့် ပုဒ်မပေါင်း (၁၉) ခုပါရှိသည်။

**ကိုင်တွယ်သည့်အဖွဲ့အစည်း**

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ရှေ့တော်သွင်းစာချွန်တော်အမိန့်၊ အာဏာပေးစာချွန်တော်အမိန့်၊ တားမြစ်စေစာချွန်တော်အမိန့်၊ အာဏာပိုင်မေးစာချွန်တော်အမိန့်၊ အမှုခေါ်စာချွန်တော်အမိန့် စသည့် စာချွန်တော်အမိန့်များကိုထုတ်ပိုင်ခွင့်အာဏာရှိသည်။ နိုင်ငံတော်အတွင်းအရေးပေါ်အခြေအနေများ ပေါ်ပေါက်ကြောင်း ကြေညာသည့်ဒေသတွင် စာချွန်တော်အမိန့် ထုတ်ဆင့်ပေးရန် လျှောက်ထားချက်များကို ရပ်ဆိုင်းထားရမည်။ စစ်မက်ဖြစ်ပွားချိန်၊ တိုင်းတစ်ပါးမှ ကျူးကျော်ဝင်ရောက်တိုက်ခိုက်ချိန်၊ ဆူပူသောင်းကျန်းမှုများ ဖြစ်ပေါ်နေချိန်များတွင် အများပြည်သူလုံခြုံရေးအတွက် လိုအပ်သည့် ကိစ္စမှတစ်ပါး ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း (၈)၌ ပါရှိသည့် နိုင်ငံသားများ၏ မူလအခွင့်အရေးများ တောင်းခံပိုင်ခွင့်ကို ရပ်ဆိုင်းထားခြင်း မပြုရ။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် စာချွန်တော်အမိန့်များ ထုတ်ဆင့်နိုင်ရေးအတွက် လျှောက်ထားလွှာ ကြားနာဆုံးဖြတ်ရေးအဖွဲ့ကို ကနဦး ကြားနာဆုံးဖြတ်ရေးအဖွဲ့နှင့် အပြီးသတ်ကြားနာဆုံးဖြတ်ရေးအဖွဲ့တို့ကို ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးသုံးဦးဖြင့် ဖွဲ့စည်းရမည်။ ပြည်ထောင်စုတရားသူကြီးချုပ်သည် ကနဦး ကြားနာဆုံးဖြတ်ရေးအဖွဲ့တွင်ဖြစ်စေ၊ အပြီးသတ်ကြားနာဆုံးဖြတ်ရေးအဖွဲ့တွင်ဖြစ်စေ ပါဝင်ခွင့်ရှိသည်။ ပြည်ထောင်စုတရားသူကြီးချုပ်သည် ကြားနာဆုံးဖြတ်ရေးအဖွဲ့အား လိုအပ်သလို ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

ကနဦး ကြားနာဆုံးဖြတ်ရေးအဖွဲ့သည် လျှောက်ထားလွှာကို လက်ခံရရှိပါက လျှောက်ထားလွှာပါအကြောင်းအရာ၊ အချက်အလက်များနှင့် ပူးတွဲပါရှိသည့် စာရွက်စာတမ်းများကိုစိစစ်ပြီး လျှောက်ထားသူကို ဆင့်ခေါ်၍ ကြားနာပြီးနောက် လျှောက်ထားလွှာကို လက်ခံခြင်း ပြု၊ မပြု အမိန့်ချမှတ်ရမည်။ ကနဦးကြားနာဆုံးဖြတ်ရေးအဖွဲ့က လျှောက်ထားလွှာကို လက်ခံခြင်းပြုခဲ့လျှင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် အပြီးသတ်ကြားနာဆုံးဖြတ်ရေးအဖွဲ့သို့ လွှဲအပ်စိစစ်ကြားနာစေရမည်။ အပြီးသတ်ကြားနာဆုံးဖြတ်ရေးအဖွဲ့သည် လျှောက်ထားသူနှင့် လျှောက်ထားခံရသူ နှစ်ဦးနှစ်ဘက်ကို စိစစ်ကြားနာပြီး အမိန့်ချမှတ်ရမည်။ စာချွန်တော်အမိန့် လျှောက်ထားမှုများတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ အဆုံးအဖြတ်သည် အပြီးအပြတ် အတည်ဖြစ်သည်။

လျှောက်ထားခံရသူသည် စာချွန်တော်ရုံးကြားနာဆုံးဖြတ်ရေးအဖွဲ့က တောင်းယူသောအထောက်အထားများနှင့် စပ်လျဉ်း၍ လျှောက်ထားလွှာနှင့် သက်ဆိုင်သည့်အစိုးရဌာန၊ အဖွဲ့အစည်းများထံမှ ရယူတင်ပြခွင့်ရှိသည်။ လျှောက်ထားခံရသူသည် စာချွန်တော်အမိန့် တစ်ရပ်ရပ်ကို

ထုတ်ပြန်မပေးသင့်ကြောင်း တင်ပြလိုပါက အထောက်အထားများနှင့်အတူ အကျိုးအကြောင်း ရှင်းလင်းဖော်ပြရေးသား၍ စာချွန်တော်ရုံး ကြားနာဆုံးဖြတ်ရေးအဖွဲ့သို့ တင်ပြရမည်။ ဥပဒေပါပြဋ္ဌာန်းချက်များကို ဆောင်ရွက်ရာတွင် တည်ဆဲနည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများသည် ဥပဒေနှင့် မဆန့်ကျင်သရွေ့ဆက်လက်ကျင့်သုံးနိုင်သည်။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ဤဥပဒေအာဏာ တည်သည့်နေ့မှစ၍ တင်သွင်းသည့် စာချွန်တော်လျှောက်ထားမှုနှင့် စပ်လျဉ်းသောအမှုများကို ဤဥပဒေပါအတိုင်း တရားစီရင်ပိုင်ခွင့် အာဏာများကို သုံးစွဲဆောင်ရွက်ရမည်။ အမှုခေါ် စာချွန်တော်အမိန့်နှင့် တားမြစ်စေ စာချွန်တော်အမိန့်တို့နှင့် စပ်လျဉ်း၍ လျှောက်ထားလွှာ တင်သွင်းရန် အကြောင်းပေါ်ပေါက်သည့်နေ့မှ (၂)နှစ်အတွင်း လျှောက်ထားလွှာ တင်သွင်းခြင်းမပြုလျှင် စာချွန်တော်အမိန့် ထုတ်ပြန်ခြင်းမပြုရ။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ဤဥပဒေအာဏာတည်သည့်နေ့မှစ၍ တင်သွင်းသည့် စာချွန်တော်လျှောက်ထားမှုနှင့် စပ်လျဉ်းသည့်အမှုများကို ဥပဒေပါအတိုင်း တရားစီရင်ပိုင်ခွင့်အာဏာများကို ဆောင်ရွက်နိုင်သည်။

ဥပဒေပါပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် လိုအပ်သော နည်းဥပဒေ၊ စည်းမျဉ်းနှင့် စည်းကမ်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့်လုပ်ထုံးလုပ်နည်းများကိုထုတ်ပြန်နိုင်သည်။

## ဖြတ်သန်းမှုအဆင့်ဆင့်

ဤဥပဒေကြမ်းနှင့်ပတ်သက်၍ ပြည်သူ့လွှတ်တော်တွင် စတင်တင်သွင်းစဉ်ကတစ်ကြိမ် ဆွေးနွေးခဲ့ပြီး၊ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်များဖြင့် ပြန်လည်ပေးပို့စဉ်က တစ်ကြိမ် ဆွေးနွေးခဲ့ကြောင်းတွေ့ရသည်။ ပြည်သူ့လွှတ်တော်တွင် ဥပဒေကြမ်းကော်မတီ အစီရင်ခံစာတစ်စောင် တင်သွင်းခဲ့ကြောင်းတွေ့ရသည်။ အမျိုးသားလွှတ်တော်တွင် တစ်ကြိမ်ဆွေးနွေးခဲ့ပြီး ဥပဒေကြမ်းကော်မတီ အစီရင်ခံစာတစ်စောင် တင်သွင်းခဲ့ကြောင်းတွေ့ရသည်။ ဤဥပဒေကြမ်းနှင့်ပတ်သက်၍ လွှတ်တော်နှစ်ရပ် သဘောထားကွဲလွဲသဖြင့် ပြည်ထောင်စုလွှတ်တော်တွင် တင်သွင်းဆွေးနွေးရာ ဥပဒေကြမ်းပူးပေါင်းကော်မတီမှ အစီရင်ခံစာတစ်စောင် ပြုစုတင်သွင်းခဲ့ကြောင်းတွေ့ရသည်။ ပြည်ထောင်စုလွှတ်တော်တွင် အတည်ပြုပြီးသော ဥပဒေကြမ်းအား သမ္မတထံပေးပို့ရာ သမ္မတ၏ သဘောထားမှတ်ချက်ပေါ်တွင် ဥပဒေကြမ်းပူးပေါင်းကော်မတီမှ အစီရင်ခံစာတစ်စောင် တင်သွင်းခဲ့ကြောင်းတွေ့ရသည်။

ဤဥပဒေကြမ်းနှင့်ပတ်သက်၍ လွှတ်တော်တွင်စုစုပေါင်း ဆွေးနွေးရက် (၆)ရက်ရှိခဲ့ကြောင်းတွေ့ရသည်။ ပြည်သူ့လွှတ်တော်တွင် (၃) ရက်၊ အမျိုးသားလွှတ်တော်တွင် (၁) ရက်၊ ပြည်ထောင်စုလွှတ်တော်တွင် (၂) ရက်ဆွေးနွေးခဲ့ကြခြင်းဖြစ်သည်။


### ဆွေးနွေးမှု

ဤဥပဒေကြမ်းနှင့်ပတ်သက်၍လွှတ်တော်ကိုယ်စားလှယ်တစ်ဦး ဝင်ရောက်ဆွေးနွေးခဲ့ကြောင်း တွေ့ရသည်။ ဥပဒေကြမ်းတွင် ပြည်ထောင်စုအစိုးရအဖွဲ့ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးစိုးညွှန့်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးသာဋ္ဌေး၊ တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီ သူရဦးအောင်ကိုနှင့် ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီတို့ လာရောက်ရှင်းလင်းပြောကြားသည်ကိုတွေ့ရသည်။ ဝင်ရောက်ဆွေးနွေးသည့် လွှတ်တော်ကိုယ်စားလှယ်မှာ NDF တစ်ဦးတည်းသာ ဝင်ရောက် ဆွေးနွေးခဲ့ကြောင်း တွေ့ရသည်။

### ဝင်ရောက်ဆွေးနွေးခဲ့ကြသည့် လွှတ်တော်ကိုယ်စားလှယ်

| စဉ် | ကိုယ်စားလှယ်အမည် | မဲဆန္ဒနယ် | ပါတီ | ဆွေးနွေးသည့်လွှတ်တော် |
|---|---|---|---|---|
| ၁ | ဦးသိန်းညွန့် | သဃ်န်းကျွန်း | NDF | ပြည်သူ့လွှတ်တော် |

## ၄.၃၂.၀။ ကြိမ်ဒဏ်ပေးခြင်း အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေ




| နောက်ခံအကြောင်းအရာ | |
|---|---|
| တင်သွင်းသူ | ဦးစိုးညွန့်၊ တရားသူကြီး |
| မဲဆန္ဒနယ်/အဖွဲ့အစည်း | ပြည်ထောင်စုတရားလွှတ်တော်ချုပ် |
| စတင်တင်သွင်းသည့်လွှတ်တော် | ပြည်သူ့လွှတ်တော် |
| တင်သွင်းသည့်ရက်စွဲ | ၂၀၁၄ ခုနှစ်၊ မေလ (၃၀)ရက် |
| ဥပဒေအဖြစ် ပြဋ္ဌာန်းသည့်ရက်စွဲ | ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ (၁) ရက် |
| အမျိုးအစား | ရုတ်သိမ်းသည့်ဥပဒေ |
| ကဏ္ဍ | တရားစီရင်ရေး |

### မိတ်ဆက်

### ( ၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၂၇ )

၂၀၁၄ ခုနှစ်၊ဇူလိုင်လ (၁) ရက်နေ့တွင် သမ္မတမှ လက်မှတ်ရေးထိုးပြဋ္ဌာန်းသည်။

### ဖြတ်သန်းမှုအဆင့်ဆင့်

ဤဥပဒေကြမ်းနှင့်ပတ်သက်၍ ပြည်သူ့လွှတ်တော် နှင့် အမျိုးသားလွှတ်တော်တို့တွင် တစ်ကြိမ်စီဆွေးနွေးပြီး ဥပဒေကြမ်းကော်မတီ အစီရင်ခံစာ တစ်စောင်စီ တင်သွင်းခဲ့ကြောင်းတွေ့ရသည်။ လွှတ်တော်နှစ်ရပ် သဘောထားကွဲလွဲမှုမရှိသဖြင့် ပြည်ထောင်စုလွှတ်တော်တွင် မှတ်တမ်းတင်အတည်ပြုခဲ့ကြောင်းတွေ့ရသည်။

ဤဥပဒေကြမ်းနှင့်ပတ်သက်၍ လွှတ်တော်တွင်စုစုပေါင်းဆွေးနွေးရက် (၂) ရက်ရှိခဲ့သည်။

## ၄.၃၃.၀။ တရားမကျင့်ထုံးဥပဒေကို ပြင်ဆင်သည့် ဥပဒေ

- ၂၃.၁၁.၂၀၁၂ — ဥပဒေကြမ်းစတင်တင်သွင်း ပြည်သူ့လွှတ်တော်
- ၁၈.၁.၂၀၁၃ — ဥပဒေကြမ်းကော်မတီအစီရင်ခံစာတင်သွင်း ပြည်သူ့လွှတ်တော်
- ၁၈.၁.၂၀၁၃ — အတည်ပြု ပြည်သူ့လွှတ်တော်
- ၂၇.၆.၂၀၁၃ — ဥပဒေကြမ်းကော်မတီအစီရင်ခံစာတင်သွင်း အမျိုးသားလွှတ်တော်
- ၄.၇.၂၀၁၃ — ကိုယ်စားလှယ်များ၏ဆွေးနွေးမှု အမျိုးသားလွှတ်တော်
- ၂၄.၂.၂၀၁၄ — ဥပဒေကြမ်းကော်မတီအစီရင်ခံစာပြန်လည်တင်သွင်း အမျိုးသားလွှတ်တော်
- ၇.၃.၂၀၁၄ — ပြင်ဆင်ချက်ဖြင့်အတည်ပြု အမျိုးသားလွှတ်တော်
- ၂၉.၅.၂၀၁၄ — ဥပဒေကြမ်းကော်မတီအစီရင်ခံစာတင်သွင်း ပြည်သူ့လွှတ်တော်
- ၂.၆.၂၀၁၄ — ဥပဒေကြမ်းပူးပေါင်းကော်မတီအစီရင်ခံစာတင်သွင်း ပြည်ထောင်စုလွှတ်တော်
- ၆.၆.၂၀၁၄ — ကိုယ်စားလှယ်၏ဆွေးနွေးမှု ပြည်ထောင်စုလွှတ်တော်
- ၂၅.၆.၂၀၁၄ — ဥပဒေကြမ်းပူးပေါင်းကော်မတီအစီရင်ခံစာပြန်လည်တင်သွင်း ပြည်ထောင်စုလွှတ်တော်
- ၃.၇.၂၀၁၄ — ဥပဒေအဖြစ်အတည်ပြု ပြည်ထောင်စုလွှတ်တော်

၄.၃၃.၀။ တရားမကျင့်ထုံးဥပဒေကို ပြင်ဆင်သည့် ဥပဒေ

| နောက်ခံအကြောင်းအရာ | |
|---|---|
| တင်သွင်းသူ | ဦးစိုးညွှန့်၊ တရားသူကြီး |
| မဲဆန္ဒနယ်/အဖွဲ့အစည်း | ပြည်ထောင်စုတရားလွှတ်တော်ချုပ် |
| စတင်တင်သွင်းသည့်လွှတ်တော် | ပြည်သူ့လွှတ်တော် |
| တင်သွင်းသည့်ရက်စွဲ | ၂၀၁၂ ခုနှစ်၊ နိုဝင်ဘာလ (၂၃)ရက် |
| ဥပဒေအဖြစ် ပြဋ္ဌာန်းသည့်ရက်စွဲ | ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ (၃)ရက် |
| အမျိုးအစား | ပြင်ဆင်ရေးဆွဲသည့်ဥပဒေ |
| ကဏ္ဍ | တရားစီရင်ရေး |

**မိတ်ဆက်**

**( ၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၂၉ )**

၂၀၁၄ ခုနှစ်၊ ဇူလိုင်လ (၃) ရက်နေ့တွင် သမ္မတမှ လက်မှတ်ရေးထိုးပြဋ္ဌာန်းသည်။

**ဖြတ်သန်းမှုအဆင့်ဆင့်မှု**

ဤဥပဒေကြမ်းနှင့်ပတ်သက်၍ ပြည်သူ့လွှတ်တော်တွင် စတင်တင်သွင်းစဉ်က တစ်ကြိမ်ဆွေးနွေးခဲ့ပြီး၊ အမျိုးသားလွှတ်တော်ကပြင်ဆင်ချက်များဖြင့် ပြန်လည်ပေးပို့စဉ်က တစ်ကြိမ်ဆွေးနွေးခဲ့ကြောင်းတွေ့ရသည်။ ပြည်သူ့လွှတ်တော်တွင် ဥပဒေကြမ်းကော်မတီ အစီရင်ခံစာနှစ်စောင် တင်သွင်းခဲ့ကြောင်းတွေ့ရသည်။ အမျိုးသားလွှတ်တော်တွင်တစ်ကြိမ်ဆွေးနွေးခဲ့ပြီး ဥပဒေကြမ်းကော်မတီအစီရင်ခံစာနှစ်စောင် တင်သွင်းခဲ့ကြောင်းတွေ့ရသည်။ ဤဥပဒေကြမ်းနှင့် ပတ်သက်၍ လွှတ်တော်နှစ်ရပ် သဘောထားကွဲလွဲသဖြင့် ပြည်ထောင်စုလွှတ်တော်တွင် တင်သွင်းဆွေးနွေးရာ ဥပဒေကြမ်းပူးပေါင်းကော်မတီမှ အစီရင်ခံစာတစ်စောင် ပြုစုတင်သွင်းခဲ့ကြောင်းတွေ့ရသည်။ ပြည်ထောင်စုလွှတ်တော်တွင် အတည်ပြုပြီးသော ဥပဒေကြမ်းအား သမ္မတထံပေးပို့ရာ သမ္မတ၏သဘောထားမှတ်ချက်ပေါ်တွင်ဥပဒေကြမ်းပူးပေါင်းကော်မတီမှ အစီရင်ခံစာတစ်စောင် တင်သွင်းခဲ့ကြောင်း တွေ့ရသည်။

ဤဥပဒေကြမ်းနှင့်ပတ်သက်၍ လွှတ်တော်တွင်စုစုပေါင်း ဆွေးနွေးရက် (၈)ရက် ရှိခဲ့ကြောင်း တွေ့ရသည်။ ပြည်သူ့လွှတ်တော်တွင် (၂) ရက်၊ အမျိုးသားလွှတ်တော်တွင် (၄)ရက်၊ ပြည်ထောင်စုလွှတ်တော်တွင် (၃) ရက် ဆွေးနွေးခဲ့ကြခြင်းဖြစ်သည်။

**ဆွေးနွေးမှု**

ဤဥပဒေကြမ်းကို လွှတ်တော်ကိုယ်စားလှယ် (၂) ဦး ဝင်ရောက်ဆွေးနွေးခဲ့ကြောင်းတွေ့ရသည်။ အမျိုးသားလွှတ်တော်တွင်(၁)ဦး၊ ပြည်ထောင်စုလွှတ်တော်တွင်(၁) ဦး ဝင်ရောက်ဆွေးနွေးခဲ့သည်။ ဥပဒေကြမ်းကိုပြည်ထောင်စုအစိုးရအဖွဲ့ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးမြင့်အောင်မှ ဝင်ရောက်ဆွေးနွေးခဲ့ကြောင်းတွေ့ရသည်။ ဝင်ရောက်ဆွေးနွေးသည့် လွှတ်တော်ကိုယ်စားလှယ်များမှာ RNDP နှင့် SNDP တို့ တစ်ဦးစီ ဆွေးနွေးခဲ့သည်။

**ဝင်ရောက်ဆွေးနွေးခဲ့ကြသည့် လွှတ်တော်ကိုယ်စားလှယ်**

| စဉ် | ကိုယ်စားလှယ်အမည် | မဲဆန္ဒနယ် | ပါတီ | ဆွေးနွေးသည့်လွှတ်တော် |
|---|---|---|---|---|
| ၁ | ဦးကျော်ထွန်းအောင် | ရခိုင် (၅) | RNDP | အမျိုးသားလွှတ်တော် |
| ၂ | ဒေါ်နန်းဝါနု | ကွန်ဟိန်း | SNDP | ပြည်ထောင်စုလွှတ်တော် |

## ၄.၃၄.၀။ ပြည်ထောင်စုတရားစီရင်ရေးဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေ (ဒုတိယအကြိမ်)

- ၅.၆.၂၀၁၄ — ဥပဒေကြမ်းစတင်တင်သွင်း အမျိုးသားလွှတ်တော်
- ၁၁.၆.၂၀၁၄ — ဥပဒေကြမ်းကော်မတီအစီရင်ခံစာတင်သွင်း အမျိုးသားလွှတ်တော်
- ၁၁.၆.၂၀၁၄ — ပြင်ဆင်ချက်ဖြင့်အတည်ပြု အမျိုးသားလွှတ်တော်
- ၂၆.၆.၂၀၁၄ — ဥပဒေကြမ်းကော်မတီအစီရင်ခံစာတင်သွင်း ပြည်သူ့လွှတ်တော်
- ၁၀.၇.၂၀၁၄ — ပြင်ဆင်ချက်ဖြင့်အတည်ပြု ပြည်သူ့လွှတ်တော်
- ၂၅.၇.၂၀၁၄ — အတည်ပြု အမျိုးသားလွှတ်တော်
- ၃၀.၇.၂၀၁၄ — ဥပဒေအဖြစ်အတည်ပြု ပြည်ထောင်စုလွှတ်တော်

၄.၃၄.၀။ ပြည်ထောင်စုတရားစီရင်ရေးဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေ

| နောက်ခံအကြောင်းအရာ | |
|---|---|
| တင်သွင်းသူ | ဦးစိုးညွန့်၊ တရားသူကြီး |
| မဲဆန္ဒနယ်/အဖွဲ့အစည်း | ပြည်ထောင်စုတရားလွှတ်တော်ချုပ် |
| စတင်တင်သွင်းသည့်လွှတ်တော် | အမျိုးသားလွှတ်တော် |
| တင်သွင်းသည့်ရက်စွဲ | ၂၀၁၄ ခုနှစ်၊ ဇွန်လ (၅)ရက် |
| ဥပဒေအဖြစ် ပြဋ္ဌာန်းသည့်ရက်စွဲ | ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ (၃၀) ရက် |
| အမျိုးအစား | ပြင်ဆင်ရေးဆွဲသည့်ဥပဒေ |
| ကဏ္ဍ | တရားစီရင်ရေး |

**မိတ်ဆက်**

**( ၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၃၅ )**


၂၀၁၄ ခုနှစ်၊ ဇူလိုင်လ (၃၀)ရက်နေ့တွင် သမ္မတမှ လက်မှတ်ရေးထိုးပြဋ္ဌာန်းသည်။

**ဖြတ်သန်းမှုအဆင့်ဆင့်မှု**

ဤဥပဒေကြမ်းနှင့်ပတ်သက်၍ အမျိုးသားလွှတ်တော်တွင် စတင်တင်သွင်းစဉ်ကတစ်ကြိမ် ဆွေးနွေးပြီး ဥပဒေကြမ်းကော်မတီ အစီရင်ခံစာတစ်စောင် တင်သွင်းခဲ့ပြီး ပြည်သူ့လွှတ်တော်မှ ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသောအခါ ပြင်ဆင်ချက်အဆို တင်သွင်းဆွေးနွေးမည့် လွှတ်တော်ကိုယ်စားလှယ် မရှိသဖြင့် ပြည်သူ့လွှတ်တော် ပြင်ဆင်ချက်အတိုင်း အတည်ပြုခဲ့ကြောင်းတွေ့ရသည်။ ပြည်သူ့လွှတ်တော်တွင် တစ်ကြိမ်ဆွေးနွေးပြီး ဥပဒေကြမ်းကော်မတီ အစီရင်ခံစာ တစ်စောင်တင်သွင်းခဲ့ကြောင်းတွေ့ရသည်။ လွှတ်တော်နှစ်ရပ် သဘောထားကွဲလွဲမှု မရှိသဖြင့် ပြည်ထောင်စု လွှတ်တော်တွင် မှတ်တမ်းတင် အတည်ပြုခဲ့ကြောင်းတွေ့ရသည်။

ဤဥပဒေကြမ်းနှင့်ပတ်သက်၍ အမျိုးသားလွှတ်တော်နှင့် ပြည်သူ့လွှတ်တော်တို့တွင် စုစုပေါင်းဆွေးနွေးရက် (၂) ရက်ရှိခဲ့သည်။

## ၄.၃၅.၀။ ကာလစည်းကမ်းသတ် အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ



၄.၃၅.၀။ ကာလစည်းကမ်းသတ် အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ

| နောက်ခံအကြောင်းအရာ | |
|---|---|
| တင်သွင်းသူ | ဦးစိုးညွန့်၊ တရားသူကြီး |
| မဲဆန္ဒနယ်/အဖွဲ့အစည်း | ပြည်ထောင်စုတရားလွှတ်တော်ချုပ် |
| စတင်တင်သွင်းသည့်လွှတ်တော် | အမျိုးသားလွှတ်တော် |
| တင်သွင်းသည့်ရက်စွဲ | ၂၀၁၂ ခုနှစ်၊ ဇူလိုင်လ (၃၁) ရက် |
| ဥပဒေအဖြစ် ပြဋ္ဌာန်းသည့်ရက်စွဲ | ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ (၃၁) ရက် |
| အမျိုးအစား | ပြင်ဆင်ရေးဆွဲသည့်ဥပဒေ |
| ကဏ္ဍ | တရားစီရင်ရေး |

**မိတ်ဆက်**

**( ၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၃၆ )**

၂၀၁၄ ခုနှစ်၊ ဇူလိုင်လ (၃၁)ရက်နေ့တွင် သမ္မတမှ လက်မှတ်ရေးထိုးပြဋ္ဌာန်းသည်။

**ဖြတ်သန်းမှုအဆင့်ဆင့်**

ဤဥပဒေကြမ်းနှင့်ပတ်သက်၍ အမျိုးသားလွှတ်တော်တွင်စတင်တင်သွင်းစဉ်ကတစ်ကြိမ် ဆွေးနွေးခဲ့ပြီး ပြည်သူ့လွှတ်တော်မှ ပြင်ဆင်ချက်ဖြင့် ပြန်လည်ရောက်ရှိစဉ်က တစ်ကြိမ် ဆွေးနွေးခဲ့ပြီး ဥပဒေကြမ်းကော်မတီ အစီရင်ခံစာတစ်စောင် တင်သွင်းခဲ့သည်ကို တွေ့ရသည်။ ပြည်သူ့လွှတ်တော်တွင် တစ်ကြိမ်ဆွေးနွေးခဲ့ပြီး ဥပဒေကြမ်းကော်မတီ အစီရင်ခံစာ တစ်စောင် တင်သွင်းခဲ့ကြောင်းတွေ့ရသည်။ လွှတ်တော်နှစ်ရပ် သဘောထားကွဲလွဲမှုမရှိသဖြင့် ပြည်ထောင်စုလွှတ်တော်၌ မှတ်တမ်းတင်အတည်ပြုခဲ့ကြောင်း တွေ့ရသည်။

ဤဥပဒေကြမ်းနှင့်ပတ်သက်၍ လွှတ်တော်တွင် စုစုပေါင်း ဆွေးနွေးရက် (၃) ရက်ရှိခဲ့သည်။ အမျိုးသားလွှတ်တော်တွင် (၁) ရက်နှင့် ပြည်သူ့လွှတ်တော်တွင် (၂) ရက်ဆွေးနွေးခဲ့သည်။

**ဆွေးနွေးမှု**

ဤဥပဒေကြမ်းနှင့်ပတ်သက်၍ လွှတ်တော်ကိုယ်စားလှယ် (၂) ဦး ဝင်ရောက်ဆွေးနွေးခဲ့ကြောင်း တွေ့ရသည်။ အမျိုးသားလွှတ်တော်တွင် (၁) ဦးနှင့် ပြည်သူ့လွှတ်တော်တွင် (၁) ဦး ဆွေးနွေးခဲ့ကြောင်းတွေ့ရသည်။ ဝင်ရောက်ဆွေးနွေးသည့် လွှတ်တော်ကိုယ်စားလှယ်များမှာ RNDP နှင့် UDP တို့ (၁) ဦးစီ ဆွေးနွေးခဲ့ကြောင်းတွေ့ရသည်။

ဤဥပဒေကြမ်းနှင့်ပတ်သက်၍ ပြည်ထောင်စုအစိုးရအဖွဲ့ အမျိုးသားလွှတ်တော်နှင့် ပြည်သူ့လွှတ်တော်တို့တွင် ပြည်ထောင်စု တရားလွှတ်တော်ချုပ် တရားသူကြီးနှင့် ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီတို့မှ လာရောက်ရှင်းလင်း ပြောဆိုသည်ကိုလည်း တွေ့ရသည်။

**ဝင်ရောက်ဆွေးနွေးခဲ့ကြသည့် လွှတ်တော်ကိုယ်စားလှယ်**

| စဉ် | ကိုယ်စားလှယ်အမည် | မဲဆန္ဒနယ် | ပါတီ | ဆွေးနွေးသည့်လွှတ်တော် |
|---|---|---|---|---|
| ၁ | ဦးကျော်ထွန်းအောင် | ရခိုင် (၅) | RNDP | အမျိုးသားလွှတ်တော် |
| ၂ | ဒေါ်ဒွဲဘူ | အင်ဂျန်းယန် | UDP | ပြည်သူ့လွှတ်တော် |

## ၄.၃၆.၀။ ၁၉၄၇ ခုနှစ်၊ အမိန့်ထုတ်ဆင့်တောင်းဆိုခြင်း (အရေးပေါ်ပြဋ္ဌာန်းချက်များ)အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေ

ဥပဒေကြမ်းစတင်တင်သွင်း
အမျိုးသားလွှတ်တော်
၁၄.၁၀.၂၀၁၄

၁၄.၁၀.၂၀၁၄
ဥပဒေကြမ်းကော်မတီအစီရင်ခံစာတင်သွင်း
အမျိုးသားလွှတ်တော်

အတည်ပြု
အမျိုးသားလွှတ်တော်
၁၈.၁၀.၂၀၁၄

၂၇.၁၀.၂၀၁၄
ဥပဒေကြမ်းကော်မတီအစီရင်ခံစာတင်သွင်း
ပြည်သူ့လွှတ်တော်

အတည်ပြု
ပြည်သူ့လွှတ်တော်
၁၁.၁၁.၂၀၁၄

၂၀.၁၁.၂၀၁၄
ဥပဒေအဖြစ်အတည်ပြု
ပြည်ထောင်စုလွှတ်တော်

၄.၃၆.၀။ ၁၉၄၇ ခုနှစ်၊ အမိန့်ထုတ်ဆင့်တောင်းဆိုခြင်း (အရေးပေါ်ပြဋ္ဌာန်းချက်များ)အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေ

| နောက်ခံအကြောင်းအရာ | |
|---|---|
| တင်သွင်းသူ | ဗိုလ်မှူးချုပ် ကျော်ကျော်ထွန်း၊ ဒုတိယဝန်ကြီး |
| မဲဆန္ဒနယ်/အဖွဲ့အစည်း | ပြည်ထဲရေးဝန်ကြီး |
| စတင်တင်သွင်းသည့်လွှတ်တော် | အမျိုးသားလွှတ်တော် |
| တင်သွင်းသည့်ရက်စွဲ | ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ (၁၄) ရက် |
| ဥပဒေအဖြစ် ပြဋ္ဌာန်းသည့်ရက်စွဲ | ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ (၂၀) ရက် |
| အမျိုးအစား | ရုတ်သိမ်းသည့်ဥပဒေ |
| ကဏ္ဍ | တရားစီရင်ရေး |

**မိတ်ဆက်**

**( ၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၅၀ )**

၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ (၂၀)ရက်နေ့တွင် သမ္မတမှ လက်မှတ်ရေးထိုးပြဋ္ဌာန်းခဲ့သည်။

**ဖြတ်သန်းမှုအဆင့်ဆင့်မှု**

ဤဥပဒေကြမ်းနှင့်ပတ်သက်၍ အမျိုးသားလွှတ်တော်တွင် စတင်တင်သွင်းစဉ်က တစ်ကြိမ်ဆွေးနွေးခဲ့ပြီး ဥပဒေကြမ်းကော်မတီ အစီရင်ခံစာ တစ်စောင်တင်သွင်းခဲ့ကြောင်း တွေ့ရသည်။ ပြည်သူ့လွှတ်တော်တွင် တစ်ကြိမ်ဆွေးနွေးပြီး ဥပဒေကြမ်းကော်မတီ အစီရင်ခံစာတစ်စောင် တင်သွင်းခဲ့ကြောင်းတွေ့ရသည်။ လွှတ်တော်နှစ်ရပ်သဘောထားကွဲလွဲမှုရှိသဖြင့် ပြည်ထောင်စုလွှတ်တော်တွင် အတည်ပြုခဲ့ကြောင်းတွေ့ရသည်။

ဤဥပဒေကြမ်းနှင့်ပတ်သက်၍ အမျိုးသားလွှတ်တော်နှင့် ပြည်သူ့လွှတ်တော်တို့တွင် စုစုပေါင်း (၁) ရက်စီ ဆွေးနွေးခဲ့ကြောင်းတွေ့ရသည်။

## စီမံခန့်ခွဲရေးကဏ္ဍ

### ၄.၁၇.၀။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေ

- ၂၉.၈.၂၀၁၁ — ဥပဒေကြမ်းစတင်တင်သွင်း ပြည်သူ့လွှတ်တော်
- ၂၉.၈.၂၀၁၁ — ဥပဒေကြမ်းကော်မတီအစီရင်ခံစာတင်သွင်း ပြည်သူ့လွှတ်တော်
- ၁၄.၉.၂၀၁၁/၁၆.၉.၂၀၁၁ — ကိုယ်စားလှယ်များ၏ဆွေးနွေးမှု ပြည်သူ့လွှတ်တော်
- ၁၆.၉.၂၀၁၁ — ပြင်ဆင်ချက်ဖြင့်အတည်ပြု ပြည်သူ့လွှတ်တော်
- ၄.၁၀.၂၀၁၁ — ဥပဒေကြမ်းကော်မတီအစီရင်ခံစာတင်သွင်း အမျိုးသားလွှတ်တော်
- ၁၇.၁၀.၂၀၁၁/၂၄.၁၀.၂၀၁၁ — ကိုယ်စားလှယ်များ၏ဆွေးနွေးမှု အမျိုးသားလွှတ်တော်
- ၂၄.၁၀.၂၀၁၁ — ဥပဒေကြမ်းကော်မတီအစီရင်ခံစာပြန်လည်တင်သွင်း အမျိုးသားလွှတ်တော်
- ၂၄.၁၀.၂၀၁၁ — ပြင်ဆင်ချက်ဖြင့်အတည်ပြု အမျိုးသားလွှတ်တော်
- ၃.၁၁.၂၀၁၁/၄.၁၁.၂၀၁၁ — ကိုယ်စားလှယ်များ၏ဆွေးနွေးမှု ပြည်သူ့လွှတ်တော်
- ၂၂.၁၁.၂၀၁၁ — ဥပဒေကြမ်းပူးပေါင်းကော်မတီအစီရင်ခံစာတင်သွင်း ပြည်ထောင်စုလွှတ်တော်
- ၂၅.၁၁.၂၀၁၁ — ကိုယ်စားလှယ်များ၏ဆွေးနွေးမှု ပြည်ထောင်စုလွှတ်တော်
- ၁၃.၂.၂၀၁၂ — သမ္မတမှတ်ချက်ဖြင့် ပေးပို့မှုအပေါ်ဥပဒေကြမ်းပူးပေါင်း ကော်မတီ၏လေ့လာတွေ့ရှိချက်အစီရင်ခံစာတင်သွင်း ပြည်ထောင်စုလွှတ်တော်
- ၂၂.၂.၂၀၁၂ — သမ္မတမှတ်ချက်ဖြင့် ပေးပို့မှုအပေါ်ဆွေးနွေး အမျိုးသားလွှတ်တော်
- ၂၂.၂.၂၀၁၂ — ဥပဒေအဖြစ်အတည်ပြု အမျိုးသားလွှတ်တော်

## ၄.၃၇.၀။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေ

| နောက်ခံအကြောင်းအရာ | |
| --- | --- |
| တင်သွင်းသူ | ဒုတိယဗိုလ်ချုပ်ကြီးကိုကို၊ ပြည်ထောင်စုဝန်ကြီး |
| မဲဆန္ဒနယ်/အဖွဲ့အစည်း | ပြည်ထဲရေးဝန်ကြီး |
| စတင်တင်သွင်းသည့်လွှတ်တော် | ပြည်သူ့လွှတ်တော် |
| တင်သွင်းသည့်ရက်စွဲ | ၂၀၁၁ ခုနှစ်၊ ဩဂုတ်လ (၂၉)ရက် |
| ဥပဒေအဖြစ် ပြဋ္ဌာန်းသည့်ရက်စွဲ | ၂၀၁၂ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၄)ရက် |
| အမျိုးအစား | အသစ်ရေးဆွဲပြဋ္ဌာန်းသည့်ဥပဒေ |
| ကဏ္ဍ | စီမံခန့်ခွဲရေး |

### မိတ်ဆက်

### (၂၀၁၂ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၁)

၂၀၁၂ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၄)ရက်နေ့တွင် သမ္မတမှ လက်မှတ်ရေးထိုးပြဋ္ဌာန်းသည်။ ဤဥပဒေကြမ်းတွင် အခန်းပေါင်း (၁၅) ခန်းနှင့် ပုဒ်မပေါင်း (၃၇) ခုပါဝင်သည်။

### ကိုင်တွယ်သည့်အဖွဲ့အစည်း

မြို့နယ်အုပ်ချုပ်ရေးမှူးသည် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရွေးချယ်ရာတွင် ကြီးကြပ်နိုင်ရေးအတွက် ရပ်မိရပ်ဖငါးဦးကို ရွေးချယ်၍ ကြီးကြပ်ရေးအဖွဲ့အဖြစ်တာဝန်ပေးအပ်ရမည်။ ကြီးကြပ်ရေးအဖွဲ့သည် ရပ်ကွက် သို့မဟုတ် ကျေးရွာအလိုက် ဆယ်အိမ်စု အစုအဖွဲ့များဖွဲ့စည်းရမည်။ ဆယ်အိမ်စုတွင် ပါဝင်သော သက်ဆိုင်ရာအိမ်ထောင်ဦးစီးများက ပုဂ္ဂိုလ်တစ်ယောက်အား လျှို့ဝှက်မဲပေး၍ ဆယ်အိမ်စုကိုယ်စားလှယ်အဖြစ် ရွေးချယ်ရမည်။ ဆယ်အိမ်စုကိုယ်စားလှယ်များမှ ကျေးရွာအုပ်ချုပ်ရေးမှူးအဖြစ် အမည်စာရင်း တင်သွင်းလိုသည့် ပုဂ္ဂိုလ်များကို အမည်စာရင်းတင်သွင်းပြီး လျှို့ဝှက်မဲပေးရွေးချယ်ရမည်။ လျှို့ဝှက်ဆန္ဒမဲအများဆုံး ရရှိသော ပုဂ္ဂိုလ်၏ အမည်စာရင်းနှင့် ကိုယ်ရေးအချက်အလက်တို့ကို မြို့နယ်အုပ်ချုပ်ရေးမှူးထံ တင်ပြရမည်။ မြို့နယ်အုပ်ချုပ်ရေးမှူးသည် ကြီးကြပ်ရေးအဖွဲ့က တင်ပြသော အမည်စာရင်းပါ ပုဂ္ဂိုလ်ကို စိစစ်ပြီး အရည်အချင်းများနှင့် ပြည့်စုံပါက ခရိုင်အုပ်ချုပ်ရေးမှူး၏ အတည်ပြုချက်ဖြင့် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးအဖြစ် ခန့်အပ်တာဝန်ပေးရမည်။ ယင်းသက်တမ်းသည် ပြည်သူ့လွှတ်တော်၏သက်တမ်းနှင့်အညီ ဖြစ်ပြီး သက်တမ်းသုံးကြိမ်ထက်မပိုစေရ။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးသည် နိုင်ငံရေးပါတီတစ်ခုခု၏ အဖွဲ့ဝင်ဖြစ်လျှင် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးအဖြစ် ခန့်အပ်တာဝန်ပေးခြင်းခံရသည့်နေ့မှစ၍ မိမိတာဝန်ထမ်းဆောင်စဉ် သက်တမ်းအတွင်း ယင်းပါတီအဖွဲ့အစည်း၏ ပါတီလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခြင်းမပြုရ။

ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးသည် လုပ်ငန်းတာဝန်များကို ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ လုပ်ထုံးလုပ်နည်း၊ အမိန့်ညွှန်ကြားချက်များနှင့် အညီဆောင်ရွက်ခြင်း၊ လုပ်ပိုင်ခွင့်ကို အလွဲသုံးစားပြုခြင်း၊ အရှိန်အဝါကို အသုံးပြုခြင်း၊ မသမာမှုပြုခြင်းနှင့် မလျော်ဩဇာသုံးခြင်းတို့မှ ရှောင်ကြဉ်ခြင်းနှင့် ဥပဒေနှင့်အညီ ပေးအပ်သည့်လုပ်ငန်းတာဝန်များကို ကျေပွန်စွာထမ်းဆောင်ခြင်း စသည့်ကျင့်ဝတ်များနှင့်အညီ ကျင့်သုံးဆောင်ရွက်ရမည်။ မြို့နယ်အုပ်ချုပ်ရေးမှူးသည် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးတစ်ဦးဦးနှင့်ပတ်သက်၍ တာဝန်မှ နုတ်ထွက်ခွင့်ပြုရန် တင်ပြချက်များကို လက်ခံရရှိခြင်း၊ လိုက်နာစောင့်ထိန်းရမည့် ကျင့်ဝတ်တစ်ရပ်ရပ်ကို ဖောက်ဖျက်ခြင်း၊ တည်ဆဲဥပဒေတစ်ရပ်ရပ်အရ အရေးယူခံရခြင်း၊ အခြားအရပ်ဒေသတစ်ခုခုသို့ အမြဲတမ်းပြောင်းရွှေ့ခြင်း၊ ကွယ်လွန်ခြင်းနှင့် ဥပဒေပြဋ္ဌာန်းထားသော ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၏ အရည်အချင်း

ပျက်ယွင်းခြင်း စသည့်ကိစ္စတစ်ရပ်ရပ်ပေါ်ပေါက်လျှင် လိုအပ်ပါက စုံစမ်းစစ်ဆေးမှုပြုပြီး ခရိုင်အုပ်ချုပ်ရေးမှူး၏ အတည်ပြုချက်ဖြင့် နုတ်ထွက်ခွင့်ပြုခြင်း၊ တာဝန်မှယာယီရပ်ဆိုင်းခြင်း သို့မဟုတ် ရပ်စဲခြင်းပြုနိုင်သည်။ ယင်းလစ်လပ်သည့် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနေရာအတွက် ပြဋ္ဌာန်းချက်နှင့်အညီ ဆောင်ရွက်၍ ရက်ပေါင်း (၃၀) အတွင်း အစားထိုး ခန့်အပ်တာဝန်ပေးအပ်ရမည်။ အုပ်ချုပ်ရေးမှူးသည် သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်း နေထိုင်သူများ၏ နေအိမ်ဥပစာနှင့် ပစ္စည်းလုံခြုံမှု အခွင့်အရေး၊ ဘာသာသာသနာဆိုင်ရာ ကိစ္စရပ်များ ဆောင်ရွက်ခွင့်၊ စာပေ၊ ယဉ်ကျေးမှု၊ အနုပညာနှင့် ဓလေ့ထုံးတမ်းများ ပြုစုပျိုးထောင်ခွင့်၊ ပညာသင်ကြားရေးဆိုင်ရာ အခွင့်အရေး၊ ကျန်းမာရေးဆိုင်ရာအခွင့်အရေးနှင့်လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အခွင့်အရေးများကိုဆောင်ရွက်ပေးရမည်။

ပြည်ထောင်စုအစိုးရအဖွဲ့ ပြည်ထဲရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးအတွက် ချီးမြှင့်ထောက်ပံ့ငွေဆိုင်ရာ ငွေကြေးကိစ္စများ သတ်မှတ်ပေးရမည်။ ရုံးအသုံးစရိတ်များနှင့်စပ်လျဉ်း၍ ငွေစာရင်းများရေးဆွဲခြင်း၊ ထိန်းသိမ်းခြင်းနှင့် ရငွေသုံးငွေ အသုံးစရိတ်ပြန်တမ်းများ တင်ပြခြင်းတို့ကို ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးသည် ညွှန်ကြားချက်များနှင့်အညီ မြို့နယ်အုပ်ချုပ်ရေးမှူးထံသို့ တင်ပြတောင်းခံပြီး စနစ်တကျသုံးစွဲရမည်။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၏ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရန် အဓိက အထောက်အကူပြုရုံးဝန်ထမ်းမှာ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ စာရေးဖြစ်သည်။

ဥပဒေပါပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပြည်ထောင်စုအစိုးရအဖွဲ့ ပြည်ထဲရေးဝန်ကြီးဌာနသည် လိုအပ်သောနည်းဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။ ပြည်ထောင်စုအစိုးရအဖွဲ့ ပြည်ထဲရေးဝန်ကြီးဌာနသည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။ မြို့များအက်ဥပဒေနှင့် ကျေးရွာအက်ဥပဒေ တို့ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

## ပြစ်မှုပြစ်ဒဏ်များ

ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု နေထိုင်သူသည် အခြားရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုတစ်ခုခုတွင် နေထိုင်သော မိမိအိမ်ထောင်စုစာရင်းဝင် မဟုတ်သူက ညဥ့်အိပ်ညဥ့်နေဧည့်သည်အဖြစ် လာရောက်တည်းခိုခြင်းနှင့် မိမိထံလာရောက်တည်းခိုသော ဧည့်သည် ပြန်လည်ထွက်ခွာသွားခြင်းတို့ စသည့်ကိစ္စတစ်ရပ်ရပ် ပေါ်ပေါက်ပါက သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးထံ သတ်မှတ်ချက်များနှင့်အညီ တိုင်ကြားရမည်ဖြစ်သည်။ မှုခင်းများ၊ ဒုစရိုက်မှုများ နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာသို့ သတင်းပေးပို့ရခြင်းနှင့် မွေးဖွားခြင်း၊ သေဆုံးခြင်းနှင့် အိမ်ထောင်စုပြောင်းရွှေ့ထွက်ခွာခြင်း၊ ပြောင်းရွှေ့ရောက်ရှိခြင်းတို့ကို သတင်းပို့ရန် ပျက်ကွက်ပါက ကျပ်ငါးထောင်ထက်မပိုသော ငွေဒဏ်ချမှတ်ပြီး ငွေဒဏ်ပေးဆောင်ရန် ပျက်ကွက်ပါက ခုနစ်ရက်ထက်မပိုသော ထောင်ဒဏ် ကျခံစေရန် သက်ဆိုင်ရာတရားရုံးက သတ်မှတ်ရမည်။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်း နေထိုင်သူသည် အများပြည်သူနှင့် သက်ဆိုင်သည့် ဖျော်ဖြေမှု၊ အပန်းဖြေအနားယူမှု လုပ်ငန်းများ တည်ထောင်လိုပါက သက်ဆိုင်ရာတာဝန်ရှိသူထံမှ ခွင့်ပြုချက်ရယူရမည့်အပြင် သတ်မှတ်ထားသည့် စည်းကမ်းချက်များကို ပျက်ကွက်ပါက တစ်လထက်မပိုသော ထောင်ဒဏ်၊ ကျပ်သုံးသောင်းထက်မပိုသော ငွေဒဏ်နှင့် ဒဏ်နှစ်ရပ်လုံးကို သက်ဆိုင်ရာတရားရုံးက ချမှတ်ရမည်ဖြစ်သည်။ အခမ်းအနားများ၊ အများပြည်သူဖျော်ဖြေသည့် ပွဲများ၊ ပြပွဲများ၊ ပြိုင်ပွဲများ၊ ရိုးရာဓလေ့အရပြုလုပ်သည့် ပွဲများကို ကျင်းပလိုပါက သက်ဆိုင်ရာ တာဝန်ရှိသူများထံ ခွင့်ပြုမိန့်ရယူရမည့်အပြင် သတ်မှတ်ထားသည့် စည်းကမ်းချက်များကို ပျက်ကွက်ပါက ခြောက်လထက် မပိုသော ထောင်ဒဏ်၊ ကျပ်ငါးသောင်းထက် မပိုသော ငွေဒဏ်နှင့် ဒဏ်နှစ်ရပ်လုံးကို သက်ဆိုင်ရာတရားရုံးက ချမှတ်ရမည်။

## ဖြတ်သန်းမှုအဆင့်ဆင့်

ဤဥပဒေကြမ်းနှင့်ပတ်သက်၍ ပြည်သူ့လွှတ်တော်တွင် စတင်တင်သွင်းစဉ်ကတစ်ကြိမ်၊ အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်များဖြင့် ပြန်လည်ရောက်ရှိလာစဉ်က တစ်ကြိမ် ဆွေးနွေးခဲ့ရပြီး ဥပဒေကြမ်းကော်မတီမှ အစီရင်ခံစာ တစ်စောင်ပြုစုတင်သွင်းခဲ့ရသည်ကို တွေ့ရှိခဲ့ရပါသည်။ အမျိုးသားလွှတ်တော်တွင် တစ်ကြိမ် ဆွေးနွေးခဲ့ရပြီး ဥပဒေကြမ်း

ကော်မတီမှ အစီရင်ခံစာ နှစ်စောင် တင်သွင်းခဲ့ကြောင်း တွေ့ရသည်။ ဤဥပဒေကြမ်းနှင့်ပတ်သက်၍ လွှတ်တော်နှစ်ရပ် သဘောထားကွဲလွဲသဖြင့် ပြည်ထောင်စုလွှတ်တော်တွင် တင်သွင်းဆွေးနွေးရာ ဥပဒေကြမ်းပူးပေါင်းကော်မတီမှ အစီရင်ခံစာ တစ်စောင် ပြုစုတင်သွင်းခဲ့ကြောင်း တွေ့ရသည်။ ပြည်ထောင်စုလွှတ်တော်တွင် အတည်ပြုပြီးသော ဥပဒေကြမ်းအား သမ္မတထံပေးပို့ရာ သမ္မတ၏ သဘောထားမှတ်ချက်ပေါ်တွင် ဥပဒေကြမ်းပူးပေါင်းကော်မတီမှ အစီရင်ခံစာတစ်စောင် တင်သွင်းခဲ့ကြောင်းတွေ့ရသည်။

ဤဥပဒေကြမ်းနှင့်ပတ်သက်၍ လွှတ်တော်တွင်စုစုပေါင်း ဆွေးနွေးရက် (၁၂)ရက်ရှိခဲ့ကြောင်း တွေ့ရသည်။ ပြည်သူ့လွှတ်တော်တွင် (၅) ရက်၊ အမျိုးသားလွှတ်တော်တွင် (၃)ရက်၊ ပြည်ထောင်စုလွှတ်တော်တွင် (၄) ရက် ဆွေးနွေးခဲ့ကြခြင်းဖြစ်သည်။

**ဆွေးနွေးမှု**

ဤဥပဒေကြမ်းနှင့်ပတ်သက်၍လွှတ်တော်ကိုယ်စားလှယ် (၄၅)ဦး ဝင်ရောက်ဆွေးနွေးခဲ့ကြောင်းတွေ့ရသည်။ ပြည်သူ့လွှတ်တော်တွင် (၂၂)ဦး၊ အမျိုးသားလွှတ်တော်တွင် (၁၈) ဦးနှင့် ပြည်ထောင်စုလွှတ်တော်တွင် (၅)ဦး ဝင်ရောက်ဆွေးနွေးခဲ့ကြောင်း တွေ့ရသည်။ ပြည်ထောင်စုအစိုးရအဖွဲ့ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီမှ လာရောက်ရှင်းလင်းပြောကြားသည်ကို တွေ့ရသည်။ ဝင်ရောက်ဆွေးနွေးသည့် လွှတ်တော်ကိုယ်စားလှယ်များမှာ USDP (၂၂)ဦး၊ RNDP နှင့် SNDP တို့က (၄)ဦးစီ၊ NUP နှင့် CPP တို့က (၃)ဦးစီ၊ NDF (၅)ဦး၊ CNP , AMRDP နှင့် PSDP တို့က (၁)ဦးစီ၊ တစ်သီးပုဂ္ဂလတစ်ဦးနှင့် တပ်မတော်သားကိုယ်စားလှယ် (၈)ဦးတို့ ဝင်ရောက်ဆွေးနွေးခဲ့ကြသည်။

**ဝင်ရောက်ဆွေးနွေးခဲ့ကြသည့် လွှတ်တော်ကိုယ်စားလှယ်များ**

| စဉ် | ကိုယ်စားလှယ်အမည် | မဲဆန္ဒနယ် | ပါတီ | ဆွေးနွေးသည့်လွှတ်တော် |
|---|---|---|---|---|
| ၁ | ဦးသိန်းညွန့် | သဃ်န်းကျွန်း | NDF | ပြည်သူ့လွှတ်တော် |
| ၂ | ဒုတိယဗိုလ်ချုပ်ကြီးကိုကို | တပ်မတော်သား | | ပြည်သူ့လွှတ်တော် |
| ၃ | ဗိုလ်မှူးလေးနိုင် | တပ်မတော်သား | | ပြည်သူ့လွှတ်တော် |
| ၄ | ဦးသောင်းဟန် | ယင်းမာပင် | USDP | ပြည်သူ့လွှတ်တော် |
| ၅ | ဦးစိုင်းဝင်းခိုင် | သိန္နီ | SNDP | ပြည်သူ့လွှတ်တော် |
| ၆ | ဦးအောင်သိန်း | ရှာငံ | တစ်သီးပုဂ္ဂလ | ပြည်သူ့လွှတ်တော် |
| ၇ | ဦးနယ်လ်ဆင်(ခ)ဆောင်ဆီ | ကျောက်မဲ | SNDP | ပြည်သူ့လွှတ်တော် |
| ၈ | ဦးတင်ထွန်း | ရွှေကျင် | NUP | ပြည်သူ့လွှတ်တော် |
| ၉ | ဦးခိုင်မောင်ရည် | အလုံ | NDF | ပြည်သူ့လွှတ်တော် |
| ၁၀ | ဦးအောင်ထွန်းသာ | မြောက်ဦး | RNDP | ပြည်သူ့လွှတ်တော် |
| ၁၁ | ဗိုလ်မှူးဇော်ဝင်းနိုင် | တပ်မတော်သား | | ပြည်သူ့လွှတ်တော် |
| ၁၂ | ဦးမောင်ဦး | ဖောင်းပြင် | NUP | ပြည်သူ့လွှတ်တော် |
| ၁၃ | ဗိုလ်မှူးသိန်းအောင် | တပ်မတော်သား | | ပြည်သူ့လွှတ်တော် |
| ၁၄ | ဗိုလ်မှူးသော်ဇင် | တပ်မတော်သား | | ပြည်သူ့လွှတ်တော် |

| စဉ် | ကိုယ်စားလှယ်အမည် | မဲဆန္ဒနယ် | ပါတီ | ရွေးကောက်ခံရသည့်လွှတ်တော် |
|---|---|---|---|---|
| ၁၅ | ဗိုလ်မှူးတင်မောင်လွင် | တပ်မတော်သား | | ပြည်သူ့လွှတ်တော် |
| ၁၆ | ဦးစောလှထွန်း | ချောင်းဦး | USDP | ပြည်သူ့လွှတ်တော် |
| ၁၇ | ဗိုလ်မှူးကောင်းထက်စံ | တပ်မတော်သား | | ပြည်သူ့လွှတ်တော် |
| ၁၈ | ဒေါ်တင်နွယ်ဦး | ဒဂုံမြို့သစ်မြောက်ပိုင်း | NDF | ပြည်သူ့လွှတ်တော် |
| ၁၉ | ဦးထွန်းမြင့်ဦး | မိုင်းပန် | SNDP | ပြည်သူ့လွှတ်တော် |
| ၂၀ | ဦးပေါလ်ထန်ထိုင်း | ချင်း (၃) | CNP | ပြည်ထောင်စုလွှတ်တော် |
| ၂၁ | ဦးပေါ်လျှံလွင် | ချင်း (၉) | CPP | အမျိုးသားလွှတ်တော် |
| ၂၂ | ဦးလှဆွေ | မကွေး (၁၂) | USDP | အမျိုးသားလွှတ်တော် |
| ၂၃ | ဦးကံညွန့် | စစ်ကိုင်း (၅) | USDP | အမျိုးသားလွှတ်တော် |
| ၂၄ | ဦးစိုင်းသန့်ဇင် | ရှမ်း (၄) | SNDP | အမျိုးသားလွှတ်တော် |
| ၂၅ | ဦးကျွန်ခဲန်း | ချင်း (၁) | CPP | အမျိုးသားလွှတ်တော် |
| ၂၆ | ဦးမန်းကံညွန့် | ကရင် (၂) | USDP | အမျိုးသားလွှတ်တော် |
| ၂၇ | ဦးမန်းကံညွန့် | ကရင် (၂) | USDP | အမျိုးသားလွှတ်တော် |
| ၂၈ | ဦးအုန်းတင် | ရခိုင်(၁၀) | RNDP | အမျိုးသားလွှတ်တော် |
| ၂၉ | ဦးစံပြည့် | ကချင် (၇) | USDP | အမျိုးသားလွှတ်တော် |
| ၃၀ | ဦးမောင်အေးထွန်း | ရခိုင် (၉) | USDP | အမျိုးသားလွှတ်တော် |
| ၃၁ | ဒေါ်ခင်ဝိုင်းကြည် | ရန်ကုန် (၁) | NDF | အမျိုးသားလွှတ်တော် |
| ၃၂ | ဦးစောအောင်ကျော်နိုင် (ခ) ရှားဘူးဖော့ | ကရင် (၁) | PSDP | အမျိုးသားလွှတ်တော် |
| ၃၃ | ဦးဂျေယောဂူ | ကချင် (၁၂) | NUP | အမျိုးသားလွှတ်တော် |
| ၃၄ | ဒေါက်တာအေးမောင် | ရခိုင် (၁) | RNDP | အမျိုးသားလွှတ်တော် |
| ၃၅ | ဦးတင်ရှန် | တနင်္သာရီ (၆)၍ | USDP | အမျိုးသားလွှတ်တော် |
| ၃၆ | ဒေါက်တာခင်ရွှေ | ရန်ကုန် (၉) | USDP | အမျိုးသားလွှတ်တော် |
| ၃၇ | ဦးဇုန်လှယ်ထန်း | ချင်း (၂) | CPP | အမျိုးသားလွှတ်တော် |
| ၃၈ | ဦးမင်းဆွေ | ဒိုက်ဦး | USDP | ပြည်သူ့လွှတ်တော် |
| ၃၉ | ဦးငွေးမြင့် | မြိတ် | USDP | ပြည်သူ့လွှတ်တော် |
| ၄၀ | ဦးငွေးဦး | ဟသ်ာတ | USDP | ပြည်သူ့လွှတ်တော် |
| ၄၁ | ဦးတင်ထွတ် | ဇလွန် | USDP | ပြည်သူ့လွှတ်တော် |
| ၄၂ | ဒေါ်နန်းဝါန | ကွန်ဟိန်း | SNDP | ပြည်သူ့လွှတ်တော် |
| ၄၃ | ဒေါက်တာဒေါ်အေးမြင့် | ရွှေတောင် | USDP | ပြည်သူ့လွှတ်တော် |
| ၄၄ | ဦးသိန်းရီ | ထန်းတပင် | USDP | ပြည်သူ့လွှတ်တော် |

| စဉ် | ကိုယ်စားလှယ်အမည် | မဲဆန္ဒနယ် | ပါတီ | ရွေးနွေးသည့်လွှတ်တော် |
|---|---|---|---|---|
| ၄၅ | ဦးမောင်ဦး | တပ်ကုန်း | USDP | ပြည်သူ့လွှတ်တော် |
| ၄၆ | ဦးအောင်မြသန်း | ညောင်တုန်း | USDP | ပြည်သူ့လွှတ်တော် |
| ၄၇ | ဦးဝင်းမြင့် | ပြည် | USDP | ပြည်သူ့လွှတ်တော် |
| ၄၈ | ဦးထွန်းအောင်ကျော် | ပုဏ္ဏားကျွန်း | RNDP | ပြည်ထောင်စုလွှတ်တော် |
| ၄၉ | ဗိုလ်မှူးကြီးမြင့်ကိုကို | တပ်မတော်သား | | ပြည်ထောင်စုလွှတ်တော် |
| ၅၀ | ဒေါက်တာမြတ်ညာဏစိုး | ရန်ကုန် (၄) | NDF | ပြည်ထောင်စုလွှတ်တော် |
| ၅၁ | ဦးလှထွန်း | ခန္တီး | USDP | ပြည်ထောင်စုလွှတ်တော် |
| ၅၂ | ဦးမောင်တိုး | မင်းလှ | USDP | ပြည်ထောင်စုလွှတ်တော် |
| ၅၃ | ဦးသန်းဦး | မြဝတီ | USDP | ပြည်ထောင်စုလွှတ်တော် |
| | | | | |

## ၄.၃၈.၀။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေ ကိုပြင်ဆင်သည့် ဥပဒေ

၂၁.၃.၂၀၁၂ — ဥပဒေကြမ်း စတင် တင်သွင်း
ပြည်ထောင်စုလွှတ်တော်

၂၁.၃.၂၀၁၂ — ဥပဒေကြမ်းပူးပေါင်းကော်မတီအစီရင်ခံစာတင်သွင်း
ပြည်ထောင်စုလွှတ်တော်

၂၂.၃.၂၀၁၂ — ကိုယ်စားလှယ်များ၏ဆွေးနွေးမှု
ပြည်ထောင်စုလွှတ်တော်

၂၃.၃.၂၀၁၂ — ဥပဒေကြမ်းပူးပေါင်းကော်မတီအစီရင်ခံစာပြန်လည်တင်သွင်း
ပြည်ထောင်စုလွှတ်တော်

၂၃.၃.၂၀၁၂ — ဥပဒေအဖြစ် အတည်ပြု
ပြည်ထောင်စုလွှတ်တော်

### ၄.၃၈.၀။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေ ကိုပြင်ဆင်သည့် ဥပဒေ

| နောက်ခံအကြောင်းအရာ | |
|---|---|
| တင်သွင်းသူ | ဒုတိယဗိုလ်ချုပ်ကြီးကိုကို၊ ပြည်ထောင်စုဝန်ကြီး |
| မဲဆန္ဒနယ်/အဖွဲ့အစည်း | ပြည်ထဲရေးဝန်ကြီးဌာန |
| စတင်တင်သွင်းသည့်လွှတ်တော် | ပြည်ထောင်စုလွှတ်တော် |
| တင်သွင်းသည့်ရက်စွဲ | ၂၀၁၂ ခုနှစ်၊ မတ်လ (၂၁)ရက် |
| ဥပဒေအဖြစ် ပြဋ္ဌာန်းသည့်ရက်စွဲ | ၂၀၁၂ ခုနှစ်၊ မတ်လ (၂၈) ရက် |
| အမျိုးအစား | ပြင်ဆင်ရေးဆွဲသည့်ဥပဒေ |
| ကဏ္ဍ | စီမံခန့်ခွဲရေး |

**မိတ်ဆက်**

**(၂၀၁၂ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၇ )**

၂၀၁၂ ခုနှစ်၊ မတ်လ (၂၈) ရက်နေ့တွင် သမ္မတမှ လက်မှတ်ရေးထိုးပြဋ္ဌာန်းသည်။

**ပြင်ဆင်ချက်**

ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေ၌ ပြင်ဆင်ချက်အဖြစ် ပြစ်မှု ပြစ်ဒဏ်ကို ပြင်ဆင်ထားကြောင်းတွေ့ရသည်။

**ဖြတ်သန်းမှုအဆင့်ဆင့်မှု**

ဤဥပဒေကြမ်းနှင့်ပတ်သက်၍ ပြည်ထောင်စု လွှတ်တော်တွင် တစ်ကြိမ်ဆွေးနွေးခဲ့ပြီး ဥပဒေကြမ်းကော်မတီ အစီရင်ခံစာနှစ်စောင် တင်သွင်းခဲ့ကြောင်းတွေ့ရသည်။

ဤဥပဒေကြမ်းနှင့်ပတ်သက်၍လွှတ်တော်တွင်ဆွေးနွေး ရက်စုစုပေါင်း (၃) ရက်ရှိခဲ့သည်။

*** ပြည်ထောင်စုလွှတ်တော်တွင် စတင် တင်သွင်းခြင်း ဖြစ်သည်။ ၂၀၁၂ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၄) ရက်နေ့တွင် သမ္မတ လက်မှတ်ရေးထိုး ထုတ်ပြန်ပြီး အသစ်ရေးဆွဲပြဋ္ဌာန်းသည့် ဥပဒေအား ပြင်ဆင်ခြင်းဖြစ်သည်။


**ဆွေးနွေးမှု**

ဤဥပဒေကြမ်းတွင် လွှတ်တော်ကိုယ်စားလှယ် (၇) ဦး ဝင်ရောက်ဆွေးနွေးခဲ့ကြောင်း တွေ့ရသည်။ ဝင်ရောက်ဆွေးနွေးသည့် လွှတ်တော်ကိုယ်စားလှယ်များမှာ USDP (၅) ဦးနှင့် UDP နှင့် RNDP တို့ (၁) ဦးစီတို့ ဝင်ရောက်ဆွေးနွေးခဲ့ကြောင်းတွေ့ရသည်။

**ဝင်ရောက်ဆွေးနွေးခဲ့ကြသည့် လွှတ်တော်ကိုယ်စားလှယ်**

| စဉ် | ကိုယ်စားလှယ်အမည် | မဲဆန္ဒနယ် | ပါတီ | ဆွေးနွေးသည့်လွှတ်တော် |
|---|---|---|---|---|
| ၁ | ဦးသန်းစိန် | ကြည့်မြင်တိုင် | USDP | ပြည်ထောင်စုလွှတ်တော် |
| ၂ | ဦးစိုင်းသန်းနိုင် | ဖာပွန် | USDP | ပြည်ထောင်စုလွှတ်တော် |
| ၃ | ဦးသောင်းဟန် | ယင်းမာပင် | USDP | ပြည်ထောင်စုလွှတ်တော် |
| ၄ | ဒေါ်ဒွဲဘူ | အင်ဂျန်းယန် | UDP | ပြည်ထောင်စုလွှတ်တော် |
| ၅ | ဦးဟရှိန်းဘွေ | ချင်း (၈) | USDP | ပြည်ထောင်စုလွှတ်တော် |
| ၆ | ဦးဘရှိန် | ကျောက်ဖြူ | RNDP | ပြည်ထောင်စုလွှတ်တော် |
| ၇ | ဦးစိုးစိုး | ထီးချိုင့် | USDP | ပြည်ထောင်စုလွှတ်တော် |

## ၄.၃၉.၀။ ၁၉၅၅ ခုနှစ်၊ အစိုးရအိမ်ဥပစာ (နှင်ထုတ်ခြင်း) အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ




| နောက်ခံအကြောင်းအရာ | |
|---|---|
| တင်သွင်းသူ | ဦးစိုးတင့်၊ ဒုတိယဝန်ကြီး |
| မဲဆန္ဒနယ်/အဖွဲ့အစည်း | ဆောက်လုပ်ရေးဝန်ကြီးဌာန |
| စတင်တင်သွင်းသည့်လွှတ်တော် | အမျိုးသားလွှတ်တော် |
| တင်သွင်းသည့်ရက်စွဲ | ၂၀၁၂ ခုနှစ်၊ မတ်လ (၈)ရက် |
| ဥပဒေအဖြစ် ပြဋ္ဌာန်းသည့်ရက်စွဲ | ၂၀၁၂ ခုနှစ်၊ ဩဂုတ်လ (၃၁) ရက် |
| အမျိုးအစား | ပြင်ဆင်ရေးဆွဲသည့်ဥပဒေ |
| ကဏ္ဍ | စီမံခန့်ခွဲရေး |

၄.၃၉.၀။ ၁၉၅၅ ခုနှစ်၊ အစိုးရအိမ်ဥပစာ (နှင်ထုတ်ခြင်း) အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ

**မိတ်ဆက်**

**(၂၀၁၂ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၁၆)**

၂၀၁၂ ခုနှစ်၊ ဩဂုတ်လ (၃၁) ရက်နေ့တွင် သမ္မတမှ လက်မှတ်ရေးထိုးပြဋ္ဌာန်းသည်။

**ပြင်ဆင်ချက်များနှင့် အစားထိုးခြင်းများ**

အစားထိုးခြင်းဆိုင်ရာတွင် အစိုးရအိမ်ဥပစာဆိုသည်ကို ပြည်ထောင်စုအစိုးရအဖွဲ့ကဖြစ်စေ၊ ပြည်ထောင်စုဝန်ကြီးဌာနတစ်ခုခုကဖြစ်စေ၊ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း တစ်ခုခုကဖြစ်စေ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရအဖွဲ့ကဖြစ်စေ၊ စည်ပင်သာယာရေးကော်မတီ တစ်ခုခုကဖြစ်စေ၊ စည်ပင်သာယာရေးအဖွဲ့တစ်ခုခုကဖြစ်စေ ပိုင်သော၊ ဌားရမ်းယူထားသော သို့မဟုတ် ခေတ္တသိမ်းယူထားသော အိမ်ဥပစာကိုဆိုသည်ဟု အစားထိုးခြင်း၊ အစိုးရဟူသော စကားရပ်ကို ပြည်ထောင်စုအစိုးရအဖွဲ့သို့မဟုတ် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနဟု အစားထိုးခြင်း၊ နိုင်ငံတော် အစိုးရဟူသော စကားရပ်ကို ပြည်ထောင်စုအစိုးရအဖွဲ့ သို့မဟုတ် သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနဟု အစားထိုးခြင်း၊ ၁၉၅၅ခုနှစ်အစိုးရအိမ်ဥပစာ (နှင်ထုတ်ခြင်း) အက်ဥပဒေပုဒ်မ(၅)တွင်ပါရှိသော နိုင်ငံတော်အစိုးရဟူသောစကားရပ်ကို ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ဖွဲ့စည်းပေးသည့် အယူခံအဖွဲ့ဟု အစားထိုးခြင်း၊ အက်ဥပဒေပုဒ်မ(၉) ၊ပုဒ်မခွဲ (၁)တွင်ပါရှိသော ငွေဒဏ်ကျပ်တစ်ထောင်အထိ ဖြစ်စေဟူသောစကားရပ်ကို ငွေဒဏ်အနည်းဆုံး ကျပ်တစ်သိန်းမှ အများဆုံးကျပ်ငါးသိန်းအထိဖြစ်စေ ဟုအစားထိုးခြင်းတို့ပါဝင်သည်။


ဖြည့်စွက်ချက်များတွင် အခွင့်အာဏာပိုင်၏ ခွင့်ပြုချက်မရယူဘဲ အိမ်ဥပစာ၏ မူလအသွင်သဏ္ဌာန်ကို ပြောင်းလဲပြင်ဆင်ခြင်း၊ မွမ်းမံပြုပြင်ခြင်း၊ တိုးချဲ့ခြင်းမပြုရနှင့် အိမ်ဥပစာတွင် ပြစ်မှုမြောက်သော ပြုလုပ်မှုတစ်ရပ်ရပ်ကို မပြုလုပ်ရဟု ဖြည့်စွက်ခြင်း၊ အခွင့်အာဏာပိုင်က အစိုးရအိမ်ဥပစာမှ ဖယ်ရှားရာတွင် အောင်မြင်စွာဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သည် လုံခြုံရေးနှင့် အခြားလိုအပ်သည့် အကူအညီများ ပေးအပ်ရမည်ဟု ဖြည့်စွက်ထားသည်။ ဥပဒေပါပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဆောက်လုပ်ရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် လိုအပ်သောနည်းဥပဒေ၊ စည်းမျဉ်းနှင့် စည်းကမ်းများကိုထုတ်ပြန်နိုင်သည်။

**ဖြတ်သန်းမှုအဆင့်ဆင့်မှု**

ဤဥပဒေကြမ်းနှင့်ပတ်သက်၍ အမျိုးသားလွှတ်တော်တွင် စတင်တင်သွင်းစဉ်ကတစ်ကြိမ် ဆွေးနွေးခဲ့ပြီး၊ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်များဖြင့် ပြန်လည်ပေးပို့စဉ်က တစ်ကြိမ် ဆွေးနွေးခဲ့ကြောင်းတွေ့ရသည်။ အမျိုးသားလွှတ်တော်တွင် ဥပဒေကြမ်းကော်မတီ အစီရင်ခံစာ တစ်စောင် တင်သွင်းခဲ့ကြောင်း တွေ့ရသည်။ ပြည်သူ့လွှတ်တော်တွင် တစ်ကြိမ်ဆွေးနွေးခဲ့ပြီး ဥပဒေကြမ်းကော်မတီ အစီရင်ခံစာ တစ်စောင်တင်သွင်းခဲ့ကြောင်းတွေ့ရသည်။ ဤဥပဒေကြမ်းနှင့်ပတ်သက်၍ လွှတ်တော်နှစ်ရပ် သဘောထားကွဲလွဲသဖြင့် ပြည်ထောင်စုလွှတ်တော်၌ ဥပဒေကြမ်းအား သမ္မတထံ ပေးပို့ရာ သမ္မတ၏ သဘောထားမှတ်ချက်ပေါ်တွင် ဥပဒေကြမ်းပူးပေါင်းကော်မတီမှ အစီရင်ခံစာ တစ်စောင် တင်သွင်းခဲ့ကြောင်းတွေ့ရသည်။

ဤဥပဒေကြမ်းနှင့်ပတ်သက်၍ လွှတ်တော်တွင်စုစုပေါင်း ဆွေးနွေးရက် (၃)ရက်ရှိခဲ့ကြောင်းတွေ့ရသည်။ အမျိုးသားလွှတ်တော်တွင် (၁) ရက်၊ ပြည်သူ့လွှတ်တော်တွင် (၁)ရက်နှင့် ပြည်ထောင်စုလွှတ်တော်တွင် (၁) ရက်ဆွေးနွေးခဲ့ကြခြင်းဖြစ်သည်။

## ၄.၄၀.၀။ နိုင်ငံတော် ကောက်ပဲသီးနှံ ရောင်းဝယ်ရေးအဖွဲ့ အက်ဥပဒေကို ရုတ်သိမ်းသည့် ဥပဒေ




| နောက်ခံအကြောင်းအရာ | |
|---|---|
| တင်သွင်းသူ | ဦးဝင်းမြင့်၊ ဝန်ကြီး |
| မဲဆန္ဒနယ်/အဖွဲ့အစည်း | စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန |
| စတင်တင်သွင်းသည့်လွှတ်တော် | အမျိုးသားလွှတ်တော် |
| တင်သွင်းသည့်ရက်စွဲ | ၂၀၁၂ ခုနှစ်၊ ဇူလိုင်လ (၁၈) ရက် |
| ဥပဒေအဖြစ် ပြဋ္ဌာန်းသည့်ရက်စွဲ | ၂၀၁၃ ခုနှစ်၊ မတ်လ (၂၂) ရက် |
| အမျိုးအစား | ရုတ်သိမ်းသည့်ဥပဒေ |
| ကဏ္ဍ | စီမံခန့်ခွဲရေး |

**မိတ်ဆက်**

**(၂၀၁၃ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၈)**

၂၀၁၃ ခုနှစ်၊ မတ်လ (၂၂)ရက်နေ့တွင် သမ္မတမှ လက်မှတ်ရေးထိုးပြဋ္ဌာန်းခဲ့သည်။

**ဖြတ်သန်းမှုအဆင့်ဆင့်မှု**

ဤဥပဒေကြမ်းနှင့်ပတ်သက်၍ အမျိုးသားလွှတ်တော်တွင် စတင်တင်သွင်းစဉ်က တစ်ကြိမ် ဆွေးနွေးခဲ့ပြီး ဥပဒေကြမ်းကော်မတီ အစီရင်ခံစာ တစ်စောင် တင်သွင်းခဲ့ကြောင်း တွေ့ရသည်။ ပြည်သူ့လွှတ်တော်တွင် တစ်ကြိမ် ဆွေးနွေးပြီး ဥပဒေကြမ်းကော်မတီ အစီရင်ခံစာတစ်စောင် တင်သွင်းခဲ့ကြောင်းတွေ့ရသည်။ လွှတ်တော်နှစ်ရပ် သဘောထားကွဲလွဲမှုမရှိသဖြင့် ပြည်ထောင်စုလွှတ်တော်တွင် အတည်ပြုမှတ်တမ်းတင်ခဲ့ကြောင်းတွေ့ရသည်။

ဤဥပဒေကြမ်းနှင့်ပက်သတ်၍ အမျိုးသားလွှတ်တော်နှင့် ပြည်သူ့လွှတ်တော်တွင် (၁)ရက်စီ ဆွေးနွေးခဲ့ကြောင်း တွေ့ရသည်။

## ၄.၄၁.၀။ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ဥပဒေ

၂၂.၁.၂၀၁၃ — ဥပဒေကြမ်းစတင်တင်သွင်း
အမျိုးသားလွှတ်တော်

၂၈.၁.၂၀၁၃ — ဥပဒေကြမ်းကော်မတီအစီရင်ခံစာတင်သွင်း
အမျိုးသားလွှတ်တော်

၂၈.၁.၂၀၁၃ — ကိုယ်စားလှယ်များ၏ဆွေးနွေးမှု
အမျိုးသားလွှတ်တော်

၇.၂.၂၀၁၃ — ဥပဒေကြမ်းကော်မတီအစီရင်ခံစာပြန်လည်တင်သွင်း
အမျိုးသားလွှတ်တော်

၇.၂.၂၀၁၃ — ပြင်ဆင်ချက်ဖြင့်အတည်ပြု
အမျိုးသားလွှတ်တော်

၂၇.၂.၂၀၁၃ — ဥပဒေကြမ်းကော်မတီအစီရင်ခံစာတင်သွင်း
ပြည်သူ့လွှတ်တော်

၁၄.၃.၂၀၁၃ — ဥပဒေကြမ်းကော်မတီအစီရင်ခံစာပြန်လည်တင်သွင်း
ပြည်သူ့လွှတ်တော်

၁၄.၃.၂၀၁၃ — ကိုယ်စားလှယ်များ၏ဆွေးနွေးမှု
ပြည်သူ့လွှတ်တော်

၁၄.၃.၂၀၁၃ — ပြင်ဆင်ချက်ဖြင့်အတည်ပြု
ပြည်သူ့လွှတ်တော်

၂၁.၃.၂၀၁၃ — အတည်ပြု
အမျိုးသားလွှတ်တော်

၈.၇.၂၀၁၃ — သမ္မတမှတ်ချက်ဖြင့် ပေးပို့မှုအပေါ် ဥပဒေကြမ်းပူးပေါင်း
ကော်မတီ၏လေ့လာတွေ့ရှိချက်အစီရင်ခံစာတင်သွင်း
ပြည်ထောင်စုလွှတ်တော်

၂၅.၇.၂၀၁၃ — ဥပဒေအဖြစ် အတည်ပြု
ပြည်ထောင်စုလွှတ်တော်

၄.၄၁.၀။ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ဥပဒေ

| နောက်ခံအကြောင်းအရာ | |
|---|---|
| တင်သွင်းသူ | ဦးဝင်းမြင့်၊ ဒုတိယဝန်ကြီး |
| မဲဆန္ဒနယ်/အဖွဲ့အစည်း | လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန |
| စတင်တင်သွင်းသည့်လွှတ်တော် | အမျိုးသားလွှတ်တော် |
| တင်သွင်းသည့်ရက်စွဲ | ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ (၂၂)ရက် |
| ဥပဒေအဖြစ် ပြဋ္ဌာန်းသည့်ရက်စွဲ | ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ (၂၉)ရက် |
| အမျိုးအစား | အသစ်ရေးဆွဲပြဋ္ဌာန်းသည့်ဥပဒေ |
| ကဏ္ဍ | စီမံခန့်ခွဲရေး |

## မိတ်ဆက်

### (၂၀၁၃ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၁၉)

၂၀၁၃ ခုနှစ်၊ ဇူလိုင်လ (၂၉)ရက်နေ့တွင် သမ္မတမှ လက်မှတ်ရေးထိုးပြဋ္ဌာန်းခဲ့သည်။ ဤဥပဒေကြမ်းတွင် အခန်းပေါင်း (၇)ခန်းနှင့် ပုဒ်မပေါင်း (၂၇)ခုပါဝင်သည်။

### ကိုင်တွယ်သည့်အဖွဲ့အစည်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရအဖွဲ့ သည် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးကို ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ သက်ဆိုင်ရာဝန်ကြီးဌာနမှ ပြည်ထောင်စုဝန်ကြီးများအား ဒုတိယဥက္ကဋ္ဌနှစ်ဦးအဖြစ်လည်းကောင်း၊ သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းနှင့် ဆက်စပ်ဆောင်ရွက်ရမည့် ဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများကို အဖွဲ့ဝင်များအဖြစ်လည်းကောင်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန ဒုတိယဝန်ကြီးကို အတွင်းရေးမှူးအဖြစ်လည်းကောင်း၊ ဗဟိုသန်းခေါင်စာရင်းကော်မရှင်ကို ဖွဲ့စည်းရမည်။ နိုင်ငံတော်သမ္မတက တာဝန်ပေးအပ်သော ဒုတိယသမ္မတတစ်ဦးသည် ဗဟိုသန်းခေါင်စာရင်းကော်မရှင်၏ နာယကဖြစ်သည်။ ဗဟိုသန်းခေါင်စာရင်းကော်မရှင်၏ လုပ်ငန်းတာဝန်များမှာ သန်းခေါင်စာရင်းကောက်ယူရန် ကြိုတင်ပြင်ဆင်ခြင်း၊ စာရင်းကောက်ခြင်း၊ စာရင်းပြုစုခြင်းနှင့် စာရင်းထုတ်ပြန်ခြင်းတို့ပါဝင်သော သန်းခေါင်စာရင်းလုပ်ငန်းတစ်ရပ်လုံးပြီးမြောက်အောင်မြင်စေရန် အစိုးရအဖွဲ့၏မူဝါဒနှင့်အညီဦးဆောင်မှုပေးခြင်း၊ သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်းနှင့် ဗဟိုသန်းခေါင်စာရင်းကော်မတီ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု၊ သန်းခေါင်စာရင်းကော်မရှင်များကို ဖွဲ့စည်းခြင်းနှင့် ယင်းတို့၏ လုပ်ငန်းတာဝန်များကို သတ်မှတ်ခြင်းတို့ဖြစ်သည်။

ဗဟိုသန်းခေါင်စာရင်းကော်မရှင်၏ လုပ်ပိုင်ခွင့်များမှာ သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းများ ဆောင်ရွက်ရန် မည်သည့်ရုံး၊ ဌာန၊ အဖွဲ့အစည်းနှင့် ကိုယ်စားလှယ်လုပ်ငန်းတို့ကိုမဆို တာဝန်ပေးအပ်ခြင်း၊ သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းနှင့်စပ်လျဉ်း၍ အများပြည်သူ့အား ပညာပေးခြင်း၊ စည်းရုံးခြင်းနှင့် လှုပ်ရှားဆောင်ရွက်ခြင်း၊ စာရင်းစစ်များနှင့် စာရင်းကောက်များကို ခန့်အပ်တာဝန်ပေးအပ်ခြင်းနှင့် တာဝန်မှ ပြန်လည်ရုတ်သိမ်းခြင်း၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ ပြည်တွင်းပြည်ပမှ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ ဌာနအဖွဲ့အစည်းများမှ လိုအပ်သော နည်းပညာနှင့် ကူညီထောက်ပံ့မှုများ ရယူ၍ စီမံခန့်ခွဲခြင်း၊ အသုံးပြုခြင်းနှင့် ရန်ပုံငွေတစ်ရပ် ထူထောင်ခြင်းတို့ဖြစ်သည်။ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးသည် သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းများကို ကြီးကြပ်ဆောင်ရွက်ရန် ပြည်သူ့အင်အားဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ကို သန်းခေါင်စာရင်း တာဝန်ခံအဖြစ်ခန့်အပ်ရမည်။ သန်းခေါင်စာရင်း

တာဝန်ခံအရာရှိသည် သန်းခေါင်စာရင်းမှ ရရှိ ထားသော အချက်အလက်များကို ဆောလျင်စွာထုတ်ပြန် ကြေညာရမည်။ မေးခွန်းပုံစံများကိုလက်ခံခြင်း၊ စာရင်းဇယား များပြုစုခြင်း၊ အချက်အလက်များ သိမ်းဆည်းခြင်းနှင့် အစီ ရင်ခံစာများ ပုံနှိပ်ဖြန့်ဝေခြင်းတို့ကို ကြီးကြပ်ရမည်။ ပြုစုထား သော အစီရင်ခံစာများကို လူပုဂ္ဂိုလ် တစ်ဦး တစ်ယောက်၏ ကိုယ်ရေးအကြောင်းအရာကို ဖော်ထုတ်ခြင်းမရှိစေရန် ကာ ကွယ်ရမည်။ ဗဟိုသန်းခေါင်စာရင်း ကော်မရှင်က သန်းခေါင် စာရင်းကောက်ယူရန် စာရင်းစစ်များနှင့် စာရင်းကောက်များကို ခန့်အပ်တာဝန်ပေးရာတွင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများမှ တပ်ရင်းတပ်ဖွဲ့ဌာနချုပ်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ အကျဉ်းထောင်၊ ဆေးရုံ၊ စက်ရုံ၊ အလုပ်ရုံများ၏ တာဝန်ရှိသူ၊ လူမှုရေး၊ ဘာ သာရေးနှင့် ပညာရေးဆိုင်ရာဌာနအဖွဲ့အစည်းများ၏ တာဝန် ရှိသူ၊ ဟိုတယ်၊ မိုတယ်၊ ဧည့်ဂေဟာ၊ တည်းခိုခန်း၊ စုပေါင်း အိမ်ရာ၊ စုပေါင်း ပိုင်အဆောက်အအုံ၊ အဆောင်၊ အသင်းအဖွဲ့ ပိုင်အဆောက် အအုံစသည့်တို့၏ တာဝန်ခံ သို့မဟုတ် မန် နေဂျာ၊ စီးပွားရေးလုပ်ငန်းများ၏ တာဝန်ခံ သို့မဟုတ် မန်နေ ဂျာ၊ ထိုသူတို့နှင့် ညှိနှိုင်း၍ စာရင်းစစ်များနှင့် စာရင်းကောက် များအဖြစ် ခန့် အပ်တာဝန်ပေးအပ်နိုင်သည်။ ဗဟိုသန်းခေါင် စာရင်း ကော်မရှင်အဖွဲ့ဝင်၊ ဗဟိုသန်းခေါင်စာရင်းကော်မတီဝင်၊ သန်းခေါင်စာရင်းကော်မတီအဆင့်ဆင့်၏ ကော်မတီဝင်၊ စာရင်းစစ်၊ စာရင်းကောက်နှင့် သန်းခေါင်စာရင်းကောက် ယူခြင်းလုပ်ငန်းတွင် တာဝန်ပေးအပ်ခြင်းခံရသောပုဂ္ဂိုလ် များကို တာဝန်ထမ်းဆောင်ချိန်တွင် ပြည်သူ့ဝန်ထမ်းအဖြစ် သတ်မှတ်သည်။ အစိုးရအဖွဲ့သည် သန်းခေါင်စာရင်း ကောက် ယူရန်လိုအပ်သော ရုံးဝန်ထမ်းအဖွဲ့ များကိုဖွဲ့ စည်းနိုင် သည်။

ဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ဝန်ကြီးဌာနသည် လိုအပ်ပါက နည်း ဥပဒေများ ၊စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စု အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။ ဝန်ကြီးဌာနနှင့် သန်းခေါင်စာရင်းကော်မရှင်တို့သည် လိုအပ် ပါက အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံး လုပ်နည်းများကို ထုတ်ပြန်နိုင်သည်။ ၁၉၇၂ ခုနှစ် ပြည် ထောင်စုမြန်မာနိုင်ငံ သန်းခေါင်စာရင်းဥပဒေကို ဤဥပဒေ အဖြစ် ရုတ်သိမ်းလိုက်သည်။

## ဖြတ်သန်းမှုအဆင့်ဆင့်

ဤဥပဒေကြမ်းနှင့်ပတ်သက်၍ အမျိုးသားလွှတ်တော် တွင် စတင်တင်သွင်းစဉ်က တစ်ကြိမ် ဆွေးနွေးခဲ့ပြီး၊ ပြည်သူ့ လွှတ်တော်က ပြင်ဆင်ချက်များဖြင့် ပြန်လည်ပေးပို့လာစဉ် က တစ်ကြိမ် ဆွေးနွေးခဲ့ကြောင်းတွေ့ရသည်။ အမျိုးသား လွှတ်တော်တွင် ဥပဒေကြမ်းကော်မတီ အစီရင်ခံစာနှစ်စောင် တင်သွင်းခဲ့ကြောင်း တွေ့ရသည်။ ပြည်သူ့လွှတ်တော်တွင် တစ်ကြိမ် ဆွေးနွေးခဲ့ပြီး ဥပဒေကြမ်းကော်မတီ အစီရင်ခံစာ နှစ်စောင် တင်သွင်းခဲ့ကြောင်းတွေ့ရသည်။ လွှတ်တော် နှစ်ရပ် သဘောထားကွဲလွဲမှု မရှိသောကြောင့် ပြည်ထောင်စု လွှတ်တော်၌ ဆွေးနွေးမှုမရှိဘဲ မှတ်တမ်းတင် အတည်ပြုခဲ့ ကြောင်းတွေ့ရသည်။ ပြည်ထောင်စုလွှတ်တော်၌ မှတ်တမ်း တင်အတည်ပြုခဲ့သော ဥပဒေကြမ်းအား သမ္မတထံ ပေးပို့ရာ သမ္မတမှ သဘောထားမှတ်ချက်ဖြင့် ပြန်လည်ပေးပို့ခဲ့သည်။ သမ္မတ၏ သဘောထားမှတ်ချက်အား ပြည်ထောင်စု လွှတ် တော်တွင် ဥပဒေကြမ်းပူးပေါင်းကော်မတီ အစီရင်ခံစာ တစ်စောင် တင်သွင်းခဲ့ကြောင်းတွေ့ရသည်။

ဤဥပဒေကြမ်းနှင့်ပတ်သက်၍ လွှတ်တော်တွင် စုစုပေါင်း ဆွေးနွေးရက် (၆)ရက်ရှိခဲ့သည်။ အမျိုးသား လွှတ်တော်တွင် (၃)ရက်၊ ပြည်သူ့လွှတ်တော်တွင် (၂)ရက်နှင့် ပြည်ထောင်စု လွှတ်တော်တွင် (၁)ရက်ဆွေးနွေး ခဲ့ကြခြင်းဖြစ်သည်။


## ဆွေးနွေးမှု

ဤဥပဒေကြမ်းနှင့်ပတ်သက်၍လွှတ်တော်ကိုယ်စားလှယ် (၃)ဦး ဝင်ရောက်ဆွေးနွေးခဲ့ကြောင်း တွေ့ရသည်။ ပြည်သူ့ လွှတ်တော်တွင် (၃)ဦး ဆွေးနွေးခဲ့ကြောင်း တွေ့ရသည်။ ဝင်ရောက်ဆွေးနွေးသည့် လွှတ်တော်ကိုယ်စားလှယ်များ မှာ USDP နှစ်ဦးနှင့် SNDP တစ်ဦးတို့ဆွေးနွေးခဲ့ကြောင်း တွေ့ရသည်။

### ဝင်ရောက်ဆွေးနွေးခဲ့ကြသည့် လွှတ်တော်ကိုယ်စားလှယ်

| စဉ် | ကိုယ်စားလှယ်အမည် | မဲဆန္ဒနယ် | ပါတီ | ဆွေးနွေးသည့်လွှတ်တော် |
|---|---|---|---|---|
| ၁ | ဦးဉာဏ်ဝင်း | လှိုင်သာယာ | USDP | ပြည်သူ့လွှတ်တော် |
| ၂ | ဦးအောင်စိန် | မာန်အောင် | USDP | ပြည်သူ့လွှတ်တော် |
| ၃ | ဒေါက်တာစိုင်းကျော်အုန်း | နမ့်ခမ်း | SNDP | ပြည်သူ့လွှတ်တော် |

## ၄.၄၂.၀။ မြန်မာနိုင်ငံ အင်ဂျင်နီယာ ကောင်စီ ဥပဒေ



## ၄.၄၂.၀။ မြန်မာနိုင်ငံ အင်ဂျင်နီယာ ကောင်စီ ဥပဒေ

| နောက်ခံအကြောင်းအရာ | |
|---|---|
| တင်သွင်းသူ | ဦးအေးမောက်၊ အတွင်းရေးမှူး |
| မဲဆန္ဒနယ်/အဖွဲ့အစည်း | စီမံကိန်းများနှင့် ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်မှု ကော်မတီ |
| စတင်တင်သွင်းသည့်လွှတ်တော် | ပြည်သူ့လွှတ်တော် |
| တင်သွင်းသည့်ရက်စွဲ | ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ (၂၉)ရက် |
| ဥပဒေအဖြစ် ပြဋ္ဌာန်းသည့်ရက်စွဲ | ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ (၂၈)ရက် |
| အမျိုးအစား | အသစ်ရေးဆွဲပြဋ္ဌာန်းသည့်ဥပဒေ |
| ကဏ္ဍ | စီမံခန့်ခွဲရေး |

### မိတ်ဆက်

### (၂၀၁၃ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၃၇)

၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ (၂၈)ရက်နေ့တွင် သမ္မတမှ လက်မှတ်ရေးထိုးပြဋ္ဌာန်းသည်။ ဤဥပဒေကြမ်းတွင် အခန်းပေါင်း (၁၄)ခန်းနှင့် ပုဒ်မပေါင်း (၅၂)ခုပါရှိသည်။

### ရည်ရွယ်ချက်

အင်ဂျင်နီယာဆိုင်ရာ လုပ်ငန်းများတွင် လုပ်ကိုင်နေကြသော မြန်မာနိုင်ငံသား အင်ဂျင်နီယာနှင့် ဘွဲ့ရ နည်းပညာကျွမ်းကျင်သူနှင့် နည်းပညာကျွမ်းကျင်သူတို့၏ ဂုဏ်သိက္ခာ၊ ကျင့်ဝတ်နှင့် အရည်အသွေးတို့ကို မြှင့်တင်ရန်၊ အင်ဂျင်နီယာနည်းပညာများနှင့် သတင်းအချက်အလက် နည်းပညာများကိုပေါင်းစပ်အသုံးချလျက် နိုင်ငံတော်၏ သဘာဝသယံဇာတနှင့် လူသားအရင်းအမြစ်များအား သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှုအနည်းဆုံးဖြင့် အကျိုးရှိစွာအသုံးချနိုင်မည့် နည်းလမ်းကောင်းများ၊ သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများကို ရှာဖွေဖော်ထုတ်ရန်၊ အင်ဂျင်နီယာပညာနှင့် နည်းပညာသင်ကြားမှု၊ သုတေသနပြုမှု၊ ဝန်ဆောင်မှုလုပ်ငန်းများတွင် သတ်မှတ်ထားသော ပညာရပ်ဆိုင်ရာ စံချိန်စံညွှန်းပြည့်မီရန်၊ နည်းစနစ်မှန်ကန်စေရန်၊ ဘေးအန္တရာယ်ကင်းရှင်စေရန်၊ သက်ဆိုင်ရာဝန်ကြီးဌာန၊ သက်ဆိုင်ရာ အဖွဲ့အစည်းများက အခါအားလျော်စွာ ပေးအပ်သောအင်ဂျင်နီယာပညာဆိုင်ရာနှင့် နည်းပညာဆိုင်ရာ တိုင်းကျိုးပြည်ပြုလုပ်ငန်းတာဝန်များကို ထမ်းဆောင်ရန်တို့ဖြစ်သည်။

### ကိုင်တွယ်သည့်အဖွဲ့အစည်း

ပြည်ထောင်စုအစိုးရအဖွဲ့မှ သတ်မှတ်ပေးထားသည့် ပြည်ထောင်စုဝန်ကြီးဌာနသည် အင်ဂျင်နီယာလုပ်ငန်းနှင့် သက်ဆိုင်သည့် ပြည်ထောင်စုဝန်ကြီးဌာန၊ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များ၊ သင့်လျော်သော ဝါရင့်အင်ဂျင်နီယာများ ပါဝင်သည့် ခုနစ်ဦးထက်မပိုသော မြန်မာနိုင်ငံအင်ဂျင်နီယာ ကောင်စီ၏ နာယကအဖွဲ့အား ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့်ဖွဲ့စည်းရမည်။ ကောင်စီ၏ နာယကအဖွဲ့သည် ကောင်စီဝင် (၆၀) ဦး ပါဝင်သော မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီကို တာဝန်ခံဝန်ကြီးဌာနနှင့် အင်ဂျင်နီယာပညာရပ် ဆိုင်ရာဝန်ကြီးဌာန၊ အစိုးရအဖွဲ့အစည်းများမှ ဝါရင့်အင်ဂျင်နီယာ(၁၅)ဦး၊ အင်ဂျင်နီယာနှင့် နည်းပညာသင်ကြားရေးဆိုင်ရာ ဦးစီးဌာန၊ တက္ကသိုလ်ကောလိပ်နှင့် သိပ္ပံများမှ အင်ဂျင်နီယာပညာရှင် (၁၅)ဦး၊ အစိုးရမဟုတ်သော အင်ဂျင်နီယာပညာရပ်ဆိုင်ရာ အသင်းအဖွဲ့များမှ ဝါရင့်အင်ဂျင်နီယာ (၁၅)ဦး၊ ပြည်ပမှ ထင်ပေါ်ကျော်ကြားသော ဝါရင့်အင်ဂျင်နီယာ (၁၅)ဦးစသည့် ပုဂ္ဂိုလ်တို့နှင့် ဖွဲ့စည်းရမည်။ ကောင်စီ၏ နာယကအဖွဲ့သည် ကောင်စီဝင်များထဲမှ ဥက္ကဋ္ဌတစ်ဦး၊ ဒုတိယဥက္ကဋ္ဌတစ်ဦးနှင့် တွဲဖက်အတွင်းရေးမှူးတို့ကို ရွေးချယ်သတ်မှတ် တာဝန်ပေးအပ်ရမည်။ ကောင်စီဝင်များသည် ကျန်အလုပ်အမှုဆောင်အဖွဲ့ဝင်များကို ရွေးချယ်တင်မြှောက်ရန်အတွက် ဒုတိယဥက္ကဋ္ဌတစ်ဦး၊

အတွင်းရေးမှူးတစ်ဦး၊ တွဲဖက် အတွင်းရေးမှူးတစ်ဦး၊ ဘဏ္ဍာရေးမှူးတစ်ဦးနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင် (၈)ဦးတို့ကို သတ်မှတ်ချက်များနှင့်အညီ ရွေးချယ်တင်မြှောက်ရမည်။ မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီ၏ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရန် ကောင်စီဥက္ကဋ္ဌက အလုပ်အမှုဆောင်အဖွဲ့၏ ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ကောင်စီဒုတိယဥက္ကဋ္ဌများက ဒုတိယဥက္ကဋ္ဌများအဖြစ်လည်းကောင်း၊ ကောင်စီအတွင်းရေးမှူးက အတွင်းရေးမှူးအဖြစ်လည်းကောင်း၊ ကောင်စီတွဲဖက်အတွင်းရေးမှူးများက တွဲဖက်အတွင်းရေးမှူးအဖြစ်လည်းကောင်း၊ ကောင်စီဘဏ္ဍာရေးမှူးကဘဏ္ဍာရေးမှူးအဖြစ်လည်းကောင်း၊ အလုပ်အမှုဆောင်အဖွဲ့ဝင် (၈)ဦးက အဖွဲ့ဝင်များအဖြစ်လည်းကောင်း ပါဝင်စေလျက် ကောင်စီဝင် အလုပ်အမှုဆောင်အဖွဲ့ (၁၅)ဦးကို သတ်မှတ်ချက်များနှင့် အညီ ဖွဲ့စည်းရမည်။ ကောင်စီနှင့် ကောင်စီဝင်များ၏ သက်တမ်းသည် စတင်ဖွဲ့စည်းသည့်နေ့မှစ၍ လေးနှစ်ဖြစ်သည်။ ကောင်စီဥက္ကဋ္ဌသည် ကောင်စီသက်တမ်း တစ်ကြိမ်သာ ဆောင်ရွက်ခွင့်ရှိသည်။ ကောင်စီဝင်တစ်ဦးသည် ကောင်စီဝင်သက်တမ်း တစ်ဆက်တည်း နှစ်ကြိမ်ထိသာ ကောင်စီဝင်အဖြစ် ဆောင်ရွက်နိုင်သည်။ ကောင်စီဝင်တစ်ဦး၏ နေရာလစ်လပ်သည့်အခါ ဥပဒေအရ ထုတ်ပြန်ထားသော နည်းဥပဒေများနှင့်အညီ ဖြည့်စွက်ရမည်။ ထိုသို့ ဖြည့်စွက်ခြင်းခံရသော ကောင်စီဝင်၏ သက်တမ်းသည် လက်ရှိ ကောင်စီဝင်သက်တမ်းကုန်ဆုံးချိန်ထိသာ ဖြစ်ရမည်။ လက်ရှိကောင်စီသက်တမ်းကုန်ဆုံးသည့်ရက်မှ ရက်ပေါင်း (၆၀)အတွင်း ကောင်စီ၏ နာယကအဖွဲ့က ကောင်စီအသစ်ကို ဖွဲ့စည်းပြီး တာဝန်လွှဲပြောင်းပေးအပ်ရမည်။ ကောင်စီသည် ကောင်စီနှင့် အလုပ်အမှုဆောင်အဖွဲ့တို့၏ လုပ်ငန်းတာဝန်များကို ဆောင်ရွက်နိုင်ရန် တာဝန်ခံဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် မှတ်ပုံတင်အရာရှိချုပ် ဦးစီးသောရုံးအဖွဲ့ကို ဖွဲ့စည်းရမည်။ တိုင်းဒေသကြီးများနှင့် ပြည်နယ်များတွင် ကောင်စီ၏ ရုံးအဖွဲ့ခွဲများ ဖွင့်လှစ်ရန်လိုအပ်ပါက မှတ်ပုံတင်အရာရှိ တစ်ဦးစီဦးဆောင်သော ရုံးအဖွဲ့ခွဲများကို လိုအပ်သလို ဖွဲ့စည်းတာဝန်ပေးအပ်နိုင်သည်။ ကောင်စီ၏ ပုံမှန်အစည်းအဝေးကို အနည်းဆုံး သုံးလလျှင် တစ်ကြိမ်ပြုလုပ်ပြီး လိုအပ်ပါက အထူးအစည်းအဝေးများ ကျင်းပရမည်။ အလုပ်အမှုဆောင် အစည်းအဝေးကို အနည်းဆုံးတစ်လလျှင်တစ်ကြိမ် ပြုလုပ်ပြီး လိုအပ်ပါက အထူးအစည်းအဝေးများကျင်းပရမည်။ အလုပ်အမှုဆောင်အဖွဲ့၏ ဆောင်ရွက်ချက်များကို ကောင်စီ၏ အနီးကပ်ဆုံးကျင်းပမည့် အစည်းအဝေးတွင်တင်ပြ၍ အတည်ပြုချက်ရယူရမည်။ ကောင်စီသည် ဆောင်ရွက်ချက်များကို တာဝန်ခံဝန်ကြီးဌာနသို့ အခါအားလျော်စွာ အတည်ပြုတင်ပြရမည်။ ကောင်စီသည် ဥပဒေပါ ရည်ရွယ်ချက်များကို ထိရောက်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် တာဝန်နှင့် လုပ်ပိုင်ခွင့်များကို အလုပ်အမှုဆောင်အဖွဲ့သို့ လွှဲအပ်တာဝန်ပေးနိုင်သည်။ ကောင်စီသည် ဥပဒေပါပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် မှတ်ပုံတင်ကြေး၊ နှစ်စဉ်ကြေး၊ ရက်လွန်ကြေးနှင့် အခြားရခွင့်ရှိသောငွေများ၊ ပြည်တွင်းပြည်ပရှိ အဖွဲ့အစည်းနှင့် အလှူရှင်များထံမှ ထောက်ပံ့ငွေများ၊ ရန်ပုံငွေမှ တရားဝင်တိုးပွားငွေများ စသည့်ရငွေများဖြင့် ရန်ပုံငွေတစ်ရပ်ရပ်ထူထောင်ရမည်။ ကောင်စီသည် မိမိရန်ပုံငွေဖြင့် သီးခြားရပ်တည်နိုင်ရန် ကြိုးပမ်းအားထုတ်ရမည်။ မိမိရန်ပုံငွေဖြင့် ရပ်တည်ရာတွင် လုံလောက်မှုမရှိပါက ပြည်ထောင်စုအစိုးရအဖွဲ့မှ သတ်မှတ်ပေးထားသည့် ပြည်ထောင်စုဝန်ကြီးဌာနမှတစ်ဆင့် ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ပြည်ထောင်စုရန်ပုံငွေမှ ကျခံသုံးစွဲနိုင်ရန် တင်ပြတောင်းခံနိုင်သည်။ ကောင်စီသည် ဘဏ္ဍာရေးဆိုင်ရာ ဆောင်ရွက်ချက်များကို တည်ဆဲဘဏ္ဍာရေးစည်းမျဉ်း၊ စည်းကမ်း၊ ညွှန်ကြားချက်များနှင့်အညီ စနစ်တကျ ဆောင်ရွက်ရမည်။

ကောင်စီသည် မှတ်ပုံတင်လက်မှတ် စိစစ်ရေးကော်မတီ၊ အင်ဂျင်နီယာအထူးပြု ပညာရပ်ဆိုင်ရာ အရည်အသွေးစိစစ်အသိအမှတ်ပြုရေး လုပ်ငန်းကော်မတီ၊ ကျင့်ဝတ်သိက္ခာထိန်းသိမ်းရေး လုပ်ငန်းကော်မတီ၊ စည်းကမ်းထိန်းသိမ်းရေးလုပ်ငန်းကော်မတီ၊ စံချိန်စံညွှန်းများ၊ လုပ်ငန်းအခြေခံစံနှုန်းများနှင့် အင်ဂျင်နီယာဆိုင်ရာ ကျင့်ထုံးများပြုစုရေးလုပ်ငန်းကော်မတီ၊ အင်ဂျင်နီယာပညာ အဆက်မပြတ်သင်ကြားရေးလုပ်ငန်းကော်မတီ၊ အင်ဂျင်နီယာပညာဆိုင်ရာ ကုမ္ပဏီများ၊ အဖွဲ့အစည်းများအား စိစစ် အသိအမှတ်ပြုရေး လုပ်ငန်းကော်မတီ၊ လိုအပ်ချက်အရ ဖွဲ့စည်းသင့်သည့် တခြားလုပ်ငန်းကော်မတီများ၊ စသည့်လုပ်ငန်းကော်မတီများကို ဖွဲ့စည်းခြင်းနှင့် ယင်းကော်မတီအသီးသီး၏ လုပ်ငန်းတာဝန်များကို သတ်မှတ်ခြင်းတို့ဖြစ်သည်။ အလုပ်မှုဆောင်အဖွဲ့သည် ဥပဒေ၊ ဥပဒေအရထုတ်ပြန်သည့် နည်းဥပဒေ၊ အမိန့်နှင့် ညွှန်ကြားချက်တို့ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို သော်လည်းကောင်း၊ မှတ်ပုံတင်လက်မှတ်ပါ စည်းကမ်းချက်တစ်ရပ်ရပ်ကိုသော်လည်းကောင်း၊ မှတ်ပုံတင်လက်မှတ်ရရှိ

ထားသည့် မည်သူ့ကိုမဆို သတိပေးခြင်း၊ သင့်လျော်သော ဒဏ်ကြေးငွေ ပေးဆောင်စေခြင်း၊ ကာလအကန့်အသတ်ဖြင့် မှတ်ပုံတင်လက်မှတ်ကို ရုတ်သိမ်းခြင်း၊ မှတ်ပုံတင်လက်မှတ် ပယ်ဖျက်ခြင်း စသည့် စီမံခန့်ခွဲရေးဆိုင်ရာ ပြစ်ဒဏ်ချမှတ်နိုင်သည်။ အလုပ်အမှုဆောင်အဖွဲ့က ချမှတ်သည့် စီမံခန့်ခွဲရေးဆိုင်ရာ ပြစ်ဒဏ် သို့မဟုတ် ဆုံးဖြတ်ချက်တစ်ရပ်ရပ်ကို မကျေနပ်သူသည် ယင်းချမှတ်သော ပြစ်ဒဏ် သို့မဟုတ် ဆုံးဖြတ်ချက်ကို လက်ခံရရှိသောနေ့မှ ရက်ပေါင်း (၆၀)အတွင်း ကောင်စီသို့ အယူခံဝင်နိုင်သည်။ ကောင်စီသည် အယူခံမှုတွင် အလုပ်အမှုဆောင်အဖွဲ့၏ ပြစ်ဒဏ် သို့မဟုတ် ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုနိုင်သည်။ ဤဥပဒေအရ ပြစ်မှုတစ်ခုခုဖြင့် တရားစွဲဆိုလျှင် တာဝန်ခံ ဝန်ကြီးဌာန၏ ကြိုတင်ခွင့်ပြုချက်ကိုရယူရမည်။ နိုင်ငံ့ဝန်ထမ်းမဟုတ်သော ကောင်စီဝင်နှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ သက်ဆိုင်ရာ လုပ်ငန်းအဖွဲ့များ၏ အဖွဲ့ဝင်များသည် ဥပဒေပါ လုပ်ငန်းတာဝန်များကို ထမ်းဆောင်နေချိန်တွင် ပြည်သူ့ဝန်ထမ်းဖြစ်ပြီး တာဝန်ခံဝန်ကြီးဌာနမှ သက်မှတ်ထားသည့် စရိတ်နှင့် ခံစားခွင့်များကို ခံစားခွင့်ရှိသည်။ ဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ပြည်ထောင်စုအစိုးရအဖွဲ့မှ သတ်မှတ်ပေးထားသည့် ပြည်ထောင်စုဝန်ကြီးဌာနသည် ကောင်စီနှင့် ညှိနှိုင်း၍ လိုအပ်သော နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။ ကောင်စီသည် ပြည်ထောင်စုအစိုးရအဖွဲ့မှ သတ်မှတ်ပေးထားသည့် ပြည်ထောင်စုဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

**ဖြတ်သန်းမှုအဆင့်ဆင့်**

ဤဥပဒေကြမ်းနှင့်ပတ်သက်၍ ပြည်သူ့လွှတ်တော်တွင်စတင်တင်သွင်းစဉ်ကတစ်ကြိမ် ဆွေးနွေးခဲ့ပြီး အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်ဖြင့် ပြန်လည်ရောက်ရှိစဉ်က တစ်ကြိမ် ဆွေးနွေးခဲ့ပြီး ဥပဒေကြမ်းကော်မတီ အစီရင်ခံစာတစ်စောင် တင်သွင်းခဲ့သည်ကို တွေ့ရသည်။ အမျိုးသားလွှတ်တော်တွင် တစ်ကြိမ်ဆွေးနွေးခဲ့ပြီး ဥပဒေကြမ်းကော်မတီ အစီရင်ခံစာ တစ်စောင် တင်သွင်းခဲ့ကြောင်းတွေ့ရသည်။ လွှတ်တော်နှစ်ရပ် သဘောထားကွဲလွဲမှုမရှိသဖြင့် ပြည်ထောင်စုလွှတ်တော်၌ မှတ်တမ်းတင်အတည်ပြုခဲ့ကြောင်း တွေ့ရသည်။

ဤဥပဒေကြမ်းနှင့်ပတ်သက်၍ လွှတ်တော်တွင် စုစုပေါင်းဆွေးနွေးရက် (၂) ရက်ရှိခဲ့ကြောင်း တွေ့ရသည်။ ပြည်သူ့လွှတ်တော်တွင် (၁)ရက်၊ အမျိုးသားလွှတ်တော်တွင် (၁)ရက် ဆွေးနွေးခဲ့ကြောင်းတွေ့ရသည်။

## ၄.၄၃.၀။ အသင်းအဖွဲ့များ မှတ်ပုံတင်ခြင်းဆိုင်ရာ ဥပဒေ

- ၂၉.၁၀.၂၀၁၃ — ဥပဒေကြမ်း စတင်တင်သွင်း ပြည်သူ့လွှတ်တော်
- ၂၄.၁.၂၀၁၄ — ဥပဒေကြမ်းကော်မတီအစီရင်ခံစာတင်သွင်း ပြည်သူ့လွှတ်တော်
- ၁၁.၂.၂၀၁၄ — ကိုယ်စားလှယ်များ၏ဆွေးနွေးမှု ပြည်သူ့လွှတ်တော်
- ၁၄.၂.၂၀၁၄ — ပြင်ဆင်ချက်ဖြင့်အတည်ပြု ပြည်သူ့လွှတ်တော်
- ၅.၃.၂၀၁၄ — ဥပဒေကြမ်းကော်မတီအစီရင်ခံစာတင်သွင်း အမျိုးသားလွှတ်တော်
- ၂၄.၃.၂၀၁၄ — ဥပဒေကြမ်းကော်မတီအစီရင်ခံစာပြန်လည်တင်သွင်း အမျိုးသားလွှတ်တော်
- ၂၄.၃.၂၀၁၄ — ပြင်ဆင်ချက်ဖြင့်အတည်ပြု အမျိုးသားလွှတ်တော်
- ၁၈.၆.၂၀၁၄ — ဥပဒေကြမ်းပူးပေါင်းကော်မတီအစီရင်ခံစာတင်သွင်း ပြည်ထောင်စုလွှတ်တော်
- ၁၆.၇.၂၀၁၄ — သမ္မတမှတ်ချက်ဖြင့် ပေးပို့မှုအပေါ်ဥပဒေကြမ်းပူးပေါင်းကော်မတီ၏လေ့လာတွေ့ရှိချက်အစီရင်ခံစာတင်သွင်း ပြည်ထောင်စုလွှတ်တော်
- ၁၆.၇.၂၀၁၄ — ဥပဒေအဖြစ် အတည်ပြု ပြည်ထောင်စုလွှတ်တော်

## ၄.၄၃.၀။ အသင်းအဖွဲ့များ မှတ်ပုံတင်ခြင်းဆိုင်ရာ ဥပဒေ

| နောက်ခံအကြောင်းအရာ | |
|---|---|
| တင်သွင်းသူ | ဦးတင်မောင်ဦး၊ အတွင်းရေးမှူး |
| မဲဆန္ဒနယ်/အဖွဲ့အစည်း | ပြည်သူ့ရေးရာ စီမံခန့်ခွဲမှု ကော်မတီ |
| စတင်တင်သွင်းသည့်လွှတ်တော် | ပြည်သူ့လွှတ်တော် |
| တင်သွင်းသည့်ရက်စွဲ | ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ (၂၉)ရက် |
| ဥပဒေအဖြစ် ပြဋ္ဌာန်းသည့်ရက်စွဲ | ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ (၁၈)ရက် |
| အမျိုးအစား | အသစ်ရေးဆွဲပြဋ္ဌာန်းသည့်ဥပဒေ |
| ကဏ္ဍ | စီမံခန့်ခွဲရေး |

### မိတ်ဆက်

### (၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၃၁ )

၂၀၁၄ ခုနှစ်၊ ဇူလိုင်လ (၁၈)ရက်နေ့တွင် သမ္မတမှ လက်မှတ်ရေးထိုးပြဋ္ဌာန်းသည်။ ဤဥပဒေကြမ်းတွင် အခန်းပေါင်း (၉)ခန်းနှင့် ပုဒ်မပေါင်း (၄၃)ခုပါဝင်သည်။

### ရည်ရွယ်ချက်

အသင်းအဖွဲ့များ မှတ်ပုံတင်ခြင်းကို ဥပဒေနှင့်အညီ ကျင့်သုံးဆောင်ရွက်နိုင်စေရန်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ လွပ်လပ်စွာ ဖွဲ့စည်းဆောင်ရွက်နိုင်စေရန်၊ ဆောင်ရွက်ချက်များသည် နိုင်ငံတော်ဖွံ့ဖြိုး တိုးတက်မှုနှင့် နိုင်ငံသားများအကျိုးကို အထောက်အကူပြုနိုင်စေရန်၊ လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် သက်ဆိုင်ရာဝန်ကြီးဌာနများထံမှ ဥပဒေနှင့်အညီ အကူအညီများ ရယူနိုင်ရန်နှင့် လူမှုအဖွဲ့အစည်းများ ခိုင်မာ အားကောင်းစေရန် တို့ဖြစ်သည်။

### ကိုင်တွယ်သည့်အဖွဲ့အစည်း

### ပြည်ထောင်စု မှတ်ပုံတင်ရေးအဖွဲ့

| စဉ် | ဌာန | ဌာနဆိုင်ရာ ရာထူးအဆင့် | တာဝန် |
|---|---|---|---|
| ၁ | ပြည်ထဲရေးဝန်ကြီးဌာန | ပြည်ထောင်စုဝန်ကြီး | ဥက္ကဋ္ဌ |
| ၂ | နိုင်ငံတော်သမ္မတရုံး | ဒုတိယဝန်ကြီး | အဖွဲ့ဝင် |
| ၃ | နိုင်ငံခြားရေးဝန်ကြီးဌာန | ဒုတိယဝန်ကြီး | အဖွဲ့ဝင် |
| ၄ | အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန | ဒုတိယဝန်ကြီး | အဖွဲ့ဝင် |
| ၅ | နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန | ညွှန်ကြားရေးမှူးချုပ် | အဖွဲ့ဝင် |
| ၆ | အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | ညွှန်ကြားရေးမှူးချုပ် | အတွင်းရေးမှူး |
| ၇ | ပြည်ထောင်စုရှေ့နေချုပ်ရုံး | ညွှန်ကြားရေးမှူးချုပ် | တွဲဖက် အတွင်းရေးမှူး |

ပြည်ထောင်စုမှတ်ပုံတင်ရေးအဖွဲ့သည် လျှောက်ထားသော အသင်းအဖွဲ့အား လျှောက်ထားသည့်နေ့မှ ခုနစ်ရက်အတွင်း သတ်မှတ်ချက်များနှင့် စိစစ်ပြီး နိုင်ငံတော်၏ တရားဥပဒေစိုးမိုးရေးနှင့် လုံခြုံရေးကို ထိခိုက်နိုင်ရန် အကြောင်းမရှိပါက အသင်းအဖွဲ့အဖြစ် မှတ်ပုံတင်ခြင်းကို စည်းကမ်းချက်များသတ်မှတ်၍ ခွင့်ပြုနိုင်သည်။ ပြည်ထောင်စုမှတ်ပုံတင်ရေးအဖွဲ့သည် မှတ်ပုံတင်လက်မှတ်ကို ရက်(၉၀)အတွင်း လျှောက်ထားသူအား ထုတ်ပေးရမည်။ ပြည်ထောင်စု မှတ်ပုံတင်ရေးအဖွဲ့သည် မှတ်ပုံတင်ခွင့် မပြုကြောင်း ပြန်ကြားစာကို ထိုသို့ဆုံးဖြတ်သည့် နေ့မှစ၍ ရက်(၃၀)အတွင်း လျှောက်ထားသူထံ အကြောင်းပြန်ရမည်။ ပြည်ထောင်စုမှတ်ပုံတင်ရေးအဖွဲ့တွင် မှတ်ပုံတင်ထားသော ပြည်တွင်းအသင်းအဖွဲ့သည် နိုင်ငံတစ်ဝန်းလုံးတွင် လှုပ်ရှားဆောင်ရွက်ခွင့်ရှိသည်။ မှတ်ပုံတင်ကြေး ကျပ်တစ်သိန်းသတ်မှတ်သည်။

**တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် မှတ်ပုံတင်ရေးအဖွဲ့**

| စဉ် | ဌာန | ဌာနဆိုင်ရာ ရာထူးအဆင့် |
|---|---|---|
| ၁ | လူမှုရေးရာဝန်ကြီးဌာန | လူမှုရေးရာဝန်ကြီး |
| ၂ | ပြည်ထဲရေးဝန်ကြီးဌာန | တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ရဲတပ်ဖွဲ့မှူး |
| ၃ | | တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အသင်းအဖွဲ့များမှ ကိုယ်စားလှယ်နှစ်ဦး |
| ၄ | တိုင်းဒေသကြီးသို့မဟုတ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | ညွှန်ကြားရေးမှူး |
| ၅ | တိုင်းဒေသကြီးသို့မဟုတ်ပြည်နယ်ဥပဒေချုပ်ရုံး | တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဥပဒေအရာရှိ |

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် မှတ်ပုံတင်ရေးအဖွဲ့သည် လျှောက်ထားသော အသင်းအဖွဲ့အား လျှောက်ထားသည့်နေ့မှ ခုနစ်ရက်အတွင်း သတ်မှတ်ချက်များနှင့် စိစစ်ပြီး နိုင်ငံတော်၏ တရားဥပဒေစိုးမိုးရေးနှင့် လုံခြုံရေးကို ထိခိုက်နိုင်ရန်အကြောင်းမရှိပါက အသင်းအဖွဲ့အဖြစ် မှတ်ပုံတင်ခြင်းကို စည်းကမ်းချက်များ သတ်မှတ်၍ ခွင့်ပြုနိုင်သည်။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် မှတ်ပုံတင်ရေးအဖွဲ့သည် မှတ်ပုံတင်လက်မှတ်ကို ရက်(၆၀)အတွင်း လျှောက်ထားသူအား ထုတ်ပေးရမည်။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် မှတ်ပုံတင်ရေးအဖွဲ့သည် မှတ်ပုံတင်ခွင့် မပြုကြောင်း ပြန်ကြားစာကို ဆုံးဖြတ်သည့်နေ့မှစ၍ ရက်(၃၀)အတွင်း လျှောက်ထားသူထံ အကြောင်းပြန်ရမည်။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် မှတ်ပုံတင်ရေးအဖွဲ့တွင် မှတ်ပုံတင်ထားသောအသင်းအဖွဲ့သည် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်းတွင် လှုပ်ရှားဆောင်ရွက်ခွင့်ရှိသည်။ မှတ်ပုံတင်ကြေး သုံးသောင်းကျပ် သတ်မှတ်သည်။

**နေပြည်တော်ကောင်စီ မှတ်ပုံတင်ရေးအဖွဲ့**

| စဉ် | ဌာန | ဌာနဆိုင်ရာ ရာထူးအဆင့် | တာဝန် |
|---|---|---|---|
| ၁ | နေပြည်တော်ကောင်စီ | နေပြည်တော် ကောင်စီဝင်တစ်ဦး | ဥက္ကဋ္ဌ |
| ၂ | မြန်မာနိုင်ငံရဲတပ်ဖွဲ့ | နေပြည်တော်ရဲတပ်ဖွဲ့မှူး | အဖွဲ့ဝင် |
| ၃ | | နေပြည်တော်ကောင်စီ အသင်းအဖွဲ့များမှ ကိုယ်စားလှယ်နှစ်ဦး | အဖွဲ့ဝင်များ |
| ၄ | နေပြည်တော်၊အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | ညွှန်ကြားရေးမှူး | အတွင်းရေးမှူး |
| ၅ | ခရိုင်ဥပဒေရုံး | ခရိုင်ဥပဒေအရာရှိတစ်ဦး | တွဲဖက်အတွင်းရေးမှူး |

နေပြည်တော်ကောင်စီ မှတ်ပုံတင်ရေး အဖွဲ့သည် လျှောက်ထားသော အသင်းအဖွဲ့အား လျှောက်ထားသည့်နေ့မှ ခုနစ်ရက်အတွင်း သတ်မှတ်ချက်များနှင့် စိစစ်ပြီး နိုင်ငံတော်၏ တရားဥပဒေစိုးမိုးရေးနှင့် လုံခြုံရေးကိုထိခိုက်နိုင်ရန်အကြောင်းမရှိပါက အသင်းအဖွဲ့အဖြစ် မှတ်ပုံတင်ခြင်းကို စည်းကမ်းချက်များသတ်မှတ်၍ ခွင့်ပြုနိုင်သည်။ နေပြည်တော်ကောင်စီ မှတ်ပုံတင်ရေးအဖွဲ့သည် မှတ်ပုံတင်လက်မှတ်ကိုရက် (၆၀) အတွင်း လျှောက်ထားသူအား ထုတ်ပေးရမည်။ နေပြည်တော်ကောင်စီ မှတ်ပုံတင်ရေး အဖွဲ့သည် မှတ်ပုံတင်ခွင့် မပြုကြောင်း ပြန်ကြားစာကို ဆုံးဖြတ်သည့်နေ့မှစ၍ ရက် (၃၀) အတွင်း လျှောက်ထားသူထံ အကြောင်းပြန်ရမည်။ နေပြည်တော်ကောင်စီ မှတ်ပုံတင်ရေးအဖွဲ့တွင် မှတ်ပုံတင်ထားသော အသင်းအဖွဲ့သည် နေပြည်တော်ကောင်စီ နယ်နိမိတ်အတွင်း လှုပ်ရှားဆောင်ရွက်ခွင့်ရှိသည်။ မှတ်ပုံတင်ကြေး သုံးသောင်းကျပ် သတ်မှတ်သည်။

**ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ မှတ်ပုံတင်ရေးအဖွဲ့**

| စဉ် | ဌာန | ဌာနဆိုင်ရာ ရာထူးအဆင့် | တာဝန် |
|---|---|---|---|
| ၁ | နေပြည်တော်ကောင်စီ | ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့၏ အလုပ်အမှုဆောင်ကော်မတီဝင် တစ်ဦး | ဥက္ကဋ္ဌ |
| ၂ | မြန်မာနိုင်ငံရဲတပ်ဖွဲ့ | ခရိုင်ရဲတပ်ဖွဲ့မှူး | အဖွဲ့ဝင် |
| ၃ | | ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အသင်းအဖွဲ့များမှ ကိုယ်စားလှယ်နှစ်ဦး | အဖွဲ့ဝင်များ |
| ၄ | ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | လက်ထောက်ညွှန်ကြားရေးမှူး | အတွင်းရေးမှူး |
| ၅ | | ဥက္ကဋ္ဌက တာဝန်ပေးအပ်သော သက်ဆိုင်ရာ ဥပဒေအရာရှိ | တွဲဖက်အတွင်းရေးမှူး |

ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ မှတ်ပုံတင်ရေးအဖွဲ့သည် လျှောက်ထားသော အသင်းအဖွဲ့အား လျှောက်ထားသည့်နေ့မှ ခုနစ်ရက်အတွင်း သတ်မှတ်ချက်များနှင့် စိစစ်ပြီး နိုင်ငံတော်၏ တရားဥပဒေစိုးမိုးရေးနှင့် လုံခြုံရေးကိုထိခိုက်နိုင်ရန် အကြောင်းမရှိပါက အသင်းအဖွဲ့အဖြစ် မှတ်ပုံတင်ခြင်းကို စည်းကမ်းချက်များ သတ်မှတ်၍ခွင့်ပြုနိုင်သည်။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ မှတ်ပုံတင်ရေးအဖွဲ့သည် မှတ်ပုံတင်လက်မှတ်ကို ရက်(၃၀)အတွင်း လျှောက်ထားသူအား ထုတ်ပေးရမည်။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ မှတ်ပုံတင်ရေးအဖွဲ့သည် မှတ်ပုံတင်ခွင့် မပြုကြောင်း ပြန်ကြားစာကို ဆုံးဖြတ်သည့်နေ့မှစ၍ (၁၅) ရက်အတွင်း လျှောက်ထားသူထံ အကြောင်းပြန်ရမည်။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ မှတ်ပုံတင်ရေးအဖွဲ့တွင် မှတ်ပုံတင်ထားသော အသင်းအဖွဲ့သည် သက်ဆိုင်ရာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အတွင်း လှုပ်ရှားဆောင်ရွက်ခွင့်ရှိသည်။ မှတ်ပုံတင်ကြေး ပေးသွင်းရန်မလို။

**ခရိုင်မှတ်ပုံတင်ရေးအဖွဲ့**

| စဉ် | ဌာန | ဌာနဆိုင်ရာ ရာထူးအဆင့် | တာဝန် |
|---|---|---|---|
| ၁ | ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | ခရိုင်အုပ်ချုပ်ရေးမှူး | ဥက္ကဋ္ဌ |
| ၂ | မြန်မာနိုင်ငံရဲတပ်ဖွဲ့ | ခရိုင်ရဲတပ်ဖွဲ့မှူး | အဖွဲ့ဝင် |
| ၃ | . | ခရိုင်အသင်းအဖွဲ့များမှကိုယ်စားလှယ်နှစ်ဦး | အဖွဲ့ဝင် |
| ၄ | ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | လက်ထောက်ညွှန်ကြားရေးမှူး | အတွင်းရေးမှူး |
| ၅ | ခရိုင်ဥပဒေရုံး | ခရိုင်ဥပဒေအရာရှိ | တွဲဖက်အတွင်းရေးမှူး |

ခရိုင်မှတ်ပုံတင်ရေးအဖွဲ့သည် လျှောက်ထားသော အသင်းအဖွဲ့အား လျှောက်ထားသည့်နေ့မှ ခုနစ်ရက်အတွင်း သတ်မှတ်ချက်များနှင့်စိစစ်ပြီး နိုင်ငံတော်၏ တရားဥပဒေ စိုးမိုးရေးနှင့် လုံခြုံရေးကို ထိခိုက်နိုင်ရန်အကြောင်း မရှိပါက အသင်းအဖွဲ့အဖြစ် မှတ်ပုံတင်ခြင်းကို စည်းကမ်းချက်များ သတ်မှတ်၍ ခွင့်ပြုနိုင်သည်။ ခရိုင်မှတ်ပုံတင်ရေးအဖွဲ့သည် မှတ်ပုံတင် လက်မှတ်ကိုရက် (၃၀)အတွင်းလျှောက်ထားသူ အား ထုတ်ပေးရမည်။ ခရိုင်မှတ်ပုံတင်ရေးအဖွဲ့သည် မှတ်ပုံ တင်ခွင့် မပြုကြောင်း ပြန်ကြားစာကို ထိုသို့ဆုံးဖြတ်သည့်နေ့ မှစ၍ (၁၅)ရက်အတွင်း လျှောက်ထားသူထံ အကြောင်းပြန် ရမည်။ ခရိုင်မှတ်ပုံတင်ရေးအဖွဲ့တွင် မှတ်ပုံတင်ထားသော အသင်းအဖွဲ့သည် သက်ဆိုင်ရာခရိုင်အတွင်း လှုပ်ရှားဆောင် ရွက်ခွင့်ရှိသည်။ မှတ်ပုံတင်ကြေးပေးသွင်းရန်မလို။

## မြို့နယ် မှတ်ပုံတင်ရေးအဖွဲ့

| စဉ် | ဌာန | ဌာနဆိုင်ရာ ရာထူးအဆင့် | တာဝန် |
|---|---|---|---|
| ၁ | မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | မြို့နယ်အုပ်ချုပ်ရေးမှူး | ဥက္ကဋ္ဌ |
| ၂ | မြန်မာနိုင်ငံရဲတပ်ဖွဲ့ | မြို့နယ်ရဲတပ်ဖွဲ့မှူး | အဖွဲ့ဝင် |
| ၃ | | မြို့နယ်အသင်းအဖွဲ့များမှ ကိုယ်စားလှယ်နှစ်ဦး | အဖွဲ့ဝင်များ |
| ၄ | မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | ဦးစီးအရာရှိ | အတွင်းရေးမှူး |
| ၅ | မြို့နယ်ဥပဒေရုံး | မြို့နယ်ဥပဒေအရာရှိ | တွဲဖက်အတွင်းရေးမှူး |

မြို့နယ်မှတ်ပုံတင်ရေးအဖွဲ့သည် လျှောက်ထားသော အသင်းအဖွဲ့အား လျှောက်ထားသည့်နေ့မှ ခုနစ်ရက်အတွင်း သတ်မှတ်ချက်များနှင့်စိစစ်ပြီး နိုင်ငံတော်၏ တရားဥပဒေ စိုးမိုးရေးနှင့် လုံခြုံရေးကို ထိခိုက်နိုင်ရန်အကြောင်းမရှိပါက အသင်းအဖွဲ့အဖြစ် မှတ်ပုံတင်ခြင်းကို စည်းကမ်းချက်များ သတ်မှတ်၍ ခွင့်ပြုနိုင်သည်။ မြို့နယ်မှတ်ပုံတင်ရေးအဖွဲ့သည် မှတ်ပုံတင်လက်မှတ်ကိုရက် (၃၀)အတွင်းလျှောက်ထားသူ အား ထုတ်ပေးရမည်။ မြို့နယ် မှတ်ပုံတင်ရေးအဖွဲ့သည် မှတ်ပုံတင်ခွင့် မပြုကြောင်း ပြန်ကြားစာကို ထိုသို့ဆုံးဖြတ် သည့်နေ့မှစ၍ (၁၅) ရက်အတွင်း လျှောက်ထားသူထံ အကြောင်းပြန်ရမည်။ မြို့နယ်မှတ်ပုံတင်ရေးအဖွဲ့တွင် မှတ်ပုံ တင်ထားသော အသင်းအဖွဲ့သည် သက်ဆိုင်ရာမြို့နယ် အတွင်း လှုပ်ရှားဆောင်ရွက်ခွင့်ရှိသည်။ မှတ်ပုံတင်ကြေး ပေးသွင်းရန်မလို။

ဥပဒေပါပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ရာ တွင် ဝန်ကြီးဌာနသည် လိုအပ်သောနည်းဥပဒေများ၊ စည်း မျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စု အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။ ပြည်ထောင်စု မှတ်ပုံတင်ရေးအဖွဲ့သည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန် နိုင်သည်။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်မှတ်ပုံတင် ရေးအဖွဲ့နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ် ပိုင်အုပ်ချုပ်ခွင့်ရဒေသ မှတ်ပုံတင်ရေးအဖွဲ့တို့သည် လိုအပ် သော အမိန့်နှင့် ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်။ ဤအသင်းအဖွဲ့များ ဖွဲ့စည်းခြင်းဆိုင်ရာဥပဒေ(နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ်၆/၈၈) အား ဥပဒေဖြင့် ရုတ်သိမ်းလိုက်သည်။

## ဖြတ်သန်းမှုအဆင့်ဆင့်

ဤဥပဒေကြမ်းနှင့်ပတ်သက်၍ ပြည်သူ့လွှတ်တော်တွင် စတင်တင်သွင်းစဉ်က တစ်ကြိမ်ဆွေးနွေးခဲ့ပြီး၊ အမျိုးသား လွှတ်တော်က ပြင်ဆင်ချက်များ ပြန်လည်ပေးပို့စဉ်က တစ် ကြိမ်ဆွေးနွေးခဲ့ကြောင်း တွေ့ရသည်။ ပြည်သူ့လွှတ်တော် တွင် ဥပဒေကြမ်းကော်မတီ အစီရင်ခံစာတစ်စောင် တင်သွင်း ခဲ့ကြောင်းတွေ့ရသည်။ အမျိုးသားလွှတ်တော်တွင်တစ်ကြိမ် ဆွေးနွေးခဲ့ပြီး ဥပဒေကြမ်းကော်မတီ အစီရင်ခံစာနှစ်စောင် တင်သွင်းခဲ့ကြောင်းတွေ့ရသည်။ ဤဥပဒေကြမ်းနှင့်ပတ် သက်၍ လွှတ်တော်နှစ်ရပ် သဘောထားကွဲလွဲသဖြင့် ပြည် ထောင်စုလွှတ်တော်တွင် တင်သွင်းဆွေးနွေးရာဥပဒေကြမ်း ပူးပေါင်းကော်မတီမှ အစီရင်ခံစာတစ်စောင် ပြုစုတင်သွင်း ခဲ့ကြောင်းတွေ့ရသည်။ ပြည်ထောင်စုလွှတ်တော်တွင် အ တည်ပြုပြီးသော ဥပဒေကြမ်းအား သမ္မတထံပေးပို့ရာ သမ္မတ၏ သဘောထားမှတ်ချက်ပေါ်တွင်ဥပဒေကြမ်းပူး ပေါင်းကော်မတီမှ အစီရင်ခံစာတစ်စောင် တင်သွင်းခဲ့ ကြောင်းတွေ့ရသည်။

ဤဥပဒေကြမ်းနှင့်ပတ်သက်၍ လွှတ်တော်တွင်စုစုပေါင်း ဆွေးနွေးရက် (၇)ရက်ရှိခဲ့သည်။ ပြည်သူ့လွှတ်တော်တွင် (၃)ရက်၊ အမျိုးသားလွှတ်တော်တွင် (၂) ရက်၊ ပြည်ထောင်စုလွှတ်တော်တွင် (၂)ရက်ဆွေးနွေးခဲ့ကြခြင်းဖြစ်သည်။

**ဆွေးနွေးမှု**

ဤဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် (၇)ဦး ဝင်ရောက်ဆွေးနွေးခဲ့ကြသည်။ ဝင်ရောက်ဆွေးနွေးခဲ့သည့် လွှတ်တော်ကိုယ်စားလှယ်များမှာ USDP မှ (၄) ဦး၊ NDF ၊ RNDP နှင့် တပ်မတော်သားကိုယ်စားလှယ်(၁) ဦးစီတို့ဖြစ်သည်။

**ဝင်ရောက်ဆွေးနွေးခဲ့ကြသည့် လွှတ်တော်ကိုယ်စားလှယ်**

| စဉ် | ကိုယ်စားလှယ်အမည် | မဲဆန္ဒနယ် | ပါတီ | ဆွေးနွေးသည့်လွှတ်တော် |
|---|---|---|---|---|
| ၁ | ဦးသိန်းထွန်းဦး | အမရပူရ | USDP | ပြည်သူ့လွှတ်တော် |
| ၂ | ဦးသိန်းဆွေ | အမ်း | USDP | ပြည်သူ့လွှတ်တော် |
| ၃ | ဦးဘရှိန် | ကျောက်ဖြူ | RNDP | ပြည်သူ့လွှတ်တော် |
| ၄ | ဦးသောင်းဟန် | ယင်းမာပင် | USDP | ပြည်သူ့လွှတ်တော် |
| ၅ | ဒေါက်တာဒေါ်အေးမြင့် | ရွှေတောင် | USDP | ပြည်သူ့လွှတ်တော် |
| ၆ | ဗိုလ်မှူးချုပ်တင့်ဆန်း | တပ်မတော်သား | | ပြည်သူ့လွှတ်တော် |
| ၇ | ဦးသိန်းညွန့် | သဃ်န်းကျွန်း | NDF | ပြည်သူ့လွှတ်တော် |

## ၄.၄၄.၀။ မြန်မာနိုင်ငံ ဗိသုကာကောင်စီ ဥပဒေ

- ၁၈.၃.၂၀၁၄ — ဥပဒေကြမ်းစတင်တင်သွင်း အမျိုးသားလွှတ်တော်
- ၅.၆.၂၀၁၄ — ဥပဒေကြမ်းကော်မတီအစီရင်ခံစာတင်သွင်း အမျိုးသားလွှတ်တော်
- ၅.၆.၂၀၁၄/၁၆.၆.၂၀၁၄ — ကိုယ်စားလှယ်များ၏ဆွေးနွေးမှု အမျိုးသားလွှတ်တော်
- ၁၆.၆.၂၀၁၄ — ဥပဒေကြမ်းကော်မတီအစီရင်ခံစာပြန်လည်တင်သွင်း အမျိုးသားလွှတ်တော်
- ၁၆.၆.၂၀၁၄ — ပြင်ဆင်ချက်ဖြင့်အတည်ပြု အမျိုးသားလွှတ်တော်
- ၈.၇.၂၀၁၄ — ဥပဒေကြမ်းကော်မတီအစီရင်ခံစာတင်သွင်း ပြည်သူ့လွှတ်တော်
- ၁၈.၇.၂၀၁၄ — ပြင်ဆင်ချက်ဖြင့်အတည်ပြု ပြည်သူ့လွှတ်တော်
- ၂၉.၇.၂၀၁၄ — အတည်ပြု အမျိုးသားလွှတ်တော်
- ၁၁.၉.၂၀၁၄ — သမ္မတမှတ်ချက်ဖြင့် ပေးပို့မှုအပေါ်ဥပဒေကြမ်းပူးပေါင်းကော်မတီ၏လေ့လာတွေ့ရှိချက်အစီရင်ခံစာတင်သွင်း ပြည်ထောင်စုလွှတ်တော်
- ၂၂.၉.၂၀၁၄ — သမ္မတမှတ်ချက်ဖြင့် ပေးပို့မှုအပေါ်ဆွေးနွေး ပြည်ထောင်စုလွှတ်တော်
- ၂၂.၉.၂၀၁၄ — ဥပဒေအဖြစ် အတည်ပြု ပြည်ထောင်စုလွှတ်တော်

## ၄.၄၄.၀။ မြန်မာနိုင်ငံ ဗိသုကာကောင်စီ ဥပဒေ

| နောက်ခံအကြောင်းအရာ | |
|---|---|
| တင်သွင်းသူ | ဦးစိုးတင့်၊ ဒုတိယဝန်ကြီး |
| မဲဆန္ဒနယ်/အဖွဲ့အစည်း | ဆောက်လုပ်ရေးဝန်ကြီးဌာန |
| စတင်တင်သွင်းသည့်လွှတ်တော် | အမျိုးသားလွှတ်တော် |
| တင်သွင်းသည့်ရက်စွဲ | ၂၀၁၄ ခုနှစ်၊ မတ်လ (၁၈)ရက် |
| ဥပဒေအဖြစ် ပြဋ္ဌာန်းသည့်ရက်စွဲ | ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ (၁၀) ရက် |
| အမျိုးအစား | အသစ်ရေးဆွဲပြဋ္ဌာန်းသည့်ဥပဒေ |
| ကဏ္ဍ | စီမံခန့်ခွဲရေး |

## မိတ်ဆက်

### (၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၃၉)

၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ ( ၁၀)ရက်နေ့တွင် သမ္မတမှ လက်မှတ်ရေးထိုးပြဋ္ဌာန်းသည်။ ဤဥပဒေကြမ်းတွင် အခန်းပေါင်း (၁၅)ခန်းနှင့် ပုဒ်မပေါင်း (၅၂)ခုပါရှိသည်။

## ရည်ရွယ်ချက်

ဗိသုကာပညာဆိုင်ရာ လုပ်ငန်းများတွင် လုပ်ကိုင်နေကြသော ဗိသုကာပညာရှင်၊ ဗိသုကာ၊ ဘွဲ့ရနည်းပညာကျွမ်းကျင်သူနှင့် နည်းပညာကျွမ်းကျင်သူများ၏ ဂုဏ်သိက္ခာ၊ ကျင့်ဝတ်နှင့် အရည်အသွေးတို့ကို မြှင့်တင်ရန်၊ ဗိသုကာပညာဖြင့် လူနေမှုပတ်ဝန်းကျင် အဆင့်အတန်းမြင့်မားလုံခြုံမှုရှိစေရန်၊ ဗိသုကာပညာဆိုင်ရာ အတွေ့အကြုံများ ပြန့်ပွားရေးတို့တွင် ဒေသဆိုင်ရာအပါအဝင် နိုင်ငံတကာပညာရှင်အဖွဲ့အစည်းများ၊ ပညာရပ်ဆိုင်ရာ၊ သုသေတနဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရာတွင် စနစ်တကျဖြစ်စေရန်တို့ဖြစ်သည်။

## ကိုင်တွယ်သည့်အဖွဲ့အစည်း

ပြည်ထောင်စုအစိုးရအဖွဲ့မှ တာဝန်ပေးအပ်သော ပြည်ထောင်စုအစိုးရ ဝန်ကြီးဌာနသည် မြန်မာနိုင်ငံဗိသုကာကောင်စီကို မိမိ၏ဝန်ကြီးဌာနမှ သင့်လျော်သော ဗိသုကာ(၄) ဦး၊ ဗိသုကာပညာ သင်ကြားရေးဆိုင်ရာဦးစီးဌာန၊ တက္ကသိုလ်၊ ကောလိပ်နှင့် သိပ္ပံတို့မှ သင့်လျော်သော ဗိသုကာများနှင့် ၎င်းတို့နှင့်သက်ဆိုင်သော ဝန်ကြီးများမှ အနည်းဆုံး (၁) ဦးစီပါဝင်သည့် ဗိသုကာ(၅)ဦး၊ နေပြည်တော် စည်ပင်သာယာရေးကော်မတီမှ သင့်လျော်သော ဗိသုကာ(၁)ဦး၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ သင့်လျော်သောဗိသုကာ(၁)ဦး၊ အစိုးရမဟုတ်သော ဗိသုကာပညာရပ်ဆိုင်ရာ အသင်းအဖွဲ့များမှ ရွေးကောက်ခံ ဗိသုကာပညာရှင် (၁၈)ဦး၊ ဝါရင့်ဗိသုကာပညာရှင်(၃)ဦးတို့ ပါဝင်စေ၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် ဖွဲ့စည်းရမည်။ ကောင်စီဝင်များသည် ဥက္ကဋ္ဌ(၁)ဦး၊ဒုတိယဥက္ကဋ္ဌ(၂) ဦး၊ အတွင်းရေးမှူး(၁)ဦး၊ တွဲဖက်အတွင်းရေးမှူး(၂)ဦးနှင့် ဘဏ္ဍာရေးမှူး (၁)ဦးတို့ကို သတ်မှတ်ချက်များနှင့်အညီ မိမိတို့ထဲမှ ရွေးကောက်တင်မြှောက်ရမည်။ ကောင်စီဝင်များသည် ကောင်စီ၏လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရန် အလို့ငှာ ကောင်စီဥက္ကဋ္ဌက အလုပ်အမှုဆောင်အဖွဲ့၏ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ကောင်စီဒုတိယဥက္ကဋ္ဌက ဒုတိယဥက္ကဋ္ဌများအဖြစ်လည်းကောင်း၊ ကောင်စီအတွင်းရေးမှူးက အတွင်းရေးမှူးအဖြစ်လည်းကောင်း၊ ကောင်စီ တွဲဖက်အတွင်းရေးမှူးများက တွဲဖက်အတွင်းရေးမှူးများအဖြစ်လည်းကောင်း၊ ကောင်စီဘဏ္ဍာရေးမှူးက ဘဏ္ဍာရေးမှူးအဖြစ်လည်းကောင်း၊ ကျန်ရှိသော ကောင်စီဝင်များအနက်မှ သတ်မှတ်ချက်များနှင့်အညီ ရွေးကောက်တင်မြှောက်ထားသော အဖွဲ့ဝင်(၈)ဦးက အဖွဲ့ဝင်များအဖြစ်လည်းကောင်း၊ စုစုပေါင်း (၂၅)ဦးပါဝင်စေလျက် မြန်မာနိုင်ငံဗိသုကာ အလုပ်အမှုဆောင်အဖွဲ့ကို သတ်မှတ်ချက်များနှင့်အညီ ဖွဲ့စည်း

ရမည်။ ကောင်စီနှင့် ကောင်စီဝင်များ၏ သက်တမ်းကို အောက်ပါအတိုင်း သတ်မှတ်ရမည်။ ကောင်စီသက်တမ်းသည် စတင်ဖွဲ့စည်းသည့်နေ့မှစ၍ (၄) နှစ်ဖြစ်သည်။ ကောင်စီဝင်များ၏သက်တမ်းသည် ကောင်စီ၏ သက်တမ်းနှင့်အညီဖြစ်သည်။ ကောင်စီဥက္ကဋ္ဌသည် ကောင်စီသက်တမ်း တစ်ကြိမ်သာ ဆောင်ရွက်ခွင့် ရှိသည်။ ကောင်စီဝင်တစ်ဦးသည် ကောင်စီသက်တမ်းတစ်ဆက်တည်း နှစ်ကြိမ်ထိ ဆောင်ရွက်နိုင်သည်။ ကောင်စီသည် မှတ်ပုံတင်လက်မှတ် စိစစ်ရေးလုပ်ငန်းကော်မတီ၊ ဗိသုကာအထူးပြုပညာရပ်ဆိုင်ရာ အရည်အသွေး စိစစ်အသိအမှတ်ပြုရေး လုပ်ငန်းကော်မတီ၊ ကျင့်ဝတ်သိက္ခာ ထိန်းသိမ်းရေးလုပ်ငန်းကော်မတီ၊ စည်းကမ်းထိန်းသိမ်းရေးလုပ်ငန်းကော်မတီ၊ စံချိန်စံညွှန်းနှင့် ဗိသုကာ ပညာရပ်ဆိုင်ရာ ကျင့်ထုံးများပြုစုရေး လုပ်ငန်းကော်မတီ၊ ဗိသုကာပညာ စဉ်ဆက်မပြတ် သင်ကြားရေးလုပ်ငန်းကော်မတီ၊ ဗိသုကာပညာဆိုင်ရာ ကုမ္ပဏီများ၊ အဖွဲ့အစည်းများ စိစစ်အသိအမှတ်ပြုရေးလုပ်ငန်း ကော်မတီနှင့် အခြားလိုအပ်သော လုပ်ငန်းကော်မတီများကို ဖွဲ့စည်းနိုင်သည်။ ယင်းကော်မတီများ၏ လုပ်ငန်းတာဝန်များကို သတ်မှတ်ပေးရမည်။ ကောင်စီသည် ရည်ရွယ်ချက်များကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် မိမိ၏တာဝန်နှင့် လုပ်ပိုင်ခွင့်များကို အလုပ်အမှုဆောင်အဖွဲ့သို့ လွှဲအပ်နိုင်သည်။ ရုံးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် မှတ်ပုံတင်အရာရှိချုပ် ဦးဆောင်သော ရုံးအဖွဲ့ကို ဖွဲ့စည်းနိုင်သည်။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တွင် မှတ်ပုံတင်အရာရှိတစ်ဦး ဦးဆောင်သော ရုံးအဖွဲ့ခွဲများကိုလည်း ဖွဲ့စည်းနိုင်သည်။

ပြည်တွင်းပြည်ပရှိ ဗိသုကာပညာ၊ နည်းပညာ၊ အင်ဂျင်နီယာပညာဆိုင်ရာ တက္ကသိုလ်၊ ကောလိပ်နှင့် သိပ္ပံတစ်ခုခုတို့က အပ်နှင်းသော ဗိသုကာနည်းပညာဘွဲ့ သို့မဟုတ် ဗိသုကာဒီပလိုမာရရှိသူများ၊ ဗိသုကာပညာဆိုင်ရာ ဘွဲ့ရရှိသူများသည် သက်ဆိုင်ရာ မှတ်ပုံတင်လက်မှတ်၊ ဗိသုကာလိုင်စင်များကို ရရှိလိုပါက ကောင်စီသို့ လျှောက်ထားရမည်။ ကောင်စီ၏ ကိုယ်စား အလုပ်အမှုဆောင်အဖွဲ့သည် သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီး မှတ်ပုံတင်လက်မှတ်၊ ဗိသုကာလိုင်စင်များ ထုတ်ပေးခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။ မှတ်ပုံတင်လက်မှတ်၊ ဗိသုကာလိုင်စင် ရရှိသူများသည် သက်တမ်းမကုန်ဆုံးမီ အနည်းဆုံး ရက်ပေါင်း (၆၀) ကြိုတင်၍ သက်တမ်းတိုး လျှောက်ထားရမည်။ ကောင်စီ၏ကိုယ်စားအလုပ်အမှုဆောင်အဖွဲ့သည် သက်တမ်းတိုးမြှင့်ပေးခြင်း၊ ငြင်းပယ်ခြင်း ပြုနိုင်သည်။ နိုင်ငံခြားသား ဗိသုကာ မှတ်ပုံတင်လက်မှတ် ထုတ်ပေးရန် ခွင့်ပြုပါက သတ်မှတ်ထားသည့် မှတ်ပုံတင်ကြေးပေးသွင်းစေပြီး လုပ်ကိုင်ခွင့်ပြုသည့် ဗိသုကာပညာအမျိုးအစား၊ လုပ်ကိုင်ခွင့်ပြုသည့် နေရာဒေသ၊ အချိန်ကာလကန့်သတ်ချက်နှင့် အခြားလိုအပ်သော စည်းကမ်းချက်များကို ဖော်ပြရမည်။ မှတ်ပုံတင်လက်မှတ် သို့မဟုတ် လိုင်စင်ရရှိသူ မည်သူမဆို စည်းကမ်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကြောင်း တွေ့ရှိပါက အလုပ်အမှုဆောင်အဖွဲ့သည် ထိုသူအား သတိပေးခြင်း၊ သင့်လျော်သော ဒဏ်ကြေးငွေ ပေးဆောင်စေခြင်း၊ မှတ်ပုံတင်လက်မှတ်ကို ကာလအကန့်အသတ်ဖြင့် ရုတ်သိမ်းခြင်း၊ မှတ်ပုံတင်လက်မှတ် ပယ်ဖျက်ခြင်း စသည့် စီမံခန့်ခွဲရေးဆိုင်ရာ အမိန့်ချမှတ်နိုင်သည်။ အလုပ်အမှုဆောင်အဖွဲ့မှ ချမှတ်သည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေနပ်သူသည် လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း (၆၀) အတွင်း ကောင်စီသို့ အယူခံဝင်နိုင်သည်။ ကောင်စီသည် အလုပ်အမှုဆောင်အဖွဲ့၏ အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်း သို့မဟုတ် အတည်ပြုခြင်း ပြုနိုင်သည်။ ကောင်စီ၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်သည်။ နိုင်ငံ့ဝန်ထမ်း ဗိသုကာများက တာဝန်အရဆောင်ရွက်ခြင်းမှအပ မည်သူမျှ ကောင်စီက ထုတ်ပေးသော မှတ်ပုံတင်လက်မှတ်မရှိဘဲ လုပ်ကိုင်ခြင်း မပြုရပါ။ မြန်မာ့ရိုးရာဗိသုကာပညာရှင်နှင့် အင်ဂျင်နီယာတို့သည် ဥပဒေအရပြုလုပ်သော နည်းဥပဒေများဖြင့် သတ်မှတ်ထားသော လုပ်ငန်းများနှင့် အများပြည်သူ ဘေးအန္တရာယ်ဖြစ်စေနိုင်သော ဗိသုကာလုပ်ငန်းများမှအပ မိမိတို့၏ လုပ်ငန်းများကို ဆောင်ရွက်ပိုင်ခွင့်ရှိသည်။ နိုင်ငံ့ဝန်ထမ်းမဟုတ်သော ကောင်စီဝင်၊ အလုပ်အမှုဆောင်အဖွဲ့ဝင်၊ လုပ်ငန်းကော်မတီဝင်နှင့် လုပ်ငန်းအဖွဲ့ဝင်တစ်ဦးဦးသည် လုပ်ငန်းတာဝန် ထမ်းဆောင်နေချိန်တွင် ပြည်သူ့ဝန်ထမ်းဖြစ်သည်။ နိုင်ငံ့ဝန်ထမ်းမဟုတ်သော ကောင်စီဝင်နှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် တာဝန်ခံဝန်ကြီးဌာနက သတ်မှတ်ထားသည့် ချီးမြှင့်ငွေနှင့် စရိတ်များကို ခံစားခွင့်ရှိသည်။ ဥပဒေအရ ပြစ်မှုတစ်ခုခုဖြင့် တရားစွဲဆိုရာတွင် တာဝန်ခံဝန်ကြီးဌာန၏ ကြိုတင်ခွင့်ပြုချက်ကို တာဝန်ယူရမည်။

ဥပဒေပါပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်

ဆောင်ရွက်ရာတွင် တာဝန်ခံဝန်ကြီးဌာနသည် ကောင်စီနှင့် ညှိနှိုင်း၍ လိုအပ်သော နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။ ကောင်စီသည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများကို တာဝန်ခံဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

**ဖြတ်သန်းမှုအဆင့်ဆင့်**

ဤဥပဒေကြမ်းနှင့်ပတ်သက်၍ အမျိုးသားလွှတ်တော်တွင် စတင်တင်သွင်းစဉ်က တစ်ကြိမ်ဆွေးနွေးပြီး ပြည်သူ့လွှတ်တော်မှ ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသောအခါ ပြင်ဆင်ချက်အဆို တင်သွင်းနွေးမည့် လွှတ်တော်ကိုယ်စားလှယ် မရှိသဖြင့် ပြည်သူ့လွှတ်တော်ပြင်ဆင်ချက်အတိုင်း အတည်ပြုခဲ့ကြောင်းတွေ့ရသည်။ အမျိုးသားလွှတ်တော်တွင် ဥပဒေကြမ်းကော်မတီ အစီရင်ခံစာ နှစ်စောင်တင်သွင်းခဲ့ကြောင်း တွေ့ရသည်။ ပြည်သူ့လွှတ်တော်တွင် တစ်ကြိမ်ဆွေးနွေးခဲ့ပြီး ဥပဒေကြမ်းကော်မတီ အစီရင်ခံစာ တစ်စောင် တင်သွင်းခဲ့ကြောင်းတွေ့ရသည်။ လွှတ်တော်နှစ်ရပ် သဘောထားကွဲလွဲမှု မရှိသောကြောင့် ပြည်ထောင်စုလွှတ်တော်၌ ဆွေးနွေးမှုမရှိဘဲ မှတ်တမ်းတင် အတည်ပြုခဲ့ကြောင်းတွေ့ရသည်။ ပြည်ထောင်စုလွှတ်တော်၌ မှတ်တမ်းတင် အတည်ပြုခဲ့သော ဥပဒေကြမ်းအား သမ္မတထံ ပေးပို့ရာ သမ္မတမှ သဘောထားမှတ်ချက်ဖြင့် ပြန်လည်ပေးပို့ခဲ့သည်။ သမ္မတ၏ သဘောထားမှတ်ချက်အား ပြည်ထောင်စုလွှတ်တော်တွင် ဥပဒေကြမ်းပူးပေါင်းကော်မတီ အစီရင်ခံစာ တစ်စောင် တင်သွင်းခဲ့ကြောင်းတွေ့ရသည်။

ဤဥပဒေကြမ်းနှင့်ပတ်သက်၍ လွှတ်တော်တွင်စုစုပေါင်းဆွေးနွေးရက် (၅)ရက်ရှိခဲ့သည်။ အမျိုးသားလွှတ်တော်တွင် (၂) ရက်၊ ပြည်သူ့လွှတ်တော်တွင် (၁) ရက်နှင့် ပြည်ထောင်စုလွှတ်တော်တွင် (၂) ရက်ဆွေးနွေးခဲ့ကြခြင်း ဖြစ်သည်။

**ဆွေးနွေးမှု**

ဤဥပဒေကြမ်းတွင် အမျိုးသားလွှတ်တော်နှင့် ပြည်ထောင်စု လွှတ်တော်တို့တွင် ပြည်ထောင်စု အစိုးရအဖွဲ့ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးကလာရောက်ရှင်းလင်းခဲ့ကြောင်းတွေ့ရသည်။ ဝင်ရောက်ဆွေးနွေးသည့် လွှတ်တော်ကိုယ်စားလှယ်မှာ တပ်မတော်သားကိုယ်စားလှယ်တစ်ဦးတည်းသာ ဆွေးနွေးခဲ့ကြောင်းတွေ့ရသည်။

**ဝင်ရောက်ဆွေးနွေးခဲ့ကြသည့် လွှတ်တော်ကိုယ်စားလှယ်**

| စဉ် | ကိုယ်စားလှယ်အမည် | မဲဆန္ဒနယ် | ပါတီ | ဆွေးနွေးသည့်လွှတ်တော် |
|---|---|---|---|---|
| ၁ | ဗိုလ်မှူးမျိုးထွန်းအောင် | တပ်မတော်သား | | အမျိုးသားလွှတ်တော် |

# အခြား

## ၄.၄၅.၀။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ

- ၂၂.၈.၂၀၁၁ — ဥပဒေကြမ်းစတင်တင်သွင်း အမျိုးသားလွှတ်တော်
- ၂၉.၈.၂၀၁၁ — ဥပဒေကြမ်းကော်မတီအစီရင်ခံစာတင်သွင်း အမျိုးသားလွှတ်တော်
- ၂၉.၈.၂၀၁၁ — ကိုယ်စားလှယ်များ၏ဆွေးနွေးမှု အမျိုးသားလွှတ်တော်
- ၂၉.၈.၂၀၁၁ — ပြင်ဆင်ချက်ဖြင့်အတည်ပြု အမျိုးသားလွှတ်တော်
- ၇.၉.၂၀၁၁ — ဥပဒေကြမ်းကော်မတီအစီရင်ခံစာတင်သွင်း ပြည်သူ့လွှတ်တော်
- ၇.၉.၂၀၁၁ — အတည်ပြု ပြည်သူ့လွှတ်တော်
- ၂၈.၁၀.၂၀၁၁ — ဥပဒေအဖြစ်အတည်ပြု ပြည်ထောင်စုလွှတ်တော်

၄.၄၅.၀။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ

| နောက်ခံအကြောင်းအရာ | |
|---|---|
| တင်သွင်းသူ | ဦးမြင့်နိုင်၊ အဖွဲ့ဝင် |
| မဲဆန္ဒနယ်/အဖွဲ့အစည်း | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် |
| စတင်တင်သွင်းသည့်လွှတ်တော် | အမျိုးသားလွှတ်တော် |
| တင်သွင်းသည့်ရက်စွဲ | ၂၀၁၁ ခုနှစ်၊ ဩဂုတ်လ (၂၂)ရက် |
| ဥပဒေအဖြစ် ပြဋ္ဌာန်းသည့်ရက်စွဲ | ၂၀၁၁ ခုနှစ်၊ အောက်တိုဘာလ (၅)ရက် |
| အမျိုးအစား | ပြင်ဆင်ရေးဆွဲသည့်ဥပဒေ |
| ကဏ္ဍ | အခြား |

## မိတ်ဆက်

**(၂၀၁၁ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၆)**

၂၀၁၁ ခုနှစ်၊ အောက်တိုဘာလ (၅)ရက်နေ့တွင် သမ္မတမှ လက်မှတ်ရေးထိုးပြဋ္ဌာန်းသည်။

## ဖြတ်သန်းမှုအဆင့်ဆင့်မှု

ဤဥပဒေကြမ်းနှင့်ပတ်သက်၍ အမျိုးသားလွှတ်တော်တွင်စတင်တင်သွင်းစဉ်ကတစ်ကြိမ် ဆွေးနွေးခဲ့ပြီး၊ ပြည်သူ့လွှတ်တော်မှ ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့စဉ်က တစ်ကြိမ်ဆွေးနွေးခဲ့ကြောင်းတွေ့ရသည်။ အမျိုးသားလွှတ်တော်တွင် ဥပဒေကြမ်းကော်မတီအစီရင်ခံစာတစ်စောင် တင်သွင်းခဲ့ကြောင်းတွေ့ရသည်။ ပြည်သူ့လွှတ်တော်တွင် တစ်ကြိမ်ဆွေးနွေးခဲ့ပြီး ဥပဒေကြမ်းကော်မတီ အစီရင်ခံစာတစ်စောင်တင်သွင်းခဲ့ကြောင်းတွေ့ရသည်။ လွှတ်တော်နှစ်ရပ် သဘောထားကွဲလွဲမှု မရှိသောကြောင့် ပြည်ထောင်စုလွှတ်တော်၌ ဆွေးနွေးမှုမရှိဘဲ မှတ်တမ်းတင်အတည်ပြုခဲ့ကြောင်း တွေ့ရသည်။

ဤဥပဒေကြမ်းနှင့်ပတ်သက်၍ လွှတ်တော်တွင်စုစုပေါင်းဆွေးနွေးရက် (၂)ရက် ရှိခဲ့ကြောင်း တွေ့ရသည်။ အမျိုးသားလွှတ်တော်တွင် (၁) ရက်နှင့် ပြည်သူ့လွှတ်တော်တွင် (၁)ရက်ဆွေးနွေးခဲ့ကြောင်းတွေ့ရသည်။

## ဝင်ရောက်ဆွေးနွေးခဲ့ကြသည့် လွှတ်တော်ကိုယ်စားလှယ်

| စဉ် | ကိုယ်စားလှယ်အမည် | မဲဆန္ဒနယ် | ပါတီ | ဆွေးနွေးသည့်လွှတ်တော် |
|---|---|---|---|---|
| ၁ | ဦးစိုးဝင်း | စမ်းချောင်း | NDF | ပြည်သူ့လွှတ်တော် |
| ၂ | ဦးစိုင်းသန့်ဇင် | ရှမ်း (၄) | SNDP | အမျိုးသားလွှတ်တော် |

## ၄.၄၆.၀။ ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲဥပဒေကို ပြင်ဆင်သည့် ဥပဒေ

- ၃၁.၈.၂၀၁၁ — ဥပဒေကြမ်း စတင်တင်သွင်း ပြည်သူ့လွှတ်တော်
- ၃၁.၈.၂၀၁၁ — ဥပဒေကြမ်းကော်မတီအစီရင်ခံစာတင်သွင်း ပြည်သူ့လွှတ်တော်
- ၆.၉.၂၀၁၁ — ကိုယ်စားလှယ်များ၏ဆွေးနွေးမှု ပြည်သူ့လွှတ်တော်
- ၆.၉.၂၀၁၁ — အတည်ပြု ပြည်သူ့လွှတ်တော်
- ၁၄.၉.၂၀၁၁ — ဥပဒေကြမ်းကော်မတီအစီရင်ခံစာတင်သွင်း အမျိုးသားလွှတ်တော်
- ၂၆.၉.၂၀၁၁ — ကိုယ်စားလှယ်များ၏ဆွေးနွေးမှု အမျိုးသားလွှတ်တော်
- ၂၆.၉.၂၀၁၁ — အတည်ပြု အမျိုးသားလွှတ်တော်
- ၂၈.၁၀.၂၀၁၁ — ဥပဒေအဖြစ် အတည်ပြု ပြည်ထောင်စုလွှတ်တော်

၄.၄၆.၀။ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေကို ပြင်ဆင်သည့် ဥပဒေ

| နောက်ခံအကြောင်းအရာ | |
|---|---|
| တင်သွင်းသူ | ဦးမြင့်နိုင်၊ အဖွဲ့ဝင် |
| မဲဆန္ဒနယ်/အဖွဲ့အစည်း | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် |
| စတင်တင်သွင်းသည့်လွှတ်တော် | ပြည်သူ့လွှတ်တော် |
| တင်သွင်းသည့်ရက်စွဲ | ၂၀၁၁ ခုနှစ်၊ ဩဂုတ်လ (၃၁)ရက် |
| ဥပဒေအဖြစ် ပြဋ္ဌာန်းသည့်ရက်စွဲ | ၂၀၁၁ ခုနှစ်၊ အောက်တိုဘာလ (၅)ရက် |
| အမျိုးအစား | ပြင်ဆင်ရေးဆွဲသည့်ဥပဒေ |
| ကဏ္ဍ | အခြား |

## မိတ်ဆက်

**(၂၀၁၁ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၈)**

၂၀၁၁ ခုနှစ်၊ အောက်တိုဘာလ (၅)ရက်နေ့တွင် သမ္မတမှ လက်မှတ်ရေးထိုးပြဋ္ဌာန်းသည်။

## ဖြတ်သန်းမှုအဆင့်ဆင့်

ဤဥပဒေကြမ်းနှင့်ပတ်သက်၍ ပြည်သူ့လွှတ်တော်တွင် တစ်ကြိမ်နှင့် အမျိုးသားလွှတ်တော်တို့တွင် တစ်ကြိမ် ဆွေးနွေးပြီး ဥပဒေကြမ်းကော်မတီ အစီရင်ခံစာတစ်စောင်စီ တင်သွင်းခဲ့ကြောင်းတွေ့ရသည်။ လွှတ်တော်နှစ်ရပ် သဘောထားကွဲလွဲမှု မရှိသဖြင့် ပြည်ထောင်စုလွှတ်တော်တွင် မှတ်တမ်းတင် အတည်ပြုခဲ့ပါသည်။

ဤဥပဒေကြမ်းနှင့်ပတ်သက်၍ လွှတ်တော်တွင်စုစုပေါင်းဆွေးနွေးရက် (၄)ရက်ရှိခဲ့ကြောင်း တွေ့ရသည်။ ပြည်သူ့လွှတ်တော်တွင် (၂) ရက်၊ အမျိုးသားလွှတ်တော်တွင် (၂)ရက် ဆွေးနွေးခဲ့ကြောင်းတွေ့ရသည်။

### ဆွေးနွေးမှု

ဤဥပဒေကြမ်းနှင့်ပတ်သက်၍ လွှတ်တော်ကိုယ်စားလှယ် (၂)ဦး ဝင်ရောက်ဆွေးနွေးခဲ့ကြောင်းတွေ့ရသည်။ ပြည်သူ့လွှတ်တော်တွင် (၁)ဦးနှင့် အမျိုးသားလွှတ်တော်တွင် (၁)ဦးတို့ ဝင်ရောက်ဆွေးနွေးခဲ့ကြောင်းတွေ့ရသည်။ ဥပဒေကြမ်းတွင် ပြည်ထောင်စုအစိုးရအဖွဲ့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးညွန့်တင် ဝင်ရောက်ဆွေးနွေးခဲ့ကြောင်းတွေ့ရသည်။ ဝင်ရောက်ဆွေးနွေးသည့် လွှတ်တော်ကိုယ်စားလှယ်များမှာ SNDP နှင့် NDF (၁) ဦးစီတို့ ဝင်ရောက်ဆွေးနွေးခဲ့ကြောင်းတွေ့ရသည်။

## ၄.၄၇.၀။အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေကိုပြင်ဆင်သည့်ဥပဒေ

- ၂၅.၈.၂၀၁၁ — ဥပဒေကြမ်းစတင်တင်သွင်း အမျိုးသားလွှတ်တော်
- ၁.၉.၂၀၁၁ — ဥပဒေကြမ်းကော်မတီအစီရင်ခံစာတင်သွင်း အမျိုးသားလွှတ်တော်
- ၁.၉.၂၀၁၁ — ပြင်ဆင်ချက်ဖြင့်အတည်ပြု အမျိုးသားလွှတ်တော်
- ၁၃.၉.၂၀၁၁ — ဥပဒေကြမ်းကော်မတီအစီရင်ခံစာတင်သွင်း ပြည်သူ့လွှတ်တော်
- ၁၃.၉.၂၀၁၁ — ပြင်ဆင်ချက်ဖြင့်အတည်ပြု ပြည်သူ့လွှတ်တော်
- ၃.၁၀.၂၀၁၁ — အတည်ပြု အမျိုးသားလွှတ်တော်
- ၂၈.၁၀.၂၀၁၁ — ဥပဒေအဖြစ်အတည်ပြု ပြည်ထောင်စုလွှတ်တော်

၄.၄၇.၀။အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေကိုပြင်ဆင်သည့်ဥပဒေ

| နောက်ခံအကြောင်းအရာ | |
|---|---|
| တင်သွင်းသူ | ဦးမြင့်နိုင်၊ အဖွဲ့ဝင် |
| မဲဆန္ဒနယ်/အဖွဲ့အစည်း | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် |
| စတင်တင်သွင်းသည့်လွှတ်တော် | အမျိုးသားလွှတ်တော် |
| တင်သွင်းသည့်ရက်စွဲ | ၂၀၁၁ ခုနှစ်၊ ဩဂုတ်လ (၂၅)ရက် |
| ဥပဒေအဖြစ် ပြဋ္ဌာန်းသည့်ရက်စွဲ | ၂၀၁၁ ခုနှစ်၊ အောက်တိုဘာလ (၁၈)ရက် |
| အမျိုးအစား | ပြင်ဆင်ရေးဆွဲသည့်ဥပဒေ |
| ကဏ္ဍ | အခြား |

**မိတ်ဆက်**

**(၂၀၁၁ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၉)**


၂၀၁၁ ခုနှစ်၊ အောက်တိုဘာလ (၁၈)ရက်နေ့တွင် သမ္မတမှ လက်မှတ်ရေးထိုးပြဋ္ဌာန်းသည်။

**ဖြတ်သန်းမှုအဆင့်ဆင့်**

ဤဥပဒေကြမ်းနှင့်ပတ်သက်၍ အမျိုးသားလွှတ်တော်တွင် စတင်တင်သွင်းစဉ်က တစ်ကြိမ်ဆွေးနွေးပြီး ပြည်သူ့လွှတ်တော်မှ ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသောအခါ ပြင်ဆင်ချက်အဆို တင်သွင်းနွေးမည့် လွှတ်တော်ကိုယ်စားလှယ် မရှိသဖြင့် ပြည်သူ့လွှတ်တော်ပြင်ဆင်ချက်အတိုင်း အတည်ပြုခဲ့ကြောင်းတွေ့ရသည်။ အမျိုးသားလွှတ်တော်တွင် ဥပဒေကြမ်းကော်မတီ အစီရင်ခံစာ နှစ်စောင်တင်သွင်းခဲ့ကြောင်း တွေ့ရသည်။ ပြည်သူ့လွှတ်တော်တွင် တစ်ကြိမ်ဆွေးနွေးခဲ့ပြီး ဥပဒေကြမ်းကော်မတီ အစီရင်ခံစာတစ်စောင် တင်သွင်းခဲ့ကြောင်းတွေ့ရသည်။ လွှတ်တော်နှစ်ရပ် သဘောထားကွဲလွဲမှု မရှိသောကြောင့် ပြည်ထောင်စုလွှတ်တော်၌ ဆွေးနွေးမှုမရှိဘဲ မှတ်တမ်းတင် အတည်ပြုခဲ့ကြောင်းတွေ့ရသည်။

ဤဥပဒေကြမ်းနှင့်ပတ်သက်၍ လွှတ်တော်တွင်စုစုပေါင်းဆွေးနွေးရက် (၂)ရက် ရှိခဲ့ကြောင်း တွေ့ရသည်။ အမျိုးသားလွှတ်တော်တွင် (၁) ရက်နှင့် ပြည်သူ့လွှတ်တော်တွင် (၁)ရက်ဆွေးနွေးခဲ့ကြခြင်းဖြစ်သည်။

## ၄.၄၈.၀။တိုင်းဒေသကြီး လွှတ်တော် သို့မဟုတ် ပြည်နယ် လွှတ်တော် ရွေးကောက်ပွဲဥပဒေကို ပြင်ဆင်သည့် ဥပဒေ



၄.၄၈.၀။ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေကို ပြင်ဆင်သည့် ဥပဒေ

| နောက်ခံအကြောင်းအရာ | |
|---|---|
| တင်သွင်းသူ | ဦးမြင့်နိုင်၊ အဖွဲ့ဝင် |
| မဲဆန္ဒနယ်/အဖွဲ့အစည်း | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် |
| စတင်တင်သွင်းသည့်လွှတ်တော် | အမျိုးသားလွှတ်တော် |
| တင်သွင်းသည့်ရက်စွဲ | ၂၀၁၁ ခုနှစ်၊ ဩဂုတ်လ (၂၅)ရက် |
| ဥပဒေအဖြစ် ပြဋ္ဌာန်းသည့်ရက်စွဲ | ၂၀၁၁ ခုနှစ်၊ အောက်တိုဘာလ (၁၈)ရက် |
| အမျိုးအစား | ပြင်ဆင်ရေးဆွဲသည့်ဥပဒေ |
| ကဏ္ဍ | အခြား |

## မိတ်ဆက်

**(၂၀၁၁ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၁၀)**

၂၀၁၁ ခုနှစ်၊ အောက်တိုဘာလ (၁၈)ရက်နေ့တွင် သမ္မတမှ လက်မှတ်ရေးထိုးပြဋ္ဌာန်းသည်။

## ဖြတ်သန်းမှုအဆင့်ဆင့်

ဤဥပဒေကြမ်းနှင့်ပတ်သက်၍ အမျိုးသားလွှတ်တော်တွင် စတင်တင်သွင်းစဉ်ကတစ်ကြိမ် ဆွေးနွေးခဲ့ပြီး ပြည်သူ့လွှတ်တော်မှ ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့စဉ်က တစ်ကြိမ်ဆွေးနွေးခဲ့ကြောင်းတွေ့ရသည်။ အမျိုးသားလွှတ်တော်တွင် ဥပဒေကြမ်းကော်မတီ အစီရင်ခံစာတစ်စောင် တင်သွင်းခဲ့ကြောင်းတွေ့ရသည်။ ပြည်သူ့လွှတ်တော်တွင် ဆွေးနွေးပြီး ဥပဒေကြမ်းကော်မတီ အစီရင်ခံစာတစ်စောင် တင်သွင်းခဲ့ကြောင်းတွေ့ရသည်။ ဤဥပဒေကြမ်းအား စတင်တင်သွင်းချိန်က ပြည်သူ့လွှတ်တော်မှ ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသောအခါ ပြင်ဆင်ချက်အဆို တင်သွင်းမည့် လွှတ်တော်ကိုယ်စားလှယ် မရှိသဖြင့် ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်အတိုင်း အတည်ပြုခဲ့သည်။ လွှတ်တော်နှစ်ရပ် သဘောထားကွဲလွဲမှု မရှိသဖြင့် ပြည်ထောင်စုလွှတ်တော်တွင် မှတ်တမ်းတင် အတည်ပြုခဲ့ပါသည်။

ဤဥပဒေကြမ်းနှင့်ပတ်သက်၍ လွှတ်တော်တွင်စုစုပေါင်းဆွေးနွေးရက် (၂)ရက်ဆွေးနွေးခဲ့သည်။ အမျိုးသားလွှတ်တော်တွင် (၁)ရက်နှင့် ပြည်သူ့လွှတ်တော်တွင် (၁) ရက် ဆွေးနွေးခဲ့ကြောင်းတွေ့ရသည်။

## ၄.၄၉.၀။ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေကို ပြင်ဆင်သည့် ဥပဒေ

- ၅.၁၀.၂၀၁၁ — ဥပဒေကြမ်းစတင်တင်သွင်း, အမျိုးသားလွှတ်တော်
- ၅.၁၀.၂၀၁၁ — ဥပဒေကြမ်းကော်မတီအစီရင်ခံစာတင်သွင်း, အမျိုးသားလွှတ်တော်
- ၁၈.၁၀.၂၀၁၁ — အတည်ပြု, အမျိုးသားလွှတ်တော်
- ၂၇.၁၀.၂၀၁၁ — ဥပဒေကြမ်းကော်မတီအစီရင်ခံစာတင်သွင်း, ပြည်သူ့လွှတ်တော်
- ၂၇.၁၀.၂၀၁၁ — အတည်ပြု, ပြည်သူ့လွှတ်တော်
- ၁၈.၁၁.၂၀၁၁ — ဥပဒေအဖြစ်အတည်ပြု, ပြည်ထောင်စုလွှတ်တော်

၄.၄၉.၀။ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေကို ပြင်ဆင်သည့် ဥပဒေ

| နောက်ခံအကြောင်းအရာ | |
|---|---|
| တင်သွင်းသူ | ဦးမြင့်နိုင်၊ အဖွဲ့ဝင် |
| မဲဆန္ဒနယ်/အဖွဲ့အစည်း | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် |
| စတင်တင်သွင်းသည့်လွှတ်တော် | အမျိုးသားလွှတ်တော် |
| တင်သွင်းသည့်ရက်စွဲ | ၂၀၁၁ ခုနှစ်၊ အောက်တိုဘာလ (၅)ရက် |
| ဥပဒေအဖြစ် ပြဋ္ဌာန်းသည့်ရက်စွဲ | ၂၀၁၁ ခုနှစ်၊ နိုဝင်ဘာလ (၄)ရက် |
| အမျိုးအစား | ပြင်ဆင်ရေးဆွဲသည့်ဥပဒေ |
| ကဏ္ဍ | အခြား |

**မိတ်ဆက်**

**(၂၀၁၁ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၁၁)**

၂၀၁၁ ခုနှစ်၊ နိုဝင်ဘာလ (၄)ရက်နေ့တွင် သမ္မတမှ လက်မှတ်ရေးထိုးပြဋ္ဌာန်းသည်။

**ဖြတ်သန်းမှုအဆင့်ဆင့်**

ဤဥပဒေကြမ်းနှင့်ပတ်သက်၍ အမျိုးသားလွှတ်တော်နှင့် ပြည်သူ့လွှတ်တော်တွင်ဆွေးနွေးခဲ့ပြီး ဥပဒေကြမ်းကော်မတီ အစီရင်ခံစာ တစ်စောင်စီ တင်သွင်းခဲ့ကြောင်း တွေ့ရသည်။ ပြင်ဆင်ချက်ဖြင့် တင်သွင်းမည့် လွှတ်တော်ကိုယ်စားလှယ် မရှိသဖြင့် လွှတ်တော်နှစ်ရပ် သဘောထားကွဲလွဲမှုမရှိသဖြင့် ပြည်ထောင်စုလွှတ်တော်တွင် မှတ်တမ်းတင်အတည်ပြုခဲ့ပါသည်။

ဤဥပဒေကြမ်းနှင့်ပတ်သက်၍ လွှတ်တော်နှစ်ခုစလုံးတွင် ဥပဒေကြမ်းကော်မတီ အစီရင်ခံစာ တင်သွင်းဆွေးနွေးရက် (၂) ရက်သာရှိခဲ့သည်။

## ၄.၅၀.၀။ ငြိမ်းချမ်းစွာ စုဝေးခွင့်နှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခွင့်ဆိုင်ရာ ဥပဒေ

- ၂၆.၉.၂၀၁၁ — ဥပဒေကြမ်းစတင်တင်သွင်း ပြည်သူ့လွှတ်တော်
- ၂၆.၉.၂၀၁၁ — ဥပဒေကြမ်းကော်မတီအစီရင်ခံစာတင်သွင်း ပြည်သူ့လွှတ်တော်
- ၃.၁၀.၂၀၁၁ — ကိုယ်စားလှယ်များ၏ဆွေးနွေးမှု ပြည်သူ့လွှတ်တော်
- ၃.၁၀.၂၀၁၁ — ပြင်ဆင်ချက်ဖြင့်အတည်ပြု ပြည်သူ့လွှတ်တော်
- ၁၈.၁၀.၂၀၁၁ — ဥပဒေကြမ်းကော်မတီအစီရင်ခံစာတင်သွင်း အမျိုးသားလွှတ်တော်
- ၂၅.၁၀.၂၀၁၁ — ကိုယ်စားလှယ်များ၏ဆွေးနွေးမှု အမျိုးသားလွှတ်တော်
- ၂၇.၁၀.၂၀၁၁ — ဥပဒေကြမ်းကော်မတီအစီရင်ခံစာပြန်လည်တင်သွင်း အမျိုးသားလွှတ်တော်
- ၂၇.၁၀.၂၀၁၁ — ပြင်ဆင်ချက်ဖြင့်အတည်ပြု အမျိုးသားလွှတ်တော်
- ၃.၁၁.၂၀၁၁/၄.၁၁.၂၀၁၁ — ကိုယ်စားလှယ်များ၏ဆွေးနွေးမှု ပြည်သူ့လွှတ်တော်
- ၁၈.၁၁.၂၀၁၁ — ဥပဒေကြမ်းပူးပေါင်းကော်မတီအစီရင်ခံစာတင်သွင်း ပြည်ထောင်စုလွှတ်တော်
- ၁၈.၁၁.၂၀၁၁/၂၂.၁၁.၂၀၁၁ — ကိုယ်စားလှယ်များ၏ဆွေးနွေးမှု ပြည်ထောင်စုလွှတ်တော်
- ၂၂.၁၁.၂၀၁၁ — ဥပဒေအဖြစ်အတည်ပြု ပြည်ထောင်စုလွှတ်တော်

၄.၅၀.၀။ ငြိမ်းချမ်းစွာ စုဝေးခွင့်နှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခွင့်ဆိုင်ရာ ဥပဒေ

| နောက်ခံအကြောင်းအရာ | |
|---|---|
| တင်သွင်းသူ | ဒုတိယဗိုလ်ချုပ်ကြီးကိုကို၊ ဝန်ကြီး |
| မဲဆန္ဒနယ်/အဖွဲ့အစည်း | ပြည်ထဲရေးဝန်ကြီးဌာန |
| စတင်တင်သွင်းသည့်လွှတ်တော် | ပြည်သူ့လွှတ်တော် |
| တင်သွင်းသည့်ရက်စွဲ | ၂၀၁၁ ခုနှစ်၊ စက်တင်ဘာလ (၂၆)ရက် |
| ဥပဒေအဖြစ် ပြဋ္ဌာန်းသည့်ရက်စွဲ | ၂၀၁၁ ခုနှစ်၊ ဒီဇင်ဘာလ (၂)ရက် |
| အမျိုးအစား | အသစ်ရေးဆွဲပြဋ္ဌာန်းသည့်ဥပဒေ |
| ကဏ္ဍ | အခြား |

**မိတ်ဆက်**

**(၂၀၁၁ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၁၅ )**

၂၀၁၁ ခုနှစ်၊ ဒီဇင်ဘာလ (၂)ရက်နေ့တွင် သမ္မတမှ လက်မှတ်ရေးထိုးပြဋ္ဌာန်းသည်။ ဤဥပဒေတွင်အခန်းပေါင်း (၈) ခန်းနှင့်ပုဒ်မပေါင်း (၂၄) ခုပါရှိသည်။

**ရည်ရွယ်ချက်**

နိုင်ငံသားတိုင်းသည် နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် ပြည်သူတို့၏ ကိုယ်ကျင့်တရားအကျိုးတို့ကို ထိန်းသိမ်းဆောင်ရွက်ရန်၊ နိုင်ငံသားများ၏ မူလအခွင့်အရေးဖြစ်သည့် ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းတို့ကို စနစ်တကျသုံးစွဲဆောင်ရွက်ခွင့်ရရှိစေရန်နှင့် သုံးစွဲဆောင်ရွက်သူများကြောင့် အများပြည်သူအား အနှောင့်အယှက်ဖြစ်စေခြင်း၊ ဘေးအန္တရာယ်ဖြစ်စေခြင်း၊ ထိခိုက်နစ်နာစေခြင်းနှင့် အဟန့်အတားဖြစ်စေခြင်းတို့မှ ကာကွယ်ရန်တို့ကိုရည်ရွယ်သည်။

**ကိုင်တွယ်သည့်အဖွဲ့အစည်း**

ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်း ဆောင်ရွက်လိုသော နိုင်ငံသားများ သို့မဟုတ် အဖွဲ့အစည်းများသည် သက်ဆိုင်ရာမြို့နယ် ရဲတပ်ဖွဲ့မှူးထံဆောင်ရွက်မည့်နေ့ရက်မတိုင်မီ အနည်းဆုံးငါးရက် ကြိုတင်တင်ပြရမည်။ သက်ဆိုင်ရာမြို့နယ် ရဲတပ်ဖွဲ့မှူးသည် တင်ပြချက်ကိုလက်ခံရရှိသည့်အခါ သက်ဆိုင်ရာမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး၏ အတည်ပြုချက်ဖြင့် ခွင့်ပြုမိန့်ထုတ်ပေးခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။ မြို့နယ်ရဲတပ်ဖွဲ့မှူးသည် ခွင့်ပြုမိန့်ထုတ်ပေးခြင်း သို့မဟုတ် ငြင်းပယ်ခြင်းတို့ကို သက်ဆိုင်ရာခရိုင်ရဲတပ်ဖွဲ့မှူးထံသို့လည်းကောင်း၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးသည် သက်ဆိုင်ရာ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးထံသို့လည်းကောင်း ဆောလျင်စွာတင်ပြရမည်။

သက်ဆိုင်ရာ မြို့နယ်ရဲတပ်ဖွဲ့မှူးသည် ခွင့်ပြုမိန့်ထုတ်ပေးလျှင် ခွင့်ပြုမည့်နေ့ရက်နှင့် ခွင့်ပြုမည့်နေ့ရက်မတိုင်မီ အနည်းဆုံး ၄၈နာရီ ကြိုတင်၍ သက်ဆိုင်ရာ လျှောက်ထားသူထံ အကြောင်းပြန်ကြားရမည်။ ခွင့်ပြုမိန့်ထုတ်ပေးရန် ငြင်းပယ်ပါက ကျိုးကြောင်းဖော်ပြ၍ လျှောက်ထားချက်ပါနေ့ရက်နှင့် အချိန်မတိုင်မီ အနည်းဆုံး၄၈နာရီ ကြိုတင်၍ သက်ဆိုင်ရာ လျှောက်ထားသူထံ အကြောင်းပြန်ရမည်။ ခွင့်ပြုမိန့်ထုတ် ပေးရန် ငြင်းပယ်ကြောင်း အကြောင်းကြားလွှာကို လက်ခံရရှိသည့်နေ့မှ ခုနစ်ရက်အတွင်း သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ရဲတပ်ဖွဲ့မှူးထံ အယူခံဝင်နိုင်သည်။ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ရဲတပ်ဖွဲ့မှူး သည် အယူခံလွှာ လက်ခံရရှိသည့်နေ့မှ ၁၄ရက်အတွင်း သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး၏ အတည်ပြုချက်ဖြင့် အဆုံးအဖြတ်ပေးရမည်။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ရဲတပ်ဖွဲ့မှူးမှ ချမှတ်သော အဆုံးအဖြတ်သည် အပြီးအပြတ်ဖြစ်သည်။

ခွင့်ပြုမိန့်ဖြင့် ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းတို့ကို ဆောင်ရွက်နေသူတို့အား နှောင့်ယှက်ခြင်း၊ ဖျက်ဆီးခြင်း သို့မဟုတ် ဟန့်တားခြင်းမပြုနိုင်စေရန်လည်းကောင်း၊ ဘေးအန္တရာယ်မဖြစ်စေရန်လည်းကောင်း၊ ဒုတိယရဲအဆင့်ထက် မနိမ့်သော ရဲအရာရှိတစ်ဦးဦးမှ လိုအပ်သော ကာကွယ်စောက်ရှောက်မှုများကို ဆောင်ရွက်ရမည်။ ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းတို့ကို ပြုလုပ်သည့်နေရာတွင် ဥပဒေပါ စည်းကမ်း သို့မဟုတ် ခွင့်ပြုမိန့်ပါ စည်းကမ်းချက် တစ်ရပ်ရပ်ကို လိုက်နာခြင်းမရှိကြောင်း တွေ့ရှိရပါက ဒုတိယရဲအုပ်အဆင့်ထက် မနိမ့်သော ရဲအရာရှိတစ်ဦးဦးသည် ဦးဆောင်သည့်ပုဂ္ဂိုလ်အား သတိပေးရမည်။ သတိပေးခြင်းကို လိုက်နာဆောင်ရွက်ခြင်းမရှိပါက မြို့နယ်ရဲတပ်ဖွဲ့မှူးထံ တင်ပြရမည်။ မြို့နယ်ရဲတပ်ဖွဲ့မှူးသည် တင်ပြချက်ကိုရရှိလျှင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးထံ ချက်ချင်းတင်ပြ ခွင့်ပြုချက်ရယူပြီး ခွင့်ပြုမိန့်ကို ရုပ်သိမ်းနိုင်သည်။ ခွင့်ပြုမိန့်ရုပ်သိမ်းကြောင်း တာဝန်ရှိသူမှ နှုတ်ဖြင့်ကြေညာပြီးနောက် ၂၄နာရီအတွင်း စာဖြင့် အကြောင်းကြားရမည်။ ခွင့်ပြုမိန့်ကို ရုပ်သိမ်းကြောင်း ကြေညာပြီးနောက် ဆက်လက်စည်းကမ်းဖောက်ဖျက်ခြင်းများ ရှိနေပါက မြို့နယ်ရဲတပ်ဖွဲ့မှူးသည် တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း သို့မဟုတ် စည်းကမ်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်နိုင်သည်။

ဥပဒေပါပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပြည်ထဲရေးဝန်ကြီးဌာနသည် လိုအပ်သော နည်းဥပဒေ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။ လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

## ပြစ်မှုပြစ်ဒဏ်များ

ခွင့်ပြုမိန့်နှင့်အညီ ငြိမ်းချမ်းစွာစုဝေးခြင်း သို့မဟုတ် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်း ပြုသူများအား နှောင့်ယှက်ခြင်း၊ ဖျက်ဆီးခြင်း၊ ဟန့်တားခြင်း၊ စိတ်ငြိုငြင်စေခြင်း၊ လက်ရောက်မှုကျူးလွန်ခြင်း၊ အနိုင်အထက်ပြုခြင်း သို့မဟုတ် ဘေးအန္တရာယ်ဖြစ်စေခြင်းပြုကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်း ခံရလျှင် ထိုသူကို နှစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်ငါးသောင်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။ ခွင့်ပြုမိန့်မရရှိဘဲ ငြိမ်းချမ်းစွာစုဝေးခြင်း သို့မဟုတ် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းပြုကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် တစ်နှစ် ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ သုံးသောင်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ် စေချမှတ်ရမည်။ မည်သူမဆို ဒေသဆိုင်ရာလိုအပ်ချက်အရ သက်မှတ်ထားသော စည်းကမ်းများကို ဖောက်ဖျက်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ခြောက်လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သောင်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေချမှတ်ရမည်။

## ဖြတ်သန်းမှုအဆင့်ဆင့်

ဤဥပဒေကြမ်းနှင့်ပတ်သက်၍ ပြည်သူ့လွှတ်တော်တွင် စတင်တင်သွင်းစဉ်ကတစ်ကြိမ် ဆွေးနွေးခဲ့ပြီး၊ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်များ ပြန်လည်ပေးပို့စဉ်က တစ်ကြိမ် ဆွေးနွေးခဲ့ကြောင်းတွေ့ရသည်။ ပြည်သူ့လွှတ်တော်တွင် ဥပဒေကြမ်းကော်မတီ အစီရင်ခံစာတစ်စောင် တင်သွင်းခဲ့ကြောင်းတွေ့ရသည်။ အမျိုးသားလွှတ်တော်တွင် တစ်ကြိမ်ဆွေးနွေးခဲ့ပြီး ဥပဒေကြမ်းကော်မတီ အစီရင်ခံစာနှစ်စောင် တင်သွင်းခဲ့ကြောင်းတွေ့ရသည်။ ဤဥပဒေကြမ်းနှင့်ပတ်သက်၍ လွှတ်တော်နှစ်ရပ် သဘောထားကွဲလွဲသဖြင့် ပြည်ထောင်စုလွှတ်တော်တွင် တင်သွင်းဆွေးနွေးရာ ဥပဒေကြမ်းပူးပေါင်းကော်မတီမှ အစီရင်ခံစာတစ်စောင် ပြုစုတင်သွင်းခဲ့ကြောင်းတွေ့ရသည်။ ပြည်ထောင်စုလွှတ်တော်တွင် အတည်ပြုပြီးသော ဥပဒေကြမ်းအား သမ္မတထံပေးပို့ရာ သမ္မတ၏သဘောထားမှတ်ချက်ပေါ်တွင် ဥပဒေကြမ်းပူးပေါင်းကော်မတီမှ အစီရင်ခံစာတစ်စောင် တင်သွင်းခဲ့ကြောင်း တွေ့ရသည်။

ဤဥပဒေကြမ်းနှင့်ပတ်သက်၍ လွှတ်တော်တွင်စုစုပေါင်းဆွေးနွေးရက် (၉)ရက်ရှိခဲ့သည်။ ပြည်သူ့လွှတ်တော်တွင် (၄)ရက်၊ အမျိုးသားလွှတ်တော်တွင် (၃)ရက်၊ ပြည်ထောင်စုလွှတ်တော်တွင် (၂)ရက် ဆွေးနွေးခဲ့ကြခြင်းဖြစ်သည်။

**ဆွေးနွေးမှု**

ဤဥပဒေကြမ်းကို လွှတ်တော်ကိုယ်စားလှယ်(၁၉)ဦး ဝင်ရောက်ဆွေးနွေးခဲ့သည်။ ပြည်သူ့လွှတ်တော်တွင်(၁၁) ဦး၊အမျိုးသားလွှတ်တော်တွင် (၄) ဦးနှင့် ပြည်ထောင်စု လွှတ်တော်တွင် (၆)ဦးတို့ ဝင်ရောက်ဆွေးနွေးခဲ့ကြောင်း တွေ့ရသည်။ ဝင်ရောက်ဆွေးနွေးသည့် လွှတ်တော် ကိုယ်စားလှယ်များမှာ USDP ရှစ်ဦး၊ SNDP သုံးဦး၊ RNDP သုံးဦး၊ NDF နှစ်ဦး၊ INDP၊ တပ်မတော်သားကိုယ်စားလှယ် နှင့်တစ်သီးပုဂ္ဂလတစ်ဦးစီတို့ဆွေးနွေးခဲ့ကြသည်။

## ဝင်ရောက်ဆွေးနွေးခဲ့ကြသည့် လွှတ်တော်ကိုယ်စားလှယ်

| စဉ် | ကိုယ်စားလှယ်အမည် | မဲဆန္ဒနယ် | ပါတီ | ဆွေးနွေးသည့်လွှတ်တော် |
|---|---|---|---|---|
| ၁ | ဦးအောင်သိန်း | ရွာငံ | တစ်သီးပုဂ္ဂလ | ပြည်သူ့လွှတ်တော် |
| ၂ | ဒုတိယဗိုလ်မှူးကြီးကိုကို | တပ်မတော်သား | . | ပြည်သူ့လွှတ်တော် |
| ၃ | ဦးခိုင်မောင်ရည် | အလုံ | NDF | ပြည်သူ့လွှတ်တော် |
| ၄ | ဦးသိန်းညွှန့် | သဃ်္ဃန်းကျွန်း | NDF | ပြည်သူ့လွှတ်တော်/ ပြည်ထောင်စုလွှတ်တော် |
| ၅ | ဦးထွန်းမြင့်ဦး | မိုင်းပန် | SNDP | ပြည်သူ့လွှတ်တော် |
| ၆ | ဦးစိုင်းမောင်တင် | လဲချား | SNDP | ပြည်သူ့လွှတ်တော် |
| ၇ | ဦးဝင်းမြင့် | ပြည် | USDP | ပြည်သူ့လွှတ်တော် |
| ၈ | ဦးဝင်းဆွေ | ညောင်ရွှေ | INDP | ပြည်သူ့လွှတ်တော် |
| ၉ | ဦးလှဆွေ | မကွေး (၁၂) | USDP | အမျိုးသားလွှတ်တော် |
| ၁၀ | ဦးစောထွန်းမြအောင် | ကရင် (၅) | USDP | အမျိုးသားလွှတ်တော် |
| ၁၁ | ဦးခင်မောင်ရီ | ဧရာဝတီ (၆) | USDP | အမျိုးသားလွှတ်တော် |
| ၁၂ | ဦးအုန်းတင် | ရခိုင် (၁၀) | RNDP | အမျိုးသားလွှတ်တော် |
| ၁၃ | ဦးဘရှိန် | ကျောက်ဖြူ | RNDP | ပြည်သူ့လွှတ်တော် |
| ၁၄ | ဦးဝင်းဦး | ရေဖြူ | USDP | ပြည်သူ့လွှတ်တော် |
| ၁၅ | ဒေါ်နန်းဝါနု | ကွန်ဟိန်း | SNDP | ပြည်သူ့လွှတ်တော်/ ပြည်ထောင်စုလွှတ်တော် |
| ၁၆ | ဒေါက်တာအေးမောင် | ရခိုင် (၁) | RNDP | ပြည်ထောင်စုလွှတ်တော် |
| ၁၇ | ဦးမြသိန်း | ဘိုကလေး | USDP | ပြည်ထောင်စုလွှတ်တော် |
| ၁၈ | ဦးစတီဖန် | ကျိုင်းတုံ | USDP | ပြည်ထောင်စုလွှတ်တော် |
| ၁၉ | ဦးအောင်မြသန်း | ညောင်တုန်း | USDP | ပြည်ထောင်စုလွှတ်တော် |

## ၄.၅၁.၀။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေ (ဒုတိယအကြိမ်)

- ၂၆.၁.၂၀၁၂ — ဥပဒေကြမ်းစတင်တင်သွင်း အမျိုးသားလွှတ်တော်
- ၁၅.၂.၂၀၁၂ — ဥပဒေကြမ်းကော်မတီအစီရင်ခံစာတင်သွင်း အမျိုးသားလွှတ်တော်
- ၁၅.၂.၂၀၁၂ — ပြင်ဆင်ချက်ဖြင့်အတည်ပြု အမျိုးသားလွှတ်တော်
- ၆.၃.၂၀၁၂ — ဥပဒေကြမ်းကော်မတီအစီရင်ခံစာတင်သွင်း ပြည်သူ့လွှတ်တော်
- ၆.၃.၂၀၁၂ — အတည်ပြု ပြည်သူ့လွှတ်တော်
- ၂၁.၃.၂၀၁၂ — ဥပဒေအဖြစ်အတည်ပြု ပြည်ထောင်စုလွှတ်တော်

၄.၅၁.၀။ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေ (ဒုတိယကြိမ်)

| နောက်ခံအကြောင်းအရာ | |
|---|---|
| တင်သွင်းသူ | ဦးမြင့်နိုင်၊ အဖွဲ့ဝင် |
| မဲဆန္ဒနယ်/အဖွဲ့အစည်း | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် |
| စတင်တင်သွင်းသည့်လွှတ်တော် | အမျိုးသားလွှတ်တော် |
| တင်သွင်းသည့်ရက်စွဲ | ၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလ (၂၆ )ရက် |
| ဥပဒေအဖြစ် ပြဋ္ဌာန်းသည့်ရက်စွဲ | ၂၀၁၂ ခုနှစ်၊ မတ်လ (၁၉)ရက် |
| အမျိုးအစား | ပြင်ဆင်ရေးဆွဲသည့်ဥပဒေ |
| ကဏ္ဍ | အခြား |

**မိတ်ဆက်**

**(၂၀၁၂ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၃)**

၂၀၁၂ ခုနှစ်၊ မတ်လ (၁၉)ရက်နေ့တွင် သမ္မတမှ လက်မှတ်ရေးထိုးပြဋ္ဌာန်းခဲ့သည်။ ဤဥပဒေကြမ်းတွင် အခန်းပေါင်း (၅) ခန်းနှင့်ပုဒ်မပေါင်း (၂၀) ခုရှိသည်။

**ဖြတ်သန်းမှုအဆင့်ဆင့်**

ဤဥပဒေကြမ်းနှင့်ပတ်သက်၍ အမျိုးသားလွှတ်တော်တွင် စတင်တင်သွင်းစဉ်ကတစ်ကြိမ် ဆွေးနွေးခဲ့ပြီး ဥပဒေကြမ်းကော်မတီ အစီရင်ခံစာတစ်စောင် တင်သွင်းခဲ့ကြောင်း တွေ့ရသည်။ ပြည်သူ့လွှတ်တော်တွင် တစ်ကြိမ်ဆွေးနွေးခဲ့ပြီး ဥပဒေကြမ်းကော်မတီ အစီရင်ခံစာတစ်စောင် တင်သွင်းခဲ့ကြောင်းတွေ့ရသည်။ လွှတ်တော်နှစ်ရပ်သဘောထားကွဲလွဲမှု မရှိသဖြင့် ပြည်ထောင်စုလွှတ်တော်တွင် မှတ်တမ်းတင်အတည်ပြုကြောင်းတွေ့ရသည်။

ဤဥပဒေကြမ်းနှင့်ပတ်သက်၍ လွှတ်တော်တွင်စုစုပေါင်း ဆွေးနွေးရက် (၂)ရက်ရှိခဲ့သည်။ အမျိုးသားလွှတ်တော်တွင်(၁)ရက်နှင့်ပြည်သူ့လွှတ်တော်တွင်(၁) ရက်တို့ဖြစ်သည်။

## ၄.၅၂.၀။ ၂၀၁၂ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေ

| ရက်စွဲ | ဆောင်ရွက်ချက် |
| --- | --- |
| ၂၁.၉.၂၀၁၁ | ဥပဒေကြမ်း စတင်တင်သွင်း<br>ပြည်သူ့လွှတ်တော် |
| ၂၇.၉.၂၀၁၁ | ဥပဒေကြမ်းကော်မတီအစီရင်ခံစာတင်သွင်း<br>ပြည်သူ့လွှတ်တော် |
| ၂၇.၉.၂၀၁၁/ ၂၈.၉.၂၀၁၁ | ကိုယ်စားလှယ်များ၏ဆွေးနွေးမှု<br>ပြညီသူ့လွှတ်တော် |
| ၂၈.၉.၂၀၁၁ | ပြင်ဆင်ချက်ဖြင့်အတည်ပြု<br>ပြည်သူ့လွှတ်တော် |
| ၂၈.၁၀.၂၀၁၁ | ဥပဒေကြမ်းကော်မတီအစီရင်ခံစာတင်သွင်း<br>အမျိုးသားလွှတ်တော် |
| ၂၈.၁၀.၂၀၁၁/၁.၁၁.၂၀၁၁/ ၂.၁၁.၂၀၁၁ | ကိုယ်စားလှယ်များ၏ဆွေးနွေးမှု<br>အမျိုးသားလွှတ်တော် |
| ၂.၁၁.၂၀၁၁ | ပြင်ဆင်ချက်ဖြင့်အတည်ပြု<br>အမျိုးသားလွှတ်တော် |
| ၁၄.၁၁.၂၀၁၁ | ကိုယ်စားလှယ်များ၏ဆွေးနွေးမှု<br>ပြည်သူ့လွှတ်တော် |
| ၂၄.၂.၂၀၁၂ | ဥပဒေကြမ်းပူးပေါင်းကော်မတီအစီရင်ခံစာတင်သွင်း<br>ပြည်သူ့လွှတ်တော် |
| ၅.၃.၂၀၁၂/ ၂၁.၃.၂၀၁၂ | ကိုယ်စားလှယ်၏ဆွေးနွေးမှု<br>ပြည်ထောင်စုလွှတ်တော် |
| ၂၆.၄.၂၀၁၁/၈.၁၁.၂၀၁၂ | သမ္မတမှတ်ချက်ဖြင့် ပေးပို့မှုအပေါ်ဥပဒေကြမ်းပူးပေါင်း<br>ကော်မတီ၏လေ့လာတွေ့ရှိချက်အစီရင်ခံစာတင်သွင်း<br>ပြည်ထောင်စုလွှတ်တော် |
| ၁၆.၁၁.၂၀၁၂ | ဥပဒေအဖြစ် အတည်ပြု<br>ပြည်ထောင်စုလွှတ်တော် |

### ၄.၅၂.ဝ။ ၂ဝ၁၂ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေ

| နောက်ခံအကြောင်းအရာ | |
|---|---|
| တင်သွင်းသူ | ဒေါက်တာစိုးရင်၊ အတွင်းရေးမှူး |
| မဲဆန္ဒနယ်/အဖွဲ့အစည်း | လွှတ်တော်အခွင့်အရေးကော်မတီ |
| စတင်တင်သွင်းသည့်လွှတ်တော် | ပြည်သူ့လွှတ်တော် |
| တင်သွင်းသည့်ရက်စွဲ | ၂ဝ၁၁ ခုနှစ်၊ စက်တင်ဘာလ (၂၁)ရက် |
| ဥပဒေအဖြစ် ပြဋ္ဌာန်းသည့်ရက်စွဲ | ၂ဝ၁၂ ခုနှစ်၊ နိုဝင်ဘာလ (၂၆)ရက် |
| အမျိုးအစား | အသစ်ရေးဆွဲပြဋ္ဌာန်းသည့်ဥပဒေ |
| ကဏ္ဍ | အခြား |

### မိတ်ဆက်

### (၂ဝ၁၂ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေ အမှတ် ၂၃)

၂ဝ၁၂ ခုနှစ်၊ နိုဝင်ဘာလ (၂၆)ရက်နေ့တွင် ဥပဒေအတည်ပြုသည်။ ဤဥပဒေတွင်အခန်းပေါင်း (၁၂)နှင့်ပုဒ်မပေါင်း (၇၁)ခုပါရှိသည်။

### ကိုင်တွယ်သည့်အဖွဲ့အစည်း

ပြည်သူ့လွှတ်တော်ကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ရွေးကောက်ပွဲဥပဒေများအရ ရွေးကောက်တင်မြှောက်သည့် ၃၃ဝဦးထက်မပိုသော ရွေးကောက်ခံ လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဥပဒေနှင့်အညီ အမည်စာရင်းတင်သွင်းသည့် ၁၁ဝဦး ထက်မပိုသော တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းရမည်။ လွှတ်တော်သက်တမ်းတစ်ရပ်၏ ပထမပုံမှန် လွှတ်တော်အစည်းအဝေး စတင်ကျင်းပသည့်အခါ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးကို သဘာပတိအဖြစ် တင်မြှောက်ရမည်။ သဘာပတိသည် လွှတ်တော်ကိုယ်စားလှယ်များထဲမှ ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ ရွေးကောက်တင်မြှောက်ပြီးသည်အထိ လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲရမည်။ လွှတ်တော်ကိုယ်စားလှယ်များသည် ဥက္ကဋ္ဌတစ်ဦးနှင့် ဒုတိယဥက္ကဋ္ဌတစ်ဦးကို လွှတ်တော်ကိုယ်စားလှယ်များထဲမှ ရွေးကောက်တင်မြှောက်ရမည်။ ဥက္ကဋ္ဌ သို့မဟုတ် ဒုတိယဥက္ကဋ္ဌ နေရာလစ်လပ်လျှင် အနီးကပ်ဆုံးကျင်းပသော လွှတ်တော်အစည်းအဝေးတွင် အစားထိုးရွေးကောက်တင်မြှောက်ရမည်။ ဥက္ကဋ္ဌ သို့မဟုတ် ဒုတိယဥက္ကဋ္ဌသည် နောက်တစ်ကြိမ် လွှတ်တော်သက်တမ်း ပထမပုံမှန်အစည်းအဝေး စတင် မကျင်းပမီအချိန်အထိ ဥက္ကဋ္ဌ သို့မဟုတ် ဒုတိယဥက္ကဋ္ဌ တာဝန်ကို ထမ်းဆောင်ရမည်။ ဥက္ကဋ္ဌသည် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီမှအပ အုပ်ချုပ်ရေး သို့မဟုတ် တရားစီရင်ရေးဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းတစ်ရပ်ရပ်တွင် တာဝန်ပေးအပ်ခြင်းခံရပါက ဥက္ကဋ္ဌအဖြစ်မှ နုတ်ထွက်ပြီးဖြစ်သည်ဟု မှတ်ယူရမည်။ ဒုတိယဥက္ကဋ္ဌသည် အုပ်ချုပ်ရေး သို့မဟုတ် တရားစီရင်ရေးဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းတစ်ရပ်ရပ်တွင် တာဝန်ပေးအပ်ခြင်းခံရပါက ဒုတိယဥက္ကဋ္ဌအဖြစ်မှ နုတ်ထွက်ပြီးဖြစ်သည်ဟုမှတ်ယူရမည်။

ပြည်သူ့လွှတ်တော်သည် ဥပဒေကြမ်းကော်မတီ၊ ပြည်သူ့ငွေစာရင်းကော်မတီ၊ လွှတ်တော်အခွင့်အရေးကော်မတီနှင့် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များကို စိစစ်ရေးကော်မတီ စသည့်အမြဲတမ်းလွှတ်တော် ကော်မတီများကို လွှတ်တော်ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းရမည်။ ဥက္ကဋ္ဌသည် လွှတ်တော်ကော်မတီတစ်ခုစီ၌ ပါဝင်ရမည့် လွှတ်တော်ကိုယ်စားလှယ်များကို ရွေးချယ်၍ လွှတ်တော်သို့ တင်ပြရမည်။ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအား လွှတ်တော်ကော်မတီနှစ်ခုထက် ပို၍ပါဝင်ဆောင်ရွက်စေခြင်းမရှိစေရ။ ပြည်သူ့လွှတ်တော်သည် ကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာကိစ္စများကိုလည်းကောင်း၊ တပ်မတော်ဆိုင်ရာကိစ္စများကိုလည်းကောင်း လေ့လာတင်ပြစေရန် အကြောင်းပေါ်ပေါက်ပါက ကာကွယ်ရေးနှင့် လုံခြုံရေးကော်မတီကို

တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များဖြင့် ကာလသတ်မှတ်၍ဖွဲ့စည်းရမည်။ အဆိုပါကာကွယ်ရေးနှင့် လုံခြုံရေးကော်မတီတွင် လုပ်ငန်းလိုအပ်ချက်အရ တပ်မတော်သားမဟုတ်သော သင့်လျော်သည့် လွှတ်တော်ကိုယ်စားလှယ်များကိုလည်း ထည့်သွင်းဖွဲ့စည်းရမည်။ ပြည်သူ့လွှတ်တော်သည် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တိုင်းရင်းသားလူမျိုးများအရေး၊ စီးပွားရေး၊ ဘဏ္ဍာရေး၊ လူမှုရေး၊ နိုင်ငံခြားရေးတို့အပြင် အခြားရေးရာကိစ္စများကို လေ့လာတင်ပြစေရန်လိုအပ်ပါက လွှတ်တော်ကော်မတီများကို လွှတ်တော်ကိုယ်စားလှယ်များဖြင့် ကာလသတ်မှတ်၍ ဖွဲ့စည်းနိုင်သည်။ လွှတ်တော်သည် ပြည်သူ့လွှတ်တော်နှင့် ညှိနှိုင်းရန်ကိစ္စပေါ်ပေါက်လျှင် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်မှ ကိုယ်စားလှယ်ဦးရေတူညီစွာပါဝင်သော ပူးပေါင်းကော်မတီတစ်ရပ်ကို ဖွဲ့စည်းဆောင်ရွက်နိုင်ရေးအတွက် ယင်းကော်မတီတွင် ပါဝင်မည့်လွှတ်တော်ကိုယ်စားလှယ်များကို ရွေးကောက်တင်မြှောက်တာဝန်ပေးအပ်နိုင်သည်။ လွှတ်တော်အစည်းအဝေးတစ်ရပ်နှင့် တစ်ရပ်အကြား ဆောင်ရွက်ရန်လိုအပ်လာသည့်အခါ ဥက္ကဋ္ဌအချင်းချင်းညှိနှိုင်း၍ ပူးပေါင်းကော်မတီတွင်ပါဝင်ရမည့် လွှတ်တော်နှစ်ရပ်မှ ကိုယ်စားလှယ်များကို ရွေးချယ်တာဝန်ပေးအပ်ပြီး အနီးကပ်ဆုံးကျင်းပသည့် လွှတ်တော်အစည်းအဝေး၌ တင်ပြအတည်ပြုချက်ရယူရမည်။ ယင်းပူးပေါင်းကော်မတီ၏ သက်တမ်းသည် သက်ဆိုင်ရာလွှတ်တော်သို့ အစီရင်ခံစာတင်သွင်းပြီးသည့်အချိန်အထိဖြစ်သည်။ လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့သည် ကော်မတီများက ဆောင်ရွက်ရမည့် ကိစ္စများမှအပ အကြောင်းကိစ္စတစ်ရပ်ရပ်ကို လွှတ်တော်နှစ်ရပ်လုံးက လေ့လာရန်ရှိပါက ယင်းလွှတ်တော်များ၏ ဥက္ကဋ္ဌများသည် အချင်းချင်းညှိနှိုင်း၍ လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှ ကိုယ်စားလှယ်ဦးရေ တူညီစွာပါဝင်သော ပူးပေါင်းကော်မတီတစ်ရပ်ကို ဖွဲ့စည်းဆောင်ရွက်နိုင်သည်။ လွှတ်တော်သည် ထိုကော်မတီတွင်ပါဝင်မည့် လွှတ်တော်ကိုယ်စားလှယ်များကို ရွေးကောက်တင်မြှောက် တာဝန်ပေးအပ်နိုင်သည်။ လွှတ်တော်အစည်းအဝေးတစ်ရပ်နှင့် တစ်ရပ်အကြား ဆောင်ရွက်ရန်လိုအပ်လာသည့်အခါ ဥက္ကဋ္ဌအချင်းချင်း ညှိနှိုင်း၍ ပူးပေါင်းကော်မတီတွင် ပါဝင်ရမည့် လွှတ်တော်နှစ်ရပ်မှ ကိုယ်စားလှယ်များကို ရွေးချယ်တာဝန်ပေးအပ်ပြီး အနီးကပ်ဆုံးကျင်းပသည့် လွှတ်တော်အစည်းအဝေး၌ တင်ပြအတည်ပြုချက်ရယူရမည်။ ယင်းပူးပေါင်းကော်မတီ၏ သက်တမ်းသည် သက်ဆိုင်ရာလွှတ်တော်သို့ အစီရင်ခံစာ တင်သွင်းပြီးသည့်အချိန် အထိဖြစ်သည်။ လွှတ်တော်သည် လွှတ်တော်ကော်မတီများ၏ အဖွဲ့ဝင်ဦးရေ၊ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို သတ်မှတ်ပေးရမည်။ လွှတ်တော်ကော်မတီများသည် လွှတ်တော်ကို တာဝန်ခံရမည်။ လွှတ်တော်အစည်းအဝေး ကျင်းပချိန်မဟုတ်လျှင် ဥက္ကဋ္ဌကိုတာဝန်ခံရမည်။ လွှတ်တော်သည် လွှတ်တော်ကော်မတီများကသာ လေ့လာရန်ဖြစ်သော အကြောင်းကိစ္စရပ်များမှအပ ကျန်အကြောင်းကိစ္စများကို လေ့လာရန်လိုအပ်ပါက ကော်မရှင်နှင့် အဖွဲ့များကို လွှတ်တော်ကိုယ်စားလှယ်များဖြင့်လည်းကောင်း၊ သင့်လျော်သည့် နိုင်ငံသားများ ထည့်သွင်း၍လည်းကောင်း ဖွဲ့စည်းနိုင်သည်။ လွှတ်တော်အစည်းအဝေး တစ်ရပ်နှင့် တစ်ရပ်အကြား ဆောင်ရွက်ရန်လိုအပ်လာသည့်အခါ ဥက္ကဋ္ဌသည် ကော်မရှင်နှင့် အဖွဲ့များကို လွှတ်တော်ကိုယ်စားလှယ်များဖြင့် လည်းကောင်း၊ သင့်လျော်သည့်နိုင်ငံသားများကို ထည့်သွင်း၍လည်းကောင်း ဖွဲ့စည်းနိုင်သည်။ လွှတ်တော်သည် ကော်မရှင်နှင့် အဖွဲ့များကို ဖွဲ့စည်းသည့်အခါ အဖွဲ့ဝင်ဦးရေ၊ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကိုပါ သတ်မှတ်ပေးရမည်။ လွှတ်တော်သက်တမ်းတစ်ရပ်၏ ပထမပုံမှန် အစည်းအဝေးကို အထွေထွေရွေးကောက်ပွဲ စတင်ကျင်းပသည့်နေ့ရက်မှ ရက်ပေါင်း (၉၀)အတွင်းကျင်းပရမည်။ လွှတ်တော်အစည်းအဝေးများ ကျင်းပရန် လိုအပ်သည့်အစီအစဉ်များကို ဥက္ကဋ္ဌက စီစဉ်ဆောင်ရွက်ရမည်။ လွှတ်တော်ပုံမှန်အစည်းအဝေးကို ဥက္ကဋ္ဌက တစ်နှစ်လျှင် အနည်းဆုံးတစ်ကြိမ် ခေါ်ယူကျင်းပရမည်။ လွှတ်တော်၏ နောက်သက်တမ်းများအတွက် ပထမပုံမှန်အစည်းအဝေးများကို တာဝန်ဆက်လက်ထမ်းဆောင်လျက်ရှိသော ဥက္ကဋ္ဌက ခေါ်ယူကျင်းပရမည်။

လွှတ်တော်သည် နိုင်ငံတော်သမ္မတအား အကြောင်းကြားရန်ရှိသောအခါ လွှတ်တော်တွင် အဆိုတစ်ရပ်တင်သွင်းအတည်ပြုပြီးနောက် သဝဏ်လွှာဖြင့် ဥက္ကဋ္ဌ မှတဆင့် နိုင်ငံတော်သမ္မတထံ ပေးပို့ခြင်းနှင့် လွှတ်တော်ကိုယ်စားဥက္ကဋ္ဌက နိုင်ငံတော်သမ္မတထံ သဝဏ်လွှာပေးပို့ခြင်း စသည့်နည်းလမ်းတစ်ရပ်ရပ်ဖြင့် အကြောင်းကြားနိုင်သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံတော်သမ္မတသည် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား နိုင်ငံတော်၏ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးအာဏာများကို လွှဲအပ်

ကြောင်း ကြေညာသည့်နေ့မှစ၍ လွှတ်တော်၏ ဥပဒေပြုရေးဆိုင်ရာလုပ်ငန်းများကို ရပ်ဆိုင်းထားသည်ဟု မှတ်ယူရမည်။ လွှတ်တော်သက်တမ်း ကုန်ဆုံးသည့်အခါ လွှတ်တော်သည် အလိုအလျောက် ဖျက်သိမ်းပြီးဖြစ်သည်ဟု မှတ်ယူရမည်။ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်မှ ပေးအပ်ထားသော တာဝန်ကို ပြီးမြောက်ဆောင်ရွက်ပြီးစီးကြောင်း အစီရင်ခံစာရရှိသည့်အခါ လွှတ်တော်သက်တမ်းကုန်ဆုံးခြင်းမရှိသေးပါက နိုင်ငံတော်သမ္မတက ပြည်ထောင်စုလွှတ်တော်၊ အမျိုးသားလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်အားလုံးနှင့် သက်ဆိုင်ရာဦးစီးအဖွဲ့များ၏ ဥပဒေပြုရေးဆိုင်ရာ လုပ်ငန်းများ ယာယီရပ်ဆိုင်းထားခြင်းကို ဖွဲ့စည်းပုံအခြေခံဥပဒေအရပယ်ဖျက်လျှင် လွှတ်တော်သည် ကျန်ရှိသော လွှတ်တော်သက်တမ်းအတွက် ဆက်လက်တာဝန်ထမ်းဆောင်ရမည်။ လွှတ်တော်သည် ရုံးလုပ်ငန်းနှင့် အုပ်ချုပ်မှုအဝဝတို့ကို ဆောင်ရွက်ရန် ပြည်သူ့လွှတ်တော်ရုံးဖွင့်လှစ်နိုင်သည်။ လွှတ်တော်သည် လိုအပ်သောမြို့နယ်များတွင် လွှတ်တော်ကိုယ်စားလှယ်ရုံးများကို ဖွင့်လှစ်တည်ထောင်ခွင့်ပေးနိုင်သည်။ လွှတ်တော်၏ ရုံးလုပ်ငန်းနှင့် အုပ်ချုပ်မှု ကိစ္စအဝဝကို ပြည်သူ့လွှတ်တော်ရုံးက တာဝန်ယူဆောင်ရွက်ရမည်။ လွှတ်တော်သည် ပြည်သူ့လွှတ်တော်ရုံးနှင့် လွှတ်တော်လုပ်ငန်းဆိုင်ရာကိစ္စရပ်များအတွက် သုံးစွဲကုန်ကျမည့် နှစ်စဉ်ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ခန့်မှန်းခြေငွေစာရင်း လျာထားချက်ကို ရေးဆွဲပြုစုပြီး ဘဏ္ဍာရေးကော်မရှင်နှင့် ပြည်ထောင်စုလွှတ်တော်သို့ ပေးပို့ရမည်။ လွှတ်တော်ကသော်လည်းကောင်း၊ လွှတ်တော်၏အခွင့်အာဏာအရသော်လည်းကောင်း၊ ဖြန့်ချိထုတ်ဝေမည့် အစီရင်ခံစာများ၊ စာရွက်စာတမ်းများ၊ လွှတ်တော်မှတ်တမ်းများနှင့် စပ်လျဉ်း၍ တရားစွဲဆိုပိုင်ခွင့်မရှိစေရ။ လွှတ်တော်၏ဆောင်ရွက်ချက်များနှင့် မှတ်တမ်းများကို အများပြည်သူသိရှိနိုင်ရန် ထုတ်ပြန်ရမည်။ သို့ရာတွင် ဥပဒေတစ်ရပ်ရပ်အရဖြစ်စေ၊ လွှတ်တော်၏ ဆုံးဖြတ်ချက်အရဖြစ်စေ၊ တားမြစ်ထားသည့် ဆောင်ရွက်ချက်များနှင့် မှတ်တမ်းများကို ထုတ်ပြန်ခြင်း မပြုရ။

ဥပဒေပါပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လွှတ်တော်သည် နည်းဥပဒေများ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေ (နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥပဒေအမှတ် ၁၂/၂၀၁၀) ကို ဤဥပဒေဖြင့်ရုပ်သိမ်းလိုက်သည်

*** ဥပဒေကို သမ္မတလက်မှတ်ရေးထိုးခြင်း မရှိကြောင်း တွေ့ရသည်။

## ဖြတ်သန်းမှုအဆင့်ဆင့်

ဤဥပဒေကြမ်းနှင့်ပတ်သက်၍ ပြည်သူ့လွှတ်တော်တွင် စတင်ဆွေးနွေးစဉ်က တစ်ကြိမ်၊ အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့စဉ်က တစ်ကြိမ် ဆွေးနွေးခဲ့ပြီး ဥပဒေကြမ်းကော်မတီ အစီရင်ခံစာတစ်စောင် တင်သွင်းခဲ့ကြောင်းတွေ့ရသည်။ အမျိုးသားလွှတ်တော်တွင် တစ်ကြိမ်ဆွေးနွေးခဲ့ပြီး ဥပဒေကြမ်းကော်မတီ အစီရင်ခံစာတစ်စောင် တင်သွင်းခဲ့ကြောင်းတွေ့ရသည်။ လွှတ်တော်နှစ်ရပ် သဘောထားကွဲလွဲသဖြင့် ပြည်ထောင်စုလွှတ်တော်တွင် ဥပဒေကြမ်းပူးပေါင်းကော်မတီ အစီရင်ခံစာနှစ်စောင် တင်သွင်းခဲ့ကြောင်းတွေ့ရသည်။ ပြည်ထောင်စုလွှတ်တော်၌ အတည်ပြုပြဋ္ဌာန်းပြီးသော ဥပဒေကြမ်းအား သမ္မတမှ မှတ်ချက်ဖြင့် ပြန်ပို့ရာ ဥပဒေကြမ်းပူးပေါင်းကော်မတီ အစီရင်ခံစာနှစ်စောင် တင်သွင်းခဲ့ကြောင်းတွေ့ရသည်။

ဥပဒေကြမ်းနှင့်ပတ်သက်၍ လွှတ်တော်များတွင် စုစုပေါင်း ဆွေးနွေးရက် (၁၁)ရက်ရှိခဲ့သည်။ ပြည်သူ့လွှတ်တော်တွင် (၃) ရက်၊ အမျိုးသားလွှတ်တော်တွင် (၃) ရက်နှင့် ပြည်ထောင်စုလွှတ်တော်တွင် (၅)ရက်တို့ဖြစ်သည်။

### ဆွေးနွေးမှု

ဤဥပဒေကြမ်းနှင့်ပတ်သက်၍ လွှတ်တော်ကိုယ်စားလှယ် (၁၈)ဦး ဝင်ရောက်ဆွေးနွေးခဲ့ကြောင်းတွေ့ရသည်။ ပြည်သူ့လွှတ်တော်တွင် (၁၂)ဦး၊ အမျိုးသားလွှတ်တော်တွင် (၁)ဦးနှင့် ပြည်ထောင်စုလွှတ်တော်တွင် (၅)ဦးတို့ ဆွေးနွေးခဲ့ကြောင်းတွေ့ရသည်။ ဝင်ရောက်ဆွေးနွေးသည့် လွှတ်တော်ကိုယ်စားလှယ်များမှာ USDP မှ (၉) ဦး၊ SNDP နှင့် RNDP တို့မှ (၃) ဦးစီ၊ CPP နှင့် NDF တို့မှ တစ်ဦးစီနှင့် တစ်သီးပုဂ္ဂလတို့ ဆွေးနွေးခဲ့ကြောင်းတွေ့ရသည်။ ပြည်ထောင်စုအစိုးရအဖွဲ့ ဥက္ကဋ္ဌနှင့် အမျိုးသားလွှတ်တော်နှင့် ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီတို့က လာရောက်ရှင်းလင်းပြောကြားသည်ကိုလည်း တွေ့ရသည်။

## ဝင်ရောက်ဆွေးနွေးခဲ့ကြသည့် လွှတ်တော်ကိုယ်စားလှယ်

| စဉ် | ကိုယ်စားလှယ်အမည် | မဲဆန္ဒနယ် | ပါတီ | ဆွေးနွေးသည့်လွှတ်တော် |
|---|---|---|---|---|
| ၁ | ဦးခင်မောင်ရွှေ | တမူး | USDP | ပြည်သူ့လွှတ်တော် |
| ၂ | ဦးစိုင်းဘိုးအောင် | မူဆယ် | SNDP | ပြည်သူ့လွှတ်တော် |
| ၃ | ဦးလှထွန်း | ခန္တီး | USDP | ပြည်သူ့လွှတ်တော် |
| ၄ | ဦးဖေသန်း | မြေပုံ | RNDP | ပြည်သူ့လွှတ်တော် |
| ၅ | ဦးအောင်သိန်း | ရွာငံ | တစ်သီးပုဂ္ဂလ | ပြည်သူ့လွှတ်တော် |
| ၆ | ဒေါက်တာမြဦး | ငါးဇွန် | USDP | ပြည်သူ့လွှတ်တော် |
| ၇ | ဦးအောင်မြသန်း | ညောင်တုန်း | USDP | ပြည်သူ့လွှတ်တော် |
| ၈ | ဦးသန်းမြင့် | ဆားလင်းကြီး | USDP | ပြည်သူ့လွှတ်တော် |
| ၉ | ဒေါက်တာစိုင်းကျော်အုန်း | နမ့်ခမ်း | SNDP | ပြည်သူ့လွှတ်တော် |
| ၁၀ | ဦးမောင်တိုး | မင်းလှ | USDP | ပြည်သူ့လွှတ်တော်/ ပြည်ထောင်စုလွှတ်တော် |
| ၁၁ | ဦးစိုးသာ | တွံတေး | USDP | ပြည်သူ့လွှတ်တော် |
| ၁၂ | ဦးစိုင်းသိန်းအောင် | တာချီလိတ် | SNDP | ပြည်သူ့လွှတ်တော် |
| ၁၃ | ဦးပေါ်လျံလွင် | ချင်း (၉) | CPP | အမျိုးသားလွှတ်တော် |
| ၁၄ | ဦးဝင်းသန်း | သာပေါင်း | USDP | ပြည်သူ့လွှတ်တော် |
| ၁၅ | ဦးသူရိန်ဇော် | ကော့ကရိတ် | USDP | ပြည်ထောင်စုလွှတ်တော် |
| ၁၆ | ဦးဘရှိန် | ကျောက်ဖြူ | RNDP | ပြည်ထောင်စုလွှတ်တော် |
| ၁၇ | ဒေါက်တာအေးမောင် | ရခိုင် (၁) | RNDP | ပြည်ထောင်စုလွှတ်တော် |
| ၁၈ | ဒေါ်ခင်ဝိုင်းကြည် | ရန်ကုန် (၁) | NDF | ပြည်ထောင်စုလွှတ်တော် |

## ၄.၅၃.၀။ ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေ

- ၉.၃.၂၀၁၂ — ဥပဒေကြမ်းစတင်တင်သွင်း
  အမျိုးသားလွှတ်တော်
- ၉.၃.၂၀၁၂ — ဥပဒေကြမ်းကော်မတီအစီရင်ခံစာတင်သွင်း
  အမျိုးသားလွှတ်တော်
- ၁၄.၃.၂၀၁၂ — ပြင်ဆင်ချက်ဖြင့်အတည်ပြု
  အမျိုးသားလွှတ်တော်
- ၁၉.၃.၂၀၁၂ — ဥပဒေကြမ်းကော်မတီအစီရင်ခံစာတင်သွင်း
  အမျိုးသားလွှတ်တော်
- ၁၉.၃.၂၀၁၂ — အတည်ပြု
  အမျိုးသားလွှတ်တော်
- ၂၆.၄..၂၀၁၂ — သမ္မတမှတ်ချက်ဖြင့် ပေးပို့မှုအပေါ်ဥပဒေကြမ်းပူးပေါင်း
  ကော်မတီ၏လေ့လာတွေ့ရှိချက်အစီရင်ခံစာတင်သွင်း
  ပြည်ထောင်စုလွှတ်တော်
- ၈.၁၁.၂၀၁၂ — သမ္မတမှတ်ချက်ဖြင့် ပေးပို့မှုအပေါ်ဥပဒေကြမ်းပူးပေါင်း
  ကော်မတီ၏လေ့လာတွေ့ရှိချက်အစီရင်ခံစာတင်သွင်း
  ပြည်ထောင်စုလွှတ်တော်
- ၁၆.၁၁.၂၀၁၂ — သမ္မတမှတ်ချက်ဖြင့် ပေးပို့မှုအပေါ်ဆွေးနွေး
  ပြည်ထောင်စုလွှတ်တော်
- ၁၆.၁၁.၂၀၁၂ — ဥပဒေအဖြစ် အတည်ပြု
  ပြည်ထောင်စုလွှတ်တော်

၄.၅၃.၀။ ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေ

| နောက်ခံအကြောင်းအရာ | |
|---|---|
| တင်သွင်းသူ | ဦးတင်ယု |
| မဲဆန္ဒနယ်/အဖွဲ့အစည်း | ရန်ကုန်မဲဆန္ဒနယ်(၁၁) |
| စတင်တင်သွင်းသည့်လွှတ်တော် | အမျိုးသားလွှတ်တော် |
| တင်သွင်းသည့်ရက်စွဲ | ၂၀၁၂ ခုနှစ်၊ မတ်လ (၉)ရက် |
| ဥပဒေအဖြစ် ပြဋ္ဌာန်းသည့်ရက်စွဲ | ၂၀၁၂ ခုနှစ်၊ နိုဝင်ဘာ (၂၆)ရက် |
| အမျိုးအစား | အသစ်ရေးဆွဲပြဋ္ဌာန်းသည့်ဥပဒေ |
| ကဏ္ဍ | အခြား |

## မိတ်ဆက်

### ( ၂၀၁၂ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၂၄ )

၂၀၁၂ ခုနှစ်၊ နိုဝင်ဘာလ (၂၆)ရက်နေ့တွင် ဥပဒေအတည်ပြုသည်။ ဤဥပဒေတွင် အခန်းပေါင်း (၁၃)ခန်းနှင့် ဥပဒေပုဒ်မပေါင်း (၇၁)ခုပါရှိသည်။

## ကိုင်တွယ်သည့်အဖွဲ့အစည်း

အမျိုးသားလွှတ်တော်ကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ရွေးကောက်ပွဲဥပဒေများအရ ရွေးကောက်တင်မြှောက်သည့် ၁၆၈ ဦးထက်မပိုသော ရွေးချယ်ခံလွှတ်တော်ကိုယ်စားလှယ်များနှင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဥပဒေနှင့်အညီ အမည်စာရင်းတင်သွင်းသည့် ၅၆ ဦးထက်မပိုသော တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များနှင့် ဖွဲ့စည်းရမည်။ အမျိုးသားလွှတ်တော်၏ သက်တမ်းသည် ယင်းလွှတ်တော်၏ ပထမပုံမှန်အစည်းအဝေး စတင်ကျင်းပသည့်နေ့ရက်မှစ၍ (၅)နှစ်ဖြစ်သည်။ လွှတ်တော်သက်တမ်း (၁)ရက်၏ ပထမပုံမှန်အစည်းအဝေးစတင်ကျင်းပသည့်အခါ လွှတ်တော်ကိုယ်စားလှယ်များသည် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးဦးကို သတ်မှတ်ထားသည့်အတိုင်း သဘာပတိအဖြစ်တင်မြှောက်ရမည်။ သဘာပတိသည် လွှတ်တော်ကိုယ်စားလှယ်များထဲမှ ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ ရွေးကောက်တင်မြှောက်ပြီးသည်အထိ လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲရမည်။ လွှတ်တော်ကိုယ်စားလှယ်များသည် ဥက္ကဋ္ဌတစ်ဦးနှင့် ဒုတိယဥက္ကဋ္ဌတစ်ဦးတို့ကို လွှတ်တော်ကိုယ်စားလှယ်များထဲမှ ရွေးကောက်တင်မြှောက်ရမည်။ ဥက္ကဋ္ဌ သို့မဟုတ် ဒုတိယဥက္ကဋ္ဌနေရာ လစ်လပ်နေလျှင် အနီးကပ်ဆုံးကျင်းပသော လွှတ်တော်အစည်းအဝေးတွင် အစားထိုးရွေးကောက်တင်မြှောက်ရမည်။ ဥက္ကဋ္ဌ သို့မဟုတ် ဒုတိယဥက္ကဋ္ဌသည် နောက်တစ်ကြိမ် လွှတ်တော်သက်တမ်း ပထမပုံမှန်အစည်းအဝေး စတင်မကျင်းပမီ အချိန်အထိ ဥက္ကဋ္ဌ သို့မဟုတ် ဒုတိယဥက္ကဋ္ဌတာဝန်ကို ထမ်းဆောင်ရမည်။ ဥက္ကဋ္ဌသည် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီမှအပ အုပ်ချုပ်ရေး သို့မဟုတ် တရားစီရင်ရေးဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်း တစ်ရပ်ရပ်တွင် တာဝန်ပေးအပ်ခြင်းခံရပါက ဥက္ကဋ္ဌအဖြစ်မှ နုတ်ထွက်ပြီးဖြစ်သည်ဟု မှတ်ယူရမည်။ ဒုတိယဥက္ကဋ္ဌသည် အုပ်ချုပ်ရေး သို့မဟုတ် တရားစီရင်ရေးဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းတစ်ရပ်ရပ်တွင် တာဝန်ပေးအပ်ခြင်းခံရပါက ဒုတိယဥက္ကဋ္ဌအဖြစ်မှ နုတ်ထွက်ပြီးဖြစ်သည်ဟု မှတ်ယူရမည်။ အမျိုးသားလွှတ်တော်သည် ဥပဒေကြမ်းကော်မတီ၊ ပြည်သူ့ငွေစာရင်းကော်မတီ၊ လွှတ်တော်အခွင့်အရေး ကော်မတီနှင့် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များကို စိစစ်ရေးကော်မတီ စသည့် အမြဲတမ်းလွှတ်တော်ကော်မတီများကို လွှတ်တော်ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းရမည်။

ဥက္ကဋ္ဌသည် လွှတ်တော်ကော်မတီတစ်ခုစီ၌ ပါဝင်ရမည့် လွှတ်တော်ကိုယ်စားလှယ်များကို ရွေးချယ်၍ လွှတ်တော်သို့ တင်ပြရမည်။ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအား လွှတ်တော်ကော်မတီ နှစ်ခုထက်ပို၍ ပါဝင်ဆောင်ရွက်ခြင်း

မရှိစေရ။ အမျိုးသားလွှတ်တော်သည် ကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များကိုလည်းကောင်း၊ တပ်မတော်ဆိုင်ရာ ကိစ္စများကိုလည်းကောင်း လေ့လာတင်ပြစေရန် အကြောင်းပေါ်ပေါက်ပါက ကာကွယ်ရေးနှင့် လုံခြုံရေး ကော်မတီကို တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များဖြင့် ကာလသတ်မှတ်၍ ဖွဲ့စည်းရမည်။ အဆိုပါကာကွယ်ရေးနှင့် လုံခြုံရေးကော်မတီတွင် လုပ်ငန်းလိုအပ်ချက်အရ တပ်မတော်သားမဟုတ်သော သင့်လျော်သည့် လွှတ်တော်ကိုယ်စားလှယ်များကိုလည်း ထည့်သွင်းဖွဲ့စည်းနိုင်သည်။ လွှတ်တော်သည် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တိုင်းရင်းသားလူမျိုးများအရေး၊ စီးပွားရေး၊ ဘဏ္ဍာရေး၊ လူမှုရေး၊ နိုင်ငံခြားရေးတို့အပြင် အခြား ရေးရာကိစ္စများကို လေ့လာတင်ပြစေရန် လိုအပ်ပါက လွှတ်တော်ကော်မတီများကို လွှတ်တော်ကိုယ်စားလှယ်များဖြင့် ကာလသတ်မှတ်၍ ဖွဲ့စည်းနိုင်သည့် လွှတ်တော် အစည်းအဝေး တစ်ရပ်နှင့် တစ်ရပ် ကြားကာလတွင် ကော်မတီဖွဲ့စည်းရန် လိုအပ်လာသည့်အခါ ဥက္ကဋ္ဌသည် ကော်မတီ တွင်ပါဝင်ရမည့် လွှတ်တော်ကိုယ်စားလှယ်များကို ရွေးချယ် တာဝန်ပေးအပ်ပြီး အနီးကပ်ဆုံးကျင်းပသည့် လွှတ်တော် အစည်းအဝေး၌ တင်ပြအတည်ပြုချက်ရယူရမည်။ လွှတ်တော် သည် ပြည်သူ့လွှတ်တော်နှင့် ညှိနှိုင်းရန် ကိစ္စပေါ်ပေါက်လျှင် လွှတ်တော်နှင့် ပြည်သူ့လွှတ်တော်တို့မှ ကိုယ်စားလှယ် ဦးရေ တူညီစွာပါဝင်သော ပူးပေါင်း ကော်မတီ တစ်ရပ်ကို ဖွဲ့စည်းဆောင်ရွက်နိုင်ရေးအတွက် ယင်းကော်မတီတွင် ပါဝင်မည့် လွှတ်တော်ကိုယ်စားလှယ်များကို ရွေးကောက် တင်မြှောက် တာဝန်ပေးအပ်နိုင်သည်။ လွှတ်တော်အစည်း အဝေးတစ်ရပ်နှင့် တစ်ရပ်အကြား ဆောင်ရွက်ရန် လိုအပ်လာသည့်အခါ ဥက္ကဋ္ဌအချင်းချင်း ညှိနှိုင်း၍ ပူးပေါင်းကော်မတီတွင် ပါဝင်ရမည့် လွှတ်တော်နှစ်ရပ်မှ ကိုယ်စားလှယ်များကို ရွေးချယ်တာဝန်ပေးအပ်ပြီး အနီးကပ်ဆုံးကျင်းပသည့် လွှတ်တော်အစည်းအဝေး၌ တင်ပြအတည်ပြုချက် ရယူရ မည်။ ယင်းပူးပေါင်းကော်မတီ၏ သက်တမ်းသည် သက်ဆိုင်ရာ လွှတ်တော်သို့ အစီရင်ခံစာ တင်သွင်းပြီးသည့် အချိန်အထိဖြစ်သည်။ အမျိုးသားလွှတ်တော်နှင့် ပြည်သူ့လွှတ်တော်တို့သည် ကော်မတီများက ဆောင်ရွက်ရမည့် ကိစ္စရပ်များမှအပ အကြောင်းကိစ္စတစ်ရပ်ရပ်ကို လွှတ်တော်နှစ်ရပ်လုံးက လေ့လာရန်ရှိပါက ယင်းလွှတ်တော်များ၏ ဥက္ကဋ္ဌများသည် အချင်းချင်း ညှိနှိုင်း၍ လွှတ်တော်နှင့် ပြည်သူ့လွှတ်တော်တို့မှ ကိုယ်စားလှယ်ဦးရေ တူညီစွာပါဝင်သော ပူးပေါင်းကော်မတီတစ်ရပ်ကို ဖွဲ့စည်းဆောင်ရွက်နိုင်သည်။ လွှတ်တော်သည် ထိုကော်မတီတွင် ပါဝင်မည့် လွှတ်တော်ကိုယ်စားလှယ်များကို ရွေးကောက်တင်မြှောက် တာဝန်ပေးအပ်နိုင်သည်။ လွှတ်တော်အစည်းအဝေးတစ်ရပ်နှင့် တစ်ရပ်အကြား ဆောင်ရွက်ရန်လိုအပ်လာသည့်အခါ ဥက္ကဋ္ဌ အချင်းချင်း ညှိနှိုင်း၍ ပူးပေါင်းကော်မတီတွင် ပါဝင်ရမည့် လွှတ်တော်နှစ်ရပ်မှ ကိုယ်စားလှယ်များကို ရွေးချယ် တာဝန်ပေးအပ်ပြီး အနီးကပ်ဆုံး ကျင်းပသည့် လွှတ်တော်အစည်းအဝေး၌ တင်ပြ အတည်ပြုချက်ရယူရမည်။ ယင်းပူးပေါင်းကော်မတီ၏ သက်တမ်းသည် သက်ဆိုင်ရာလွှတ်တော်သို့ အစီရင်ခံစာ တင်သွင်းပြီးသည့်အချိန်အထိ ဖြစ်သည်။ လွှတ်တော်သည် လွှတ်တော်ကော်မတီများ၏ အဖွဲ့ဝင်ဦးရေ၊ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို သတ်မှတ်ပေးရမည်။ လွှတ်တော်ကော်မတီများသည် လွှတ်တော်ကို တာဝန်ခံရမည်။ လွှတ်တော်အစည်းအဝေး ကျင်းပချိန်မဟုတ်လျှင် ဥက္ကဋ္ဌကို တာဝန်ခံရမည်။ လွှတ်တော်သည် လွှတ်တော်ကော်မတီများကသာ လေ့လာရန်ဖြစ်သော အကြောင်းကိစ္စရပ်များမှအပ ကျန်အကြောင်းကိစ္စရပ်များကို လေ့လာရန် လိုအပ်ပါက ကော်မရှင်နှင့် အဖွဲ့များကို လွှတ်တော်ကိုယ်စားလှယ်များအဖြစ်လည်းကောင်း၊ သင့်လျော်သည့် နိုင်ငံသားများထည့်သွင်း၍လည်းကောင်း ဖွဲ့စည်းနိုင်သည်။ လွှတ်တော်အစည်းအဝေးတစ်ရပ်နှင့် တစ်ရပ်အကြား ဆောင်ရွက်ရန် လိုအပ်လာသည့်အခါ ဥက္ကဋ္ဌသည် ကော်မရှင်နှင့် အဖွဲ့များကို လွှတ်တော်ကိုယ်စားလှယ် များဖြင့်လည်းကောင်း၊ သင့်လျော်သည့် နိုင်ငံသားများကိုထည့်သွင်း၍လည်းကောင်း ဖွဲ့စည်းနိုင်သည်။ လွှတ်တော်သက်တမ်းတစ်ရပ်၏ ပထမပုံမှန်အစည်းအဝေးကို အထွေထွေရွေးကောက်ပွဲ စတင်ကျင်းပသည့်နေ့ရက်မှ ရက်ပေါင်း (၉၀)အတွင်း ကျင်းပရမည်။ လွှတ်တော်အစည်းအဝေးများ ကျင်းပရန် လိုအပ်သည့် အစီအစဉ်များကို ဥက္ကဋ္ဌက စီစဉ်ဆောင်ရွက်ရမည်။ လွှတ်တော်ပုံမှန်အစည်းအဝေးကို ဥက္ကဋ္ဌက တစ်နှစ်လျှင် အနည်းဆုံး တစ်ကြိမ် ခေါ်ယူကျင်းပရမည်။ လွှတ်တော်၏ နောက်သက်တမ်းများအတွက် ပထမပုံမှန်အစည်းအဝေးများကို တာဝန် ဆက်လက် ထမ်းဆောင်လျက်ရှိသော ဥက္ကဋ္ဌက ခေါ်ယူကျင်းပရမည်။

လွှတ်တော်သည် နိုင်ငံတော်သမ္မတအား အကြောင်းကြားရန်ရှိသောအခါ လွှတ်တော်တွင် အဆိုတစ်ရပ် တင်သွင်းအတည်ပြုပြီးနောက် သဝဏ်လွှာဖြင့် ဥက္ကဋ္ဌမှတဆင့် နိုင်ငံ

တော်သမ္မတထံ ပေးပို့ခြင်းနှင့် လွှတ်တော်ကိုယ်စား ဥက္ကဋ္ဌက နိုင်ငံတော်သမ္မတထံ သဝဏ်လွှာပေးပို့ခြင်း စသည့်နည်းလမ်းတစ်ရပ်ရပ်ဖြင့် အကြောင်းကြားနိုင်သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံတော်သမ္မတသည် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား နိုင်ငံတော်၏ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေး အာဏာများကို လွှဲအပ်ကြောင်း ကြေညာသည့်နေ့မှစ၍ လွှတ်တော်၏ ဥပဒေပြုရေးဆိုင်ရာ လုပ်ငန်းများကို ရပ်ဆိုင်းထားသည်ဟု မှတ်ယူရမည်။ လွှတ်တော်သက်တမ်း ကုန်ဆုံးသည့်အခါ လွှတ်တော်သည် အလိုအလျောက် ဖျက်သိမ်းပြီးဖြစ်သည်ဟု မှတ်ယူရမည်။ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်မှ ပေးအပ်ထားသော တာဝန်ကို ပြီးမြောက်ဆောင်ရွက်ပြီးစီးကြောင်း အစီရင်ခံစာ ရရှိသည့်အခါ လွှတ်တော်သက်တမ်း ကုန်ဆုံးခြင်း မရှိသေးပါက နိုင်ငံတော် သမ္မတက ပြည်ထောင်စုလွှတ်တော်၊ အမျိုးသားလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်အားလုံးနှင့် သက်ဆိုင်ရာ ဦးစီးအဖွဲ့များ၏ ဥပဒေပြုရေးဆိုင်ရာ လုပ်ငန်းများ ယာယီရပ်ဆိုင်းထားခြင်းကို ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပယ်ဖျက်လျှင် လွှတ်တော်သည် ကျန်ရှိသော လွှတ်တော်သက်တမ်းအတွက် ဆက်လက် တာဝန်ထမ်းဆောင်ရမည်။ လွှတ်တော်သည် ရုံးလုပ်ငန်းနှင့် အုပ်ချုပ်မှုအဝဝတို့ကို ဆောင်ရွက်ရန် အမျိုးသားလွှတ်တော်ရုံး ဖွင့်လှစ်နိုင်သည်။ လွှတ်တော်သည် လိုအပ်သော မြို့နယ်များတွင် လွှတ်တော်ကိုယ်စားလှယ်ရုံးများကို ဖွင့်လှစ်တည်ထောင်ခွင့် ပေးနိုင်သည်။ လွှတ်တော်၏ ရုံးလုပ်ငန်းနှင့် အုပ်ချုပ်မှုကိစ္စအဝဝကို အမျိုးသားလွှတ်တော်ရုံးက တာဝန်ယူဆောင်ရွက်ရမည်။ လွှတ်တော်သည် အမျိုးသားလွှတ်တော်ရုံးနှင့် လွှတ်တော်လုပ်ငန်းဆိုင်ရာ ကိစ္စရပ်များအတွက် သုံးစွဲကုန်ကျမည့် နှစ်စဉ်ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ခန့်မှန်းခြေငွေစာရင်း လျာထားချက်ကို ရေးဆွဲပြုစုပြီး ဘဏ္ဍာရေးကော်မရှင်နှင့် ပြည်ထောင်စုလွှတ်တော်သို့ပေးပို့ရမည်။ လွှတ်တော်ကသော်လည်းကောင်း၊ လွှတ်တော်၏အခွင့်အာဏာအရ သော်လည်းကောင်း၊ ဖြန့်ချိထုတ်ဝေမည့် အစီရင်ခံစာများ၊ စာရွက်စာတမ်းများ၊ လွှတ်တော်မှတ်တမ်းများနှင့် စပ်လျဉ်း ၍ တရားစွဲဆိုပိုင်ခွင့်မရှိစေရ။ လွှတ်တော်၏ ဆောင်ရွက်ချက်များနှင့် မှတ်တမ်းများကို အများပြည်သူသိရှိနိုင်ရန် ထုတ်ပြန်ရမည်။ သို့ရာတွင် ဥပဒေတစ်ရပ်ရပ်အရဖြစ်စေ၊ လွှတ်တော်၏ ဆုံးဖြတ်ချက်အရဖြစ်စေ၊ တားမြစ်ထားသည့် ဆောင်ရွက်ချက်များနှင့် မှတ်တမ်းများကို ထုတ်ပြန်ခြင်း မပြုရ။

ဥပဒေပါပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လွှတ်တော်သည် နည်းဥပဒေများ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။ အမျိုးသားလွှတ်တော်ဆိုင်ရာဥပဒေ (နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥပဒေအမှတ် ၁၃/၂၀၁၀) ကို ဤဥပဒေဖြင့် ရုတ်သိမ်းလိုက်သည်။

*** အမျိုးသားလွှတ်တော် ဆိုင်ရာ ဥပဒေကြမ်း ကို ၂၀၁၁ ခုနှစ်၊ စက်တင်ဘာလ(၁)ရက်နေ့တွင် ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဉာဏ်လင်းက အမျိုးသားလွှတ်တော်တွင်တင်သွင်းပြီး အမျိုးသားလွှတ်တော်မှ ဥပဒေကြမ်းကို ဆွေး နွေးရန် ဆုံးဖြတ်ခဲ့ကြောင်း တွေ့ရသည်။ ဥပဒေကို သမ္မတ လက်မှတ်ရေးထိုးခြင်း မရှိကြောင်း တွေ့ရသည်။

## ဖြတ်သန်းမှုအဆင့်ဆင့်

ဤဥပဒေကြမ်းနှင့်ပတ်သက်၍ အမျိုးသားလွှတ်တော်တွင် စတင်တင်သွင်းစဉ်က တစ်ကြိမ် ဆွေးနွေးခဲ့ပြီး ဥပဒေကြမ်းကော်မတီ အစီရင်ခံစာတစ်စောင် တင်သွင်းခဲ့ကြောင်း တွေ့ရသည်။ ပြည်သူ့လွှတ်တော်တွင် တစ်ကြိမ်ဆွေးနွေးခဲ့ပြီး ဥပဒေကြမ်းကော်မတီ အစီရင်ခံစာတစ်စောင် တင်သွင်းခဲ့ကြောင်းတွေ့ရသည်။ လွှတ်တော်နှစ်ရပ် သဘောထားကွဲလွဲမှု မရှိသဖြင့် ပြည်ထောင်စုလွှတ်တော်၌ မှတ်တမ်းတင်အတည်ပြုခဲ့ကြောင်းတွေ့ရသည်။ အတည်ပြုပြီးသော ဥပဒေကြမ်းနှင့်ပတ်သက်၍ သမ္မတမှတ်ချက်ဖြင့် ပြန်လည်ရောက်ရှိလာသောအခါ ဥပဒေကြမ်းပူးပေါင်းကော်မတီ အစီရင်ခံစာနှစ်စောင် တင်သွင်းခဲ့ကြောင်းတွေ့ရသည်။

ဤဥပဒေကြမ်းနှင့်ပတ်သက်၍ လွှတ်တော်များတွင် စုစုပေါင်းဆွေးနွေးရက် (၆)ရှိခဲ့သည်။ အမျိုးသားလွှတ်တော်တွင် (၁)ရက်၊ ပြည်သူ့လွှတ်တော်တွင် (၁)ရက်နှင့် ပြည်ထောင်စုလွှတ်တော်တွင် (၄)ရက်တို့ဖြစ်သည်။


## ဆွေးနွေးမှု

ဤဥပဒေကြမ်းနှင့်ပတ်သက်၍ လွှတ်တော်ကိုယ်စားလှယ် (၅)ဦး ဝင်ရောက် ဆွေးနွေးခဲ့ကြောင်း တွေ့ရသည်။ ပြည်ထောင်စုလွှတ်တော်တွင် (၅)ဦး ဆွေးနွေးခဲ့ကြောင်း တွေ့ရသည်။ ဝင်ရောက်ဆွေးနွေးသည့် လွှတ်တော်ကိုယ်စားလှယ်များမှာ USDP နှင့် RNDP တို့မှ (၂)ဦးစီနှင့် NDFမှ (၁)ဦးတို့ဆွေးနွေးခဲ့ကြောင်းတွေ့ရသည်။

## ဝင်ရောက်ဆွေးနွေးခဲ့ကြသည့် လွှတ်တော်ကိုယ်စားလှယ်

| စဉ် | ကိုယ်စားလှယ်အမည် | မဲဆန္ဒနယ် | ပါတီ | ဆွေးနွေးသည့်လွှတ်တော် |
|---|---|---|---|---|
| ၁ | ဦးမောင်တိုး | မင်းလှ | USDP | ပြည်ထောင်စုလွှတ်တော် |
| ၂ | ဦးသူရိန်ဇော် | ကော့ကရိတ် | USDP | ပြည်ထောင်စုလွှတ်တော် |
| ၃ | ဦးဘရှိန် | ကျောက်ဖြူ | RNDP | ပြည်ထောင်စုလွှတ်တော် |
| ၄ | ဒေါက်တာအေးမောင် | ရခိုင် (၁) | RNDP | ပြည်ထောင်စုလွှတ်တော် |
| ၅ | ဒေါ်ခင်ပိုင်းကြည် | ရန်ကုန် (၁) | USDP | ပြည်ထောင်စုလွှတ်တော် |

၄.၅၄.၀။ နိုင်ငံတော်တာဝန်ကို တည်ငြိမ်အေးချမ်းစွာ စနစ်တကျလွှဲပြောင်းပေးရေးနှင့် အမျိုးသားညီလာခံလုပ်ငန်းများ အောင်မြင်စွာဆောင်ရွက်ရေးတို့ကို နှောင့်ယှက်ဆန့်ကျင်ခြင်းမှ ကာကွယ်သည့်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေ



၄.၅၄.၀။ နိုင်ငံတော်တာဝန်ကို တည်ငြိမ်အေးချမ်းစွာ စနစ်တကျလွှဲပြောင်းပေးရေးနှင့် အမျိုးသားညီလာခံလုပ်ငန်းများ အောင်မြင်စွာဆောင်ရွက်ရေးတို့ကို နှောင့်ယှက်ဆန့်ကျင်ခြင်းမှ ကာကွယ်သည့်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေ

| နောက်ခံအကြောင်းအရာ | |
|---|---|
| တင်သွင်းသူ | ဒုတိယဗိုလ်ချုပ်ကြီးကိုကို၊ ပြည်ထောင်စုဝန်ကြီး |
| မဲဆန္ဒနယ်/အဖွဲ့အစည်း | ပြည်ထဲရေးဝန်ကြီးဌာန |
| စတင်တင်သွင်းသည့်လွှတ်တော် | အမျိုးသားလွှတ်တော် |
| တင်သွင်းသည့်ရက်စွဲ | ၂၀၁၂ ခုနှစ်၊ ဇူလိုင်လ (၂၆)ရက် |
| ဥပဒေအဖြစ် ပြဋ္ဌာန်းသည့်ရက်စွဲ | ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ (၁၅)ရက် |
| အမျိုးအစား | ရုတ်သိမ်းသည့်ဥပဒေ |
| ကဏ္ဍ | အခြား |

**မိတ်ဆက်**

**(၂၀၁၃ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၁)**

၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ (၁၅)ရက်နေ့တွင် သမ္မတမှ လက်မှတ်ရေးထိုးပြဋ္ဌာန်းသည်။

**ဖြတ်သန်းမှုအဆင့်ဆင့်**

ဤဥပဒေကြမ်းနှင့်ပတ်သက်၍ အမျိုးသားလွှတ်တော်တွင် စတင်တင်သွင်းစဉ်ကတစ်ကြိမ် ဆွေးနွေးခဲ့ပြီး ပြည်သူ့လွှတ်တော်မှ ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသောအခါ ပြင်ဆင်ချက်အဆို တင်သွင်းဆွေးနွေးမည့် လွှတ်တော်ကိုယ်စားလှယ် မရှိသဖြင့် ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်အတိုင်း အတည်ပြုခဲ့ကြောင်းတွေ့ရသည်။ အမျိုးသားလွှတ်တော်တွင် ဥပဒေကြမ်းကော်မတီ အစီရင်ခံစာတစ်စောင် တင်သွင်းခံကြောင်းတွေ့ရသည်။ ပြည်သူ့လွှတ်တော်တွင် တစ်ကြိမ်ဆွေးနွေးခဲ့ပြီး ဥပဒေကြမ်းကော်မတီ အစီရင်ခံစာတစ်စောင် တင်သွင်းခဲ့ကြောင်းတွေ့ရသည်။ လွှတ်တော်နှစ်ရပ် သဘောထားကွဲလွဲမှု မရှိသဖြင့် ပြည်ထောင်စုလွှတ်တော်၌ မှတ်တမ်းတင် အတည်ပြုခဲ့ကြောင်းတွေ့ရသည်။

ဤဥပဒေကြမ်းနှင့်ပတ်သက်၍ လွှတ်တော်တွင်စုစုပေါင်းဆွေးနွေးရက် (၂)ရက်ရှိခဲ့သည်။ အမျိုးသားလွှတ်တော်တွင် (၁)ရက်နှင့် ပြည်သူ့လွှတ်တော်တွင် (၁)ရက်ဆွေးနွေးခဲ့သည်။

## ၄.၅၅.၀။ ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ

- ၂၆.၇.၂၀၁၂ — ဥပဒေကြမ်းစတင်တင်သွင်း
  ပြည်သူ့လွှတ်တော်
- ၈.၈.၂၀၁၂ — ဥပဒေကြမ်းကော်မတီအစီရင်ခံစာတင်သွင်း
  ပြည်သူ့လွှတ်တော်
- ၁၅.၈.၂၀၁၂ — ပြင်ဆင်ချက်ဖြင့်အတည်ပြု
  ပြည်သူ့လွှတ်တော်
- ၂၈.၈.၂၀၁၂ — ဥပဒေကြမ်းကော်မတီအစီရင်ခံစာတင်သွင်း
  အမျိုးသားလွှတ်တော်
- ၃.၉.၂၀၁၂ — ကိုယ်စားလှယ်များ၏ဆွေးနွေးမှု
  အမျိုးသားလွှတ်တော်
- ၆.၉.၂၀၁၂ — ဥပဒေကြမ်းကော်မတီအစီရင်ခံစာပြန်လည်တင်သွင်း
  အမျိုးသားလွှတ်တော်
- ၆.၉.၂၀၁၂ — အတည်ပြု
  အမျိုးသားလွှတ်တော်
- ၁၀.၁.၂၀၁၃ — သဘောတူညီချက်ဖြင့် ပေးပို့မှုအပေါ်ဥပဒေကြမ်းပူးပေါင်း
  ကော်မတီ၏လေ့လာတွေ့ရှိချက်အစီရင်ခံစာတင်သွင်း
  ပြည်ထောင်စုလွှတ်တော်
- ၁၄.၁.၂၀၁၃ — သဘောတူညီချက်ဖြင့် ပေးပို့မှုအပေါ်ဆွေးနွေး
  ပြည်ထောင်စုလွှတ်တော်
- ၁၄.၁.၂၀၁၃ — ဥပဒေအဖြစ် အတည်ပြု
  ပြည်ထောင်စုလွှတ်တော်

၄.၅၅.၀။ ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ

| နောက်ခံအကြောင်းအရာ | |
|---|---|
| တင်သွင်းသူ | ဦးမောင်တိုး |
| မဲဆန္ဒနယ်/အဖွဲ့အစည်း | မင်းလှ |
| စတင်တင်သွင်းသည့်လွှတ်တော် | ပြည်သူ့လွှတ်တော် |
| တင်သွင်းသည့်ရက်စွဲ | ၂၀၁၂ ခုနှစ်၊ ဇူလိုင်လ (၂၆)ရက် |
| ဥပဒေအဖြစ် ပြဋ္ဌာန်းသည့်ရက်စွဲ | ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ (၂၁)ရက် |
| အမျိုးအစား | ပြင်ဆင်ရေးဆွဲသည့်ဥပဒေ |
| ကဏ္ဍ | အခြား |
| Private Bill အနေဖြင့် တင်ခဲ့သော်လည်း ပြည်သူ့ငွေစာရင်းကော်မတီ၏ ဥပဒေကြမ်းအဖြစ် သတ်မှတ်ခဲ့သည်။ | |

**မိတ်ဆက်**

**( ၂၀၁၃ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၃)**

၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ (၂၁)ရက်နေ့တွင် သမ္မတမှ လက်မှတ်ရေးထိုးပြဋ္ဌာန်းသည်။

**ဖြတ်သန်းမှုအဆင့်ဆင့်**

ဤဥပဒေကြမ်းနှင့်ပတ်သက်၍ ပြည်သူ့လွှတ်တော်တွင် စတင်တင်သွင်းစဉ်ကတစ်ကြိမ် ဆွေးနွေးခဲ့ပြီး အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့စဉ်က တစ်ကြိမ် ဆွေးနွေးခဲ့ကြောင်းတွေ့ရသည်။ ပြည်သူ့လွှတ်တော်တွင် ဥပဒေကြမ်းကော်မတီ အစီရင်ခံစာတစ်စောင် တင်သွင်းခဲ့ကြောင်းတွေ့ရသည်။ အမျိုးသားလွှတ်တော် တွင် တစ်ကြိမ်ဆွေးနွေးခဲ့ပြီး ဥပဒေကြမ်းကော်မတီအစီရင်ခံစာနှစ်စောင် တင်သွင်းခဲ့ကြောင်းတွေ့ရသည်။ ဥပဒေကြမ်း စတင်တင်သွင်းသည့် ပြည်သူ့လွှတ်တော်သို့ အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်များဖြင့် ပြန်လည်ရောက်ရှိလာသောအခါ အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များကို ပြည်သူ့လွှတ်တော်မှ သဘောတူသဖြင့် လွှတ်တော်နှစ်ရပ် သဘောထားကွဲလွဲမှု မရှိသောကြောင့် ပြည်ထောင်စုလွှတ်တော်၌ ဆွေးနွေးမှု မရှိဘဲ မှတ်တမ်းတင်အတည်ပြုခဲ့ကြောင်းတွေ့ရသည်။ ပြည်ထောင်စုလွှတ်တော်၌ အတည်ပြုပြီးသော ဥပဒေကြမ်းကို သမ္မတထံပေးပို့ရာ သမ္မတ မှတ်ချက်ဖြင့် ပြန်လည်ရောက်ရှိလာသောအခါ သမ္မတမှတ်ချက်ပေါ်တွင် ဥပဒေကြမ်းပူးပေါင်းကော်မတီ အစီရင်ခံစာတစ်စောင် တင်သွင်းခဲ့ကြောင်းတွေ့ရသည်။

ဤဥပဒေကြမ်းနှင့်ပတ်သက်၍ လွှတ်တော်တွင်စုစုပေါင်းဆွေးနွေးရက် (၆)ရက်ရှိခဲ့သည်။ ပြည်သူ့လွှတ်တော်တွင် (၁) ရက်၊ အမျိုးသားလွှတ်တော်တွင် (၃) ရက်၊ ပြည်ထောင်စုလွှတ်တော်တွင် (၂) ရက်ဆွေးနွေးခဲ့ကြခြင်းဖြစ်သည်။

**ဆွေးနွေးမှု**

ဤဥပဒေကြမ်းကိုလွှတ်တော်ကိုယ်စားလှယ် (၄) ဦး ဝင်ရောက် ဆွေးနွေးခဲ့သည်။ ဝင်ရောက်ဆွေးနွေးသည့် လွှတ်တော်ကိုယ်စားလှယ်များမှာ တပ်မတော်သားကိုယ်စားလှယ်သုံးဦးနှင့် USDP မှ တစ်ဦး ဆွေးနွေးခဲ့ကြခြင်းဖြစ်သည်။ ဥပဒေကြမ်းနှင့် ပတ်သက်၍ ပြည်ထောင်စုအစိုးရအဖွဲ့ ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံး၊ ဒုတိယစာရင်းစစ်ချုပ် ဦးမျိုးမြင့်မှ လာရောက်ရှင်းလင်းပြောကြားသည်ကို တွေ့ရသည်။

**ဝင်ရောက်ဆွေးနွေးခဲ့ကြသည့် လွှတ်တော်ကိုယ်စားလှယ်**

| စဉ် | ကိုယ်စားလှယ်အမည် | မဲဆန္ဒနယ် | ပါတီ | ဆွေးနွေးသည့်လွှတ်တော် |
|---|---|---|---|---|
| ၁ | ဦးမောင်တိုး | မင်းလှ | USDP | ပြည်ထောင်စုလွှတ်တော် |
| ၂ | ဗိုလ်မှူးကျော်စိုးမင်း | တပ်မတော်သား | . | ပြည်ထောင်စုလွှတ်တော် |
| ၃ | ဗိုလ်မှူးအောင်နိုင်ဦး | တပ်မတော်သား | . | ပြည်ထောင်စုလွှတ်တော် |
| ၄ | ဒုတိယဗိုလ်မှူးကြီးဇော်မိုး | တပ်မတော်သား | . | အမျိုးသားလွှတ်တော် |

## ၄.၅၆.၀။ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥပဒေကို ပြင်ဆင်သည့် ဥပဒေ

| ရက်စွဲ | လုပ်ငန်းစဉ် |
| --- | --- |
| ၁၅.၁၁.၂၀၁၂ | ဥပဒေကြမ်း စတင်တင်သွင်း<br>အမျိုးသားလွှတ်တော် |
| ၁၅.၁၁.၂၀၁၂ | ဥပဒေကြမ်းကော်မတီအစီရင်ခံစာတင်သွင်း<br>အမျိုးသားလွှတ်တော် |
| ၁၅.၁၁.၂၀၁၂ | ကိုယ်စားလှယ်များ၏ဆွေးနွေးမှု<br>အမျိုးသားလွှတ်တော် |
| ၁၅.၁၁.၂၀၁၂ | အတည်ပြု<br>အမျိုးသားလွှတ်တော် |
| ၁၅.၁၁.၂၀၁၂ | ဥပဒေကြမ်းကော်မတီအစီရင်ခံစာတင်သွင်း<br>ပြည်သူ့လွှတ်တော် |
| ၁၅.၁၁.၂၀၁၂ | ကိုယ်စားလှယ်များ၏ဆွေးနွေးမှု<br>ပြည်သူ့လွှတ်တော် |
| ၁၅.၁၁.၂၀၁၂ | အတည်ပြု<br>ပြည်သူ့လွှတ်တော် |
| ၁၀.၁.၂၀၁၃ | သမ္မတမှတ်ချက်ဖြင့် ပေးပို့မှုအပေါ်ဥပဒေကြမ်းပူးပေါင်းကော်မတီ၏လေ့လာတွေ့ရှိချက်အစီရင်ခံစာတင်သွင်း<br>ပြည်ထောင်စုလွှတ်တော် |
| ၁၄.၁.၂၀၁၃ | သမ္မတမှတ်ချက်ဖြင့် ပေးပို့မှုအပေါ်ဆွေးနွေး<br>ပြည်ထောင်စုလွှတ်တော် |
| ၁၄.၁.၂၀၁၃ | ဥပဒေအဖြစ် အတည်ပြု<br>ပြည်ထောင်စုလွှတ်တော် |

၄.၅၆.၀။ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥပဒေကို ပြင်ဆင်သည့် ဥပဒေ

| နောက်ခံအကြောင်းအရာ | |
|---|---|
| တင်သွင်းသူ | ဦးမြညိမ်း |
| မဲဆန္ဒနယ်/အဖွဲ့အစည်း | ရန်ကုန်တိုင်းဒေသကြီး(၇) |
| စတင်တင်သွင်းသည့်လွှတ်တော် | အမျိုးသားလွှတ်တော် |
| တင်သွင်းသည့်ရက်စွဲ | ၂၀၁၂ ခုနှစ်၊ နိုဝင်ဘာလ (၁၅)ရက် |
| ဥပဒေအဖြစ် ပြဋ္ဌာန်းသည့်ရက်စွဲ | ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ (၂၁)ရက် |
| အမျိုးအစား | ပြင်ဆင်သည့်ဥပဒေ |
| ကဏ္ဍ | အခြား |

## မိတ်ဆက်

### (၂၀၁၃ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၄)

၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ (၂၁)ရက်နေ့တွင် သမ္မတမှ လက်မှတ်ရေးထိုးပြဋ္ဌာန်းသည်။

## ဖြတ်သန်းမှုအဆင့်ဆင့်

ဤဥပဒေကြမ်းနှင့်ပတ်သက်၍ အမျိုးသားလွှတ်တော်တွင် စတင်တင်သွင်းစဉ်ကတစ်ကြိမ် ဆွေးနွေးခဲ့ပြီး၊ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်များ ပြန်လည်ပေးပို့စဉ်က တစ်ကြိမ်ဆွေးနွေးခဲ့ကြောင်းတွေ့ရသည်။ အမျိုးသားလွှတ်တော်တွင် ဥပဒေကြမ်းကော်မတီ အစီရင်ခံစာတစ်စောင် တင်သွင်းခဲ့ကြောင်းတွေ့ရသည်။ ပြည်သူ့လွှတ်တော်တွင် တစ်ကြိမ်ဆွေးနွေးခဲ့ပြီး ဥပဒေကြမ်းကော်မတီ အစီရင်ခံစာတစ်စောင် တင်သွင်းခဲ့ကြောင်းတွေ့ရသည်။ ဤဥပဒေကြမ်းနှင့်ပတ်သက်၍လွှတ်တော်နှစ်ရပ် သဘောထားကွဲလွဲသဖြင့် ပြည်ထောင်စုလွှတ်တော်တွင် တင်သွင်းဆွေးနွေးရာ ဥပဒေကြမ်းပူးပေါင်းကော်မတီမှ အစီရင်ခံစာတစ်စောင် တင်သွင်းခဲ့ကြောင်း တွေ့ရသည်။ ပြည်ထောင်စုလွှတ်တော်တွင် အတည်ပြုပြီးသော ဥပဒေကြမ်းအား သမ္မတထံပေးပို့ရာ သမ္မတ၏ သဘောထားမှတ်ချက်ပေါ်တွင် ဥပဒေကြမ်းပူးပေါင်းကော်မတီမှ အစီရင်ခံစာတစ်စောင် တင်သွင်းခဲ့ကြောင်းတွေ့ရသည်။

ဤဥပဒေကြမ်းနှင့်ပတ်သက်၍ လွှတ်တော်တွင်စုစုပေါင်း ဆွေးနွေးရက် (၃) ရက် ရှိခဲ့ကြောင်း တွေ့ရသည်။ အမျိုးသားလွှတ်တော်နှင့် ပြည်သူ့လွှတ်တော်တွင် (၁) ရက်နှင့် ပြည်ထောင်စုလွှတ်တော်တွင် (၂)ရက်ဆွေးနွေးခဲ့ကြခြင်းဖြစ်သည်။ ဤဥပဒေကြမ်းကို အမျိုးသားလွှတ်တော်နှင့် ပြည်သူ့လွှတ်တော်တို့တွင် အစည်းအဝေးနေ့ တစ်ရက်တည်း အတည်ပြုဆုံးဖြတ်ခဲ့ကြောင်းကို ထူးခြားစွာတွေ့ရှိရပါသည်။

*** နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံး ဥပဒေကို ပြင်ဆင်သည့် ဥပဒေအား အမျိုးသားလွှတ်တော်တွင် ၂၀၁၂ ခုနှစ်၊ နိုဝင်ဘာလ (၁၅) ရက်နေ့တွင် တင်သွင်း မဲခွဲအတည်ပြုပြီး ပြည်သူ့လွှတ်တော်သို့ ထိုနေ့တွင်ပင် ပေးပို့ခဲ့သည်။ ပြည်သူ့လွှတ်တော်၌လည်း ၂၀၁၂ ခုနှစ်၊ နိုဝင်ဘာ လ (၁၅) ရက်နေ့တွင် မဲခွဲအတည်ပြုဆုံးဖြတ်ခဲ့ကြောင်း ထူးခြားစွာ တွေ့ရှိရပါသည်။


## ဆွေးနွေးမှု

ဤဥပဒေကြမ်းနှင့်ပတ်သက်၍ လွှတ်တော်ကိုယ်စားလှယ် (၂)ဦး ဝင်ရောက်ဆွေးနွေးခဲ့ကြောင်းတွေ့ရသည်။ ဥပဒေ ကြမ်းတွင် ပြည်ထောင်စုအစိုးရအဖွဲ့ ပြည်ထောင်စု ရှေ့နေချုပ်ရုံး ဒုတိယရှေ့နေချုပ် ဦးထွန်းထွန်းဦး၊ ပြည်ထောင်စု တရားလွှတ်တော်ချုပ် တရားသူကြီး ဦးစိုးညွှန့်နှင့် သမ္မတရုံးဝန်ကြီးဌာန-၂ ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်တို့မှ ဝင်ရောက်ဆွေးနွေးခဲ့ကြောင်းတွေ့ရသည်။ တပ်မတော်သားကိုယ်စားလှယ် (၄)ဦးနှင့် SNDP နှစ်ဦးတို့ ဝင်ရောက်ဆွေးနွေးခဲ့ကြောင်းတွေ့ရသည်။

## ဝင်ရောက်ဆွေးနွေးခဲ့ကြသည့် လွှတ်တော်ကိုယ်စားလှယ်

| စဉ် | ကိုယ်စားလှယ်အမည် | မဲဆန္ဒနယ် | ပါတီ | ဆွေးနွေးသည့်လွှတ်တော် |
|---|---|---|---|---|
| ၁ | ဒုတိယဗိုလ်မှူးကြီးကျော်ကျော်ထူး | တပ်မတော်သား | . | အမျိုးသားလွှတ်တော် |
| ၂ | ဗိုလ်မှူးတင်မောင်ဝင်း | တပ်မတော်သား | . | အမျိုးသားလွှတ်တော် |
| ၃ | ဦးစိုင်းသီဟကျော် | မိုင်းရယ် | SNDP | ပြည်သူ့လွှတ်တော် |
| ၄ | ဦးရဲထွန်း | သီပေါ | SNDP | ပြည်ထောင်စုလွှတ်တော် |
| ၅ | ဒုတိယဗိုလ်မှူးကြီးမျိုးမြင့်ဦး | တပ်မတော်သား | . | ပြည်ထောင်စုလွှတ်တော် |
| ၆ | ဗိုလ်မှူးတင်အောင်မိုး | တပ်မတော်သား | . | ပြည်ထောင်စုလွှတ်တော် |

### ၄.၅၇.၀။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေ



၄.၅၇.၀။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေ

| နောက်ခံအကြောင်းအရာ | |
|---|---|
| တင်သွင်းသူ | ဦးစိုးမောင်၊ ပြည်ထောင်စုဝန်ကြီး |
| မဲဆန္ဒနယ်/အဖွဲ့အစည်း | သမ္မတရုံးဝန်ကြီးဌာန (၂) |
| စတင်တင်သွင်းသည့်လွှတ်တော် | အမျိုးသားလွှတ်တော် |
| တင်သွင်းသည့်ရက်စွဲ | ၂၀၁၂ ခုနှစ်၊ အောက်တိုဘာလ (၁၉)ရက် |
| ဥပဒေအဖြစ် ပြဋ္ဌာန်းသည့်ရက်စွဲ | ၂၀၁၃ ခုနှစ်၊ မတ်လ (၈)ရက် |
| အမျိုးအစား | ပြင်ဆင်သည့်ဥပဒေ |
| ကဏ္ဍ | အခြား |

**မိတ်ဆက်**

**(၂၀၁၃ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၆)**

၂၀၁၃ ခုနှစ်၊ မတ်လ (၈)ရက်နေ့တွင် သမ္မတမှ လက်မှတ်ရေးထိုးပြဋ္ဌာန်းသည်။

**ဖြတ်သန်းမှုအဆင့်ဆင့်**

ဤဥပဒေကြမ်းနှင့်ပတ်သက်၍ အမျိုးသားလွှတ်တော်တွင် စတင်တင်သွင်းစဉ်ကတစ်ကြိမ် ဆွေးနွေးခဲ့ပြီး ပြည်သူ့လွှတ်တော်မှ ပြန်လည်ရောက်ရှိစဉ်ကတစ်ကြိမ် ဆွေးနွေးခဲ့ကြောင်းတွေ့ရသည်။ အမျိုးသားလွှတ်တော်တွင် ဥပဒေကြမ်းကော်မတီ အစီရင်ခံစာတစ်စောင် တင်သွင်းခဲ့ကြောင်း တွေ့ရသည်။ ပြည်သူ့လွှတ်တော်တွင် တစ်ကြိမ်ဆွေးနွေးပြီး ဥပဒေကြမ်းကော်မတီ အစီရင်ခံစာတစ်စောင် တင်သွင်းခဲ့ကြောင်းတွေ့ရသည်။ လွှတ်တော်နှစ်ရပ် သဘောထားကွဲလွဲမှုမရှိသဖြင့် ပြည်ထောင်စုလွှတ်တော်တွင် မှတ်တမ်းတင် အတည်ပြုခဲ့ကြောင်းတွေ့ရသည်။

ဤဥပဒေကြမ်းနှင့်ပတ်သက်၍ လွှတ်တော်တွင်စုစုပေါင်း ဆွေးနွေးရက် (၂) ရက်သာရှိကြောင်းတွေ့ရသည်။ အမျိုးသားလွှတ်တော်တွင် (၁) ရက်နှင့် ပြည်သူ့လွှတ်တော်တွင် (၁)ရက်ရှိခဲ့သည်။

*** ၂၀၁၁ ခုနှစ်၊ နိုဝင်ဘာလ (၁)ရက်နေ့ အမျိုးသားလွှတ်တော် အစည်းအဝေးတွင် ရခိုင်ပြည်နယ် မဲဆန္ဒနယ် အမှတ် (၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာ အေးမောင်၏ ဥပဒေကြမ်း တင်သွင်းခြင်းကို ဆိုင်းငံ့ထားမည် ဖြစ်ကြောင်း အမျိုးသားလွှတ်တော် ဥက္ကဋ္ဌမှ ပြောကြားကြောင်း တွေ့ရှိရသည်။

**ဆွေးနွေးမှု**

ဤဥပဒေကြမ်းနှင့်ပတ်သက်၍ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် (၂)ဦး ဝင်ရောက်ဆွေးနွေးခဲ့ကြောင်း တွေ့ရသည်။ ဝင်ရောက်ဆွေးနွေးခဲ့သော လွှတ်တော်ကိုယ်စားလှယ် များမှာ AMRDP နှင့် CPP တို့မှ တစ်ဦးစီ ဆွေးနွေးခဲ့သည်။

**ဝင်ရောက်ဆွေးနွေးခဲ့ကြသည့် လွှတ်တော်ကိုယ်စားလှယ်**

| စဉ် | ကိုယ်စားလှယ်အမည် | မဲဆန္ဒနယ် | ပါတီ | ဆွေးနွေးသည့်လွှတ်တော် |
|---|---|---|---|---|
| ၁ | ဦးဇုန်လှယ်ထန်း | ချင်း (၂) | CPP | အမျိုးသားလွှတ်တော် |
| ၂ | ဒေါက်တာဗညားအောင်မိုး | မွန် (၇) | AMRDP | အမျိုးသားလွှတ်တော် |

## ၄.၅၈.၀။ ၂၀၁၁ခုနှစ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ ဥပဒေ

- ၂၂.၉.၂၀၁၁ — ဥပဒေကြမ်း စတင်တင်သွင်း ပြည်သူ့လွှတ်တော်
- ၂၂.၉.၂၀၁၁ — ဥပဒေကြမ်းကော်မတီအစီရင်ခံစာတင်သွင်း ပြည်သူ့လွှတ်တော်
- ၂၂.၉.၂၀၁၁ — ပြင်ဆင်ချက်ဖြင့်အတည်ပြု ပြည်သူ့လွှတ်တော်
- ၂၈.၁၀.၂၀၁၁ — ဥပဒေကြမ်းကော်မတီအစီရင်ခံစာတင်သွင်း အမျိုးသားလွှတ်တော်
- ၂၈.၁၀.၂၀၁၁ — ကိုယ်စားလှယ်များ၏ဆွေးနွေးမှု အမျိုးသားလွှတ်တော်
- ၂.၁၁.၂၀၁၁ — ပြင်ဆင်ချက်ဖြင့်အတည်ပြု အမျိုးသားလွှတ်တော်
- ၁၄.၁၁.၂၀၁၁ — ဥပဒေကြမ်းကော်မတီအစီရင်ခံစာတင်သွင်း ပြည်သူ့လွှတ်တော်
- ၁၄.၁၁.၂၀၁၁ — ကိုယ်စားလှယ်များ၏ဆွေးနွေးမှု ပြည်သူ့လွှတ်တော်
- ၂၄.၂.၂၀၁၂ — ဥပဒေကြမ်းပူးပေါင်းကော်မတီအစီရင်ခံစာတင်သွင်း ပြည်ထောင်စုလွှတ်တော်
- ၅.၃.၂၀၁၂ — ကိုယ်စားလှယ်၏ဆွေးနွေးမှု ပြည်ထောင်စုလွှတ်တော်
- ၅.၃.၂၀၁၂ — ဥပဒေအဖြစ်အတည်ပြု ပြည်ထောင်စုလွှတ်တော်

၄.၅၈.၀။ ၂၀၁၃ခုနှစ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ ဥပဒေ

| နောက်ခံအကြောင်းအရာ | |
|---|---|
| တင်သွင်းသူ | ဒေါက်တာစိုးရင် |
| မဲဆန္ဒနယ်/အဖွဲ့အစည်း | လွှတ်တော်အခွင့်အရေးကော်မတီ |
| စတင်တင်သွင်းသည့်လွှတ်တော် | ပြည်သူ့လွှတ်တော် |
| တင်သွင်းသည့်ရက်စွဲ | ၂၀၁၁ ခုနှစ်၊ စက်တင်ဘာလ (၂၂)ရက် |
| ဥပဒေအဖြစ် ပြဋ္ဌာန်းသည့်ရက်စွဲ | ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ (၆)ရက် |
| အမျိုးအစား | အသစ်ရေးဆွဲပြဋ္ဌာန်းသည့်ဥပဒေ |
| ကဏ္ဍ | အခြား |

## မိတ်ဆက်

### (၂၀၁၃ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၂၂)

၂၀၁၃ ခုနှစ်၊ ဩဂုတ်လ (၆)ရက်နေ့တွင် သမ္မတမှ လက်မှတ်ရေးထိုးပြဋ္ဌာန်းသည်။ ဤဥပဒေကြမ်းတွင် အခန်းပေါင်း (၁၅)ခန်းနှင့် ပုဒ်မပေါင်း(၈၇)ခုပါရှိသည်။

### တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်များကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်များရှိ မြို့နယ်တစ်မြို့နယ်လျှင် နှစ်ဦးကျစီ ရွေးကောက်တင်မြှောက်သည့် လွှတ်တော်ကိုယ်စားလှယ်များ၊ ထိုတိုင်းဒေသကြီးအတွင်း တိုင်းဒေသကြီးရရှိပြီးသော သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုရရှိပြီးသော တိုင်းရင်းသားလူမျိုးများမှအပ နိုင်ငံ့လူဦးရေ၏ (၀.၁ရာခိုင်နှုန်း)သုညဒသမတစ်ရာခိုင်နှုန်းနှင့်အထက်ရှိကြောင်း သက်ဆိုင်ရာက သတ်မှတ်သော တိုင်းရင်းသားလူမျိုးအသီးသီးမှ လူမျိုးတစ်ဦးလျှင် တစ်ဦးကျစီ ရွေးကောက်တင်မြှောက်သည့် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ ထိုပြည်နယ်အတွင်း ပြည်နယ်ရရှိပြီးသော သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စု ရရှိပြီးသော တိုင်းရင်းသားလူမျိုးများမှအပ နိုင်ငံ့လူဦးရေ၏ (၀.၁ရာခိုင်နှုန်း) သုည ဒသမ တစ်ရာခိုင်နှုန်းနှင့်အထက်ရှိကြောင်း သက်ဆိုင်ရာကသတ်မှတ်သော တိုင်းရင်းသားလူမျိုးအသီးသီးမှ လူမျိုးတစ်ဦးလျှင် တစ်ဦးကျစီ ရွေးကောက်တင်မြှောက်သည့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့် ထိုတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ရှိ ရွေးကောက်တင်မြှောက်သည့် လွှတ်တော်ကိုယ်စားလှယ်စုစုပေါင်း၏ သုံးပုံတစ်ပုံနှင့် ညီမျှသော တပ်မတော်ကာကွယ်ရေးဦးစီးချုပ်မှ အမည်စာရင်းတင်သွင်းသည့် လွှတ်တော်ကိုယ်စားလှယ်များဖြင့်ဖွဲ့စည်းသည်။ လွှတ်တော်၏သက်တမ်းသည် ပြည်သူ့လွှတ်တော်သက်တမ်း (ပြည်သူ့လွှတ်တော်၏ သက်တမ်းသည် လွှတ်တော်အစည်းအဝေး စတင်သည့်နေ့မှစ၍ ငါးနှစ်ဖြစ်သည်)နှင့်အညီဖြစ်သည်။ လွှတ်တော်များ၏ ပထမပုံမှန်အစည်းအဝေး စတင်ကျင်းပသည့်အခါ လွှတ်တော်ကိုယ်စားလှယ်များသည် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအားသဘာပတိအဖြစ်တင်မြှောက်ခြင်း၊ လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌများ တင်မြှောက်ခြင်းများပြုလုပ်ရမည်။ သဘာပတိသည် လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌများ ရွေးကောက်တင်မြှောက်ပြီးသည့်အထိ ကြီးကြပ်ကွပ်ကဲရမည်။ လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့သည် နောက်တစ်ကြိမ် လွှတ်တော်သက်တမ်း ပထမပုံမှန်အစည်းအဝေး စတင်မကျင်းပမီအချိန်အထိ တာဝန်ထမ်းဆောင်ရမည်။ လွှတ်တော်ဥက္ကဋ္ဌသည် တာဝန်ကို ထမ်းဆောင်နိုင်စွမ်း မရှိလျှင်သော်လည်းကောင်း၊ ဥက္ကဋ္ဌအား တာဝန်မှ ရုပ်သိမ်းရန်ကိစ္စ ဖြစ်ပေါ်လာလျှင်သော်လည်းကောင်း၊ ဒုတိယဥက္ကဋ္ဌမှ ဥက္ကဋ္ဌတာဝန် ယာယီထမ်းဆောင်ရမည်။ လွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် ဒုတိယဥက္ကဋ္ဌသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် အဖွဲ့အစည်းတစ်ရပ်ရပ်တွင် တာဝန်ပေးအပ်ခြင်းခံရပါက ဥက္ကဋ္ဌ သို့မဟုတ် ဒုတိယဥက္ကဋ္ဌအဖြစ်မှ နုတ်ထွက်ပြီးဖြစ်သည်။ လွှတ်တော်

များသည် ဥပဒေပြုရေး၊ တိုင်းရင်းသား လူမျိုးများအရေး တို့အပြင် လိုအပ်ပါက အခြားရေးရာကိစ္စများကို ဆောင်ရွက်နိုင်ရန် လွှတ်တော်ကိုယ်စားလှယ်များဖြင့် လွှတ်တော်ကော်မတီများကို ကာလသတ်မှတ်ဖွဲ့စည်းနိုင်သည်။ လွှတ်တော်များသည် လွှတ်တော်ကော်မတီများကသာ လေ့လာရန်ဖြစ်သော အကြောင်းကိစ္စရပ်များမှအပ ကျန်အကြောင်းကိစ္စရပ်များကို လေ့လာရန်လိုအပ်ပါက အဖွဲ့များကို လွှတ်တော်ကိုယ်စားလှယ်များဖြင့်လည်းကောင်း၊ သင့်လျော်သည့် နိုင်ငံသားများ ထည့်သွင်း၍လည်းကောင်း ဖွဲ့စည်းနိုင်သည်။ လွှတ်တော်များသည် ကော်မတီနှင့် အဖွဲ့များကို ဖွဲ့စည်းသည့်အခါတွင် အဖွဲ့ဝင်ဦးရေ၊ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို သတ်မှတ်ပေးရမည်။ လွှတ်တော်အဖွဲ့အစည်းများသည် လွှတ်တော်ကို တာဝန်ခံရမည်။ လွှတ်တော်အစည်းအဝေး ကျင်းပချိန်မဟုတ်လျှင် ဥက္ကဋ္ဌကို တာဝန်ခံရမည်။ လွှတ်တော်၏ အစည်းအဝေးများကို ဥက္ကဋ္ဌမှ ခေါ်ယူကျင်းပရမည်။ လွှတ်တော်၏ နောက်သက်တမ်းများအတွက် ပထမပုံမှန်အစည်းအဝေးများကို တာဝန်ဆက်လက်ထမ်းဆောင်လျက်ရှိသော ဥက္ကဋ္ဌမှ ခေါ်ယူကျင်းပရမည်။ လွှတ်တော်အစည်းအဝေးများကို အနည်းဆုံး တစ်နှစ်လျှင် တစ်ကြိမ်ကျင်းပရမည်။ လွှတ်တော်အထူးအစည်းအဝေးကိုဖြစ်စေ၊ အရေးပေါ်အစည်းအဝေးကိုဖြစ်စေ ကျင်းပရန်လိုအပ်လျှင် ခေါ်ယူကျင်းပရမည်။ လွှတ်တော်အထူး အစည်းအဝေးများနှင့် အရေးပေါ်အစည်းအဝေးများကို ဥက္ကဋ္ဌမှလည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဝန်ကြီးချုပ်မှလည်းကောင်း၊ လွှတ်တော်ကိုယ်စားလှယ်စုစုပေါင်းဦးရေအနက် အနည်းဆုံး လေးပုံတစ်ပုံမှ တောင်းဆိုလျှင်သော်လည်းကောင်း၊ ဥက္ကဋ္ဌသည် ယင်းအစည်းအဝေးများကို အမြန်ဆုံး ခေါ်ယူကျင်းပရမည်။ လွှတ်တော်များသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရဝန်ကြီးဌာန အရေအတွက်၊ ဝန်ကြီးဦးရေ အရေအတွက်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးဦးရေ အရေအတွက်တို့ကို နိုင်ငံတော်သမ္မတမှ ပေးပို့ချက်နှင့်စပ်လျဉ်း၍ အဆုံးအဖြတ်ပေးရမည်။ ဥက္ကဋ္ဌသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ခန့်အပ်တာဝန်ပေးနိုင်ရေးအတွက် နိုင်ငံတော်သမ္မတမှ အမည်စာရင်းပေးပို့ခြင်းနှင့်စပ်လျဉ်း၍ လွှတ်တော်၏ သဘောတူညီချက်ယူရမည်။ ဥက္ကဋ္ဌသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးများ၊ တရားလွှတ်တော် တရားသူကြီးများ၊ ဥပဒေချုပ်၊ စာရင်းစစ်ချုပ်၊ ပုဂ္ဂိုလ်များခန့်အပ် တာဝန်ပေးနိုင်ရေးအတွက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်မှ အမည်စာရင်းပေးပို့ခြင်းနှင့်စပ်လျဉ်း၍လွှတ်တော်၏သဘောတူညီချက်ယူရမည်။ လွှတ်တော်သည် လိုအပ်သော မြို့နယ်များတွင် လွှတ်တော်ကိုယ်စားလှယ်ရုံးများကို ဖွင့်လှစ်တည်ထောင်ခွင့်ပေးနိုင်သည်။ လွှတ်တော်၏ ရုံးလုပ်ငန်းနှင့် အုပ်ချုပ်မှုကိစ္စအဝအဝကို လွှတ်တော်ရုံးက တာဝန်ယူဆောင်ရွက်ရမည်။ လွှတ်တော်များသည် ဥပဒေပြုရေးကို အထောက်အကူပြုရန်နှင့် လွှတ်တော်လုပ်ငန်းဆိုင်ရာ ကိစ္စရပ်များ အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန် လိုအပ်သော ဖွဲ့စည်းမှုများကို ရေးဆွဲဖွဲ့စည်းနိုင်သည်။ လွှတ်တော်များသည် လွှတ်တော်ရုံးများကို ဖွဲ့စည်းထူထောင်ရမည်။ လွှတ်တော်များသည် လွှတ်တော်ရုံး၊ လွှတ်တော်ကိုယ်စားလှယ်ရုံးများနှင့် လွှတ်တော်လုပ်ငန်းဆိုင်ရာ ကိစ္စရပ်များအတွက် သုံးစွဲရန် ကုန်ကျမည့် နှစ်စဉ်ဘဏ္ဍာငွေအရအသုံးခန့်မှန်းခြေငွေစာရင်း လျာထားချက်ကို ရေးဆွဲပြုစုပြီး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့မှတဆင့် သက်ဆိုင်ရာသို့ပေးပို့ရမည်။

ဥပဒေပါပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လွှတ်တော်သည် နည်းဥပဒေများ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ ဥပဒေ (နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥပဒေအမှတ်၁၄/၂၀၁၀ ) ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

## ဖြတ်သန်းမှုအဆင့်ဆင့်

ဤဥပဒေကြမ်းနှင့်ပတ်သက်၍ ပြည်သူ့လွှတ်တော်တွင် စတင်တင်သွင်းစဉ်က တစ်ကြိမ် ဆွေးနွေးခဲ့ပြီး အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာစဉ်က တစ်ကြိမ်ဆွေးနွေးခဲ့ကြောင်းတွေ့ရသည်။ ပြည်သူ့လွှတ်တော်တွင် ဥပဒေကြမ်းကော်မတီ အစီရင်ခံစာနှစ်စောင် တင်သွင်းခဲ့ကြောင်းတွေ့ရသည်။ အမျိုးသားလွှတ်တော်တွင်တစ်ကြိမ် ဆွေးနွေးခဲ့ပြီး ဥပဒေကြမ်းကော်မတီ အစီရင်ခံစာတစ်စောင် တင်သွင်းခဲ့ကြောင်းတွေ့ရသည်။ လွှတ်တော်နှစ်ရပ် သဘောထားကွဲလွဲသဖြင့် ပြည်ထောင်စုလွှတ်တော်တွင် ဥပဒေကြမ်းကော်မတီ အစီရင်ခံစာတစ်စောင် တင်

သွင်းဖတ်ကြားပြီးအတည်ပြုခဲ့ကြောင်းတွေ့ရသည်။

ဤဥပဒေကြမ်းနှင့်ပတ်သက်၍ လွှတ်တော်တွင်စုစုပေါင်းဆွေးနွေးရက် (၅)ရက်ရှိခဲ့သည်။ ပြည်သူ့လွှတ်တော်တွင် (၂)ရက်၊ အမျိုးသားလွှတ်တော်တွင် (၁) ရက်နှင့် ပြည်ထောင်စုလွှတ်တော်တွင် (၂) ရက်ရှိခဲ့သည်။

**ဆွေးနွေးမှု**

ဤဥပဒေကြမ်းနှင့်ပတ်သက်၍ လွှတ်တော်ကိုယ်စားလှယ် (၆)ဦးဝင်ရောက်ဆွေးနွေးခဲ့ကြောင်းတွေ့ရသည်။ ပြည်သူ့လွှတ်တော်တွင် (၆)ဦး ဆွေးနွေးခဲ့ကြောင်း တွေ့ရသည်။ ဝင်ရောက်ဆွေးနွေးသည့် လွှတ်တော်ကိုယ်စားလှယ်များမှာ USDP မှ (၄)ဦးနှင့် SNDP မှ (၂)ဦးတို့ဆွေးနွေးခဲ့ကြောင်းတွေ့ရသည်။ ပြည်ထောင်စုအစိုးရအဖွဲ့ လွှတ်တော်အခွင့်အရေးကော်မတီနှင့် ဥပဒေကြမ်းကော်မတီတို့က လာရောက်ရှင်းလင်းပြောကြားသည်ကိုတွေ့ရသည်။

**ဝင်ရောက်ဆွေးနွေးခဲ့ကြသည့် လွှတ်တော်ကိုယ်စားလှယ်**

| စဉ် | ကိုယ်စားလှယ်အမည် | မဲဆန္ဒနယ် | ပါတီ | ဆွေးနွေးသည့်လွှတ်တော် |
|---|---|---|---|---|
| ၁ | ဦးစိုင်းဘိုအောင် | မူဆယ် | SNDP | ပြည်သူ့လွှတ်တော် |
| ၂ | ဦးလှထွန်း | ခန္တီး | USDP | ပြည်သူ့လွှတ်တော် |
| ၃ | ဦးအောင်သိန်း | ရွာငံ | USDP | ပြည်သူ့လွှတ်တော် |
| ၄ | ဒေါက်တာစိုင်းကျော်အုန်း | နမ့်ခမ်း | SNDP | ပြည်သူ့လွှတ်တော် |
| ၅ | ဦးသိန်းထွန်းဦး | အမရပူရ | USDP | ပြည်သူ့လွှတ်တော် |
| ၆ | ဦးဝင်းသန်း | သာပေါင်း | USDP | ပြည်သူ့လွှတ်တော် |

## ၄.၅၉.၀။ အဂတိလိုက်စားမှု တိုက်ဖျက်ရေး ဥပဒေ

- ၄.၇.၂၀၁၂ — ဥပဒေကြမ်းစတင်တင်သွင်း အမျိုးသားလွှတ်တော်
- ၁၃.၇.၂၀၁၂ — ဥပဒေကြမ်းကော်မတီအစီရင်ခံစာတင်သွင်း အမျိုးသားလွှတ်တော်
- ၁၃.၇.၂၀၁၂ — ကိုယ်စားလှယ်များ၏ဆွေးနွေးမှု အမျိုးသားလွှတ်တော်
- ၁.၈.၂၀၁၂ — ဥပဒေကြမ်းကော်မတီအစီရင်ခံစာပြန်လည်တင်သွင်း အမျိုးသားလွှတ်တော်
- ၁.၈.၂၀၁၂ — ပြင်ဆင်ချက်ဖြင့်အတည်ပြု အမျိုးသားလွှတ်တော်
- ၂၄.၈.၂၀၁၂ — ဥပဒေကြမ်းကော်မတီအစီရင်ခံစာတင်သွင်း ပြည်သူ့လွှတ်တော်
- ၅.၉.၂၀၁၂ — ကိုယ်စားလှယ်များ၏ဆွေးနွေးမှု ပြည်သူ့လွှတ်တော်
- ၅.၉.၂၀၁၂ — ဥပဒေအဖြစ်အတည်ပြု ပြည်သူ့လွှတ်တော်
- ၇.၁၁.၂၀၁၂ — ကိုယ်စားလှယ်များ၏ဆွေးနွေးမှု အမျိုးသားလွှတ်တော်
- ၁၁.၁.၂၀၁၃ — ဥပဒေကြမ်းကော်မတီအစီရင်ခံစာတင်သွင်း အမျိုးသားလွှတ်တော်
- ၃၁.၁.၂၀၁၃ — ဥပဒေကြမ်းပူးပေါင်းကော်မတီအစီရင်ခံစာတင်သွင်း ပြည်ထောင်စုလွှတ်တော်
- ၈.၂.၂၀၁၃ — ကိုယ်စားလှယ်၏ဆွေးနွေးမှု ပြည်ထောင်စုလွှတ်တော်
- ၈.၇.၂၀၁၃ — သမ္မတမှတ်ချက်ဖြင့် ပေးပို့မှုအပေါ်ဥပဒေကြမ်းပူးပေါင်းကော်မတီ၏လေ့လာတွေ့ရှိချက်အစီရင်ခံစာတင်သွင်း ပြည်ထောင်စုလွှတ်တော်
- ၂၆.၇.၂၀၁၃ — သမ္မတမှတ်ချက်ဖြင့် ပေးပို့မှုအပေါ်ဆွေးနွေး ပြည်ထောင်စုလွှတ်တော်
- ၂၆.၇.၂၀၁၃ — ဥပဒေအဖြစ်အတည်ပြု အမျိုးသားလွှတ်တော်

၄.၅၉.၀။ အဂတိလိုက်စားမှု တိုက်ဖျက်ရေး ဥပဒေ

| နောက်ခံအကြောင်းအရာ | |
|---|---|
| တင်သွင်းသူ | ဦးအောင်ထွန်း |
| မဲဆန္ဒနယ်/အဖွဲ့အစည်း | ဘဏ္ဍာရေးနှင့် ဥပဒေရေးရာကော်မရှင် |
| စတင်တင်သွင်းသည့်လွှတ်တော် | အမျိုးသားလွှတ်တော် |
| တင်သွင်းသည့်ရက်စွဲ | ၂၀၁၂ ခုနှစ်၊ ဇူလိုင်လ (၄)ရက် |
| ဥပဒေအဖြစ် ပြဋ္ဌာန်းသည့်ရက်စွဲ | ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ (၇)ရက် |
| အမျိုးအစား | အသစ်ရေးဆွဲပြဋ္ဌာန်းသည့်ဥပဒေ |
| ကဏ္ဍ | အခြား |

## မိတ်ဆက်

### (၂၀၁၃ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၂၃)

၂၀၁၃ ခုနှစ်၊ ဩဂုတ်လ (၇)ရက်နေ့တွင် သမ္မတမှ လက်မှတ်ရေးထိုးပြဋ္ဌာန်းသည်။ ဤဥပဒေတွင်အခန်းပေါင်း (၁၁) ခန်းနှင့် ဥပဒေပုဒ်မပေါင်း (၇၃)ခု ပါရှိသည်။

## ကိုင်တွယ်သည့်အဖွဲ့အစည်း

နိုင်ငံတော်သမ္မတ၊ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နှင့် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌတို့သည် သတ်မှတ်ထားသော အရည်အချင်းများနှင့် ပြည့်စုံသည့် အဖွဲ့ဝင်ငါးဦးစီကို ရွေးချယ်ပြီး လာဘ်ပေးလာဘ်ယူမှု ပပျောက်ရေး ကော်မရှင်ကို ဖွဲ့စည်းရမည်။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌနှင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌတို့သည် မိမိတို့ရွေးချယ်ထားသည့် အဖွဲ့ဝင်များ၏ အမည်စာရင်းကို နိုင်ငံတော်သမ္မတထံ ပေးပို့ရမည်။ နိုင်ငံတော်သမ္မတသည် ရွေးချယ်ထားသည့် အဖွဲ့ဝင် စုစုပေါင်း (၁၅) ဦး၏ အမည်စာရင်းနှင့် ထိုအဖွဲ့ဝင်များထဲမှ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးအဖြစ် ရွေးချယ်ခန့်အပ်ရန် အဖွဲ့ဝင် နှစ်ဦး၏ အမည်ကိုလည်းကောင်း၊ ပြည်ထောင်စု လွှတ်တော်သို့ တင်သွင်း၍ သဘောတူညီချက်ရယူရမည်။ ကော်မရှင်သည် နိုင်ငံတော်သမ္မတကို တာဝန်ခံရမည်။ ကော်မရှင်နှင့် ကော်မရှင်၏ သက်တမ်းသည် သာမန်အားဖြင့် နိုင်ငံတော်သမ္မတ၏ သက်တမ်းနှင့် အညီဖြစ်သည်။ ကော်မရှင်အဖွဲ့ဝင်များသည် သက်တမ်းနှစ်ခုထက် ပိုမို ထမ်းဆောင်ခွင့်မရှိစေရ။ ကော်မရှင်အဖွဲ့ဝင်အဖြစ် တာဝန်ပေးအပ်ခြင်း ခံရသူသည် အစိုးရလစာ၊ စရိတ်နှင့် ချီးမြှင့်ငွေ တစ်မျိုးမျိုးရရှိသည့် ရာထူး သို့မဟုတ် တာဝန်တစ်ခုခုတွင် တာဝန်ထမ်းဆောင်သူ မဖြစ်စေရ။ ကော်မရှင်အဖွဲ့ဝင်သည် အစိုးရဌာန၊ အစိုးရ အဖွဲ့အစည်း၊ အစိုးရ၏ စီးပွားရေးလုပ်ငန်း၊ ဘုတ်၊ ကော်ပိုရေးရှင်း၊ ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့၏ အရာထမ်း၊ အမှုထမ်း မဖြစ်စေရ။ ကော်မရှင်အဖွဲ့ဝင်သည် အစုစပ်လုပ်ငန်း၊ ကုမ္ပဏီ သို့မဟုတ် စီးပွားရေးလုပ်ငန်း လုပ်ကိုင်သည့် အဖွဲ့အစည်းတွင် အကျိုးအမြတ် သို့မဟုတ် ဝင်ငွေခွဲဝေရယူရန် လုပ်ကိုင်ခြင်းမပြုရ သို့မဟုတ် တစ်စုံတစ်ဦး၏ ဝန်ထမ်းမဖြစ်စေရ။ ကော်မရှင်အဖွဲ့ဝင်များသည် ကော်မရှင်တွင် တာဝန်ပေးအပ်ခြင်းခံရသည့်အခါ မိမိတို့ဦးစီးသည့် တစ်စီးပွားတည်းဖြစ်သော မိသားစုပိုင် ငွေကြေး၊ ပစ္စည်း၊ ပေးရန်တာဝန်နှင့် ရရန်ပိုင်ခွင့်များကို တန်ဖိုးနှင့်တစ်ကွ စာရင်းပြုစုပြီး နိုင်ငံတော်သမ္မတထံ ပေးပို့ရမည်။ နိုင်ငံတော်သမ္မတသည် ကော်မရှင်အဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ပဏာမ စိစစ်ရေးအဖွဲ့ဝင်များ၊ စုံစမ်းစစ်ဆေးရေးအဖွဲ့ဝင်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် ခံစားခွင့်များကို သတ်မှတ်ပေးခြင်း သို့မဟုတ် ပြင်ဆင်ပြောင်းလဲခြင်း ပြုနိုင်သည်။

ကော်မရှင်သည် ပဏာမစိစစ်ဆေးရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့များကို လိုအပ်သလို ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း၊ လမ်းညွှန်ခြင်းနှင့် ကြီးကြပ်ကွပ်ကဲခြင်း ပြုလုပ်ရမည်။ စစ်ဆေးရေးမှူးချုပ် ခန့်အပ်နိုင်ရန် နိုင်ငံတော်သမ္မတထံ တင်ပြရမည်။ နှစ်ပတ်လည်လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို နိုင်ငံတော်သမ္မတ၊ ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ

တို့ထံ သတ်မှတ်ချက်နှင့်အညီ တင်ပြရမည်။ ကော်မရှင်
သည် စုံစမ်းစစ်ဆေးရေးအဖွဲ့၏ စုံစမ်းစစ်ဆေးတွေ့ရှိချက်
အစီရင်ခံစာအရဖြစ်စေ၊ အခြားသတင်းအချက်အလက်
အရဖြစ်စေ၊ လာဘ်ပေးလာဘ်ယူမှုဖြင့် ချမ်းသာကြွယ်ဝ
လာမှုကြောင့် ပိုင်ဆိုင်သည့် ငွေကြေး၊ ပစ္စည်းများ၊ မှန်ကန်
ကြောင်း ခိုင်လုံသည့်အထောက်အထားရရှိပါက သိမ်း
ဆည်းခြင်းနှင့် စပ်လျဉ်း၍ စိစစ်တင်ပြနိုင်ရေးအတွက်
သင့်လျော်သော ပုဂ္ဂိုလ်များပါဝင်သည့် ပဏာမစိစစ်ရေးအဖွဲ့
ကို ကိစ္စရပ်အ လိုက် ဖွဲ့စည်းရမည်။ ပဏာမစိစစ်ရေးအဖွဲ့
သည် ကော်မရှင်၏ တာဝန်ပေးချက်အရ စုံစမ်းစစ်ဆေးခြင်းခံ
ရသူ အား အကြောင်းကြားပြီး ကိုယ်တိုင်ဖြစ်စေ၊ ကိုယ်စား
လှယ်ဖြင့်ဖြစ်စေ ခုခံချေပခွင့်ပေးပြီး မိမိ၏ တွေ့ရှိချက်၊
သုံးသပ်ချက်၊ သဘောထားမှတ်ချက်များနှင့်အတူ စိစစ်
တွေ့ရှိချက် အစီရင်ခံစာကို ကော်မရှင်သို့ တင်ပြရမည်။
ကော်မရှင်သည် လာဘ်ပေးလာဘ်ယူမှု ကျူးလွန်ကြောင်း
တွေ့ရှိသည့်အခါ ထိုသူအား တိုင်းဒေသကြီး သို့မဟုတ်
ပြည်နယ် တရားလွှတ်တော်သို့ တရားစွဲဆိုနိုင်ရေးအတွက်
စုံစမ်းစစ်ဆေးရေး အဖွဲ့ခေါင်းဆောင် သို့မဟုတ် စစ်ဆေးရေး
မှူးချုပ်အား ညွှန်ကြားရမည်။ ကော်မရှင်သည် ကော်မရှင်
အဖွဲ့ဝင် တစ်ဦးဦးကခေါင်းဆောင်၍ သင့်လျော်သော
နိုင်ငံသားများ ပါဝင်သည့် စုံစမ်းစစ်ဆေးရေးအဖွဲ့များကို
ဖွဲ့စည်းကာ လုပ်ငန်းတာဝန်များ သတ်မှတ်ပေးနိုင်သည်။
စုံစမ်းစစ်ဆေး ရေးအဖွဲ့သည် စုံစမ်းစစ်ဆေးမှုပြုလုပ်ရာတွင်
စွပ်စွဲတိုင်တန်း ခံရသူအား စွပ်စွဲချက်နှင့် စပ်လျဉ်း၍
ရှင်းလင်းတင်ပြရန်၊ သက်သေခံချက်တင်ပြရန် သို့မဟုတ်
သက်သေတင်ပြရန်၊ ကာလသတ်မှတ်၍ အကြောင်းကြားရ
မည်။ စွပ်စွဲခံရသူသည် စွပ်စွဲချက်နှင့် စပ်လျဉ်း၍ ကိုယ်တိုင်
ဖြစ်စေ၊ ကိုယ်စားလှယ်ဖြင့်ဖြစ်စေ ထုချေရှင်းလင်းနိုင်သည်။
စုံစမ်းစစ်ဆေးရေးအဖွဲ့သည် စုံစမ်းစစ်ဆေးမှု ပြီးစီးသည့်
အခါ ကော်မရှင်ဥက္ကဋ္ဌထံ စုံစမ်းစစ်ဆေးတွေ့ရှိချက် အစီရင်
ခံစာတင်ပြရမည်။ ကော်မရှင်ဥက္ကဋ္ဌသည် အစီရင်ခံစာ
ရရှိပြီး ယင်းစုံစမ်း စစ်ဆေးမှုနှင့် စပ်လျဉ်း၍ ဆွေးနွေးဆုံးဖြတ်
ရန် ရက်ပေါင်း (၃၀)အတွင်း ကော်မရှင်အစည်းအဝေး
ခေါ်ယူရမည်။ ကော်မရှင်သည် လုပ်ပိုင်ခွင့်အာဏာရှိသူ
အပေါ် တရားစွဲဆို အရေးယူရန် အကြောင်းပေါ်ပေါက်
ကြောင်း ဆုံးဖြတ်သည့်ကိစ္စတွင် တာဝန်ပေးအပ်သော
ပုဂ္ဂိုလ်များသည် နိုင်ငံတော်သမ္မတနှင့် သက်ဆိုင်ရာလွှတ်
တော်ဥက္ကဋ္ဌများဖြစ်လျှင် ၎င်းတို့ထံသို့ အစီရင်ခံစာ ပေးပို့ပြီး
ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ အစီအစဉ်အရ ဆက်လက်
အရေးယူနိုင်ရန် ပြည်ထောင် စုအစိုးရအဖွဲ့ရုံးသို့လည်း အစီ
ရင်ခံစာ ပေးပို့ရမည်။ စုံစမ်း စစ်ဆေးချက်အရ စွပ်စွဲခံရသူ
အပေါ် ဝန်ထမ်းစည်းကမ်းအရသာ အရေးယူသင့်သည်ဟု
ယူဆပါက ယင်း၏ ဝန်ထမ်း အကြီးအကဲထံ အကြောင်း
ကြားရမည်။ ကော်မရှင်အဖွဲ့ဝင်များ၊ ဤဥပဒေအရဖွဲ့စည်း
သည့် လုပ်ငန်းကော်မတီဝင်များ၊ လုပ်ငန်းအဖွဲ့ဝင်များ
ပဏာမစိစစ်ရေးအဖွဲ့ဝင်များ၊ စုံစမ်းစစ်ဆေးရေးအဖွဲ့ဝင်
များ၊ စစ်ဆေးရေးမှူးနှင့် ကော်မရှင်ရုံး၏ အရာထမ်း၊
အမှုထမ်းများသည် ပြည်သူ့ဝန်ထမ်းများဖြစ်သည်။ နိုင်ငံ
တော်သမ္မတသည် ကော်မရှင်ရုံးကို လိုအပ်သလို ဖွဲ့စည်း
နိုင်သည်။ ကော်မရှင်နှင့် ဤဥပဒေအရဖွဲ့စည်းသည့် လုပ်ငန်း
ကော်မတီဝင်များ၊ လုပ်ငန်းအဖွဲ့ဝင်များ ပဏာမစိစစ်ရေး
အဖွဲ့ဝင်များ၊ စုံစမ်းစစ်ဆေးရေးအဖွဲ့များ၏ အသုံး စရိတ်များ၊
ကော်မရှင်ရုံး၏ အသုံးစရိတ်များအတွက် ပြည်ထောင်စု
အစိုးရအဖွဲ့မှ ဘဏ္ဍာငွေခွဲဝေလျာထားပေး ရမည်။

ဥပဒေပါပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်
ဆောင်ရွက်နိုင်ရန် ကော်မရှင်သည် ပြည်ထောင်စုအစိုးရအဖွဲ့
၏ သဘောတူညီချက်ဖြင့် နည်းဥပဒေ၊ စည်းမျဉ်းနှင့်
စည်းကမ်းများကို ထုတ်ပြန်နိုင်သည်။ ကော်မရှင်သည်
လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့်
လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။ ၁၉၄၈ ခုနှစ်၊
အဂတိလိုက်စားမှုတားမြစ်ရေးအက်ဥပဒေ (ဥပဒေအမှတ်
၆၇/ ၄၈ )ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

**ဖြတ်သန်းမှုအဆင့်ဆင့်**

ဤဥပဒေကြမ်းနှင့်ပတ်သက်၍ အမျိုးသားလွှတ်တော်
တွင် စတင်တင်သွင်းစဉ်ကတစ်ကြိမ်ဆွေးနွေးခဲ့ပြီး ပြည်သူ့
လွှတ်တော်မှ ပြင်ဆင်ချက်ဖြင့်ပြန်လည်ပေးပို့စဉ်က တစ်ကြိမ်
ဆွေးနွေးခဲ့ကြောင်းတွေ့ရသည်။ အမျိုးသားလွှတ်တော်
တွင် ဥပဒေကြမ်းကော်မတီ အစီရင်ခံစာသုံးစောင် တင်သွင်း
ခဲ့ကြောင်းတွေ့ရသည်။ ပြည်သူ့လွှတ်တော်တွင် တစ်ကြိမ်
ဆွေးနွေးခဲ့ပြီး ဥပဒေကြမ်းကော်မတီ အစီရင်ခံစာတစ်စောင်
တင်သွင်းခဲ့ကြောင်းတွေ့ရသည်။ လွှတ်တော်နှစ်ရပ်သ
ဘောထားကွဲလွဲသဖြင့် ပြည်ထောင်စုလွှတ်တော်တွင် ဥပဒေ
ကြမ်းကော်မတီ အစီရင်ခံစာတစ်စောင် တင်သွင်းဆွေးနွေး
ပြီးအတည်ပြုခဲ့ကြောင်းတွေ့ရသည်။ ပြည်ထောင်စုလွှတ်
တော်တွင် အတည်ပြုပြီးသော ဥပဒေကြမ်းကို သမ္မတထံ
ပေးပို့ရာ သမ္မတမှတ်ချက်ဖြင့် ပြန်လည်ရောက်ရှိလာသော

အခါ ဥပဒေကြမ်းကော်မတီ အစီရင်ခံစာတစ်စောင် တင်သွင်းခဲ့ကြောင်းတွေ့ရသည်။

ဤဥပဒေကြမ်းနှင့်ပတ်သက်၍ လွှတ်တော်တွင်စုစုပေါင်းဆွေးနွေးရက် (၁၀) ရက်ရှိခဲ့သည်။ အမျိုးသားလွှတ်တော်တွင် (၄)ရက်၊ ပြည်သူ့လွှတ်တော်တွင် (၂) ရက်နှင့် ပြည်ထောင်စုလွှတ်တော်တွင် (၄) ရက်တို့ရှိခဲ့သည်။

**ဆွေးနွေးမှု**

ဤဥပဒေကြမ်းနှင့်ပတ်သက်၍လွှတ်တော်ကိုယ်စားလှယ် (၁၂)ဦးဝင်ရောက်ဆွေးနွေးခဲ့ကြောင်းတွေ့ရသည်။ အမျိုးသားလွှတ်တော်တွင် (၄) ဦး၊ ပြည်သူ့လွှတ်တော်တွင် (၃) ဦးနှင့် ပြည်ထောင်စုလွှတ်တော်တွင် (၅) ဦးတို့ဝင်ရောက်ဆွေးနွေးခဲ့ကြောင်းတွေ့ရသည်။ ဝင်ရောက်ဆွေးနွေးသည့် လွှတ်တော်ကိုယ်စားလှယ်များမှာ USDP (၅) ဦး၊ NDF (၃) ဦး၊ SNDP (၂) ဦး၊ NLD နှင့် NUP တို့က တစ်ဦးစီ ဆွေးနွေးခဲ့ကြောင်းတွေ့ရသည်။ ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေကြမ်းကော်မတီနှင့် ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့်မှ လာရောက်ရှင်းလင်းပြောကြားသည်ကိုလည်းတွေ့ရသည်။

## ဝင်ရောက်ဆွေးနွေးခဲ့ကြသည့် လွှတ်တော်ကိုယ်စားလှယ်

| စဉ် | ကိုယ်စားလှယ်အမည် | မဲဆန္ဒနယ် | ပါတီ | ဆွေးနွေးသည့်လွှတ်တော် |
|---|---|---|---|---|
| ၁ | ဦးခင်မောင်ရီ | ဧရာဝတီ (၆) | USDP | အမျိုးသားလွှတ်တော် |
| ၂ | ဦးဂျေယောဂု | ကချင် (၁၂) | NUP | အမျိုးသားလွှတ်တော် |
| ၃ | ဦးလုဆွေ | မကွေး (၂) | USDP | အမျိုးသားလွှတ်တော် |
| ၄ | ဦးသိန်းညွန့် | သဃ်န်းကျွန်း | NDF | ပြည်သူ့လွှတ်တော် |
| ၅ | ဒေါက်တာစိုင်းကျော်အုန်း | နမ့်ခမ်း | SNDP | ပြည်သူ့လွှတ်တော် |
| ၆ | ဦးသန်းစိန် | ကြည့်မြင်တိုင် | USDP | ပြည်သူ့လွှတ်တော် |
| ၇ | ဦးမန်းကံညွန့် | ကရင် (၂) | USDP | အမျိုးသားလွှတ်တော် |
| ၈ | ဒေါ်ခင်စန်းလှိုင် | ပုလဲ | NLD | ပြည်ထောင်စုလွှတ်တော် |
| ၉ | ဦးစိုင်းသန်းနိုင် | ဖာပွန် | USDP | ပြည်ထောင်စုလွှတ်တော် |
| ၁၀ | ဒေါက်တာမြတ်ဉာဏစိုး | ရန်ကုန် (၄) | NDF | ပြည်ထောင်စုလွှတ်တော် |
| ၁၁ | ဦးဘုန်းမြင့်အောင် | ရန်ကုန် (၃) | NDF | ပြည်ထောင်စုလွှတ်တော် |
| ၁၂ | ဒေါက်တာစိုင်းကျော်အုန်း | နမ့်ခမ်း | SNDP | ပြည်ထောင်စုလွှတ်တော် |

## ၄.၆၀.၀။ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေ

ဥပဒေကြမ်း စတင် တင်သွင်း
အမျိုးသားလွှတ်တော်
၂၈.၁၀.၂၀၁၃

၂၈.၁၀.၂၀၁၃
ဥပဒေကြမ်းကော်မတီအစီရင်ခံစာတင်သွင်း
အမျိုးသားလွှတ်တော်

ပြင်ဆင်ချက်ဖြင့်အတည်ပြု
အမျိုးသားလွှတ်တော်
၁.၁၁.၂၀၁၃

၁၁.၁၁.၂၀၁၃
ဥပဒေကြမ်းကော်မတီအစီရင်ခံစာတင်သွင်း
ပြည်သူ့လွှတ်တော်

ကိုယ်စားလှယ်များ၏ဆွေးနွေးမှု
ပြည်သူ့လွှတ်တော်
၁၃.၁၁.၂၀၁၃

၁၃.၁၁.၂၀၁၃
ပြင်ဆင်ချက်ဖြင့်အတည်ပြု
ပြည်သူ့လွှတ်တော်

အတည်ပြု
အမျိုးသားလွှတ်တော်
၁၄.၁၁.၂၀၁၃

၁၃.၁.၂၀၁၄
သမ္မတမှတ်ချက်ဖြင့် ပေးပို့မှုအပေါ်ဥပဒေကြမ်းပူးပေါင်း
ကော်မတီ၏လေ့လာတွေ့ရှိချက်အစီရင်ခံစာတင်သွင်း
ပြည်ထောင်စုလွှတ်တော်

သမ္မတမှတ်ချက်ဖြင့် ပေးပို့မှုအပေါ်ဆွေးနွေး
ပြည်ထောင်စုလွှတ်တော်
၁၇.၁.၂၀၁၄

၁၇.၁.၂၀၁၄
ဥပဒေအဖြစ် အတည်ပြု
ပြည်ထောင်စုလွှတ်တော်

၄.၆၀.၀။ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေ

| နောက်ခံအကြောင်းအရာ | |
|---|---|
| တင်သွင်းသူ | ဒေါက်တာမြတ်ဉာဏစိုး၊ အတွင်းရေးမှူး |
| မဲဆန္ဒနယ်/အဖွဲ့အစည်း | ဥပဒေကြမ်းကော်မတီ |
| စတင်တင်သွင်းသည့်လွှတ်တော် | အမျိုးသားလွှတ်တော် |
| တင်သွင်းသည့်ရက်စွဲ | ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ (၂၈)ရက် |
| ဥပဒေအဖြစ် ပြဋ္ဌာန်းသည့်ရက်စွဲ | ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ (၂၅)ရက် |
| အမျိုးအစား | ပြင်ဆင်သည့်ဥပဒေ |
| ကဏ္ဍ | အခြား |

**မိတ်ဆက်**

**(၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၂)**

၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ (၂၅)ရက်နေ့တွင် သမ္မတမှ လက်မှတ်ရေးထိုးပြဋ္ဌာန်းသည်။

**ဖြတ်သန်းမှုအဆင့်ဆင့်**

ဤဥပဒေကြမ်းနှင့်ပတ်သက်၍ အမျိုးသားလွှတ်တော်တွင် စတင်တင်သွင်းစဉ်ကတစ်ကြိမ် ဆွေးနွေးခဲ့ပြီး ပြည်သူ့လွှတ်တော်မှ ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသောအခါ ပြင်ဆင်ချက်အဆို တင်သွင်းဆွေးနွေးမည့် လွှတ်တော်ကိုယ်စားလှယ် မရှိသဖြင့် ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်အတိုင်း အတည်ပြုခဲ့ကြောင်းတွေ့ရသည်။ အမျိုးသားလွှတ်တော်တွင် ဥပဒေကြမ်းကော်မတီ အစီရင်ခံစာတစ်စောင် တင်သွင်းခံကြောင်းတွေ့ရသည်။ ပြည်သူ့လွှတ်တော်တွင် တစ်ကြိမ်ဆွေးနွေးခဲ့ပြီး ဥပဒေကြမ်းကော်မတီ အစီရင်ခံစာတစ်စောင် တင်သွင်းခဲ့ကြောင်းတွေ့ရသည်။ လွှတ်တော်နှစ်ရပ် သဘောထားကွဲလွဲမှု မရှိသဖြင့် ပြည်ထောင်စုလွှတ်တော်၌ မှတ်တမ်းတင် အတည်ပြုခဲ့ကြောင်းတွေ့ရသည်။ ပြည်ထောင်စုလွှတ်တော်၌ မှတ်တမ်းတင်အတည်ပြုပြီးသော ဥပဒေကြမ်းအား သမ္မတထံပေးပို့ရာ သမ္မတမှ သဘောထားမှတ်ချက်ဖြင့် ပြန်လည်ပေးပို့ရာ သမ္မတ၏ သဘောထား မှတ်ချက်ပေါ်တွင် ဥပဒေကြမ်းပူးပေါင်းကော်မတီမှ အစီရင်ခံစာတစ်စောင် တင်သွင်းခဲ့ကြောင်း တွေ့ရသည်။

ဤဥပဒေကြမ်းနှင့်ပတ်သက်၍ လွှတ်တော်တွင်စုစုပေါင်းဆွေးနွေးရက် (၅)ရက် ရှိခဲ့သည်။ အမျိုးသားလွှတ်တော်တွင် (၁)ရက်၊ ပြည်သူ့လွှတ်တော်တွင် (၂)ရက်နှင့် ပြည်ထောင်စုလွှတ်တော်တွင် (၂) ရက်ရှိခဲ့သည်။

**ဆွေးနွေးမှု**

ဤဥပဒေကြမ်းနှင့်ပတ်သက်၍ လွှတ်တော်ကိုယ်စားလှယ် (၄)ဦး ဝင်ရောက်ဆွေးနွေးခဲ့ကြောင်းတွေ့ရသည်။ ပြည်သူ့လွှတ်တော်တွင် (၃)ဦး၊ ပြည်ထောင်စုလွှတ်တော် (၁) ဦးနှင့် တပ်မတော်သားကိုယ်စားလှယ် (၂)ဦးတို့ ဆွေးနွေးခဲ့ကြောင်း တွေ့ရသည်။ ဝင်ရောက်ဆွေးနွေးသည့် လွှတ်တော်ကိုယ်စားလှယ်များမှာ NLD (၂)ဦး၊ NDF နှင့် RNDP တို့မှ တစ်ဦးစီ တို့ဝင်ရောက်ဆွေးနွေးခဲ့ကြောင်း တွေ့ရသည်။ ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေကြမ်းကော်မတီမှ လာရောက်ရှင်းလင်းသည်ကို တွေ့ရသည်။

## ဝင်ရောက်ဆွေးနွေးခဲ့ကြသည့် လွှတ်တော်ကိုယ်စားလှယ်

| စဉ် | ကိုယ်စားလှယ်အမည် | မဲဆန္ဒနယ် | ပါတီ | ဆွေးနွေးသည့်လွှတ်တော် |
|---|---|---|---|---|
| ၁ | ဦးစိုင်းဘိုအောင် | မူဆယ် | SNDP | ပြည်သူ့လွှတ်တော် |
| ၂ | ဦးလှထွန်း | ခနွီး | USDP | ပြည်သူ့လွှတ်တော် |
| ၃ | ဦးအောင်သိန်း | ရွာငံ | USDP | ပြည်သူ့လွှတ်တော် |
| ၄ | ဒေါက်တာစိုင်းကျော်အုန်း | နမ့်ခမ်း | SNDP | ပြည်သူ့လွှတ်တော် |
| ၅ | ဦးသိန်းထွန်းဦး | အမရပူရ | USDP | ပြည်သူ့လွှတ်တော် |
| ၆ | ဦးဝင်းသန်း | သာပေါင်း | USDP | ပြည်သူ့လွှတ်တော် |

## ၄.၆၁.၀။ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေ ဥပဒေ

- ၁၃.၁.၂၀၁၄ — ဥပဒေကြမ်းစတင်တင်သွင်း ပြည်သူ့လွှတ်တော်
- ၁၆.၁.၂၀၁၄ — ဥပဒေကြမ်းကော်မတီအစီရင်ခံစာတင်သွင်း ပြည်သူ့လွှတ်တော်
- ၄.၂.၂၀၁၄ — ကိုယ်စားလှယ်များ၏ဆွေးနွေးမှု ပြည်သူ့လွှတ်တော်
- ၄.၂.၂၀၁၄ — ပြင်ဆင်ချက်ဖြင့်အတည်ပြု ပြည်သူ့လွှတ်တော်
- ၇.၂.၂၀၁၄ — ဥပဒေကြမ်းကော်မတီအစီရင်ခံစာတင်သွင်း အမျိုးသားလွှတ်တော်
- ၁၁.၂.၂၀၁၄ — အတည်ပြု အမျိုးသားလွှတ်တော်
- ၁၈.၂.၂၀၁၄ — ဥပဒေအဖြစ် အတည်ပြု ပြည်ထောင်စုလွှတ်တော်

၄.၆၁.၀။ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေ ဥပဒေ

| နောက်ခံအကြောင်းအရာ | |
|---|---|
| တင်သွင်းသူ | ဦးစောလှထွန်း |
| မဲဆန္ဒနယ်/အဖွဲ့အစည်း | ချောင်းဦး |
| စတင်တင်သွင်းသည့်လွှတ်တော် | ပြည်သူ့လွှတ်တော် |
| တင်သွင်းသည့်ရက်စွဲ | ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ (၁၃)ရက် |
| ဥပဒေအဖြစ် ပြဋ္ဌာန်းသည့်ရက်စွဲ | ၂၀၁၄ ခုနှစ်၊ မတ်လ (၁၂)ရက် |
| အမျိုးအစား | အသစ်ရေးဆွဲပြဋ္ဌာန်းသည့်ဥပဒေ |
| ကဏ္ဍ | အခြား |

**မိတ်ဆက်**

**( ၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၉ )**

၂၀၁၄ ခုနှစ်၊ မတ်လ (၁၂)ရက်နေ့တွင် သမ္မတမှ လက်မှတ်ရေးထိုးပြဋ္ဌာန်းသည်။ ဤဥပဒေတွင် အခန်းပေါင်း (၈) ခန်းနှင့် ဥပဒေပုဒ်မပေါင်း (၂၀) ပါရှိသည်။

**ရည်ရွယ်ချက်**

ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်း မြို့နယ်အားလုံးနှင့် ကျေးလက်ဒေသမကျန် နှစ်စဉ် ဖွံ့ဖြိုးတိုးတက်လာစေရန်၊ မြို့နယ်အလိုက် ဖွံ့ဖြိုးရေးရန်ပုံငွေကို နှစ်စဉ်ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ခန့်မှန်းခြေငွေစာရင်း ရေးဆွဲရာတွင် ပါဝင်စေရန်၊ မဲဆန္ဒနယ်မြေရှိ ပြည်သူများ၏ လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန်၊ ဖြည့်ဆည်းရာတွင် အဓိကဆောင်ရွက်ရမည့် လုပ်ငန်းငယ်များကို အုပ်ချုပ်ရေးဆိုင်ရာ အဖွဲ့အစည်းများက အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်ရန်၊ ကျေးလက်ဒေသများ လျင်မြန်စွာဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် အထောက်အကူဖြစ်စေရန်နှင့် မြို့နယ်အလိုက် သုံးစွဲရန်ခွင့်ပြုထားသော ထောက်ပံ့ငွေဖြင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဥပဒေနှင့်အညီ စနစ်တကျဆောင်ရွက်သည့် အလေ့အကျင့်ရရှိစေရန်တို့ဖြစ်သည်။

**ကိုင်တွယ်သည့်အဖွဲ့အစည်း**

**ဖွံ့ဖြိုးရေးလုပ်ငန်းဗဟိုကော်မတီဖွဲ့စည်းခြင်း**

| စဉ် | ဌာန | ဌာနဆိုင်ရာ ရာထူးအဆင့် | တာဝန် |
|---|---|---|---|
| ၁ | ပြည်ထောင်စုလွှတ်တော် | နာယက | ဥက္ကဋ္ဌ |
| ၂ | ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော် | ဥက္ကဋ္ဌ | ဒုတိယဥက္ကဋ္ဌ |
| ၃ | ပြည်သူ့လွှတ်တော် | ဒုတိယဥက္ကဋ္ဌ | အဖွဲ့ဝင် |
| ၄ | အမျိုးသားလွှတ်တော် | ဒုတိယဥက္ကဋ္ဌ | အဖွဲ့ဝင် |
| ၅ | ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၊ ပြည်ထောင်စုလွှတ်တော် | ဥက္ကဋ္ဌ | အဖွဲ့ဝင် |
| ၆ | စီမံကိန်းများနှင့် ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းကော်မတီ၊ ပြည်ထောင်စုလွှတ်တော် | ဥက္ကဋ္ဌ | အဖွဲ့ဝင် |
| ၇ | ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၊ ပြည်ထောင်စုလွှတ်တော် | အတွင်းရေးမှူး | အတွင်းရေးမှူး |
| ၈ | စီမံကိန်းများနှင့် ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းကော်မတီ ပြည်ထောင်စုလွှတ်တော် | အတွင်းရေးမှူး | တွဲဖက်အတွင်းရေးမှူး |

ဗဟိုကော်မတီသည် ဖွံ့ဖြိုးရေးရန်ပုံငွေကို ဘဏ္ဍာငွေကော်မရှင်နှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊ သက်ဆိုင်ရာမြို့နယ်ဖွံ့ဖြိုးရေးလုပ်ငန်း အကောင်အထည်ဖော်ရေးအဖွဲ့က လုပ်ငန်းများနှင့်စပ်လျဉ်း၍ ပြည်ထောင်စုပူးပေါင်းကော်မတီများအားစိစစ်တင်ပြရန် တာဝန်ပေးအပ်ခြင်း၊ မြို့နယ်အရွယ်အစားနှင့် ဖွံ့ဖြိုးမှုအလိုက် စိစစ်ခွဲဝေခြင်း၊ သုံးစွဲရန်စည်းကမ်းချက်များသတ်မှတ်ခြင်း၊ သတ်မှတ်ထားသောစည်းကမ်းချက်များနှင့်အညီ သုံးစွဲစေခြင်း၊ လုပ်ငန်းနှင့်စာရင်းစစ်ဆေးရေးဗဟိုအဖွဲ့ကို သင့်လျော်သောပုဂ္ဂိုလ်များနှင့် လိုအပ်သလို ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း၊ မြို့နယ်များ၏ ဖွံ့ဖြိုးရေးလုပ်ငန်း အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှုများကို စာရင်းချုပ်ပြုစု၍ ပြည်ထောင်စုလွှတ်တော်သို့ တင်ပြအစီရင်ခံခြင်းနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ၏ ရုံးလုပ်ငန်းတာဝန်များကို ထိရောက်စွာ ဆောင်ရွက်နိုင်ရန် ပြည်ထောင်စုလွှတ်တော်ရုံးအား တာဝန်လွှဲအပ် ဆောင်ရွက်စေခြင်းတို့ဖြစ်သည်။

## မြို့နယ်ဖွံ့ဖြိုးရေးလုပ်ငန်း အကောင်အထည်ဖော်ရေးအဖွဲ့များ ဖွဲ့စည်းခြင်း

| စဉ် | ဌာန | ဌာနဆိုင်ရာ ရာထူးအဆင့် | တာဝန် |
|---|---|---|---|
| ၁ | . | လွှတ်တော်ကိုယ်စားလှယ်တစ်ဦး | ဥက္ကဋ္ဌ |
| ၂ | . | ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်သော လွှတ်တော်ကိုယ်စားလှယ်မှအပ ကျန်လွှတ်တော်ကိုယ်စားလှယ်များ | အဖွဲ့ဝင် |
| ၃ | မြို့နယ်စည်ပင်သာယာရေးကော်မတီ | အမှုဆောင်အရာရှိ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ သို့မဟုတ် မြို့နယ်အုပ်ချုပ်ရေးမှူး | အဖွဲ့ဝင် |
| ၄ | ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန | မြို့နယ်ဦးစီးမှူး | အဖွဲ့ဝင် |
| ၅ | မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီ | ဥက္ကဋ္ဌ | အဖွဲ့ဝင် |
| ၆ | မြို့နယ်အထွေထွေအတွင်းရေးမှူးအုပ်ချုပ်ရေးဦးစီးဌာန | မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး | အတွင်းရေးမှူး |

ဖွဲ့စည်းသောအဖွဲ့တွင် လိုအပ်ပါက အဖွဲ့ဝင်များထဲမှ ပုဂ္ဂိုလ်နှစ်ဦးသည် ဒုတိယဥက္ကဋ္ဌနှင့် တွဲဖက်အတွင်းရေးမှူးအဖြစ် ထည့်သွင်းဖွဲ့စည်းနိုင်သည်။ မြို့နယ်ဖွံ့ဖြိုးရေးအကောင်အထည်ဖော်ရေးအဖွဲ့သည် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဒေသအတွက် လုပ်ငန်းများကို ကုန်ကျစရိတ်မကြီးမြင့်စေဘဲ အလေးထားဆောင်ရွက်ခြင်းနှင့် ကြီးကြပ်ခြင်း၊ မြို့နယ်အတွင်းရှိ တိုင်းရင်းသားလူမျိုးများ၏ သဘောထားကိုပါ ထည့်သွင်းစဉ်းစားနိုင်စေရန် သက်ဆိုင်ရာတိုင်းရင်းသားလူမျိုးရေးရာ ဝန်ကြီးများကို လိုအပ်ပါကအကြံဉာဏ်များ ရယူခြင်းတို့ဖြစ်သည်။ ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့်စပ်လျဉ်းသည့် ရုံးလုပ်ငန်းများကို စနစ်တကျရှိစေရေးအတွက် မြို့နယ်ဖွံ့ဖြိုးရေး လုပ်ငန်းအကောင်အထည်ဖော်ရေးအဖွဲ့၏ အတွင်းရေးမှူးအား တာဝန်ပေးအပ်ခြင်းနှင့် ဗဟိုကော်မတီက အခါအားလျော်စွာ ထုတ်ပြန်သည့်အမိန့်၊ ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်ခြင်း တို့ဖြစ်သည်။ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အမျိုးသားစီမံကိန်းနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဒေသန္တရစီမံကိန်းလုပ်ငန်းများ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်ကို ထိခိုက်စေသော လုပ်ငန်းများ စသည်တို့ကို လုပ်ကိုင်ခြင်းမပြုရ။ မြို့နယ်ဖွံ့ဖြိုးရေးလုပ်ငန်း အကောင်အထည်ဖော်ရေးအဖွဲ့သည် ဖွံ့ဖြိုးရေးလုပ်ငန်းနှင့် သက်ဆိုင်သော စာရင်းဇယားများ၊ မှတ်တမ်းများ၊ စာရင်းစစ်ဆေးချက်နှင့် အစီရင်ခံစာများကို ဗဟိုကော်မတီသို့ ပေးပို့တင်ပြရမည်။ မြို့နယ်ဖွံ့ဖြိုးရေးလုပ်ငန်း အကောင်အထည်ဖော်ရေးအဖွဲ့သည် ဖွံ့ဖြိုးရေးလုပ်ငန်းများကို သက်ဆိုင်ရာဘဏ္ဍာရေးနှစ်အတွင်း ပြီးပြတ်အောင် ဆောင်ရွက်ရမည်ဖြစ်ပြီး ဆောင်ရွက်နိုင်ခြင်းမရှိပါက ပိုလျှံရန်ပုံငွေများကို ပြန်လည်အပ်နှံရမည်။ ပြည်ထောင်စုစာရင်းစစ်ချုပ်သည် ပြည်ထောင်စုလွှတ်တော်နာယကမှ အကြောင်းကြားသည့်အခါ ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် စာရင်းများကို စစ်ဆေးပြီး စာရင်းစစ်အစီရင်ခံစာကို တင်ပြရမည်။

ပြည်ထောင်စုလွှတ်တော်ရုံးသည် ဗဟိုကော်မတီနှင့် ယင်းက ဖွဲ့စည်းထားသော အဖွဲ့များ၏ ကုန်ကျစရိတ်များကို ကျခံရမည်။ ပြည်ထောင်စုလွှတ်တော်ရုံးသည် ဗဟိုကော်မတီ

၏ ရုံးလုပ်ငန်းများကို တာဝန်ယူ ဆောင်ရွက်ရမည်။ ပြည်ထောင်စုလွှတ်တော်ရုံးသည် လုပ်ငန်းများကို အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်ရန် ဗဟိုကော်မတီ၏ ခွင့်ပြုချက်ဖြင့် ဝန်ထမ်းဖွဲ့စည်းပုံကို လိုအပ်သလို ဆောင်ရွက်နိုင်သည်။

ပြည်ထောင်စုလွှတ်တော်ရုံးက ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန် ထုတ်ပြန်ခဲ့သော အမိန့်ကြော်ငြာစာများသည် ဥပဒေပါပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်သရွေ့ ဆက်လက် ကျင့်သုံးနိုင်သည်။ ဥပဒေပါပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင်ဗဟိုကော်မတီသည် နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

## ဖြတ်သန်းမှုအဆင့်ဆင့်

ဤဥပဒေကြမ်းနှင့်ပတ်သက်၍ ပြည်သူ့လွှတ်တော်တွင် စတင်တင်သွင်းစဉ်ကတစ်ကြိမ် ဆွေးနွေးခဲ့ပြီး အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသောအခါ ပြင်ဆင်ချက်အဆို တင်သွင်းဆွေးနွေးမည့် လွှတ်တော်ကိုယ်စားလှယ် မရှိသဖြင့် အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်အတိုင်း အတည်ပြုခဲ့ကြောင်းတွေ့ရသည်။ ပြည်သူ့လွှတ်တော်တွင် ဥပဒေကြမ်းကော်မတီ အစီရင်ခံစာ တစ်စောင် တင်သွင်းခံကြောင်းတွေ့ရသည်။ အမျိုးသားလွှတ်တော်တွင် တစ်ကြိမ်ဆွေးနွေးခဲ့ပြီး ဥပဒေကြမ်းကော်မတီ အစီရင်ခံစာတစ်စောင် တင်သွင်းခဲ့ကြောင်းတွေ့ရသည်။ လွှတ်တော်နှစ်ရပ် သဘောထားကွဲလွဲမှု မရှိသဖြင့် ပြည်ထောင်စုလွှတ်တော်၌ မှတ်တမ်းတင် အတည်ပြုခဲ့ကြောင်းတွေ့ရသည်။

ဤဥပဒေကြမ်းနှင့်ပတ်သက်၍ လွှတ်တော်တွင်စုစုပေါင်းဆွေးနွေးရက် (၃)ရက်ရှိခဲ့သည်။ ပြည်သူ့လွှတ်တော်တွင် (၂)ရက်၊ အမျိုးသားလွှတ်တော်တွင် (၁) ရက်ဆွေးနွေးခဲ့ကြခြင်းဖြစ်သည်။

## ဆွေးနွေးမှု

ဤဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် (၅) ဦးဝင်ရောက်ဆွေးနွေးခဲ့သည်။ ဆွေးနွေးခဲ့ကြသော လွှတ်တော်ကိုယ်စားလှယ်များမှာ USDP မှ နှစ်ဦး၊ NDF ၊ SNDP နှင့် တပ်မတော်သားကိုယ်စားလှယ် တစ်ဦးစီတို့ဖြစ်သည်။

**ဝင်ရောက်ဆွေးနွေးခဲ့ကြသည့် လွှတ်တော်ကိုယ်စားလှယ်**

| စဉ် | ကိုယ်စားလှယ်အမည် | မဲဆန္ဒနယ် | ပါတီ | ဆွေးနွေးသည့်လွှတ်တော် |
|---|---|---|---|---|
| ၁ | ဒေါ်တင်နွယ်ဦး | ဒဂုံမြောက်ပိုင်း | NDF | ပြည်သူ့လွှတ်တော် |
| ၂ | ဦးစိုင်းသီဟကျော် | မိုင်းရယ် | SNDP | ပြည်သူ့လွှတ်တော် |
| ၃ | တပ်မတော်သားတစ်ဦး | တပ်မတော်သား | . | ပြည်သူ့လွှတ်တော် |
| ၄ | ဦးဝင်းမြင့် | ပြည် | USDP | ပြည်သူ့လွှတ်တော် |
| ၅ | ဦးမင်းဆွေ | ဒိုက်ဦး | USDP | ပြည်သူ့လွှတ်တော် |

## ၄.၆၂.၀။ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် ဥပဒေ

| ရက်စွဲ | ဆောင်ရွက်ချက် |
| --- | --- |
| ၂၉.၇.၂၀၁၃ | ဥပဒေကြမ်းစတင်တင်သွင်း အမျိုးသားလွှတ်တော် |
| ၂၀.၈.၂၀၁၃ | ဥပဒေကြမ်းကော်မတီအစီရင်ခံစာတင်သွင်း အမျိုးသားလွှတ်တော် |
| ၂၀.၈.၂၀၁၃ | ကိုယ်စားလှယ်များ၏ဆွေးနွေးမှု အမျိုးသားလွှတ်တော် |
| ၂၈.၈.၂၀၁၃ | ဥပဒေကြမ်းကော်မတီအစီရင်ခံစာပြန်လည်တင်သွင်း အမျိုးသားလွှတ်တော် |
| ၂၈.၈.၂၀၁၃ | ပြင်ဆင်ချက်ဖြင့်အတည်ပြု အမျိုးသားလွှတ်တော် |
| ၁.၁၀.၂၀၁၃ | ဥပဒေကြမ်းကော်မတီအစီရင်ခံစာတင်သွင်း ပြည်သူ့လွှတ်တော် |
| ၂၃.၁.၂၀၁၄ | ကိုယ်စားလှယ်များ၏ဆွေးနွေးမှု ပြည်သူ့လွှတ်တော် |
| ၂၃.၁.၂၀၁၄ | ပြင်ဆင်ချက်ဖြင့်အတည်ပြု ပြည်သူ့လွှတ်တော် |
| ၁၉.၂.၂၀၁၄ | ကိုယ်စားလှယ်များ၏ဆွေးနွေးမှု အမျိုးသားလွှတ်တော် |
| ၂၈.၂.၂၀၁၄ | ဥပဒေကြမ်းကော်မတီအစီရင်ခံစာတင်သွင်း အမျိုးသားလွှတ်တော် |
| ၁၀.၃.၂၀၁၄ | ဥပဒေကြမ်းပူးပေါင်းကော်မတီအစီရင်ခံစာတင်သွင်း ပြည်ထောင်စုလွှတ်တော် |
| ၂၆.၃.၂၀၁၄ | သမ္မတမှတ်ချက်ဖြင့် ပေးပို့မှုအပေါ်ဥပဒေကြမ်းပူးပေါင်းကော်မတီ၏လေ့လာတွေ့ရှိချက်အစီရင်ခံစာတင်သွင်း ပြည်ထောင်စုလွှတ်တော် |
| ၂၆.၃.၂၀၁၄ | ဥပဒေအဖြစ် အတည်ပြု ပြည်ထောင်စုလွှတ်တော် |

၄.၆၂.၀။ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် ဥပဒေ

| နောက်ခံအကြောင်းအရာ | |
|---|---|
| တင်သွင်းသူ | ဦးစိုးမောင်၊ ပြည်ထောင်စုဝန်ကြီး |
| မဲဆန္ဒနယ်/အဖွဲ့အစည်း | သမ္မတရုံးဝန်ကြီးဌာန-၂ |
| စတင်တင်သွင်းသည့်လွှတ်တော် | အမျိုးသားလွှတ်တော် |
| တင်သွင်းသည့်ရက်စွဲ | ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ (၂၉)ရက် |
| ဥပဒေအဖြစ် ပြဋ္ဌာန်းသည့်ရက်စွဲ | ၂၀၁၄ ခုနှစ်၊ မတ်လ (၂၈)ရက် |
| အမျိုးအစား | အသစ်ရေးဆွဲပြဋ္ဌာန်းသည့်ဥပဒေ |
| ကဏ္ဍ | အခြား |

## မိတ်ဆက်

## (၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၂၁)

၂၀၁၄ ခုနှစ်၊ မတ်လ (၂၈)ရက်နေ့တွင် သမ္မတမှ လက်မှတ်ရေးထိုးပြဋ္ဌာန်းသည်။ ဤဥပဒေတွင် အခန်းပေါင်း (၉) ခန်းနှင့် ပုဒ်မပေါင်း (၇၀)ခု ပါဝင်သည်။

## ရည်ရွယ်ချက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံသားများ၏အခွင့်အရေးကို ပိုမို၍ ကာကွယ်စောင့်ရှောက်နိုင်ရန်၊ နိုင်ငံတော်ကလက်ခံထားသည့် အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းများ၊ ဆုံးဖြတ်ချက်များ၊ ဒေသဆိုင်ရာ သဘောတူညီချက်များနှင့် ကြေညာချက်များပါ လူ့အခွင့်အရေးများကို ထိရောက်စွာ မြှင့်တင်ကာကွယ်နိုင်ရန်နှင့် လူ့အခွင့်အရေးနှင့်သက်ဆိုင်သည့် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများနှင့် ဆက်သွယ်ညှိနှိုင်း၍ ပူးပေါင်းဆောင်ရွက်နိုင်ရန်တို့ဖြစ်သည်။

## ကိုင်တွယ်သည့်အဖွဲ့အစည်း

နိုင်ငံတော်သမ္မတသည် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ကို ဖွဲ့စည်းနိုင်ရေးအတွက် ပြည်ထောင်စုတရားသူကြီးချုပ်၊ ပြည်ထောင်စုဝန်ကြီး ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ် မြန်မာနိုင်ငံ တရားလွှတ်တော်ရှေ့နေများ ကောင်စီ၊ ပြည်ထောင်စုလွှတ်တော်မှ ကိုယ်စားလှယ်နှစ်ဦး၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်မှ ကိုယ်စားလှယ်တစ်ဦးနှင့် ဥပဒေနှင့်အညီ ဖွဲ့စည်းထားသော အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ကိုယ်စားလှယ်နှစ်ဦးတို့ ပါဝင်သော ကော်မရှင်အဖွဲ့ဝင်လောင်း စီစစ်ရွေးချယ်ရေးအဖွဲ့ကို ဖွဲ့စည်းရမည်။ စီစစ်ရေးအဖွဲ့သည် ကော်မရှင်အဖွဲ့ဝင်လောင်းများ ရွေးချယ်ရေးအတွက် လုပ်ထုံးလုပ်နည်းများကို ရေးဆွဲရမည်။ ယင်းလုပ်ထုံးလုပ်နည်းများနှင့်အညီ ရွေးချယ်သောကော်မရှင်အဖွဲ့ဝင်လောင်း(၃၀)ဦး၏အမည်စာရင်းကို နိုင်ငံတော်သမ္မတထံတင်ပြရမည်။ နိုင်ငံတော်သမ္မတသည် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌတို့နှင့် ညှိနှိုင်း၍ ကော်မရှင်အဖွဲ့ဝင်လောင်းထဲမှ သင့်လျော်သော ကော်မရှင်အဖွဲ့ဝင်များကို ရွေးချယ်ခန့်အပ်ရမည်။ ရွေးချယ်ခန့်အပ်ရာတွင် ကော်မရှင်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့ကို တစ်ပါတည်း သတ်မှတ်ရမည်။ ကော်မရှင်ဥက္ကဋ္ဌကို ပြည်ထောင်စုဝန်ကြီး အဆင့်အဖြစ်လည်းကောင်း၊ ဒုတိယ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များကို ပြည်ထောင်စု ဒုတိယဝန်ကြီးအဆင့် အဖြစ်လည်းကောင်း သတ်မှတ်ရမည်။ သတ်မှတ်သော အဆင့်အတန်းနှင့်လျော်ညီသည့် ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များကို ခံစားခွင့်ရှိစေရမည်။ ကော်မရှင် အဖွဲ့ဝင်အဖြစ် ရွေးချယ်ခန့်အပ်ခြင်းခံရသူသည် ရွေးချယ် ခန့်အပ်ခံရသည့်နေ့မှစ၍ နိုင်ငံ့ဝန်ထမ်းဖြစ်လျှင် တည်ဆဲ ဝန်ထမ်းစည်းမျဉ်း စည်းကမ်းများနှင့်အညီ နိုင်ငံဝန်ထမ်းအဖြစ်မှ အငြိမ်းစား ယူပြီးဖြစ်သည်ဟု မှတ်ယူရမည်။ ကော်မရှင် အဖွဲ့ဝင်တစ်ဦး၏ လုပ်ငန်းတာဝန်များကို ထိခိုက်စေနိုင်သည့် ပြည်တွင်း ပြည်ပဌာန၊ အဖွဲ့အစည်းနှင့် လုပ်ငန်းများတွင် လုပ်ကိုင်သူဖြစ်ပါက ယင်းတို့မှ နုတ်ထွက်ရမည်။ ကော်မရှင်အဖွဲ့ဝင်၏ ရာထူးသက်တမ်းသည် ငါးနှစ်ဖြစ်သည်။ ကော်မရှင်

အဖွဲ့ဝင်များသည် တစ်ဆက်တည်း ရာထူးသက်တမ်းနှစ်ခုထက် ပိုမိုတာဝန်ထမ်းဆောင်ခွင့် မရှိစေရ။ ရာထူးမှ နုတ်ထွက်ခြင်း သို့မဟုတ် တာဝန်မှ ရပ်စဲခံရခြင်းမှတစ်ပါး လက်ရှိတာဝန်ထမ်းဆောင်နေသော ကော်မရှင်အဖွဲ့ဝင်သည် ကော်မရှင်အဖွဲ့ဝင်အသစ်ခန့် အပ်ပြီးသည့်အချိန်အထိ မိမိတာဝန်များကို ဆက်လက်ထမ်းဆောင်ရမည်။ ကော်မရှင်ဥက္ကဋ္ဌသည် အကြောင်းတစ်စုံတစ်ရာကြောင့် မိမိ၏လုပ်ငန်းတာဝန်ကို ဆောင်ရွက်နိုင်ခြင်းမရှိလျှင် ဒုတိယဥက္ကဋ္ဌသည် ဥက္ကဋ္ဌ၏ လုပ်ငန်းတာဝန်ကို ဆောင်ရွက်ရမည်။ ကော်မရှင်သည် မိမိ၏ လုပ်ငန်းတာဝန်များ ဆောင်ရွက်ရာတွင် ထိရောက်မှုရှိစေရေးအတွက် နိုင်ငံတော်သမ္မတထံ အသိပေး၍ လိုအပ်သည့် ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်သူများကို ငှားရမ်းခွင့်ရှိသည်။ ကော်မရှင်သည် ပုံမှန်အစည်းအဝေးများနှင့် အထူးအစည်းအဝေးများ ကျင်းပခြင်းကို ထုတ်ပြန်ထားသော နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။ ကော်မရှင်သည် စုံစမ်းစစ်ဆေးမှု တစ်ရပ်ပြုလုပ်ရာတွင် သဘာဝတရား၏ မျှတမှုသဘောတရားနှင့်အညီ ဆောင်ရွက်ရမည်။ တရားမကျင့်ထုံး၊ ရာဇဝတ်ကျင့်ထုံးနှင့် သက်သေခံအက်ဥပဒေတို့ပါ သက်ဆိုင်သည့် ပြဋ္ဌာန်းချက်များကို ဆီလျော်သလိုကျင့်သုံးဆောင်ရွက်နိုင်သည်။ ကော်မရှင်သည် လူ့အခွင့်အရေးဖောက်ဖျက်မှုများ ကျယ်ပြန့်စွာဖြစ်ပွားနေသည်ကိုလည်းကောင်း၊ ဖောက်ဖျက်မှုသည် စနစ်တစ်ရပ်အဖြစ် ဦးတည်နေသည်ကိုလည်းကောင်း သိရှိပါက ဦးဆောင်ဦးရွက်ပြု၍ စုံစမ်းစစ်ဆေးခြင်းကို ဆောင်ရွက်နိုင်သည်။ လူ့အခွင့်အရေး ဖောက်ဖျက်မှုရှိသည်ဟု ယူဆလျှင် ပုဂ္ဂိုလ်တစ်ဦးသည် ကိုယ်တိုင်အတွက်သော်လည်းကောင်း၊ အခြားသူတစ်ဦးတစ်ယောက်အတွက်သော်လည်းကောင်း၊ တူညီသောလူတစ်စုကို ကိုယ်စားပြု၍ သော်လည်းကောင်း တိုင်တန်းလိုသည့်အကြောင်းအရာ ဖော်ပြပြီး ကော်မရှင်သို့ တိုင်ကြားနိုင်သည်။ ကော်မရှင်သည် မိမိ၏ လုပ်ပိုင်ခွင့်များကို လွတ်လပ်စွာဆောင်ရွက်ခွင့်ရှိသည်။ ငွေကြေးစီမံခန့်ခွဲမှုနှင့် အုပ်ချုပ်ရေးဆိုင်ရာ ကိစ္စရပ်များကို ဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ လွတ်လပ်စွာ ဆောင်ရွက်ခွင့်ရှိသည်။ ကော်မရှင်သည် လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရန်အလို့ငှာ ဝန်ထမ်းဖွဲ့စည်းပုံတစ်ရပ် ရေးဆွဲပြီး လိုအပ်သော အရာထမ်းများနှင့် အမှုထမ်းများကို ခန့်ထားရမည်။ ကော်မရှင်ရုံး အကြီးအမှူးသည် ကော်မရှင်၏ အတွင်းရေးမှူးအဖြစ် တာဝန်ထမ်းဆောင်ရမည့်အပြင် ကော်မရှင်က သတ်မှတ်ပေးထားသော လုပ်ငန်းတာဝန်များကိုလည်း ထမ်းဆောင်ရမည်။ ရုံးဝန်ထမ်းအဖွဲ့အစည်းသည် ကော်မရှင်ကို တာဝန်ခံရမည်။ ကော်မရှင်သည် နိုင်ငံ့ဝန်ထမ်းများအတွက် သတ်မှတ်ထားသော ဥပဒေ၊ စည်းမျဉ်းများနှင့်အညီ ဝန်ထမ်းများ၏ ရာထူးအဆင့်အတန်းများကို သတ်မှတ်ပေးရမည်။ ကော်မရှင်သည် ကော်မရှင်ရုံးချုပ် ဖွင့်လှစ်ထားရှိပြီး လုပ်ငန်းတာဝန်များကို အကောင်အထည်ဖော်ရန်အတွက် ကော်မရှင်ရုံးခွဲများကို လိုအပ်သလို ဖွင့်လှစ်နိုင်သည်။ ကော်မရှင်သည် လုပ်ငန်းတာဝန်များကို ထိရောက်စွာ အကောင်အထည်ဖော်ရန်အတွက် လိုအပ်သော အဖွဲ့ခွဲများ၊ လုပ်ငန်းအဖွဲ့များကို ဒေသအလိုက်ဖြစ်စေ၊ ဘာသာရပ်အလိုက်ဖြစ်စေ၊ ဖွဲ့စည်းပြီး လုပ်ငန်းတာဝန်များ သတ်မှတ်ပေးနိုင်သည်။ ကော်မရှင်က တာဝန်ပေးအပ်ခြင်းခံရသူသည် လုပ်ငန်းတာဝန် ထမ်းဆောင်နေချိန်တွင် ပြည်သူ့ဝန်ထမ်းဖြစ်သည်။

နိုင်ငံတော်သမ္မတသည် ကော်မရှင်အဖွဲ့ဝင်တစ်ဦးဦးအား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌတို့နှင့်ညှိနှိုင်းပြီး ဥပဒေအရ သတ်မှတ်ထားသော ဆေးအဖွဲ့၏ စစ်ဆေးချက်အရ ကိုယ်စိတ်နှစ်ပါးအနက် တစ်ပါးပါး ထာဝစဉ် ချို့ယွင်းသွားခြင်းကြောင့် တာဝန်ကို ဆက်လက်ထမ်းဆောင်နိုင်စွမ်းမရှိတော့ကြောင်း တွေ့ရှိရခြင်း၊ တရားရုံးတစ်ခုခုမှ ပြစ်မှုကြောင်းအရ ထောင်ဒဏ်ချမှတ်ခံရခြင်း၊ လူမွဲအဖြစ် ကြေညာခြင်းခံရခြင်းနှင့် ကော်မရှင်က ချမှတ်ထားသော စည်းကမ်းချက်များကို လိုက်နာရန်ပျက်ကွက်ခြင်းတို့ အခြေအနေတစ်ရပ်ရပ် ပေါ်ပေါက်ပါက တာဝန်မှ ရပ်စဲနိုင်သည်။ နိုင်ငံတော်သည် ဥပဒေအရ အပ်နှင်းထားသော လုပ်ငန်းတာဝန်များကို ကော်မရှင်က ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်စေရန်အလို့ငှာ လိုအပ်သော ငွေကြေးကို ထောက်ပံ့ရမည်။ ကော်မရှင်သည် မည်သည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းထံမှမဆို လူ့အခွင့်အရေး မြှင့်တင်ရေး၊ ကာကွယ်ရေးနှင့်စပ်လျဉ်း၍ ကော်မရှင်၏ လွတ်လပ်စွာဆောင်ရွက်ခွင့်ကို မထိခိုက်စေသည့် အနှောင်အဖွဲ့မရှိသော အထောက်အပံ့ကို လက်ခံနိုင်သည်။ ကော်မရှင်သည် မိမိ၏ ငွေစာရင်းကို ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ စာရင်းစစ်ဆေးခြင်းကို ခံယူရမည်။ တည်ဆဲဥပဒေများသည် မည်သို့ပင်ပါရှိစေကာမူ ကော်မရှင်၏ ရန်ပုံငွေများနှင့် ငွေကြေး လွှဲပြောင်းမှုများအပေါ်တွင် အခွန်စည်းကြပ်မှုများမှ ကင်းလွတ်ခွင့်ရှိစေရမည်။

ကော်မရှင်သည် မိမိရရှိထားသည့် သတင်းအချက်

အလက်များကို မိမိ၏ ရည်မှန်းချက်များ အကောင်အထည်ဖော်ရန်ကိစ္စမှတစ်ပါး အခြားနည်းဖြင့် အသုံးပြုခြင်းမှ ရှောင်ကြဉ်ရမည်။ ကော်မရှင်ရှေ့မှောက်၌ ထွက်ဆိုသော သက်သေ၏ထွက်ဆိုချက်၊ သက်သေခံချက်နှင့် ဖြေဆိုချက်များကို အခြားပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား တရားစွဲဆိုရာတွင် အသုံးမပြုရ။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ အဖွဲ့၏ ၂၀၁၁ခုနှစ်၊ စက်တင်ဘာလ ၅ရက်နေ့စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၃၄/၂၀၁၁ဖြင့် ဖွဲ့စည်းတည်ထောင်ခဲ့သော မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် ဥပဒေအရ ကော်မရှင်ဖွဲ့စည်းပြီးသည့်အထိ မိမိ၏ လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရမည်။ ဥပဒေကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ကော်မရှင်သည် လိုအပ်သော နည်းဥပဒေများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

## ဖြတ်သန်းမှုအဆင့်ဆင့်

ဤဥပဒေကြမ်းနှင့်ပတ်သက်၍ အမျိုးသားလွှတ်တော်တွင် စတင်တင်သွင်းစဉ်ကတစ်ကြိမ် ဆွေးနွေးခဲ့ပြီး၊ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်များ ပြန်လည်ပေးပို့စဉ်က တစ်ကြိမ် ဆွေးနွေးခဲ့ကြောင်းတွေ့ရသည်။ အမျိုးသားလွှတ်တော်တွင် ဥပဒေကြမ်းကော်မတီ အစီရင်ခံစာ သုံးစောင် တင်သွင်းခဲ့ကြောင်းတွေ့ရသည်။ ပြည်သူ့လွှတ်တော်တွင် တစ်ကြိမ်ဆွေးနွေးခဲ့ပြီး ဥပဒေကြမ်းကော်မတီ အစီရင်ခံစာ တစ်စောင် တင်သွင်းခဲ့ကြောင်းတွေ့ရသည်။ ဤဥပဒေကြမ်းနှင့်ပတ်သက်၍ လွှတ်တော်နှစ်ရပ် သဘောထားကွဲလွဲသဖြင့် ပြည်ထောင်စုလွှတ်တော်တွင် တင်သွင်းဆွေးနွေးရာ ဥပဒေကြမ်းပူးပေါင်းကော်မတီမှ အစီရင်ခံစာတစ်စောင် ပြုစုတင်သွင်းခဲ့ကြောင်း တွေ့ရသည်။ ပြည်ထောင်စုလွှတ်တော်တွင် အတည်ပြုပြီးသော ဥပဒေကြမ်းအား သမ္မတထံ ပေးပို့ရာ သမ္မတ၏ သဘောထားမှတ်ချက်ပေါ်တွင် ဥပဒေကြမ်းပူးပေါင်းကော်မတီမှ အစီရင်ခံစာတစ်စောင် တင်သွင်းခဲ့ကြောင်းတွေ့ရသည်။

ဤဥပဒေကြမ်းနှင့်ပတ်သက်၍ လွှတ်တော်တွင်စုစုပေါင်းဆွေးနွေးရက် (၈)ရက်ရှိခဲ့သည်။ အမျိုးသားလွှတ်တော်တွင် (၄)ရက်၊ ပြည်သူ့လွှတ်တော်တွင် (၂)ရက်နှင့် ပြည်ထောင်စုလွှတ်တော်တွင် (၂)ရက်ဆွေးနွေးခဲ့ကြခြင်းဖြစ်သည်။

## ဆွေးနွေးမှု

ဤဥပဒေကြမ်းနှင့်ပတ်သက်၍လွှတ်တော်ကိုယ်စားလှယ် (၉)ဦး ဝင်ရောက်ဆွေးနွေးခဲ့ကြောင်းတွေ့ရသည်။ အမျိုးသားလွှတ်တော်တွင် (၅)ဦးနှင့် ပြည်သူ့လွှတ်တော်တွင် (၄)ဦးတို့ ဆွေးနွေးခဲ့ကြောင်းတွေ့ရသည်။ ပြည်ထောင်စုအစိုးရအဖွဲ့၊ နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေး၊ လူ့အခွင့်အရေးဆိုင်ရာကော်မတီနှင့် ပြည်သူ့လွှတ်တော် ဥပဒေကြမ်း ကော်မတီတို့မှ လာရောက်ရှင်းလင်းပြောကြားသည်ကိုလည်းတွေ့ရသည်။ ဝင်ရောက်ဆွေးနွေးသည့် လွှတ်တော်ကိုယ်စားလှယ်များမှာ CPP နှင့် RNDP တို့မှ တစ်ဦးစီ၊ NDF နှင့် USDP တို့မှနှစ်ဦးစီ၊ NLD (၃) ဦး ဆွေးနွေးခဲ့ကြောင်းတွေ့ရသည်။

## ဝင်ရောက်ဆွေးနွေးခဲ့ကြသည့် လွှတ်တော်ကိုယ်စားလှယ်

| စဉ် | ကိုယ်စားလှယ်အမည် | မဲဆန္ဒနယ် | ပါတီ | ဆွေးနွေးသည့်လွှတ်တော် |
|---|---|---|---|---|
| ၁ | ဦးအုန်းတင် | ရခိုင် (၁၀) | RNDP | အမျိုးသားလွှတ်တော် |
| ၂ | ဦးကျွန်ခဲန်း | ချင်း (၁) | CPP | အမျိုးသားလွှတ်တော် |
| ၃ | ဒေါ်ခင်ဝိုင်းကြည် | ရန်ကုန် (၁) | NDF | အမျိုးသားလွှတ်တော် |
| ၄ | ဦးမောင်အေးထွန်း | ရခိုင် (၉) | USDP | အမျိုးသားလွှတ်တော် |
| ၅ | ဦးညွန့်တင် | ရခိုင် (၂) | USDP | အမျိုးသားလွှတ်တော် |
| ၆ | ဒေါ်စန္ဒာမင်း | ဇမ္ဗူသီရိ | NLD | ပြည်သူ့လွှတ်တော် |
| ၇ | ဒေါက်တာဒေါ်မေဝင်းမြင့် | မရမ်းကုန်း | NLD | ပြည်သူ့လွှတ်တော် |
| ၈ | ဦးသိန်းညွန့် | သဃ်န်းကျွန်း | NDF | ပြည်သူ့လွှတ်တော် |
| ၉ | ဦးကျော်သီဟ | ပြင်ဦးလွင် | NLD | ပြည်သူ့လွှတ်တော် |

## ၄.၆၃.၀။ ငြိမ်းချမ်းစွာ စုဝေးခွင့်နှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခွင့်ဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေ

- ၁၉.၂.၂၀၁၄ — ဥပဒေကြမ်းစတင်တင်သွင်း
  ပြည်သူ့လွှတ်တော်
- ၁၉.၂.၂၀၁၄ — ဥပဒေကြမ်းကော်မတီအစီရင်ခံစာတင်သွင်း
  ပြည်သူ့လွှတ်တော်
- ၅.၃.၂၀၁၄ — ကိုယ်စားလှယ်များ၏ဆွေးနွေးမှု
  ပြည်သူ့လွှတ်တော်
- ၅.၃.၂၀၁၄ — ဥပဒေကြမ်းကော်မတီအစီရင်ခံစာပြန်လည်တင်သွင်း
  ပြည်သူ့လွှတ်တော်
- ၅.၃.၂၀၁၄ — ပြင်ဆင်ချက်ဖြင့်အတည်ပြု
  ပြည်သူ့လွှတ်တော်
- ၂၄.၃.၂၀၁၄ — ဥပဒေကြမ်းကော်မတီအစီရင်ခံစာတင်သွင်း
  အမျိုးသားလွှတ်တော်
- ၄.၆.၂၀၁၄ — အတည်ပြု
  အမျိုးသားလွှတ်တော်
- ၁၈.၆.၂၀၁၄ — ဥပဒေအဖြစ် အတည်ပြု
  ပြည်ထောင်စုလွှတ်တော်

၄.၆၃.၀။ မြေမြို့ချမ်းစွာ စုဝေးခွင့်နှင့် မြေမြို့ချမ်းစွာ စီတန်းလှည့်လည်ခွင့်ဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေ

| နောက်ခံအကြောင်းအရာ | |
|---|---|
| တင်သွင်းသူ | သူရဦးအောင်ကို |
| မဲဆန္ဒနယ်/အဖွဲ့အစည်း | တရားစီရင်ရေး၊ ဥပဒေရေးရာနှင့် တိုင်ကြားစာများ၊ အသနားခံစာများ စိစစ်ဆောင်ရွက်ရေးကော်မတီ |
| စတင်တင်သွင်းသည့်လွှတ်တော် | ပြည်သူ့လွှတ်တော် |
| တင်သွင်းသည့်ရက်စွဲ | ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၉)ရက် |
| ဥပဒေအဖြစ် ပြဋ္ဌာန်းသည့်ရက်စွဲ | ၂၀၁၄ ခုနှစ်၊ ဇွန်လ (၂၄)ရက် |
| အမျိုးအစား | ပြင်ဆင်သည့်ဥပဒေ |
| ကဏ္ဍ | အခြား |

**မိတ်ဆက်**

## (၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၂၆)

၂၀၁၄ခုနှစ်၊ဇွန်လ (၂၄)ရက်နေ့တွင်သမ္မတမှလက်မှတ်ရေးထိုးပြဋ္ဌာန်းသည်။

**ဖြတ်သန်းမှုအဆင့်ဆင့်**

ဤဥပဒေကြမ်းနှင့်ပတ်သက်၍ ပြည်သူ့လွှတ်တော်တွင် စတင်တင်သွင်းစဉ်ကတစ်ကြိမ် ဆွေးနွေးခဲ့ပြီး ဥပဒေကြမ်း ကော်မတီ အစီရင်ခံစာနှစ်စောင် တင်သွင်းခဲ့ကြောင်း တွေ့ရသည်။ အမျိုးသားလွှတ်တော်တွင် တစ်ကြိမ်ဆွေးနွေးခဲ့ပြီး ဥပဒေကြမ်းကော်မတီ အစီရင်ခံစာတစ်စောင် တင်သွင်းခဲ့ကြောင်းတွေ့ရသည်။ လွှတ်တော်နှစ်ရပ် သဘောထားကွဲလွဲမှုမရှိသဖြင့် ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးမှုမရှိဘဲ မှတ်တမ်းတင် အတည်ပြုခဲ့ကြောင်းတွေ့ရသည်။

ဤဥပဒေကြမ်းနှင့်ပတ်သက်၍ လွှတ်တော်တွင်စုစုပေါင်းဆွေးနွေးရက် (၃)ရှိခဲ့သည်။ ပြည်သူ့လွှတ်တော်တွင် (၂)ရက်နှင့် အမျိုးသားလွှတ်တော်တွင် (၁)ရက်ရှိခဲ့ကြောင်း တွေ့ရသည်။

**ဆွေးနွေးမှု**

ဤဥပဒေကြမ်းနှင့်ပတ်သက်၍ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် (၃)ဦး ဝင်ရောက်ဆွေးနွေးခဲ့ကြောင်း တွေ့ရသည်။ ပြည်ထောင်စုအစိုးရအဖွဲ့ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီနှင့် ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကျော်ဇံမြင့်တို့မှ လာရောက်ရှင်းလင်းပြောကြားသည်ကို တွေ့ရသည်။ ဝင်ရောက်ဆွေးနွေးသည့် လွှတ်တော်ကိုယ်စားလှယ်များမှာ NDF (၂)ဦးနှင့် NLD တစ်ဦးတို့ ဆွေးနွေးခဲ့ကြောင်းတွေ့ရသည်။

**ဝင်ရောက်ဆွေးနွေးခဲ့ကြသည့် လွှတ်တော်ကိုယ်စားလှယ်**

| စဉ် | ကိုယ်စားလှယ်အမည် | မဲဆန္ဒနယ် | ပါတီ | ဆွေးနွေးသည့်လွှတ်တော် |
|---|---|---|---|---|
| ၁ | ဦးခိုင်မောင်ရည် | အလုံ | NDF | ပြည်သူ့လွှတ်တော် |
| ၂ | ဦးသိန်းညွန့် | သဃ်န်းကျွန်း | NDF | ပြည်သူ့လွှတ်တော် |
| ၃ | ဒေါ်ခင်စန်းလှိုင် | ပုလဲ | NLD | ပြည်သူ့လွှတ်တော် |

## ၄.၆၄.၀။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကိုပြင်ဆင်သည့်ဥပဒေ

- ၂၀.၃.၂၀၁၄ — ဥပဒေကြမ်းစတင်တင်သွင်း ပြည်သူ့လွှတ်တော်
- ၃.၆.၂၀၁၄ — ဥပဒေကြမ်းကော်မတီအစီရင်ခံစာတင်သွင်း ပြည်သူ့လွှတ်တော်
- ၂၀.၆.၂၀၁၄ — ကိုယ်စားလှယ်များ၏ဆွေးနွေးမှု ပြည်သူ့လွှတ်တော်
- ၂၀.၆.၂၀၁၄ — ပြင်ဆင်ချက်ဖြင့်အတည်ပြု ပြည်သူ့လွှတ်တော်
- ၂၆.၆.၂၀၁၄ — ဥပဒေကြမ်းကော်မတီအစီရင်ခံစာတင်သွင်း အမျိုးသားလွှတ်တော်
- ၄.၇.၂၀၁၄ — အတည်ပြု အမျိုးသားလွှတ်တော်
- ၁၆.၇.၂၀၁၄ — ဥပဒေအဖြစ်အတည်ပြု ပြည်ထောင်စုလွှတ်တော်

၄.၆၄.၀။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကိုပြင်ဆင်သည့်ဥပဒေ

| နောက်ခံအကြောင်းအရာ | |
|---|---|
| တင်သွင်းသူ | ဦးခင်မောင်ရွှေ |
| မဲဆန္ဒနယ်/အဖွဲ့အစည်း | တမူး |
| စတင်တင်သွင်းသည့်လွှတ်တော် | ပြည်သူ့လွှတ်တော် |
| တင်သွင်းသည့်ရက်စွဲ | ၂၀၁၄ ခုနှစ်၊ မတ်လ (၂၀) ရက် |
| ဥပဒေအဖြစ် ပြဋ္ဌာန်းသည့်ရက်စွဲ | ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ(၂၃)ရက် |
| အမျိုးအစား | ပြင်ဆင်သည့်ဥပဒေ |
| ကဏ္ဍ | အခြား |

## မိတ်ဆက်

### (၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၃၂)

၂၀၁၄ ခုနှစ်၊ ဇူလိုင်လ (၂၃)ရက်နေ့တွင် သမ္မတမှ လက်မှတ်ရေးထိုးပြဋ္ဌာန်းခဲ့သည်။

## ဖြတ်သန်းမှုအဆင့်ဆင့်

ဤဥပဒေကြမ်းနှင့်ပတ်သက်၍ ပြည်သူ့လွှတ်တော်တွင် စတင်တင်သွင်းစဉ်ကတစ်ကြိမ် ဆွေးနွေးခဲ့ပြီး ဥပဒေကြမ်းကော်မတီ အစီရင်ခံစာတစ်စောင် တင်သွင်းခဲ့ကြောင်း တွေ့ရသည်။ အမျိုးသားလွှတ်တော်တွင် တစ်ကြိမ်ဆွေးနွေးခဲ့ပြီး ဥပဒေကြမ်းကော်မတီ အစီရင်ခံစာတစ်စောင် တင်သွင်းခဲ့ကြောင်းတွေ့ရသည်။ လွှတ်တော်နှစ်ရပ် သဘောထားကွဲလွဲမှုမရှိသဖြင့် ပြည်ထောင်စုလွှတ်တော်တွင် မှတ်တမ်းတင် အတည်ပြုကြောင်းတွေ့ရသည်။

ဤဥပဒေကြမ်းနှင့်ပတ်သက်၍ လွှတ်တော်တွင်စုစုပေါင်းဆွေးနွေးရက် (၃)ရက်ရှိခဲ့သည်။ ပြည်သူ့လွှတ်တော်တွင် (၂)ရက်နှင့် အမျိုးသားလွှတ်တော်တွင် (၁) ရက်တို့ဖြစ်သည်။

*** အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေကို ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ (၇) ရက်နေ့တွင် အသစ်ရေးဆွဲ ပြဋ္ဌာန်းခဲ့ကြောင်း တွေ့ရှိရသည်။

## ဆွေးနွေးမှု

ဤဥပဒေကြမ်းနှင့်ပတ်သက်၍ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တစ်ဦး (USDP)မှ ဝင်ရောက်ဆွေးနွေးခဲ့ကြောင်းတွေ့ရသည်။ ပြည်ထောင်စုအစိုးရအဖွဲ့ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီနှင့် ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်းတို့မှ လာရောက်ရှင်းလင်း ပြောကြားသည်ကိုလည်း တွေ့ရသည်။

## ဝင်ရောက်ဆွေးနွေးခဲ့ကြသည့် လွှတ်တော်ကိုယ်စားလှယ်

| စဉ် | ကိုယ်စားလှယ်အမည် | မဲဆန္ဒနယ် | ပါတီ | ဆွေးနွေးသည့်လွှတ်တော် |
|---|---|---|---|---|
| ၁ | ဦးရဲထွန်း | သံတွဲ | USDP | ပြည်သူ့လွှတ်တော် |

## ၄.၆၅.၀။ နိုင်ငံရေးပါတီများမှတ်ပုံတင်ဥပဒေခြင်းဥပဒေ (၂/၂၀၁၀) ကို ပြင်ဆင်သည့် ဥပဒေ

- ၁၂.၃.၂၀၁၄ — ဥပဒေကြမ်းစတင်တင်သွင်း, အမျိုးသားလွှတ်တော်
- ၁၂.၃.၂၀၁၄ — ဥပဒေကြမ်းကော်မတီအစီရင်ခံစာတင်သွင်း, အမျိုးသားလွှတ်တော်
- ၁၂.၃.၂၀၁၄ — ကိုယ်စားလှယ်များ၏ဆွေးနွေးမှု, အမျိုးသားလွှတ်တော်
- ၂၀.၃.၂၀၁၄ — ဥပဒေကြမ်းကော်မတီအစီရင်ခံစာပြန်လည်တင်သွင်း, အမျိုးသားလွှတ်တော်
- ၂၀.၃.၂၀၁၄ — ပြင်ဆင်ချက်ဖြင့်အတည်ပြု, အမျိုးသားလွှတ်တော်
- ၂၅.၃.၂၀၁၄ — ဥပဒေကြမ်းကော်မတီအစီရင်ခံစာတင်သွင်း, ပြည်သူ့လွှတ်တော်
- ၂၅.၃.၂၀၁၄ — ကိုယ်စားလှယ်များ၏ဆွေးနွေးမှု, ပြည်သူ့လွှတ်တော်
- ၂၅.၃.၂၀၁၄ — ပြင်ဆင်ချက်ဖြင့်အတည်ပြု, ပြည်သူ့လွှတ်တော်
- ၄.၆.၂၀၁၄ — ကိုယ်စားလှယ်များ၏ဆွေးနွေးမှု, အမျိုးသားလွှတ်တော်
- ၄.၆.၂၀၁၄ — အတည်ပြု, အမျိုးသားလွှတ်တော်
- ၁၁.၉.၂၀၁၄ — သမ္မတမှတ်ချက်ဖြင့် ပေးပို့မှုအပေါ်ဥပဒေကြမ်းပူးပေါင်းကော်မတီ၏လေ့လာတွေ့ရှိချက်အစီရင်ခံစာတင်သွင်း, ပြည်ထောင်စုလွှတ်တော်
- ၂၂.၉.၂၀၁၄ — ဥပဒေအဖြစ် အတည်ပြု, ပြည်ထောင်စုလွှတ်တော်

၄.၆၅.၀။ နိုင်ငံရေးပါတီများ မှတ်ပုံတင်ဥပဒေခြင်းဥပဒေ (၂/၂၀၁၀) ကို ပြင်ဆင်သည့် ဥပဒေ

| နောက်ခံအကြောင်းအရာ | |
|---|---|
| တင်သွင်းသူ | ဥပဒေကြမ်းကော်မတီ |
| မဲဆန္ဒနယ်/အဖွဲ့အစည်း | . |
| စတင်တင်သွင်းသည့်လွှတ်တော် | အမျိုးသားလွှတ်တော် |
| တင်သွင်းသည့်ရက်စွဲ | ၂၀၁၄ ခုနှစ်၊ မတ်လ (၁၂)ရက် |
| ဥပဒေအဖြစ် ပြဋ္ဌာန်းသည့်ရက်စွဲ | ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ (၃၀)ရက် |
| အမျိုးအစား | ပြင်ဆင်သည့်ဥပဒေ |
| ကဏ္ဍ | အခြား |

**မိတ်ဆက်**

**(၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၃၈)**

၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ (၃၀)ရက်နေ့တွင် သမ္မတမှ လက်မှတ်ရေးထိုးပြဋ္ဌာန်းခဲ့သည်။

**ဖြတ်သန်းမှုအဆင့်ဆင့်**

ဤဥပဒေကြမ်းနှင့်ပတ်သက်၍ အမျိုးသားလွှတ်တော်တွင် စတင်တင်သွင်းစဉ်ကတစ်ကြိမ် ဆွေးနွေးခဲ့ပြီး ပြည်သူ့လွှတ်တော်မှ ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့စဉ်ကတစ်ကြိမ် ဆွေးနွေးခဲ့ကြောင်းတွေ့ရသည်။ အမျိုးသားလွှတ်တော်တွင် ဥပဒေကြမ်းကော်မတီ အစီရင်ခံစာနှစ်စောင် တင်သွင်းခဲ့ကြောင်းတွေ့ရသည်။ ပြည်သူ့လွှတ်တော်တွင် တစ်ကြိမ်ဆွေးနွေးပြီး ဥပဒေကြမ်းကော်မတီ အစီရင်ခံစာတစ်စောင် တင်သွင်းခဲ့ကြောင်းတွေ့ရသည်။ လွှတ်တော်နှစ်ရပ် သဘောထားကွဲလွဲမှု မရှိသဖြင့် ပြည်ထောင်စုလွှတ်တော်တွင် မှတ်တမ်းတင် အတည်ပြုခဲ့ကြောင်းတွေ့ရသည်။ ပြည်ထောင်စုလွှတ်တော်၌ အတည်ပြုပြီးသောဥပဒေကို သမ္မတထံ ပေးပို့ရာ သမ္မတ မှတ်ချက်ဖြင့် ပြန်လည်ပေးပို့ရာ သမ္မတ၏ သဘောထားမှတ်ချက်ပေါ်တွင် ဥပဒေကြမ်း ပူးပေါင်း အစီရင်ခံစာ တစ်စောင် တင်သွင်းခဲ့ကြောင်းတွေ့ရသည်။

ဤဥပဒေကြမ်းနှင့်ပတ်သက်၍ လွှတ်တော်တွင်စုစုပေါင်းဆွေးနွေးရက် (၅)ရက်ရှိခဲ့သည်။ အမျိုးသားလွှတ်တော်တွင် (၃)ရက်၊ ပြည်သူ့လွှတ်တော်တွင် (၁)ရက်နှင့် ပြည်ထောင်စုလွှတ်တော်တွင် (၁)ရက်တို့ ဆွေးနွေးခဲ့ကြောင်း တွေ့ရသည်။

**ဆွေးနွေးမှု**

ဤဥပဒေကြမ်းနှင့်ပတ်သက်၍လွှတ်တော်ကိုယ်စားလှယ် (၇)ဦးဝင်ရောက်ဆွေးနွေးခဲ့ကြောင်းတွေ့ရသည်။ ပြည်ထောင်စုအစိုးရအဖွဲ့ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီနှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဦးဝင်းကိုတို့မှ လာရောက်ရှင်းလင်းပြောကြားသည်ကိုတွေ့ရသည်။ ဝင်ရောက်ဆွေးနွေးသည့် လွှတ်တော်ကိုယ်စားလှယ်များမှာ USDP မှ (၃) ဦး၊ RNDP မှ (၃)ဦးနှင့် CPP မှတစ်ဦးတို့ ဆွေးနွေးခဲ့ကြောင်းတွေ့ရသည်။

**ဝင်ရောက်ဆွေးနွေးခဲ့ကြသည့် လွှတ်တော်ကိုယ်စားလှယ်**

| စဉ် | ကိုယ်စားလှယ်အမည် | မဲဆန္ဒနယ် | ပါတီ | ဆွေးနွေးသည့်လွှတ်တော် |
|---|---|---|---|---|
| ၁ | ဦးခင်မောင်လတ် | ရခိုင် (၆) | RNDP | အမျိုးသားလွှတ်တော် |
| ၂ | ဦးပေါ်လျံလွင် | ချင်း (၉) | CPP | အမျိုးသားလွှတ်တော် |
| ၃ | ဒေါက်တာဗညားအောင်မိုး | မွန် (၉) | USDP | အမျိုးသားလွှတ်တော် |
| ၄ | ဦးအုန်းတင် | ရခိုင် (၁၀) | RNDP | အမျိုးသားလွှတ်တော် |
| ၅ | ဦးငွေးဝင်း (ခ) ဦးဇာယာဒ်ရော်မံ | ရခိုင် (၇) | USDP | အမျိုးသားလွှတ်တော် |
| ၆ | ဦးရွှေမောင် | ဘူးသီးတောင် | USDP | ပြည်သူ့လွှတ်တော် |
| ၇ | ဦးထွန်းအောင်ကျော် | ပုဏ္ဏားကျွန်း | RNDP | ပြည်သူ့လွှတ်တော် |

## ၄.၆၆.၀။ စစ်ဘက် ရာထူးနှင့် အဆင့် အခေါ်အဝေါ်များ သုံးစွဲခြင်းကို ကန့်သတ်သည့် ဥပဒေကို ပြင်ဆင်သည့် ဥပဒေ

- ၂၈.၇.၂၀၁၄ — ဥပဒေကြမ်းစတင်တင်သွင်း, အမျိုးသားလွှတ်တော်
- ၃၁.၇.၂၀၁၄ — ဥပဒေကြမ်းကော်မတီအစီရင်ခံစာတင်သွင်း, အမျိုးသားလွှတ်တော်
- ၃၁.၇.၂၀၁၄ — အတည်ပြု, အမျိုးသားလွှတ်တော်
- ၁၁.၉.၂၀၁၄ — ဥပဒေကြမ်းကော်မတီအစီရင်ခံစာတင်သွင်း, ပြည်သူ့လွှတ်တော်
- ၂၃.၁၀.၂၀၁၄ — အတည်ပြု, ပြည်သူ့လွှတ်တော်
- ၁.၁၀.၂၀၁၄ — ဥပဒေအဖြစ်အတည်ပြု, အမျိုးသားလွှတ်တော်

၄.၆၆.၀။ စစ်ဘက်ရာထူးနှင့်အဆင့်အခေါ်အဝေါ်များသုံးစွဲခြင်းကိုကန့်သတ်သည့်ဥပဒေကိုပြင်ဆင်သည့် ဥပဒေ

| နောက်ခံအကြောင်းအရာ | |
|---|---|
| တင်သွင်းသူ | ဗိုလ်ချုပ်ကျော်ညွှန့်၊ ဒုတိယဝန်ကြီး |
| မဲဆန္ဒနယ်/အဖွဲ့အစည်း | ကာကွယ်ရေးဝန်ကြီးဌာန |
| စတင်တင်သွင်းသည့်လွှတ်တော် | အမျိုးသားလွှတ်တော် |
| တင်သွင်းသည့်ရက်စွဲ | ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ (၂၈)ရက် |
| ဥပဒေအဖြစ် ပြဋ္ဌာန်းသည့်ရက်စွဲ | ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ (၇)ရက် |
| အမျိုးအစား | ပြင်ဆင်သည့်ဥပဒေ |
| ကဏ္ဍ | အခြား |

### မိတ်ဆက်

### ( ၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၄၂)

၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ (၂၈)ရက်နေ့တွင် သမ္မတမှ လက်မှတ်ရေးထိုးပြဋ္ဌာန်းသည်။

### ဖြတ်သန်းမှုအဆင့်ဆင့်

ဤဥပဒေကြမ်းနှင့်ပတ်သက်၍ အမျိုးသားလွှတ်တော်တွင် တစ်ကြိမ်နှင့် ပြည်သူ့လွှတ်တော်တွင် တစ်ကြိမ် ဆွေးနွေးခဲ့ပြီး ဥပဒေကြမ်းကော်မတီ အစီရင်ခံစာ တစ်စောင်စီ တင်သွင်းခဲ့ကြောင်းတွေ့ရသည်။ လွှတ်တော်နှစ်ရပ် သဘောထားကွဲလွဲမှုမရှိသဖြင့် ပြည်ထောင်စုလွှတ်တော်တွင် မှတ်တမ်းတင် အတည်ပြု ခဲ့ပါသည်။

ဤဥပဒေကြမ်းနှင့်ပတ်သက်၍ လွှတ်တော်နှစ်ခုစလုံးတွင် ဥပဒေကြမ်းကော်မတီ အစီရင်ခံစာ တင်သွင်းဆွေးနွေးရက် (၂)ရက် ရှိခဲ့သည်။

## ၄.၆၇.၀။ ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေ

- ဥပဒေကြမ်းစတင်တင်သွင်း ပြည်သူ့လွှတ်တော် — ၁.၇.၂၀၁၄
- ၁.၇.၂၀၁၄ — ဥပဒေကြမ်းကော်မတီအစီရင်ခံစာတင်သွင်း ပြည်သူ့လွှတ်တော်
- ကိုယ်စားလှယ်များ၏ဆွေးနွေးမှု ပြည်သူ့လွှတ်တော် — ၇.၇.၂၀၁၄
- ၇.၇.၂၀၁၄ — ဥပဒေကြမ်းကော်မတီအစီရင်ခံစာပြန်လည်တင်သွင်း ပြည်သူ့လွှတ်တော်
- ပြင်ဆင်ချက်ဖြင့်အတည်ပြု ပြည်သူ့လွှတ်တော် — ၇.၇.၂၀၁၄
- ၂၁.၇.၂၀၁၄ — ဥပဒေကြမ်းကော်မတီအစီရင်ခံစာတင်သွင်း အမျိုးသားလွှတ်တော်
- ပြင်ဆင်ချက်ဖြင့်အတည်ပြု အမျိုးသားလွှတ်တော် — ၂၉.၇.၂၀၁၄
- ၂၅.၉.၂၀၁၄ — အတည်ပြု ပြည်သူ့လွှတ်တော်
- ဥပဒေအဖြစ်အတည်ပြု ပြည်ထောင်စုလွှတ်တော် — ၁.၁၀.၂၀၁၄

၄.၆၇.၀။ ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေ

| နောက်ခံအကြောင်းအရာ | |
|---|---|
| တင်သွင်းသူ | ဦးမောင်တိုး |
| မဲဆန္ဒနယ်/အဖွဲ့အစည်း | မင်းလှ |
| စတင်တင်သွင်းသည့်လွှတ်တော် | ပြည်သူ့လွှတ်တော် |
| တင်သွင်းသည့်ရက်စွဲ | ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ (၁)ရက် |
| ဥပဒေအဖြစ် ပြဋ္ဌာန်းသည့်ရက်စွဲ | ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ (၁၀)ရက် |
| အမျိုးအစား | ပြင်ဆင်သည့်ဥပဒေ |
| ကဏ္ဍ | အခြား |

**မိတ်ဆက်**

## (၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၄၃)

၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ (၁၀)ရက်နေ့တွင် သမ္မတမှ လက်မှတ်ရေးထိုးပြဋ္ဌာန်းသည်။

**ဖြတ်သန်းမှုအဆင့်ဆင့်**

ဤဥပဒေကြမ်းနှင့်ပတ်သက်၍ ပြည်သူ့လွှတ်တော်တွင် စတင်တင်သွင်းစဉ်ကတစ်ကြိမ် ဆွေးနွေးခဲ့ပြီး အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်ဖြင့် ပြန်လည်ရောက်ရှိစဉ်က တစ်ကြိမ်ဆွေးနွေးခဲ့ကြောင်း တွေ့ရသည်။ ပြည်သူ့လွှတ်တော်တွင် ဥပဒေကြမ်းကော်မတီ အစီရင်ခံစာနှစ်စောင် တင်သွင်းခဲ့ကြောင်း တွေ့ရသည်။ အမျိုးသားလွှတ်တော်တွင် တစ်ကြိမ်ဆွေးနွေးခဲ့ပြီး ဥပဒေကြမ်းကော်မတီ အစီရင်ခံစာတစ်စောင် တင်သွင်းခဲ့ကြောင်းတွေ့ရသည်။ လွှတ်တော်နှစ်ရပ် သဘောထားကွဲလွဲမှု မရှိသဖြင့် ပြည်ထောင်စုလွှတ်တော်တွင် မှတ်တမ်းတင် အတည်ပြုခဲ့ကြောင်းတွေ့ရသည်။

ဤဥပဒေကြမ်းနှင့်ပတ်သက်၍ လွှတ်တော်တွင်စုစုပေါင်းဆွေးနွေးရက် (၃)ရက်ရှိခဲ့သည်။ ပြည်သူ့လွှတ်တော်တွင် (၂)ရက်နှင့် အမျိုးသားလွှတ်တော်တွင် (၁) ရက် ရှိခဲ့သည်။

**ဆွေးနွေးမှု**

ဤဥပဒေကြမ်းနှင့်ပတ်သက်၍ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်တစ်ဦး ဆွေးနွေးခဲ့ကြောင်းတွေ့ရသည်။ ဝင်ရောက်ဆွေးနွေးသည့် လွှတ်တော်ကိုယ်စားလှယ်မှာ USDP တစ်ဦးသာ ဖြစ်ကြောင်းတွေ့ရသည်။ ပြည်ထောင်စုအစိုးရအဖွဲ့ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး ဒုတိယစာရင်းစစ်ချုပ် ဦးမျိုးမြင့် လာရောက်ရှင်းလင်းပြောကြားသည်ကိုလည်းတွေ့ရသည်။

**ဝင်ရောက်ဆွေးနွေးခဲ့ကြသည့် လွှတ်တော်ကိုယ်စားလှယ်**

| စဉ် | ကိုယ်စားလှယ်အမည် | မဲဆန္ဒနယ် | ပါတီ | ဆွေးနွေးသည့်လွှတ်တော် |
|---|---|---|---|---|
| ၁ | ဦးမောင်မောင်စိုး | သာကေတ | USDP | ပြည်သူ့လွှတ်တော် |

## ၄.၆၈.၀။ ၁၉၆၀ပြည့်နှစ်၊ ကျေးလက်စီးပွားရေး တိုးတက်ဖွံ့ဖြိုးမှု ရန်ပုံငွေ အက်ဥပဒေကို ရုတ်သိမ်းသည့် ဥပဒေ

- ၁၅.၉.၂၀၁၄ — ဥပဒေကြမ်းစတင်တင်သွင်း အမျိုးသားလွှတ်တော်
- ၂၃.၉.၂၀၁၄ — ဥပဒေကြမ်းကော်မတီအစီရင်ခံစာတင်သွင်း အမျိုးသားလွှတ်တော်
- ၂၃.၉.၂၀၁၄ — အတည်ပြု အမျိုးသားလွှတ်တော်
- ၃၀.၉.၂၀၁၄ — ဥပဒေကြမ်းကော်မတီအစီရင်ခံစာတင်သွင်း ပြည်သူ့လွှတ်တော်
- ၁၄.၁၀.၂၀၁၄ — အတည်ပြု ပြည်သူ့လွှတ်တော်
- ၃၀.၁၀.၂၀၁၄ — ဥပဒေအဖြစ်အတည်ပြု ပြည်ထောင်စုလွှတ်တော်

၄.၆၈.၀။ ၁၉၆၀ပြည့်နှစ်၊ ကျေးလက်စီးပွားရေးတိုးတက်ဖွံ့ဖြိုးမှု ရန်ပုံငွေ အက်ဥပဒေကို ရုတ်သိမ်းသည့် ဥပဒေ

| နောက်ခံအကြောင်းအရာ | |
|---|---|
| တင်သွင်းသူ | ဗိုလ်မှူးချုပ် ကျော်ကျော်ထွန်း၊ ဒုတိယဝန်ကြီး |
| မဲဆန္ဒနယ်/အဖွဲ့အစည်း | ပြည်ထဲရေးဝန်ကြီးဌာန |
| စတင်တင်သွင်းသည့်လွှတ်တော် | အမျိုးသားလွှတ်တော် |
| တင်သွင်းသည့်ရက်စွဲ | ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ (၁၅)ရက် |
| ဥပဒေအဖြစ် ပြဋ္ဌာန်းသည့်ရက်စွဲ | ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ (၃)ရက် |
| အမျိုးအစား | ရုတ်သိမ်းသည့်ဥပဒေ |
| ကဏ္ဍ | အခြား |

**မိတ်ဆက်**

**(၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၄၅)**

၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ (၃)ရက်နေ့တွင် သမ္မတမှ လက်မှတ်ရေးထိုးပြဋ္ဌာန်းခဲ့သည်။

**ဖြတ်သန်းမှုအဆင့်ဆင့်**

ဤဥပဒေကြမ်းနှင့်ပတ်သက်၍ အမျိုးသားလွှတ်တော်တွင် စတင်တင်သွင်းစဉ်က တစ်ကြိမ် ဆွေးနွေးခဲ့ပြီး ဥပဒေကြမ်းကော်မတီ အစီရင်ခံစာတစ်စောင် တင်သွင်းခဲ့ကြောင်း တွေ့ရသည်။ ပြည်သူ့လွှတ်တော်တွင် တစ်ကြိမ်ဆွေးနွေးပြီး ဥပဒေကြမ်းကော်မတီ အစီရင်ခံစာတစ်စောင် တင်သွင်းခဲ့ကြောင်းတွေ့ရသည်။ လွှတ်တော်နှစ်ရပ် သဘောထားကွဲလွဲမှုမရှိသဖြင့် ပြည်ထောင်စုလွှတ်တော်တွင် အတည်ပြုမှတ်တမ်းတင်ခဲ့ကြောင်းတွေ့ရသည်။

ဤဥပဒေကြမ်းနှင့်ပက်သတ်၍ အမျိုးသားလွှတ်တော်နှင့် ပြည်သူ့လွှတ်တော်တွင် (၁)ရက်စီ ဆွေးနွေးခဲ့ကြောင်းတွေ့ရသည်။

## ၄.၆၉.၀။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေ

- ၅.၆.၂၀၁၄ — ဥပဒေကြမ်း စတင်တင်သွင်း
  အမျိုးသားလွှတ်တော်
- ၁၁.၆.၂၀၁၄ — ဥပဒေကြမ်းကော်မတီအစီရင်ခံစာတင်သွင်း
  အမျိုးသားလွှတ်တော်
- ၁၁.၆.၂၀၁၄ — ကိုယ်စားလှယ်များ၏ဆွေးနွေးမှု
  အမျိုးသားလွှတ်တော်
- ၂၄.၆.၂၀၁၄ — ဥပဒေကြမ်းကော်မတီအစီရင်ခံစာပြန်လည်တင်သွင်း
  အမျိုးသားလွှတ်တော်
- ၂၄.၆.၂၀၁၄ — ပြင်ဆင်ချက်ဖြင့်အတည်ပြု
  အမျိုးသားလွှတ်တော်
- ၇.၆.၂၀၁၄ — ဥပဒေကြမ်းကော်မတီအစီရင်ခံစာတင်သွင်း
  ပြည်သူ့လွှတ်တော်
- ၃၁.၇.၂၀၁၄ — ဥပဒေကြမ်းကော်မတီအစီရင်ခံစာပြန်လည်တင်သွင်း
  ပြည်သူ့လွှတ်တော်
- ၃၁.၇.၂၀၁၄ — ပြင်ဆင်ချက်ဖြင့်အတည်ပြု
  ပြည်သူ့လွှတ်တော်
- ၂၄.၉.၂၀၁၄ — အတည်ပြု
  အမျိုးသားလွှတ်တော်
- ၁၅.၁၀.၂၀၁၄ — သဘောတူညီချက်ဖြင့် ပေးပို့မှုအပေါ် ဥပဒေကြမ်းပူးပေါင်း ကော်မတီ၏လေ့လာတွေ့ရှိချက်အစီရင်ခံစာတင်သွင်း
  ပြည်ထောင်စုလွှတ်တော်
- ၂၀.၁၀.၂၀၁၄ — သဘောတူညီချက်ဖြင့် ပေးပို့မှုအပေါ်ဆွေးနွေး
  အမျိုးသားလွှတ်တော်
- ၂၀.၁၀.၂၀၁၄ — ဥပဒေအဖြစ် အတည်ပြု
  ပြည်ထောင်စုလွှတ်တော်

၄.၆၉.၀။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေ

| နောက်ခံအကြောင်းအရာ | |
|---|---|
| တင်သွင်းသူ | ဦးမြသိမ်း၊ ဥက္ကဋ္ဌ |
| မဲဆန္ဒနယ်/အဖွဲ့အစည်း | နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး |
| စတင်တင်သွင်းသည့်လွှတ်တော် | အမျိုးသားလွှတ်တော် |
| တင်သွင်းသည့်ရက်စွဲ | ၂၀၁၄ ခုနှစ်၊ ဇွန်လ (၅)ရက် |
| ဥပဒေအဖြစ် ပြဋ္ဌာန်းသည့်ရက်စွဲ | ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ (၅)ရက် |
| အမျိုးအစား | ပြင်ဆင်သည့်ဥပဒေ |
| ကဏ္ဍ | အခြား |

## မိတ်ဆက်

### (၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၄၆)

၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ (၅)ရက်နေ့တွင် သမ္မတမှ လက်မှတ်ရေးထိုးပြဋ္ဌာန်းသည်။

## ဖြတ်သန်းမှုအဆင့်ဆင့်

ဤဥပဒေကြမ်းနှင့်ပတ်သက်၍ အမျိုးသားလွှတ်တော်တွင် စတင်တင်သွင်းစဉ်က တစ်ကြိမ်ဆွေးနွေးခဲ့ပြီး ပြည်သူ့လွှတ်တော်မှ ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့စဉ်က တစ်ကြိမ် ဆွေးနွေးခဲ့ကြောင်းတွေ့ရသည်။ အမျိုးသားလွှတ်တော်တွင် ဥပဒေကြမ်းကော်မတီ အစီရင်ခံစာနှစ်စောင် တင်သွင်းခဲ့ကြောင်းတွေ့ရသည်။ ပြည်သူ့လွှတ်တော်တွင် တစ်ကြိမ်ဆွေးနွေးခဲ့ပြီး ဥပဒေကြမ်းကော်မတီ အစီရင်ခံစာနှစ်စောင် တင်သွင်းခဲ့ကြောင်းတွေ့ရသည်။ လွှတ်တော်နှစ်ရပ် သဘောထားကွဲလွဲမှု မရှိသဖြင့် ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးမှုမရှိဘဲ မှတ်တမ်းတင်အတည်ပြုခဲ့ကြောင်းတွေ့ရသည်။ ပြည်ထောင်စုလွှတ်တော်တွင် အတည်ပြုပြီးသော ဥပဒေကြမ်းကို သမ္မတထံပေးပို့ရာ သမ္မတမှတ်ချက်ဖြင့် ပြန်လည်ရောက်ရှိလာသောအခါ သမ္မတ၏ သဘောထားမှတ်ချက်ပေါ်တွင် ဥပဒေကြမ်းပူးပေါင်းအစီရင်ခံစာ တစ်စောင် တင်သွင်းခဲ့ကြောင်းတွေ့ရသည်။

ဤဥပဒေကြမ်းနှင့်ပတ်သက်၍ လွှတ်တော်တွင်စုစုပေါင်းဆွေးနွေးရက် (၆)ရက်ရှိခဲ့သည်။ အမျိုးသားလွှတ်တော်တွင် (၂)ရက်၊ ပြည်သူ့လွှတ်တော်တွင် (၂) ရက်နှင့် ပြည်ထောင်စုလွှတ်တော်တွင် (၂)ရက် ရှိခဲ့ကြောင်းတွေ့ရသည်။

## ဆွေးနွေးမှု

ဤဥပဒေကြမ်းနှင့်ပတ်သက်၍ လွှတ်တော်ကိုယ်စားလှယ် (၄)ဦး ဝင်ရောက်ဆွေးနွေးခဲ့ကြောင်းတွေ့ရသည်။ ပြည်ထောင်စုအစိုးရအဖွဲ့ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံ ဥပဒေခုံရုံးအဖွဲ့ဝင် ဦးမြင့်သိန်းနှင့် ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းကော်မတီတို့မှ လာရောက်ရှင်းလင်း ပြောကြားသည်ကို တွေ့ရသည်။ အမျိုးသားလွှတ်တော်တပ်မတော်သားကိုယ်စားလှယ်နှစ်ဦးနှင့် ပြည်ထောင်စုလွှတ်တော်တွင် တပ်မတော်သားကိုယ်စားလှယ် နှစ်ဦးတို့ ဆွေးနွေးခဲ့သည်။

## ဝင်ရောက်ဆွေးနွေးခဲ့ကြသည့် လွှတ်တော်ကိုယ်စားလှယ်

| စဉ် | ကိုယ်စားလှယ်အမည် | မဲဆန္ဒနယ် | ပါတီ | ဆွေးနွေးသည့်လွှတ်တော် |
|---|---|---|---|---|
| ၁ | ဗိုလ်မှူးအောင်နိုင်ဦး | တပ်မတော်သား | . | အမျိုးသားလွှတ်တော် |
| ၂ | ဗိုလ်မှူးဝင်းနိုင် | တပ်မတော်သား | . | အမျိုးသားလွှတ်တော် |
| ၃ | ဒုတိယဗိုလ်မှူးကြီးမျိုးမြင့်ဦး | တပ်မတော်သား | . | ပြည်ထောင်စုလွှတ်တော် |
| ၄ | ဒုတိယဗိုလ်မှူးကြီးလှိုင်ဝင်း | တပ်မတော်သား | . | ပြည်ထောင်စုလွှတ်တော် |

## ၄.၇၀.၀။ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေ ဥပဒေကို ပြင်ဆင်သည့် ဥပဒေ

- ၂၂.၉.၂၀၁၄ — ဥပဒေကြမ်း စတင် တင်သွင်း
  ပြည်သူ့လွှတ်တော်
- ၂၂.၉.၂၀၁၄ — ဥပဒေကြမ်းကော်မတီအစီရင်ခံစာတင်သွင်း
  ပြည်သူ့လွှတ်တော်
- ၂၉.၉.၂၀၁၄ — ပြင်ဆင်ချက်ဖြင့်အတည်ပြု
  ပြည်သူ့လွှတ်တော်
- ၂.၁၀.၂၀၁၄ — ဥပဒေကြမ်းကော်မတီအစီရင်ခံစာတင်သွင်း
  အမျိုးသားလွှတ်တော်
- ၁၅.၁၀.၂၀၁၄ — အတည်ပြု
  အမျိုးသားလွှတ်တော်
- ၁၁.၁၁.၂၀၁၄ — သဘောတူညီချက်ဖြင့် ပေးပို့မှုအပေါ် ဥပဒေကြမ်းပူးပေါင်း
  ကော်မတီ၏လေ့လာတွေ့ရှိချက်အစီရင်ခံစာတင်သွင်း
  ပြည်ထောင်စုလွှတ်တော်
- ၁၁.၁၁.၂၀၁၄ — ဥပဒေအဖြစ် အတည်ပြု
  ပြည်ထောင်စုလွှတ်တော်

၄.၇၀.၀။ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေ ဥပဒေကို ပြင်ဆင်သည့် ဥပဒေ

| နောက်ခံအကြောင်းအရာ | |
|---|---|
| တင်သွင်းသူ | ဦးကြည်တင့်၊ အဖွဲ့ဝင် |
| မဲဆန္ဒနယ်/အဖွဲ့အစည်း | စီမံကိန်းများနှင့် ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်မှု ကော်မတီ |
| စတင်တင်သွင်းသည့်လွှတ်တော် | ပြည်သူ့လွှတ်တော် |
| တင်သွင်းသည့်ရက်စွဲ | ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ (၂၂)ရက် |
| ဥပဒေအဖြစ် ပြဋ္ဌာန်းသည့်ရက်စွဲ | ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ (၂၀)ရက် |
| အမျိုးအစား | ပြင်ဆင်သည့်ဥပဒေ |
| ကဏ္ဍ | အခြား |

**မိတ်ဆက်**

**(၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၄၈)**

၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ (၂၀)ရက်နေ့တွင် သမ္မတမှ လက်မှတ်ရေးထိုးပြဋ္ဌာန်းခဲ့သည်။

**ဖြတ်သန်းမှုအဆင့်ဆင့်**

ဤဥပဒေကြမ်းနှင့်ပတ်သက်၍ ပြည်သူ့လွှတ်တော်တွင် တစ်ကြိမ်ဆွေးနွေးခဲ့ပြီး အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့စဉ်က တစ်ကြိမ် ဆွေးနွေးခဲ့ကြောင်း တွေ့ရသည်။ ပြည်သူ့လွှတ်တော်တွင် ဥပဒေကြမ်းကော်မတီ အစီရင်ခံစာတစ်စောင် တင်သွင်းခဲ့ကြောင်းတွေ့ရသည်။ အမျိုးသားလွှတ်တော်တွင် တစ်ကြိမ်ဆွေးနွေးခဲ့ပြီး ဥပဒေကြမ်းကော်မတီ အစီရင်ခံစာတစ်စောင် တင်သွင်းခဲ့ကြောင်း တွေ့ရသည်။ လွှတ်တော်နှစ်ရပ် သဘောထားကွဲလွဲမှု မရှိသဖြင့် ပြည်ထောင်စုလွှတ်တော်တွင် မှတ်တမ်းတင် အတည်ပြုခဲ့ကြောင်းတွေ့ရသည်။ ပြည်ထောင်စုလွှတ်တော်၌ အတည်ပြုပြီးသော ဥပဒေကြမ်းအား သမ္မတထံပေးပို့ရာ သမ္မတမှတ်ချက်ဖြင့် ပြန်လည် ရောက်ရှိလာသောအခါ သမ္မတ၏ သဘောထားမှတ်ချက်ပေါ်တွင် ဥပဒေကြမ်း ပူးပေါင်းကော်မတီ အစီရင်ခံစာတစ်စောင် တင်သွင်းခဲ့ကြောင်း တွေ့ရသည်။

ဤဥပဒေကြမ်းနှင့်ပတ်သက်၍ လွှတ်တော်တွင်စုစုပေါင်းဆွေးနွေးရက် (၃)ရက်ရှိခဲ့သည်။ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် ပြည်ထောင်စုလွှတ်တော်တို့တွင် (၁)ရက်စီ ဆွေးနွေးခဲ့ကြောင်းတွေ့ရသည်။

**မှတ်ချက်**

ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေ ဥပဒေကို ၂၀၁၄ ခုနှစ်၊ မတ်လ (၁၂)ရက်နေ့တွင် အသစ်ရေးဆွဲပြဋ္ဌာန်းခဲ့ကြောင်း တွေ့ရသည်။

## ၄.၇၁.၀။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဉက္ကဋ္ဌနှင့် အလုပ်အမှုဆောင်ကော်မတီဝင်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေ

- ၄.၁၁.၂၀၁၃ — ဥပဒေကြမ်းစတင်တင်သွင်း, အမျိုးသားလွှတ်တော်
- ၄.၁၁.၂၀၁၃ — ဥပဒေကြမ်းကော်မတီအစီရင်ခံစာတင်သွင်း, အမျိုးသားလွှတ်တော်
- ၆.၃.၂၀၁၄ — ဥပဒေကြမ်းကော်မတီအစီရင်ခံစာပြန်လည်တင်သွင်း, အမျိုးသားလွှတ်တော်
- ၃.၆.၂၀၁၄ — ဥပဒေကြမ်းကော်မတီအစီရင်ခံစာပြန်လည်တင်သွင်း, အမျိုးသားလွှတ်တော်
- ၃.၆.၂၀၁၄ — ပြင်ဆင်ချက်ဖြင့်အတည်ပြု, အမျိုးသားလွှတ်တော်
- ၁၆.၆.၂၀၁၄ — ဥပဒေကြမ်းကော်မတီအစီရင်ခံစာတင်သွင်း, ပြည်သူ့လွှတ်တော်
- ၁၈.၁၁.၂၀၁၄ — အတည်ပြု, ပြည်သူ့လွှတ်တော်
- ၂၈.၁၁.၂၀၁၄ — ဥပဒေအဖြစ် အတည်ပြု, ပြည်ထောင်စုလွှတ်တော်

၄.၇၁.၀။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးဆောင်ကော်မတီဝင်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေ

| နောက်ခံအကြောင်းအရာ | |
|---|---|
| တင်သွင်းသူ | ဒေါက်တာလင်းအောင်၊ ဒုတိယဝန်ကြီး |
| မဲဆန္ဒနယ်/အဖွဲ့အစည်း | ဘဏ္ဍာရေးဝန်ကြီးဌာန |
| စတင်တင်သွင်းသည့်လွှတ်တော် | အမျိုးသားလွှတ်တော် |
| တင်သွင်းသည့်ရက်စွဲ | ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ (၄)ရက် |
| ဥပဒေအဖြစ် ပြဋ္ဌာန်းသည့်ရက်စွဲ | ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ (၉)ရက် |
| အမျိုးအစား | ပြင်ဆင်သည့်ဥပဒေ |
| ကဏ္ဍ | အခြား |

## မိတ်ဆက်

## (၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၅၄)

၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ (၉)ရက်နေ့တွင် သမ္မတမှ လက်မှတ်ရေးထိုးပြဋ္ဌာန်းသည်။

## ဖြတ်သန်းမှုအဆင့်ဆင့်

ဤဥပဒေကြမ်းနှင့်ပတ်သက်၍ အမျိုးသားလွှတ်တော်တွင် စတင်တင်သွင်းစဉ်က တစ်ကြိမ်ဆွေးနွေးခဲ့ပြီး ဥပဒေကြမ်းကော်မတီ အစီရင်ခံစာနှစ်စောင်စီ တင်သွင်းခဲ့ကြောင်း တွေ့ရသည်။ ပြည်သူ့လွှတ်တော်တွင် တစ်ကြိမ်ဆွေးနွေးပြီး ဥပဒေကြမ်းကော်မတီ အစီရင်ခံစာတစ်စောင် တင်သွင်းခဲ့ကြောင်းတွေ့ရသည်။ လွှတ်တော်နှစ်ရပ် သဘောထားကွဲလွဲမှုမရှိသဖြင့် ပြည်ထောင်စုလွှတ်တော်တွင် မှတ်တမ်းတင်အတည်ပြုခဲ့ကြောင်းတွေ့ရသည်။

ဤဥပဒေကြမ်းနှင့်ပတ်သက်၍ လွှတ်တော်တွင်စုစုပေါင်းဆွေးနွေးရက် (၃)ရက်သာရှိကြောင်း တွေ့ရသည်။ အမျိုးသားလွှတ်တော်တွင် (၂)ရက်နှင့် ပြည်သူ့လွှတ်တော်တွင် (၁)ရက်ရှိခဲ့သည်။

## ဆွေးနွေးမှု

ဤဥပဒေကြမ်းနှင့်ပတ်သက်၍ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် (၂)ဦး ဝင်ရောက်ဆွေးနွေးခဲ့ကြောင်း တွေ့ရသည်။ ဝင်ရောက်ဆွေးနွေးခဲ့သော လွှတ်တော်ကိုယ်စားလှယ်များမှာ AMRDP နှင့် CPP တို့မှ တစ်ဦးစီ ဆွေးနွေးခဲ့သည်။

## ဝင်ရောက်ဆွေးနွေးခဲ့ကြသည့် လွှတ်တော်ကိုယ်စားလှယ်

| စဉ် | ကိုယ်စားလှယ်အမည် | မဲဆန္ဒနယ် | ပါတီ | ဆွေးနွေးသည့်လွှတ်တော် |
|---|---|---|---|---|
| ၁ | ဦးဇုန်လှယ်ထန်း | ချင်း (၂) | CPP | အမျိုးသားလွှတ်တော် |
| ၂ | ဒေါက်တာဗညားအောင်မိုး | မွန် (၇) | AMRDP | အမျိုးသားလွှတ်တော် |

## ၄.၇၂.၀။ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် ကောင်စီဝင်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေ

- ၄.၁၁.၂၀၁၃ — ဥပဒေကြမ်းစတင်တင်သွင်း
  အမျိုးသားလွှတ်တော်
- ၄.၁၁.၂၀၁၃ — ဥပဒေကြမ်းကော်မတီအစီရင်ခံစာတင်သွင်း
  အမျိုးသားလွှတ်တော်
- ၆.၃.၂၀၁၄ — ဥပဒေကြမ်းကော်မတီအစီရင်ခံစာပြန်လည်တင်သွင်း
  အမျိုးသားလွှတ်တော်
- ၃.၆.၂၀၁၄ — ဥပဒေကြမ်းကော်မတီအစီရင်ခံစာပြန်လည်တင်သွင်း
  အမျိုးသားလွှတ်တော်
- ၃.၆.၂၀၁၄ — ပြင်ဆင်ချက်ဖြင့်အတည်ပြု
  အမျိုးသားလွှတ်တော်
- ၁၆.၆.၂၀၁၄ — ဥပဒေကြမ်းကော်မတီအစီရင်ခံစာတင်သွင်း
  ပြည်သူ့လွှတ်တော်
- ၁၈.၁၁.၂၀၁၄ — အတည်ပြု
  ပြည်သူ့လွှတ်တော်
- ၂၈.၁၁.၂၀၁၄ — ဥပဒေအဖြစ်အတည်ပြု
  ပြည်ထောင်စုလွှတ်တော်

၄.၇၂.၀။ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် ကောင်စီဝင်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေ

| နောက်ခံအကြောင်းအရာ | |
|---|---|
| တင်သွင်းသူ | ဒေါက်တာလင်းအောင်၊ ဒုတိယဝန်ကြီး |
| မဲဆန္ဒနယ်/အဖွဲ့အစည်း | ဘဏ္ဍာရေးဝန်ကြီးဌာန |
| စတင်တင်သွင်းသည့်လွှတ်တော် | အမျိုးသားလွှတ်တော် |
| တင်သွင်းသည့်ရက်စွဲ | ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ (၄)ရက် |
| ဥပဒေအဖြစ် ပြဋ္ဌာန်းသည့်ရက်စွဲ | ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ (၉)ရက် |
| အမျိုးအစား | ပြင်ဆင်သည့်ဥပဒေ |
| ကဏ္ဍ | အခြား |

**မိတ်ဆက်**

**( ၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေ အမှတ်၅၅)**

၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ (၉)ရက်နေ့တွင် သမ္မတမှ လက်မှတ်ရေးထိုးပြဋ္ဌာန်းသည်။

**ဖြတ်သန်းမှုအဆင့်ဆင့်**

ဤဥပဒေကြမ်းနှင့်ပတ်သက်၍ အမျိုးသားလွှတ်တော်တွင် စတင်တင်သွင်းစဉ်ကတစ်ကြိမ် ဆွေးနွေးခဲ့ပြီး ဥပဒေကြမ်းကော်မတီ အစီရင်ခံစာနှစ်စောင် တင်သွင်းခဲ့ကြောင်း တွေ့ရသည်။ ပြည်သူ့လွှတ်တော်တွင် တစ်ကြိမ်ဆွေးနွေးပြီး ဥပဒေကြမ်းကော်မတီ အစီရင်ခံစာတစ်စောင် တင်သွင်းခဲ့ကြောင်းတွေ့ရသည်။ လွှတ်တော်နှစ်ရပ် သဘောထားကွဲလွဲမှုမရှိသဖြင့် ပြည်ထောင်စုလွှတ်တော်တွင် မှတ်တမ်းတင် အတည်ပြုခဲ့ကြောင်း တွေ့ရသည်။

ဤဥပဒေကြမ်းနှင့်ပတ်သက်၍ လွှတ်တော်တွင်စုစုပေါင်း ဆွေးနွေးရက် (၃)ရက်သာရှိကြောင်း တွေ့ရသည်။ အမျိုးသားလွှတ်တော်တွင် (၂)ရက်နှင့် ပြည်သူ့လွှတ်တော်တွင် (၁)ရက်ရှိခဲ့သည်။

## ၄.၇၃.၀။ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေ

- ၄.၁၁.၂၀၁၃ — ဥပဒေကြမ်းစတင်တင်သွင်း, အမျိုးသားလွှတ်တော်
- ၄.၁၁.၂၀၁၃ — ဥပဒေကြမ်းကော်မတီအစီရင်ခံစာတင်သွင်း, အမျိုးသားလွှတ်တော်
- ၁၁.၁၁.၂၀၁၃ — ကိုယ်စားလှယ်များ၏ဆွေးနွေးမှု, အမျိုးသားလွှတ်တော်
- ၁၃.၁၁.၂၀၁၃ — ဥပဒေကြမ်းကော်မတီအစီရင်ခံစာပြန်လည်တင်သွင်း, အမျိုးသားလွှတ်တော်
- ၁၃.၁၁.၂၀၁၃ — ကိုယ်စားလှယ်များ၏ဆွေးနွေးမှု, အမျိုးသားလွှတ်တော်
- ၆.၃.၂၀၁၄ — ဥပဒေကြမ်းကော်မတီအစီရင်ခံစာပြန်လည်တင်သွင်း, အမျိုးသားလွှတ်တော်
- ၆.၃.၂၀၁၄ — ပြင်ဆင်ချက်ဖြင့်အတည်ပြု, အမျိုးသားလွှတ်တော်
- ၁၆.၆.၂၀၁၄ — ဥပဒေကြမ်းကော်မတီအစီရင်ခံစာတင်သွင်း, ပြည်သူ့လွှတ်တော်
- ၃.၇.၂၀၁၄ — ကိုယ်စားလှယ်များ၏ဆွေးနွေးမှု, ပြည်သူ့လွှတ်တော်
- ၁၈.၁၁.၂၀၁၄ — အတည်ပြု, ပြည်သူ့လွှတ်တော်
- ၂၈.၁၁.၂၀၁၄ — ဥပဒေအဖြစ်အတည်ပြု, ပြည်ထောင်စုလွှတ်တော်

၄.၇၃.၀။ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေ

| နောက်ခံအကြောင်းအရာ | |
|---|---|
| တင်သွင်းသူ | ဒေါက်တာလင်းအောင်၊ ဒုတိယဝန်ကြီး |
| မဲဆန္ဒနယ်/အဖွဲ့အစည်း | ဘဏ္ဍာရေးဝန်ကြီးဌာန |
| စတင်တင်သွင်းသည့်လွှတ်တော် | အမျိုးသားလွှတ်တော် |
| တင်သွင်းသည့်ရက်စွဲ | ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ (၄)ရက် |
| ဥပဒေအဖြစ် ပြဋ္ဌာန်းသည့်ရက်စွဲ | ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ (၉)ရက် |
| အမျိုးအစား | ပြင်ဆင်သည့်ဥပဒေ |
| ကဏ္ဍ | အခြား |

## မိတ်ဆက်

### ( ၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေ အမှတ်၅၆)

၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ (၉)ရက်နေ့တွင် သမ္မတမှ လက်မှတ်ရေးထိုးပြဋ္ဌာန်းသည်။

## ဖြတ်သန်းမှုအဆင့်ဆင့်

ဤဥပဒေကြမ်းနှင့်ပတ်သက်၍ အမျိုးသားလွှတ်တော်တွင် စတင်တင်သွင်းစဉ်ကတစ်ကြိမ် ဆွေးနွေးခဲ့ပြီး ပြည်သူ့လွှတ်တော်မှ ပြန်လည်ရောက်ရှိစဉ်က တစ်ကြိမ်ဆွေးနွေးခဲ့ကြောင်းတွေ့ရသည်။ အမျိုးသားလွှတ်တော်တွင် ဥပဒေကြမ်းကော်မတီ အစီရင်ခံစာသုံးစောင် တင်သွင်းခဲ့ကြောင်းတွေ့ရသည်။ ပြည်သူ့လွှတ်တော်တွင် တစ်ကြိမ်ဆွေးနွေးပြီး ဥပဒေကြမ်းကော်မတီ အစီရင်ခံစာတစ်စောင် တင်သွင်းခဲ့ကြောင်းတွေ့ရသည်။ လွှတ်တော်နှစ်ရပ် သဘောထားကွဲလွဲမှုမရှိသဖြင့် ပြည်ထောင်စုလွှတ်တော်တွင် မှတ်တမ်းတင် အတည်ပြုခဲ့ကြောင်း တွေ့ရသည်။

ဤဥပဒေကြမ်းနှင့်ပတ်သက်၍ လွှတ်တော်တွင်စုစုပေါင်းဆွေးနွေးရက် (၆)ရက်သာ ရှိကြောင်းတွေ့ရသည်။ အမျိုးသားလွှတ်တော်တွင် (၄)ရက်နှင့် ပြည်သူ့လွှတ်တော်တွင် (၂)ရက်ရှိခဲ့သည်။

## ဆွေးနွေးမှု

ဤဥပဒေကြမ်းနှင့်ပတ်သက်၍ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် (၅)ဦးနှင့် ပြည်သူ့လွှတ်တော်တွင် (၁)ဦးတို့ ဝင်ရောက်ဆွေးနွေးခဲ့ကြောင်းတွေ့ရသည်။ ဝင်ရောက်ဆွေးနွေးခဲ့သော လွှတ်တော်ကိုယ်စားလှယ်များမှာ CPPမှ (၂)ဦးနှင့် AMRDP၊ USDP၊ NDF နှင့် CNP တို့မှ တစ်ဦးစီ ဆွေးနွေးခဲ့ကြောင်းတွေ့ရသည်။

## ဝင်ရောက်ဆွေးနွေးခဲ့ကြသည့် လွှတ်တော်ကိုယ်စားလှယ်

| စဉ် | ကိုယ်စားလှယ်အမည် | မဲဆန္ဒနယ် | ပါတီ | ဆွေးနွေးသည့်လွှတ်တော် |
|---|---|---|---|---|
| ၁ | ဦးဇုန်လှယ်ထန်း | ချင်း (၂) | CPP | အမျိုးသားလွှတ်တော် |
| ၂ | ဒေါက်တာဗညားအောင်မိုး | မွန် (၇) | AMRDP | အမျိုးသားလွှတ်တော် |
| ၃ | ဦးဝင်းနောင် | ရန်ကုန် (၅) | USDP | အမျိုးသားလွှတ်တော် |
| ၄ | ဒေါ်ခင်ဝိုင်းကြည် | ရန်ကုန် (၁) | NDF | အမျိုးသားလွှတ်တော် |
| ၅ | ဦးကျွန်ခဲန်း | ချင်း (၁) | CPP | အမျိုးသားလွှတ်တော် |
| ၆ | ဒေါ်ဇာတလဲမ်း | ထန်တလန် | CNP | ပြည်သူ့လွှတ်တော် |

## ၄.၇၄.၀။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာ ဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေ (ဒုတိယအကြိမ်)

ဥပဒေကြမ်းစတင်တင်သွင်း
အမျိုးသားလွှတ်တော်
၄.၁၁.၂၀၁၃

၄.၁၁.၂၀၁၃
ဥပဒေကြမ်းကော်မတီအစီရင်ခံစာတင်သွင်း
အမျိုးသားလွှတ်တော်

ကိုယ်စားလှယ်များ၏ဆွေးနွေးမှု
အမျိုးသားလွှတ်တော်
၁၁.၁၁.၂၀၁၃

၆.၃.၂၀၁၄/၃.၆.၂၀၁၄
ဥပဒေကြမ်းကော်မတီအစီရင်ခံစာပြန်လည်တင်သွင်း
အမျိုးသားလွှတ်တော်

ပြင်ဆင်ချက်ဖြင့်အတည်ပြု
အမျိုးသားလွှတ်တော်
၃.၆.၂၀၁၄

၁၆.၆.၂၀၁၄
ဥပဒေကြမ်းကော်မတီအစီရင်ခံစာတင်သွင်း
ပြည်သူ့လွှတ်တော်

ဥပဒေကြမ်းကော်မတီအစီရင်ခံစာပြန်လည်တင်သွင်း
ပြည်သူ့လွှတ်တော်
၁၀.၁၁.၂၀၁၄

၁၈.၁၁.၂၀၁၄
ပြင်ဆင်ချက်ဖြင့်အတည်ပြု
ပြည်သူ့လွှတ်တော်

အတည်ပြု
အမျိုးသားလွှတ်တော်
၂၅.၁၁.၂၀၁၄

၂၈.၁၁.၂၀၁၄
ဥပဒေအဖြစ် အတည်ပြု
ပြည်ထောင်စုလွှတ်တော်

၄.၇၄.၀။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာ ဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေ

| နောက်ခံအကြောင်းအရာ | |
|---|---|
| တင်သွင်းသူ | ဒေါက်တာလင်းအောင်၊ ဒုတိယဝန်ကြီး |
| မဲဆန္ဒနယ်/အဖွဲ့အစည်း | ဘဏ္ဍာရေးဝန်ကြီးဌာန |
| စတင်တင်သွင်းသည့်လွှတ်တော် | အမျိုးသားလွှတ်တော် |
| တင်သွင်းသည့်ရက်စွဲ | ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ (၄)ရက် |
| ဥပဒေအဖြစ် ပြဋ္ဌာန်းသည့်ရက်စွဲ | ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ (၉)ရက် |
| အမျိုးအစား | ပြင်ဆင်သည့်ဥပဒေ |
| ကဏ္ဍ | အခြား |

## မိတ်ဆက်

### ( ၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေ အမှတ်၅၇)

၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ (၉)ရက်နေ့တွင် သမ္မတမှ လက်မှတ်ရေးထိုးပြဋ္ဌာန်းသည်။

## ဖြတ်သန်းမှုအဆင့်ဆင့်

ဤဥပဒေကြမ်းနှင့်ပတ်သက်၍ အမျိုးသားလွှတ်တော်တွင် စတင်တင်သွင်းစဉ်ကတစ်ကြိမ် ဆွေးနွေးခဲ့ပြီး ပြည်သူ့လွှတ်တော်မှ ပြင်ဆင်ချက်ဖြင့် ပြန်လည်ရောက်ရှိလာစဉ်က တစ်ကြိမ်ဆွေးနွေးခဲ့ကြောင်း တွေ့ရသည်။ အမျိုးသားလွှတ်တော်တွင် ဥပဒေကြမ်းကော်မတီ အစီရင်ခံစာနှစ်စောင် တင်သွင်းခဲ့ကြောင်းတွေ့ရသည်။ ပြည်သူ့လွှတ်တော်တွင် တစ်ကြိမ်ဆွေးနွေးခဲ့ပြီး ဥပဒေကြမ်းကော်မတီ အစီရင်ခံစာ တစ်စောင်တင်သွင်းခဲ့ကြောင်းတွေ့ရသည်။ လွှတ်တော်နှစ်ရပ် သဘောထားကွဲလွဲမှု မရှိသဖြင့် ပြည်ထောင်စုလွှတ်တော်တွင် မှတ်တမ်းတင်အတည်ပြုခဲ့ကြောင်း တွေ့ရသည်။

ဤဥပဒေကြမ်းနှင့်ပတ်သက်၍ လွှတ်တော်တွင်စုစုပေါင်း ဆွေးနွေးရက် (၄)ရက်ရှိခဲ့ကြောင်း တွေ့ရသည်။ အမျိုးသားလွှတ်တော်တွင် (၃)ရက်နှင့် ပြည်သူ့လွှတ်တော်တွင် (၁)ရက် ဆွေးနွေးခဲ့ကြောင်းတွေ့ရသည်။

### ဆွေးနွေးမှု

ဤဥပဒေကြမ်းနှင့်ပတ်သက်၍ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် (၂)ဦး ဝင်ရောက်ဆွေးနွေးခဲ့ကြောင်း တွေ့ရသည်။ ဝင်ရောက်ဆွေးနွေးခဲ့သည့် လွှတ်တော်ကိုယ်စားလှယ်များမှာ CPP နှင့် AMRDP တို့မှ တစ်ဦးစီ ဆွေးနွေးခဲ့ကြောင်းတွေ့ရသည်။

## ဝင်ရောက်ဆွေးနွေးခဲ့ကြသည့် လွှတ်တော်ကိုယ်စားလှယ်

| စဉ် | ကိုယ်စားလှယ်အမည် | မဲဆန္ဒနယ် | ပါတီ | ဆွေးနွေးသည့်လွှတ်တော် |
|---|---|---|---|---|
| ၁ | ဦးဇုန်လှယ်ထန်း | ချင်း (၂) | CPP | အမျိုးသားလွှတ်တော် |
| ၂ | ဒေါက်တာဗညားအောင်မိုး | မွန် (၇) | AMRDP | အမျိုးသားလွှတ်တော် |

## ထင်ရှားသည့်ကိန်းဂဏန်းများ

ကဏ္ဍ (၄) မျိုးတွင် အကျုံးဝင်သည့်
ဥပဒေကြမ်း စုစုပေါင်း
၇၄

လူမှုရေး
၂၄

စီမံခန့်ခွဲရေး
၉

တရားစီရင်ရေး
၁၁

အခြား
၃၀

ပြည်သူ့လွှတ်တော်တွင် စတင်တင်သွင်းသည့်
ဥပဒေအရေအတွက်
၂၈

အမျိုးသားလွှတ်တော်တွင် စတင်တင်သွင်းသည့်
ဥပဒေအရေအတွက်
၄၅

ပြည်ထောင်စုလွှတ်တော်တွင် စတင်တင်သွင်းသည့်
ဥပဒေအရေအတွက်
၁

# အခန်း (၅)
# သုံးသပ်ချက်များနှင့် အကြံပြုချက်များ

## လွှတ်တော်နှင့် ပတ်သက်၍

လွှတ်တော်၏ ဥပဒေပြုရေးလုပ်ငန်းစဉ်ကို လေ့လာကြည့်ရာတွင် လွှတ်တော်ဥက္ကဋ္ဌများနှင့် နာယကတို့၏အခန်းကဏ္ဍမှာ ကြီးမားစွာပါဝင်နေသည်ကို တွေ့ရပါသည်။ ပြည်ထောင်စုလွှတ်တော် နာယကသည် အစိုးရအဖွဲ့အပါအဝင် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများတင်သွင်းသော ဥပဒေကြမ်းများကို မည်သည့်လွှတ်တော်တွင် စတင်ဆွေးနွေးရမည်ဟု ဆုံးဖြတ်ပေးနိုင်သည်။ ဥပဒေကြမ်းများကို မူလစတင်တင်သွင်းသည့်လွှတ်တော်သည် ဥပဒေကြမ်းကို နှစ်ကြိမ်ဆွေးနွေးရပြီး၊ ပြည်ထောင်စုလွှတ်တော်တွင် တင်သွင်းဆွေးနွေးခြင်းပြုမပြု အဆုံးအဖြတ်ပေးနိုင်သည့် အနေအထားတွင်ရှိသည်။ ထို့အပြင် လွှတ်တော်ဥက္ကဋ္ဌသည် ဥပဒေကြမ်း၏ မည်သည့်အဆင့်တွင်မဆို ဆိုင်းငံ့ရန်အဆိုကို တင်သွင်းစေနိုင်သည်ကိုလည်း တွေ့ရသည်။ ထို့အပြင် နည်းဥပဒေများ၏ တိကျမှု အားနည်းနေခြင်းကြောင့် ဥပဒေကြမ်း ဆွေးနွေးရာတွင် ဆောင်ရွက်ရမည့် လုပ်ထုံးလုပ်နည်း အချို့အပိုင်းများမှာ တိကျမှု မရှိသည်ကို တွေ့ရသည့်ပြင် လွှတ်တော်ဥက္ကဋ္ဌများ၏ အဆုံးအဖြတ်ပေါ် မူတည်ကာ ဆောင်ရွက်နေရကြောင်းတွေ့ရသည်။ လွှတ်တော်များသည် မြန်မာ့နိုင်ငံရေးတွင် ရေရှည်အတွက် အရေးကြီးသော နိုင်ငံရေးအဆောက်အဦများဖြစ်သောကြောင့် လူပုဂ္ဂိုလ်အပေါ်တည်မှီနေခြင်းကို အနည်းဆုံး လျှော့ချနိုင်မည့် ခိုင်မာသည့် လုပ်ထုံးလုပ်နည်းများ ရှိနေရန် လိုအပ်ပါသည်။

ဥပဒေကြမ်းများကို ဆောင်ရွက်မှုအား လေ့လာကြည့်ရာတွင် လွှတ်တော်နှစ်ရပ်ဖြစ်သော အမျိုးသားလွှတ်တော်နှင့် ပြည်သူ့လွှတ်တော်အကြားတွင် ဥက္ကဋ္ဌများ၏ ဆုံးဖြတ်ချက် များကို မူတည်၍ ခြားနားချက်များရှိနေသည်ကို တွေ့ရသည်။ လွှတ်တော်နည်းဥပဒေများတွင် ဥပဒေကြမ်း ဆွေးနွေးရာ၌ ပြင်ဆင်ချက်အဆိုများတင်သွင်းနိုင်သည်ဟု ဖော်ပြထားသော်လည်း မဖြစ်မနေတင်သွင်းရမည်ဟု ဆိုလိုခြင်းမရှိပေ။ အမျိုးသားလွှတ်တော်တွင် ပြင်ဆင်ချက်အဆို တင်သွင်းခြင်း ပုံစံထက် ဥပဒေကြမ်းတစ်ခုလုံးကို လွှတ်တော်ကိုယ်စားလှယ်တစ်ဦးချင်းက ယေဘုယျ ဝင်ရောက်ဆွေးနွေးသည့်ပုံစံကို အသုံးပြုသည်။ ထိုဆွေးနွေးမှုများပေါ်မူ တည်၍ ဆွေးနွေးသည့် လွှတ်တော်ကိုယ်စားလှယ်များနှင့် ဥပဒေကြမ်းကော်မတီအကြား ကြားနာမှုများ ပြုလုပ်စေပြီး အဆိုပြုပြင်ဆင် ချက်များ ထည့်သွင်းထားသည့် ဥပဒေကြမ်းကော်မတီ အစီရင်ခံစာနှင့် ဥပဒေကြမ်းမူတစ်ရပ်ကို တင်ပြစေကာ အတည်ပြုသည့် နည်းလမ်းကို အသုံးပြုသည်။

ပြည်သူ့လွှတ်တော်တွင်မူ ပြင်ဆင်ချက်အဆိုများ တင်သွင်းစေသည့် နည်းလမ်းကို အသုံးပြုသည်။ အမျိုးသားလွှတ်တော်တွင် ဥပဒေကြမ်းပါ အကြောင်းအရာများကို လွှတ်တော်ကိုယ်စားလှယ်များ ခြုံငုံဆွေးနွေးစေပြီးနောက် ဥပဒေကြမ်းကော်မတီကို နှစ်ဆင့် စိစစ်စေသည့်နည်းနှင့် ပြည်သူ့လွှတ်တော်တွင် ပြင်ဆင်ချက်အဆိုများ တင်သွင်းအဆုံးအဖြတ်ခံယူပြီး ဥပဒေကြမ်းကို ပြင်ဆင်မှုများ ပြုလုပ်စေသည့်နည်းကို အသုံးပြုကြောင်းတွေ့ရသည်။ သို့ဖြစ်ရာ ယေဘုယျအားဖြင့် ဥပဒေပြုမှုပုံစံ နှစ်မူကွဲနေသည်ကို တွေ့ရသည်။ ထိုသို့ ကွဲပြားနေရခြင်းမှာ နည်းဥပဒေများ၏ တိကျမှုအားနည်းချက်ကြောင့်ဖြစ်ပြီး၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ ပြင်ဆင်ရာတွင် နိုင်ငံသားများ၏ အကျိုးစီးပွားကို ပိုမိုဖော်ဆောင်ပေးနိုင်မည့် လုပ်ထုံးလုပ်နည်းများကို ဖော်ထုတ်ကာ တိတိကျကျ ပြဋ္ဌာန်းသတ်မှတ်သင့်ပါသည်။

ကော်မတီကို နှစ်ကြိမ် စိစစ်စေသည့်နည်းလမ်းမှာ လွှတ်တော်တွင်း ဆွေးနွေးချိန် သက်သာခြင်းစသည့် အားသာချက်များရှိသော်လည်း ကော်မတီ၏ ခေါ်ယူကြားနာမှုများမှာ တံခါးပိတ်အစည်းအဝေးများ ဖြစ်နေခြင်းကြောင့် လွှတ်တော်ကိုယ်စားလှယ်များ ကျယ်ပြန့်စွာ ပါဝင်နိုင်မှုကို အကန့်အသတ် ရှိစေနိုင်သည်။ ထို့အတူ ပြင်ဆင်ချက်အဆိုများဖြင့် ဆောင်ရွက်သည့်နည်းလမ်းသည် လွှတ်တော်တွင်း ဆွေးနွေးချိန် ပိုမိုများပြားစေသည်။ ပွင့်လင်းမြင်သာ မှုပိုင်းတွင် အားသာချက်ရှိသည်ဟု ဆိုနိုင်သည်။ သို့သော် ပြင်ဆင်ချက် အဆိုများကို ကျန်လွှတ်တော်ကိုယ်စားလှယ်များ က ကြိုတင်သိရှိနိုင်ခြင်းမရှိပဲ နေ့ချင်းဝင်ရောက်ဆွေးနွေးရန်လိုအပ်ခြင်း၊ ထိုဆွေးနွေးမှုအတွက် ဥက္ကဋ္ဌက ခွင့်ပြုရန်လိုအပ်ခြင်းတို့မှာ အားနည်းချက်များ ဖြစ်နိုင်သည်။ ထို့ကြောင့် နိုင်ငံအတွက် အရေးကြီးသော ဥပဒေပြုရေးလုပ်ငန်းကို ဆောင်ရွက်ရာတွင် ထိရောက်မှုနှင့် ပွင့်လင်းမြင်သာမှုကို သမမျှတစွာ ဖော်ဆောင်ပေးနိုင်မည့် နည်းလမ်းကို ရေရှည်တွင် အသုံးပြုသင့်ပါသည်။

## လွှတ်တော်ကိုယ်စားလှယ်များနှင့် ပတ်သက်၍

ဥပဒေကြမ်းများကို လွှတ်တော်ကိုယ်စားလှယ်များ ဝင်ရောက်ဆွေးနွေးမှုများကို လေ့လာကြည့်ရာ ပျမ်းမျှ ဆွေးနွေးမှုအကြိမ်ရေမှာ ဥပဒေကြမ်းတစ်ခုလျှင် ၃.၉ ကြိမ်ကျော်ခန့်ရှိပြီး၊ ၃ ရက်ကျော်ခန့် ဆွေးနွေးရလေ့ရှိကြောင်းတွေ့ရသည်။ အခြားကဏ္ဍများနှင့် နှိုင်းစာလျှင် ဤကဏ္ဍ ၄ ရပ်သည် ဆွေးနွေးမှုနည်းပါးသည့် ကဏ္ဍများဖြစ်နေကြောင်း တွေ့ရှိရသည်။ သို့သော် ဤကဏ္ဍများသည် အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးမဏ္ဍိုင်ကို ထိန်းကျောင်းတည့်မတ်ရန် အရေးပါသည့်အတွက် ဤကဏ္ဍပါ ဥပဒေများကိုလည်း အလေးပေး ဆွေးနွေးရန် လိုအပ်ပါသည်။ ဥပဒေကြမ်း၏ အကြောင်းအရာနှင့် အမျိုးအစားအလိုက် ဆွေးနွေးရသည့် အချိန်မှာ ကွာဟချက်များရှိနိုင်ပြီး လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေးလိုပါက သတ်မှတ်ထားသည့် ဆွေးနွေးရက်ထက် သုံးရက်သာ ကြိုတင် အမည်စာရင်းတင်သွင်းစေခြင်းကို ကြည့်လျှင် အနည်းဆုံး သုံးရက်မှ လေးရက်ခန့်သာ အချိန်ရနိုင်သည့် အနေအထားတွင်ရှိသည်။ ထိုအခြေအနေသည် ဥပဒေကြမ်းများကို ဝင်ရောက် ဆွေးနွေးမည့် လွှတ်တော်ကိုယ်စားလှယ်များအတွက်သော်လည်းကောင်း၊ ဥပဒေကြမ်း ဆွေးနွေးမှုတွင် ပါဝင်လိုသည့် နိုင်ငံသားများနှင့် အဖွဲ့အစည်းများအတွက် အကန့်အသတ် များ ရှိနေသည်ဟု ဆိုနိုင်ပါသည်။ ထို့ကြောင့် ဥပဒေပြုရေးတွင် လွှတ်တော်ကိုယ်စားလှယ်များ ပိုမို ထိရောက်စွာ ပါဝင်နိုင်ရေး အတွက် လွှတ်တော်ကိုယ်စားလှယ်များအနေ ဖြင့် နည်းဥပဒေများကို ပိုမိုတိကျစေရန်အတွက် ပြင်ဆင်နိုင် ရန် ကြိုးစားခြင်း၊ ဥပဒေကြမ်း ဆွေးနွေးမှုဆိုင်ရာ အချက်အလက်များကို ထုတ်ပြန်ပေးခြင်း၊ လွှတ်တော်လုပ်ငန်းများ ဆောင်ရွက်မှုများကို စိစစ်ထိန်းကျောင်းမှုပြုခြင်းစသည့် နည်းလမ်းများဖြင့် မိမိတို့၏ လက်ရှိအခြေအနေထက် ပိုမိုကောင်းမွန်သည့် အနေအထားတစ်ရပ်ကို ချဲ့ထွင်နိုင်ရေး ကြိုးစားနိုင်ရန် လိုအပ်ပါသည်။

လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ဥပဒေပြုရေးဖြစ်စဉ်တစ်လျှောက် နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့် ညီညွတ်မှုရှိမရှိကိုလည်း လေ့လာသုံးသပ်နေရန် လိုအပ်ပြီး၊ ထိုမညီညွတ်မှုများသည် လွှတ်တော်ကိုယ်စားလှယ်များ၏ နိုင်ငံသားများကို ကိုယ်စားပြုခွင့်၊ ဥပဒေပြုခွင့် အခွင့်အရေးကို ထိခိုက်စေသည့်အားလျော်စွာ အစဉ်မပြတ် ထိန်းကျောင်းစိစစ်မှု ပြုနေရန် လိုအပ်သည်။

## ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများနှင့် ပတ်သက်၍

ဤကဏ္ဍ ၄ ရပ်ပါ ဥပဒေကြမ်းများကို လေ့လာကြည့်ရာတွင် ပြင်ဆင်သည့် ဥပဒေအရေအတွက်မှာ အများဆုံးဖြစ်ခဲ့ကြောင်း တွေ့ရသည်။ ထိုသို့ ပြင်ဆင်ရာတွင် ယခင်အစိုးရများလက်ထက်က ဥပဒေများကို ပြင်ဆင်ခြင်းအပြင် လက်ရှိ လွှတ်တော်သက်တမ်းအတွင်းမှ ဥပဒေများကို ပြင်ဆင်ခြင်းလည်းပါဝင်သည်ကိုတွေ့ရှိရပါသည်။ လွှတ်တော်တစ်ရပ်တည်းက ဥပဒေတစ်ခုကို အတည်ပြု ပြဋ္ဌာန်းပြီး

နောက်တွင် အကြိမ်ကြိမ်ပြန်လည် ပြင်ဆင်နေရခြင်းကို ကျော်လွှားနိုင်ရန်အတွက် ဥပဒေပြုစုစဉ်ကပင် သက်ဆိုင်ရာ အဖွဲ့အစည်းများ ဘက်ပေါင်းစုံမှ ပါဝင်နိုင်မည့် အနေအထားကို ဖန်တီးဖိတ်ခေါ်နိုင်ရန် လိုအပ်ပါသည်။ အခြားကိစ္စရပ်များနှင့် စပ်လျဉ်းသည့် ဥပဒေကြမ်းများလည်း အများဆုံးဖြစ်ခဲ့သည် ကိုတွေ့ရှိခဲ့ရရာ ပြည်ထောင်စုလွှတ်တော် ဥပဒေပြုခွင့်ကို ကျယ်ကျယ်ပြန့်ပြန့်ကျင့်သုံးခဲ့ကြောင်းတွေ့ရပါသည်။ လွှတ်တော်များအနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြည်ထောင်စုဥပဒေ ပြုခွင့် ဇယား(၁)ပါပြဋ္ဌာန်းချက်များကို တိတိကျကျ သတ်မှတ်ပြင်ဆင်သင့်ပါသည်။

## ဥပဒေပြုရေးဖြစ်စဉ်တွင် ပါဝင်လိုသည့် အဖွဲ့အစည်းများ၊ နိုင်ငံသားများနှင့် ပတ်သက်၍

ဥပဒေပြုရေးဖြစ်စဉ်မှ စတင်၍ နိုင်ငံသားများနှင့် နိုင်ငံသား အခြေပြုအဖွဲ့အစည်းများ ပါဝင်ခြင်းသည် ရေရှည်တွင် ဥပဒေပြုရေးမဏ္ဍိုင်ပိုမိုခိုင်မာပြီး တရားဥပဒေစိုးမိုးရေးကို အထောက်အကူဖြစ်စေရေးအတွက် အလွန်အရေးပါပါသည်။ ထို့ကြောင့် လွှတ်တော်အပါအဝင် သက်ဆိုင်ရာ အဖွဲ့အစည်းများအနေဖြင့် နိုင်ငံသားများ၏ ပါဝင်မှုကို ပိုမိုချဲ့ထွင်ပေးရန် လိုအပ်သလို ပါဝင်ရန်လိုအပ်သည့် အဖွဲ့အစည်းများ၊ နိုင်ငံ သားများအနေဖြင့်လည်း ဥပဒေပြုမှု၏ မည်သည့်အဆင့်တွင် မည်သည့်နည်းလမ်းများဖြင့် ပါဝင်မှုပြုနိုင်ကြောင်း၊ မည်သည့် အခွင့်အလမ်းများကို ထိရောက်စွာ အသုံးပြုနိုင်ကြောင်း စသည့် ဥပဒေပြုရေးဆိုင်ရာ အချက်အလက်များနှင့် ဥပဒေပြုမှု အဆင့်များကို မျက်ခြေမပြတ်သိရှိနေရန် လိုအပ်ပါသည်။ ဥပဒေပြုသည့် အဆင့်များတွင် ဥပဒေကြမ်း တင်သွင်းပြီးနောက် ကော်မတီအစီရင်ခံစာ ပြုစုနေသည့် ကာလ၊ ကော်မတီ အစီရင်ခံစာ တင်သွင်းပြီးနောက် လွှတ် တော်ကိုယ်စားလှယ်များ ဆွေးနွေးနေသည့် ကာလများတွင် ဝင်ရောက် ဆွေးနွေးရန် အကောင်းဆုံး ကာလများဖြစ်သည်။ တင်သွင်းသည့် ဥပဒေကြမ်းကို ကန့်ကွက်လိုပါက စတင် တင်သွင်းသည့် အဆင့်သည် ဆွေးနွေးရန် အကောင်းဆုံး ကာလဖြစ်သည်။ လွှတ်တော်နှစ်ရပ် ဆွေးနွေးကြရာတွင် စတင်တင်သွင်းသည့် လွှတ်တော်တွင် ဆွေးနွေးသည့် ကာလအတွင်း ဝင်ရောက်ဆွေးနွေးခြင်းဖြင့် ဥပဒေကြမ်းကို ပိုမိုထိရောက်စွာ လွှမ်းမိုးနိုင်သည့် အနေအထားတွင် ရှိပါသည်။ သို့မှသာ ဥပဒေပြုရေးတွင် ပါဝင်နိုင်သည့် အဆင့်များအလိုက် လူထုအကြား ကျယ်ပြန့်သည့် ဆွေးနွေးမှုများ ဖြစ်ပေါ်စေပြီး၊ အတည်ပြုပြဋ္ဌာန်းမည့် ဥပဒေများအပေါ် အနှစ်သာရရှိသည့် လွှမ်းမိုးမှုများ ပြုလုပ်နိုင်မည် ဖြစ်ပါသည်။ ထို့အတူ လွှတ်တော်အပါအဝင် သက်ဆိုင်ရာ အဖွဲ့အစည်း များ အနေဖြင့် ထိုပါဝင်မှုများကို ကြိုဆိုရန်၊ လမ်းဖွင့်ပေးရန် တိုက်တွန်းလိုပါသည်။

# ကိုးကားစာရင်း


၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ဥပဒေများ (၂၀၁၁ခုနှစ်)၊ လွှတ်တော်ရုံး။

၃။ ဥပဒေများ၊ နည်းဥပဒေများ၊ အမိန့်များနှင့် ကြေညာချက်များ (၂၀၁၂ ခုနှစ်)၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး။

၄။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ်ပြည်ထောင်စုလွှတ်တော် ဥပဒေများ (၂၀၁၃ခုနှစ်)၊ လွှတ်တော်ရုံး။

၅။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ်ပြည်ထောင်စုလွှတ်တော် ဥပဒေများ (၂၀၁၄ခုနှစ်) ပထမတွဲ၊ လွှတ်တော်ရုံး။

၆။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ်ပြည်ထောင်စုလွှတ်တော် ဥပဒေများ (၂၀၁၄ခုနှစ်) ဒုတိယတွဲ၊ လွှတ်တော်ရုံး။

၆။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး မှတ်တမ်း၊ လွှတ်တော်ရုံး။

၇။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးမှတ်တမ်း (ပထမတွဲ)လွှတ်တော်ရုံး။

၈။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးမှတ်တမ်း(ဒုတိယတွဲ)လွှတ်တော်ရုံး။

၉။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးမှတ်တမ်း(တတိယတွဲ)လွှတ်တော်ရုံး။

၁၀။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးမှတ်တမ်း(စတုတ္ထတွဲ)လွှတ်တော်ရုံး။

၁၁။ ပထမအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေးမှတ်တမ်း (ပထမတွဲ)လွှတ်တော်ရုံး။

၁၂။ ပထမအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေးမှတ်တမ်း၊(ဒုတိယတွဲ) လွှတ်တော်ရုံး။

၁၃။ ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးမှတ်တမ်း (ပထမတွဲ)လွှတ်တော်ရုံး။

၁၄။ ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးမှတ်တမ်း(ဒုတိယတွဲ)လွှတ်တော်ရုံး။

၁၅။ ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးမှတ်တမ်း (တတိတွဲ)လွှတ်တော်ရုံး။

၁၆။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေး မှတ်တမ်း၊ လွှတ်တော်ရုံး။

၁၇။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေးမှတ်တမ်း (ပထမတွဲ)လွှတ်တော်ရုံး။

၁၈။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေးမှတ်တမ်း(ဒုတိယတွဲ)လွှတ်တော်ရုံး။

၁၉။ ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေးမှတ်တမ်း (ပထမတွဲ)လွှတ်တော်ရုံး။

၂၀။ ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေးမှတ်တမ်း(ဒုတိယတွဲ)လွှတ်တော်ရုံး။

၂၁။ ပထမအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး မှတ်တမ်း၊ လွှတ်တော်ရုံး။

၂၂။ ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန် အစည်းအဝေးမှတ်တမ်း၊ (ပထမတွဲ) လွှတ်တော်ရုံး။

၂၃။ ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန် အစည်းအဝေးမှတ်တမ်း၊ (ဒုတိယတွဲ) လွှတ်တော်ရုံး။

၂၄။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန် အစည်းအဝေးမှတ်တမ်း၊ (ပထမတွဲ) လွှတ်တော်ရုံး။

၂၅။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန် အစည်းအဝေးမှတ်တမ်း၊ (ဒုတိယတွဲ) လွှတ်တော်ရုံး။

၂၆။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန် အစည်းအဝေးမှတ်တမ်း၊ (ပထမတွဲ) လွှတ်တော်ရုံး။

၂၇။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး မှတ်တမ်း၊ (ပထမတွဲ) လွှတ်တော်ရုံး။

၂၈။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး မှတ်တမ်း၊ (ဒုတိယတွဲ) လွှတ်တော်ရုံး။

၂၉။ ပထမအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန် အစည်းအဝေးမှတ်တမ်း၊ လွှတ်တော်ရုံး။

၃၀။ ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန် အစည်းအဝေးမှတ်တမ်း၊ (ပထမတွဲ) လွှတ်တော်ရုံး။

၃၁။ ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန် အစည်းအဝေးမှတ်တမ်း၊ (ဒုတိယတွဲ) လွှတ်တော်ရုံး။

၃၂။ ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန် အစည်းအဝေးမှတ်တမ်း၊ (တတိယတွဲ) လွှတ်တော်ရုံး။

၃၃။ ပထမအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန် အစည်းအဝေးမှတ်တမ်း၊ (ပထမတွဲ) လွှတ်တော်ရုံး။

၃၄။ ပထမအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန် အစည်းအဝေးမှတ်တမ်း၊ (ဒုတိယတွဲ) လွှတ်တော်ရုံး။

၃၅။ ပထမအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန် အစည်းအဝေးမှတ်တမ်း၊ (ပထမတွဲ) လွှတ်တော်ရုံး။

၃၆။ ပထမအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန် အစည်းအဝေးမှတ်တမ်း၊ (ဒုတိယတွဲ) လွှတ်တော်ရုံး။

၃၇။ ပထမအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန် အစည်းအဝေးမှတ်တမ်း၊ (တတိယတွဲ) လွှတ်တော်ရုံး။

၃၈။ ပထမအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန် အစည်းအဝေးမှတ်တမ်း၊ လွှတ်တော်ရုံး။

၃၉။ ပထမအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန် အစည်းအဝေးမှတ်တမ်း၊ (ပထမတွဲ) လွှတ်တော်ရုံး။

၄၀။ ပထမအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန် အစည်းအဝေးမှတ်တမ်း၊ (ဒုတိယတွဲ) လွှတ်တော်ရုံး။

၄၁။ ပထမအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန် အစည်းအဝေးမှတ်တမ်း၊ (ပထမတွဲ) လွှတ်တော်ရုံး။

၄၂။ ပထမအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန် အစည်းအဝေးမှတ်တမ်း၊ (ဒုတိယတွဲ) လွှတ်တော်ရုံး။

၄၃။ ပထမအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန် အစည်းအဝေးမှတ်တမ်း၊ လွှတ်တော်ရုံး။

၄၄။ ပထမအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန် အစည်းအဝေးမှတ်တမ်း၊ (ပထမတွဲ) လွှတ်တော်ရုံး။

၄၅။ ပထမအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန် အစည်းအဝေးမှတ်တမ်း၊ (ဒုတိယတွဲ) လွှတ်တော်ရုံး။

၄၆။ ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန် အစည်းအဝေးမှတ်တမ်း၊ (ပထမတွဲ) လွှတ်တော်ရုံး။

၄၇။ ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန် အစည်းအဝေးမှတ်တမ်း၊ (ဒုတိယတွဲ) လွှတ်တော်ရုံး။

၄၈။ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၁) ကြိမ်မြောက်ပုံမှန်အစည်းအဝေးမှတ်တမ်း၊ (ပထမတွဲ) လွှတ်တော်ရုံး။

၄၉။ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၁) ကြိမ်မြောက်ပုံမှန်အစည်းအဝေးမှတ်တမ်း၊ (ဒုတိယတွဲ) လွှတ်တော်ရုံး။

၅၀။ ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ပထမပုံမှန် အစည်းအဝေးမှတ်တမ်း၊ လွှတ်တော်ရုံး။

၅၁။ ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန် အစည်းအဝေးမှတ်တမ်း၊ လွှတ်တော်ရုံး။

၅၂။ ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန် အစည်းအဝေးမှတ်တမ်း၊ (ပထမတွဲ) လွှတ်တော်ရုံး။

၅၂။ ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန် အစည်းအဝေးမှတ်တမ်း၊ (ဒုတိယတွဲ) လွှတ်တော်ရုံး။

၅၃။ ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယ ပုံမှန်အစည်းအဝေးမှတ်တမ်း၊ (တတိယတွဲ) လွှတ်တော်ရုံး။
၅၄။ ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် စတုတ္ထ ပုံမှန်အစည်းအဝေးမှတ်တမ်း၊ လွှတ်တော်ရုံး။
၅၅။ ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ပဥ္စမပုံမှန် အစည်းအဝေးမှတ်တမ်း၊ လွှတ်တော်ရုံး။
၅၆။ ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ဆဋ္ဌမပုံမှန် အစည်းအဝေးမှတ်တမ်း၊ (ပထမတွဲ) လွှတ်တော်ရုံး။
၅၇။ ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ဆဋ္ဌမပုံမှန် အစည်းအဝေးမှတ်တမ်း (ဒုတိယတွဲ) လွှတ်တော်ရုံး။
၆၀။ ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် သတ္တမပုံမှန် အစည်းအဝေးမှတ်တမ်း၊ (ပထမတွဲ) လွှတ်တော်ရုံး။
၆၁။ ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် သတ္တမပုံမှန် အစည်းအဝေးမှတ်တမ်း (ဒုတိယတွဲ) လွှတ်တော်ရုံး။
၆၂။ ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် အဋ္ဌမပုံမှန် အစည်းအဝေးမှတ်တမ်း၊ လွှတ်တော်ရုံး။
၆၃။ ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် နဝမပုံမှန် အစည်းအဝေးမှတ်တမ်း၊ (ပထမတွဲ) လွှတ်တော်ရုံး။
၆၄။ ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် နဝမပုံမှန် အစည်းအဝေးမှတ်တမ်း (ဒုတိယတွဲ) လွှတ်တော်ရုံး။
၆၅။ ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ဒသမပုံမှန်အစည်းအဝေးမှတ်တမ်း၊ လွှတ်တော်ရုံး။
၆၆။ ပထမအကြိမ် ပြည်ထောင်စုလွှတ်တော်(၁၁) ကြိမ်မြောက်ပုံမှန်အစည်းအဝေးမှတ်တမ်း၊ (ပထမတွဲ)လွှတ်တော်ရုံး။
၆၇။ ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၁) ကြိမ်မြောက်ပုံမှန်အစည်းအဝေးမှတ်တမ်း၊ (ဒုတိယတွဲ) လွှတ်တော်ရုံး။

လွှတ်တော်စောင့်ကြည့်လေ့လာရေး အစီရင်ခံစာ အမှတ် (၇)

# မြန်မာ့လွှတ်တော်မှ အတည်ပြုခဲ့သော ဥပဒေများအား လေ့လာခြင်း အစီရင်ခံစာ အမှတ် (၂)

(လူမှုရေးကဏ္ဍ၊ တရားစီရင်ရေးကဏ္ဍ၊ စီမံခန့်ခွဲရေးကဏ္ဍနှင့် အခြားကဏ္ဍ)

ပွင့်လင်းမြန်မာ့ရှေ့ဆောင်အနေဖြင့် လွှတ်တော်လေ့လာစောင့်ကြည့်ရေးဆိုင်ရာ လုပ်ငန်းများကို ၂၀၁၃ခုနှစ်မှစတင်လုပ်ဆောင်လာခဲ့ရာ လွှတ်တော်တွင်းမေးခွန်း မေးမြန်းမှုများ၊ အဆိုတင်သွင်းမှုများ၊ အစည်းအဝေးတစ်ခုချင်းအလိုက် သုံးသပ်ချက် အစီရင်ခံစာများကို ထုတ်ဝေခဲ့ပြီး ဖြစ်ပါသည်။ ယခု အစီရင်ခံစာသည် လွှတ်တော်၏ လုပ်ငန်းများထဲမှ အဓိကလုပ်ငန်း တစ်ရပ်ဖြစ်သော ဥပဒေပြုရေး နှင့်ပတ်သက်ပြီး ပွင့်လင်းမြန်မာ့ရှေ့ဆောင်မှ ဒုတိယမြောက်ထုတ်ဝေသည့် အစီရင်ခံစာဖြစ်ပါသည်။ ၂၀၀၈ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ဖော်ပြပါရှိသော ပြည်ထောင်စုအဆင့် ဥပဒေပြုခွင့်ရှိသည့် ကဏ္ဍ ၁၂ရပ် အနက်မှ လူမှုရေး ကဏ္ဍ၊ တရားစီရင်ရေးကဏ္ဍ၊ စီမံခန့်ခွဲရေးကဏ္ဍနှင့် အခြားကဏ္ဍစသည့် ကဏ္ဍ ၄ မျိုးပါ ဥပဒေကြမ်းများအနက်မှ လွှတ်တော်စတင် ကျင်းပသည့် ၂၀၁၁ ခုနှစ်မှ ၂၀၁၄ ခုနှစ်အတွင်း ဥပဒေအဖြစ် အတည်ပြုပြဌာန်း ပြီးဖြစ်သည့် ဥပဒေ ၇၄ ခုကို ယခုအစီရင်ခံစာတွင် လေ့လာဖော်ပြထားပါသည်။ ဥပဒေကြမ်းများကို လေ့လာခြင်း၊ ဥပဒေကြမ်းများ၊ ဥပဒေများနှင့် ပတ်သက်သည့် သတင်းအချက် အလက်များကို အလွယ်တကူ ရရှိနိုင်ခြင်းအားဖြင့် လွှတ်တော်လေ့လာစောင့် ကြည့်ရေးလုပ်ငန်း၏ ရည်ရွယ်ချက် တစ်ရပ်ဖြစ်သော ဥပဒေပြုရေးဖြစ်စဉ်တွင် နိုင်ငံသူ၊ နိုင်ငံသားများ ပါဝင်နိုင်ရေးအတွက် အထောက်အကူဖြစ်မည်ဟု ယုံကြည်ပါသည်။

ပွင့်လင်းမြန်မာ့ရှေ့ဆောင်
အမှတ်(၈၂)၊ အင်းစိန်လမ်းနှင့် သုခလမ်းထောင့်၊
(၉)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်
E-mail : research@omimyanmar.org